ww.burmeseclassic.com

# မြည်ပန်းမိုး

## ရှံ့ဂတိုလိမ်းရဲ့ ဝန်းဝဝန်

နှင့်

## အခြားဝတ္ထုတိုများ



www.burmeseclassic.com

www.burmeseclassic.com


အတွင်းစာသားခွင့်ပြုချက်အမှတ် ၂၁၄ / ၁၉၉၉ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၃၂၈ / ၂၀၀၃ (၁၁)

ထုတ်ဝေသည့်အကြိမ် ပထမအကြိမ်
၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ ၅၀၀

အဖုံးပန်းချီ ကိုစိုးအောင်

ဖလင် ကိုလှဝင်း

စာအုပ်ချုပ် ပပစိုး

ထုတ်ဝေသူ ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(ယာယီ– ၇၇၀)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊သုနန္ဒာ
မြောက်ဥက္ကလာပ

မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ် ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

တန်ဖိုး ၉၅၀ – ကျပ်


## မာတိကာ


| ခေါင်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဝံရဲကျော် | ၁ |
| ၂။ | မိုးပေါ်ကရတနာ | ၅၀ |
| ၃။ | ရွှံ့ကိုလိမ်းကျံ ပန်းမပန် | ၁၀၅ |
| ၄။ | သစ်ပိုးနီနီ | ၁၅၄ |
| [illegible] | မက်လိုက်စမ်းပါ သားကြီးရယ် | ၁၉၄ |
| [illegible] | ရောက်ဆိုဆန် အပြန်ခက်ပါဘိ | ၂၃၁ |
| ၇။ | ငွေဂမုန်းဖြူ | ၂၇၁ |


♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## ပံရဲကျော်

"ဆရာမရေ ဝေး . . . ဆရာမ"

အသံမှာ ဝန်းကျင်ကို ပျံ့လွင့်ထွက်ပေါ်လာသည်။ သည်အသံကို ကြားသည်နှင့် ကရင်လေး စောလား၏အသံ ဖြစ်ကြောင်း မမေးဘဲနှင့် နှင်းယုလှိုင်သိပြီးပင်။ စောလား၏ အသံကတစ်မျိုး၊ သည်စခန်းတစ်ခုလုံး၌ သူ့အသံမျိုးမရှိ၊ အသံသြနှင့် စူးလှသည်။ ဆင်အုပ်ကြီး အဘအိုက်ဆန်းက ပြောဖူးသည်။ "ဒီကောင်လေး အသံက လူမပြောနဲ့ ဆင်တောင် နားစွံတဲ့အသံမျိုးကွ၊ သူ့အသံကို တစ်ခါ ကြားရရင် တစ်သက်လုံး မှတ်မိနိုင်တယ်"ဟု ပြောဖူး၏။

ယခုလည်း ဆင်းဆိုးတစ်ကောင်ကို အော်ဟစ်အမိန့်ပေးသံလို ဆရာမလေး နှင်းယုလှိုင်ကို အော်ခေါ်နေ၏။ ပုခက်တင်ထားသော သူစီးနေကျ ဆင်ကြီးပေါက်ကျိုင်း၏ ကုပ်ပေါ်၌ အခန့်သားထိုင်ရင်း မြူးကြွရွှင်လန်းသော ဟန်ပန်ကို အဝေးကပင် မြင်ရ၏။

ပေါက်ကျိုင်းက ထွားကျိုင်း၏၊ သန်မာ၏၊ အရပ် ခုနစ်ပေကျော်ကျော်မြင့်၏။ စွယ်စုံဆင်မို့ ဆင်ပီပီသသချောသော ဆင်ဆိုမှဆင်မျိုး၊ သူ့ကို မီသူဟူ၍ နိုင်ငံတော်ပိုင် စွယ်စုံဆင်ကြီးမိုးတိမ်နှင့် ဟိုင်းဆင်ဖိုးသောကြာတို့သာ ရှိကြသည်။ စွယ်စုံမိုးတိမ်နှင့် ဖိုးသောကြာကို နိုင်ငံတော်ပိုင်ဆင်မို့ ဆင်အုပ်ကြီး အဘအိုက်ဆန်းက အခြား ဆင်တွေထက် ပိုပြီး ဂရုစိုက်သည်။ ဆင်အားလုံးကို သူ၏ အုပ်ချုပ်မှုအောက်၌ ရင်အုပ်မကွာ ရှိစေသည်။

မှန်သည် ပေါက်ကျိုင်းက ထွားထွားလှလှ၊ စောလားက ခန့်ခန့်ချောချော တုတ်တုတ်ခိုင်ခိုင်။ အားကောင်းမောင်းသန် ယောကျ်ားပီသသူမို့ ပေါက်ကျိုင်းနှင့် စောလားက လိုက်ဖက်ညီလှ၏။

www.burmeseclassic.com



စင်စစ် ယခုလို ခရီးသွားလာရာတွင် ဝန်တန်ဆင် ဆင်အိုကြီးမိညို ခင်လေးနှင့် ဖိုးသာအောင်တို့လို အလုပ်ပင်ပင်ပန်းပန်း မလုပ်နိုင်သော ဆင်တို့ကိုသာ စီးနင်းသွားလာရ၏။ ပေါက်ကျိုင်းလို ဆင်းမျိုးကို မသုံးသင့်။ အလုပ်မပြီးမှာ ပူပန်ရ၏။ သို့သော် ပေါက်ကျိုင်းက တစ်လက်ကိုင်။ ဆင်ဦးစီး ပြောင်းလျှင်လည်း ရန်မူချင်၏။ အစွယ်အားကိုးနှင့် တစ်ခါတစ်ခါ မိုက်စိတ်ဝင်ချင်၏။ ထို့ကြောင့် စောလားနှင့် ပေါက်ကျိုင်းကို ကင်းကွာ၍ မထားချင်။ တခြားလူနှင့် စိတ်လည်း မချ။ ထို့ပြင် ဦးနန်းမိုးတို့ကလည်း ပေါက်ကျိုင်းကို စောလားမှလွဲပြီး မည်သူမျှ စီးသည်ကို မကြိုက်။ ဤသည်တို့ကြောင့်လည်း စောလား သွားလေရာရာသို့ ခေါ်ဆောင်ရခြင်းပင်။ သည်နေ့ အလုပ်သက်သာသော်လည်း နောက်တစ်နေ့၌ ပေါက်ကျိုင်းအဖို့ မိမိအလုပ်ကို ပို၍ လုပ်ရမည်သာတည်း။

"စောလား လားဟေ့၊ နင် ဘယ်သွားမလို့လဲ၊ အံမာ ပေါက်ကျိုင်းကြီးကလည်း ချောလို့ လှလို့ပါလား"

စောလား၏အသံကို ကြားသည်နှင့် နှင်းယုလှိုင်က အိမ်ထဲမှ ပြန်ထူးသည်။ ထို့နောက် ပြတင်းပေါက် ကဲလားတံခါးလေးကို လက်နှင့် တွန်းဖွင့်ရင်း ဆို၏။ နှင်းယုလှိုင် နေသောအိမ်မှာ ခြေတံရှည်အိမ်မို့ အိမ်ပေါ်ကလူနှင့် ဆင်ပေါ်ကလူ စကားပြောရသည်မှာ အဆင်ပြေ၏။

"ဟုတ်တယ်လေ၊ ငါ မြို့ထဲသွားမလို့ဟ ဆရာမရဲ့၊ နင် မှာချင်တာ မှာနိုင်အောင်လို့ ဝင်သွားပါဦးလို့ အဘအိုက်ဆန်းပြောလို့ ငါ ဝင်လာတာ"

"နေပါဦး နင်က သူများပြောလို့ ဝင်လာတာကိုး၊ ငါ့ကို နင်တို့ ဆရာမ အသိစိတ်နဲ့ စေတနာရှိရှိ သတိရလို့ ဝင်လာတာ မဟုတ်ဘူးပေါ့"

"ဟာ. . .ဆရာမရယ်၊ နင်ကလည်းဟာ ပြောရက်လိုက်တာ၊ ငါ့ကို စာသင်ပေးတဲ့ နင့်လို ဆရာမကို ငါက စေတနာ မရှိဘဲ နေပါ့မလားဟ၊ နင်က စကားသိပ်တတ်တာပဲ၊ နင်က အဲဒီလို ပြောတော့ ငါ့ရင်ထဲမှာ ကောက်ညှင်းပေါင်းကြီး နင်သလိုပဲ ဆို့ဆို့သွားတယ်ဟာ"

စောလားက ဟန်မဆောင်တတ်၊ ပွင့်ပွင့်လင်းလင်း ရှိ၏။ သူ့ရင်ထဲ၌ ရှိသည်ကို ရှိသည့်အတိုင်း ပြောတတ်သည်။ ပြီးတော့ မျက်နှာငယ်ကလေးနှင့် ဖြစ်နေပြန်၏။

နှင်းယုလှိုင်က ရိုးသားလွန်းသော ဆင်ဦးစီးလေး စောလားကို သက်သက်မယ့် စလိုက်ခြင်းပင်။ ထို့ပြင် မိမိတို့၏ ဆင်ကြီးပေါက်ကျိုင်းကို နိုင်နိုင်နင်းနင်း စီးနိုင်ပြီး ပေါက်ကျိုင်းကို ဂရုစိုက်လှသော စောလားကိုလည်း ကျေးဇူးတင်မိ





သည်။ ပေါက်ကျိုင်းကို သူ့မောင်လေးတစ်ဦးလို နှင်းယုလှိုင်က ချစ်သည်။ ပေါက်ကျိုင်း အလုပ်လုပ်နိုင်၍လည်း သူတို့မိသားစု စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရသည် မဟုတ်ပါလား။

နှင်းယုလှိုင်က ရိုးရိုးသားသား စသော်လည်း စောလား၏ရင်၌ လှိုင်းအောင်ဘင်ထသွား၏။ နှင်းမြူတို့ ရစ်သိုင်း၍ အေးချမ်းစွာနေသော နှလုံးသားတံခါးကို အမှတ်မထင် ခေါက်လိုက်သလိုမှင်။

ပေါက်ကျိုင်း၏ခြေထောက်တို့က အငြိမ်မနေ၊ ခရီးသွားဖို့ ဟန်တပြင်ပြင်နေ၏။ နှင်းယုလှိုင်ကိုလည်း ခဏခဏ နှာမောင်းကို မြှောက်၍မြှောက်၍ ယမ်းပေးနေ၏။ သူ၏ နားရွက်နှစ်ဖက်ကို တဖျတ်ဖျတ် ခတ်ရင်း ကျဉ်းသောမျက်အစုံနှင့် နှင်းယုလှိုင်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။

နှင်းယုလှိုင်က ပေါက်ကျိုင်း၏ အလိုကို သိပြီးသား။ အိမ်ထဲက ကြံနှစ်ချောင်းကိုယူ၍ ပေါက်ကျိုင်းကို ပစ်ကျွေးလိုက်သည်။ ပေါက်ကျိုင်းက ဝမ်းသာအားရပင် ကျည်ခနဲ တစ်ချက် အော်ပြီး သူ့အစ်မကို နှုတ်ဆက်သည်။ ပြီးမှ ကြံနှစ်ချောင်းလုံးကို အားပါးတရ ဝါးစားပစ်လေသည်။

လေမှာ ညင်းညင်းသွဲ့သွဲ့ တိုက်ခတ်နေ၏။ စောလား၏ စိတ်သည်လည်း မတည်ငြိမ်။ ဆရာမက 'သူ့ကို စေတနာ မရှိဘူး' ဟူသော အတွေးဝင်မှာ စောလား စိုးရိမ်နေမိသည်။ အသည်းပြင်ကို အပ်ဖျားထက်ထက်နှင့် ထိုးဆွသလိုသလို ခံစားရ၏။ ပူလောင်သော ရေစီးကြောင်းတစ်ခုမှာ မျက်နှာပြင်သို့ သန်းသွား၏။ 'ဆရာမရယ်' ဟုလည်း ရင်ထဲက စွဲစွဲလမ်းလမ်းပင် ရေရွတ်မိသည်။

"သွားတော့ စောလေးရေ ပေါက်ကျိုင်းကို ကောင်းကောင်း ခေါ်သွား နော်၊ ငါ ဘာမှ မမှာတော့ဘူး။ မနေ့က သင်တဲ့စာတွေကိုလည်း မမေ့အောင် နေ။ စာတွေလည်း ရေးတတ်အောင် လေ့ကျင့်နော်။ စာမရေးတတ်ရင် ဆီကို လာဖို့ စိတ်မကူးနဲ့တော့"

နှင်းယုလှိုင်က ပြောပြောဆိုဆိုနှင့်ပင် ကဲလားတံခါးလေးကို ဝုန်းခနဲ ပြီး အိမ်ထဲ ဝင်ရောက်သွားလေတော့သည်။ အိမ်အပြင်ဘက် လမ်းမ၌ စောလားမှာ ပေါက်ကျိုင်းကိုစီးရင်း ကျန်ရစ်ခဲ့သည်။ မြူနှင့် တောင်ခိုးတို့မှာ နန်းတစ်ခုလုံးကို သိုင်းခြုံနေဆဲ။ မှိုင်းဝေနေသော တောနှင့်တောင်သည် လွင်သော မိုးကောင်းကင်ကို တုပြိုင်လျက် ရှိလေသည်။ ကုက္ကိုပင်ကြီးသို့မှ ကြင် အချို့မှာ မြေသို့ သက်ကြွေလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



စောလားမှာ ပေါက်ကျိုင်းကိုစီး၍ တောင်ကြားလမ်းအတိုင်း မြို့ဆီသို့ တရွေ့ရွေ့ ထွက်ခွာသွားလေသည်။ စောလားနှင့် ပေါက်ကျိုင်းတို့ ဝန်းကျင်တွင် မြူတွေဆိုင်း၍ မှုန်မှိုင်းနေသော တောနှင့်တောင်တို့သာ ဝန်းရံနေချေပြီတည်း။

* * *

နှင်းယုလှိုင် သပြေသာစခန်းသို့ ပြန်လည် ရောက်လာသည်မှာ သိပ် မကြာသေး။ သည်စခန်း၌ ဆင်ဝိုင်း (၆) ဝိုင်းရှိ၏။ ဆင်တစ်ဝိုင်းလျှင် ဆင် (၆) ကောင်မျှ ရှိသည်။ (၆) ဝိုင်းမို့ ဆင်က (၃၆) ကောင်ရှိ၏။ လုပ်သားကြီးများ အဖြစ် ဆင်ခေါင်း၊ လက်ထောက်ဆင်ခေါင်း၊ ဆင်ဦးစီးများနှင့် ပံချိတ်၊ လုံကိုင်များ ကြောင့် ဆင်တစ်ဝိုင်းလျှင် လုပ်သားပေါင်း (၁၂) ဦး၊ ယခု ဆင်ဝိုင်း (၆)ဝိုင်းမို့ လုပ်သားပေါင်း (၇၂) ဦး ရှိကြသည်။ လုပ်သားပေါင်း (၇၂) ဦး၏ မိသားစုများ ပေါင်းလိုက်သောအခါ လူပေါင်း တစ်ရာ့လေးငါးဆယ်ကျော်ကျော်။ ကြီးကြပ်သူ အဆင့်ဆင့်ပါ ပူပေါင်းနေထိုင်ကြသောအခါ သပြေသာသည် တောင်ပေါ် ရွာကလေးတစ်ရွာ ဖြစ်နေ၏။

မှန်သည် ဆင်လုပ်သားကြီးများ စုပေါင်းနေထိုင်ကြသော ပဲခူးရိုးမ တစ် နေရာရှိ တောင်ပေါ် ရွာကလေး တစ်ရွာပင်။ တောင်ပေါ် ရွာ ဖြစ်သလို ဆင်လုပ် သားတို့၏ ရင်နှစ်သည်းချာ ကလေးလူငယ်တို့မှာ တောနှင့်တောင်ကိုသာ မိတ်ဖွဲ့ နေကြရသည်။ စာပေ ဆိုသည်မှာ ဝေလာဝေး။ မျိုးရိုးဗီဇအလိုက် ဘိုးစဉ်ဘောင် ဆက်ကစပြီး သည်တော သည်တောင်ကိုသာ မိတ်ဖွဲ့ခဲ့ရသူများမို့ စာပေကို ဖြစ်ဖြစ်မြောက်မြောက် ရေးတတ်ဖတ်တတ်သူ နည်း၏။ ယခု နှင်းယုလှိုင် ရောက်လာသောအခါ ဆင်လုပ်သားတို့၏ သားသမီးများကို ဒုက္ခခံ၍ စာသင် ပေးသည်။ ထို့အတူ ညဘက်၌လည်း စာမတတ်သူ ဆင်ဦးစီးများကို စခန်း မန်နေဂျာ၏ ဦးဆောင်လမ်းညွှန်မှုနှင့် စာတတ်အောင် သင်ကြားပေးရ၏။ ထို့ကြောင့် စာတတ်ချင်သူ စောလားနှင့် စာသင်ပေးသူ ဆင်ပိုင်ရှင်၏သမီး ဆရာမတို့မှာ ဆွေမျိုးရင်းချာလို သည်မျှ ရင်းရင်းနှီးနှီး ဖြစ်နေကြခြင်းပင်။

သပြေသာ သစ်ထုတ်လုပ်ရေးစခန်းကို အကြောင်းပြု၍ သည်ရွာ ကလေးကိုလည်း သပြေသာရွာဟု ခေါ်တွင်၏။ သပြေသာ ဆိုသည့်အတိုင်းပင် သည်အရပ်၌ သပြေတို့မှာ ပို၍ ပေါ၏။ မြို့သို့ တက်သွားလိုသူတို့အတွက် တောကြိုတောင်ကြား၌ အလေ့ကျပေါက်နေသော ကျောက်သပြေခက်တွေကို ခုတ်ယူသွားလျှင် ဆေးဖိုး၊ ကွမ်းဖိုး မခဲယဉ်းတတ်။ ကျောက်သပြေမှာ ဘုရားအိုး နတ်အိုး ထိုး၍ ရေရှည်ခံ၏။ စိမ်းလန်း၏။ လှပစိုပြည်၏။ ကျက်သရေ ရှိ၏။





အောင်သပြေအမှတ်နှင့် မြို့သားတို့ ကြိုက်နှစ်သက်ကြ၏။ ယခုလည်း စောလား က ကျောက်သပြေခက်ကို သူ့ဆင်ပေါက်ကျိုင်း၏ ပုခက်ပေါ် သို့ အစည်းလိုက် ဆင်သွားသည်။

စင်စစ် နှင်းယုလှိုင်မှာ ဖောင်သူကြီး(ဆင်ပိုင်ရှင်) ဦးနန်းမိုးနှင့် ဒေါ်ပန်း လှိုင်တို့၏ တစ်ဦးတည်းသောသမီး ဖြစ်သည်။ ဆင်လုပ်သားမျိုးရိုးထဲမှ ရှားရှား ပါးပါး ပညာတတ်တစ်ဦး။ တစ်ဦးတည်းသော သမီးလေးမို့ အလုပ်ကို ပင်ပင် ပန်းပန်း မခိုင်း။ မြို့က ညီအစ်ကိုမောင်နှမတွေထံ ပို့ပြီး အကုန်အကျခံကာ ပညာကို ဆုံးခန်းတိုင်အောင် သင်ယူစေ၏။ ယခု မြို့က ကျောင်းပြီး၍ သပြေသာ သို့ ပြန်လာခြင်းပင်။ မြို့၌ သွားနေပြီး မြို့စာတွေ အလွန်တတ်ခဲ့သော နှင်းယုလှိုင် ဘဝမှ တောသူဘဝကို ပြန်လည် ခံယူရဲသောသတ္တိကို စောလား ချီးကျူးသည်။

မည်သို့ဖြစ်စေ နှင်းယုလှိုင်အဖို့ ဆင်တွေကို ချစ်သည်။ ဖခင်ဖြစ်သူ ဆင်လုပ်သားကြီးနှင့်အတူ ဆင်လုပ်သားကြီးများ၏ ဘဝတိုးတက်ရေးဟူသော ရည်ရွယ်ချက်သည် နှင်းယုလှိုင်၏ရင်၌ ပြည့်ဝနေခဲ့သည်။ နှင်းယုလှိုင် ဆယ်တန်း အောင်စဉ်က 'သမီး ဘွဲ့ရအောင်သာသင်ပါ၊ ဘွဲ့ရမှ ဖေဖေတို့ဆီကို ပြန်ခဲ့၊ မရရင် မပြန်ခဲ့နဲ့' ဟူသော ဖေဖေ၏စကားက နှင်းယုလှိုင်အတွက် အားဆေး တစ်ခွက် ဖြစ်ခဲ့သည်။ နှင်းယုလှိုင် ဘွဲ့ရအောင် ကြိုးစားရာ၌ ဖေဖေက အဓိက အခန်းမှ ပါဝင်ခဲ့သည်။ ယခုတော့ ဖေဖေ၏ဆန္ဒ ပြည့်ဝသလို မိသားစုတစ်ခုလုံး သည်း သိုက်သိုက်ဝန်းဝန်းနှင့် ပြည်လည် ဆုံတွေ့ရလေပြီ။

ဆင်လုပ်သား ဆိုသည်ကလည်း အခက်သား၊ တစ်နေရာတည်း၌ အခြေချနေထိုင်၍ မရတတ်။ သစ်ကွက်အလိုက်၊ လုပ်ငန်းလိုအပ်ချက်အရ ဘိုပြောင်းသည်ရွှေ့ နီးစပ်ရာကို တာဝန်ရှိသူတို့၏ စီစဉ်ညွှန်ကြားမှုများနှင့်အညီ ဆောင်ရွက်ရသည်သာ။

ယခုအခါတွင် သက်ဆိုင်ရာမှ ဆင်လုပ်သားကြီးများ အပန်းဖြေစေရန် တစ်နေရာမှ တစ်နေရာသို့ လေ့လာရေးထွက်စေခြင်း၊ ဌာနအတွင်း၌ ရုပ်ရှင်၊ အယ်လ်ဒီပေးရှင်းနှင့် ဗီဒီယိုများပင် အကြာခဏ ပြသပြီး အပန်းဖြေမှုကို ပြုလုပ် ပေးလေသည်။

"လင်းကြက်တွန်သံ ကြားနေရသည်"
"နံနက်ချိန်ခါ နေထွက်လာပြီ"
"ငှက်ကလေးများ ပျံ့ဝဲနေကြ၏"
"မြက်ခင်းပြင်စိမ်းစိုနေသည်"



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ စာအံနေကြ၏။ နှင်းယုလှိုင်တို့ အိမ်ရှေ့ကနားဖျင်းတဲမှ ကလေးတို့၏ စာဖတ်သံမှာ သပြေသာစခန်းတစ်ခုလုံးကို လွှမ်းမိုး၍ ထွက်ပေါ်လာသည်။ ယခင့်တုန်းက သည်လိုမဟုတ်။ ဆင်ဖအော်သံ၊ ဆတ်အော်သံ၊ ချေဟောက်သံ၊ မျောက်အီသံတို့နှင့်သာ လွှမ်းခဲ့သော သည်ဝန်းကျင်၌ စာသံပေသံ လွှမ်းနေ၏။ သပြေသာပင်မက အနီးပတ်ဝန်းကျင်ရွာများဖြစ်သော ကျွန်းတောစု၊ ရှန်းချောင်းနှင့် တုံးသေး စသည့် ရွာများသို့ တိုင်အောင်ပင် စာသံပေသံ သတင်းက ပျံ့နှံ့နေချေပြီတည်း။

မှန်သည်။ ကလေးတွေ စာအံနေသလို သူတို့၏ဘဝအဖို့ လင်းကြက်တွန်သံတွေကိုလည်း ကြားလာရ၏။ ဝန်းကျင်၌ ငှက်ကလေးများ တေးဆို၍ ပျော်ဝနေကြသည်မှာလည်း အမှန်ပင်တည်း။

စောလား မြို့နယ်ရုံးသို့ ရောက်သည်နှင့် သက်ဆိုင်ရာသို့ သတင်းပို့ရ၏။ မြို့နယ်ရုံးမှာ လက်ပံတန်း၌ ရှိ၏။ လက်ပံတန်းနှင့် သပြေသာစခန်းမှာ (၆) မိုင်ကျော်ဝေး၏။ သပြေသာမှ သစ်တောမန်နေဂျာ ဦးလှမောင်သော်က မှာကြားသော မှာကြားချက်များ၊ နိုင်ငံပိုင်ဆင်များ၏ ကျန်းမာရေးအခြေအနေနှင့် လိုအပ်သော အစီအရင်ခံချက်ကို တာဝန်ရှိသူအား တင်ပြရ၏။ ရုံးချုပ်မှ ညွှန်ကြားစာရွက်စာတမ်းများကို ပြန်လည်၍ ယူဆောင်ရ၏။ ထို့ပြင် တာဝန်ရှိသူများက ပေးအပ်လိုက်သော ဆေးဝါးပစ္စည်းများကိုလည်း ဂရုတစိုက် စခန်းသို့ သယ်ယူသွားရ၏။ သည်လိုပင် လူငယ်ပီပီ သွက်လက်ချက်ချာ၍ နိုးသားသော စောလားအား တစ်လလျှင် တစ်ကြိမ်လောက် ရုံးလွှတ်နေကျပင်။ သပြေသာသို့ မပြန်မီ စခန်းက ဘဝတူတွေ မှာကြားလိုက်သော စားစရာ ငါးခြောက်၊ ငါးခြမ်း၊ ငရုတ်၊ ကြက်သွန်ကလေးများပင် မေတ္တာနှင့် ဝယ်ပေးပြီးမှ စခန်းသို့ သယ်ယူသွားရမည်သာပင်။

စောလားမှာ လူပင်ငယ်သော်လည်း ဆင်ဦးစီးအတွေ့အကြုံ အတော်ရင့်ကျက်နေ၏။ ငယ်စဉ်ကတည်းက သည်အရပ်၌နေ၍ ဆင်နှင့်ဖက်၍ ကြီးပြင်းလာသူ ဖြစ်သည်။ ထို့ကြောင့် ဆင်အကြောင်းကိုလည်း နားလည်သလို၊ သပြေသာစခန်း၏ အတွင်းရေး အပြင်ရေးကိုလည်း သိသူဖြစ်၏။ ထို့ကြောင့် သပြေသာစခန်း မန်နေဂျာအနေဖြင့် စောလားကို ယုံကြည်သည်။ အားကိုးသည်။ ကြုံလျှင် ကြုံသလို ခိုင်းတတ်၏။ သူနှင့်အတူ သွားရသည့်အခါလည်း သွားရသည်။

ယခုလည်း ရုံးချုပ်သို့သွားရာတွင် ပေါက်ကျိုင်းကို စီးသွားပြီး စခန်းတစ်





ခုရာ၌ ထူးခတ်ထားခဲ့ရ၏။ ပြီးမှ ရုံးသို့သွားရ၏။

"ဟော. . စောလားပါလားကွ၊ မင်း ရောက်လာတာနဲ့ အတော်ပဲ။ မင်းဆရာကကော ဘာတွေ မှာလိုက်သေးလဲ၊ စာပါတယ် မဟုတ်လား၊ ပေး ပေး"

မန်နေဂျာချုပ်ကြီး ဦးအေးမောင်ထွန်းက သဘောကောင်း၏။ စောလားကို အလွန်ခင်၏။ တစ်ခါတစ်ရံ၌ အမဲပစ်ရန် တောထဲသို့ ရောက်သည့်အခါ စောလားကို သူ့လူယုံတော်အဖြစ် လည်းကောင်း၊ တောကျွမ်းသူမို့ လမ်းပြသူအဖြစ် လည်းကောင်း သွားလေရာရာသို့ ခေါ်ဆောင်သွားတတ်၏။ ယခုလည်း စောလားကို မြင်သည်နှင့် ပြုံးပြုံးရွှင်ရွှင်ပင် ဖိတ်ခေါ်၏။ ထို့နောက် စောလားကမ်းပေးသောစာအိတ်ကို ချက်ချင်း ဖောက်ဖတ်သည်။ ထိုအခါ ဦးအေးမောင်ထွန်း၏မျက်နှာတွင် ရွှေရောင်တောက်၍ ဝင်းလက်သွားသည်။ မှေးနေသော မျက်လုံးများပင် ပြူးထွက်လာရသလား ထင်ရ၏။ ကြည်နူးနှစ်သိမ့်မှု စမ်းချောင်းငယ်သည် သူ့နှလုံးသားဆီသို့ ဖြတ်သန်းစီးဆင်းသွားသည်ဟု ထင်ရ၏။

"ဟေ့ မောင်တင်လှိုင်. . လာစမ်း ဒီကို"

မန်နေဂျာကြီးက သူ့အခန်းအပြင်၌ စားပွဲတစ်လုံးနှင့် အလုပ်များနေသော သူ့တပည့် ဖြစ်သူကို လှမ်းခေါ်သည်။ အခြား ဝန်ထမ်းများလည်း မိမိတို့စားပွဲအသီးသီး၌ ထိုင်၍ လုပ်ငန်းတာဝန်ဝတ္တရားများ ထမ်းဆောင်နေကြသည်။

"ရော့. . ဒီမှာ အရေးကြီးတယ်။ လွန်ခဲ့တဲ့အပတ်က ရွှေစင်မ ဆင်လေးတစ်ကောင် မွေးတယ်တဲ့၊ အဲဒါ ရွှေစင်မ မိသားစုဖိုင်မှာ မွေးတိုးတွဲလိုက်၊ အဲဒီက ပါလာတဲ့ အစီရင်ခံစာနဲ့ လိုအပ်တဲ့ ဆေးဝါးတွေကို စတိုမှာ သွားကြည့်၊ ရှိတဲ့ဆေးဝါး စာရင်းပြုစုပြီး ငါ့ဆီပြန်တင်၊ ဒီက စောလားပြန်ရင် အဆင်ပြေသလို လုပ်ပေးရမယ်။ စခန်းတိမွေး ကိုကျော်မြင့်ရဲ့ မှတ်ချက်လည်း ပါတယ်ကွ"

"ဟုတ်ကဲ့ ဆရာ"

မန်နေဂျာချုပ်ကြီးက မှာစရာရှိသည်ကို မှာသည်။ ကိုတင်လှိုင် အခန်းထဲက ထွက်သွားသောအခါ စောလားကို ပြုံးပြီးကြည့်သည်။

"ထိုင်လေကွာ၊ မင်းက ဖင်မပါသလိုဘဲ၊ မင်းဖင်က စခန်းမှာ ထားခဲ့ရသလား။ မင်းဆရာကို ပြောလိုက်၊ ရွှေစင်မနဲ့ ဆင်လေးကို ဂရုစိုက်ပါလို့၊ ဆင်ငယ်နာမည်ထိန်းခလည်း လစာထဲမှာ ထည့်တွက်ပေးမယ်လို့၊ တို့လည်း နောက်တစ်ပတ်လောက်ကျရင် ကွင်းဆင်းခဲ့မယ်လို့ ပြောလိုက်ဦး"

"ဟုတ်. . ဟုတ်ကဲ့"

"သြော်. . . မေ့လို့၊ ဟေ့ တင်မောင်ကျော်၊ မင်း ကံကောင်းတယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



စောလား ဒီကို ရောက်လာတော့ မင်းအဖို့ သပြေသာကို စောစောရောက်သွားတာပေါ့။ နို့မို့ဆိုရင် တစ်ပတ်လောက်ကြာမှ မင်းရောက်မှာ၊ ကဲ စောလား မင်းပြန်ရင် ဒီက တင်မောင်ကျော်ကိုလည်း ခေါ်သွားကွာ။ သူက ငါနဲ့ တူဝရီးတော်တယ်။ ဇာတိက ပြည်မှာနေတယ်။ ရန်ကုန်တက္ကသိုလ်မှာ တက်တယ်၊ တင်မောင်ကျော်လို့ ခေါ်တယ်။ မင်းတို့စခန်းကို သွားလည်ချင်လို့တဲ့၊ မနေ့က တည်းက ရောက်နေတာ၊ မင်းတို့စခန်းက ကျောင်းဆရာမလေး နှင်းယုလှိုင်ရဲ့ ငယ်သူငယ်ချင်းတဲ့၊ မင်းရောက်အောင် ခေါ်သွားကွာ။ သူ ပြန်ချင်တဲ့အချိန်ကျရင်လည်း မင်းကိုယ်တိုင် ရောက်အောင် ပြန်ပို့ပါကွာ၊ ကြားလား ငါ စိတ်ချနေမယ်"

ဦးအေးမောင်ထွန်းက ပွင့်လင်းသူပီပီ ဟောဟောဒိုင်းဒိုင်း ပြောချလိုက်သည်။ သူ၏ စကားအဆုံးတွင် ဦးအေးမောင်ထွန်းဘေး၌ ထိုင်နေသော တင်မောင်ကျော် ဆိုသူကို စူးစိုက်ကြည့်မိသည်။ လူပုံက အသားဖြူဖြူ နှာတံပေါ်ပေါ်နှင့် စူးရှသောမျက်လုံးအစုံကို တင်မောင်ကျော်က ပိုင်ဆိုင်သည်။ မှန်သည်။ တင်မောင်ကျော်မှာ ယောကျ်ားပီသပြီး ခန့်ချောသူပင်။ အသက် (၂၅)နှစ်နီးပါးရှိ ခန့်ညားသပ်ရပ်သော လူငယ်တစ်ဦး။

"အေးဗျာ၊ ကိုစောလားကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်လည်း သပြေသာကို မြန်မြန်ရောက်ချင်တာနဲ့ အတော်ပဲ၊ ကျွန်တော့်ကို အခုလို ကူညီတဲ့အတွက် ကျေးဇူးမမေ့ပါဘူးဗျာ"

"ကိစ္စမရှိပါဘူး ကိုချင်ပေါင်၊ အဲလေ. . ဟာ နင့်နာမည်ကို ငါလျှာနဲ့ သိပ်မတွေ့ဘူး၊ ငါခေါ်လို့ မထာတ်ဘူးဟ"

စောလား ခေါင်းကုတ်၏။ တင်မောင်ကျော်ကို အားနာသွား၏။ပြီးတော့ ဆရာမလေး၏သူငယ်ချင်း၊ ရန်ကုန်တက္ကသိုလ်က၊ ဦးအေးမောင်ထွန်း၏တူ ဟူသော စကားက စောလား၏ရင်ကို လှုပ်ရှားစေသည်။ ငြိမ်သက်သော ရေပြင်ကို ရုတ်တရက် ခဲတစ်လုံး ပစ်ချသလို လှိုင်းထသွား၏။ ရေလယ်မှ ဂယက်သည် တဖြည်းဖြည်း ပြန့်ကျယ်လာကာ ကမ်းစပ်သို့ လာရောက် ရိုက်ခတ်သလိုပင်။ စကားက သိပ်မပီရသည့်အထဲ အမှားအယွင်းလေးတွေပင် ပါသွားရ၏။

"ကိစ္စမရှိပါဘူး၊ ခင်ဗျား ခေါ်တတ်သလိုသာခေါ်ပါ"

"အေး . . ဟုတ်ပြီ၊ ဟို. . ကိုဇင်မောင်ကျော်"

"ဟား . . ဟား . . ဟား"

စောလား၏ စကားအဆုံးတွင် တင်မောင်ကျော်လည်း မနေနိုင်တော့။





ဦးအေးမောင်ထွန်းလည်း မနေနိုင် တဝါးဝါးနှင့် ပွဲကျသွားလေတော့သည်။

"မင်း ဘယ်တော့ ပြန်မလဲ"

"ဒီက ကိစ္စပြီးတာနဲ့ ခပ်စောစောပြန်မယ်၊ လိုက်ချင်တာတော့ ဟုတ်ပါပြီ နှင် ဆင်စီးရဲလား၊ ငါက ဆင်နဲ့ပြန်မှာ၊ ခရီးအဝေးကြီးဟ"

စောလား၏ စကားအဆုံးတွင် ဦးအေးမောင်ထွန်းနှင့် တင်မောင်ကျော်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိ၏။ ဦးအေးမောင်ထွန်း၏မျက်နှာ၌ "ဒီကောင် ဆင်မှ စီးရဲပါ့မလား" ဟူသော အတွေးဝင်နေ၏။ ယောကျ်ားချင်း အထင်သေး၍တော့ မဟုတ်။ အတွေ့အကြုံ မရှိသူကို ဆင်ပေါ်သို့ တင်ပေးလိုက်ရမှာ ခက်နေ၏။

"ဟဲ. . ဟဲ၊ ရပါတယ်ဗျာ"

တင်မောင်ကျော်၏ မျက်နှာ၌ ရှက်သွေးရောင် တစ်ချက် လွှမ်းသွား၏။ ပြီးဆက်၍ "ဒီကောင်ကလည်း ဆင်စီးချင်လို့ စောင့်နေတာနဲ့ အတော်ပဲ"ဟု ငယ်တဲ့ကျဲ ဆို၏။

တင်မောင့်ကျော် စကားကြောင့် ဦးအေးမောင်ထွန်း တစ်ချက် ပြုံးမိ၏။ ဒီကောင် ကြွားပြီဟု တွေးမိ၏။ သို့သော် လူကြီးပီပီ မည်သို့မျှ ဆက်မပြောဘဲ ငြိမ်နေတော့၏။

"အေးလေ နင် ဖင်မငြိမ်ရင် ဆင်ပေါ်က လိမ့်ကျတတ်တယ်ဟ၊ ပြီးတော့ ဆင်မွေးဆိုတာ ဖင်ကို အရမ်းဆူးတာ၊ နင် ငါ့လို ခံနိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် အေး နင်က မြို့သားဆိုတော့ ငါက ဂရုစိုက်ရမှာပေါ့"

စောလားက စဉ်းစဉ်းစားစား ပြောသည်ကို ဦးအေးမောင်ထွန်း သတိထားမိသည်။

"ဒါတော့ ကိုစောလား သဘောပဲဗျာ၊ ဟဲဟဲ"

သည်တစ်ခါတော့ ကိုတင်မောင်ကျော် ရှက်သွားဟန်တူ၏။ ရယ်ကျဲကျဲ လုပ်နေ၏။

"ကဲ. . ဒါဖြင့် ငါ သွားမယ်၊ နင့်အဝတ်အစားတွေယူပြီး နင် ဒီကစောင့်၊ ငါ စခန်းကမှာတဲ့ ပစ္စည်းလေးတွေ သွားဝယ်လိုက်ဦးမယ်။ ဆရာကြီး ငါ ပြန်ဦးမယ်။ ဟို ချေသားခြောက်နဲ့ ပျားရည်ပါတယ်၊ ဆရာကြီးကတော်ကို ငါ သွားပေးလို့ ငါ့ကို မုန့်ဖိုးငါးဆယ်ပေးတယ်၊ ငါက မယူလို့ စိတ်ဆိုးတာနဲ့ ယူခဲ့ရတယ်။ ဒါ မုန့်ကျည်းသီးတို့ ဆေးရွက်ကြီးတို့ ဝယ်ပြီးရင် ဆရာကြီးကတော် ချက်ကျွေးတဲ့ ထမင်းကိုပါ စားရဦးမှာဟ၊ မစားဘဲနဲ့ ငါ ပြန်သွားရင် စိတ်ဆိုးမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



အေးအေး၊ စားပြီးမှပြန်တော့ လမ်းမှာ မဆာဘူးပေါ့၊ စားဖြစ်အောင် စားသွားကွာ

မန်နေဂျာကြီးက ခပ်ပြုံးပြုံးပင် ဆို၏။ ရိုးသားသော စောလားကို တ သားလို ခင်၏။ သူလို လူကြီးတစ်ယောက်ကို မည်သူမျှ စောလားလို နင်တစ်လုံး ငါတစ်လုံး မပြောရဲကြ။ သူ့အခန်းကိုလည်း စောလားလို ဝင်ခွင့်မတောင်းဘဲ မည်သူမျှ မဝင်ရဲချေ။ စင်စစ် စောလားမှာ ဦးအေးမောင်ထွန်းကို သူ့မိဘတစ်ဦး လို ခင်မင်ပြီး ရှိသေလေးစား၏။ နင်ငါ ပြောတတ်သော ဓလေ့ကြောင့် ပို၍ပ ချစ်စရာကောင်းသည်ဟု ဦးအေးမှောင်ထွန်းက ထင်၏။ တစ်ခါတစ်ရံ တော လည်သည့်အခါ ဦးအေးမောင်ထွန်းက လောတတ်၏။ ခြေသံမလုံတတ်။ တော ပစ်သေနတ်ကြီး တကားကားနှင့် ဆိုသောအခါ စောလားက "ခြေနင်းမကြမ်းနဲ့ သိပ်လောမကြီးနဲ့၊ တောကောင်တွေ လန့်ပြီး ပြေးသွားရင် နင် ဘယ်သူ့ သွားပ မလဲ" ဆိုတတ်၏။ "အေး ပစ်စရာ မရှိလည်း နင့်ပစ်ပြီး ပြန်မယ်ဟ"၊ "ငါ့တော မပစ်ပါနဲ့ ဖထီးကြီးရယ်၊ ငါ မိန်းမ မရသေးလို့ဟ" ဟု ဆိုသဖြင့် နှစ်ဦးသာ တဝါးဝါးနှင့် ပွဲကျဖူးသည်။ ထို့ကြောင့် မည်သည့် တောကောင်ကိုမျှ မပစ်ရဘဲ နှင့် ပြန်ခဲ့ရဖူးလေသည်။

မှန်သည်။ စောလားကို မန်နေဂျာချုပ်ရုံးရှိ ဝန်ထမ်း အားလုံးက ခွင့်ပြု ထားရ၏။ တောထဲ တောင်ထဲ၌ နေထိုင်ပြီး ဌာနတာဝန်ကို သက်စွန့်ဆံဖျား အမှုထမ်းရသော ဆင်လုပ်သားကြီးများကို မြို့နေရုံးဝန်ထမ်းများက ဦးစားပေး သည်။ စောလားပင် မဟုတ်။ မည်သည့် ဆင်ဦးစီးကိုမဆို မန်နေဂျာရုံးသို့ ဝင်နိုင် ထွက်နိုင်၏။ ဌာနဆိုင်ရာကိစ္စများကို တင်ပြလိုလျှင်လည်း စခန်းမှ ထောက်ခံစာ နှင့်အတူ ဝင်ရောက် ဆွေးနွေးနိုင်သည်သာ။

ဤသည်တို့ကြောင့် စောလားတို့ ဆင်ဦးစီးတွေမှာ တစ်ဦးနှင့်တစ်ဦး မိသားစုလိုဖြစ်ပြီး ဝင်ရဲထွက်ရဲ၊ ပြောရဲဆိုရဲ ဖြစ်နေကြခြင်းပင်တည်း။

* * *

မိုးစဲသွားပြီ။ မိုးရေကို ဝလင်စွာ သောက်သုံးထားသော တောအလုံးမှာ မြရောင်လိမ်း၍ စိမ်းညို့နေ၏။ မိုးနံ့နှင့် သစ်ရွက်စိမ်းနံ့တို့ ရောထွေးကာ လေ ပျံ့လွင့်နေ၏။ တောင်ကြားလမ်းမှာ မိုးရွာပြီးစမို့ လမ်းချော်ချင်သလို ဖြစ်နေ၏ ထို့ကြောင့် ပေါက်ကျိုင်းမှာ သူ့ခြေထောက်ကို ထိန်းထိန်းသိမ်းသိမ်း လှမ်းရ၏ သွားနေကျ လာနေကျလမ်းမို့လည်း ပေါက်ကျိုင်း၏ခြေမှာ သည်မျှ သွက်လ နေခြင်းပင်။





မိုးနံ့နှင့် အအေးဓာတ်ကို သယ်ဆောင်လာသောလေက ခပ်ကြမ်းကြမ်း ခတ်နေသေး၏။ လမ်းဘေးဝဲယာရှိ သစ်ပင်ကြီးငယ်တို့မှာ ယိမ်းထိုးလှုပ် ကြ၏။ ချမ်းလိုက်သည်မှာ ရိုးတွင်းခြင်ဆီထိအောင်ပင် ခိုက်ခိုက်တုန်လာ

"ဝေး . . ချမ်းပါဟ၊ မြို့သားလေးရေ၊ နင်ကော အေးနေပြီလား"

ဆင်ဦးကင်းပေါ်က စောလားက ပုခက်ပေါ်တွင်ထိုင်၍ လိုက်ပါလာ တင်မောင်ကျော်ကို အော်မေးသည်။

"ချမ်း . . ချမ်းတာပေါ့ဗျာ"

"အေး . . ချမ်းရင် ငြိမ်ငြိမ်လေးလိုက်ခဲ့၊ ဒါ တောအစပဲ ရှိသေးတယ်၊ မြင်နေရတဲ့ တောင်ကြီးကို ကျော်ပြီးရင် သပြေသာကို ရောက်ပြီ"

စောလားက ပြောပြောဆိုဆိုနှင့် ပေါက်ကျိုင်းကို အသော့နှင်လျက်ရှိ း‌လဲ့ညိုမှောင်သော တောတောင်တို့မှာ တရိပ်ရိပ်နှင့် ကျန်ရစ်ခဲ့သည်။ လာသည်မို့ အအေးဓာတ်က လွန်ကဲလာဟန်တူ၏။

ပေါက်ကျိုင်းမှာ နားရွက်နှစ်ဖက်ကို တဖျပ်ဖျပ်ခတ်ရင်း သခင်၏ အလို လှုပ်ရှားနေချေသည်။

သည်လိုပင် တစ်တောင်တက်၊ တစ်တောင်ဆင်း၊ တစ်ကုန်းကျော် တစ် ဖြတ်၍ ပေါက်ကျိုင်းမှာ အသော့နှင်လျက်ရှိ၏။ တစ်ခါတစ်ခါ၌ ပေါက် ၏ မောဟိုက်သံနှင့် နှာမှုတ်သံတို့ကိုလည်း ကြားရတတ်၏။ ချုံနွယ်ပိတ် တို့ ယှက်လိမ်နေသော တောအုပ်၏ ဟိုမှာဘက်တွင် မှိုင်းဝေနေသော တောကြီး။

သည်သစ်တောကြီးအတွင်းသို့ ဝင်လိုက်ပြီဆိုကတည်းက ငှက်အော်သံ၊ အော်သံနှင့် မျောက်အော်သံတို့ကိုပင် ကြားရတတ်သည်။ ရေတံခွန်မှ ဝါ ရေစီးသံကိုလည်း ကြားရ၏။ တစ်ခါတစ်ရံ၌ တောနက်ဆီမှ ကျား သံတို့ကို ကြားရတတ်သည်။ စခန်းနားသို့ နီးပြီမို့ ဆင်အော်သံတို့ကိုလည်း လေသည်။ တောအတွေ့အကြုံ မရှိသူ တင်မောင်ကျော်အဖို့ သဘာဝ၏ မှုတွေနှင့်အတူ ကျောချမ်းလာ၏။ သူ့မျက်လုံးတို့မှာလည်း ဂနာမငြိမ် ကြည့်သည်ကြည့်နှင့် ပျာယီးပျာယာ ဖြစ်နေ၏။ အထူးသဖြင့် ဟိုအဝေး ဝေါင်ဝေါင်နှင့် မာန်ဖီဟိန်းဟောက်နေသော ကျားဟိန်းသံမှာလည်း ယားဖွယ်တည်း။

သို့သော် နှင်းယုလှိုင်ဟူသော အတွေးက ဝင်ရောက်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့စိတ်တို့မှာ ပျောက်ကွယ်သွား၏။ ချစ်ရသူဟူသော အားကိုးစိတ်သ
စိုးရိမ်ထိတ်လန့်မှုကို ပျောက်ကွယ်စေသည်သာ။ တစ်ဆက်တည်းမှာပင် 
လား၏ အတွေးမှာလည်း တရိပ်ရိပ် ကျန်ရစ်ခဲ့သော တောရိပ်တောင်ရိပ်တို့
အတူ ပလုံစီနေကြလေသည်။

ဆရာမလေးသူငယ်ချင်း ရန်ကုန်တက္ကသိုလ်ကဆိုသော တင်မော
ကျော်မှာ မိမိနှင့်အတူ ဆင်ပေါ်၌ လိုက်ပါလာခဲ့ပေသည်။ သည်တင်မော
ကျော်မှာ စောလား၏ နှလုံးသားကို ခြောက်လှန့်နေ၏။ စင်စစ် ဆရာမ
နှင်းယုလှိုင်သည် စောလား၏ ရင်ကိုသာမက နှလုံးသားအစုံကိုပါ ကိုင်လှုပ်
သည်။ ယခု သူ့ဆင်ပေါ်၌ ပါလာသော မြို့သားနှင့် မည်သို့များ ပတ်သက်
မည်နည်းဟု တွေးမိ၏။ သူတို့ သူငယ်ချင်း ဆိုသည်မှာ ဟုတ်မှန်ပါမည်လာ
'ဟို ဘာလဲ အဘအိုက်ဆန်း ပြောသလို ရည်းစားဆိုတာ များလား၊ နေပ
သူတို့ခေါ်တာ ရှိသေးတယ်၊ ဘာတဲ့ အဲ သိပြီ. . သိပြီ ချစ်သူတဲ့၊ ဒီလူပြန်
ဆရာမလေးက တို့စခန်းကို ပစ်ထားပြီး ဒီလူနောက်ကို လိုက်သွားရင် ငါ. .
အို. . ငါနဲ့ ဘာဆိုင်လို့လဲ' စောလားရင်မှာ မတည်ငြိမ်တော့။ သက်ပြင်း
မကြာခဏ ချရ၏။ လေပူတို့ ထိုးထိုးတက်လာပြီး ရင်တစ်ခုလုံး ဆို့ကျပ်နာ
သွားရ၏။ စိတ်နှလုံးသားမှာ ဆောက်တည်ရာပင် မရချင်တော့။ ပြင်းထန်သေ
လေမုန်တိုင်းမှာ တောတောင်အလုံးကို မွှေနှောက်တိုက်ခတ်လိုက်သလို
တောမြည်သံနှင့် ရင်ထဲက တော်လည်းသံမှာ မိုးယံသို့ပင် ပျံ့လွင့်သွားမေ
တည်း။

"ဝူး . . ဝူး . . ကွီး . . "

ရုတ်တရက် ဝေသီမြင့်မားသော ကညင်ပင်ကြီးပေါ်မှ စူးရှကျယ်လော
သော အသံနက်ကြီးကို ကြားရ၏။ သည်အသံကိုကြားမှ စောလား သတိ
သည်။ အရေးအကြီးဆုံး ကိစ္စတစ်ရပ်ဖြစ်သော စခန်းဝင် အချက်ပေးသံ
သတိမေ့စွာဖြင့် မလုပ်လိုက်မိခြင်းပင်တည်း။

မှန်သည်။ သတိရလျှင်ရချင်း ပါးစပ်ထဲသို့ လက်ထည့်ပြီး စူးရှ
လောင်သော လက်ခေါက်မှုတ်သံဖြင့် အချက်ပေးရ၏။

"ရှီ . . ရှီ . . ရှီ"

စောလားဆီမှ သုံးချက် ဆင့်၍ဆင့်၍ မှုတ်လိုက်သော လက်ခေါက်
သံမှာ တောတစ်ခုလုံးကို ဟိန်းစည်၍ ထွက်ပေါ်လာ၏။

သို့သော် စောလား နောက်ကျသွားပြီ။ ဆင်ပေါ်၌ လိုက်ပါလာသော





တင်မောင်ကျော်မှာ မျက်ကလူးဆန်ပျာ ဖြစ်တော့သည်။ ပင်ယံထက်ဆီမှ ကြား
ရသော အသံနက်ကြီးကြောင့် ကြက်သီးများ တဖြန်းဖြန်း ထသွားရ၏။ စောလား
၏ လက်ခေါက်မှုတ်သံမှာ သူ့အတွက် သေမင်းတမန် အချက်ပေးသံလို ထင်မိ
၏။ တောတောင်အတွေ့အကြုံ နုနယ်သူအဖို့ အရေးဆိုလျှင် ကြောက်ဖို့လန့်ဖို့
သာ သိသည်။ အေးငြိမ်းသောအချိန်ပင် ဖြစ်လင့်ကစား ဇောချွေးတွေ ပြန်လာ
၏။ ထို့နောက် ဆင်ပေါ်မှ ဟိုကြည့်သည်ကြည့်ဖြစ်ပြီး စိတ်ဂနာမငြိမ်တော့။

နားထိုင်းသော ရဲကျော်သည် စောလား၏ အချက်ပေးသံကို မကြားနိုင်
တော့။ သူ ထင်ရာမြင်ရာ လုပ်ပေတော့မည်။ စင်စစ် လူစိမ်းပါလာလျှင် စခန်း
စောင့် တာဝန်ယူရသော လုံခြုံရေးမှူး ရဲကျော်ကို သတိပေးရ၏။ သည်လို
သတိမပေး၍ သူ မသိလျှင် ရဲကျော်က မည်သူ့ကိုမဆို စခန်းသို့ အဝင်မခံတတ်၊
ရဲကျော်မှာ ဝေသီမြင့်မားသော သစ်ပင်ကြီးပေါ်မှ နွယ်ကြိုးကို လက်တစ်ဖက်က
ကိုင်ပြီး လေ၏ လျှင်မြန်ခြင်းမျိုးဖြင့် ဝေါခနဲ ဆင်းသက်လာသည်။ ထို့နောက်
ဆင်ပေါ်က တင်မောင်ကျော် ရှိရာသို့ နွယ်ကြိုးကို လက်တစ်ဖက်ကကိုင်ပြီး
လက်တစ်ဖက်ကိုယမ်းကာ ပါးစပ်ကို အစွမ်းကုန်ဖြဲပြီး နီရဲသောမျက်လုံးအစုံနှင့်
ခြောက်လှန့်လေတော့၏။ ပါးစပ်မှလည်း ဝူးဝူးဝါးဝါးနှင့် အော်ဟစ်သည်။ သူ၏
သွတ်လက်သော ဟန်ပန်မှာ အသည်းယားဖွယ်တည်း။

"အောင်မလေး မျောက်. . မျောက်ကြီးဗျ၊ ကိုစောလား လုပ်၊ လုပ်
လုပ်ပါဦး"

ရုတ်တရက်မို့ တင်မောင်ကျော် ဖျားသွား၏။ ထိတ်လန့်မှုကြောင့် မျက်စိ
မျက်နှာပျက်သွား၏။ လူတစ်ကိုယ်လုံးမှာ တဆတ်ဆတ် တုန်သွားရ၏။ ကြောက်
ရွံ့စိတ်တို့မှာ ထိတ်လန့်မှုတို့နှင့်အတူ ရောထွေး ဝင်ရောက်လာသည်။ ထိုအခါ
တင်မောင်ကျော် မတည်ငြိမ်တော့။ နဂိုကတည်းက လှုပ်ရှားနေသော တင်မောင်
ကျော်မှာ ပုခက်ပေါ်မှ ကျုံးထ၏။ တုန်လှုပ်ချောက်ချားမှုနှင့် ရစ်ပတ်နေသော
သူ့ခန္ဓာကိုယ်မှာ နတ်ကျသလို တဆတ်ဆတ် တုန်နေသည်။ တင်မောင်ကျော်
၏ အသံတို့မှာလည်း ပီပီသသ မရှိတော့။

"ဝူး . . ဝူး . . ကွီ. . ခွီ. . ခွီ"

"ဟော့. . ဟော့၊ ရဲကျော်. . ရဲကျော်. . မလုပ်နဲ့၊ မလုပ်နဲ့"

စောလားက အော်ဟစ်သည်။ သတိပေးသည်။ သို့သော် နောက်ကျ
သွား၏။ ရဲကျော်က လျှင်၏။ မြန်၏။ သွက်၏။ နွယ်ကြိုးကို လက်တစ်ဖက်က
ကိုင်ပြီး သစ်ပင်ပေါ်က ဝေါခနဲ ဆင်းလာသည်။ ထို့နောက် သစ်ပင်ကို ခြေကန်၍



www.burmeseclassic.com

www.burmeseclassic.com



နွယ်ကြိုးကိုလွဲပြီး သူ၏ လှုပ်ရှားမှုကိုပြသည်။ ခြောက်သည်၊ လှန့်သည်။ တစ်ဆက်တည်းမှာပင် သူ့ခြေထောက်အစုံကို အသုံးပြုကာ လေ၏ လျင်မြန်ခြင်းမျိုးဖြင့် ဆင်ပေါ်က တင်မောင်ကျော်ကို အားပါးတရ ကန်ချလိုက်လေသည်။ ထို့ကြောင့် တင်မောင်ကျော်မှာ ကြောက်လန့်တကြီးနှင့် အားခနဲ တစ်ချက်အော်ပြီး ဆင်ပေါ်က ကျွမ်းထိုးမှောက်ခုံ ပစ်ကျသွားလေတော့သည်။

တင်မောင်ကျော်မှာ ဆင်ပေါ်က ပစ်ကျသွားသည်နှင့် ရဲကျော်မှာ သစ်ပင်ကြီးတစ်ပင်၏ ထိပ်ဖျားဆီသို့ ပြေးတက်သွားလေသည်။

* * *

“တောက်”

တင်မောင်ကျော်၏ တောက်ခေါက်သံမှာ စူးရှကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထို့နောက် လဲကျနေရာမှ ပြုန်းခနဲ ကျုံးထသည်။ ယခုမှ သူ့ခေါင်းထဲသို့ အသိတစ်ခုက ဝင်လာ၏။ ဦးလေးဖြစ်သူက တောထဲတောင်ထဲ၌ လိုရမည်ရသုံးရန် ပေးထားသော သေနတ်ကို သွားသတိရမိသည်။ အစဉ်အမြဲ ကိုင်တွယ်နေကျပစ္စည်း မဟုတ်သဖြင့် ရုတ်တရက် သတိမရ။ အသုံးချဖို့ မေ့လျော့နေမိသည်။ မေ့လျော့တတ်သော မိမိကိုလည်း ဒေါသဖြစ်ရ၏။

စင်စစ် တင်မောင်ကျော်ကို နှင်းယုလှိုင်ကသာ အရာရာ လွှမ်းမိုးနေသဖြင့် ယခုလို ဖြစ်သွားရခြင်းပင်။ မည်သို့ဆိုစေ အာလုပ်ရမည်ကို သိပြီ။ ဂျာကင်အင်္ကျီ အတွင်းအိတ်ထဲက ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်လိုက်သည်။ ရဲကျော် ပြေးတက်သွားရာ သစ်ပင်ကြီးဆီသို့ လျင်မြန်စွာ ပြေးကပ်သည်။ လက်တွင်း၌ရှိသော သေနတ်နှင့် ထိုးချိန်လိုက်၏။ သစ်ပင်ထိပ်ဖျားဆီသို့ တရွေ့ရွေ့ တက်နေသော ရဲကျော်ကို ပစ်သတ်ရန် ချိန်ထားသော တင်မောင်ကျော်၏ လက်တို့မှာ စိတ်၏ လှုပ်ရှားမှုတို့ကြောင့် မတည်ငြိမ်ဘဲ ဖြစ်နေ၏။ ထို့ကြောင့် စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားရ၏။ ပစ်ကွင်းကို မိမိရရ ဖြစ်အောင် စိတ်ရှည်ရှည်နှင့် ချိန်တွယ်ရသည်။

ရဲကျော်မှာ ပင်ယံထက်၌ ပျောက်ကွယ်နေ၏။ စိမ်းမှောင်ညို့မှိုင်းသော သစ်ရွက်များကို အကာအကွယ်ယူကာ တိတ်တဆိတ် လှုပ်ရှားနေပုံရ၏။ ထို့နောက် သစ်ကိုင်းဖျားတစ်ခုမှ ကိုယ်ကျုံ့ပြီး ထွက်လာသည်။ တစ်ဆက်တည်းမှာပင် သည်မှာဘက်သစ်ပင်မှ ဟိုမှာဘက် သစ်ပင်တစ်ပင်ဆီသို့ သစ်ကိုင်းတစ်ခုကို လွှဲခို၍ ဝေါခနဲ လှမ်းကူးလိုက်သည်။ ရဲကျော်၏ လှုပ်ရှားမှုကို တင်မောင်ကျော် မြင်ဖြစ်အောင် မြင်သွား၏။





“ခွေးမသားမျောက်၊ သေပေတော့”

“ဟော့. . ချဉ်ပေါင်ကျော်. . မြို့သား၊ မြို့သား၊ မပစ်နဲ့၊ မပစ်နဲ့”

စောလား သတိပေးရပြန်ပြီ။ ဆင်ပေါ်က ကျုံးအော်သည်။ မမျှော်လင့်သော အဖြစ်အပျက်တွေကြောင့် လက်လွန်ခြေလွန် ဖြစ်ကုန်မှာ ပူမိသည်။ တင်မောင်ကျော်အဖို့ ရဲကျော်အပေါ်၌ လက်လွန်သွားလျှင် တင်မောင်ကျော်ဘာဖြစ်မည်ကို စောလားသိသည်။ တင်မောင်ကျော်အဖို့ ကြီးမားသောအန္တရာယ်ဆိုးကို ရင်ဆိုင်ရမည်သာ။

ပေါက်ကျိုင်း နားရွက်မခတ်တော့။ လန့်သွားပုံရ၏။ တွေဝေသွား၏။ စောလား သတိပေးမှုအပေါ် အဓိပ္ပာယ် အကောက်လွဲသွားပုံရ၏။ သတိပေးသံက တစ်မျိုး၊ ပေါက်ကျိုင်း ဆောင်ရွက်ပုံကတစ်ခု။ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ကုန်ပြီ။ ပေါက်ကျိုင်း၏ ဦးခေါင်းသည် တင်မောင်ကျော် ရှိရာသို့ နှာခြည်း ထိုးလှည့်လိုက်သည်။ တင်မောင်ကျော်ကို အစွယ်နှင့် ထိုးသတ်ရန်၊ နင်းခြေပစ်ရန် အားယူတာစူပြီး သူ့မျက်လုံးကျဉ်းကျဉ်းလေးနှင့် တင်မောင်ကျော်ကို စူးစူးရဲရဲ ကြည့်နေ၏။

ဤသည်ကို တင်မောင်ကျော်က မသိ။ ရဲကျော်ကိုသာ မဲနေ၏။ သစ်ပင်တစ်ပင်မှတစ်ပင်သို့ အရှိန်နှင့် ကူးပြောင်းရန် ထပ်မံ အားယူ တာစူနေသော ရဲကျော်ရှိရာ သစ်ပင်ထိပ်ဖျားဆီသို့ ခြောက်လုံးပြူးသေနတ်နှင့် ပစ်ရန် ချိန်တွယ်နေသည်သာ။ မှန်သည်၊ ရဲကျော် လာပြီ။ သေနတ်ပစ်ခံရန် လာရောက်သလို ပင်ယံထက်၌ အကာအကွယ်မဲ့စွာဖြင့် ရဲကျော်၏ ရင်ဘတ်ဖွေးဖွေးကို မြင်ရပြီ။ တင်မောင်ကျော် အသင့်ပြင်ပြီ။

“ကျည်. . ကျည်. . ကျည်”

ရုတ်တရက် ပေါက်ကျိုင်းက ဝမ်းခေါင်းသံနှင့် အော်၏။ သူ့အဓိပ္ပာယ်က “ရဲကျော်ရေ ပြေး ပြေး ပြေး” ဟူသော အချက်ပေးသံ ဖြစ်မည်။ ထို့ကြောင့် ရဲကျော်က လှစ်ခနဲ သစ်ကိုင်းကြို သစ်ရွက်ကြားထဲသို့ ပြေးဝင်ကာ ခဏငြိမ်နေ၏။ ပြီးမှ အခြား သစ်ပင်တစ်ပင်ဆီသို့ ဝေါခနဲ ခုန်ကူးလိုက်လေသည်။

“ဒိုင်း . . ဒိုင်း”

သေနတ်သံမှာ တောတစ်ခုလုံးကို ဟိန်းစည်၍ ထွက်ပေါ်လာသည်။ တင်မောင်ကျော် မိုက်ပြီ။ စောလား သတိပေးနေပါလျက် ရဲကျော်ကို ခြောက်လုံးပြူးသေနတ်နှင့် ပစ်ပြီ။ တစ်ချက်မဟုတ်၊ နှစ်ချက်တိတိ ပစ်သည်။ ရဲကျော်ကို သေနတ် မှန် မမှန်တော့ မသိ။ ရဲကျော်မှာ ပေါက်ကျိုင်း အချက်ပေးသံနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံအဆုံး၌ မြင်ကွင်းမှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေပြီတည်း။

မှန်သည်။ ဝန်းကျင်မှာ ရုတ်ခြည်း တိတ်ဆိတ်သွား၏။ ခက်ပြီ။ ပေါက်ကျိုင်း ဖြိုဟ်ထလာပြီ။ ပေါက်ကျိုင်းနှင့် ရဲကျော်မှာ အလွန် ခင်မင်ကြသော တိရစ္ဆာန် ဖြစ်၏။ ပေါက်ကျိုင်း အလုပ်သိမ်း၍ အလုပ်စခန်းမှ လွှတ်ပေးလိုက်သောအခါ ပေါက်ကျိုင်းက တကျည်ကျည်နှင့် ရဲကျော်ကို အော်ခေါ်တတ်၏။ ထိုအခါ ရဲကျော်မှာ ပေါက်ကျိုင်း၏အသံကို ကြားသည်နှင့် ကြားရာအရပ်က ပြေးလာသည်။ ပြီးလျှင် ပေါက်ကျိုင်း၏ ကျောပေါ်သို့ လွှားခနဲ တက်ရောက်သွားတတ်၏။ ထို့နောက် ပေါက်ကျိုင်းစားဖို့ ကြိုတင် ရှာဖွေထားသော တောငှက်ပျောပင်များ ရှိရာသို့ လည်းကောင်း၊ ဝါးပင်နုနုများ ရှိရာသို့ လည်းကောင်း ပျော်ရွှင်စွာဖြင့် စခန်းမှ ထွက်ခွာသွားကြသည်သာ။ ရဲကျော်ကိုထိလျှင် ပေါက်ကျိုင်းက မခံ။ ပေါက်ကျိုင်းကို ထိလျှင်လည်း ရဲကျော်က သည်းခံလိမ့်မည် မဟုတ်ချေ။

ယခု သည်အကြောင်းတွေကို မသိသော တင်မောင်ကျော်က ရဲကျော်ကို သေနတ်နှင့် လိုက်ပစ်သည်။ သူ့စိတ်ထဲ၌ ရဲကျော်ကို တောနက်မျောက်ရိုင်းတစ်ကောင်ဟု ထင်ကောင်းထင်မည်သာ။ စောလား သတိပေးနေသည့်ကြားက သေနတ်နှင့် ပစ်ဖြစ်အောင်ပစ်သည်။ ထို့ကြောင့် ပေါက်ကျိုင်း၏ ဒေါသမှာ အထွတ်အထိပ်သို့ ရောက်လာသည်။ ရဲကျော်၏ အသက်ကို ကယ်တင်ရန် အားယူ တာစူတော့၏။ နောက်ထပ် တင်မောင်ကျော်ထံမှ သေနတ်သံ မကြားရခင် တင်မောင်ကျော်ကို အစွယ်နှင့် ထိုးသတ်ရန် ပြင်ပြီ။

ပေါက်ကျိုင်းက သူ၏ မျက်လုံးကျဉ်းကျဉ်းကလေးကို အစွမ်းကုန်ပြူး၏။ ခြေလှမ်းပြင်၏။ တင်မောင်ကျော် ရှိရာသို့ ဝေါခနဲ ထိုးချလာပြီ။ တင်မောင်ကျော်မှာ ကြောင်နေ၏။ အဖြစ်အပျက်ကို မဝေခွဲနိုင်တော့။ ကြောက်ဒူးတွေသာ တဆတ်ဆတ်တုန်ပြီး စွယ်စုံဆင်ပြောင်ကြီး ပေါက်ကျိုင်းကို စူးစူးရဲရဲ ကြည့်၏။ သူ့လက်ထဲက ခြောက်လုံးပြူးသေနတ်လေးနှင့် ပေါက်ကျိုင်း၏ ဦးကင်းတည့်တည့်ကို ချိန်ထားလိုက်သည်။

"ကို့. . ကိုစောလား၊ လုပ်. . လုပ်ပါဦးဗျ"

တင်မောင်ကျော် အော်ပြီ။ အနီးရှိ သစ်ပင်တစ်ပင်ဘေး ပြေးကပ်သည်။

"ဟော့ကောင် ပေါက်. . ပေါက်ကျိုင်း၊ မလုပ်နဲ့ . . မလုပ်နဲ့၊ ရပ် ရပ်"

စောလားက ပေါက်ကျိုင်း၏ ဦးကင်းပေါ်မှ သတိပေးသည်၊ အော်သည်၊ ဟစ်သည်။ ပေါက်ကျိုင်း၏ ထောင်နေသော နားရွက်နှစ်ဖက်ကို ကန်





[illegible]ကန်ပစ်သည်။ သတိပေး၏ မရ။ ပေါက်ကျိုင်းက မည်သူ့ကိုမျှ မကြောက်[illegible]တင်မောင်ကျော်ကို[illegible]င်းခြေပစ်ရန်သာ စိတ်စောနေ၏။ ရှေ့သို့သာ တွင်တွင်[illegible]ပြီ။ သူ့ဦးကင်းပေါ်၌ စောလား ရှိသည်ကိုပင် မေ့လျော့နေပုံရသည်။

"ဟော့ကောင် ပေါက်ကျိုင်း၊ ငါ ငါပြောနေတယ်လေ၊ မလုပ်နဲ့၊ မလုပ်နဲ့၊ [illegible]. ရပ် ပြောလို့ မရဘူးလား၊ ဟာ ကဲကွာ. . ကဲကွာ"

"ကျည်. . ကျည်"

ပေါက်ကျိုင်း ရပ်သွားပြီ။ ငယ်သံပါအောင် အော်သည်။ ဒူးအစုံလည်း [illegible]ကျသွားသည်။ ပေါက်ကျိုင်း၏ တစ်ကိုယ်လုံးရှိ အသားအရေတို့မှာ [illegible]တ်ဆတ် တုန်ခါသွား၏။ ပေါက်ကျိုင်း၏ ဦးခေါင်းထက်မှ နှင်းဆီနီရောင် [illegible]တို့မှာ ရေပိုက်ကို ဖွင့်ချလိုက်သလို ဝေါခနဲ ဝေါခနဲ စီးဆင်းကျလာသည်။ [illegible]သိခိုက်အောင် နာကျင်မှုကြောင့် ပေါက်ကျိုင်း၏အော်သံမှာ တောတစ်ခု[illegible]တိန်းစည်၍ ပဲ့တင်ထပ်ပြီး ညံသွားလေပြီတည်း။

ပေါက်ကျိုင်း ဦးကင်းပေါ်ရှိ စောလားမှာ ပေါက်ကျိုင်း၏ အော်ဟစ်သံ[illegible]ကြားရသောအခါ စိတ်မချမ်းသာတော့။ ပေါက်ကျိုင်း၏ ခေါင်းတစ်ခုလုံး [illegible]သံရဲရဲ ဖြစ်နေသည်ကို မြင်တွေ့ရသောအခါ ရင်တစ်ခုလုံး ဆို့တက်သွားရ[illegible]သည်။ အသည်းပြင်ကို ဓားဖြင့် မွှန်းသလိုလည်း ဖြစ်ရ၏။ ပေါက်ကျိုင်း [illegible]ျင်သလို စောလားလည်း နာကျင်သည်။

စင်စစ် တစ်ခါဖူးမျှ ပေါက်ကျိုင်းအပေါ်ကို သည်မျှ မရက်စက်ခဲ့။ ယခု[illegible] ပေါက်ကျိုင်းက ပြောစကားကို နားမထောင်။ ရဲကျော်ကို သေနတ်နှင့် [illegible]စ်နေသူ တင်မောင်ကျော်ကို သတ်ဖြတ်ရန် ကြံစည်သည်။ သည်အတွက် [illegible]ကျိုင်း၏ ဦးကင်းကို ဆင်ဦးစီးချွန်း ဓားမြောင်နှင့် မညှာမတာ ထိုးပစ်လိုက်[illegible]ကြောင့်ပင်တည်း။ မှန်သည်။ မိမိနှင့် နှစ်ရှည်လများ ညီရင်းအစ်ကိုလို [illegible]ကောင်းဖက် အတူတွဲ၍ အလုပ်လုပ်နေရသော ပေါက်ကျိုင်းကို စောလား[illegible] အသည်းနှင့်အောင်ချစ်၏။ ဘဝတစ်လျှောက်လုံး သည်းခံပေါင်းသင်းလာ[illegible] ပေါက်ကျိုင်း၏ အထွတ်အမြတ်ထားရာ ဦးကင်းကို ချစ်ခင်နှစ်သက်လှပါ[illegible]ဆိုသော မိမိက မညှာမတာ ဓားဖြင့် ထိုးလိုက်မိချေပြီ။

အသည်းခိုက်အောင် နာကျင်မှုနှင့် ပေါက်ကျိုင်း၏ 'ရက်စက်လိုက်တာ[illegible]သားရယ်၊ ငါ့ကို အသေသတ်လိုက်ပါတော့'-ဟု ပြောကြားနေသယောင် [illegible]တ်ရ၏။ တစ်ဆက်တည်းမှာပင် ဒူးညွှတ်၍ ပေါက်ကျိုင်း၏ အသားတွေ [illegible]တ်ဆတ် တုန်သောအခါ စောလား၏ ရင်နှစ်ခြမ်း ဖြန်းခနဲ ကွဲသွားသလို



www.burmeseclassic.com

ww.burmeseclassic.com



ခံစားလိုက်ရ၏။

"ပေါက်ကျိုင်းရေ ငါ. . . ငါလွှန်သွားပြီ၊ ငါ့ကို. . . ငါ့ကို နင်ကိုယ်တို နင်းသတ်လိုက်တော့၊ မန်နေဂျာကြီးရဲ့တူကိုတော့ နင် မယတ်နဲ့၊ နင် ဒုက္ခရော လိမ့်မယ်၊ သူ့အစား ငါ့ကိုပဲ နင်းသတ်လိုက်ပါတော့ ပေါက်ကျိုင်းရယ်"

စောလား ငိုပြီ။ မျက်လုံးအစုံ၌ မျက်ရည်တို့က စီးကျလာပြီ။ ထို့နော ပေါက်ကျိုင်း၏ ဦးကင်းဆီက စီးကျနေသော သွေးတို့ကို တယုတယပင် သုပ်၊ ကပ်၍သုတ်သည်။ လက်အစုံနှင့် ဖယ်ရှားသည်။ ပြီးလျှင် ပေါက်ကျိုင်း၏ ဦးက ၌ စိုက်နေသော ဓားမြှောင်ကို ဆတ်ခနဲ နုတ်၍ တောစပ်ဆီသို့ စိတ်နာနာ လွှင့်ပစ်လိုက်၏။ နောက်ဆုံး၌ ပေါက်ကျိုင်း၏ ဦးကင်းပေါ်က ခုန်ဆင်း ပေါက်ကျိုင်း၏ ရှေ့တည့်တည့်၌ပင် ပက်လက်လှန်ပေးလိုက်၏။

"နင်းလေ. . နင်းလေ၊ နင် ဒီလောက် လူသတ်ချင်တဲ့ကောင်၊ ငါ့ကိုသာ နင်းသတ်လိုက်ပါတော့ ပေါက်ကျိုင်းရယ်"

မိုက်သည်ဟု ဆိုချင်ဆို၊ စောလား ထင်ရာလုပ်ပြီ။ မတတ်နိုင်တော့ ရင်ထဲက ခံစားချက်ကို ထိန်းချုပ်ခြင်းငှာ မစွမ်းသာတော့။ ပေါက်ကျိုင်းရှေ့ ပက်လက်လှန်ပြီး ငြိမ်နေမိသည်။ စောလားအဖို့ မထူးတော့။ ပေါက်ကျိုင် ပြုသမျှ ခံတော့မည်။ ပေါက်ကျိုင်းကို ကြည်ဖြူပြီးသား၊ ခွင့်လွှတ်ပြီးသား။ ပေါ ကျိုင်း နင်းခြေရုံပင်မက သူ့အစွယ်နှင့် ထိုးသတ်လိုက်လျှင်လည်း ရင်ကော့ပေး အသင့်။

ပေါက်ကျိုင်းမှာ သူ့သခင်ကို သေသေချာချာကြည့်သည်။ သူ့ဦးကင်း စီးကျလာသော သွေးနီနီတို့မှာ မျက်လုံးထဲသို့ပင် ဝင်၏။ ထို့ကြောင့် သူ့နှာမောင်း နှင့် မျက်လုံးကို ပွတ်သပ်ပစ်သည်။ စောလားကို မည်သို့မျှ မလုပ်။ ခပ်တွေတွေ လေးကြည့်ရင်း သူ့နားရွက်ကိုသာ တဖျပ်ဖျပ် ခတ်နေလေတော့၏။

"ဟော့. . . ဟော့ ဘာဖြစ်နေကြတာလဲ"

"ဟ. . . ဟိုဟာ စောလား မဟုတ်လား"

"ဟုတ်တယ် . . . ဟုတ်တယ်၊ အဲဒါမှ ဒုက္ခပဲ"

"ဒီကောင့်ကို ပေါက်ကျိုင်း နင်းသတ်ပြီနဲ့တူတယ်"

"ဟိုမှာလည်း လူတစ်ယောက်က သေနတ်ကြီးနဲ့ ချိန်လို့ပါလား"

"ဘယ်လိုဖြစ်ကြတာလဲ၊ တို့ကိုလည်း ရှင်းပြကြပါဦး"

"ငါထင်သားပဲ၊ ရဲကျော်အော်သံ ဆင်အော်သံနဲ့ သေနတ်သံတွေ ကြား ရပါတယ်ဆိုတာ၊ အခုတော့ ကောင်းကြသေးရဲ့လားဟ"





စခန်းရှိ လူအချို့မှာ အချင်းဖြစ်ပွားရာသို့ ရောက်ရှိလာကြသည်။ သူ တစ်မျိုး ငါတစ်ဖုံနှင့် အမျိုးမျိုး ပြောဆိုနေကြသည်။ အထူးသဖြင့် ခြောက်လုံးပြူး သေနတ်ကြီး တကားကား လုပ်နေသော တင်မောင်ကျော်ကို ဝိုင်းပတ်ထားလိုက် ကြသည်၊ ဒေါသရောင်လွှမ်းနေသော မျက်လုံးအစုံတို့မှာ တင်မောင်ကျော်ထံ၌ စုံပုံနေကြ၏။

သူတို့အထင်က' တစ်မျိုး၊ ပေါက်ကျိုင်း ဦးကင်းပေါ်ရှိ စောလားကို တင်မောင်ကျော်က သေနတ်နှင့်ပစ်သည်။ စောလား၏ဦးခေါင်းကို သေနတ်မှန် ၍ ပစ်ကျခြင်း ဖြစ်မည်။ တစ်ဆက်တည်းမှာပင် ပေါက်ကျိုင်းကိုပစ်၍ ပေါက် ကျိုင်း၏ ဦးကင်း၌ သွေးသံရဲရဲ ဖြစ်နေသည်ဟု ထင်မြင်နေကြသည်။ ထို့ကြောင့် တင်မောင်ကျော်ကို ဘယ်မှ ထွက်မပြေးနိုင်အောင် ဝိုင်းပတ်ထားလိုက်ခြင်းပင်။ သူတို့ စခန်းသို့ မကောင်းဆိုးဝါးတစ်ကောင် ရောက်လာသလို ထင်နေပုံလည်း ရ၏။

ပေါက်ကျိုင်းမှာ လူအုပ်ကြီးကို တစ်ချက်ကြည့်၏။သေနတ်ကြီး တကား ကား လုပ်နေသော တင်မောင်ကျော်ကိုလည်း ကြည့်သည်။ မြေပြင်၌ သူ့ကို 'သတ်ပါ သတ်ပါ၊ နင်းပါ သတ်ပါ' ဟု မျက်ရည်အရွဲသားနှင့် ပက်လက်လှန်ပေး နေသော သူ့သခင် စောလားကိုလည်း စူးစူးရဲရဲ ကြည့်သည်။ ထို့နောက် တစ်စုံ တစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည့်အလား ကျယ်ခနဲ အော်ဟစ်လိုက်သည်။ စောလားကို နမ်းသည်။ နှာမောင်းနှင့် တယုတယ ပွတ်သပ်၏။ ပြီးလျှင် သူ့နှာ မောင်းနှင့် စောလားကို ဆတ်ခနဲ ဆွဲပွေ့လိုက်သည်။ သူ့နှာမောင်းကြားထဲ၌ အသင့်ပါလာသော စောလားကို ကြင်နာစွာပင် သူ့ဦးကင်းပေါ်သို့ မြှောက်တင် လိုက်သည်။ အားလုံးပြီးသောအခါ အခင်းဖြစ်ပွားရာနေရာမှ တစ်လှမ်းချင်း လှမ်း၍ ဣန္ဒြေရရပင် ထွက်ခွာသွားလေသည်။

စောလားမှာ ပေါက်ကျိုင်း၏ ဦးကင်းထက်၌ အရုပ်လေးတစ်ရုပ်ပမာ ငြိမ်သက်စွာ လိုက်ပါသွားလေသည်။ စောလားက ပေါက်ကျိုင်းကို ရက်စက် သော်လည်း ပေါက်ကျိုင်းက မရက်စက်နိုင်။ ဦးကင်းထက်ဆီမှ သွေးစိမ်းရှင်ရှင်ကျ နေသော ဒဏ်ရာကို ရင်မှာပိုက်၍ စောလားနှင့်အတူ အားလုံးကို သဘောထား ကြီးစွာဖြင့် စွန့်လွှတ်လိုက်လေသည်။

ထိုအချိန်၌ မှောက်ဝံရဲကျော်မှာ ဘယ်ကဘယ်လို ရောက်လာမှန်းမသိ။ ပေါက်ကျိုင်း၏ ကျောပေါ်သို့ သစ်ကိုင်းတစ်ခုဆီမှ ခုန်ဆင်းပြီး သုံးဦးသား စခန်း ဆီသို့ ဦးတည်သွားကြလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဟဲ့၊ ဘယ်လိုဖြစ်ကြတာလဲ၊ နင်တို့မှာလည်း သွေးတွေသံတွေနဲ့ ပါလား"

ဆရာမလေး နှင်းယုလှိုင်က ယခုမှ ရောက်လာသည်။ ထို့ကြောင့် စောလားတို့နှင့် လမ်း၌ဆုံ၏။ မျောက်ဝံရဲကျော်မှာ ပေါက်ကျိုင်း၏ ကျောပေါ်၌ တခွီးခွီး အော်ဟစ်ရင်း ခုန်ပေါက်နေ၏။ ဖြစ်ပျက်ပုံကို နှင်းယုလှိုင်အား တိုင်ကြားနေ၏။ စောလား‌က သူ့ဆရာမလေးကို စိုက်ကြည့်သည်။ ဘာကြောင့်မှန်းမသိ။ ယခုမှ ပို၍ ရင်ထဲက ဆို့တက်လာ၏။ ဝမ်းလည်းနည်းလာ၏။ သို့သော် စိတ်ကို ထိန်းပြီး "ငါ ငါတို့ ဘာမှ မဖြစ်ဘူး။ ဟို . . . ဟိုမှာ နင့်ဧည့်သည် ပါလာတယ်၊ သူ့. . . သူ့ကိုသာ မေး . . မေးကြည့်ပါဝေ့"ဟု ပြောပြောဆိုဆိုပင် ပေါက်ကျိုင်း၏ ခေါင်းဆောင်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။ ဆရာမလေး နှင်းယုလှိုင်မှာ ပေါက်ကျိုင်း၊ စောလားနှင့် ရဲကျော်တို့ သုံးဦးသားကို စိုက်ကြည့်ရင်း တွေဝေပြီး ကျန်ရစ်ခဲ့လေသည်။

"နှင်းယုရေ သူငယ်ချင်း၊ ကိုယ်. . . ကိုယ်၊ ဒီမှာ. . . ဒီမှာ"

တင်မောင်ကျော်၏ ဆို့နစ်လှိုက်လှဲသံကိုလည်း ကြားရ၏။

"ဩော်. . . ကိုတင်မောင်ကျော်"

ဆရာမလေး နှင်းယုလှိုင်၏နှုတ်မှ သာယာသော အသံတစ်ခု ထွက်ပေါ်လာသံည်။ နှလုံးသား၏ တုန်ခါမှုမှာ အံ့ဩမှု ရင်လှိုင်းခတ်သံတို့နှင့် ရောထွေးကာ ဝမ်းသာဝမ်းနည်းသံကို ဖြစ်ပေါ်စေတတ်၏။

"ဟုတ်တယ် အကျော်ပါ နှင်းယုလှိုင်ရယ်၊ နှင်းယုလှိုင်ကို တွေ့ချင်လွန်းလို့ ကိုစောလားနဲ့ လိုက်လာတာ၊ ကံကောင်းလို့ မသေတယ်။ ဒီမှာ ကြည့်ပါဦး၊ ကိုယ့်ရင်ဘတ်ကို မျောက်ဝံကုတ်သွားတာ"

ဆရာမလေးကို တွေ့သည်နှင့် တင်မောင်ကျော်က ဆိုသည်။ ထို့နောက် လူအားလုံးကို ဖြစ်ကြောင်းကုန်စင် ရှင်းလင်းပြောပြလိုက်သည်။ သူနှင့် နှင်းယုလှိုင်တို့မှာ အလွန် ခင်မင်သော ငယ်သူငယ်ချင်း၊ ကျောင်းနေဖက်များ ဖြစ်ကြောင်း ပြောပြရ၏။

နှင်းယုလှိုင်ကလည်း ဟုတ်မှန်ကြောင်း ဝန်ခံ၏။ သည်နေရာ၌ သူ့သူငယ်ချင်း မဟုတ်ပါဘူးဟုသာ ပြောလိုက်လျှင် တင်မောင်ကျော်အဖို့ မလွယ်။ နှင်းယုလှိုင်၏ မျက်နှာကိုသာ တစ်ရှာထင်၍ လိုက်ခဲ့ခြင်းပင်။ သပြေသာသို့ ရောက်သည်နှင့် မိမိ၏ရင်ဝကို ဆီးပြီး အကာန်ခံလိုက်ရသည့်ပြင် မိမိကို သည်အရောက် လိုက်ပါပို့ဆောင်ပေးသော ကိုစောလားနှင့် ဆင်လိမ္မာကြီး ပေါက်





င်းတို့ကိုပါ ဦးဦးဖျားဖျား အထင်လွဲခံရသည်မှာလည်း ဝမ်းနည်းစရာပင်။

"ဩော် အဲဒါ၊ ငါ့သား ရဲကျော်ကို စောလားက ကြိုတင်ပြီး သတိမပေး တာ၊ ရဲကျော်ဟာ ဒီစခန်းတစ်ခုလုံးရဲ့ အသက်ပဲ။ ဒီစခန်းရဲ့ လုံခြုံရေး န်ကို သူ့အသိနဲ့သူ ထိန်းသိမ်းပေးနေတဲ့ ငါ့သားကွ"

"ဗျာ"

တင်မောင်ကျော် အံ့ဩသွား၏။ စခန်းမှန်နေဂျာ ဦးလှမောင်သော်၏ တ ဆန်းကြယ်လှ၏။ ရဲကျော်ကို သေနတ်နှင့် ပစ်မိသည်ဟု ဆို၍လည်း မျက်နှာ ပျက်သွားပုံရ၏။ တင်မောင်ကျော်အပေါ်၌ ဒေါသဖြစ်သွားသည် သူ့မျက်နှာ၌ အထင်းသား ပေါ်ထွက်လာ၏။ သို့သော် လူကြီးပီပီ သူ့စိတ်ကို န်းလိုက်ပုံရသည်ဟု တင်မောင်ကျော်ထင်၏။

"ဟုတ်တယ်၊ ရဲကျော်ကို အမဲလိုက်ရင်း ငယ်ငယ်ကလေးတည်းက တော တွေ့လို့ ဖမ်းလာတာ။ လူနို့တိုက်ပြီး မွေးခဲ့ရတာ၊ သူနဲ့ ပေါက်ကျိုင်းက င်တာကွ၊ ရဲကျော်ကို မင်းက သေနတ်နဲ့ပစ်တော့ ပေါက်ကျိုင်းက ဘယ်ခံ အေး မစောလား ဝင်ကယ်လို့၊ စောလားသာ မရှိရင် မင်း ပေါက်ကျိုင်းဟာ ကို နင်းခြေပစ်မှာ သေချာတယ်။ ရဲကျော်ကို သေနတ်မှန်သွားသေးလား၊ ဘယ်များ ထိသွားသေးလဲ"

"မမှန်ပါဘူး၊ ပေါက်ကျိုင်းရဲ့ ကျောပေါ်မှာ စောလားနဲ့အတူ ပါသွား ဲ"

"ကဲ ကဲ စကားရှည်တယ်၊ သမီးဧည့်သည်ဆိုလည်း သမီးပဲ တို့အိမ်ကို သွား၊ ဟိုရောက်မှပဲ ဧည့်သည်အတွက် နေရေးထိုင်ရေး ကြည့်ပြီး စီစဉ်ရတာ လာကြ ပြန်ကြစို့"

ဦးနန်းမိုး၏မျက်နှာလည်း သိပ်မကောင်း။ သူ့သား ပေါက်ကျိုင်း၏ ဦး ဘသွေးကို တွေ့ရ၍ အသည်းတုန်သွား၏။ သို့သော် စိတ်ကို တတ်နိုင်သမျှ သည်။ သမီးဖြစ်သူ၏ မျက်နှာကို ထောက်ထား၍သာ တင်မောင်ကျော်ကို သို့မျှ အပြစ်မပြော။ စကားကို အလိုက်အထိုက်ပြောပြီး တင်မောင်ကျော် ခေါ်ယူ၍ စခန်းဆီသို့ ထွက်ခွာလာခဲ့ကြလေသည်။

တောလမ်းတစ်လျှောက်လုံး တိတ်ဆိတ်နေကြသည်။ မည်သူကမျှ တစ် တစ်ဦး စကားမပြောကြ။ ကိုယ့်အတွေးနှင့်ကိုယ် လျှောက်နေကြသည်။ သောရွာလမ်းထဲသို့ လူအုပ်ကြီး ဝင်လိုက်သောအခါ စခန်းမှလူတွေ ကြ၏။ ဂျင်းပင်နှင့် ဂျာကင်အင်္ကျီကို သားသားနားနား ဝတ်စား သော

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ကျော်ကို အထူးအဆန်းလို ဝိုင်းကြည့်နေကြ၏။ မိန်းမတွေက တီးတိုး တီးတိုး သဖန်းပိုးလုပ်နေကြ၏။

ရုတ်တရက် နတ်တူချောင်းဆီမှ ဝုန်းခနဲ သစ်ပင်တစ်ပင် လဲပြိုကျသံ ကြားရ၏။တစ်ဆက်တည်းမှာပင် ဆဲဒ်အော်သံ၊ လူအော်သံတို့မှာလည်း 'အောင် ထား . . . အောင်းထား၊ မိပိုက္ခ၊ အေး ဟုတ်ပြီ၊ ဟုတ်ပြီ။ တာရာရေ ဒီဘက်က ပန်းလိုက်စမ်းပါဦး ဝုန်း' ဟူသော အသံတို့မှာ ဝန်းကျင်အားလုံးကို ထိုးဖောက်၍ ပီပီပြင်ပြင် ကြားလာရ၏။ အရေးကြီးသော သစ်လုံးကြီးများကို စနစ်တကျ နေရာချနေကြခြင်းပင် ဖြစ်လေသည်။

* * *

ဂဝံကျောက်တို့ဖြင့် ခင်းထားသော မြေနီလမ်းကလေးမှာ ပြန့်ပြူးညီညာ လှ၏။ လမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် အင်ကြင်းပင်တို့က စီတန်းနေကြ ၏။ အင်ကြင်းတန်းနှင့် လမ်းနီလေး၏အဆုံးအထိ လျှောက်လိုက်လျှင် နတ်ရေ ကန်သို့ ရောက်၏။ နတ်ရေကန်မှာ နတ်တူရေတံခွန်မှ စီးကျလာသော စမ်းရေ ကြည်ကြည်တို့ကို တောင်နှစ်လုံးကြားမှဖြတ်၍ တာဖို့ထားသဖြင့် ရေကန်ကြီး သဖွယ် ဖြစ်နေသည်။ နတ်ရေကန်၏ ကန်ဘောင်ရိုး၌ တောစံပယ်တို့မှာ ရှင်သန် လှ၏။ တစ်ချုံလုံးကို ဖွေးဖွေးဖြူအောင် အဆုပ်လိုက် အဆုပ်လိုက် ပွင့်နေကြ သည်။ တောစံပယ်နံ့မှာ နတ်ရေကန်ဝန်းကျင်အလုံးကို လွှမ်းခြုံ၍ သင်းပြီးမွှေး ကြူနေ၏။ ရေကကြည်ကြည်၊ တောစံပယ်ကသင်းသင်း၊ တောက စိမ်းစိမ်းမို့ လေတစ်ချက် အတိမ်းတွင် နံ့သာပေါင်းစုံ လိမ်းကျံထားသော နတ်ပျိုမလေး ယိမ်းကနေသလိုပါတည်း။

မှန်သည်။ ရေကန်ကြီးမှ ပြည့်လျှံလာသောရေတို့မှာ ကျောက်ဖျာကြ ကျောက်ဖျာကြား၊ တောင်ကြိုတောင်ကြားမှ ရေပန်းရေမွှာများ အဖြစ်ဖြင့် ဝန်းကျင်ကို ပျံ့နှံ့ကာ နတ်တူချောင်းထဲသို့ စီးဝင်လာလေသည်။

နတ်တူချောင်း၏ ဟိုမှာဘက်တွင် ရှုမဆုံးသော သစ်တောအုပ်ကြီးက မှိုင်းညို့နေ၏။ ကျွန်းပင်တို့မှာ တောတောင်အလုံး လက်ညှိုးထိုး၍ မလွဲအောင်ပင် များပြားလှပါ၏။

တင်မောင်ကျော်နှင့် နှင်းယုလှိုင်တို့မှာ ဘေးချင်းယှဉ်၍ လျှောက်လှမ်း လာကြသည်။ တင်မောင်ကျော်က သံပြေသာစခန်းဝန်းကျင်ကို လှည့်လည် ကြည့်ရှုချင်သည်ဟု ဆိုသဖြင့် နှင်းယုလှိုင်က လိုက်ပြနေခြင်းပင်။ နတ်ရေကန် စခန်းသို့ ရောက်ဖူးအောင် သည်လမ်းမှဖြတ်၍ လျှောက်လှမ်းလာကြခြင်းပင်





လာသည်။

"လှိုင်ရေ ဒီလမ်းကလေးကို လျှောက်ရတော့ တို့လှိုင်ရတနာဆောင်ကို ရှတဲ့ ကတ္တရာလမ်းငလေးကို သတိရတယ်ကွာ"

"ဟုတ်တယ်နော်၊ တစ်ခါတစ်ခါလည်း ရန်ကုန်တက္ကသိုလ်ကို လွမ်းသား၊ ဆောင်ဝင်းထဲက စိန်ပန်းပင်ကြီးရဲ့ ပွင့်ကြွေတွေကောက်ပြီး မြေပြင်မှာ ပန်းစာ ရေးကြတာတွေ၊ စိန်ပန်းပွင့်တွေကို အပ်ချည်ကြိုးနဲ့ ကြဲကြဲဖန်ဖန်သီပြီး နီနီ လည်မှာဆွဲလို့ ပျိုသရဲတို့ လာပြီလေလို့ အရူးမလုပ်တမ်း ကစားခဲ့ကြ တွေ၊ ပါးစပ်က ပေါက်တတ်ကရ ပြောကြဆိုကြတဲ့ ကျောင်းသားဘဝကို လွမ်းတာပဲ၊ ဟိုမှာက ကံ့ကော်ပင်တွေ အုံ့မှိုင်းပြီး စိမ်းရင့်နေကြသလို ဒီမှာ တစ်တောလုံးကို မှိုင်းဝေနေတယ်လေ၊ ကံ့ကော်နံ့တွေ ဟိုမှာ သင်းသလို က တောစံပယ်နံ့တွေ လှိုင်သင်းနေတယ်၊ တပေါင်း တန်ခူးဆိုရင် အင်ကြင်း တွေမှာ တစ်ပင်လုံး တစ်တောလုံး ဝေနေအောင်ကိုပွင့်တာ၊ အခိုင်လိုက် လိုက်နဲ့ သိပ်ပြီးလှတာပဲ၊ မွှေးတာလည်း တစ်တောလုံးကို ကြိုင်နေတာ၊ နွေးဘေးက လက်ပံပင်ကြီး ဆိုရင်လည်း အရိုးတံကို မမြင်ရဘူး၊ တစ်ပင်လုံး ကွန်များခဲတွေ တင်ထားသလို နီရဲနေအောင်ကိုပွင့်တာ၊ ဆက်ရက်တွေက ဟိုအပင်ကူးလိုက် ဒီအပင်ကူးလိုက်နဲ့ ဆူညံနေတာ၊ အေးလေ ဟိုမှာက ဆွေ ပွင့်ချိန်ဆိုရင်လည်း သိပ်ပျော်ရတာပဲ"

နှင်းယုလှိုင်က အတိတ်ကို လွမ်းဆွတ်လာဟန်တူ၏။ ပစ္စုပ္ပန်အခြေ နှင့် အတိတ်ကို နှိုင်းယှဉ်ရင်း ဆွေးရိပ်တို့ ဝေဖိတ်လာ၏။ သူ့စိတ်သည် နှင်းသဘင်၊ အမိပတိလမ်း၊ ဂျပ်ဆင်မျှော်စင်၊ အင်းလျားရေပြင်နှင့် ကံ့ကော် တို့မှာ အတွေးပုံရိပ်၌ ထင်ဟပ်လာသည်။ နှင်းယုလှိုင်တို့ကျောင်းဆင်းတိုင်း ဆောင်နီနီရဲရဲကြီး၏ အလယ်ထပ်စင်္ကြံမှ ဝတ္ထုရားမပျက် ငေးကြည့်တတ်သော စာအမိကကျောင်းသား တင်မောင်ကျော်။

တင်မောင်ကျော်မှာ နှင်းယုလှိုင်လိုပင် ကျောင်းပြီး၍ ရန်ကုန်၌ အလုပ် နေပြီ။ ယခု နှင်းယုလှိုင်ရှိရာ သပြေသာသို့ အလုပ်မှ ခွင့်ယူ၍ ဆိုက်ဆိုက်မြိုက် ရောက်လာ၏။ သူ ရောက်လာပုံကလည်း သည်းထိတ်ရင်ဖိုကလေးနှင့် သား၊ ရဲကျော်၊ ပေါက်ကျိုင်းတို့နှင့် ပြဿနာ ဖြစ်လာကြ၏။

ပေါက်ကျိုင်း၏ ဦးကင်းမှ ဓားဒဏ်ရာကို အတော် ဆေးကုယူရသည်။ တော့ ပေါက်ကျိုင်းအဖို့ တင်မောင်ကျော်အပေါ် အတော်အတန် နားလည် ပြီလား မဆိုနိုင်။ သို့သော် ရဲကျော်က နားလည်ရန် ခက်ခဲသော တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ဆောင်ပင်။ မကြာခဏပင် တင်မောင်ကျော်ကို လိုက်လံချောင်းမြောင်းသည် အခါမျိုးပင် ကြုံရ၏။ မည်သို့ဆိုစေ တင်မောင်ကျော်အနေနှင့်လည်း သူ့ရင်ဘတ က ခြေသည်းရာတွေကို မြင်တိုင်းမြင်တိုင်း ရဲကျော်ကို အခဲမကျေ ဖြစ်ရသည် လည်း အမှန်ပင်တည်း။

နှင်းယုလှိုင်အဖို့ တင်မောင်ကျော်ကို ဘာသာချင်းတူသူ၊ စာတော်သူ ခင်မင်သည်။ အရင်းနှီးဆုံးသူငယ်ချင်းတစ်ဦး၏ အဆင့်ထက် မပိုအောင် ဆက် သည်။ သူလိုသော အကူအညီကို ကိုယ်ကပေးသလို ကိုယ်လိုသော အကူအညီ ကိုလည်း တင်မောင်ကျော်က ပေးသည်သာ။ နှင်းယုလှိုင် သပြေသာကို လွမ်း လျှင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လိုက်ပို့ခိုင်းတတ်သည်။ ဆင်လည်းစီး တိရစ္ဆာန်ရုံကို ပတ်ကြည့်ရသည်မှာ အရသာတစ်မျိုးဟု နှင်းယုလှိုင် ထင်တတ်၏ ထို့နောက် ဆင်တွေကို ပါသမျှပိုက်ဆံကုန်အောင် ကြံတွေ ဝယ်ကျွေးနေတတ် သည်။ မျောက်ရှာမှ မျောက်တွေကိုကြည့်ရင်း ဒေါင်းအိုးဝေ၏အကဒ္ဒ ကြည့် နေတတ်သည်သာ။

စင်စစ် နှင်းယုလှိုင်တို့မြို့က ရုံးချုပ်တွင် သူ့ဦးလေး သစ်တောမန်နေဂျာ ကြီး ရှိသည်မို့ နှင်းယုလှိုင်တို့အရပ်နှင့် မစိမ်းလှ၊ တောထဲသို့ မရောက်ဘူးသော် လည်း မြို့ပေါ်ကိုမူ တင်မောင်ကျော် ရောက်ဖူး၏။ သူ့ဦးလေး ပြောပြဖူးသော တောထဲက ကိုလူကွဲပြန် ပုံပြင်များနှင့် စိတ်ဝင်စားစရာ အကြောင်းအရာတို့ လည်း ကြားဖူးနားဝ ရှိထား၏။ ကိုလူကွဲပြန်၏ အင်္ဂလိပ်လက်ထက်က သစ်ထု လုပ်ရေးအကြောင်း၊ ကောင်းနိုးရာရာတွေကို မှတ်သားဖူးသည်။ ထို့ပြင် ဂျပန်တ စစ်ရှုံး၍ မြန်မာနိုင်ငံ အနှံ့အပြား ဂျပန်တပ်မှ တပ်ဆုတ်စဉ်က ပဲခူးရိုးမ တစ်နေရာရှိ ကိုလူကွဲပြန်သည် ဂျပန်တို့၏ တောတွင်းအခြေစိုက် စခန်းတစ် ဖြစ်ခဲ့ဖူးကြောင်း၊ ရွှေငွေရတနာတို့ပင် မြှုပ်နှံထားခဲ့ကြောင်းကို ဦးလေးဖြစ်သူ ပြောပြချက်အရ ရိုးအီနေအောင် တင်မောင်ကျော် ကြားဖူးနားဝ ပြည့်နေခဲ့သည် ထို့ကြောင့် သပြေသာက နှင်းယုလှိုင်ဆိုသော နာမည်ကြားရုံနှင့် တင်မောင်ကျော် စိတ်ဝင်စားသွား၏။ နှင်းယုလှိုင်နှင့် အရင်းနှီးဆုံးဖြစ်အောင် ကြိုးစားသည်။ သူ ကြိုးစားမှုမှာ အောင်မြင်သည်ဟု ဆိုရမည်။နှင်းယုလှိုင်၏ ချစ်သူအဖြစ် မရော ခဲ့သော်လည်း အရင်းနှီးဆုံး မိတ်ဆွေအဆင့်ထိ ရောက်ခဲ့သည်။ ရည်မှန်းချ ပြည့်စုံသည်နှင့် ဘဝချင်း ပေါင်းစပ်ဖို့ကို တင်မောင်ကျော်က အခွင့်သင့်တိုင် ကြိုးစားသည်သာ။

မည်သို့ဆိုစေ နှင်းယုလှိုင်က လိမ္မာသည်။ မတူညီသော ဘဝနှစ်ခု





ပေါင်းစပ်ခြင်းအတွက် စိတ်ချမ်းသာမှု မရနိုင်ဟူသောအချက်ကို ကိုင်တွယ်ထား သည်။ နန္ဒင်းတောင်ခြေက ရေတွေလို သဘောထား၏။ နန္ဒင်းတောင်ခြေက ရေတွေမှာ နန္ဒင်းရောင်ဝေါက်၍ ဝါထိန်နေ၏။ တောင်မြေတို့လည်း ဝါ၏။ ငါးတို့လည်း ဝါ၏။ ရေပြာသို့ရောက်လျှင် သေကုန်ကြ၏။ ရေဝါမှာ ရေပြာနှင့် ရော၍မရ။ အဝါသည် အဝါဖြစ်သလို အပြာ မဖြစ်နိုင်။ ထို့အတူ ရေနောက်သည် ရေကြည်နှင့် မရောတတ်။ ရေချိုနှင့်ရေငန်မှာ မည်သို့မျှ သဘာဝချင်း မတူညီနိုင် ချေ။ မှန်သည်။ နှင်းယုလှိုင်က ရေဝါ၊ တင်မောင်ကျော်က ရေပြာစမ်း။

နှင်းယုလှိုင်က ဆင်ပိုင်ရှင်တစ်ဦး၏ သမီးပျို။ ပျော်မွေ့ရာက သပြေ သာ။ ဇာတိကလည်း သပြေသာ။

တင်မောင်ကျော်က မြို့ကြီးသား။ ပျော်မွေ့ရာက မြို့ရန်ကုန်၊ ဇာတိ ခက်ကြွေ ခေတ္တရာ ရွှေပြည်သား၊ ပစ္စည်းဥစ္စာက ပြည့်စုံ၏။ ရာထူးဂုဏ်လည်း ရှိ၏။

စင်စစ် နှင်းယုလှိုင်အဖို့ သပြေသာမှ ဖေဖေနှင့်မေမေတို့ကိုလည်း မခွဲ နိုင်တော့။ တောကျိုးကန်းကြီး မြို့ရောက်သလို ဖြစ်မှာပူ၏။ 'နှင်းယုလှိုင်ကို ချစ်တဲ့သူဟာ သပြေသာမှာ အခြေချနိုင်တဲ့လူနဲ့မှဖြစ်မှာ ကိုတင်မောင်ကျော်၊ အဲဒီတော့ ကျောင်းပြီးလို့ နှင်းယုလှိုင်ပြန်ရင် ကိုတင်မောင်ကျော် သပြေသာကို လာပြီး လေ့လာပါဦး။ အဲဒီကျမှပဲ ကိုတင်မောင်ကျော် လိုချင်တဲ့အဖြေကို နှင်းယု လှိုင် ပေးမယ်လေ၊ အခုတော့ အေးအေးဆေးဆေးပဲ နေကြရအောင် ကိုတင် မောင်ကျော်ရယ်' ဟု နှင်းယုလှိုင်က ပြောခဲ့သည်။ အရင်းနှီးဆုံး မိတ်ဆွေဘဝမှ ချစ်သူတို့ဘဝသို့ရောက်အောင် ကြိုးစားသော တင်မောင်ကျော်၏ ကြိုးပမ်းမှုကို လိမ္မာသော နှင်းယုလှိုင်က ထိန်းသိမ်းထားနိုင်ခဲ့သည်။ ယခု တင်မောင်ကျော် သပြေသာသို့ အသေချာပင် ရောက်လာခဲ့ပြီ။

မှန်သည်။ နှင်းယုလှိုင်၏ နှလုံးသားထဲတွင် တင်မောင်ကျော် စိုးမိုးနေခဲ့ သည်မှာ ကြာခဲ့ပြီ။ တက္ကသိုလ်ဝန်းကျင်ကလည်း တင်မောင်ကျော်နှင့် နှင်းယုလှိုင် တို့အတွဲကို ချစ်သူများအဖြစ် သတ်မှတ်ထားပြီးသား။ နှင်းယုလှိုင်၏ တစ်ဆောင် တည်းနေ သူငယ်ချင်းများဖြစ်သော ဝါဝါရှိန်၊ မြင့်ကေသီနှင့် ပန်းဝေတို့ကပါ ကြော်ငြာခ မယူဘဲ အခြောက်တိုက် မောင်းထုထားကြ၏။ နှင်းယုလှိုင်တို့ သူငယ် ချင်းသုံးယောက် တွဲလာသည်နှင့် တင်မောင်ကျော်တို့ ဆုံစည်းသည့်အခါ 'ရုပ်ကြီး သူရဲ့ အမျိုးလာတယ်ဟေ့' ဟု ဝါဝါ နောက်၏။

"ဘယ်ဟာလာ ရုပ်ကြီးသူရဲ့ အမျိုးရမလဲ၊ ရုပ်ကြီးသူရဲ့ လပ်ဖရင့်(Love



www.burmeseclassic.com

www.burmeseclassic.com



Friend) လေ"

"အေး အေး ဟုတ်တယ်၊ ဒါဆို တို့ရှောင်ပေးမှဖြစ်မယ်"

"ကိုတင်မောင်ကျော် စီးတီးဒ်ပေါက်နေဒ်"

တစ်ယောက်တစ်မျိုးပြော၍ သိသိသာသာပင် ရှောင်ပေးကြ၏။ အနေအထိုင် စည်းကမ်းကြီးပြီး ယောကျ်ားလေးမိတ်ဆွေနည်းသော နှင်းယုလှိုင်ကို ရပ်ကြီးသူ့ဟု နောက်ပြောင်ပြီး ဝါဝါတို့က ခေါ်ကြသည်။

သို့သော် တင်မောင်ကျော်အဖို့ နှင်းယုလှိုင်၏ ပကတိအခြေအနေကို တတ်သိနားလည်ဖို့ လိုသေးသည်။ ထို့ကြောင့် သူ့ဘဝနှင့် သူ့ဝန်းကျင်ကို လေ့လာသိရှိပြီးမှ တင်မောင်ကျော် လိုချင်သော အဖြေကိုပေးရန် နှင်းယုလှိုင် ဆုံးဖြတ်ရခြင်းပင်တည်း။

"နတ်ရေကန်က လှတယ်နော်၊ ရေကန်ပေါ်ကို ရေတံခွန်စီးကျနေပုံကိုက ကျက်သရေရှိတယ်"

"ဟုတ်တယ်လေ၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"အင်းလျားကန်လိုတော့ ရေက အမြဲတမ်း တည်ငြိမ်မနေဘူး။ ရေဟောင်းနဲ့ ရေသစ် အမြဲတမ်း လဲလှယ်ပြီး စီးဆင်းနေတာ၊ ဟုတ်တယ်၊ နတ်ရေကန်မှာ ရေဟောင်းနဲ့ ရေသစ် ပေါင်းစပ်ပြီး အမြဲတမ်း စီးဆင်းနေတယ်လေ"

"ဩော် ဒီနေရာမှာ ရေဟောင်းဆိုတာ မရှိပေမယ့် ငယ်ပေါင်းဆိုတာ ရှိချင်ရှိနေမှာနော်"

တင်မောင်ကျော် အကွက်ဝင်ပြီ။ သူ့ရင်ထဲက ခံစားနေရသော ခံစားချက်ကို ဖွင့်ဟလာသည်။ လွမ်းရိပ်တို့ ဖြတ်သန်းနေသော မျက်နှာမှာ ကြည်လင်သောရေပြင်၌ အထင်းသား ပေါ်လွင်လာ၏။

"ရှိတာပေါ့၊ ရေဟောင်းဆိုတာ ကြာရင် ဒိုက်သရောတွေနဲ့ဖုံးပြီး ပုပ်သိုးသွားတတ်ပေမယ့် ငယ်ပေါင်းဆိုတာ အချိန်ကြာလေ သန့်ရှင်းလေပဲ မဟုတ်လား။ ချစ်ခင်မှုရဲ့ သံယောဇဉ်တွေဟာ ဟိုး ရေတံခွန်က မဉ်ဆက်မပြတ် စီးဆင်းလာတဲ့ ရေအမျှင်တန်းတွေလို တင်စားရင် မလွန်ဘူးလို့ ထင်တာပဲ"

တင်မောင်ကျော်၏မျက်နှာ ဝင်းလက်သွား၏။ သူလိုချင်သောအဖြေကို သွယ်ဝိုက်စွာဖြင့် ပြောသည်ဟုထင်၏။ စကားတတ်သော နှင်းယုလှိုင်ကို ပြန်ပြီး မပြောတတ်။ မျက်လုံးရွှဲကြီးနှင့် နှင်းယုလှိုင်ကို စူးစိုက်ကြည့်နေမိ၏။

ရေတံခွန်မှ တဝေါဝေါ ရေဆင်းသံနှင့်အတူ ငှက်ပေါင်းစုံတို့၏ အသံတို့





ကိုလည်း ကြားလာရ၏။ တစ်ခါတစ်ရံ တောနက်ဆီမှ မျောက်အီသံတို့ကိုလည်း ကြားရတတ်သည်။ လေမှာ ညင်းညင်းသွဲ့သွဲ့ တိုက်နေရာမှ အနည်းငယ် ပြင်းထန်လာသည်။ သစ်ပင်ကြီးငယ်တို့ဆီမှ တဝေါဝေါနှင့် လေတိုးသံတို့ကိုလည်း ကြားရပြန်လေသည်။

တင်မောင်ကျော့်စိတ်မှာ မတည်ငြိမ်တော့။ မိုးပြာရောင် အဝတ်အစားကို သပ်ရပ်စွာ ဝတ်ထားသော နှင်းယုလှိုင်သည် ဝေ့လည်ကြောင်ပတ်စကားကို ဆိုသည်ဟု တင်မောင်ကျော် ထင်၏။ တိကျသောစကား မဟုတ်၍ ရင်ထဲ၌ စိတ်ခနဲ ဖြစ်သွား၏။ စိမ်းသစ်သောတောလို အရာရာ၌ စိမ်းကုန်မှာ ပူရ၏။

နှင်းယုလှိုင်၌ ငယ်ပေါင်းရှိ၍ သည်စကားကို ပြောသည်ဟုထင်သည်။ ငယ်ပေါင်းမှာ မိမိမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ဟု ယခင်က ကိုယ့်အလိုသို့သာ ဆွဲတွေး၏။ ယခုတော့ သူ့ထက်ရင်းနှီးခဲ့ဖူးသော ငယ်စဉ်တောင်ကျေး ကလေးဘဝက ငယ်ကျွမ်းဆွေသည် နှင်းယုလှိုင်၌ မုချရှိမည်သာ။ ထို ငယ်ကျွမ်းဆွေမှာ မဖြစ်နိုင်ပါမည်လား။ သည်တော့ နှင်းယုလှိုင်၏ ငယ်ပေါင်းဆိုသည်မှာ မည်သူကို ရည်ရွယ်၍ပြောသည်ကို တင်မောင်ကျော်မသိ။ သူ့နှလုံးသည်းပွတ်ကို ပိုင်ဆိုင်၍ သူ့ဘဝကို အစဉ်စိုးမိုးသော ငယ်ချစ်ဟုပင် ဆိုလေသလားဟု တွေးမိပြီး ငိုင်တွေသွား၏။ "ငါလာတာ မှားပြီနဲ့တူတယ်" ဟုလည်း လွမ်းလွမ်းဆွေးဆွေး ဘမ်းတမိ၏။ မီးတန်းတစ်ခုမှာ နှလုံးသားဆီသို့ အရှိန်ပြင်းစွာ ဖြတ်သန်းသွားပြီ။

"နှင်းယု"

"ရှင်"

"ခုနက နှင်းယုပြောတဲ့ ငယ်ပေါင်းဆိုတာ ဘယ်သူ့ကို ရည်ရွယ်ပြီးပြောတာလဲ ဟင်"

"ဩော် . . . ကိုတင်မောင်ကျော်က အတွေးခေါင်သွားတယ်နဲ့တူတယ်။ နှင်းယုပြောတဲ့ ငယ်ပေါင်းဆိုတာက တခြား မဟုတ်ပါဘူး၊ ပေါက်ကျိုင်းလေ၊ ပေါက်ကျိုင်းက နှင်းယုနဲ့ ငယ်ငယ်ကလေးတည်းက အတူနေပြီး အတူကြီးခဲ့တဲ့ ခေါင်ကြီးပေါ့၊ သူက နှင်းယုရဲ့ မောင်လေးလေ၊ ဟာဟ နှင်းယုကို သူက သိပ်ချစ်တာ"

နှင်းယုလှိုင်က ရယ်ကျဲကျဲနှင့်ဆိုသည်။ ရွှင်လန်းသော မျက်လုံးအစုံမှာ အရောင်လွင်နေ၏။

"နှင်း . . . နှင်းယု မင်း မင်း ကိုယ့်ကို လှောင်နေတာလားဟင်၊ ကိုယ် ဒီကို ဘာကြောင့်လာတယ်ဆိုတာ နှင်းယု သိပါတယ်။ အဲဒီတော့ ကိုယ်ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နောက်ကို တစ်ခါတည်းလိုက်ခဲ့ပါ အချစ်ရယ်၊ ကိုယ့်ကို အရူးဖြစ်အောင် မလုပ်ပါနဲ့၊ ကိုယ့်ကို ဒီလောက် ညှဉ်းဆဲရရင် တော်ရောပေါ့"

တင်မောင်ကျော်က ပွင့်ထွက်လာပြီ။ သည်စကားတွေမှာ သည်မှာတင် ပြောခြင်းမဟုတ်။ တက္ကသိုလ်မှာကတည်းက တင်မောင်ကျော် ပြောခဲ့သည်။ ရိုးရိုးယဉ်ယဉ်ကလေးနှင့်လှသော နှင်းယုလှိုင်ကို တင်မောင်ကျော် အသည်းစွဲခဲ့သည်။ ကျောင်းပြီးလျှင် သူ့ကို လက်ထပ်ဖို့ အမြဲတမ်း နားပူနားဆာလုပ်ခဲ့သည်။ တစ်ခါကလည်း ကလပ်(စ်)ကအပြန် မြို့ထဲသို့သွားမည်ဟု အကြောင်းပြ၍ ဂျစ်ကားပေါ်သို့ အတင်း တက်ခိုင်းပြီး ခိုးပြေးရန်ပင် ကြံစည်ခဲ့ဖူးသည်။ သို့သော် နှင်းယုလှိုင်က အကင်းပါး၍ တင်မောင်ကျော် အကြံမှာ မအောင်မြင်ခဲ့။ ယခုလည်း သပြေသာအထိ လိုက်လာပြီး သူ့နောက်သို့လိုက်ရန် ခေါ်ပြန်ပြီ။ သူ့၌ အလုပ်အကိုင်လည်း ပူစရာမလို၊ အရာရှိငယ်တစ်ဦးအတွက် ဌာနကပေးထားသော တိုက်ခန်းတွင် အိမ်ရှင်မတစ်ဦးအတွက် နေရာလစ်လပ်နေသည်။

"ကဲ နှင်းယုပြောမယ်၊ ကိုတင်မောင်ကျော် သေသေချာချာ နားထောင်ပါ။ နှင်းယုဟာ သပြေသာကို သိပ်တွယ်တာတယ်၊ နှင်းယု အရည်အသွေးနဲ့ မြို့မှာ အလုပ်လုပ်ပြီး နေမယ်ဆိုရင် နေနိုင်ပါတယ်။ ဒါပေမယ့် မေမေတို့၊ ဖေဖေတို့ရှိတဲ့ သပြေသာကို ပြန်လာခဲ့တယ်။ သပြေသာဟာ နှင်းယုရဲ့အသက်ပဲ၊ ပြီးတော့လေ နှင်းယု ငယ်ငယ်တုန်းကလည်း လက်ပံတန်းက ဒေါ်ဒေါ်တို့အိမ်မှာနေပြီး ကျောင်းတက်ရတယ်၊ ကျောင်းပိတ်မှ သပြေသာကို ပြန်ပြန်လာရတယ်။ အဲဒီတော့မှ မေမေနဲ့ ဖေဖေတို့နဲ့အတူနေရတာ သိပ်ပျော်ဖို့ကောင်းတယ်၊ တစ်နှစ်လုံးပါမှ သားအမိ၊ သားဖတစ်တွေ အတူနေရတဲ့အချိန်ဟာ နှစ်လလောက်ပဲရှိတယ်၊ ကျောင်းပြန်ဖွင့်တော့မယ်ဆိုရင် နှင်းယု မြို့ကိုပြန်ရပြန်ရော၊ မေမေတို့၊ ဖေဖေတို့နဲ့ တစ်နှစ်လောက်ခွဲရဦးမယ်ဆိုပြီး ငိုရပြန်တယ်လေ၊ အဲဒီတော့ ဖေဖေက ဘာပြောသလဲဆိုတော့ 'သမီးတဲ့ သမီးကို ဖေဖေတို့လည်း ခွဲမထားချင်ဘူး၊ ဒါပေမယ့် သမီးကို ပညာတတ်ကြီးတစ်ဦး ဖြစ်စေချင်လွန်းလို့တဲ့၊ သမီးပြန်သွားရင် ဖေဖေတို့ရဲ့ရင်ထဲမှာ အသည်းတစ်ခြမ်းပဲ့ကျသလို ခံစားရတယ်၊ အေးလေ၊ သမီးကျောင်းကိစ္စတွေပြီးလို့ ပညာတတ်ကြီးဖြစ်လာတဲ့အခါ ဖေဖေတို့နဲ့မခွဲဘဲ သေတပန်သက်ဆုံး အတူနေသွားမယ်ဆိုရင် အခုလို ခဏခဏ ရင်နာရတဲ့ အကျိုးလေးတော့ နပ်မှာပါ သမီးရယ်'လို့ ဖေဖေက ပြောတယ်၊ ဒီစကားကို နှင်းယုနားထဲက ဘယ်တော့မှ ထွက်မှာ မဟုတ်ဘူး"

"နေစမ်းပါဦး၊ သပြေသာမှာ ဘာတွေပေါ်လို့ နှင်းယုတို့က မခွဲနိုင် မခွာ





...င် ဖြစ်နေရတာလဲ"

ခပ်ဆတ်ဆတ်ပင် မေးမိသည်။ ဒေသစွဲ မြင်းထန်လွန်းသည်ဟု ထင်၏။ ...င်မောင်ကျော်စိတ်၌ သည်စကားကို ဘဝင်မကျ။ လွန်ကဲနေသော အယူအဆ ...ည် အမှန်တရား မဖြစ်နိုင်ဟု တွေး၏။

"သပြေသာမှာ ဈေးမရှိဘူး၊ ကားလမ်း ရထားလမ်း မရှိဘူး။ မြို့ကို ...စ်ခါတစ်ခါ သွားဖို့ မလွယ်ဘူး၊ အစားအသောက်ရှားတယ်၊ ဆီမပေါ်ဘူး၊ ...င်းကို ကြော်စားချက်စားခြင်းထက် ဖုတ်ကင် ပြုတ်စားတာကိုက တစ်မျိုး ...ရသာရှိတယ်၊ အသီးအရွက်တွေကို လတ်လတ်ဆတ်ဆတ် စားရလို့ ပိုပြီး ...ကောင်းတွေ့တယ်၊ ဆီဆိုတာ ဆမ်းစားရုံလောက်ပဲသုံးတယ်၊ ပေါ်တာကတော့ ...မေတ္တာတွေပဲ၊ လူသားတွေရဲ့ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ကြင်နာစိတ်၊ တိရစ္ဆာန်တွေ ...စ်တဲ့ ဆင်တွေက လူ့စကားကို နားလည်တယ်၊ ဆင်တွေက လူတွေအပေါ်မှာ ...ပြန်ထားတဲ့ ကြင်နာစိတ် မေတ္တာစိတ်၊ အဲဒါတွေပဲ ပေါ်တယ်၊ ဒီဟာတွေနဲ့ ...င်းကွာပြီးနေတဲ့ နေရာမျိုးကို နှင်းယု မလိုက်ချင်ဘူး၊ နှင်းယုကိုချစ်ရင် နှင်းယု ...တ်ဝန်းကျင်နဲ့ နှင်းယုတို့ပျော်တဲ့ သပြေသာမှာပဲ ကိုတင်မောင်ကျော် နေနိုင်မယ် ...ိုရင် ကိုတင်မောင်ကျော်အတွက် နှင်းယုရဲ့မေတ္တာတံခါးဟာ ခေါက်စရာမလိုဘဲ အသင့်ဖွင့်ထားပြီးသားပါ ကိုတင်မောင်ကျော်"

နှင်းယုလှိုင်က စကားရှည်ကြီး ပြောလိုက်ရ၍ မောပန်းသွားဟန်တူ၏။ နှင်းယုအဖို့ သည်စကားတွေကို ဟိုးယခင်ကတည်းကလည်း ပြောဖူးသည်။ ယခုသည်း ပြောရပြန်ပြီ။ နေရာတကာ အကောင်းဆုံးကိုသာ ကြိုက်နှစ်သက်သူအတွက် သပြေသာ၌ နေရာမရှိ ဆိုသည်ကို တင်မောင်ကျော် သဘောပေါက်အောင် အတော်ရှင်းရ၏။

"ထားပါလေ၊ နှင်းယုရဲ့စကားက သိပ်ပြီး တစ်ဖက်သတ်မဆန်ဘူးလား ...င်၊ ကိုယ်သိပ်ပြီး စိတ်မောရတာပဲကွယ်"

သည်စကားသာ တင်မောင်ကျော် ဆိုနိုင်၏။ နှုတ်ဆွံ့သွား၏။ အာလေးသွား၏။ ရင်ထဲ၌နင့်ပြီး စကားတစ်လုံးနှင့်တစ်လုံး ချိတ်ဆက်မိအောင်ပြောဖို့ အတော် ကြိုးစားရ၏။ ပြီးမှ "ကိုယ့်အလုပ်က ရန်ကုန်မှာ၊ ဒီနေရာမှာ ကိုယ်ဘာ ...လုပ်စားမလဲ၊ ကိုယ်သင်ထားတဲ့ ပညာတွေကို ဘယ်နေရာမှာ သွားအသုံးချမလဲ"

"ပညာကို အသုံးချတတ်တဲ့ လူတစ်ယောက်အဖို့ ရောက်တဲ့နေရာဟာ နေရာကောင်းပဲ"

"ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထင်တာ မဟုတ်ဘူး၊ တကယ်ပြောတာ"

"ဆိုပါဦး"

"ဒီမှာရှိတဲ့ ဆင်လုပ်သားကြီးတွေ ဆိုရင်လည်း သူ့လိုင်းနဲ့သူကတော့ ကျွမ်းကျင်သူ အတတ်ပညာရှင်တွေပါပဲလေ၊ သူတို့ အလုပ်များများ လုပ်နိုင်လေလေ နိုင်ငံခြားငွေတွေ များများရလေလေပဲ၊ နိုင်ငံခြားငွေတွေ များများရလေလေ-တိုင်းပြည်အတွက် အကျိုးရှိလေလေပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကိုယ်တို့လုပ်နေတဲ့ စက်ရုံကြီးတွေလည်း တိုင်းပြည်အတွက် ကုန်တွေထုတ်နေတာပါပဲ"

"ဟော ပြောရင်းဆိုရင်း ဟိုမှာ ဆင်ဆရာဝန် ဆရာဦးကျော်မြင့်လာပြီ"

မှန်သည်၊ ဆရာဦးကျော်မြင့်သည် ဆေးအိတ်ကို လက်တစ်ဖက်ကဆွဲ၍ လုံချည်ကို တိုတိုဝတ်ပြီး အဖော်မပါ တစ်ကိုယ်တည်း လျှောက်လှမ်းလာ၏။ လက်တစ်ဆစ်လောက်သာရှိသော ဆေးပြင်းလိပ်တိုကို အားပါးတရ ဖွာရှိုက်ရင်း နှင်းယုလှိုင်တို့ကို ပြုံးကြည့်သည်။

"မောနင်း ဆရာမရေ"

"ဟုတ်ကဲ့ မောနင်း ဆရာ၊ ဒါနဲ့ ဆရာ ဘယ်လဲ"

"ဟိုဆင်နာရုံဘက် ခဏသွားမလို့၊ မနေ့က ပြောင့်စူးလို့ ခြေထောက်မထောက်နိုင်တဲ့ မိုးညိုကို သွားကြည့်ရမယ်၊ ဒီကောင်ကြီး အနာရင်းပြီး အဖျားဝင်မှာစိုးလို့"

"ဒါနဲ့ လူနာပင့်တဲ့လူလည်း မတွေ့ပါလား"

"အေးလေ၊ တို့ဆီမှာက လူနာတို့၊ ဆင်နာတို့ကို ဆရာဝန်က လိုက်ရှာပြီး ဆေးကုပေးနေရတာကွ၊ လက်ကိုမလည်ဘူး၊ ဟိုတစ်ပတ်ကလည်း ရွှေစင် မမွေးလို့ တို့တစ်ညလုံး မအိပ်ရဘူးလေ၊ အခုလည်း နို့သိပ်မထွက်လို့ ဆေးထိုးပေးနေရတယ်၊ ကဲ သွားမယ်နော်၊ ဒီက ဆရာလေးကော မပြန်သေးဘူးလား၊ ပြန်ရင်ပြောဗျာ၊ ရန်ကုန်ကို စာပေးလိုက်ချင်လို့"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့"

တိရစ္ဆာန်ဆရာဝန် ဦးကျော်မြင့်သည် သွက်သွက်လက်လက်ပင် သူတို့နှစ်ဦးကို ကျော်တက်ပြီး ဆင်နာရုံဘက်သို့ ထွက်ခွာသွားလေသည်။ သူတို့ဝန်းကျင်၌ ဆရာဦးကျော်မြင့် ပါးစပ်မှ ထုတ်လွှင့်လိုက်သော ဆေးပြင်းလိပ် မီးခိုးနံ့တို့က ထုံမွှန်ကျန်ခဲ့၏။ ဆေးပြင်းလိပ် မီးခိုးငွေ့အချို့မှာ တင်မောင်ကျော်၏ မျက်လုံးထဲသို့ အမှတ်မထင် ဝင်သွားသဖြင့် မျက်လုံးများပင် ကျိန်းစပ်သွားသည်။





"ကိုယ်. . ကိုယ် သန်ဘက်ခါကို ပြန်မယ်"

တင်မောင်ကျော်က သူ၏မျက်လုံးအစုံကို လက်ခုံနှင့်ပွတ်ရင်း ဆိုသည်။ ပြီးနောက် နှင်းယုလှိုင်၏ လှုပ်ရှားမှုကို အကဲခတ်သည်။

နှင်းယုလှိုင်က တင်မောင်ကျော်ကို ရူးရူးရဲရဲ တစ်ချက်လှမ်းကြည့်သည်။ သက်ပြင်းရှည် တစ်ချက်ချ၏။ လေပူတစ်ချက်ကို ပါးစပ်မှ ဝူးခနဲ မှုတ်ထုတ်၏။

"သဘောလေ"

သည်စကားကို အတော်ကြိုးစားပြီး နှင်းယုလှိုင် ပြောလိုက်ရ၏။

"မင်း . . မင်း သိပ်ရက်စက်တယ်၊ ကိုယ့်ကို မသွားပါနဲ့ဦးလို့တောင် မပြောနိုင်ဘူး၊ မင်း မင်းလေ၊ တောက်"

တင်မောင်ကျော်က သူ့စိတ်ကို သူ မထိန်းနိုင်တော့။ နှင်းယုလှိုင်၏ပခုံးသတ်ကို ဆတ်ခနဲ ဆွဲကိုင်ပြီး အားမလို အားမရ လှုပ်ကိုင်ပစ်သည်။ တင်မောင်ကျော် တကယ်ပင် မျက်ရည်ဝဲလာပြီ။

အရာအားလုံးသည် သူမျှော်လင့်ထားသလို တစ်ခုမျှမဖြစ်။ မမျှော်လင့်သော အကြောင်းအရာတွေသာ ဖြစ်ပျက်နေ၏။ သူ၏ ထင်မြင်ယူဆမှုသည် အပြင်၌ အရုပ်ရေးသလို ဖြစ်ကုန်ပြီ။ ပူလောင်မှုသည် ဆုံးစမမြင်သော ကြေကွဲမှုတို့ ဖြစ်စေသည်။ နုနယ်သော နှလုံးသားပေါ်သို့ ငရဲမီးကြီးတစ်ခု ဖြတ်ဆင်းသွားပြီ။ နှင်းယုလှိုင်က တင်မောင်ကျော်ကို မော့ကြည့်သည်။ ပြီးမှ တင်မောင်ကျော်၏ လက်နှစ်ဖက်ကို အသာအယာပင် ဖယ်ရှားပစ်လိုက်သည်။

"အချစ်အတွက်နဲ့ ရိုးသားမှုကို ခုတုံးမလုပ်ချင်ဘူး၊ ဟန်ဆောင်အချစ်နဲ့ အကျော့်ကို မချစ်ရက်ဘူးကွယ်၊ အကျော် တို့ပြန်ကြရအောင်နော်"

ရေတံခွန်ဆီမှ ခပ်ကြမ်းကြမ်းလေး တိုက်ခတ်လိုက်သောလေသည် မိုးသက်မိုးငွေ့တို့ဖြင့် ရောထွေးပြီး ပျံ့လွင့်လာသည်။ သင်းပျံ့သော တောစပ်ပယ်နံ့တို့ လွှမ်းခြုံလာ၏။ မကြာခင် တောင်ကြောဆီမှ တဝေါဝေါနှင့် ရေစီးသံကို ကြားရ၏။ တောင်ပေါ်၌ မိုးရွာနေပြီ။

"ဟော့. . ရဲကျော် ရဲကျော်၊ မလုပ်နဲ့၊ မလုပ်နဲ့"

ရုတ်တရက် နှင်းယုလှိုင်၏ ထိတ်လန့်တကြား အော်ဟစ်သံကို ကြားရ၏။ အသံမှာ ဝန်းကျင်အားလုံးကို လွှမ်းဖုံး၍ စူးစူးရှရှ ထွက်ပေါ်လာသည်။

မှန်သည်၊ ရဲကျော် လာပြန်ပြီ။ မည်သည့်အချိန်ကတည်းက ချောင်းချောင်းနေသည်မသိ။ ရဲကျော်မှာ ဂဝံကျောက်တုံးကြီးတစ်လုံးကို လက်နှစ်ဖက်နှင့်ကိုင်ပြီး မြှောက်ထား၏။ တောင်ကုန်းကြောလေးပေါ်မှနေ၍ တင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကိုထုရန် အားပါးတရ ချိန်ရွယ်နေခြင်းပင်။ ဤသည်ကို ရိပ်ခနဲမြင်၍ နှင်းယုလှိုင်က လှမ်းအော်လိုက်ခြင်းပင်။ ထို့ကြောင့် ရဲကျော်မှာ ခဲလုံးကြီးကို ကိုင်မြှောက်ပြီး ငိုင်သွား၏။ နှုတ်မှ တခွီးခွီး အော်ဟစ်ပြန်သည်။ သူ့အသံက စူးရှကျယ်လောင်လှသည်။ လူနှိုက်ကို သောက်သုံး၍ ကြီးပြင်းလာရသော မျောက်ဝံ ရဲကျော်အဖို့ ထွားကျိုင်းသန်မာ၍ သွက်လက်လွန်းလှ၏။

သည်တော့မှ တင်မောင်ကျော်မှာ အသံလာရာသို့ မော့ကြည့်မိသည်။ ကြည့်စမ်း။ မိမိ ဦးခေါင်းအထက်ရှိ တောင်ကြောပေါ်၌ ရဲကျော်ကို အခန့်သား မြင်ရ၏။ ရဲကျော်က သူ့လက်ထဲက ခဲလုံးနှင့်သာ ဦးစွာ ပေါက်ချလိုက်လျှင် တင်မောင်ကျော်အဖို့ နေရာ၌ ပွဲချင်းပြီးသွားနိုင်သည်။ သို့သော် ရဲကျော်က သူ့တိုက်ကွက် ဦးနေသော်လည်း လက်ဦးမှုမယူသေး။ နှင်းယုလှိုင်ကို မတော်တဆ သွားရောက်ထိမှန်မည်ကို စိုးရိမ်ပုံရ၍ သည်မျှ အချိန်ဆွဲထားခြင်း ဖြစ်ကောင်း ဖြစ်နိုင်၏။ တင်မောင်ကျော်က ရဲကျော်ကို စူးစူးရဲရဲ စိုက်ကြည့်သည်။ မထူးတော့ အခြေအနေက မျှော်မှန်းထားသည်ထက် တင်းမာနေသည်မို့ သည်းမခံနိုင်တော့ အရာရာသည် မိမိဘက်မှ အရှုံးနှင့်သာ ရင်ဆိုင်နေရ၏။ သည်တော့ လူငယ်ပီပီ သေမထူး နေမထူး ဖြစ်လာပြီ။ 'မင်းလည်း ရဲကျော်၊ ငါလည်း တင်မောင်ကျော် ငါ့အကြောင်း အခု သိစေရမယ်ကွ'ဟု ကြုံးဝါး၏။ ထောင်းခနဲ ထွက်လာသော ဒေါသစိတ်မှာ ငယ်ထိပ်သို့ တက်လာပြီ။

"ဟေ့ကောင် ရဲကျော်၊ မင်းလက်ထဲက ခဲလုံးက ဘာလုပ်ဖို့လဲ၊ ငါ့ကို ထုသတ်မလို့ မဟုတ်လား၊ ပစ်ပါ၊ ပစ်လိုက်လေ၊ ငါသေမှ အေးမှာ၊ သေအောင်သာ သတ်လိုက်ပါကွာ"

တင်မောင်ကျော်က ပြောပြောဆိုဆိုနှင့် တောင်ကုန်းပေါ် ပြေးတက်သည်။ တင်မောင်ကျော်၏ ဒေါသစိတ်မှာ အထွတ်အထိပ်သို့ ရောက်နေ၏။ ပြင်းထန်သော ဒေါသစိတ်မှာ အသိဉာဏ်ကို လွှမ်းဖုံးပစ်သည်။ သို့သော် ကမ္ဘာ ကရှုံးထိုး ဖြစ်လာသော အရိုင်းစိတ်ကို သတိတရားနှင့် အချိန်မီ ထိန်းလိုက်ရ၏။ ကြီးမားသော အန္တရာယ်ကို ရင်ဆိုင်ရန် မျက်လုံးကို အစွမ်းကုန် ဖွင့်ထားလိုက်ရသည်။

"ကိုတင်မောင်ကျော် မတက်နဲ့၊ မတက်နဲ့၊ သတိထား၊ သတိထား"

နှင်းယုလှိုင်က လှမ်းအော်သည်။ သတိပေးသည်။ တင်မောင်ကျော်က ကြား၏။ လှည့်မကြည့်၊ ရဲကျော်ကို ရင်ဆိုင်ရန် တောင်ကုန်းပေါ်သို့သာ အတင်း ပြေးတက်နေလေသည်။





"ဝေါ ဝေါ၊ ဝုန်း ဝုန်း"

ရုတ်တရက် တောင်ကုန်းပေါ်မှ ဂဝံကျောက်တုံးကြီးတွေ တဝေါဝေါနှင့် ထိမ့်ဆင်းလာကြ၏။ ထို့ကြောင့် တင်မောင်ကျော်က ခဲလုံးများလွတ်အောင် ကိုယ်ကိုကျုံ့၍ ရှောင်သည်။ တစ်ဆက်တည်းမှာပင် ချိုင့်ဝှမ်းတစ်နေရာသို့ လှိမ့်ချလိုက်သည်။ တောင်ကြောပေါ်မှ အရှိန်ပြင်းစွာဖြင့် ထိုးကျလာသော ခဲလုံးတို့မှာ တင်မောင်ကျော်ကိုကျော်ပြီး နတ်ရေကန်တစ်နေရာရှိ ချောက်ထဲသို့ တဝေါဝေါနှင့် အရှိန်ပြင်းစွာ ထိုးကျသွားလေတော့သည်။

ခဲလုံးကျလာသံတို့ ပြီးဆုံးသည်နှင့် တင်မောင်ကျော်က ပုန်းကွယ်နေရာမှ ထွက်သည်။ တောင်ထိပ်ပေါ်သို့ တစ်ရှိန်ထိုးပြီး ပြေးတက်၏။ တောင်ထိပ်ပေါ်သို့ တင်မောင်ကျော် ရောက်သွားသောအခါ မောဟိုက်သွား၏။ တောင်ထိပ်ပေါ်၌ မည်သည့်သတ္တဝါ တစ်စုံတစ်ဦးကိုမျှ တင်မောင်ကျော် မမြင်မတွေ့ရ။ ရဲကျော်မှာ လျှင်လိုက်မြန်လိုက်သည်မှာ ပြောဖွယ်ရာမရှိ၊ ဘယ်သို့ရောက်သွားသည်မသိ၊ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေတော့သည်။ မျောက်ဝံတစ်ကောင်၏ လျှင်မြန်မှုကို ရဲကျော်က အစွမ်းကုန် အသုံးချသွားလေပြီ။

အတန်ကြာမှ တင်မောင်ကျော် တောင်ကုန်းပေါ်က ပြန်ဆင်းလာသည်။ နှင်းယုလှိုင်မှာ တင်မောင်ကျော်ကို စူးစိုက်ကြည့်နေ၏။ တော်သေး၏။ နှင်းယုလှိုင်ကိုလည်း ခဲလုံးတွေက မမှန်သဖြင့် မည်သို့မျှမဖြစ်၊ သို့မဟုတ်ပါက အနည်းဆုံး ထိပ်ပေါက်ခေါင်းကွဲ ဖြစ်နိုင်၏။ အများဆုံး ကျိုးကန်းသွားနိုင်သည်။ ဝင်စစ် ခဲလုံးတို့မှာ နှင်းယုလှိုင်ရှိရာသို့မလာ၊ တင်မောင်ကျော်ရှိရာသို့သာ လာခြင်း ဖြစ်သည်။

"ဘာဖြစ်သွားသေးလဲ ဟင်"

နှင်းယုလှိုင်ကမေးသည်။ တင်မောင်ကျော်က ပါးစပ်နှင့်မဖြေ။ သူ့ဦးခေါင်းကိုသာ ယမ်းပြလိုက်သည်။ တင်မောင်ကျော်မှာ ပင်ပန်းမှုဒဏ်ကြောင့် လည်းကောင်း၊ စိတ်လှုပ်ရှားလွန်းသောကြောင့် လည်းကောင်း အလွန် မောပန်းနေ၏။ မည်သည့်စကားကိုမျှလည်း ပြောချင်စိတ်မရှိ၊ ရင်တစ်ခုလုံးဟာ၍ နှလုံးသားအစုံမှာ လေဟာနယ်ထဲ မျောပါသွားသလို ခံစားနေရ၏။

"တို့ ပြန်ကြစို့နော်၊ ဒီနေရာမှာ သိပ်ကြာကြာနေလို့ မကောင်းတော့ဘူး"

တင်မောင်ကျော် ခေါင်းညိတ်သည်။ တစ်ဦးနှင့်တစ်ဦး မည်သည့်စကားကိုမျှ မပြောဘဲ လာရာလမ်းသို့ လျှောက်လှမ်းလာခဲ့ကြသည်။ မိုးစက်မိုးဖွဲတို့မှာ လေနှင့်အတူ ဟိုမှသည်သို့ ရွေ့လျားလာသည်။ မြစ်ဖြူအချို့သည် မိုးကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်ပေါ်သို့ ဖျတ်ခနဲ၊ လက်ခနဲ လင်းလက်ပြီး ဖြတ်သန်းသွားကြသည်။ ဆူညံသော မိုးချုန်းသံနှင့် လေပြင်းသံ ရောထွေးလာသည်။

မိုးသည် အငြိုးကြီးစွာဖြင့် ရိုးမတစ်ခုလုံး သိမ်းကျုံး၍ ရွာချလိုက်လေတော့သည်။

* * *

တောတစ်ခုလုံး အုံ့မှိုင်းနေ၏။ တောင်ခိုးတို့မှာ ရိုးမကြီးကို လွှမ်းခြုံထား၏။ ဟို အဝေးဆီက ရှားတောင်ကြီးမှာ မှိုင်းဝေနေ၏။ အသန်းကြီးတောင်နှင့် မလေးတောင်သည် ရှားတောင်၏ မေးအောက်၌ ဝပ်စင်းနေ၏။ ငှက်ပေါင်းစုံတို့၏ အော်မြည်သံတို့ကိုလည်း ကြားရ၏။ တောကြက်ဖတစ်ကောင်၏ ဆွဲဆွဲငင်ငင် တွန်ကျူးလိုက်သော အသံမှာ ငှက်အော်သံတို့ကို ထိုးဖောက်ပြီး ထွက်ပေါ်လာသည်။ နတ်တူရေတံခွန်စခန်းဆီက စမ်းရေစီးသံကိုလည်း စဉ်ဆက်မပြတ်ကြားနေရ၏။ တောသည် နက်သည်ထက် နက်လာ၏။ ရှုမဆုံးသော သစ်တောကြီးမှာ ကြီးမားကျယ်ပြန့်လွန်းသော ကိုလူကွဲပြန့်နှင့် ဆက်စပ်နေဟန်တည်း။

လမ်းကျဉ်းကလေးတစ်ခုသည် ကိုလူကွဲပြန့်၏ လက်ယာဘက် တောစပ်မှ ဖြတ်သွယ်ကာ ဟိုးအဝေးဆီသို့ ဦးတည်နေ၏။ လမ်းကျဉ်း၏ တစ်ဖက်တစ်ချက်တွင် အဆောက်အအုံပျက်ဟု ထင်မှတ်ရသော တိုင်အိုတိုင်ဆွေးတွေကို မြင်ရသည်။ သည်မျှနက်သော တောထဲ၌ မည်သည့်အချိန်ကတည်းက ဆောက်လုပ်ခဲ့သော အဆောက်အအုံလည်းမသိ။ ကျွန်းတိုင်ကြီးတို့မှာ အချို့လည်း လဲပြိုနေကြသည်၊ အချို့လည်း ငိုက်မျဉ်းနေကြသည်။ သစ်ခွဲစင်လိုပြုလုပ်ထားသည့် သစ်တုံးတန်းတွေလည်း တွေ့ရ၏။ ဝန်းကျင်၌ ချုံနွယ်ပိတ်ပေါင်းတို့မှာ ပိတ်ဆီးနေချေပြီ။ သည်နေရာမှာ ဦးလေးပြောသော ဂျပန်ခေတ်က သစ်ခွဲစက်ပြုလုပ်ရာနေရာ ဖြစ်နိုင်၏။ ဂျပန်တွေ ဖြတ်သန်းသွားရာ ခရီးလမ်းသို့မဟုတ် ဂျပန်တို့၏ အရေးပေါ်စခန်းတစ်ခုဟု တင်မောင်ကျော် ထင်လေသည်။ ချိုးလည်ပြောက်တို့မှာ အုပ်ဖွဲ့၍ ပျော်ရွှင်မြူးထူးနေကြ၏။

တင်မောင်ကျော်မှာ မိမိ မကျွမ်းကျင်သော တောလမ်းမို့ လာလမ်းရှိသစ်ပင်ကြီးငယ်များကို ပုဆိန်ငယ်ဖြင့် ခုတ်ထစ်မှတ်သားပြီး သည်နေရာသို့ရောက်အောင် အဖော်မပါဘဲ စွန့်စား၍ လာခဲ့ခြင်းပင်။

တင်မောင်ကျော်၌ အကြောင်းရှိ၏။ သူ့အကြောင်းက ရဲကျော်နှင့် ပတ်သက်နေ၏။ သည်တော၊ သည်တောင်၊ သည်ဝန်းကျင်ကို မနေ့ကတည်းက မကျေနပ်။ မနေ့က သူနှင့် နှင်းယုလှိုင်တို့ စကားပြောနေစဉ် ရဲကျော်က သူ့ကို





...ဆွနှင့် ထုသတ်ဖို့ ကြိုးစားသည်။ သူ အလွန် ကံကောင်း၍သာ သေကံ...ရောက် သက်မပျောက်ခဲ့ခြင်းပင်။ သူ စခန်းသို့ ရောက်စဉ်ကလည်း ရဲကျော်၏ ...သည်းများနှင့် ကုတ်ဖဲ့ပြီး ဆင်ပေါ်က တွန်းချခဲ့မှုကြောင့် မြီးညောင်းရိုးအနာ...ည်း မပျောက်သေး။ ရင်ဘတ်ကို ကုတ်ခြစ်ထားမှုကြောင့် ရင်ဘတ်က ဒဏ်ရာ...တလည်း မပျောက်သေး။

သည်တော့ ရဲကျော်ကို တင်မောင်ကျော် မကျေနပ်တော့။ သူနှင့် ...ကျော် ဆုံစည်းရာ နတ်ရေကန်စခန်းရှိ တောင်ငယ်ပေါ်သို့လည်း သူရောက်ခဲ့...မနေ့ကတည်းက သူ့ကို ရန်ရှာပြီး တောတိုး၍ ပျောက်ကွယ်နေခဲ့သော ...ကျော်ကို တင်မောင်ကျော် လိုက်ရှာနေခြင်းပင်။ တောအထပ်ထပ် တောင်...သွယ်သွယ် ကျော်ဖြတ်ပြီး ရဲကျော်ကို ဒေါသတကြီးနှင့် လိုက်ရှာသည်။ တော...သူ မဟုတ်ခြင်းကြောင့် သွားသတိ၊ လာသတိနှင့် နေရာတကာ သတိထား...။ မျက်စိကိုလည်း အတတ်နိုင်ဆုံး ရှင်အောင်ထားရသည်သာ။

သူ့အဖို့ ရဲကျော်ကို လိုက်လံရှာဖွေနေသည်ကိုလည်း စခန်းကလူတွေ...အောင် ကျိတ်လုပ်ရ၏။ အကယ်၍ သိသွားလျှင် မလွယ်။ မထင်မှတ်သော ...ပ်မှ မမျှော်လင့်သော အန္တရာယ်တို့ ဝိုင်းဝန်းလာမှာ ပူရ၏။

မည်သို့ဆိုစေ တင်မောင်ကျော်အဖို့ ရဲကျော်၏ ချောင်းမြောင်းလုပ်ကြံ...သပြေသာသို့ရောက်စဉ်က တစ်ကြိမ်၊ နှင်းယုလှိုင်နှင့် နတ်ရေကန်၌ စကား...နေစဉ်က တစ်ကြိမ်၊ နှစ်ကြိမ်တိတိ ရဲကျော်က သေကြောင်းကြံစည်ခဲ့ဖူး...ည်။ ထို့အတူ ရဲကျော်ကိုလည်း တင်မောင်ကျော်က သေနတ်နှင့် လိုက်ပစ်...သည်။ သည်အတွက် ပေါက်ကျိုင်းပင် အဆစ်ပါသွားခဲ့သည်။

မှန်သည်၊ ရဲကျော်နှင့် တင်မောင်ကျော်မှာ ကမ္ဘာရန်ဖြစ်နေပြီ။ နောက်...ကြိမ်ထပ်၍ ရဲကျော်က တင်မောင်ကျော်ကို ချောင်းမြောင်းလုပ်ကြံလျှင်...ကျိန်းသေ သေဆုံးရမည်။ ထိုအခါ အသက်နှင့်ခန္ဓာအိုးစားကွဲသွားနိုင်၏။

ဤသည်တို့ကြောင့် ရဲကျော် လက်မဦးခင် တင်မောင်ကျော်က ဦးဖို့လို...ဖြစ်လိုရာဖြစ်စေ ဟူသော သဘောနှင့် ရဲကျော်ကို ရှင်းပစ်ရန် ခြောက်လုံးပြူး...နတ်ကို ခါးကြားထိုး၍ ရဲကျော် ရှိမည်ထင်သော နေရာအနှံ့အပြားသို့ လိုက်...ပြီး ရှာပုံတော်ဖွင့်ရခြင်းပင်။

တင်မောင်ကျော်နှင့် ရဲကျော် စာရင်းရှင်းရမည်။ နောက်မှ ဖြစ်လာသော...တို နောက်မှရှင်းမည်။ ရဲကျော်ကို သတ်ပစ်၍ သူ့ဦးလေးနှင့် စကားများလျှင်...ည်း များပါစေ၊ သည်စခန်းမန်နေဂျာကလည်း သူမွေးထားသော မြောက်ဝံ



www.burmeseclassic.com

www.burmeseclassic.com



ရဲကျော်ကို သတ်ပစ်ရပါမည်လားဟု ဒေါသူပုန်ထပြီး ရန်မူချင်လည်း မူပါစေ တော့။ အရာရာကို ဆုံးရှုံးခဲ့ရသူ တင်မောင်ကျော်အဖို့ မည်သည့် ပြဿနာကို မဆို ရင်ဆိုင်ရန် အသင့်အနေအထားသို့ ရောက်ရှိနေချေပြီတည်း။

မှန်သည်။ တင်မောင်ကျော်က သူ့ဆုံးဖြတ်ချက်ကို ရဲရဲတင်းတင်းပင် အကောင်အထည်ဖော်သည်။ နောက်ကို သပြေသာသို့ မလာရလျှင်လည်း နေ တော့။ ဖြစ်ချင်ရာဖြစ် ရဲကျော်ကို ကလဲ့စားချေမှ ကျေမည်။ တိရစ္ဆာန်တစ် ကောင်၏ အကြောင်းမဲ့သက်သက် တိုက်ခိုက်ခြင်းကို တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ် တိတိ ခံခဲ့ရပြီးပြီ။ တစ်ကြိမ်ဆိုလျှင် မသိ၍ ခံခဲ့ရခြင်း ဖြစ်၏။ နှစ်ကြိမ် ဆိုသော အခါ ခံရသူအဖို့ ညံ့ဖျင်းရာကျမည်။ သုံးကြိမ်ဆိုလျှင် . . . ၊ တင်မောင်ကျော် တွေးရင်းနှင့် ဒေါသစိတ်တို့ မွန်ထူလာသည်။ သည်းခံခြင်းမှာ အတိုင်းအတာ ရှိ၏။ အတိုင်းအတာထက် ကျော်လွန်လာမှုမျိုးကို မည်သူမျှ သည်းခံနိုင်လိမ့်မည် မဟုတ်။

ရဲကျော်မှာ အခြား လူတွေအတွက် လိမ္မာသော၊ သိတတ်နားလည် သော တိရစ္ဆာန်တစ်ကောင် ဖြစ်၏။ သို့သော် တင်မောင်ကျော်အဖို့တွင်ကား ရန်သူ စင်စစ်ကေန် ဖြစ်၏။ ရန်သူဆိုလျှင် ရန်သူ၏လက်ဦးမှုကို မခံနိုင်။ ကိုယ် လက်ဦးအောင် နှံ့ရမည်သာ။

မည်သို့ဆိုစေ မိမိဘက်က လက်ဦးမှု ရယူရန်သာ စိတ်စောနေသော် လည်း ရဲကျော်လိုကောင်မျိုးက မြေပြင်မှာ အချိန်အခါမရွေး လျှောက်သွားနေ တတ်သော တိရစ္ဆာန်မျိုး မဟုတ်၊ ဝေသီမြင့်မားသော သစ်ပင်ထက်ကိုလည်း လေ၏ လျင်မြန်ခြင်းမျိုးဖြင့် ပြေးတက်သွားနိုင်၏။ မြေပြင်သို့လည်း လျှပ်တစ်ပြက် အတွင်း၌ ဆင်းသက်လာနိုင်သော အရည်အချင်းတွေရှိ၏။ သည်လို သတ္တဝါ ကို ရင်ဆိုင်ဖို့ဆိုသည်မှာ တကယ်တော့ မလွယ်ကူလှ၊ မိမိက မြေပြင်၌ လျှော လှမ်းသော်လည်း ရဲကျော်က သစ်ပင်ထက် တစ်နေရာမှ မိမိ၏ အားနည်းချက် ချောင်းမြောင်းပြီး ကြည့်ကောင်း ကြည့်နေမည်။ သူ့ပိုင်ကွက်ထဲသို့ ရောက်လာ သည်နှင့် ရုတ်ခြည်း တိုက်ခိုက်ခဲ့သော် . . . ။

သည်အတွေး ဝင်လာသောအခါ တင်မောင်ကျော် ကျောချမ်းသွား သည်။ ရင်ထဲက တလှပ်လှပ်တုန်ပြီး မျက်လုံးအစုံက ကျီးကန်းတောင်းမှော ဖြစ်လာသည်။ ရှေ့နောက် ထက်အောက် ဝဲယာဝန်းကျင်အနှံ့သို့ မျက်စိတိုက်ဖေ ဆင်ရတော့၏။ မိမိစိတ်ကိုလည်း အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားရ၏။

"ဝေါ ဝေါ ဝေါ"





ရုတ်တရက် ကျယ်လောင်သော တောတိုးသံကြီးကို ကြားရ၏။ လျှို အစပ်ဆီက သစ်ပင်တစ်ပင် ယိမ်းထိုးလှုပ်ရှားလာသည်ကို မြင်ရ၏။ ထို့ကြောင့် တင်မောင်ကျော်မှာ ကြီးမားသော ကျွန်းပင်ကြီးအနားသို့ ပြေးကပ်လိုက်သည်။ တောဆင်ရိုင်းအုပ်များ သည်ဘက်သို့ လှည့်လာပြီလား မဆိုနိုင်။ ထိုအခါ အင် အားကြီးမားသော ဆင်ရိုင်းအုပ်ဆိုလျှင် သူလို ခြောက်လုံးပြူး တစ်လက်သာပါ သော လူသားတစ်ဦးအဖို့ မည်သို့ ရင်ဆိုင်မည်နည်း။ တောတောင်၏ အတွေ့ အကြုံနည်းပါးမှုသည် တကယ်တမ်း တောထဲရောက်မှ မိမိ လိုအပ်ချက်ကို သိရ၏။ တောမုဆိုးတွေလို ချက်ဆို နားခွက်က မီးမတောက်နိုင်။ သစ်ပင်သစ် ရွက်တို့၏ လှုပ်ရှားမှုကိုကြည့်၍ မည်သည့် တောတိရစ္ဆာန် ဖြစ်သည်ကို ဒက်ခနဲ သိနိုင်၊ အတွေးပုံရိပ်၌ တောအလုံး မှောင်နေ၏။ မိမိ၏မျက်စိနှင့် တိုက်ရိုက် မြင်တွေ့မှသာ သိရမည့်အဖြစ်မို့ ရင်မောမိ၏။ တောအတွေ့အကြုံသည် သင်္ချာ သင်ပုန်း တွက်သလို မဟုတ်၊ ပုံသေနည်း မရှိ၊ ထင်မှတ်တိုင်းလည်း မဖြစ်၊ ထင်မှတ်ဘဲနှင့်လည်း တွေ့ကြုံဖြစ်ပျက်နေကြသည်မှာ ဒုနဲ့ဒေးပင်။

မှန်သည်။ သည်နေရာ၌ ပင်ကို အရည်အချင်းသည် အရေးကြီး၏။ နေရာတကာ စဉ်းစားဆင်ခြင်ဉာဏ်နှင့် တိုင်းထွာမှုမှာ မိမိ သင်ကြားတတ် မြောက်ခဲ့သော ပညာတို့နှင့် တခြားစီ ဖြစ်နေ၏။ အမြင်သစ်နှင့် အတွေးသစ်တို့ လိုလာနေ၏။ အမြင်ကောင်းနှင့် အတွေးကောင်းတို့ ပေါင်းစပ်နိုင်ဖို့ အချိန် ကာလကို အားကိုးရ၏။ စိတ်ရှည်ရ၏။ သို့မှသာ အမှန်တရားကို တွေ့မြင်နိုင်မည် သာ။ ဤသည်ကို သိ၏။ သို့သော် မိမိအနေနှင့် အချိန်မရှိတော့၊ မစောင့်နိုင် တော့။ သတိတရားနှင့် အသိဉာဏ်ကို အားကိုး၍ ယောက်ျားပီပီ ရှေ့သို့ တိုးရ မည်သာ။

မည်သို့ဆိုစေ တင်မောင်ကျော်အဖို့ တောတောင်အတွေ့အကြုံ မရှိ သော်လည်း မိမိ၌ ယောက်ျားပီသသောစိတ်ဓာတ် ရှိ၏။ ပြီးတော့ မိမိကိုယ် မိမိ ယုံကြည်သည်။ သည်ပွဲ၌ မိမိသာ အနိုင်ရရမည်ဟုလည်း ရဲရဲဝံ့ဝံ့ ဆုံးဖြတ် ထားသည်တည်း။

သည်ယုံကြည်ချက်လေး ဝင်းလက်လာသောအခါ စိတ်ဓာတ်မှာ ကြည် လင်လာ၏။ တောမုဆိုးကြီးတွေလို ဒက်ခနဲ မသိနိုင်သော်လည်း သတိတရားနှင့် ယှဉ်၍ ကြည့်သောအခါ အမှန်ဆုံး မဟုတ်သည့်တိုင် အနီးစပ်ဆုံးတော့ ဖြစ်နိုင် သည်။ ဝေါခနဲ တောတိုးသံကြားလျှင်ကြားချင်း ကြားရာအရပ်သို့ ကမူးရှူး ထိုး ပြေးမသွားခြင်းပင် သတိတရားက တင်မောင်ကျော်ကို ထိန်းချုပ်လိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုက မမှားနိုင်ရာ။

"ရှိုး . . . ရှိုး၊ ဂီး . . . ဂီး . . . ဂီး"

တဝေါဝေါနှင့် တောတိုးသံတို့ကို ထိုးဖောက်ပြီး တိရစ္ဆာန်တို့၏ အော်သံ ဟစ်သံတို့ကို ကြားလာရ၏။ သစ်ပင်ငယ်တို့၏ လှုပ်ရှားသံမှာ ပို၍ ယိမ်းထိုးလာသည်။

တောအုပ်မှာ ညို့မှိုင်းနေ၏။ တင်မောင်ကျော်နှင့် အော်သံဟစ်သံတို့ ကြားရာနေရာမှာ တောအုပ်ငယ်က ကြား၍ ခံနေသဖြင့် မည်သည့်သတ္တဝါတွေ အော်ဟစ်နေသည်ကို ပြုန်းခနဲ မသိနိုင်သေး။ သို့သော် တဂီးဂီးနှင့် ဒေါသတကြီး အော်ဟစ်သံကိုမူ ကြားဖူးသလိုလို ရှိ၏။ စဉ်းစားကြည့်၏။ တွေး၏။ မိမိရင်ဘတ် ကို စမ်းမိ၏။ သပြေသာသို့ ဦးစွာ ရောက်စဉ်က ကြားရသော အသံမျိုး၊ ဟုတ် သည်၊ သည်အသံကို အသည်းစွဲမိပြီ။ ရဲကျော်၏ အသံမှလွဲ၍ မည်သူ့အသံမှ မဖြစ်နိုင်။

မည်သို့ဆိုစေ ဒေါသတကြီးနှင့် အော်ဟစ်သံကို ထောက်ချင့်လျှင် တစ်ခုံ တစ်ခုသော သတ္တဝါတစ်ကောင်ကောင်နှင့် လုံးထွေးသတ်ပုတ်နေမည်ဟုထင် ၏။ သို့သော် လောလော လောလောနှင့် လုပ်၍မဖြစ်။ အတွေ့အကြုံ နည်းပါး သူမို့ နေရာတကာ၌ သတိရှိပါမှ တန်ကာကျမည်။

လေက ညင်းညင်းသွဲ့သွဲ့ တိုက်ခတ်လာပြီ။ စိတ်တို့လည်း လှုပ်ရှားလာ ပြီ။ လေတင်လေအောက်၊ လေအောက်လေညာ တွေး၏။ မိမိအနံ့ကို ရဲကျော် ရသွားမှာ ပူ၏။ ထို့ကြောင့် ပိုသေချာအောင် သစ်ရွက်ခြောက်တစ်ခုကိုကိုင်၍ မြှောက်ပစ်ကြည့်သည်။ သေချာမှ လေအောက်ဘက်ကိုရွေးပြီး ထိုနေရာသို့ ရောက်အောင် ခြေသံလုံလုံထား၍ တစ်လှမ်းချင်း၊ တစ်လှမ်းချင်း တိုး၍တိုး၍ သွားမိသည်။ လက်ထဲက ခြောက်လုံးပြူးသေနတ်ကိုလည်း တင်းကျပ်စွာကိုင်ပြီး သတိကြီးစွာထားရ၏။ မျက်လုံးအစုံက မျက်တောင်မခတ်။ အသက်ကို ပြင်းပြင်း မရှူ။ ရှေ့နောက်ဝဲယာ ထက်အောက်ဝန်းကျင်ကို သေသေချာချာ အကဲခတ် ကြည့်ပြီးမှ ရှေ့သို့ တိုးသွား၏။

"ဘုတ် ဘုတ် ဖုံး ဂီး ဂီး ရှူး ရှူး ရှီ ရှီ"

အနားသို့ ရောက်လာလေလေ ကြားရသောအသံတို့က ကျယ်လောင် လာလေလေမို့ တင်မောင်ကျော်အဖို့ ကြက်သီးမွေးညင်းများပင် ထရ၏။ ထိတ် လန့်တုန်လှုပ်မှုမှ ပေါက်ဖွားလာသော ရင်ခုန်သံသည် ပို၍ပို၍ မြန်လာသည်။ "ဘာတွေ ဖြစ်နေကြတာလဲ" ဟူသော သိချင်စိတ်နှင့် ရဲကျော်ကို တွေ့လိုသော





စိတ်တို့က ယခုမှ ပို၍ ပြင်းထန်လာသည်။ ထိုအခါ လူတစ်ကိုယ်လုံးလည်း ပေါ့ပါး သွက်လက်လာသည်။ အောင်မြင်ချင်သော စိတ်တန်ခိုးမှာ အရာရာကို ထိုး ဖောက်ကျော်လွှားရန် အသင့်အနေအထားသို့ ရောက်လာပြီ။

"ကျားကွ"

တင်မောင်ကျော် မိမိကိုယ်ကို မိမိ အားပေးသည်။ အော်သံဟစ်ကြွေး သည်။ ယောက်ျားဟူသော ဖွဲ့မာန်သည် အန္တရာယ်ဟူသမျှကို ကျော်ပြီးသား ဖြစ်သွားသည်။ အချင်းဖြစ်ပွားရာနေရာသို့ တင်မောင်ကျော် ရုတ်ခြည်းပင် ရောက်ရှိသည်။

ထိုအခါမှပင် မိမိ၏မျက်လုံးကို မိမိ မယုံကြည်သလို ဖြစ်တော့၏။ အားလား၊ ရဲကျော်မှ ရဲကျော်အစစ်။ မျောက်ဝံရဲကျော်မှာ ကြီးမားသော မြွေကြီး တစ်ကောင်၏ အားပါးတရ ရစ်ပတ်နှောင်ဖွဲ့မှုကို ခံနေရ၏။ ထို့ကြောင့် ရဲကျော် မှာ တဗုန်းဗုန်း လဲကျလိုက် ပြန်ထလိုက် ဖြစ်နေ၏။ ထို့နောက် မတ်တတ်ရပ်ကာ မြွေကြီး၏လည်မျိုကို သူ့လက်နှစ်ဖက်နှင့် ဖျစ်ညှစ်ထားရင်း သူ့ပါးစပ်မှလည်း အော်၍ တဂီးဂီး အော်ဟစ်နေခြင်းပင်တည်း။

ထို့အတူ မြွေကြီး၏ ပြူးထွက်နေသော မျက်လုံးအစုံတို့မှာ ဖန်ဂေါ်လီ ကြီးနှစ်လုံးလို ဝင်းပြောင်ရွှန်းလဲ့နေ၏။ ပါးစပ်မှ တရှီးရှီး နှာမှုတ်သံမှာ ကျယ် လောင်စူးရှနေသည်။ မြွေကြီးက ရဲကျော်ကို ရစ်ပတ်ပြီး ဆွဲဆောင့်လိုက်သော အခါ ရဲကျော်မှာ မြေပြင်သို့ ဗုန်းခနဲ လဲကျသွားသည်။ တစ်ခါတစ်ခါ၌ သုံးလေး ပတ်ပင် ကျွမ်းပစ်ကျသွားသည်မျိုးလည်း ရှိ၏။ ရဲကျော်က မြွေကြီး၏ နေရာအနှံ့ အပြားသို့ လက်သည်းများဖြင့် ကုတ်ဖွဲ့ပစ်၏။ ထို့နောက် မြွေကြီး သူ့ကို မပေါက် သတ်နိုင်အောင် မြွေကြီး၏ လည်မျိုကိုလည်း အားပါးတရ ဖျစ်ညှစ်၏။ အော် ဟစ်၏၊ မာန်သွင်း၍ ဟိန်းဟောက်၏။

သို့သော် မြွေကြီးကလည်း အကောင်ကြီးသလို ဇွဲကြီး၏။ သူ ရစ်ပတ် ထားသော ရဲကျော်ကို မလွှတ်စေရန် အထပ်ထပ် ရစ်ပတ်၏။ ရဲကျော်ကို သူ၏ ကြီးမားသောအစွယ်ဖြင့် ပေါက်သတ်ရန် မာန်ဖီ၍ ကြိုးစားနေသည်။

ရဲကျော်ကလည်း ပါး၏။ မြွေကြီးလည်မျိုကို လုံးဝ မလွှတ်။ သူ့လက်တစ် ဖက်ကိုဆန့်ပြီး ကိုင်တွယ်ထား၏။ မြွေကြီး သူ့ကို မပေါက်မိအောင် သတိကြီးစွာ ထား၍ ကာကွယ်၏။ မြွေကြီးက ကြီးမားသောပါးပျဉ်းနှင့် ရဲကျော်ကို အုပ်မိုး ပေါက်လှန့်နေသည်။

မည်သို့ဆိုစေ အချိန်ကြာလာလျှင် ရဲကျော် ရှုံးသွားနိုင်၏။ ယခုပင်



www.burmeseclassic.com

www.burmeseclassic.com



ခြောခြာ ပစ်ပစ်လဲကျနေ၏။ သူနိုင်ကိုယ်နိုင် သတ်ပုတ်ရင်းမှ ငန်းမြွေကြီး၏ အန္တရာယ်နှင့်သာ ရဲကျော်ကို တစ်ချက်ပေါက်မိလိုက်လျှင် ရဲကျော် အသက်ပျောက်သွားနိုင်သည်တည်း။

မှန်သည်။ တင်မောင်ကျော်အဖို့ အကွက်ကောင်းတွေ့ပြီ။ ယုန်တောင် ကြောင်မိဖြစ်ပြီ။ မိမိ အလွန်တရာ မုန်းတီးသော ရဲကျော်ကို ကြက်ကလေး ငှက်ကလေးတစ်ကောင်ကို ပစ်ဖမ်းသလို အသာလေး ဖမ်းနိုင်ပြီ။ ထို့ပြင် ကြီးမား သော ထိုမြွေကြီးကိုပါ ရရှိနိုင်၏။ ဥစ်ချက်ခုတ် နှစ်ချက်ပြတ်သည့်ကိန်း။

ရဲကျော်နှင့် မြွေကြီးတို့ သတ်ပုတ်နေရာဝန်းကျင်တွင် မြက်ပင်တို့မှာ မြေပြင်၌ ပြားပြားဝပ်ကုန်၏။ သစ်ပင်ငယ်တို့ တဖြောင်းဖြောင်း တဝေါဝေါ မြည်၍ ကျွမ်းထိုးပြိုလဲကုန်ပြီ။ ဝန်းကျင်အားလုံး မြွေအော်သံ၊ မျောက်အော်သံ နှင့် သစ်ပင်တို့၏ လှုပ်ရှားသံတို့ကြောင့် ဆူဆူညံနေ၏။

တင်မောင်ကျော်မှာ ခြောက်လုံးပြူးသေနတ်ကိုကိုင်၍ ငိုင်နေ၏။ မိမိ နှင့် ရဲကျော်တို့ ရင်ဆိုင်တိုက်ခိုက်ရလျှင် သည်လိုဖြစ်မည် မဟုတ်။ ယခုအခါ ရဲကျော်အဖို့ သူ မထင်မှတ်သောရန်သူက အပြိုးကြီးစွာဖြင့် အစွမ်းကုန် တိုက် ခိုက်ခြင်း ခံနေချေပြီ။သည်လို အကျဉ်းအကျပ်ထဲသို့ ကျရောက်နေသော ရဲကျော် ကို ရက်ရက်စက်စက် ပစ်သတ်ရမည် ဆိုသောအခါ တင်မောင်ကျော် လက်မ တော့။ ရဲကျော်အဖို့ ရန်သူနှစ်ဦးကို တစ်ပြိုင်နက်တည်း ရင်ဆိုင်နေရသည်နှင့် တူ၏။ စင်စစ် ရဲကျော်မှာ တင်မောင်ကျော်ကို သတိမထားနိုင်။ မြင်လည်းမမြင် ငန်းမြွေကြီးကို အနိုင်ရဖို့ထက် သူ့အသက် မသေအောင်သာ အစွမ်းကုန် ခုခံကာ ကွယ်နေရသည် မဟုတ်ပါလား။

တင်မောင်ကျော် ဘာလုပ်ရမည်နည်း။ ရဲကျော်ကို ပစ်သတ်လိုက်၍ သေဆုံးသွားလျှင် ငန်းမြွေကြီးက သည်အတိုင်း ပြန်သွားချင်မှသွားမည်။ သူ့ တစ်ဖန် ကျားနာခဲ ခဲရန် ဆက်၍ ရန်မူလျှင် သူ မည်သို့ လုပ်မည်နည်း။ ထို့ပြင် ငန်းမြွေကြီးကိုသာ မှန်အောင်ပစ်သတ်ဖို့ ဆိုသည်မှာလည်း မလွယ်ပြန်။ ငန်းမြွေ ၏ဦးခေါင်းကို သေချာချာ ချိန်ရွယ်ပစ်နိုင်ဖို့လည်း ခက်ခဲ၏။ ငန်းမြွေကို ပစ် ရင်း ငန်းမြွေကို မထိဘဲ ရဲကျော်ကို ထိခိုက်သွားလျှင် အခက်။ ထို့ပြင် သပြေ စခန်းမှ မန်နေဂျာ ဦးလှမောင်သော်ပြောသော စကားအချို့ကိုလည်း ပြန်လည် ကြားယောင်လာမိသည်။

"ရဲကျော်ဟာ ငါ့သား၊ လူနဲ့တိုက်ပြီး ငယ်ငယ်လေးကတည်းက မွေး တာ မင်းတို့ အသိပဲ၊ ဒီစခန်းရဲ့ လုံခြုံရေးအတွက် ရဲကျော်လောက် ဘယ်သူ





မကိုးရဘူး။ တောဆင်ရိုင်းတွေ၊ ကျားတွေလာမယ်၊ အန္တရာယ်တစ်ခုခု တွေ့ မယ်ဆိုရင် ရဲကျော်က အရင်ဆုံး သိတာပဲ၊ သူသိတာနဲ့ တို့ကိုလာပြီး သတိပေး လိုက်ရင် တို့အန္တရာယ်တွေကို အချိန်မီ ကာကွယ်နိုင်တာချည်းပဲ၊ တစ်ခါတုန်းက ညည်း တို့စခန်းကို ကျားဆိုးတစ်ကောင် ဝင်မွှေဖို့ ကြိုးစားခဲ့တယ်လေ၊ ဒါပေမယ့် ရဲကျော်က ကြိုတင်သိတာနဲ့ ဒီကျားဆိုးရဲ့အန္တရာယ်က ကြိုတင်ကာကွယ်နိုင်ခဲ့ တယ် မဟုတ်လား။ ပြီးတော့ ဆင်ရိုင်းအုပ် ဆိုရင်လည်း ရဲကျော်နဲ့ ပေါက်ကျိုင်း ပြီး တောချောက်ပစ်လိုက်တာ တို့စခန်းနားကို သိတောင်မသိရဘူး မဟုတ် လား။ တကယ်တော့ ငါ့သားရဲကျော်ဟာ လစာ မယူဘဲ စခန်းရဲ့ လုံခြုံရေးကို တာဝန်ကျေပွန်အောင် ထမ်းဆောင်နေတဲ့ လုပ်သားကောင်း တာဝန်မှူးကြီး တစ်ဦးပါ။ ဒီတာဝန်မှူးကြီး အသက်ရှည်အောင် ဝိုင်းဝန်းကာကွယ်ရမှာ မင်းတို့ တွေရဲ့ အလုပ်ပဲ၊ ငါတို့ရဲ့ အသက်ဟာ သူ့လက်ထဲမှာ ရှိသလို သူ့ရဲ့ အသက် အန္တရာယ်ကို ကာကွယ်ဖို့အတွက်လည်း ငါတို့မှာ တာဝန်ရှိတယ်" ဟူ၍ တစ်နေ့က ဦးစီးတွေ လုပ်ငန်းခွင်သို့ မဝင်ခင် သစ်တွက်အလိုက် နေရာချထားရင်း ဦးလှမောင်သော် ပြောသောစကားပင်။

မန်နေဂျာဦးလှမောင်သော် ပြောသည်မှာ အကြောင်းရှိ၏။ သူ သပြေ သို့ လာရောက်စဉ်ကစ၍ မြစ်ဖျားခဲ၏။ ရဲကျော်က မျက်နှာကြီးငယ်မလိုက်။ တစ်စံအတိုင်း သူ့ကို ကြိုတင် အသိမပေးဘဲ စခန်းသို့ သူစိမ်း အဝင်မခံ။ သူ့ကို ဆင်ပေါ်က တွန်းချခဲ့ဖူး၏။ ထို့ကြောင့် တင်မောင်ကျော်က ရဲကျော်ကို သေနတ်ဖြင့် လိုက်ပစ်ခဲ့ဖူးသည်။ ထို့ပြင် တင်မောင်ကျော်ကို ရဲကျော်က နတ်ရေ ဆီစခန်း၌ ခဲနှင့် ထုသည်ကိုလည်း ကြားသိထားဟန်တူ၏။

သည်အကြောင်းတွေကို တင်မောင်ကျော်အား ပြောဆို၍ မေတ္တာရပ်ခံ ခဲ့သည်။ သို့သော် တင်မောင်ကျော်မှာ မိမိထက် ရာထူးအဆင့်မြင့်မားသော မန်နေဂျာကြီး၏တူသားတစ်ဦးမို့ မပြောချင်။ သူ့လူတွေကိုသာ လက်လွန် ခြေလွန် မဖြစ်ရအောင် သတိပေးမှာကြားခြင်း ဖြစ်ဟန်တူသည်။ သူကသာ တင်မောင်ကျော်ကို မပြောသော်လည်း တင်မောင်ကျော် ကြားနေခဲ့ရသည်သာ တည်း။

စင်စစ် သူ သပြေသာသို့လာသည့်ကိစ္စမှာ ရိုးသားသော နှလုံးသားရေး ကိစ္စ ဖြစ်၏။ ရိုးသားသူကို ရဲကျော်၏ ဆက်ဆံမှုက တီရစ္ဆာန်ပီပီ ဆက်ဆံ၍ နေခဲ့သွားခြင်းပင်။ တကယ်လို့ သပြေသာစခန်းကို ဒုက္ခပေါင်းစုံဖြစ်အောင် လုပ်ကိုးဖို့၊ အန္တရာယ်ပေးဖို့ လာရောက်သော လူစိမ်းတစ်ယောက်ဟုဆိုလျှင်

www.burmeseclassic.com



မည်သို့ဆိုစေ ရဲကျော်အဖို့ သူကို လူကောင်းလူဆိုး ဆိုသည်ကို ခွဲခြား ဓလို၊ သိဖို့မလို။ သူစိမ်း လူရင်းသာ ခွဲခြားဖို့လိုသည်။ဦးလှမောင်သော် ပြောသ သူတာဝန်ကို သူကျေပွန်စွာ ထမ်းဆောင်လိုက်ခြင်းပါတကားဟု ယခုမှ တင် မောင်ကျော် အတွေးပေါက်တော့၏။

ယခင်က နှင်းယုလှိုင်နှင့်တွေ့ဖို့ နှင်းယုလှိုင်နှင့်တွေ့လျှင် မိမိ ရန်ကုန် အလုပ်အကိုင် အဆင်ပြေပြီ။ အရာရှိငယ် တစ်ဦးမို့ ဌာနက ပေးထားသော နေထိုင်စရာ တိုက်ခန်းလည်း ရှိပြီ။ တိုက်ခန်း၌ နေထိုင်ရန် အိမ်ရှင်မလော တစ်ဦးဖြစ်သူ နှင်းယုလှိုင်ကို ခေါ်ခဲ့ရမည်ဟုသာ တွေး၏။ အချိန်တိုင်း အခ တိုင်းတွင် သူ့ရင်ထဲ၌ နှင်းယုလှိုင်သာ လွှမ်းမိုးနေ၏။ ဖြစ်ပျက်မှုတွေကို အချစ် အမှောင်ရိပ်တွေက ဝှက်ကွယ်ထားသဖြင့် အမှန်ကို မမြင်နိုင်ခဲ့။ ယခုတော့ အမှန်ကိုမြင်ပြီ။

အမှန်ကိုမြင်လျှင် အမှန်ကိုရောက်အောင် လုပ်ရမည်။ အမှားသည် အမှန်၏နောက်၌ ကျန်ခဲ့ချေပြီတည်း။ မှန်သည်၊ မိမိ၏လက်ချက်ဖြင့် တာ ကျေပွန်သော စခန်းလုံခြုံရေးမှူးကြီးရဲကျော် ဘယ်သောအခါမှ မသေစေ

“ရဲကျော်ရေ၊ ရဲကျော် ငါလာပြီဟေ့၊ ငါလာပြီကွ၊ ဘာမှ အားမငယ်

“ဒိုင်း . . ဒိုင်း . . ဒိုင်း”

တင်မောင်ကျော်က အော်ဟစ်ရင်း ရဲကျော်တို့ရှိရာသို့ ပြေးသွားသည် ထို့နောက် ရဲကျော်ကို ရစ်ပတ်ထားသော မြွေကြီးလက်တွင်းမှ ရဲကျော်လွ အောင် ခြောက်လုံးပစ်ခတ်သည်။ သုံးချက် ဆင့်၍ဆင့်၍ ပစ်လိုက်သော သေနတ်သံမှာ တောတောင်အလုံးကို ဟိန်းစည်၍ ထွက်ပေါ်လာ၏။

ထို့ကြောင့် မြွေကြီးမှာ သူ အန်မတုနိုင်သူ လူသားတစ်ဦး ရောက်ရှိ ပြီကိုသိပြီး အားလျော့သွား၏။ ပြင်းထန်သောပါးပျဉ်းမှာ ရုတ်ခြည်း ညှိုးကျ သည်။ ထို့နောက် အားပါးတရ ရစ်ပတ်ထားသော ရဲကျော်ကို တစ်ပတ်ချင်း ၍ လျှိုကြီးဆီသို့ တဝေါ်ဝေါ် တောတိုးသံပေးကာ ထွက်ပြေးသွားလေသည်

တင်မောင်ကျော်အဖို့ သည်မျှ ကြီးမားသော မြွေမျိုးကိုလည်း တစ် မတွေ့ဖူးဘူးချေ။ သေနတ်နှင့်လည်း ထပ်မံ၍ မပစ်ရက်တော့။ မြွေကြီးလက်တွ က လွတ်ထွက်သွားသော ရဲကျော်ကိုသာ ငေးကြည့်ရင်း လိုက်မောစွာ ကျန် လေသည်။

* * *

ရဲကျော်မှာ သွားရည်တွေ တမြားမြားကျရင်း သူ၏ နီရဲသောမျက်





အစုံနှင့် တင်မောင်ကျော်ကို စူးစူးရဲရဲ စိုက်ကြည့်နေ၏။ နှုတ်မှလည်း တခွီးခွီး အဂီးဂိုးနှင့် အော်၏။ ပြီးလျှင် တင်မောင်ကျော်ကို ထူးထူးဆန်းဆန်းပင် ဖြစ်နေပုံ ရ၏။ မိမိတို့မှာ တစ်ဦးနှင့်တစ်ဦး ရန်သူလို ဆက်ဆံခဲ့ကြသော်လည်း ယခုအချိန် ၌ တင်မောင်ကျော်က သူ့ကို ရန်မမူ။ ခွင့်လွှတ်ခဲ့သည်။ အနိုင်ရနေသော်လည်း အနိုင်မယူ။ သူနိုင်အောင် မသတ်နိုင်သော မြွေကြီးကိုပင် နေရာက ထွက်ပြေး သွားအောင် တင်မောင်ကျော်က စွမ်းဆောင်ခဲ့ပြီ။ ယခုအချိန်၌ မိမိမှာ အစွမ်း ကုန် မောဟိုက်နေပြီမို့ ဘာမှ မတတ်နိုင်။ မိမိကို သတ်ပစ်လိုလျှင် လွယ်လွယ် ကူကူပင် သတ်ပစ်နိုင်၏။ သို့သော် တင်မောင်ကျော်က မိမိကို မည်သို့မျှ မလုပ် ဘဲ ပြုံးရွှင်စွာ စိုက်ကြည့်နေသည်။ ထို့နောက် သူ့လက်ထဲက ရဲကျော်အတွက် သေမင်းတမန်ဖြစ်သော ခြောက်လုံးပြူးသေနတ်ကို ရဲကျော် မြင်အောင်ပင် ခြေထောက်ရှေ့သို့ ပစ်ချပေးလိုက်သည်။

“ငါ မင်းရှေ့မှာ လက်နက်ချတယ်ကွာ။ မင်းနဲ့ငါ ရန်သူ မဟုတ်ဘူး။ မိတ်ဆွေဖြစ်သွားပြီကွ ရဲကျော်ရဲ့”

တင်မောင်ကျော်က လှိုက်လှိုက်လှဲလှဲ ပြောချလိုက်သည်။ ရဲကျော်သည် ဝင်ပန်းနွမ်းနယ်၍ သွားရည်တွေ တမြားမြား ကျနေသည့်ကြားမှ သူ့ရှေ့သို့ ကျလာသောသေနတ်ကို ကောက်ကိုင်ကြည့်၏။ နမ်းကြည့်၏။ ထို့နောက် တင်မောင်ကျော်ကို ပြန်ပေးသည်။ တင်မောင်ကျော်မှာ ရဲကျော် ပြန်ပေးသော သေနတ်ကိုယူ၍ သိမ်းထားလိုက်သည်။ ရဲကျော်မှာ ရုတ်ခြည်းပင် ခွီးခွီးခွီးနှင့် မိုးကောင်းကင်ပေါ်သို့ မျက်နှာမူပြီး အားပါးတရ အော်ဟစ်လေတော့သည်။ သူ၏ အော်သံမှာ ရိုးမတစ်ခုလုံးသို့ ပဲ့တင်ထပ်၍ ညံသွားလေပြီတည်း။

စင်စစ် ရဲကျော်သာ စကားပြောတတ်လျှင် “အေးကွ ဟုတ်တယ်၊ ငါ သည်း မင်းကို ဘယ်တော့မှ ရန်သူလို မဆက်ဆံတော့ပါဘူးဆိုတာ ယုံပါကွာ၊ အောဒီ တောကြီးရယ်၊ မိုးကောင်းကင်ကြီးရယ် ရှိနေသမျှ ကာလပတ်လုံး မင်းကို ငါ ဘယ်တော့မှ ရန်မမူတော့ပါဘူး ဆိုတာကို ငါ သစ္စာဆိုပါတယ် သူငယ်ချင်း ရယ်”ဟုပင် ပြောကြားနေသယောင် ထင်မှတ်ရ၏။ မှန်ပေသည်၊ သူ့အသက်ကို တယ်တင်ခဲ့သော ကယ်တင်ရှင်အား မိတ်ဆွေအဖြစ် ဆက်ဆံရန် မိုးကောင်းကင် ကို တိုင်တည်၍ ရဲကျော် သစ္စာဆိုခြင်းမှာ အမှန်ပင်တည်း။

ရဲကျော်သည် သူ့ပါးစပ်မှ စီးကျနေသော သွားရည်တွေကို သုတ်လိုက် ၏၊ အမောလည်း အတော်အတန် ပြေသွားဟန်တူ၏။ ပြီးလျှင် တင်မောင် ကျော်ဆီသို့ တစ်လှမ်းချင်း လျှောက်လှမ်းလာသည်။ အနားသို့ ရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ကျော်၏ လက်တစ်ဖက်ကိုဆွဲသည်။ တင်မောင်ကျော်က မလိုက် ထို့ကြောင့် တင်မောင်ကျော်၏လက်ကိုလွှတ်ကာ ကျွန်းပင်ကြီးတစ်ပင်အောက်သို့ ပြေးသွားကာ ခုန်ဆွခုန်ဆွလုပ်သည်။ ပါးစပ်မှလည်း တခွီးခွီးနှင့် အော်ပြန်သည်။ တစ်ဖန် ရဲကျော်က တင်မောင်ကျော်ထံ ပြန်လာပြန်၏။ လက်ကို ဆွဲပြန်၏။ သည်တစ်ခါ အတော်ကြာကြာလေး ဆွဲ၏။ ပါးစပ်မှလည်း အော်ပြန်၏။

ပထမတော့ တင်မောင်ကျော် ကြောင်နေ၏။ နောက်မှ ရဲကျော်၏ လုပ်ပုံကိုင်ပုံကိုကြည့်ကာ တစ်စုံတစ်ခုကို ပြချင်၍သာ လက်ဆွဲခေါ်ခြင်း ဖြစ်မည် ဟု သဘောပေါက်၏။ နောက်ဆုံး ဖြစ်လိုရာဖြစ်စေတော့ဟူသော သဘော ပေါက်ကာ ရဲကျော် ခေါ်ရာသို့ လိုက်ခဲ့၏။

ကျွန်းပင်ကြီးမှာ ကြီးမားလွန်းလှ၏။ ယောက်ျားကြီး လေးငါးဖက်စာမျှ ပင် လုံးပတ်ရှိ၏။ ကျွန်းပင်ကြီး၏ အလယ်လောက်တွင် ခုတ်ထစ်ထွင်းထုထား သော 'ဝ'လုံးသဏ္ဌာန် အမှတ်အသားတစ်ခုကို မြင်ရ၏။

ရဲကျော်က သစ်ပင်ခြေရင်းကို သူ၏ စူးရှသော လက်သည်းတွေနှင့် အတင်း ကုတ်ခြစ်တော့၏။ ပါးစပ်မှလည်း အော်၏။ ခုန်၏။ ဖနောင့်နှင့် ဆောင့် ၏။ 'ဒီနေရာကို တူးကြည့်၊ တူးကြည့်' ဟူသော သဘောလားမသိ။

ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ရဲကျော် ပြောသလို လုပ်ကြည့်ရန် တင်မောင် ကျော် ဆုံးဖြတ်သည်။ ထို့ကြောင့် အနီးဝန်းကျင်သို့ လိုက်ကြည့်ရာ သံချေးများ တက်နေသော သစ်လုံးကော်သည့် သံတူးရွင်းတစ်ချောင်းကို ချုံကြားထဲကရ၏။ ထို့နောက် ရဲကျော်လက်ဖြင့် ကုတ်ခြစ်ပြသသော နေရာကို တူးကြည့်သည်။ သံစအစွန်းလေးတစ်ခုမှာ ရဲကျော်လက်သည်းနှင့် ကုတ်ခြစ်မှုကြောင့် အစွန်းလေး ပင် အတော်ပေါ်နေ၏။ သည်ကတည်းက သံသေတ္တာငယ်လေးတစ်ခု ဖြစ်မည် ဟု တင်မောင်ကျော် တွေးမိသည်။ သည်အတွေးနှင့်အတူ မြေပြင်ကို အားပါး တရ ဆက်၍ဆက်၍ တူးကြည့်တော့၏။ မြေစာတွေကို ရဲကျော်ကလည်း ဝိုင်း ဖယ်ပေး၏။ သိပ်ကြာကြာ မတူးလိုက်ရ။ သံသေတ္တာလေးတစ်လုံး ပေါ်လာ၏။ သေတ္တာလေးမှာ သံချေးတို့တက်၍ ဟောင်းအိုနေ၏။ အနားအစတွေပင် စုတ် ပြတ်နေပြီ။

တင်မောင်ကျော်သည် မြေကျင်းထဲက သေတ္တာစုတ်ကလေးကို သံတူး ရွင်းနှင့် ထိုးကော်ပြီး မ,ယူလိုက်သည်။ သည်သေတ္တာလေးထဲ၌ ဘာတွေ ရှိမည် နည်းဟူသော သိချင်စိတ်က ပြင်းပြလာသည်။ ထို့ကြောင့် လက်ထဲက သံတူး ရွင်းနှင့် ထိုးကော်၍ သံသေတ္တာလေးကို ဖွင့်လိုက်လေတော့၏။





ထိုအခါ တင်မောင်ကျော်၏ မျက်လုံးတို့မှာ လျှပ်စီးကြောင်း ဖြတ်သန်း [illegible]သလို ကျိန်းစပ်သွား၏။ အကြောင်းမူ သံသေတ္တာငယ်လေးထဲက အဖိုးတန် [illegible]ာက်မျက်ရတနာနှင့် စိန်တို့မှာ အလင်းရောင်နှင့် ဖြန်းခနဲ တွေ့လိုက်ရသည် [illegible]ပြိုးပြက်ပြက်နှင့် အရောင်ထွက်လာခြင်းပင်တည်း။

နေခြည်မှာ သံသေတ္တာလေးအတွင်းရှိ အဖိုးတန်ကျောက်မျက်ရတနာ [illegible]ပေါ်သို့ သစ်ရွက်ကြို သစ်ရွက်ကြားမှ ဖြာကျနေလေသည်။

"ဝေါ. . . ဝေါ. . . ဝေါ"

ရုတ်တရက် ယက်ယာဘက် တောစပ်ဆီမှ တောတိုးသံကြီးကို ကြား [illegible]ရ၏။ ဘစ်ဆက်တည်းမှာပင် လူသံသူသံတွေပါ ကြားလာရ၏။

"ရဲကျော်ရေ၊ ရဲကျော် သားရေ လူလေး"

စခန်းမန်နေဂျာ ဦးလှမောင်သော်၏အသံကို စူးစူးရှရှ ကြားရ၏။ တင် [illegible]င်ကျော်မှာ မမျှော်လင့်ဘဲ တွေ့ကြုံရသော ရတနာသေတ္တာလေးကို စူးစိုက် [illegible]ရင်း ကြောင်နေမိသည်။ နောက်မှ သတိရကာ သေတ္တာလေးကို လျင်မြန် [illegible] ပြန်ပိတ်လိုက်သည်။ ပြီး ချုံစပ်တစ်နေရာသို့ ပြောင်းထားလိုက်သည်။

ရဲကျော်မှာ တင်မောင်ကျော် လုပ်ပုံကိုကြည့်ပြီး တခွီးခွီးနှင့်အော်၍ [illegible]န်းပင်ကြီးပေါ်သို့ တစ်ရှိန်ထိုး ပြေးတက်သွားလေတော့သည်။ ထို့နောက် [illegible]သံထက်မှ စူးရှကျယ်လောင်သော အသံကြီးနှင့် အော်ဟစ်နေလေတော့ [illegible]ည်။

မကြာပါချေ။ စခန်းမန်နေဂျာ ဦးလှမောင်သော်၊ စောလား အပါအဝင် [illegible]န်းမိုး၊ နှင်းယုလှိုင်နှင့် ဆင်လုပ်သားအချို့လည်း ရောက်လာကြသည်။ ထို့ [illegible] ရဲကျော်၏သူငယ်ချင်းဖြစ်သူ ဆင်ကြီးပေါက်ကျိုင်းမှာလည်း တင်မောင် [illegible]တို့ရှိရာသို့ တောတိုးသံပေးပြီး ရောက်ရှိလာသည်။ ပေါက်ကျိုင်း၏သူငယ် [illegible]ဖြစ်သူ ရဲကျော်မှာ ထုံးစံအတိုင်းပင် ပေါက်ကျိုင်း၏ကျောပေါ်သို့ ဆင်ဦးစီး [illegible]ယောက်လို အကျအန နေရာယူ၍ ထိုင်လိုက်သည်။ ပေါက်ကျိုင်းနားသို့ [illegible]ပြီး တစ်စုံတစ်ခုကို ပြော၏။ တခွီးခွီး၊ တဂီးဂီးနှင့် အော်၏။

အံ့ဩစရာပင်၊ ရဲကျော်၏ အပြောကြောင့် ပေါက်ကျိုင်းက တင်မောင် [illegible]ကျော်၏ရှေ့၌ ပုဆစ်တုပ်၍ ဝပ်ချပေးလိုက်သည်။ သည်တော့မှ ရဲကျော်က [illegible]ပေါက်ကျိုင်း၏ဦးကင်းပေါ်မှ ဆင်ဦးစီး တစ်ဦးလိုပင် ဆင်းသက်လာသည်။

ရဲကျော် မြေပြင်သို့ရောက်သည်နှင့် တင်မောင်ကျော်၏လက်ကို [illegible] ဆင်ပေါ်သို့ တက်ခိုင်း၏။ မြေကြီးထဲက ရတနာသေတ္တာလေးကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



စဉ်ကလို လုပ်လုပ်ပြသည်၊ တင်မောင်ကျော်လက်ကိုဆွဲလိုက်၊ ပေါက်ကျိုင်းေ ပြေးတက်လိုက် လုပ်လုပ်နေပြန်သည်။ ပေါက်ကျိုင်းမှာ ရဲကျော် လုပ်သမျှ ငြိမ်သက်စွာ ကြည့်နေ၏။ ယုန်လိမ္မာလေးတစ်ကောင်လိုးသက်နှင့် ပွတ်သပ်ေ မှေ့ထားသလို ဖြစ်နေ၏။

သည်နေရာသို့ ရောက်ရှိလာသော လူအားလုံးမှာ မည်သို့မည်ပုံ ဖြစ် ကြသည်ကို မသိ။ မျက်စိအကြောင်သားနှင့် ငေးငိုင်ကြည့်ရှုနေကြသည်။ စခ် စခန်းရှိလူတွေမှာ သေနတ်သံကြား၍ အတော် စိုးရိမ်သွားကြ၏။ တင်မော ကျော်ကို သူတည်းခိုနေသော ဦးနန်းမိုး၏ ဆင်တဲ၌ သွားကြည့်သည်။ ဦးနန်း က တင်မောင်ကျော်ကို အစစအရာရာ၌ ဂရုစိုက်၏။ နေရေးထိုင်ရေး သောက်ရေးမှအစ အားလုံး အဆင်ပြေအောင်၊ မချို့တဲ့ရအောင် ဂရုစိုက် တင်မောင်ကျော်ကို သူ့ဆင်တဲ၌ တစ်ယောက်တည်း အေးအေးချမ်းချမ်း နေ သည်။ တစ်ခုတော့ ရှိ၏။ 'ဘယ်တော့ ပြန်မှာလဲ၊ ဘာလာလုပ်သလဲ' ဟူ မေးခွန်းမျိုးကိုမူ တစ်ခါမှ မမေးတတ်။ 'လိုတာရှိရင်ပြော၊ တို့က ဘယ်သူ ဖြစ်ဖြစ် ရိုးရိုးသားသားနဲ့ ခင်တာပဲ'ဟု ပြောတတ်၏။ တစ်ခါတစ်ခါ၌ 'သမီး ကလေးတွေရော လူကြီးတွေပါ စာတွေ သင်ပေးနေရတော့ အားရတယ် မ သမီးက မင်းဆီ လာနိုင်မှာ မဟုတ်ဘူး၊ လိုတာရှိရင် ငါ့ကိုပြော'ဟု ပြောတတ် ယခု တင်မောင်ကျော်ကို ဆင်တဲ၌ မတွေ့ရ၍ ဦးနန်းမိုးတို့ စိတ်ပူသွားမိသ သေနတ်သံကြောင့် ရဲကျော်နှင့် တစ်ခုမဟုတ်တစ်ခု ဖြစ်ပြန်ပြီဟုတွေးကာ သ အဖနှစ်ယောက်စလုံး ဦးလှမောင်သော်တို့နှင့် လိုက်ပါလာခြင်းပင် ဖြစ်သ

တစ်ဆက်တည်းမှာပင် စခန်း၌ သွားလိုရာသွားရန် စေလွှတ်ထားေ ရဲကျော်ကိုလည်း ခေါ်ကြည့်ရာ ရဲကျော်ပါ ပျောက်ခြင်းမလှ ပျောက်ေ လူတိုင်း စိတ်ပူပြီး တောနင်းရှာဖွေကြခြင်းပင်တည်း။

မှန်သည်၊ ရဲကျော်ကို စခန်း၌ မတွေ့ရ၍ ပေါက်ကျိုင်းလည်း စိတ်ပူ တူ၏။ ထို့ကြောင့် သူပါ လူတွေနှင့်ရောပြီး ရဲကျော်ကိုရှာရန် သည်နေရာ လိုက်ပါလာခြင်းပင်။

ယခု သည်ကိုရောက်သောအခါ သူတို့ထင်သမျှ ပါစင်အောင် လွဲ ကြပြီ။ ရဲကျော်နှင့် တင်မောင်ကျော်မှာ အဘယ်ကြောင့် သည်မျှ ရင်းနှီးချ သွားကြသည်ကို မည်သူမျှ မတွေးတတ်အောင်ဖြစ်ပြီး ကြောင်နေကြသည်

ရဲကျော်၏အလိုကို တင်မောင်ကျော် သိပြီ။ ထို့ကြောင့် ယုန်က တစ်ကောင်လို အပြစ်မဲ့စွာဖြင့် ဝပ်စင်းနေသော ပေါက်ကျိုင်း၏ဦးကင်းပေ





ကျိုင်း၏လက်ကိုနင်းပြီး စွေ့ခနဲ ခုန်တက်လိုက်လေသည်။

ရဲကျော်မှာ ဆင်ပေါ်သို့ မတက်သေး။ တစ်စုံတစ်ခု လိုနေသလို ဟိုး ချော လုပ်နေသည်။ နောက်မှ ချုံကွယ်ဘေးက တစ်တောင်ပတ်လည်နီးပါး သေတ္တာကလေးကိုတွေ့မှ တခွီးခွီး ဟီးဟီးနှင့် အော်သည်။ ပြီးလျှင် သား အမေက သူ့သားငယ်ကို တယုတယ ပွေ့ပိုက်သလို သံသေတ္တာလေးကို ကျော်က သူ့လက်နှစ်ဖက်ဖြင့် တယုတယ ပွေ့ပိုက်ပြီး ယူဆောင်လာသည်။ နောက် ဆင်ပေါ်သို့ ရောက်နေသော တင်မောင်ကျော်ကို လူတစ်ဦးက ကမ်း သလို ကမ်းပေးသည်။

သို့သော် တင်မောင်ကျော်က မယူ၊ ရဲကျော်ကိုကြည့်ပြီး ရင်ထဲက ဆို လာသည်။ သူ့အသက်ကို ကယ်တင်ခဲ့သူ မိမိအား သူတတ်နိုင်သလောက် ဆပ်ခြင်း ဖြစ်ပေသည်။ သည်သံသေတ္တာလေးမှာ ငွေသိန်းပေါင်းများစွာ ကြေးရှိကြောင်း ရဲကျော် သိချင်မှ သိပေမည်။

မည်သို့ဆိုစေ ရဲကျော်၏ မေတ္တာစေတနာနှင့် တုံ့ပြန်ချစ်ခင်မှုကို မောင်ကျော်အဖို့ အသိအမှတ် မပြုဘဲ မနေနိုင်။ ရဲကျော် စိတ်ကောင်း င် သံသေတ္တာလေးကို လှမ်းယူသည်။ သည်တော့မှ ရဲကျော်က ပေါက် ပေါ်သို့ စွေ့ခနဲ ခုန်တက်လိုက်လေသည်။

နှင်းယုလှိုင်မှာ ခရီးကြမ်းကို ရင်တထိတ်ထိတ်နှင့် လျှောက်လှမ်းလာခဲ့ သည်ကိုရောက်သောအခါ မြင်တွေ့ရသော မြင်ကွင်းကြောင့် မိမိမျက်လုံး မိမိ မယုံကြည်ချင်သလို ဖြစ်နေ၏။ 'ဟုတ်မှ ဟုတ်ရဲ့လား' ဟု သံသယ ဝင်မိ၏။

"ပေါက်ကျိုင်း နေဦး . . . နေဦး ငါလည်း လိုက်မယ်"

စောလားကလည်း လျင်၏။ တင်မောင်ကျော်နှင့် ရဲကျော်ကိုတင်၍ ပြင်နေသော ပေါက်ကျိုင်း၏ဦးကင်းပေါ်သို့ ရုတ်တရက် ခုန်တက်လိုက်

"ရဲကျော်ရယ် ငါ လိုချင်တာက ဒီဟာတွေ မဟုတ်ပါဘူး၊ ငါ လိုချင်တာ နှင်းယုလှိုင်ရဲ့ အချစ်သာ လိုချင်တာ၊ ဒါပေမယ့် ငါ မရခဲ့ပါဘူးကွာ၊ သူက တို့နဲ့ သပြေသာကိုခွဲပြီး ငါ့နောက်ကို မလိုက်နိုင်ဘူးတဲ့ ရဲကျော်ရဲ့၊ ငါ့ရင်ထဲ ဆယ်စင်းထွက်သလို ပူလောင်နေတယ် ရဲကျော်ရဲ့" ဟု ရင်ထဲက ကျိတ်၍ မောင်ကျော် ပြောနေမိသည်။

"ကဲ ကိုစောလား၊ ဒီကနေပြန်ရင် စခန်းကို ခဏဝင်မယ်၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အသတ်အစားလေးတွေယူပြီး ကျွန်တော် တစ်ခါတည်းပဲ ပြန်တော့မယ်ဗျာ၊ ရှေ့ ခေါ်ဒီပစ္စည်းတွေ၊ ရဲကျော်ရဲ့အသက်ကို ကယ်ခဲ့လို့ ရဲကျော်က ကျွန်တော့် ပေးတာ၊ တကယ် ရထိုက်တာက ရဲကျော်ရဲ့အဖေဖြစ်တဲ့ ဦးလှမောင်သော်ပ

တင်မောင်ကျော်က ရှင်းပြသည်။ ရဲကျော် ငန်းမြွေကြီးနှင့် သတ်ပုတ် သည်ကစ၍ မိမိ ဝင်ပြီး သေနတ်နှင့်ပစ်ခတ်သည်ကအစ ဖြစ်ပျက်ပုံ အလုံး အပြင် ရဲကျော်က ရတနာသေတ္တာရှိရာကို ပြသပြီး ဗိုင်းဝန်းတူးဖော်ပေးပုံအ ပြောပြလိုက်သည်။

"အားလုံးပဲ ကျွန်တော် ပြန်မယ်၊ အဲဒါတွေကို ထုခွဲပြီး ဒီစခန်းက ဆ လုပ်သားကြီးတွေရဲ့ဘဝကို တိုးတက်အောင် ဖန်တီးနိုင်ကြပါစေလို့ ဆုတော ပါတယ်"

ဦးလှမောင်သော်မှာ တင်မောင်ကျော် ဆင်ပေါ်က ကမ်းပေးသေ သေတ္တာကလေးကို လှမ်းယူသည်။ အားလုံးရှေ့၌ ဖွင့်ပြ၏။ သို့သော် စခန်းက တွေက သိပ်ပြီး စိတ်မဝင်စားကြ။ သည်ပစ္စည်းတွေထက် တင်မောင်ကျော် ကျော်နှင့် ပေါက်ကျိုင်းတို့ကိုသာ စိတ်ဝင်တစား ဖြစ်နေကြသည်။ ပြီးတေ ဆရာမလေး နှင်းယုလှိုင်။

"ဒါတွေဟာ ဂျပန်တပ်တွေ ဆုတ်တုန်းက မြှုပ်နှံထားခဲ့တာဖြစ်မယ် ဒါတွေဟာ တို့ပိုင်တာ မဟုတ်ဘူး၊ နိုင်ငံပိုင်ပစ္စည်းတွေ၊ ဒါကြောင့် နိုင်ငံတော် စာရင်းနဲ့တကွ ပေးအပ်ရမယ်"

မန်နေဂျာ ဦးလှမောင်သော်က ပြော့ပြော့ဆိုဆိုနှင့် ရတနာသေတ္တာ လေးကို ပြန်ပိတ်လိုက်သည်။ မိမိတို့၏ ဌာနတစ်ခုလုံး ဂုဏ်ရှိအောင် တိုင်း ပြည်သိ နိုင်ငံတော်ကို ပေးအပ်ရန် စိတ်ထဲ၌ အစီအစဉ် ဆွဲနေလေသည်။

"ကို. . . ကိုတင်မောင်ကျော်"

နှင်းယုလှိုင်က လှမ်းခေါ်သည်။ တင်မောင်ကျော် ဆင်ပေါ်က တစ်ခ လှည့်ကြည့်သည်။ ပေါက်ကျိုင်းက နေရာမှ ထွက်ခွာပြီ။ ရဲကျော်က သူ့လက်တ ဖက်ကို မြှောက်ပြသည်။ ပေါက်ကျိုင်းကမရပ်၊ သွက်လက်သော ခြေလှမ်းတို့ အရှေ့ဆီသို့ တရွေ့ရွေ့ ထွက်ခွာသွား၏။

နှင်းယုလှိုင်၏ ရင်ထဲ၌လည်း ဗလောင်ဆူနေ၏။ ဆို့ကျပ်နာကျင်မှု နှင့် ပြည့်ဝနေ၏။ ပူလောင်လွန်းသော သံရည်ပူတို့မှာ တောင်ကြားတ တည်းက ဖောက်ထွက်လာပြီး နှလုံးသည်းပွတ်ကို ဖြတ်သန်းစီးဆင်းသွားသည် တရွေ့ရွေ့နှင့် ပေါက်ကျိုင်း သယ်ဆောင်ရာသို့ လိုက်ပါသွားသော တင်မော





ကျော်တို့ကို စူးစိုက်ကြည့်ရင်း အသည်းနစ်အောင် စွဲချစ်ရသူအတွက် အသည်း ခွဲမှာ တစ်စစီ၊ တစ်ဖွဲ့စီ ကြွေကျသလို နှင်းယုလှိုင် ခံစားနေရ၏။

"နှင်း . . နှင်းယု နှင်းယုကို ခွင့် . . . ခွင့်လွှတ်ပါ အချစ်ရယ်"

မှတ်ချက်။ ။ ကိုလှူကွဲပြန့် မှတ်တမ်းမှ ထုတ်နုတ်ရေးသားပါသည်။

(၁၉၈၇ ခု၊ အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်း)

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## မိုးပေါ်ကရတနာ

ဟောမန္တရာသီလေက မြူးကြွ၍ လှုပ်ရှားစပြုလာလေပြီ။ သည်ရာသီသည်သမယသို့ ရောက်ပြီဆိုလျှင် ကျွန်တော်တို့မှာ လုပ်ငန်းစကြရပေတော့မည်။ ကျွန်တော်တို့လုပ်ငန်းမှာ မိုးပေါ်က ရတနာများကို ဖမ်းယူကြရသော လုပ်ငန်းပင် ဖြစ်လေသည်။

* * *

မိုးစင်စင်လင်းပြီ ဖြစ်သော်လည်း နေခြည်ကား လုံးဝ မမြင်ရသေး၊ တစ်လောကလုံးကို နှင်းထုက စိုးမိုးထားလေသည်။ ထို့ကြောင့် ခပ်လှမ်းလှမ်းကို သဲကွဲစွာ မမြင်ရ၊ ဝိုးတဝါး ဖြစ်နေသည်။ ဟောမန္တ၏ နံနက်ခင်းမို့ နှင်းထုကိုဖြတ်၍ တိုက်ခတ်လာသောလေကြောင့် မေးခိုက်ခိုက်တုန်မျှ ချမ်းအေးလှလေသည်။

ကျွန်တော်တို့ လှည်းသုံးစီးသည် သိပ်သည်းသော နှင်းထုကိုဖြတ်၍ ရွာမှ တောင်ခြေဘက်ဆီသို့ ဦးတည် မောင်းနှင်နေကြသည်။ လှည်းဝင်ရိုးသံ တအီအီနှင့် နွားခလောက်ချူသံ တချွင်ချွင်တို့က နံနက်ခင်း၏တေးကို ဟစ်ကြွေးနေသယောင် ထင်မှတ်ရသည်။

ကျွန်တော်တို့၏လှည်းများသည် လယ်ကွင်းစပ်မှ ဖောက်လုပ်ထားသော လှည်းလမ်းကြောင်းအတိုင်း မောင်းနှင်နေကြရ၏။ တန်ဆောင်မုန်းဆန်းစ အခါသမယ ဖြစ်သဖြင့် ဖုံးတုံးလုံးတုံး ဖြစ်နေသော စပါးပင်များက သွေထက်ငါ လှုံးကြွ ဟန်ရေးကြွယ်နေကြသည်။ လေအလာတွင် ယိမ်းထိုးလှုပ်ရှားနေကြသော စပါးပင်များကို တွေ့မြင်ရသည်မှာ စိတ်နှလုံးကို သာယာချမ်းမြေ့စေသည်။ ကောက်သင်းနံ့မွှေးမွှေးကို ရှူရှိုက်ရသဖြင့်လည်း ကျွန်တော်တို့စိတ်မှာ လန်းဆန်းရွှင်ပျနေကြသည်။





"ဟော့. . . ညီတွေ၊ မြန်မြန်မောင်းဟေ့၊ နောက်က လှည်းသံတွေ ကြားတယ်၊ ဘယ်သူတွေလဲ မသိဘူး"

နောက်လှည်းမှ ဘကြီးဖြိုးက ကျွန်တော့်ကို အော်ပြော၏။ ကျွန်တော်တို့နောက်မှ လှည်းသံတွေ ကြားရသည်ဟု ဆိုသည်။ မှန်ပါ၏။ သိပ်သည်းသော နှင်းထုကြောင့် ကျွန်တော်တို့နောက်မှ လှည်းများကို ရုတ်တရက် မမြင်ရသော်လည်း လှည်းသံတွေကို ဘကြီးဖြိုးပြောမှ ကျွန်တော်လည်း သတိပြုလိုက်မိသည်။

"ကျွန်တော်လည်း မောင်းတာပဲ၊ ကျွဲဆိုတော့ နွားလောက် လှည်းဆွဲသွက်မလဲဗျ"

ရှေ့ဆုံးမှ မောင်းနှင်နေသော ကျွန်တော်က ဘကြီးဖြိုးကို ပြန်ပြောလိုက်သည်။

"လှည်းဆွဲ မသွက်ရင် နောက်ကလှည်းတွေ တို့ကို မီလာမှာ စိုးရတယ်၊ ရှေ့တို့များ ဖြစ်နေမလား မသိဘူး"

ဘကြီးဖြိုးက နောက်သို့ တစ်ဖန် လှည့်ကြည့်ရင်း ဆိုပြန်သည်။

"ဟုတ်လိမ့်မယ် ထင်တယ်ဗျ၊ မနေ့တုန်းက သူတို့လည်း ဒီနေ့ ထွက်မယ်လို့ ပြောသံဆိုသံ ကြားတာပဲ"

ဘကြီးဖြိုး၏ ထင်မြင်ချက်ကို နောက်ဆုံးမှ လိုက်ပါမောင်းနှင်လာသော ကိုတိုးက ထောက်ခံလိုက်သည်။

ကျွန်တော်တို့ တောသူတောင်သားတွေမှာ ရိုးရာအယူအဆ တစ်ခုရှိ၏။ ခရီးတစ်ခုသွားမည်ဟုဆိုလျှင် နေ့ကောင်းရက်သာ ရွေးပြီးမှသာ သွားလေ့သွားထ ရှိကြသည်။ ကျွန်တော်တို့အရပ်မှ နေ့ကောင်းရက်သာ ရွေးနည်းမှာ အရှေ့ချောင်းနား၊ နောက်ပါးအိုင်သာ၊ တောင်မှာကားပ၊ မြောက်မှာစံရွှေ မသွားလေနှင့်'ဟူ၍ နေ့မကောင်းရက်များကို သတ်မှတ်ထားကြသည်။ 'အရှေ့ပြန်စင်၊ အနောက်ဆင်၊ မြောက်ခွင့်သဲအူ၊ တောင်မူကဒက်၊ လာဘရက်'ဟူ၍လည်း နေ့ကောင်းရက်သာများကို သတ်မှတ်ထားကြလေသည်။

ယင်းစာဆိုနှင့်အညီ ကျွန်တော်တို့ ယခု သွားရမည်ဖြစ်သော နေရာသည် တောင်ဘက်တွင် ရှိ၏။ ထို့ကြောင့် 'တောင်မူကဒက် လာဘရက်' ဟု ဆိုလေရာ တစ်ပတ်အတွင်း တနင်္လာနေ့နှင့် စနေနေ့သည် ကျွန်တော်တို့လို တောင်ဘက်သွားလိုသူများအတွက် အလွန်ကောင်းသော ရက်နှစ်ရက်ပင် ဖြစ်လေသည်။

ထို့ကြောင့် ယခုလည်း နေ့ကောင်းရက်သာဖြစ်သော တနင်္လာနေ့နံနက်



www.burmeseclassic.com

www.burmeseclassic.com



တောစောင့် ကျွန်တော်တို့ လှည်းသုံးစီး ရွာမှ ထွက်လာကြခြင်းပင် ဖြစ်၏။

ထို့အတူ စံရွှေတို့ကလည်း ကျွန်တော်တို့နည်းတူ နေ့ကောင်းရက်သာ ရွေး၍ ရွာမှ ထွက်လာကြပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တို့ ထွက်လာသော သည်နေ့အဖို့၌ စံရွှေတို့နှင့် ချိန်းထားသလိုဖြစ်ပြီး ယခုလို တွေ့ဆုံရန် ဖန်တီးလာ လေတော့သည်။

ကျွန်တော်တို့မှာ မိုးပေါ်က ရတနာများကို သွားရောက် ရှာဖွေဖမ်းဆီး ကြမည့်သူများ ဖြစ်လေရာ စောစီးစွာကပင် ကျွန်တော်တို့ရွာဖြစ်သော ဥယျာဉ် တောရွာမှ ရိုးမတောင်ခြေရှိ သရက်တောကြီးဆီသို့ ဦးတည် ထွက်လာခဲ့ကြခြင်း ပင် ဖြစ်၏။ ထို့အတူ စံရွှေတို့မှာလည်း ကျွန်တော်တို့နည်းတူ မိုးပေါ်က ရတနာ များကို ဖမ်းဆီးသူများ ဖြစ်သဖြင့် ယခုလို လှည်းလမ်းတစ်ကြောင်းတည်း၌ ဆုံစည်းကာ လုပ်ငန်းသဘောအရ စံရွှေတို့နှင့် ကျွန်တော်တို့ တူညီပြိုင်ဆိုင်နေ ကြသလို ဖြစ်နေလေသည်။

"ဟာ လက်စသတ်တော့ ကိုတိုးတို့ကိုး၊ ကျွန်တော်က ဘယ်သူတွေလဲ အောက်မေ့လို့"

ကျွန်တော်တို့နောက်မှ လိုက်လာသော လှည်းများက ကျွန်တော်တို့ကို မီလာသည့်အပြင် နောက်မှ အော်ပြောလိုက်သော အသံကိုပါ ကြားရသော အခါ အစကတည်းက ထင်ခဲ့သလိုပင် စံရွှေ ဖြစ်ကြောင်း မမေးဘဲနှင့် သိရ တော့သည်။ စံရွှေ၏ အသံပြဲပြဲကြီးမှာ တအီအီ မြည်နေသော လှည်းဝင်ရိုးသံ များနှင့် နွားခလောက်ချူသံတို့ကို ထိုးဖောက်နိုင်စွမ်း ရှိလေသည်။

"အေးကွ၊ မင်းတို့က ဘယ်သွားမလို့လဲ"

ကျွန်တော်တို့ လှည်းသုံးစီး၏ နောက်ဆုံးမှ ကိုတိုး၏ အော်ဟစ်မေးသံကို ကြားရသည်။

"ကျွန်တော်တို့ကတော့ ထုံးစံအတိုင်းပေါ့ဗျ ဟဲဟဲ၊ ခင်ဗျား ရှေ့က ဘကြီးဖြိုးနဲ့ မောင်ထွေးတို့ မဟုတ်လား"

စံရွှေက ကျွန်တော်တို့ လှည်းသုံးစီးနောက်မှ ကပ်လိုက်လာရင်း မြူမှုန် တို့နှင့် ဝါးထွေး၍ မသဲမကွဲ ဖြစ်နေသော ကျွန်တော်တို့ကို မေးတော့သည်။

"ဟေ့ စံရွှေ မင်းတစ်ယောက်တည်းလား၊ ဘယ်သူတွေ ပါသေးသတုံး"

ကျွန်တော့်နောက်မှ ဘကြီးဖြိုးက စံရွှေကို ပြန်မေးလိုက်သည်။

"ကိုထွန်းမောင်လည်း ပါတယ်၊ ဘကြီးဖြိုးတို့လည်း သရက်တောဆီကို သွားမလို့ မဟုတ်လား"





"အေးလကွာ၊ တို့လည်း မင်းတို့လိုပေါ့"

ကျွန်တော်တို့၏ လှည်းသုံးစီးနောက်သို့ စံရွှေတို့ လှည်းနှစ်စီးက ရောက် လာကြပြီ ဖြစ်သည်။ လှည်းငါးစီးမှာ ရှေ့ဆင့်နောက်ဆင့် စီနေကြ၏။

ကျွန်တော်က နောက်သို့ တစ်ချက်သာ လှည့်ကြည့်ပြီး ဘာမှ မပြော ချေ။ ကျွန်တော့် ကျွဲကြီးနှစ်ကောင်ကိုသာ ပိုမို၍ ခရီးတွင်စေရန် ဂရုတစိုက် မောင်းနှင်နေရ၏။ ထို့ပြင် စံရွှေကိုလည်း သိပ်ပြီး စကား မပြောချင်ပေ။ အကြောင်းမှာ ယခင်နှစ်က ဤကဲ့သို့ပင် မိုးပေါ်က ရတနာကို ရှာဖွေဖမ်းဆီးကြ ရင်း ရွာမြောက်ဘက် သရက်တောထဲတွင် ကျွန်တော်နှင့် စံရွှေတို့ အတော် စကားများကြခြင်းကြောင့် ဖြစ်လေသည်။ ကျွန်တော့် ရတနာအိုးကို စံရွှေက ခိုးသဖြင့် တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်ခဲ့ရသော အဖြစ်အပျက်ကိုလည်း ပြန်လည် တွေးတောမိသည်။ ထို့ကြောင့် စံရွှေ၏မျက်နှာကို ကျွန်တော် မကြည့် ချင်ပေ။

ထို့အတူ စံရွှေကလည်း ကျွန်တော့်မျက်နှာကို လုံးဝ ကြည့်ချင်လိမ့်မည် မဟုတ်။ ကျွန်တော့်မျက်နှာကို မကြည့်ချင်လောက်အောင်လည်း သူ့၌ အကြောင်း အရာက ခိုင်လုံစွာ ရှိလေသည်။

မည်သို့ဆိုစေ ကျွန်တော်တို့ နှစ်ယောက်၏ အယူအဆ သဘောထားတို့ က ပြဒါးတစ်လမ်း သံတစ်လမ်း ကွဲလွဲခဲ့ကြသော်လည်း ယခုတော့ ခရီးတစ်ခုကို ရည်ရွယ်ချက်ချင်း တူညီစွာဖြင့် သွားလာနေကြရလေပြီ။ ဤသည်ကို ကျွန်တော့် စိတ်ထဲ၌ တစ်မျိုးကြီး ဖြစ်နေ၏။ ထို့အတူ စံရွှေ စိတ်ထဲ၌လည်း ပြိုင်ဘက်ချင်း ဖြစ်သော ကျွန်တော်က သူ့ရှေ့သို့ ရောက်နေသဖြင့် လုံးဝ ကျေနပ်နှစ်မြို့က် သဘောကျ လက်ခံနိုင်လိမ့်မည် မဟုတ်။

ဘကြီးဖြိုး၊ ကိုတိုး၊ ကိုထွန်းမောင်၊ စံရွှေတို့နှင့် လှည်းပေါ်မှ အပို ခေါ် ဆောင်လာကြသော လူများသာ စကားဖောင်ဖွဲ့၍ ပြောဆိုနေကြသော်လည်း ကျွန်တော်ကတော့ ကိုယ့်အတွေးနှင့်ကိုယ် တစ်လမ်းလုံး နှုတ်ဆိတ်နေမိသည်။ သူတို့ မည်သည့်အကြောင်းအရာကို ပြောဆိုနေကြမှန်း သဲကွဲစွာ မကြားရသော် လည်း သူတို့ စကားသံများကတော့ လှည်းသံများကို ထိုးဖောက်ပြီး ဆူညံနေကြ သည်။ သို့သော် သူတို့စကားများကို ကျွန်တော် စိတ်မဝင်စားပါ။

ကျွန်တော့်အဖို့ အရေးအကြီးဆုံးမှာ သရက်တောကြီးထဲသို့ စံရွှေတို့ ထက် ဦးစွာ စော၍သာ ရောက်ချင်နေမိသည်။ ထို့ကြောင့်လည်း ကျွဲနှစ်ကောင် ကို အမြဲတမ်း ကြိမ်တို့ပြီး သတိပေးနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ထွေးရေ၊ သွက်သွက်ကလေးနှင်ဟေ့၊ တောထဲကို နေမပွင့်မီ ရောက်မှဖြစ်မယ်"

နောက်မှ လိုက်လာသော စံရွှေတို့နှင့် စကားပြောရင်း ရှေ့ဆုံးမှ မောင်းနှင်နေသော ကျွန်တော့်ကို သတိပေးစကား ဘကြီးဖြိုးက လှမ်းပြောသေးသည်။

"ကျွန်တော်လည်း ကြိုးစားပြီး မောင်းနေတာပဲ၊ ဒါပေမယ့် ကျွန်တော့် ကောင်ကြီးနှစ်ကောင်က သိပ်မသွက်ဘူးဗျို့"

ကျွန်တော်ကလည်း ဘကြီးဖြိုးကို ပြန်လည်၍ ပြောကြားလိုက်သည်။

"လှည်းဆွဲ မသွက်မှန်းသိရင် နောက်ဆုံးက နေမှပေါ့ကွ၊ အလကား ရှေ့ကနေပြီး ကန့်လန့်ကန့်လန့်နဲ့ ရှုပ်နေတာပဲ"

ကိုတိုးနောက်မှ ပါလာသော စံရွှေက ကျွန်တော့်ကို မာဆတ်ဆတ် အသံနှင့် အော်ပြောလိုက်သည်။

စံရွှေ၏အသံသည် ကျွန်တော့်အဖို့ ငှက်ဆိုးထိုးသံ ဖြစ်၏။ သည်အသံကို လုံးဝ မကြားချင်။ ထို့ပြင် ကျွန်တော် မောင်းသည်မှာ ကျွဲလှည်း ဖြစ်၏။ ကျွဲသည် နွားလောက် လှည်းဆွဲ မသွက်ကြောင်းကိုလည်း ကျွန်တော် သိပါသည်။ သိ၍လည်း ဂရုစိုက် မောင်းနှင်နေရ၏။ ဤသည်ကို သိပါလျက်နှင့် စံရွှေက ကျွန်တော့်ကို မာဆတ်ဆတ် အသံဖြင့် အော်ဟစ်ပြောဆိုသောအခါ ကျွန်တော့်မှာ ဒေါသ ဖြစ်ရသည်။

ကျွန်တော်နှင့် စံရွှေသည် ဖြစ်ပျက်ခဲ့ပြီးသော အခြေအနေများကြောင့် မည်သည့်အခါမျှ မျက်နှာချင်းဆိုင်၍ ရသူများ မဟုတ်ပါချေ။ ဥပမာဆိုရသော် တစောင်းစေးနှင့် မျက်ချေးပမာပင်။ အမှန်မှာ ကျွန်တော်က စံရွှေ့မျက်နှာကို မကြည့်ချင်သလို၊ စံရွှေကလည်း ကျွန်တော့်မျက်နှာကို လုံးဝ ကြည့်ချင်လိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ရွာလယ်ပိုင်းမှ ငြိမ်းငြိမ်းကို သူနိုင်ကိုယ်နိုင် အပြိုင်ပိုးပန်းနေကြသူများ ဖြစ်သောကြောင့်ပင်တည်း။

ထို့ကြောင့်လည်း ကျွန်တော်တို့နှစ်ယောက်မှာ စီးပွားရေး၌လည်း အပြိုင်၊ အချစ်ရေး၌လည်းအပြိုင် ဆိုသောအခါ မည်ကဲ့သို့မျှ မျက်နှာချင်းဆိုင်၍ မရတော့။ တစ်ဦးနှင့်တစ်ဦးလည်း အကျောမပေးလို၊ အသာမပေးလို အဖိမခံချင်ကြ၊ ဖိလျှင်ကြွမည်။ ထိလျှင် ချမည်ဟူသော ဆောင်ပုဒ်ကို ကျွန်တော်တို့နှစ်ယောက်စလုံးက လူငယ်တို့ဘာဝ အမိအရ ဆောင်ထားကြသူများ ဖြစ်လေသည်။ ထို့ကြောင့် စံရွှေကလည်း ကျွန်တော့်ကို မည်သည့်နေရာ၌မဆို အသာ မပေးလိုပေ။ သူကသာ အစစအရာရာကို အသာလိုချင်သည်။ အနိုင်လိုချင်





သည်။ အနိုင်လိုချင်သူ ကျွန်တော်တို့နှစ်ဦး၏ ပြိုင်ဆိုင်မှုသည် အဘယ်သော အခါမှ ပြီးဆုံးမည်ဟူ၍လည်း ကျွန်တော် မတွေးတတ်တော့ချေ။

စံရွှေကလည်း ငြိမ်းငြိမ်း မေတ္တာကို သူသာ ရယူပိုင်ဆိုင်လိုသည်။ ငြိမ်းငြိမ်းကိုလည်း သူမှလွဲ၍ မည်သူနှင့်မျှ မထိုက်တန်ဟု စံရွှေက မှတ်ယူထားလေသည်။ သို့သော် ငြိမ်းငြိမ်းက စံရွှေကို အရေးပေးသလို ကျွန်တော့်ကိုလည်း အခွင့်အရေးပေးလေသည်။ ထို့ကြောင့် ကျွန်တော်ကလည်း ရရှိသော အခွင့်အရေးကို လုံးဝ အဆုံးအရှုံး မခံနိုင်၊ ရသထက် ရစေရန် ပိုမိုပြီး ကြိုးစားနေ၏။ အရှင်းဆုံးဆိုရသော် ငြိမ်းငြိမ်းနှင့် ကျွန်တော်ကား နှုတ်မှ ဖွင့်ဟ၍သာ မပြောဆိုကြသော်လည်း နှလုံးသားချင်းကတော့ အမြဲတမ်း စကားပြောဆိုနေကြပြီဟု ဆိုလျှင် မမှားနိုင်တော့ချေ။

ဤသည်ကိုသိသော စံရွှေကလည်း ကျွန်တော့်အပေါ်တွင် လုံးဝ မကျေမနပ် ဖြစ်နေ၏။ စံရွှေ မကျေမနပ် ဖြစ်နေသော်လည်း ကျွန်တော်က သူတို လုံးဝ ဂရုမစိုက်။ သည်အခါ ချိတ်ချိတ်ချင်းမို့ တစ်နေ့မဟုတ် တစ်နေ့ ချိတ်မိကြတော့မည်မှာ အမှန်ပင်တည်း။

ယခုလည်း ကျွန်တော် သူ့ရှေ့သို့ ရောက်နေသောအခါ စံရွှေက သဘောမကျ ဖြစ်နေ၏။ ဤသည်ကို ကနဦးကပင် ကျွန်တော် သိရှိခဲ့သည်။ ထို့ကြောင့် စံရွှေ ဆူညံဆူညံလုပ်မှာ စိုးရိမ်မိသည့်အပြင် သူ့ကိုလည်း အသာ မပေးချင်သည့် ကျွန်တော်က မခံချင်စိတ်နှင့် ကျွဲကြီးနှစ်ကောင်ကိုသာ ကြိမ်တို့ကာ အပြင်း မောင်းနှင်နေရသည်။ သို့သော် ကျွန်တော့်မှာ ကျွဲလှည်း ဖြစ်သဖြင့် ဆင်သလောက် ခရီးမတွင်ပေ။

ဤသည်ကို စံရွှေကလည်း သူ့ကို တမင် အရွဲ့တိုက်နေသည်ဟုထင်ကာ သူ့စိတ်ထဲမှာ ခံပြင်းနေမိပေလိမ့်မည်။ သို့သော် ကျွန်တော့်လှည်းကို ကျော်တက်ချင်သော်လည်း စံရွှေနှင့် ကျွန်တော့်အကြားတွင် ဘကြီးဖြိုးတို့လှည်းများက ခံနေသဖြင့် စံရွှေအဖို့ ကသိကအောက် ဖြစ်လာလေသည်။

ယခုလို ဘကြီးဖြိုးက ကျွန်တော့်လှည်းကို မြန်မြန် မောင်းစေရန် ပြောကြားလိုက်သောအခါ စံရွှေအဖို့ အကွက်ကောင်းဝင်သွားသည်။ ထို့ကြောင့်လည်း အသေးအဖွဲကိစ္စလေးကို ရေးကြီးခွင်ကျယ်လုပ်၍ ဆူညံပူညံဖြစ်အောင် ဒန်တီးလေတော့သည်။

"ဟေ့ စံရွှေ၊ မကျေနပ်ရင် မလိုက်နဲ့ကွာ၊ သိပ်တော့ စကားများမနေနဲ့၊ မင်း ငါ့လို ရှေ့ဆုံးက နေချင်ရင် ငါ့လို စောစောစီးစီး ထွက်ပါလား။ ဘာအခုမှ



www.burmeseclassic.com

www.burmeseclassic.com



ပူညံပူညံ လုပ်နေတာလဲ"

ကျွန်တော်က မြွေမြွေချင်းမို့ ခြေမြင်ပြီးသား။ ထို့ကြောင့် စံရွှေကို ခပ်ဆတ်ဆတ် ငေါက်လိုက်သည်။

"ပူညံပူညံ လုပ်နေတာ မဟုတ်ဘူးကွ၊ မင်း စကားပြောတာ ကြည့်ပြော"

"ကြည့်ပြောနေတာပဲ၊ မင်းအကျင့်ကို ငါ မသိဘူးများ အောက်မေ့လား ဘယ့်နှယ် မင်းက နေရာတကာမှာ အသာလိုချင်လို့ ရမလားကွ"

ကျွန်တော်လည်း အလျှော့မပေး၊ ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ခပ်ဆတ်ဆတ် ကလိလိုက်သည်။

"အောင်မာ မင်းက စော်စော်ကားကား တယ် လူ၀ါးဝပါလားဟင်"

ကျွန်တော်၏ စကားအဓိပ္ပာယ်ကို နားလည်သဘောပေါက်သွားသော စံရွှေက အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါ ဖြစ်သွားသည်။

"လူဝါးဝတော့ ဘာဖြစ်လဲ၊ မင်းလိုကောင်မျိုးကို ငါ ဂရုစိုက်စရာမှတ်လို့"

"ဟေ့ ငထွေး၊ မင်းက ဂရုမစိုက်ရင် ငါကလည်း မင်းကို အရေးလုပ်စရာ မလိုဘူးကွ၊ ယော့ ခွေးနောက်က လူမနေဘူး၊ ဘကြီးဖြိုးနဲ့ ကိုတိုး ကျွန်တော့်တို့ နည်းနည်းလော့က် ဘေးကပ်ပေးစမ်းပါဗျာ. . တောက်"

"ခင်ဗျားကြီး လွန်ပြီနော်၊ စကားပြောတာ ကြည့်ပြော၊ အစ်ကိုထွေး မခံနိုင်ဗျာ ပြန်ပြော၊ အခု ပြန်ပြော"

ကျွန်တော့်ဘေးတွင် အငြိမ့်သား လိုက်ပါလာသော ကျွန်တော့်ညီဖြစ်သူ မောင်အေးက ရုတ်ခြည်း မတ်တတ်ရပ်၍ အော်ပြောသည်။ ပြီးလျှင် စံရွှေတို့ ရှိရာနောက်သို့ လှည့်ပြီး စားမတတ် ဝါးမတတ် စိုက်ကြည့်နေသည်။

ကျွန်တော်တို့လှည်းပေါ်တွင် မိုးပေါ်က ရတနာများကို ဖမ်းဆီးရာ၌ အသုံးပြုရမည့် တန်ဆာပလာဖြစ်သော ဖျဉ်းအိုး၊ သံစည်ပိုင်းပြတ်၊ လှေကား အိုးခွက်ပန်းကန် စသည့် ပစ္စည်းများက လှည်းရုံတိုင်နှင့်အညီ စနစ်တကျ ကြိုးများနှင့် ဆိုင်း၍ တင်ထားကြသဖြင့် နောက်ကို လှည့်ကြည့်မည်ဆိုလျှင် လှည်းဘေးမှ ခေါင်းပြူ၍ လည်းကောင်း၊ မတ်တတ်ရပ်၍ လည်းကောင်း ကြည့်ရှုမှသာ နောက်သို့ ကောင်းမွန်စွာ မြင်ရသည်။ ထို့ကြောင့်လည်း ကျွန်တော့်ညီဖြစ်သူ မောင်အေးက မတ်တတ်ရပ်ပြီး ပြောဆိုနေခြင်းပင် ဖြစ်လေသည်။ ကျွန်တော်ကလည်း မောင်အေးနည်းတူ ဗြုန်းခနဲ မတ်တတ်ရပ်လိုက်သည်။

"အို မင်းတို့ကလည်း ကိုယ့်တစ်ရွာထဲသားတွေပဲ၊ တစ်ယောက်နဲ့တစ်ယောက် သည်းခံမှပေါ့ကွ၊ မင်းတို့ လူငယ်တွေကြောင့်လည်း ခက်ပါတယ်ကွယ်"





ဘကြီးဖြိုးက ဝင်ရောက် ဖျန်ဖြေသည်။ ထို့နောက် နွားကြိုးကိုကိုင်၍ ...ည်း မတ်တတ်ရပ်ပြီး ကျွန်တော်တို့ကို စိတ်မချစွာနှင့် ကြည့်နေသည်။ ...သော် ဘကြီးဖြိုး အပြောက နောက်ကျသွားချေပြီ။ စိတ်မြန်ကိုယ်မြန်ရှိသော ...ရွှေက ကျွန်တော်တို့ကို ကျော်တက်ရန် သူ့နွားကြီးနှစ်ကောင်ကို ကြိမ်တို့၍ ...တ်ပေးလိုက်လေတော့သည်။ ထိုအခါ သူ၏ သွက်လက်သော နွားနီကြီးနှစ် ...င်တာ လှည်းတန်း၏ဘေးသို့ ခွဲထွက်ပြီး ရှေ့သို့တက်ရန် အသင့်ပြင်ထားလေ ...ည်။ ဤသည်ကို ကျွန်တော်က သိသော်လည်း ရုတ်တရက်မို့ လှည်းကိုဘေး ...ပေးရန် မလွယ်ကူ။ တတ်နိုင်သမျှ ကြိုးစား၍ ဘေးသို့ ကပ်ပေးနေသော် ...ည်း ကျဉ်းမြောင်းသောလမ်းကြောင့် မလွတ်မလပ် ဖြစ်နေသည်။ ထို့ကြောင့် ...တစ်စီးနှင့်တစ်စီး ကျော်တက်ရာတွင် လှည်းဘီးတို့မှ ဖုံတောင်းချင်း ပွတ် ...၍ တဂျိဂျိ အော်မြည်ကာ စံရွှေလှည်းက ကျွန်တော့်လှည်းကို ကျော်တက် ...သွားလေတော့သည်။

"ဒါ မင်း သက်သက် ယုတ်မာတာ"

စံရွှေ၏ ရိုင်းစိုင်းသော အပြုအမူကြောင့် ကျွန်တော်က ကျွဲများကို ...နှုန်း အော်ပြောလိုက်သည်။

"အေး ယုတ်တော့ ဘာဖြစ်လဲ၊ တောထဲကျရင် မင်း သိမယ်"

"တောထဲကျမှ သိစရာ မလိုဘူး၊ လာလေ အခု သိကြည့်ရအောင်"

စံရွှေက ကျွန်တော့်ကို ပြန်လှည့်၍ ကြိမ်းမောင်းသည်။ ထို့ကြောင့် ကျွန်တော်ကလည်း ပြန်၍ အော်ရသည်။ ထို့နောက် တစ်မုဟုတ်ချင်းမှာပင် ...၏ သွက်လက်သော နွားနီကြီးနှစ်ကောင်၏ ဆွဲပြေးမှုကြောင့် ကျွန်တော်တို့နှင့် ...တော် ဝေးသောနေရာသို့ ရှေ့ဆုံးမှ ရောက်ရှိသွားလေတော့သည်။

စံရွှေနှင့် လိုက်ပါလာသော ကိုထွန်းမောင်ကလည်း ဤသည်ကို အခွင့် ...ကောင်းယူ၍ ကျွန်တော်တို့ အားလုံးကို ကျော်တက်ပြီး စံရွှေနှင့်အတူ ရှေ့ဆုံးမှ ...ရောက်ရှိသွားလေတော့သည်။ ထိုအခါ စံရွှေတို့ကို ဒေါသဖြစ်ရုံမှအပ ကျွန်တော် ... ဘာမှ မတတ်နိုင်တော့ချေ။

"ဒီမှာ မောင်ထွေးရဲ့၊ ဘကြီး ပြောမယ်၊ စံရွှေအကြောင်းလည်း မင်းသိ ...သားပဲ မဟုတ်လား၊ ဒီတော့ တစ်ဦးနဲ့တစ်ဦး သည်းခံမှပေါ့ကွယ်။ မင်းတို့က ...ထဲက ဒီလို ဖြစ်နေရင် တောထဲရောက်လို့ အန္တရာယ်တစ်ခုခုနဲ့ ရင်ဆိုင်တွေ့ ...ရင် ဘယ့်နှယ်လုပ်မလဲ"

ဖြစ်ပျက်လာသော အခြေအနေကြောင့် ဘကြီးဖြိုးက စိတ်ထိခိုက်စွာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆို၏။ ဘကြီးဖြိုး ပြောသည်မှာ အမှန်ဖြစ်ကြောင်း ကျွန်တော် သိပါသည်
"ဟုတ်ပါတယ် ဘကြီးဖြိုးရယ်၊ ကျွန်တော်ကလည်း သက်သက် ဘ
ဖြိုးတို့ ရှေ့ကနေပြီး နှောင့်ယှက်နေတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့
အထွက်စောလာလို့ သူတို့ရှေ့ကို ရောက်နေတာ မဟုတ်လား၊ သူတို့ ကျွန်တေ
တို့ကို ကျော်တက်ချင်လို့ သက်သက် ပူညံဆူညံ လုပ်တာဗျ"
ကျွန်တော်ကလည်း ဘကြီးဖြိုးကို အကျိုးသင့်အကြောင်းသင့် ရှင်းလ
ပြောပြရသည်။
"ဟုတ်တယ် ဦးလေးဖြိုးရဲ့၊ ဒီကောင်တွေက မောင်ထွေး ပြောသ
ကျွန်တော်တို့ကို ကျော်တက်ချင်လို့ သက်သက် မီးအောင် လိုက်မောင်းလာ
ကြည့်ပါလား"
ကိုတိုးကလည်း သူ၏ ထင်မြင်ချက်ကို ဝင်ပြောပြသည်။ ကျွန်တော်
မောင်အေးကမူ ဘာမှ မပြောတော့ဘဲ စံရွှေတို့ဆီကိုသာ မှုကျေမနပ်နှင့် 
ကြည့်နေ၏။
"အေးပါကွာ၊ ငါ အားလုံး သိပါတယ် ငါက ပြောရတာလည်း တော
နောက်ကျမှရောက်ရင် နွားလည်းပန်း လူလည်းပန်းဆိုတော့ နေပူပြီး အလုပ်
ရတာ သိပ်မတွင်ကျယ်ဘူး မဟုတ်လား။ စံရွှေကိုလည်း တောထဲရောက်မှ
ကြည့်ရှုပြောပါ့မယ်"
ဘကြီးဖြိုးကလည်း သူ့အပေါ်ကို ကျွန်တော်က တလွဲထင်မှတ်မည်
၍ ရှင်းလင်းပြီး ပြောပြသည်။
"ဟုတ်ပါတယ်ဗျာ၊ ဒီလိုဆိုရင်လည်း ကျွန်တော် နောက်ဆုံးကပဲ လိ
တော့မယ်ဗျာ"
"ဟုတ်တယ် အစ်ကိုထွေး၊ အဲဒါ ကောင်းတယ်"
ကျွန်တော့်ညီဖြစ်သူ မောင်အေးကလည်း ကျွန်တော့်စကားကို ထော
ခံအားပေးလိုက်သည်။
"အို မောင်ထွေးတို့ကလည်းကွယ် ဖြစ်ပြီးတာလည်း ပြီးမှပဲ၊ နော
ဒီလို မဖြစ်ရအောင် မင်းက သဘောထားကြီးကြီး ထားစေချင်တယ်ကွယ့်
ကဲကဲ စံရွှေတို့ကို အမီလိုက်ရအောင် သုတ်သုတ်ကလေးဟေ့"
ကျွန်တော့်ကို ပြောပြီးသည်နှင့် ဘကြီးဖြိုးဟာ ကိုတိုးကိုပါ သတိ
စကား ပြောကြားလိုက်လေသည်။ ဘကြီးဖြိုး ပြောကြားသည်မှာ အမှန်
ဖြစ်လေသည်။ တောထဲသို့ အချိန်နှောင်းမှ ရောက်ရှိကြလျှင် ကျွန်တော်





င်းအတွက် နေရာကောင်း မရမှာ ပူရသည်။
ကျွန်တော်တို့လုပ်ငန်းမှာ မိုးပေါ်က ရတနာဖြစ်သော ဆေးပြဒါးများကို
ကြရမည့် လုပ်ငန်းပင် ဖြစ်လေသည်။ ထို့ကြောင့် ဘကြီးဖြိုး၏ စကားဆုံး
နှင့် ကျွန်တော့် ကျွဲကြီးနှစ်ကောင်ကို ခရီးတွင်စေရန်အတွက် အမြင်းနှင်ရ
တော့သည်။
ကျွန်တော်တို့မှာ ချမ်းသည် အေးသည်ကိုလည်း သတိမထားမိ။ တောင်
သရက်တောကြီးဆီသို့ ရောက်ရန်သာ စိတ်စောနေကြသည်။ ထို့ကြောင့်
စံရွှေနှင့် ကျွန်တော် စကားများခဲ့ရသည် မဟုတ်ပါလား။
စံရွှေ၏ 'တောထဲကျရင် မင်း သိမယ်' ဟူသော ကြုံးဝါးသံမှာ ကျွန်တော့်
ထဲက လုံးဝ မထွက်ခဲ့။ ထိုအခါ လူချင်းတူတူ မည်သူက စွမ်းရည်သာ၍
သူက သတ္တိရှိကြောင်းကို "စံရွှေ့ရှေ့ မင်း ကောင်းကောင်း သိစေ့ရမယ်ကွ"
၍လည်း ကျွန်တော်က ကြိတ်ပြီး ကြုံးဝါးလိုက်မိလေတော့သည်။

* * *

ကျွန်တော်တို့ သရက်တောထဲသို့ ရောက်သည်နှင့် နှင်းမြူက စဲချေပြီ။
သည်ကလည်း ရွှန်းလဲ့တောက်ပလာတော့သည်။ထို့အတူ ငှက်ကျေးငှက်သာရကာ
ပေါင်းတို့ကလည်း သာယာသော အသံပေါင်းစုံတို့က ကျွန်တော်တို့ကို ဆီးကြို
ဆက်ကြလေသည်။
ကျွန်တော်တို့ ရောက်ရှိနေသော နေရာမှာ သရက်တောကြီးဟုသာ
သော်လည်း ကြီးမားသော ကုက္ကိုပင်၊ ညောင်ချပ်ပင်တို့အပြင် ဝါးတောကြီး
နှင့် အခြား သစ်ပင်ကြီးငယ်များက အနှံ့အပြား နေရာယူထားကြပြီး ကျွန်း
နှင့် အင်ပင်ကြီးများကိုလည်း တွေ့ရှိရလေသည်။
နှင်းရည်ကို အဝသောက်ထားကြပြီးဖြစ်သော သစ်ပင်ဝါးပင်တို့မှာ မြ
ရင့်ရောင် သန်းနေကြသည်။ ထို့ပြင် ညောင်ချပ်ပင် ကိုင်းတစ်လျှောက်မှ
တက်ချင်းငှက်၊ ဖိုးခေါင်ငှက်တို့၏ အော်မြည်သံကိုလည်း ကြားရသည်။ အခြား
စ်ပင်ဝါးပင်တို့ဆီမှလည်း ငုံး၊ ဥဩ၊ ခါ၊ ကျီးပါမကျန် ငှက်ပေါင်းရံ၍ ဖိုသံ
မ,သံမြူးသည် ကြည်နူးဖွယ်ရာ တီတာတာတည်း။
ကျွန်တော်တို့ ရောက်ရှိနေသော သရက်တောကြီးမှာ ပဲခူးရိုးမ၏
ောင်ခြေတွင် တည်ရှိလေသည်။ ၎င်းသရက်ပင်များမှ သရက်သီးတို့သည်
သွားခြင်း မရှိဘဲ ကလေးငယ်တစ်ဦး၏ လက်သီးဆုပ်မျှသာ ရှိသည်။ ထို့ပြင်
စေ့မှာ အသီးနှင့် မလိုက်အောင် ကြီးမား၍ အသားကား မရှိ။ ၎င်းအစေ့များ



www.burmeseclassic.com

www.burmeseclassic.com



ည့်လျှင်လည်း အမျှင်များသည့်အပြင် ချဉ်လိုက်သည်မှာလည်း လွန်ပါ
အစိမ်းစားဖို့ရန်ကလည်း အလွန်ညံ့သော သရက်သီးမို့ မည်သူမျှ မမက်မော
သို့ရာတွင် တစ်ခါတစ်ရံ၌ တောထဲသို့ အကြောင်းကိစ္စ အမျိုးမျိုး
ကြောင့် လာရောက်ကြသောသူများနှင့် အမဲပစ်ခတ်ရန် လာရောက်ကြသော
တောလိုက်မုဆိုးများအဖို့ တို့စရာ ပင့်စရာ အဖြစ်သာ အသုံးပြုကြလေသည်။

ကျွန်တော်တို့ရွာသည် ဥယျာဉ်တော ဖြစ်၏။ ကျွန်တော်တို့ရွာနှင့်
သရက်တောကြီးသည် ရှစ်မိုင်မျှ ဝေးလေသည်။ ထို့ကြောင့် မည်သူကမျှ တကူး
တက လာရောက်၍ ဆွတ်ခူးခြင်း မရှိကြချေ။ အခြား ရွာများဖြစ်သော စိမ့်ရွာ
ပေါက်တော၊ သာယာကုန်း၊ ကျွဲလူးအိုင် စသည့် ရွာများနှင့်လည်း အတော်
အလှမ်းဝေးလေသည်။ ထို့ကြောင့်လည်း အသီးများမှာ ငှက်များ၏ ထိုးဆိတ်
ကြောင့် လည်းကောင်း၊ လေဒဏ်မိုးဒဏ်တို့ကြောင့် လည်းကောင်း ကြွေကျ
မြေခကြရလေသည်။

ယင်းကဲ့သို့ ကြွေကျ၍ မြေခသော အသီးများမှတစ်ဆင့် အပင်များ
ပေါက်ရောက်ကြပြီးလျှင် မျိုးပွားချင်တိုင်း ပွားနေကြလေသည်။ ထို့ကြောင့်လည်း
ယခုလို လူမသုံးသည့် သရက်တောကြီးအဖြစ် ရိုးမနှင့်ဆက်ပြီး ကြည့်မဆုံး
မြင်မဆုံး တည်ရှိနေခြင်းလည်း ဖြစ်ပေသည်။

ထိုတောကြီးကား ပဲခူးရိုးမ၏ အဲဆွယ်အပွား တစ်ခု ဖြစ်ခြင်းကြောင့်
ရေမြေသဘာဝအရ အလွန် ကောင်းမွန်လေသည်။ ထို့ကြောင့် ၎င်းသရက်ပင်
ကြီးများမှာ ပိုမို၍ သန်မာထွားကျိုင်းပြီး စိမ်းလန်းစိုပြည်နေပေသည်။ သရက်ပင်
များမှာ ကြွေကျနေကြသော သစ်ရွက်ခြောက်များကား ခြေချင်းဝတ်ကျော်မျှ
ရှိ၏။ ကျွန်တော်တို့မှာ ၎င်းသစ်ရွက်ခြောက် ဝါးရွက်ခြောက်များကို ဖြိုးဖြိုး
ဖျောက်ဖျောက် ကျော်နင်း၍ စခန်းကောင်း နေရာကောင်းကို ရွေးချယ်ရင်း
လှည်းများကို သတိနှင့် မောင်းနှင်ကြရသည်။

ကျွန်တော်တို့ကသာ နေရာကောင်း စခန်းကို ရွေးချယ်နေကြသော်
လည်း ကျွန်တော်တို့ထက် ဦးစွာ စော၍ တောထဲသို့ ရောက်ရှိနေကြသော
စံရွှေနှင့် ကိုထွန်းမောင်တို့က နေရာကောင်းကို ရွေးချယ်ပြီးစီးနေကြလေပြီ။
ထို့ပြင် ကြီးမားသော သရက်ပင်ကြီးများကိုလည်း စံရွှေနှင့် ကိုထွန်းမောင်တို့က
ဓားများနှင့်ထစ်၍ အမှတ်အသားများ ပြုလုပ်ထားကြသည်ကိုလည်း တွေ့မြင်ရ
သည်။ ၎င်းအပင်ကောင်းများကို သူတို့ ဦးထားသည်ဟူသော သဘောကို
သူတို့၏ လုပ်ဆောင်ချက်အရ သိရှိနိုင်၏။ ၎င်းအပင်များမှ ရရှိသော မိုးပေါ်က





နာဖြစ်သော ဆေးပြဒါးတို့ကိုလည်း သူတို့သာ ပိုင်ပေတော့မည်။ ထိုကဲ့သို့
ရန်အတွက်လည်း လမ်း၌ ကျွန်တော်တို့ကို မလိုတမာစိတ်နှင့် ဆူညံပူညံ
တာ ယခုလို နေရာကောင်းများကို ဦးနေကြခြင်းလည်း ဖြစ်၏။

ဤသည်ကို ကနဦးကတည်းက ကျွန်တော် သိသော်လည်း ပြောလျှင်
အနေက ပိုမိုပြီး ဆိုးရွားလာမည်မို့ မပြောခဲ့။ ဘကြီးဖြိုးနှင့် ကိုတိုးတို့လည်း
မကောင်းတော့။

"ဟိုမှာ ဟိုမှာ လူယုတ်မာတွေ၊ သစ်ပင်ကောင်းတွေကို သူတို့ချည်းပဲ
ကြပြီ။ ကျွန်တော်တို့လည်း သူတို့လို လိုက်ပြီးလုပ်မှ ဖြစ်မယ်ထင်တယ်ဗျ"

ကျွန်တော်က လှည်းပေါ်ကဆင်းရင်း ဘကြီးဖြိုးကို အော်ပြောလိုက်
သည်။ ဘကြီးဖြိုးနှင့် ကိုတိုးတို့ကလည်း လှည်းပေါ်မှ ဆင်းကြပြီး ကျွန်တော့်ဆီ
ရောက်လာသည်။

"ဟုတ်တယ် ဦးလေးဖြိုးရေ၊ တော်ကြာ ကျွန်တော်တို့ဖို့ မရှိရင် ခက်မယ်

ကိုတိုးကလည်း စံရွှေတို့၏ လုပ်ပုံကိုင်ပုံကိုကြည့်ပြီး ကျွန်တော့်စကား
ထောက်ခံလိုက်သည်။ ကိုတိုးက ဘကြီးဖြိုးကို 'ဦးလေးဖြိုး' ဟုခေါ်သည်။

"အို မင်းတို့ကလည်း သမုဒ္ဒရာရေကို သူတို့ချည်းပဲ သောက်လို့ ကုန်ပါ့
လုပ်ကြပါစေကွာ။ သူတို့ စိတ်ချမ်းသာသလို လုပ်ကြပါစေ၊ သူတို့ မှတ်
ကျန်တဲ့အပင်တွေက တို့အပင်ပေါ့"

ဘကြီးဖြိုးက ကျွန်တော်တို့နှစ်ယောက်၏ အဆိုကို ကန့်ကွက်သည်။
ကျွန်တော်တို့ အားလုံးထဲတွင် အသက်အရွယ်အားဖြင့်လည်း အကြီးဆုံးဖြစ်သည့်
လုပ်ငန်းသဘောအရ ဝါရင့်ကျွမ်းကျင်သော ကျွန်တော်တို့၏ခေါင်းဆောင်
ကြီးဖြိုးက သဘောမတူသဖြင့် ကျွန်တော်တို့မှာ အောင့်သက်သက်နှင့် ခံနေ
ရတော့သည်။

မိုးပေါ်က ရတနာဖြစ်သော ဆေးပြဒါးကို ဖမ်းယူရရှိသော အပင်၏
ည်ကို ရှေ့ဆုံးမှတပ်၍ ခေါ်ဝေါ်သမုတ်ကြလေသည်။ ထို့ကြောင့် သရက်ပင်
ရှိသော ဆေးပြဒါးကို 'သရက်ပြဒါး'ဟု ခေါ်တွင်ပြီး ကုက္ကိုပင်မှ ရရှိသော
ဆေးပြဒါးကို 'ကုက္ကိုပြဒါး' ဟူ၍ ခေါ်ဝေါ်သမုတ်ကြလေသည်။ သို့ရာတွင်
ရက်ပင်မှ ခက်ခဲစွာ ဖမ်းယူရရှိသော သရက်ပြဒါးက ပိုမို ကောင်းမွန်၍
ရလေသည်။ ထို့ကြောင့်လည်း စံရွှေတို့က သရက်ပင်များကို အမှတ်အသား
ပြုလုပ်၍ နေရာဦးကြခြင်းလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ ကျွန်တော်တို့ မကျေနပ်သော်လည်း မတတ်နိုင်။ သူတို့က ဦးနေကြပြီကိုး၊ ဘကြီးဖြိုး ပြောသလို 'သူတို့ စိတ်ချမ်းသာသလို လုပ်ကြပါစေ' ဟူ၍သာ သဘောထားပြီး လက်ပိုက်ကြည့်ရှုနေကြရပေသည်။

ထို့ကြောင့် ကျွန်တော်တို့သည် စံရွှေနှင့်လိုက်၍ ယှဉ်ပြိုင် လုပ်ကိုင်မနေ တော့ဘဲ ကုန်းကောင်းကောင်းတစ်ခုကို ရွေးချယ်ကြသည်။ ပြီးလျှင် နွားများ၏ ထမ်းပိုးမှ ဖြုတ်ကြရသည်။ ထို့နောက် လှည်းများကို ဒေါက်နှင့် ထောက်ထားကြ ပြီး နွားတွေကို အသင့်ပါလာသော ကောက်ရိုးများ ကျွေးကြသည်။ ထို့နောက် နွားများ၊ ကျွဲများကို နှစ်ကောင်တစ်တွဲ ကြိုးတန်းလန်းနှင့် တောထဲတွင် လွှတ် ထားလိုက်ကြသည်။

၎င်းနောက် ကျွန်တော်တို့သည် လူသုံးယောက် ကောင်းမွန်စွာ နေထိုင် နိုင်ရန်နှင့် အလုပ်လုပ်ကိုင်ရန်အတွက် တဲကြီးတစ်လုံးကို ဆောက်ကြရသည်။ ဝါးခုတ်သူခုတ် တိုင်ကျင်းတူးသူတူးနှင့် တစ်ယောက်တစ်လက် ဝိုင်းဝန်းလုပ်ကိုင် ကြသည်။ အမိုးနှင့် အကာအတွက် တောထဲ၌ အသင့်ရှိသော စလူဖက်နှင့် အင်ဖက်တို့ကို အသုံးပြုကြရ၏။

ကျွန်တော်တို့မှာ နံနက်စာကို နေမွန်းတည့်သည့် အချိန်လောက်မှ စား ကြရလေသည်။ နံနက်စာ စားသောက်ပြီးသည်နှင့် တဲကိုပင် ဆက်လက်၍ လုပ်ကိုင်ကြသည်။ တဲဆောက်၍ အားလုံး ပြီးစီးသွားသောအခါ ညနေစောင်း ပေပြီ။ ထို့ကြောင့် အိပ်ရာလိပ်နှင့် မိုးပေါ်က ရတနာကို ဖမ်းဆီးကြရာတွင် အသုံးပြုသော တန်ဆာပလာများဖြစ်သည့် လှေကား၊ ဖျဉ်အိုး၊ ဓား၊ အမဲသား အရိုအတွဲများကို ထည့်ထားသော သံစည်ပိုင်းမြတ်၊ ကြိုးခွေများနှင့် အခြား အိုးခွက်ပန်းကန်စသည့် ပစ္စည်းများကို ဒေါက်ထောက်ပြီး ရပ်ထားသော တဲလှည်း ပေါ်မှ အောက်သို့ချ၍ တဲထဲသို့ သယ်သွင်းကြရသည်။

စံရွှေနှင့် ကိုထွန်းမောင်တို့ကလည်း ကျွန်တော်တို့တဲ၏ ညာဘက် ခပ် လှမ်းလှမ်း နေရာတစ်ခုတွင် သူတို့နှစ်ယောက် နေထိုင်အလုပ်လုပ်ကိုင်နိုင်ရန် အတွက် ကျွန်တော်တို့နည်းတူ တဲတစ်လုံးကို ဆောက်နေကြသည်။ သူတို့လည်း အခြား လူပိုနှစ်ယောက်ကို ရွာမှ ခေါ်ဆောင်လာခဲ့ကြသည်မို့ လူလေးယောက် တဲတစ်လုံးကို ဝိုင်းဝန်းလုပ်ကိုင်နေကြသည်။

ကျွန်တော်တို့က လှည်းတစ်စီးကို လူပိုတစ်ယောက်ကျ ပါလာရာ လူ ပေါင်း (၆)ယောက်မို့ ပို၍ လုပ်အားတွင်ကျယ်၏။ ထို့ပြင် သူတို့လိုလည်း လောဘ တကြီးနှင့် သရက်ပင်ကြီးများကို အမှတ်အသားများ မပြုလုပ်ဘဲ တဲကိုသာ





ဆောက်လုပ်နေကြသဖြင့် ကျွန်တော်တို့က စံရွှေတို့ထက် ဦးစွာ ပြီးစီးခြင်း ဖြစ်လေသည်။

ကျွန်တော်တို့အဖို့ လုပ်ငန်းအားလုံး ပြီးစီးသွားသောအခါ မိုးချုပ်စပြု ပြီ။ ထို့ကြောင့် အသင့်ပါလာသော လူပိုများနှင့် နွားများ၊ ကျွဲများ၊ လှည်းများ ရွာသို့ ပြန်ပို့ရန် စီစဉ်ရလေတော့သည်။ ထိုကဲ့သို့ မစီစဉ်၍လည်း မဖြစ်ပါချေ။ တောထဲ တောင်ထဲမို့ သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်ကို စိုးရိမ်မိရသဖြင့်လည်း ထိုသို့ စီစဉ်ခြင်းပင် ဖြစ်ပါသည်။

"မောင်သာဆိုင်"

ဘကြီးဖြိုးက ခေါ်သည်။ မောင်သာဆိုင်သည် ဘကြီးဖြိုး ရွာမှ ခေါ် ဆောင်လာသော လူပို ဖြစ်၏။

"ဗျိုး"

"မင်းရယ်၊ မောင်အေးရယ်၊ ကျော်စိန်ရယ်၊ လှည်းတွေကို နွားတပ်ပြီး ရွာကို ပြန်ကြပေတော့"

ဘကြီးဖြိုးက အစီအစဉ် ချမှတ်လိုက်သည်။ ကျော်စိန်မှာလည်း ကိုတိုး ခေါ်ဆောင်ခဲ့သော လူပို ဖြစ်၏။ သူတို့တစ်တွေကို နွားများ၊ လှည်းများ ပို့ရန်နှင့် ဝိုင်းဝန်းလုပ်ကိုင်ရန်အတွက် ရွာမှ ခေါ်ဆောင်ခဲ့ခြင်း ဖြစ်၏။ ယခု တို့လုပ်ငန်းများ ပြီးဆုံးသွားပြီမို့ ဘကြီးဖြိုးက လှည်းများဖြင့် ပြန်လွှတ်လိုက်လေ တော့သည်။ ထို့အတူ စံရွှေနှင့် ကိုထွန်းမောင်ကလည်း သူတို့ လူပိုများကို လွှတ်ဖို့ စီစဉ်နေသည်ကို တွေ့မြင်ရသည်။

"မောင်အေး ငါ့ကျွဲတွေကို ဂရုစိုက်ပါကွာနော်"

မောင်အေးသည် ကျွန်တော့်ညီ ဖြစ်သူမို့ သူ့ကို ကျွန်တော်က နေ့တွက် ရချေ။ မှာစရာရှိသည်ကိုသာ မှာကြားရသည်။

"အစ်ကိုထွေး၊ ကိုစံရွှေက သိပ်ပြီး စိတ်မချရဘူးဗျ။ သတိထားပြီးနေ နော်"

ကျွန်တော့်ညီက လှည်းပေါ်တက်ရင်း ကျွန်တော့်ကို စိတ်မချစွာနှင့် ၏။

"အေးပါ မောင်အေးရယ်၊ ငါ သိပါတယ်ကွာ၊ ဟိုမှာ သူများ လှည်းတွေ ထွက်ကုန်ပြီ။ ကဲကဲ သွားတော့ ငါ့အတွက်တော့ စိတ်သာချပါကွာ၊ သာ ရွာကိုရောက်အောင် ကောင်းကောင်းပြန်"

ကျွန်တော်က ပြောပြောဆိုဆိုနှင့် နှင်လွှတ်မှ မောင်အေးမှာ လှည်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး ရွာဆီသို့ မောင်းနှင်သွားလေသည်။ သို့ရာတွင် မောင်အေးက ကျွန်တော့်ကို လှည့်ကြည့်လှည့်ကြည့်နှင့် လုပ်သွားလေသည်။

ယခုမှပင် စံရွှေကို ကျွန်တော် သတိရလာမိသည်။ ထို့ကြောင့် စံရွှေတို့ တဲဘက်ဆီသို့ မျက်စိကစားပြီး စံရွှေကို ရှာဖွေကြည့်မိသည်။ စံရွှေနှင့် ကိုထွန်းမောင်မှာ သူတို့ပစ္စည်းများကို လှည်းပေါ်မှချ၍ ပြီးစီးနေပြီဖြစ်သော သူတို့တဲထဲသို့ သယ်သွင်းနေသည်ကို ကျွန်တော် တွေ့မြင်ရသည်။ ဤကဲ့သို့ အလုပ်ရှုပ်နေသော စံရွှေတို့ကို တွေ့မြင်ရမှ ကျွန်တော့်အဖို့ ဟင်းခနဲ သက်ပြင်းချလိုက်ရတော့သည်။

ကျွန်တော်တို့ ယခုလို ဤသရက်တောကြီးထဲသို့ လာရောက်ကြသည်မှာ မိုးပေါ်က ရတနာဖြစ်သော ဆေးပြဒါးများကို လာရောက် ဖမ်းဆီးကြောင်း ဖော်ပြပြီး ဖြစ်လေသည်။ ဆေးပြဒါးသည် ယခုလို နှင်းခါးရိုက်ချိန် တန်ဆောင်မုန်းဆန်းစ ဆောင်းဝင်စ အခါသမယမှ တပို့တွဲလကုန်အထိ ဖမ်းယူရရှိနိုင်လေသည်။ ထို့ကြောင့် ကျွန်တော်တို့အဖို့ ယခုအချိန်မှ အစပြု၍ ဤတောကြီးထဲ၌ အနည်းဆုံး နှစ်လခွဲ သုံးလနီးပါးမျှ နေထိုင်ကြရပေမည်။

ထို့ကြောင့် ကျွန်တော်တို့ ယခုလို တဲများကို ဆောက်လုပ်ကြရခြင်းပင် ဖြစ်လေသည်။ တောထဲ၌ အချိန်ကြာမြင့်စွာ နေထိုင်ရမည်မို့ စံရွှေတို့ကိုလည်း အမြဲတမ်း သတိထားရမည်ပင် ဖြစ်၏။

ဆေးပြဒါးသည် လေထဲ၌ ပျော်ဝင်နေသော ဓာတ်တစ်မျိုး ဖြစ်၏။ အအေးဓာတ်ကို ကြိုက်နှစ်သက်သည့်အလျောက် ဆောင်းဝင်စ အခါသမယတွင် လေထဲ၌ရှိသော ဆေးပြဒါးသည် နှင်းထုများနှင့် ရောထွေး ပျော်ပါးကြလေသည်။ သိပ်သည်းသော နှင်းထုက မြေသို့ ဆင်းသက်လာသောအခါ ၎င်းနှင်းထုနှင့်အတူ ဆေးပြဒါးများပါ ရောထွေး၍ မြေသို့ ဆင်းသက်လာကြလေသည်။ ထို့နောက် ဆေးပြဒါးများက မြေပြင်သို့ ရောက်သည်နှင့် နှင်းထုထဲမှ ခွဲထွက်ပြီး မိုးပေါ်သို့ ပြန်လည်ပြီး တက်ရောက်သွားကြပြန်သည်။

ထိုမှတစ်ဖန် အခြား နှင်းတွေနှင့် ပြန်လည်၍ ရောထွေးပြီး မြူးထူးပျော်ပါးကြလေသည်။ ယင်းကဲ့သို့ ဆေးပြဒါးများက အပေါ်တက်လိုက် အောက်ဆင်းလိုက်နှင့် ဆော့ကစားနေတတ်သည်။ ဆေးပြဒါးများကို ခက်ခဲစွာ ဖမ်းယူရရှိနိုင်လေသည်။ ငွေနှင့်စက်၍ ရောင်းရ ဝယ်ရသော အဖိုးတန်ပစ္စည်း ဖြစ်ခြင်းကြောင့် မိုးပေါ်က ရတနာ ဟူ၍ ခေါ်တွင်လျှင်လည်း မှားနိုင်မည် မဟုတ်ပါချေ။

ဆေးပြဒါးကို ဗိန္ဓောဆေးအမျိုးမျိုး ဖော်စပ်ရာတွင် လည်းကောင်း





နိုင်ငံတိုင်း ကိရိယာဖြစ်သော သာမိုမီတာ ပြဒါးတိုင်တွင် လည်းကောင်း အသုံးပြုကြလေသည်။ ထို့ပြင် ဆေးပြဒါးက အပုပ်ကိုနိုင်၏။ ထို့ကြောင့် လူများ သေဆုံးသည့်အခါ မပုပ်မသိုးစေလိုလျှင် ၎င်းဆေးပြဒါးနှင့် ရောစပ်ထားသော ဆေးကို ပေါင်ခြံတွင် ထိုးပေးခြင်းအားဖြင့် ပုပ်သိုးခြင်းကို ကာကွယ်နိုင်လေသည်။

ထို့ကြောင့် ပြဒါးရောင်းဈေးမှာ တစ်ကျပ်သားလျှင် (၁၀)ကျပ်မှ (၁၂)ကျပ်အထိ ရောင်းဝယ်ရသဖြင့်လည်း ဆေးပြဒါးကို မိုးပေါ်က ရတနာဟူ၍ ခင်စားခေါ်ဝေါ်ရခြင်း ဖြစ်လေသည်။

၎င်းပြင် အင်္ဂရိတ်သမားများကလည်း ဆေးပြဒါးကို ခဲ၊ ကြေး၊ ချော်သည်တို့နှင့် ရောနှော၍ ဖိုထိုးကြလေသည်။ တချို့က ထွက်ရပ်ပေါက်ဖြစ်အောင် ကြိုးစားကြသလို တချို့ကလည်း ရွှေငွေဖြစ်အောင် ကြိုးစား၍ ဖိုထိုးကြသည်။ သို့ရာတွင် အင်္ဂရိတ်ရွှေသည် ပြဒါးနှင့် ပြုလုပ်ထားသော ရွှေဖြစ်သဖြင့် သဘာဝရွှေထက် မကောင်းပါချေ။ ရွှေမကောင်းသော်လည်း ပန်းထိမ်သည်သူများက ၎င်းရွှေကို ဈေးကြီးပေး၍ ဝယ်ယူကာ သဘာဝရွှေနှင့် ရောနှောရောင်းချကြလေသည်။

ယနေ့အဖို့ တဲထိုး၍ လုပ်စရာရှိသည်တို့ကို ပြုလုပ်ပြီးသည်နှင့် မိုးချုပ်သွားလေပြီ။ မိုးစုံးစုံးချုပ်မှ ညစာကို စားကြသောက်ကြရသည်။ တောထဲမို့ ခြင်များက တဝီဝီ အော်မြည်ကာ ကိုက်ကြခဲကြလေသည်။ ထို့ကြောင့် တဲထဲတွင် သစ်ရွက်ခြောက် ဝါးရွက်ခြောက်များကို မီးထည့်၍ ခြင်ကိုက်ခြင်း၏ဒဏ်ကို ကာကွယ်နေကြရလေသည်။

ကျွန်တော်တို့၏ တဲအပြင်ဘက်တွင် သားရဲတိရစ္ဆာန်တို့၏ရန်မှ ကင်းဝေးစေရန် သစ်မြစ်သစ်တုံးကြီးတို့ဖြင့် မီးဖိုကြီးဖိုကာ ညလုံးပေါက် မီးထည့်၍ ထားရလေသည်။ သို့မှသာ မီးကို ကြောက်ကြသော သားရဲတိရစ္ဆာန်ကြီးများ ကျွန်တော်တို့ ရှိရာသို့ မလာရောက်ကြတော့ဘဲ ရှောင်ကွင်း၍ သွားကြလေမည် မဟုတ်ပါလား။

ယနေ့အဖို့ သည်မျှနှင့်ပင် အချိန်ကုန်ပြီမို့ နောက်တစ်နေ့ရောက်မှသာ မိုးပေါ်က ရတနာဖြစ်သော ဆေးပြဒါးများကို လိုက်လံဖမ်းဆီးရန် ကျွန်တော်တို့ အစီအစဉ်များ ချမှတ်လိုက်ကြလေတော့သည်။

* * *

ယခုမှပင် ကျွန်တော်တို့အဖို့ မိုးပေါ်က ရတနာဖြစ်သော ဆေးပြဒါးများကို ရှာဖွေဖမ်းဆီးကြရန် လုပ်ငန်းစရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် တစ်ဦးလျှင် ဖျဉ်းအိုးတစ်ရာစီ ကိုင်ဆောင်ကြသည်။ ကျွန်တော်၊ ဘကြီးဖြိုးနှင့် ကိုတိုးတို့က တစ်အုပ်စုအဖြစ် ဆေးပြဒါးများကို ဖမ်းဆီးကြပေမည်။ ထို့အတူ စံရွှေနှင့် ကိုထွန်းမောင်တို့ကလည်း တစ်အုပ်စုအဖြစ် ဖမ်းဆီးကြပေမည်။

မည်သို့ဆိုစေ ဆေးပြဒါး ရှာဖွေသူပေါင်း (၅)ယောက်ဖြစ်ပြီး တစ်ဦးလျှင် အိုးပေါင်း (၁၀၀) ဆိုသောအခါ ဖျဉ်းအိုးအလုံးပေါင်း (၅၀၀) ရှိသည်ဟု ဆိုရမည်ပင်။ ဖျဉ်းအိုး ဆိုသည်မှာ မြေအိုးငယ်ကို ခေါ် ဆိုခြင်း ဖြစ်၏။ ၎င်းအိုး၏ အဝမှာ ထွာဆိုင်ကျော်ကျော်မျှရှိပြီး စောက် (တစ်ထွာ)လောက်ရှိသော မြေအိုးငယ်ကို ကျွန်တော်တို့ အခေါ် အရ ဖျဉ်းအိုးဟု ခေါ်လေသည်။

ကျွန်တော်တို့ သုံးဦးသည် တဲအတွင်း၌ ဆေးပြဒါးများကို ဖမ်းဆီးကြမည့် လုပ်ငန်းကို စတင်နေကြသည်။ မိမိအိုး (၁၀၀) အတွက် မိမိ တာဝန်ယူ၍ လုပ်ဆောင်ရလေသည်။ ထို့ကြောင့် ဘကြီးဖြိုးသည် သူ၏ ဖျဉ်းအိုးများ အတွင်းသို့ အိမ်မှ ယူဆောင်လာသော အမဲသား အရိုအရွဲတွေကို တစ်အိုးလျှင် (၂) ကျပ်သားမျှ ခန့်မှန်း၍ ထည့်နေသည်။

ထို့နောက် အမဲသား အရိုအရွဲများ ထည့်ထားသော ဖျဉ်းအိုးများ၏ အိုးနှုတ်ခမ်းနှင့်အညီ ဒန်ပြားအဖုံးများကို ဖုံးနေသည်။ ၎င်းအဖုံး၏ အလယ်ဗဟို တည့်တည့်တွင် လက်ခလယ်ခန့်လောက်ရှိသော အပေါက်ငယ်တစ်ပေါက်သာ ဖောက်ထားပြီး အိုးနှုတ်ခမ်းနှင့် အိုးအဖုံးတို့ကို ပွင့်ကာ မထွက်စေရန်အတွက် အင်တွဲနှင့်တော့၍ အလုံပိတ်နေလေသည်။

မိုးပေါ်က ရတနာဖြစ်သော ဆေးပြဒါးများကို အချိန်မီ ဖမ်းဆီးနိုင်ရေးအတွက် အမဲသားထည့်ပြီးသော ဖျဉ်းအိုးများကို အဖုံးဖုံးလိုက်၊ အင်တွဲနှင့် ရေးဆီကိုရော၍ အိုးနှုတ်ခမ်းများကို တော့ပိတ်လိုက်နှင့် အိုးပေါင်းတစ်ရာအတွက် ဘကြီးဖြိုးအဖို့ အလုပ်ရှုပ်နေသည်။ ဘကြီးဖြိုး၏ ဘေးပတ်ပတ်လည်တွင် ဖျဉ်းအိုးများက စနစ်တကျ တန်းစီ၍ ဝိုင်းဝန်းနေသည်မှာ တစ်မျိုးပင် ကြည့်၍ကောင်းနေသည်။

ကျွန်တော်ကလည်း ဘကြီးဖြိုး၏ ညွှန်ကြားချက်အတိုင်း မိမိ အိုးပေါင်း (၁၀၀)အတွက် အလုပ်ရှုပ်နေသလို ကိုတိုးကလည်း သူ့အလုပ်နှင့်သူ မအားအောင် ရှိနေသည်မို့ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်း မရှိကြဘဲ သူ့ထက်ငါ အရင် ပြီးစေရန် မိမိတို့အလုပ်၌သာ စိတ်ဝင်စားစွာ လုပ်ကိုင်နေကြသည်။

ဘကြီးဖြိုးသည် ဆေးပြဒါးများ ဖမ်းဆီးရှာဖွေခြင်းလုပ်ငန်းကို လုပ်ကိုင်





ခဲ့သည်မှာ နှစ်ပေါင်း (၂၀) ကျော်မျှပင် ရှိချေပြီ။ ထို့ကြောင့် ကျွန်တော့်ကိုလည်း ဘကြီးဖြိုးက ဝါရင့်လုပ်သားကြီးပီပီ သွန်သင်ညွှန်ကြားပြသ၏။ ဘကြီးဖြိုး၏ သွန်သင်ညွှန်ကြားချက်အတိုင်း လိုက်နာရသည်။

ကျွန်တော့်အဖို့ မလိုက်နာ၍လည်း မဖြစ်ပါချေ။ မနှစ်ကမှစ၍ ရွာမြောက်ဘက် သရက်တောလေးထဲတွင် ယခု လုပ်ငန်းကို အနည်းအကျဉ်းသာ စမ်း၍ လုပ်ကိုင်းဖူးသည်။ ထို့ကြောင့် အတွေ့အကြုံ နုနယ်သော ကျွန်တော့်အဖို့ ဘကြီးဖြိုး၏ စကားကို နာခံရပေမည်။ ပြီးလျှင် ဘကြီးဖြိုးက ကျွန်တော့်ကို အစစအရာရာ တာဝန်ယူ၍ ခေါ်ဆောင်ခဲ့သူလည်း ဖြစ်လေသည်။

ကိုတိုးကလည်း ဘကြီးဖြိုးနှင့် လိုက်၍ (၂) နှစ်ခန့်မျှ လုပ်ကိုင်ဖူးသူမို့ ကျွန်တော့်ထက်တော့ အတွေ့အကြုံ ရှိလေသည်။ သို့ရာတွင် ကိုတိုးက အလုပ်လုပ်ရာတွင် စေ့စပ်သေချာ၍ အနည်းငယ် နှေးကွေးလေသည်။

ကျွန်တော်နှင့် ဘကြီးဖြိုးသည် အိုးများ အားလုံးကို အင်တွဲနှင့် အဖုံးများ ... တော့ပိတ်၍ ပြီးစီးနေကြပေပြီ။ ထို့နောက် အိုးလည်ပင်းများကို တစ်လုံးလျှင် ကြိုးသုံးချောင်းဖြင့် ဖိုခုံလောက်ဆိုင် ဆိုင်း၍ အိုးတစ်ရာအတွက် ပြင်ဆင်ရပြန်သည်။

ကိုတိုးက လုပ်ငန်းကို စေ့စပ်သေချာသလောက် အနည်းငယ် နှေးကွေးသူမို့ သူ့အိုးများကို အဖုံးဖုံးရန် အိုးဆယ်ငါးလုံးလောက် ကျန်နေသည်။ ထို့ကြောင့် ကျွန်တော်တို့နှင့်အတူ ပြီးစီးရန်အတွက် ကြိုးစားပမ်းစား လုပ်ကိုင်နေသည်။

"ဗျို့ ဘကြီးဖြိုး"

တဲဝမှ စံရွှေ၏ ခေါ်သံကို ကြားရသည်။

"စံရွှေလားဟေ့၊ လာလေကွာ"

ဘကြီးဖြိုးက အလုပ်လုပ်နေရာမှ အသံပေးရင်း လှမ်းခေါ်လိုက်သည်။ ထို့ကြောင့် ကျွန်တော့်မျက်လုံးအစုံက တဲထဲသို့ ဝင်ရောက်လာသော စံရွှေဆီသို့ လှမ်း၍ ကြည့်လိုက်မိသည်။

စံရွှေသည် အပေါ်ပိုင်း ဗလာကျင်းလျက် လုံချည်တစ်ထည်ကို ခေါင်းပတ်ထားသည်။ သူ့တစ်ကိုယ်လုံးလည်း ချွေးတွေ ရွဲရွဲစိုနေသည်။ တဲထဲသို့ ဝင်ရောက်လာသော စံရွှေသည် မထိုင်သေးဘဲ ကျွန်တော်တို့ လုပ်ကိုင်နေကြသည်ကို အထင်သေးသော မျက်လုံးအစုံနှင့် စိုက်ကြည့်ရင်း ပခုံးနှစ်ဖက်ကို ဟန်ပါပါနှင့် တွန့်လိုက်ပြီးနောက် လှောင်ပြုံး ပြုံးလိုက်သည်။

"ထိုင်လေကွာ၊ မင်းကလည်း မိုးတိုးမတ်တတ်နဲ့ မင်းတို့ကော လုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လို့ ပြီးပြီလား၊ တို့ကတော့ မင်းမြင်တဲ့ အတိုင်းပဲဟေ့"

ဘကြီးဖြိုးက သူ့အိုးတစ်လုံးကို ကြိုးနှင့် ဆိုင်းနေရာမှ မတ်တတ်ကြီး ရပ်နေသော စံရွှေကို ကွပ်ပျစ်ပေါ်၌ ထိုင်ရန် ပြောကြားလိုက်သည်။ ထို့နောက် တစ်ဆက်တည်းမှာပင် သူတို့၏ လုပ်ငန်းများ အကြောင်းကိုလည်း မေးလိုက်သည်။

"ဟဲဟဲ ကျွန်တော်တို့က ဘယ်တုံးကမှ သူများနောက်က လိုက်တဲ့ ကောင်တွေမှ မဟုတ်ဘဲ၊ အခု ကြည့်လေ ရှေ့ကသွား ရှေ့ကလုပ် ရှေ့ကပြီးကိုးဗျ"

စံရွှေက စကားမပြောမီ မှိုရသည့်မျက်နှာနှင့် တဟဲဟဲ ရယ်လိုက်သည်။ ပြီးလျှင် သူကိုယ်သူ ဂုဏ်တင်၍ လူတော်တစ်ဦးတစ်ယောက်အဖြစ် ခပ်ကြွားကြွား ပြောဆိုလိုက်သည်။ ထို့နောက် ခေါင်းပေါင်းလာသော လုံချည်ကို ခေါင်းမှ ဖြုတ်လိုက်ပြီး ချွေးများကိုသုတ်ရင်း ဘကြီးဖြိုး ညွှန်ပြသော နေရာ၌ပင် ဝင်ထိုင်လိုက်သည်။

စံရွှေစကားက ကျွန်တော့်ကို စောင်းမြောင်းပြီး ပြောဆိုနေကြောင်း ကျွန်တော် သိပါသည်။ သို့သော် ကျွန်တော်က မည်သို့မျှ ပြောဆိုခြင်း မပြုဘဲ မိမိအလုပ်ကိုသာ အလျှင်အမြန် ပြီးမြောက်စေရန် ဂရုစိုက် လုပ်ကိုင်နေ၏။

"ဟေ့ စံရွှေ မင်းက အပြောကြီးလှချည်လား"

ကိုတိုးက စံရွှေကို စေ့စေ့ကြည့်ရင်းနှင့် ဆိုသည်။

"ကျွန်တော်က အပြောကြီးတာ မဟုတ်ဘူးဗျ၊ အမှန်တရားကို တွေ့ခေါ် မြော်မြင်ပြီး ယထာဘူတကျကျ ပြောတာဗျ"

စံရွှေက အပြောကောင်းသူပီပီ ကွပ်ပျစ်ပေါ်၌ တင်ပျဉ်ခွေ ထိုင်နေရင်းက ကိုတိုးကို ပြန်ပြောသည်။

"ဟေ ဟုတ်လား၊ ဒါနဲ့ နေပါဦးကွ၊ မင်းပြောတဲ့ ရထားဘူတာဆိုတာ ဘာလဲကွ"

ဘကြီးဖြိုးက စံရွှေ၏စကားကို မရှင်းသဖြင့် ကြားဝင်မေးသည်။

"ဟာ အကြီးဖြိုးကလည်း လုပ်တော့မယ်၊ ဘယ်ကလာ ရထားဘူတာ ဟုတ်မလဲ။ ယထာဘူတဗျ။ ယထာဘူတ၊ ယထာဘူတ ဆိုတာ အခြေခံကျတဲ့ သဘောတရားကို ပြောတာ၊ ဘကြီးဖြိုးပြောတဲ့ ဘူတာဆိုတာ ကုလားလို အဖိုးကြီးလို့ ပြောတာဗျ ဟဲဟဲ"

စံရွှေက သူ့စကားကို ကွက်စိပ်ဆရာ ပုံစံမျိုးနှင့် အကျယ်တဝင့် ရှင်း





အင်းပြောပြသည်။ စံရွှေ၏ အပြောကြောင့် ကျွန်တော်ကလည်း ပြုံးမိ၏။

"စံရွှေက အပြောကျသဟေ့၊ တွေးခေါ် ရှင်ကြီးဆိုလား၊ ဘာဆိုလားပဲ၊ ရှေ့ကသွား၊ ရှေ့ကလုပ်၊ ရှေ့ဆုံးကပြီးဆိုတော့ အင်း ကေန္တ မင်း သေရင်လည်း ဒီရှေ့ဆုံးက သေမှာပဲ၊ ဟုတ်တယ် မဟုတ်လားဟေ့ မောင်ထွေး၊ ဟားဟားဟား"

ကိုတိုးသည် သူ့အလုပ်များကို လုပ်ကိုင်နေရင်းက ခပ်ရွှင်ရွှင် ဝင်ပြောသည်။ ကိုတိုးက ကျွန်တော့်ကိုပါ စစ်ကူတောင်း၍ ပြောဆိုသော သူ၏ ထိမိလှသော စကားကြောင့် ကျွန်တော်ရော ဘကြီးဖြိုးပါ တဝါးဝါး တဟားဟားနှင့် ရယ်ကျသွားသည်။

ကျွန်တော်တို့ အားလုံးသာ ပြုံးရယ်နေကြသော်လည်း စံရွှေကမူ ကွမ်းဖြင့် အိုးတစ်ခွဲသား လုပ်နေသည်။

"မင်းတို့က မြန်သားပဲ၊ ဘယ်အချိန်က ဘယ်လိုလုပ်ပြီး ပြီးနေကြတာလဲ"

ဘကြီးဖြိုးက လူကြီးပီပီ စံရွှေတစ်ယောက် အနေအထိုင်ခက်၍ ရှက်နေသည်စိုးသဖြင့် လုပ်ငန်းအကြောင်းဆီသို့ စကားကို မြားဦးလှည့်လိုက်သည်။

"ဟုတ်တယ် ဘကြီးဖြိုး၊ ပြီးဆို အားလုံးပြီးလို့ ပြီးတယ် ပြောတာဗျ"

"ဟေ့ ဟုတ်လား"

စံရွှေ၏ အပြောကြောင့် ဘကြီးဖြိုး မျက်လုံးပြူးသွားသည်။

"ဟုတ်ဆို ကျွန်တော်တို့က စာဆိုနဲ့ လုပ်တာကိုးဗျ"

စံရွှေက ဆိုလာပြန်ချေပြီ။ ထို့ကြောင့် ဘကြီးဖြိုးမှာ အံ့အားသင့်သွားသည်။

"ကျွန်တော်တို့က စာဆိုထဲကအတိုင်း လုပ်တာဆိုတော့ ဘကြီးဖြိုးတို့လို နေရာတကာမှာ မပင်ပန်းတဲ့အပြင် လုပ်ငန်းလည်း တွင်ကျယ်တယ်။ ဒါကြောင့် စာဆိုထဲကအတိုင်း ကျွန်တော်တို့ အိုးတွေကို အဖုံးမဖုံးဘဲနဲ့ လုပ်တော့ မြန်မြန်ပြီးတာပေါ့ဗျ"

စံရွှေက အဖုံးများ ဖုံးထားပြီး ကြိုးများ ဆိုင်းထားသော ကျွန်တော်တို့ အိုးများကို ကြည့်ပြီး ထပ်ဆင့်၍ ဟန်တစ်လုံးပန်တစ်လုံး၊ ခြေဟန်လက်ဟန်နှင့် ဆိုလာပြန်သည်။

"ဟင် မင်းတို့ အိုးတွေကို အဖုံး မဖုံးဘူးပေါ့ ဟုတ်လား"

ဘကြီးဖြိုးက စံရွှေကို အံ့အားသင့်စွာနှင့် ကြည့်ရင်းမေးသည်။ ထို့ကြောင့်လည်း စံရွှေတို့မှာ ကျွန်တော်တို့ အားလုံးထက် ဦးစွာ ပြီးစီးကြောင်းကို သည်း သူ၏ အပြောအဆိုအရ သိရှိနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှလည်း လုပ်ပါ စံရွှေရယ်၊ တော်ကြာ ဒုက္ခတွေ့နေမှဖြင့်"

ဘကြီးဖြိုးက စံရွှေ၏စကားကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဆို၏။

"အို ဘကြီးဖြိုးကလည်းဗျာ၊ ကြံကောင်းစည်ရာ ကျွန်တော်တို့က မဟုတ်ဘဲနဲ့ လုပ်ပါ့မလား။ ပြဒါးဖမ်းတာ အိုးအဖုံးပိတ်ဖို့ မလိုပါဘူးဗျ"

စံရွှေက ဘကြီးဖြိုးကို ပြန်ပြောသည်။ သူ၏ ဟန်ပန်နှင့် အမူအရာတို့က လုပ်ငန်းသဘောတွင် ကျွန်တော်တို့၏ခေါင်းဆောင် ဝါရင့်လုပ်သားကြီးဖြစ်သော ဘကြီးဖြိုးထက်ပင် ကျွမ်းကျင်ကြောင်း ဖော်ပြနေသည်။

ဘကြီးဖြိုးမှာ အသက်အရွယ်အားဖြင့် ခြောက်ဆယ်ပင် ရှိပြီဖြစ်သော်လည်း မှိုမောက်ကျယ်ပြန့်သောရင်နှင့် သန်မာထွားကျိုင်းသော လက်မောင်းလက်ရုံးတို့ကိုလည်း အရွယ်နှင့်မလိုက်အောင် ဘကြီးဖြိုးက ပိုင်ဆိုင်လေသည်။ ထို့အတူ သွက်လက်ချက်ချာသော ဟန်ပန်တို့ကလည်း ဘကြီးဖြိုးထံတွင် အရှင်းသား တွေ့မြင်နိုင်လေသည်။ ထို့ပြင် အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သလို ဘဝအတွေ့အကြုံ အမျိုးမျိုးကိုလည်း ဆုံစည်းခဲ့ဖူးသည်။ ယခု ပြဒါးဖမ်းလုပ်ငန်းကို လုပ်ကိုင်လာခဲ့သည်မှာလည်း ကာလကြာမြင့်ပြီ ဖြစ်လေသည်။

"ဟဲ့ကောင်ရဲ့၊ ငါတို့က မလိုဘဲနဲ့ အခုလို အပင်ပန်းခံပြီး အလုပ်ပိုလုပ်ပါ့မလား၊ လိုလို့သာ လုပ်ကြတာပ မောင်ရယ်၊ ဟိုနှစ်တွေတုန်းကလည်း အခုလို မီရိုးဖလာအတိုင်းပဲ လုပ်ခဲ့ကြတာပဲ"

ဘကြီးဖြိုးက တစ်ယူသန်သမား ဖြစ်နေသော စံရွှေကို အကျိုးသင့်အကြောင်းသင့် ရှင်းလင်းပြောပြသည်။

"အဲဒါကြောင့် ဘကြီးဖြိုးတို့ ခက်တာပေါ့ဗျ၊ အကုန်အကျ သက်သာအောင်မှ မလုပ်တတ်ဘဲ၊ နေရာတကာတိုင်း မီရိုးဖလာချည်းပဲ လျှောက်လုပ်နေရင် တိုးတက်မှုဆိုတာ ဘယ်ရှိတော့မလဲဗျ၊ တီထွင်မှုရှိမှ တိုးတက်မှုဆိုတာ ရှိမှာပေါ့"

တစ်ယူသန်သမားဖြစ်သော စံရွှေက ဘကြီးဖြိုး၏ အပြောကို လုံးဝလက်မခံ။ စကားကြီး စကားကျယ် ခြေဟန်လက်ဟန်နှင့် ပြောဆိုပြန်သည်။

"ဟေ ဟုတ်လား၊ မင်းတို့က အခု တစ်မျိုးတီထွင်ပြီး လုပ်လိုက်တာလား"

"ဟဲဟဲ ဒီလိုလည်း မဟုတ်သေးဘူးဗျ၊ အလိမ္မာ စာမှာရှိ ဆိုသလို ကျွန်တော်တို့က စာဆိုနဲ့ လုပ်တာဗျ၊ ဒါကြောင့်မို့ ကျွန်တော်တို့လုပ်တာ ဘယ်တော့မှ မမှားနိုင်ဘူး"

စံရွှေကလည်း သူ့စာဆိုနှင့် သူ့အလုပ်က မှန်ကန်ကြောင်း၊ ဟုတ်ကြောင်း





...ထပ်ချည်တလဲလဲ ဆိုနေသည်။ သူ၏ အပြောအဆိုနှင့် သူ၏ ဟန်ပန်တို့ ...ကြောင့် ကျွန်တော်တို့အားလုံး စံရွှေကို စိတ်ဝင်စားကြသည်။ စံရွှေ၏ နောက် ...တ်တွဲအဖြစ် ထွက်ပေါ်လာလတ္တံ့သော စကားများကိုလည်း ကြားချင်လာမိ ...သည်။

"ဆိုစမ်းပါဦး မင်းစာက ဘယ်လို ဆိုလို့တုံး"

ဘကြီးဖြိုးကလည်း စံရွှေပင် ကြားလေသလား၊ စာဆိုပင် အမှန် ...တယ် ရှိလေလားဟူ၍ သိရအောင် မေးလိုက်သည်။

"ဒီလို ဘကြီးဖြိုးရဲ့၊ ဆောင်းဟေမန္တ ခါသမယတွင် ဖိုဝင်လိုသူ၊ အူဖြူ ...သိုလ်များ ထိုထိုတို့ ပြဒါးကို ရလိုက အိုးဝကျယ်ကျယ်၊ အလယ်ကုပ်ထဲ၊ အမဲပုပ် ...သား နှင်းခါးရိုက်ချိန်၊ အရှိန်ရစွာ သရက်ပင်ခွကြားမှာ ရက်ကြာကြာဝင်၊ လိုချင် ...သည့်ပြဒါး အဖွေးသား ရောက်ရှိလာချေမည်တဲ့။ အဲဒီလို ရှေးက စာဆိုကြီးတွေ ...က စာချိုးထားတယ်ဗျ။ အိုးကို အဖုံးဖုံးပြီးမှ ပြဒါးကို ဖမ်းရမယ်လို့ မဆိုပါဘူး။ ...ကြောင့်မို့ ကျွန်တော်တို့က အိုးတွေကို အဖုံး မဖုံးတာပါ"

စံရွှေက စာသံပေသံနှင့် ရွတ်ဖတ်ပြသည်။ စံရွှေ၏ အပြောကြောင့် ...ကြီးနှင့်အတူ ကျွန်တော်တို့အားလုံး ပြုံးမိကြ၏။ ကျွန်တော့်စိတ်ထဲတွင် စံရွှေ ...၏ အပြောကို လက်ခံချင်သလို ဖြစ်လာသည်။ လက်မခံနိုင်စရာလည်း မရှိဟု ...ျွန်တော် ထင်သည်။ ထို့ကြောင့် မပင်ပန်းသင့်ပါဘဲနှင့် ပင်ပန်းရသည်ကိုလည်း ...စိတ်မကောင်း ဖြစ်မိသေးသည်။

"အေး မင်းစာဆိုနဲ့ မင်းဆိုတော့လည်း ဟုတ်သားပဲ။ တို့ကတော့ မီရိုး ...လာအတိုင်းပဲပေါ့၊ ဒါပေမယ့် မင်းတို့ အခု လုပ်လို့ဖြစ်ရင် တို့လည်း နောက်နှစ် ...ဆောင်ခါမှ စမ်းကြည့်တာပေါ့ကွာ၊ သက်သာတဲ့အလုပ်ဆိုရင် ကောင်းပါတယ်။ အခုတော့ တို့အလုပ်က ပြီးပြီးသားမို့ ပြီးပါစေတော့ကွာ။ ဒါနဲ့ နေပါဦး ဒီလိုဆိုရင် ...နှစ်ကလည်း မင်းတို့ ဒီအတိုင်းပဲ လုပ်သလား"

"အို ဘကြီးဖြိုးကလည်း ခက်လိုက်တာဗျာ၊ ကျွန်တော်တို့က မလုပ်ဘူး ...ဘဲနဲ့ လုပ်ပါ့မလား၊ မနှစ်ကလည်း ဒီအတိုင်းပဲ၊ အိုးလေးငါးလုံးကို စမ်းပြုလုပ် ...ခဲ့ပြီးပြီဗျ။ ဒါကြောင့်မို့ အခုလည်း အိုးတွေကို အဖုံး မဖုံးတာ၊ အဖုံး မဖုံးဘဲနဲ့ ...လုပ်တာက အဖုံး ဖုံးပြီးလုပ်တာထက် ပြဒါး ပိုပြီး ရတာကို မနှစ်ကတည်းက ...ကျွန်တော် သိခဲ့တယ် ဘကြီးဖြိုးရဲ့"

စံရွှေကလည်း သူ၏စကားကို ခိုင်မာသထက် ခိုင်မာစေရန် ထပ်ဆင့်၍ အဆိုတင်သည်။ စံရွှေ၏ ယုတ္တိရှိသော အပြောကြောင့် ဘကြီးဖြိုးမှာ ...



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသွားရပုံရသည်။

ကိုတိုးကလည်း စံရွှေ၏ အပြောကို လက်ခံသည်။ ထို့ကြောင့် အဖုံးဖုံးရန် ကျန်ရှိနေသော သူ၏ ဖျဉ်းအိုးလေးငါးလုံးကို အလုပ်ရှုပ်မခံလိုသဖြင့် အဖုံးမဖုံးတော့ချေ။ "စံရွှေပြောတာ ဟုတ်နိုင်တယ်ကွ မောင်ထွေးရ" ဟူ၍လည်း ကျွန်တော့်ကို လှမ်းပြောလိုက်သေးသည်။

"ဘကြီးဖြိုး ကျွန်တော် ပြန်လိုက်ဦးမယ်ဗျာ"

စံရွှေက ဘကြီးဖြိုးကို နှုတ်ဆက်ရင်းက ထိုင်နေရာမှ ထလိုက်သည်။

"အေး အေး နောက်လည်း လာပြုလည်ပေါ့ကွာ၊ ဟုတ်လား ထွန်းမောင်ကြီးတစ်ယောက်ကော လာလည်ပါဦးလို့ ပြောလိုက်ပါကွာ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ဘကြီးဖြိုး၏ စကားအဆုံးတွင် စံရွှေကလည်း တဲပြင်သို့ ပြောပြောဆိုဆိုနှင့် ရောက်ရှိသွားလေတော့သည်။

စံရွှေ ပြန်သွားသည့် နောက်ပိုင်းတွင် ဘကြီးဖြိုးနှင့် ကျွန်တော်တို့သည် အိုးများကို တဲအပြင်ဘက်သို့ သယ်ယူကြသည်။ ထို့နောက် စံရွှေတို့ အမှတ်အသားများလွှတ်သော သရက်ပင်များတွင် လှေကားထောင်၍ အပင်ပေါ်သို့ တက်ကြရသည်။ ထို့နောက် အိုးများကိုယူ၍ တစ်ပင်လျှင် နှစ်လုံးမှ သုံးလုံးအထိ သစ်ပင်ခွဆုံနှင့် သစ်ကိုင်းကောင်းတို့တွင် ပြုလုပ်ထားသော ကြိုးများနှင့် ဆိုင်း၍ ချိတ်ဆွဲရလေသည်။

အိုးများကို ဆိုင်း၍ထားသော ကြိုးများကို ပခုံးပေါ်တွင်လွယ်ကာ တစ်ပင်တက် တစ်ပင်ဆင်းနှင့် ခရာခဲဆစ် လိုက်လံ၍ ချိတ်ဆွဲရသည်မှာ ချွေးများပင် ပေါက်ပေါက်ကျ၏။ ပြီးလျှင် ကျွန်တော်တို့သည် မိမိ အိုးများကို မှတ်သားရလွယ်ကူစေရန် အလို့ငှာ မိမိနာမည် သို့မဟုတ် အမှတ်အသားတစ်ခုကို အိုးဖင်နှင့် အိုးဘေးတွင် ထုံးများဖြင့် ရေးမှတ်ထားကြလေသည်။

ဘကြီးဖြိုးက သူ၏ အိုးပေါင်းတစ်ရာစလုံးကို 'ဖြိုး' ဟူသော အက္ခရာစာလုံးဖြင့် အမှတ်အသား ခတ်နှိပ်၍ထားလေသည်။

ထို့အတူ ကျွန်တော်ကလည်း မိမိ၏ အိုးပေါင်းတစ်ရာစလုံးကို 'ထွေး'ဟူသော အမှတ်အသား၊ ကိုတိုးကလည်း 'တိုး' ဟူသော အမှတ်အသားများကို အသီးသီး မှတ်သားပြီး ချိတ်ဆွဲထားကြလေသည်။

ယခုလို အမှတ်အသားများ ပြုလုပ်ထားခြင်းအားဖြင့် သူ့အိုး ငါ့အိုး အငြင်းပွားစရာ ပြဿနာမျိုး မပေါ်ပေါက်နိုင်ချေ။ မိမိအိုးမှ ရရှိသော ဆေးပြဒါး





သည် မိမိပိုင်ပစ္စည်း ဖြစ်လေသည်။

စံရွှေနှင့် ကိုထွန်းမောင်တို့ကမူ ကျွန်တော်တို့ထက် ထူးသူ တော်သူတွေ ထူးထူးခြားခြား ဖြစ်လိုသဖြင့် သူ့အိုးများကို ကြက်ခြေခတ်များ ပြုလုပ်ထားတဲ့သို့ ကိုထွန်းမောင်ကလည်း သူ့အိုးပေါင်း တစ်ရာစလုံးကို တုတ်ချောင်းလေး တစ်ခုစီခြစ်ပြီး အမှတ်အသားများ ပြုလုပ် ချိတ်ဆွဲထားကြသည်ကိုလည်း ကျွန်တော်တို့ တွေ့မြင်ကြရသည်။

နေမွန်းတည့်ချိန်လောက်တွင် ကျွန်တော်တို့၏ အိုးများကို သရက်ပင်ခွကြားတို့၌ အမှတ်အသားများ ပြုလုပ်၍ လုံးဝ ချိတ်ဆွဲပြီးသွားကြလေသည်။

ယခု ကျွန်တော်တို့သည် မိုးပေါ်က ရတနာဖြစ်သော ဆေးပြဒါးများကို လိုက်လံဖမ်းဆီးနေကြသည်မှာ နည်းနှစ်မျိုး ဖြစ်နေကြသည်။ ကိုထွန်းမောင်နှင့် စံရွှေတို့က အိုးအဖုံးကို မပိတ်ဘဲ ဖွင့်၍ စာတွေ့နှင့် ဖမ်းဆီးကြသည်။ ကျွန်တော်တို့က အိုးအဖုံးများကို လုံအောင်ပိတ်ပြီး အိုးအလယ်ဗဟိုတည့်တည့် လက်ခုံသယ်လောက်ရှိသော အပေါက်ငယ်လေးတစ်ပေါက်သာ ဆေးပြဒါးဆင်းရန် ဖောက်ထားပြီး လုပ်ငန်း အတွေ့အကြုံအရ ဖမ်းသည်။ ထို့ပြင် အိုးအဖုံးကိုဖွင့်ကာ ထွက်စေရန်လည်း အင်တွဲကို ရေနံဆီနှင့်တေ၍ အလုံပိတ်ထားကြလေသည်။

မည်သို့ဆိုစေ စံရွှေတို့ ဖမ်းသောနည်းနှင့် ကျွန်တော်တို့နည်းမှာ ပြဒါးတစ်လမ်း သံတစ်လမ်း ဆန့်ကျင် ယှဉ်ပြိုင်နေကြသည်ဟု ဆိုရမည်သာတည်း။

ထို့ကြောင့် ယှဉ်ပြိုင်နေသော စာတွေ့နှင့် လက်တွေ့ နည်းနှစ်ခုအနက် မည်သည့်လုပ်ငန်းက သာ၍၊ မည်သည့်နည်းက ကောင်းမွန် ဟုတ်မှန်ကြောင်းကို အချိန်နှင့် အခါက အဆုံးအဖြတ်ပေးချေမည်တကား။

* * *

သိပ်သည်းသော အမှောင်ထုကို တောက်ပသော အလင်းရောင်က ဖြည်းဖြည်း ဝါးမျိုနေသည်။ အမှောင်ထု အားလျော့သွားသည်နှင့် အရှေ့မိုးကောင်းကင်တစ်ခုလုံး ကြည်လင်ဝင်းပလာလေသည်။

"အောက်. . အီး. . အီး . . အွတ်"

ရိုးမဆီမှ တောကြက်ဖတို့၏ အိပ်တန်းဆင်း တွန်ကျူးသံများကိုလည်း ကြားရပြီ။

မှန်ပါသည်။ မိုးစင်စင်လင်းပြီ ဖြစ်၏။ နေခြည်က လုံးဝ မမြင်ရ။ သရက်ဥယျာဉ်ကြီးတစ်ခုလုံး နှင်းထုက အစွမ်းကုန် သိုင်းခြုံ၍ ထားလေသည်။ ထို့ကြောင့် အရာရာကို သဲကွဲစွာ မမြင်ရ၊ ဝိုးတဝါး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလို နှင်းများ သိုင်းခြုံနေသော အခါသမယတွင် ငှင်းနှင်းထုများနှင့်အတူ ဆေးပြဒါးတို့က ရောနှော၍ မြေပြင်သို့ ဆင်းသက်နေကြပေလိမ့်မည်။ ကျွန်တော်တို့၏ အိုးပေါင်း (၂၀၀)မှ သုံးလေးရက် ရလာပြီဖြစ်သော အမဲသားများလည်း အိုးတွင်း၌ ပုပ်ပွနေပေတော့မည်။ ထိုအခါ ကျွန်တော်တို့၏ အိုးများအတွင်းမှ အပုပ်နံ့များက မြေပြင်သို့ ဆင်းသက်လာကြပြီဖြစ်သော မိုးပေါ်က ရတနာများကို အာရုံငှါးပါးနှင့် မြူဆွယ် ခေါ်ယူနေကြပေလိမ့်မည်။

သည်အခါ အပုပ်နံ့ကို ကြိုက်နှစ်သက်သော ဆေးပြဒါးများက နှင်းထဲမှ ခွဲထွက်၍ အိုးအတွင်းသို့ ဝင်ရောက်ပြီး အမဲသားများကို စားသောက်၍ နေကြပေလိမ့်မည်။ ထို့နောက် အိုးအတွင်း ရောက်ရှိနေသော ဆေးပြဒါးများက အပြင်ဘက်တွင်ရှိသော သူမိတ်ဆွေများကို "ဒီမှာ တို့အစာတွေ တွေ့ပြီကွ၊ လာကြလာကြ" ဟူ၍ပင် ထပ်ဆင့် ခေါ်ယူနေကြပေတော့မည်။

ထိုအခါ အိုးတွင်းမှ ဆေးပြဒါးတို့၏ ခေါင်းဆောင်မှုကြောင့် အပြင်ဘက်မှ ဆေးပြဒါးများကလည်း အိုးတွင်းသို့ ဝင်ရောက်လာကြပေမည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး ပေါင်းစပ်ကြပြီး အပေါင်းအသင်း စုံလင်စွာဖြင့် အိုးတွင်းမှ အမဲသားပုပ်များကို ပျော်ရွှင်စွာ စားသောက်နေကြပေလိမ့်မည်။ ယခုလိုနှင့်ပင် အိုးတွင်းမှ ဆေးပြဒါးများက တစ်စထက်တစ်စ များပြားလာကြပေတော့မည်။

ဤအတွေးကြောင့်လည်း ကျွန်တော်တို့တစ်တွေမှာ နှင်းကျလေလေ ပျော်ရွှင်ရလေလေပင်တည်း။ တစ်နည်းအားဖြင့် သဘာဝ ငွေမိုးရွာစေရန်အတွက် ကျွန်တော်တို့အဖို့ အမြဲတမ်း ဆုတောင်းနေကြရလေသည်။

"အား . . အား . . အား"

ကျီးတစ်အုပ်သည် တအားအား အော်မြည်ကာ ပင်ယံထက်မှ ရုတ်ခြည်း ပျံတက်သွားကြသည်။ ထို့နောက် သစ်ပင်များအထက် တစ်တောင်အကွာလောက်တွင် အော်ဟစ်မြည်တမ်းကာ ပျံဝဲနေကြသည်။

ကျီးတို့သည် အဲတောင်အလက် စုံပြီဖြစ်သော သူတို့၏ သားသမီးများကို သည်အခါ သည်သမယတွင် အပျံသင်စအချိန် ဖြစ်၏။ အပျံသင်နေရင်းနှင့် သူတို့ သားငယ်တို့သည် သစ်ပင်အောက်သို့ကျပြီး အထက်သို့ ပြန်လည် မတက်နိုင်သောအခါ သားငယ်များအတွက် စိုးရိမ်ပူပန်ကြသည့်အလား ကြောက်စရာကောင်းလောက်အောင် ဆူညံနေကြသည်။

သာယာလှသော ဟေမန္တ၏ နံနက်ခင်းကို ကျီးအော်သံများကသာ စိုးမိုးမင်းမူ ဖျက်ဆီးနေကြသည်။ ပြီးလျှင် ပင်ယံထက်တွင် မည်းမည်းလှုပ် ပျံဝဲနေ





ကြသည်မှာလည်း လှပနေသော သဘာဝကို အကျည်းတန်စေသည်။ သရက်ပင်ကြီးတစ်ခုလုံး တဝေါဝေါနှင့် ကျီးပြုမှုကြောင့် မည်သည့်အသံကိုမျှ မကြားရတော့။ ကျီးအော်သံများနှင့် ငှင်းတို့၏ လှုပ်ရှားမှုများကသာ အရာဝတ္ထုအားလုံးကို လွှမ်းခြုံနေလေတော့သည်။

ယခင်နေ့တွေက သည်လိုမဟုတ်။ နံနက်လင်းသည်နှင့် ကျီးတို့ အိပ်တန်းဆင်း အော်မြည်သံတို့ကို ခဏသာ ကြားရပြီးနောက် တဖြည်းဖြည်းပျောက်ကွယ် တိတ်ဆိတ်သွားသည်သာပင်တည်း။

ယနေ့ နံနက်၌မူ ဟိုမှသည်သို့ ပျံဝဲနေကြသော ကျီးတို့သည် ပျောက်ကွယ်မသွားသည့်အပြင် တစ်စနှင့်တစ်စ ပို၍ပို၍ များပြားလာလေသည်။

ရုတ်ရုတ်သဲသဲ ဖြစ်နေသော ကျီးတို့၏ လှုပ်ရှားအော်မြည်မှုက တဲထဲ၌ အိပ်ချမ်းနှင့် ရေနွေးကြမ်း ထိုင်ပြီးသောက်နေကြသော ကျွန်တော်တို့ သုံးဦးကို အလှန့်သတိပေး နှိုးဆော်လိုက်သည်။ ထိုအခါ ကျီးတို့၏ လှုပ်ရှားအော်မြည်မှုနှင့်အတူ ကျွန်တော်တို့၏ စိတ်သည်လည်း လုံးဝ မတည်ငြိမ်တော့။

အပြင်ဘက်တွင် နှင်းမြူစဲချေပြီ။ သည်အခါ မိုးကောင်းကင်တစ်ခုလုံးသည် ကြည်လင်ဝင်းပလာတော့သည်။ ထို့အတူ သရက်တောထဲ၌ ဝိုးတဝါးသာ မြင်ရသော အရာဝတ္ထု အားလုံးသည် သဲကွဲလာလေသည်။

"ဟော့ စံရွှေတို့၊ ထွန်းမောင်တို့ ထကြစမ်း ထကြစမ်း၊ ကျီးတွေ အော်ကြ ဆူကြနဲ့ ဘာဖြစ်နေကြလဲ မသိဘူး"

ဘကြီးဖြိုးက ရေနွေးကြမ်းသောက်နေရာမှ ရုတ်တရက် စံရွှေတို့ဘက်ဆီသို့ ထွက်သွားသည်။ ထို့နောက် ချမ်းချမ်းနှင့် ကွေးနေဟန်တူသော စံရွှေနှင့် ကိုထွန်းမောင်တို့ကို အော်ဟစ်၍ သတိပေးလိုက်၏။

ကျွန်တော်နှင့် ကိုတိုးသည် တဲအပြင်သို့ ရုတ်ခြည်း ပြေးထွက်လိုက်ကြသည်။ ထို့နောက် ကျွန်တော်တို့သည် လျင်မြန်သော မျက်လုံးအစုံနှင့် တောင်မြောက်လေးပါးကို ကြည့်ရှု အကဲခတ်နေကြသည်။ 'ဘာဖြစ်ပါလိမ့်' ဟူသောအတွေးကြောင့်လည်း ကျွန်တော်တို့စိတ်သည် တထိတ်ထိတ်နှင့် လှုပ်ရှားနေကြသည်။ သည်နေ့မှ ပုပ်ပွနေကြသော အမဲသားပုပ်များ၏ အနံ့တို့ကလည်း ပုပ်အောင် နံစော်နေကြသည်။ ယင်းအပုပ်နံ့များကြောင့် ကျွန်တော်သည်ပင်လျှင် ခေါင်းထဲ မူးနောက်နောက် ဖြစ်သွားသည်။ ထိုအချိန်တွင် ကျွန်တော်တို့၏ ဦးခေါင်းပေါ်မှ ဝိုးခနဲ လေတိုးသံကြီးနှင့် တဖြန်းဖြန်း အသံကြီးတစ်ခုကို ကြားရလေသည်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ဦးစလုံး ခေါင်းမော့၍ အထက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ကြီးမားသော လင်းတကြီးတစ်ကောင်သည် ကျွန်တော်တို့၏ ဦးခေါင်းပေါ်မှ ကျော်ဖြတ်ပြီး ပြဒါးအိုးများ ရှိရာသို့ သရက်ပင်ခွကြားတစ်ခုတွင် နားလိုက်သည်ကို ကျွန်တော်တို့ တွေ့မြင်လိုက်ရသည်။ ထို့နောက် တစ်ကောင်ပြီးတစ်ကောင် မည်သည့်အရပ်မှ မည်ကဲ့သို့ ရောက်လာကြသည်မသိ။ သူတို့၏ ကြီးမားသော အတောင်ကြီးများကို ဖြန့်၍ဖြန့်၍ သရက်ပင်များဖျားကတွင် ဝဲပျံ၍ ဟိုမှသည်သို့ ပျံသန်းနေကြသည်ကိုလည်း တွေ့မြင်ရပြန်သည်။

မြင်ရသော မြင်ကွင်းကြောင့် ကျွန်တော့်ရင်ထဲတွင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိသည်။ လင်းတဟူသော သတ္တဝါသည် အပုပ်အစပ်ကို ကြိုက်နှစ်သက်ကြလေသည်။ ယနေ့မှ သရက်တောကြီးတစ်ခုလုံး အပုပ်နံ့များ စူးရှပုပ်ဟောင်နေသည်မို့ အမဲသားပုပ်နှင့် လင်းတဟူသော အတွေးကြောင့်လည်း ကျွန်တော့်ရင်ထဲတွင် စိုးရိမ်စိတ်က ပိုမို၍ လွှမ်းကဲလာလေသည်။

"အား . . အား . . အား"

ကျီးအော်သံများကလည်း တစ်စထက်တစ်စ ပိုမို၍ ဆူညံလာပြန်သည်။ ထိုကျီးအော်သံများကို ထိုးဖောက်၍ "ဂစ် . . ဂစ် . . ဂစ်" ဟူသော စူးရှကျယ်လောင်သည့် အော်သံဟစ်သံများကိုလည်း ဟိုမှသည်မှ ကြားလာရသည်။

ကျွန်တော်တို့ ကြည့်နေစဉ်မှာပင် ပြဒါးများ ဖမ်းရန်ထားရှိသော အိုးများထဲမှ အမဲသားပုပ်များကို ၎င်းလင်းတကြီးများက အော်ဟစ်၍ ဝိုင်းဝန်းထိုးဆိတ်စားသောက်နေကြချေပြီ။

"လာကြဟေ့ . . လာကြဟေ့၊ လင်းတကြီးတွေ လင်းတကြီးတွေ၊ တို့အိုးထဲက အမဲသားပုပ်တွေကို နှိုက်စားကုန်ကြပြီဟေ့"

ကျွန်တော်က မြင်ရသော မြင်ကွင်းကြောင့် ထိတ်ထိတ်လန့်လန့်နှင့် သံကုန်ဟစ်အော်လိုက်သည်။ ချမ်းအေးသောစိတ်သည် မည်ကဲ့သို့ ပျောက်ကွယ်သွားသည် မသိတော့။ စံရွှေနှင့် ကိုထွန်းမောင်တို့လည်း သူတို့ တဲပြင်ဘက်သို့ မျက်ကလူးဆံပျာနှင့် ပြေးထွက်လာကြသည်။

"လင်းတကြီးတွေ မောင်းပစ်ကြဟေ့"

ဘကြီးဖြိုးက အော်ဟစ်၍ ပြောသည်။ ထို့နောက် သံစည်ပိုင်းပြတ်ကြီးကို တဒုန်းဒုန်းနှင့် ဆူညံအောင်တီး၍ လင်းတကြီးများကို ခြောက်လှန့်သည်။

"ဟေး . . ဟေး . . ဟ . . ဟ . . ချကွ"

ကိုတိုးနှင့် ကျွန်တော်တို့ကလည်း သံပုံးများ၊ ဒန်အိုးအဖုံးများကို တီး





ခေါက်ရိုက်နှက်၍ တဟေးဟေး တဟားဟားနှင့် အော်ဟစ် မောင်းထုတ်ခြောက်လှန့်ကြရသည်။

"အား . . အား . . အား"

ကျီးများကလည်း တိုင်းပြည်ပျက်သည့်အလား ပိုမို၍ ကြောက်လန့်စွာ အော်ဟစ်နေကြပြန်သည်။

ကျွန်တော်တို့က လင်းတကြီးများကို အော်ဟစ်၍ နည်းမျိုးစုံနှင့် ခြောက်လှန့်နေကြသော်လည်း လင်းတကြီးများကမဖြုံ၊ အဖုံးများ ဖွင့်၍ထားသော စံရွှေနှင့် ကိုထွန်းမောင်တို့၏ အိုးများထဲမှ အမဲသားပုပ်များကို မြိန်ရှက်စွာ စားသောက်နေကြသည်မှာ ဒေါသဖြစ်စရာပင်၊ တစ်ပင်မှ အစာများ ကုန်သည်နှင့် အခြား တစ်ပင်သို့ ပျော်ရွှင်မြူးထူးစွာ ကူးလူးပျံသန်း၍ စားသောက်နေကြသည်မှာလည်း လင်းတပွဲတော်ကြီး ကျင်းပနေသလားဟုပင် ထင်မှတ်ရလေသည်။

"ပစ်ဟေ့ . . . ပစ်ဟ . . ချကွာ၊ ဟုတ်ပြီ . . ဟုတ်ပြီ"

စံရွှေနှင့် ကိုထွန်းမောင်တို့ကလည်း လောက်ဆွဲခွနှင့် အော်ဟစ်ပြီး ပစ်ခတ်နေကြသည်။ သို့သော် လင်းတကြီးများကား လုံးဝ ဂရုမစိုက်။

"ဟာ ငါတို့အိုးတွေ ပြုတ်ကျကုန်ပြီဟေ့ လုပ်ကြပါဦး"

ကိုတိုးက လင်းတကြီးများကို အော်ဟစ်ခြောက်လှန့်ရင်းမှ ကျွန်တော့်ကို အော်ပြောသည်။ မှန်ပါ၏။ ကြီးမားသော လင်းတကြီးတို့၏ တောင်ပံခတ်ကြောင့် ပင်ယံထက်မှ ပြဒါးဖမ်းထားသော ကျွန်တော်တို့ အိုးလေးငါးလုံးမှာ မြေပြင်သို့ ကွဲကြေကုန်တော့သည်။ ထို့ကြောင့် လင်းတကြီးများ၏ရန်က ကင်းဝေးနိုင်သမျှ ကင်းရှင်းစေရန် ဝါးပိုးဝါးများကို မီးရှို့၍ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ပေါက်ကွဲစေပြီး ခြောက်လှန့်ရပြန်သည်။

ထို့ကြောင့်လည်း သရက်တောကြီး တစ်ခုလုံးသည် ကျီးအော်သံ၊ သံပုံးတီးသံ၊ လူအော်သံများနှင့် ဝါးပိုးဝါးများကို မီးရှို့၍ တဒိုင်းဒိုင်း ဖောက်သံတို့ကြောင့် ကမ္ဘာပျက်သည့်အလား ကြောက်လန့်ဖွယ်ရာ ကောင်းလောက်အောင် ဆူညံနေတော့သည်။

စံရွှေသည် ခါးတောင်းကို မြှောင်အောင်ကျိုက်ပြီး သရက်ပင်တစ်ပင်ပေါ်သို့ လျင်မြန်စွာ တက်သွားသည်။ ထို့နောက် တုတ်ကြီး တစ်ချောင်းဖြင့် လင်းတကြီးများကို ဝှေ့ယမ်း ခြောက်လှန့်ရိုက်နှက်နေသည်။ သူ့ကို အလေးမမူဘဲ အိုးထဲမှ အမဲသားပုပ်များကိုသာ မပြီးစားနေကြသော လင်းတကြီးများကို တဝုန်းဝုန်းနှင့် အော်ဟစ်ရိုက်နှက်နေသည်။ သူ၏ ကိုယ်ကိုလည်း ပင်ယံထက်မှ



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ အားလွန်ပြီး မကျစေရန် ထိန်းနေရသည်မို့ လင်းတကြီးများကို ထိသည့်အခါလည်း ထိသည်။ တစ်ခါတစ်ရံ ခြေချော်လက်ချော်ဖြစ်ပြီး ပြဒါးအိုးများကို ရိုက်ချမိ၍လည်း သူ၏ အိုးအချို့မှာ သူ့လက်ချက်ကြောင့် အစိတ်စိတ် အမြွှာမြွှာ ကွဲကျကုန်သည်ကိုလည်း ကျွန်တော်တို့ တွေ့မြင်ရသည်။

ကျွန်တော်တို့နှင့် စံရွှေကိုသည် စီးပွားရေး၌ ပြိုင်ဘက် ဖြစ်သော်လည်း ယခုလို အန္တရာယ်နှင့် အမှန်တကယ် တွေ့ကြုံရင်ဆိုင်ရသောအခါ တိုင်ပင်ထား ကြသကဲ့သို့ စုပေါင်း တွန်းလှန်ကြသည်မှာလည်း တစ်မျိုး ပျော်စရာပင်တည်း။

မကြာသော အချိန်အတွင်းမှာပင် လင်းတကြီးများလည်း အစာဝသွား ကြပြီ ဖြစ်သည့်ပြင် ကျွန်တော်တို့ထစ်တွေလည်း စည်းလုံးညီညာစွာနှင့် ဝိုင်းဝန်း ခြောက်လှန့်ကြသဖြင့် တစ်ကောင်စ နှစ်ကောင်စသာ ကျန်တော့သည်။ မနား မနေ အော်ဟစ်နေကြသော ကျီးအော်သံများလည်း အနည်းငယ် ကျဲသွားလေ သည်။ သို့ရာတွင် လုံးလုံးတော့ မတိတ်သေး။ ထို့အတူ လင်းတကြီးများ၏ "ဂစ် . . ဂစ် . . ဂစ်" ဟူသော အော်မြည်သံတို့ကိုလည်း တိုမှသည်မှ ကြားနေရ သေးသည်။

အမှန်တကယ်မှာမူ လင်းတကြီးများကို ကျွန်တော်တို့က အောင်နိုင် လိုက်ခြင်း မဟုတ်ပါ။ လင်းတကြီးများကသာ ကျွန်တော်တို့ကို အနိုင်ယူသွားခြင်း ပင် ဖြစ်လေသည်။ တစ်နည်းအားဖြင့် ဆိုရသော် သူတို့ စားသောက်ချင်သော အစားအစာများကို ကျွန်တော်တို့ဆီမှ လုယက်စားသောက်ပြီး ဗိုက်ပြည့်ကာမှ တဖြည်းဖြည်း ယျံသန်းပျောက်ကွယ်သွားသည်ဟု ဆိုရမည်သာတည်း။

လင်းတကြီးများ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ကျီးအော်သံ တို့သည်လည်း တဖြည်းဖြည်း ဝေး၍ဝေး၍ ငြိမ်သက် တိတ်ဆိတ်ပျောက်ကွယ် သွားလေတော့သည်။ ကျွန်တော်တို့ အားလုံးမှာ ပြဒါးအိုးများရှိရာ သရက်ပင်များ ပေါ်သို့ ကမန်းကတန်း တက်ကြရသည်။ ထို့နောက် ပင့်ယံထက်မှ ချိတ်ဆွဲထား သော အိုးများကို တစ်ပင်တက် တစ်ပင်ဆင်းနှင့် သေချာစွာ စစ်ဆေးကြည့်ရှု ကြရလေတော့သည်။

ကျွန်တော်နှင့် ဘကြီးဖြိုး၏ အိုးမှာလည်း နှစ်လုံးသုံးလုံးသာ လင်းတ ကြီးများ၏ တောင်ပံနှင့် ထိခိုက်ပြီး ကျကွဲရုံမှလွဲ၍ ပင်ယံထက်မှအိုးများ အားလုံး သည် မည်ကဲ့သို့မျှ မဖြစ်ဘဲ မူရင်းအတိုင်း ရှိနေကြသည်ကို တွေ့ရမှ ကျွန်တော် နှင့် ဘကြီးဖြိုးတို့မှာ စိတ်အေးသွားရတော့သည်။ ကိုတိုး အပျင်းထူပြီး အိုးအဖုံး ဖွင့်ထားခဲ့သော အိုးလေးငါးလုံးမှာမူ လင်းတစာ ဖြစ်သွားရလေသည်။





ကျွန်တော်တို့ ပြုလုပ်ထားသော အိုးများ လင်းတကြီးများ၏ရန်မှ ကင်း ခဲ့ရခြင်း အကြောင်းမှာ ကျွန်တော်တို့၏ အိုးများကို အဖုံး သေချာစွာပိတ်ပြီး အတ်ခလယ်လောက် အပေါက်ငယ်လေးတစ်ပေါက်သာ ဖွင့်ထားခြင်းကြောင့် ပင်တည်း။

ကိုတိုးက သူ၏ အဖုံး မဖုံးဘဲ ထားခဲ့သော အိုးလေးငါးလုံးအတွက် "ငါ မှားတယ်၊ ငါ မှားသွားဘယ်ကွာ၊ မိရိုးဖလာအတိုင်းလုပ်ရင် ကောင်းမှာ။ အခုတော့ မဆုံးရှုံးသင့်ဘဲနဲ့ ဆုံးရှုံးရတယ်" စသည်ဖြင့် ဗြစ်တောက်ဗြစ်တောက် ဖြစ်နေသည်။

စံရွှေနှင့် ကိုထွန်းမောင်ကမူ သရက်ပင်များပေါ် သို့ ကျွန်တော်တို့ထက် အရင် တက်သွားကြသလို အောက်သို့လည်း ကျွန်တော်တို့ထက် ဦးစွာ စော၍ ရောက်နှင့်နေကြသည်။ သူတို့နှစ်ဦး၏ ညှိုးငယ်သောမျက်နှာ၊ ပမ်းနည်းကြေကွဲ နေသည့် ဟန်ပန်တို့ကြောင့် လင်းတကြီးများ၏ရန်ကို သူတို့ အလူးအလဲ ခံရ ဖြစ်ကြောင်း မမေးဘဲနှင့် ကျွန်တော်တို့ သိရှိနေကြ၏။

မှန်ပါ၏။ သူတို့က စာဆိုရှင်၊ အတွေးအခေါ် ရှင်ကြီးတွေမို့ သည်တစ်ချို့ အတွေးမတော်ဘဲ မေ့ချော်သွားလေပြီ မဟုတ်ပါလား။

"ဒုက္ခပါပဲ ဘကြီးဖြိုးရယ်၊ အဲဒီ အမဲသားဖိုး ငွေငါးဆယ်က ပိုက်ဆံ အောင် တစ်ပြားမှ မပေးရသေးဘူး၊ အကြွေးဝယ်ခဲ့တာဗျ"

"ဟုတ်တယ် ဘကြီးဖြိုး၊ ကျွန်တော်လည်း ဒီအတိုင်းပဲ"

ကျွန်တော်တို့အားလုံး အောက်သို့ ရောက်ကြသည်နှင့် အရင်ဆုံး ရောက်ရှိနေသော စံရွှေနှင့် ကိုတိုးက ဝမ်းနည်းပက်လက်နှင့် ဆိုသည်။ သူတို့၏ ဝမ်းနည်းပက်လက် ပြောဆိုသံကြောင့် ကျွန်တော်တို့အားလုံး စိတ်မကောင်းကြ ရပါသည်။ စံရွှေနှင့် ကိုထွန်းမောင်တို့ စိတ်ထိခိုက်၍ ဝမ်းနည်းမည် ဆိုလျှင် လည်း ဝမ်းနည်းထိုက်၏။ လူမသုံးသည့် အမဲသား အရိုးအရွဲဟု ဆိုသော်လည်း အချိန် တစ်ဆယ်လျှင် ငွေနှစ်ဆယ်ပေး၍ ဝယ်ယူခဲ့ရသည်မို့ တစ်ဦးလျှင် အချိန် အစိတ် ဝယ်လာခဲ့ကြသော စံရွှေတို့အဖို့ နှစ်ဦးပေါင်း ငွေ (၁၀၀)ကို ပင်ပန်းကြီး စွာနှင့် လွှင့်ပစ်လိုက်ရသလို ဖြစ်သွားလေတော့သည်။

ကျွန်တော်တို့အရပ်မှ အမဲပေါ် ရောင်းသော သူတို့က အခွင့်ကောင်း သုံးတတ်ကြလေသည်။ အခြားအခြားသော ရက်တွေ လတွေတွင် လူမသုံးသော အမဲသား အရိုးအရွဲတွေကို လွှင့်ပစ်တတ်ကြသော်လည်း ယခုလို အချိန်အခါမျိုး တွင် ဈေးကောင်းကောင်းရကြောင်း သူတို့လည်း သူတို့ အတွေ့အကြုံအရ



www.burmeseclassic.com

www.burmeseclassic.com



နားသည်နေကြသည်။

လုပ်ဖော်ကိုင်ဖက်ချင်းမို့ အထိနာခဲ့ရသော သူတို့နှစ်ဦးအတွက် ကျွန်တော် အပါအဝင် အားလုံး စိတ်မကောင်း ဖြစ်ကြရသည်။ သို့ရာတွင် ယခင်က သူ့ကိုယ်သူ တတ်သိကျွမ်းကျင်သူ ပညာရှင်၊ အတွေးအခေါ် ရှင်ကြီး တစ်ဦးတစ်ယောက်ကဲ့သို့ အပြောကြီးလှသော စံရွှေတစ်ယောက် အထိနာပြီ ဟူသော အတွေးကလည်း ကျွန်တော့် စိတ်ထဲသို့ ဝင်ရောက်လာသည်။

တစ်ဆက်တည်းမှာပင် "အဲဒါကြောင့် ဘကြီးဖြိုးတို့ ခက်တာပေါ့ဗျ အကုန်အကျ သက်သာအောင်မှ မလုပ်တတ်ဘဲ၊ နေရာတကာတိုင်း မိရိုးဖလာကြီးပဲ လျှောက်လုပ်နေရင် တိုးတက်မှုဆိုတာ ဘယ်ရှိတော့မလဲဗျ၊ တီထွင်မှုရှိမှ တိုးတက်မှုဆိုတာ ရှိမှာပေါ့" ဟူသော စကားနှင့် "ဟဲ. . ဟဲ၊ ဒီလိုလည်း မဟုတ်သေးဘူးဗျ၊ အလိမ္မာ စာမှာရှိ ဆိုသလို ကျွန်တော်တို့က စာဆိုနဲ့ လုပ်တာဗျ ဒါကြောင့်မို့ ကျွန်တော်တို့လုပ်တာ ဘယ်တော့မှ မမှားနိုင်ဘူး" ဟူသော စံရွှေ၏ ခပ်ကြွားကြွား စကားသံတို့ကိုလည်း ပြန်လည် ကြားယောင်လာမိသည်။

ထို့ပြင် စံရွှေ၏ အာဘော်ဖြစ်သော ဆောင်းပေါမန္တနှင့် အစချီသော စာဆိုကိုလည်း စံရွှေ၏ လေသံအတိုင်း ထပ်ဆင့်၍ ကြားလာမိသည်မို့ ဖြစ်ပျက်ပြီးသော အခြေအနေကြောင့် စိတ်မကောင်း ဖြစ်ရမည့်အစား သည်အတွေးတွေဝင်လာသောအခါ စံရွှေကိုကြည့်၍ ကျွန်တော် ရယ်ချင်နေမိသည်။ စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်မှသာ တိကျသောအဖြေ ရတတ်သည်ကို စံရွှေ မသိယောင်တကား။

"ဘယ့်နှယ်လဲကွ စာဆိုသမားကြီး၊ တီထွင်မှုရှိမှ တိုးတက်မှု ရှိတယ်ဆို အခုတော့ ဘယ်လို ဖြစ်သွားရတာလဲ။ လုပ်စမ်းပါဦးကွ ဆောင်းပေါမန္တ၊ ခါသမယတွင်၊ အိုးဝကျယ်ကျယ်၊ နောက်ပြီးတော့ ဘာတဲ့"

ဘကြီးဖြိုးကလည်း ကျွန်တော့်နည်းတူ ယခင်က စံရွှေ ခပ်ကြွားကြွားနှင့် ပြောဆိုသော စကားသံတို့ကို ပြန်လည်၍ သတိရလာသည်။ ထို့ကြောင့် ပြုံးဖြီးဖြီးနှင့် စံရွှေကိုကြည့်ရင်း မေးလိုက်သည်။

စံရွှေက မျက်မှောင်ကြီးကုပ်ပြီး စဉ်းစားဟန် လုပ်နေသည်။ ပြီးမှ သူ၏ မျက်တောင်အစုံကို တဖျပ်ဖျပ် ခတ်ရင်း မျက်လုံးအစုံကို ဖွင့်လိုက်ပိတ်လိုက်နှင့် လုပ်နေသည်မှာ ကျွန်တော်တို့အဖို့ သနားစရာ မကောင်းဘဲ ရယ်စရာ ကောင်းနေ၏။

ကိုထွန်းမောင်က အောက်သို့ကျ၍ အစိတ်စိတ်အမြွှာမြွှာ ကွဲနေသော





အိုးများကို စိုက်ကြည့်ပြီး တွေဝေနေသည်။

"ဟေ့ကောင် စံရွှေ၊ လုပ်စမ်းပါဦးလို့ ပြောနေမှပဲ၊ မင်းကလည်း ဈေးရောင်းနေလိုက်တာ လွန်ရော၊ ဆောင်းပေါမန္တ၊ ခါသမယတွင်၊ အိုးဝကျယ်ကျယ်၊ ဘာတဲ့. . နောက်ပြီးတော့ ဘာတဲ့လဲ"

"ဘာတဲ့ရမလဲ အိုးကျယ်ကျယ် အမဲပွှပ်ထားတော့ လင်းတတွေက အုပ်သွားတာပေါ့၊ အဲဒီတော့ ရှီး . . လင်းတစာ ဖြစ်သွားတာပေါ့"

ဘကြီးဖြိုး၏ ထပ်ဆင့်အမေးကို စံရွှေက မည်သို့မျှ မဖြေ။ ထို့ကြောင့် ကိုထွန်းမောင်က စိတ်တိုတိုနှင့် စံရွှေကိုကြည့်ရင်း ဝင်ပြောသည်။

"ဒါတောင် ဒီကောင်က ပြောသေးတယ်၊ ကျွန်တော်တို့က စာဆိုနဲ့ တီထွင်ပြီး လုပ်တာမို့ ဘကြီးဖြိုးတို့ထက် နေရာတကာမှာသာပြီး စံပြဖြစ်မှာ သေချာတယ်တဲ့"

ကိုထွန်းမောင်က စံရွှေကို မေးငေါ့ပြီး ဆိုပြန်သည်။

"ဟေ့ ဟုတ်လားကွ စံရွှေ"

ဘကြီးဖြိုးက ခပ်ပြုံးပြုံး မေးသည်။ သို့သော် စံရွှေက မဖြေ။

"ဟုတ်သမှ သိပ်ဟုတ်တာပေါ့၊ အခုတော့ တီထွင်မှု အကောင်းလွန်သွားလို့ အရင်းတောင် ပြန်မရတော့ဘူး"

စံရွှေက မပြောသဖြင့် ကိုထွန်းမောင်ကပင် ဆက်လက်၍ ပြောလိုက်ပြန်သည်။

"ဒီလိုဆိုရင် ခင်ဗျား ဘာဖြစ်လို့ ကျွန်တော် လုပ်သလို လိုက်လုပ်တာလဲ၊ ခင်ဗျားဘာသာခင်ဗျား ကြိုက်သလိုလုပ်ပါလား၊ ဘာခုမှ ဖြစ်တောက်ဖြစ်တောက် လုပ်နေရတာလဲ"

တစ်ချိန်လုံး ငြိမ်နေသော စံရွှေက သည်တစ်ချီ၌ အနာပေါ် တုတ်ကျဖြစ်ကာ ကိုထွန်းမောင်ကို ခပ်ဆတ်ဆတ်ပင် အော်ပြောလိုက်သည်။

"ဟ နဂိုကတည်းက ဒီလိုမှန်း မသိလို့ပေါ့ကွ၊ မင်းက နေရာတကာမှာ စံပြဖြစ်မယ်ဆို၊ ဒါကြောင့်မို့ ငါက လိုက်လုပ်တာပေ့ါ သိပလား၊ သိပလား"

"ဟား . . ဟား . . ဟား"

ကိုထွန်းမောင် အော်ဟစ်၍ ပြောဆိုလိုက်သော စကားအဆုံးတွင် ကျွန်တော်တို့မှာ မပြုံးဘဲ ဝါးလုံးကွဲ ရယ်လိုက်ကြလေသည်။

ကိုထွန်းမောင်မှာ သူ့စကားအဆုံးတွင် သူတို့၏ တဲထဲသို့ ဝင်ရောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးဖြိုး၊ ကိုထွန်းမောင်နှင့် စံရွှေတို့ အပြန်အလှန် ပြောဆိုနေမှု ကြောင့် ကျွန်တော်တို့မှာ တဝါးဝါး တဟားဟား ပွဲကျနေကြသော်လည်း ငွေငါး ဆယ်ကျော်ဖိုး ဆုံးရှုံးသွားရသော စံရွှေခမျာမှာ မရယ်မမောနိုင်ပါချေ။ ထို့ပြင် ကျွန်တော်နှင့် ကိုတိုးကိုလည်း လျော်ရမည်လားဟူသော သဘောနှင့် မကျေ မနပ် စိုက်ကြည့်နေသည်။

"ကဲပါ စံရွှေရယ်၊ မင်းကလည်း စိတ်မကောင်း ဖြစ်မနေပါနဲ့ကွာ၊ တို့က ပျော်တတ်ပါးတတ်လို့ မင်းကို သက်သက်မဲ့ စနေကြတာပါကွာ၊ အဲဒီတော့ ဖြစ်ပြီးတာလည်း ပြီးနေမှာပဲ၊ မင်းတို့နှစ်ယောက်စလုံး ရွာကိုပြန်ပြီး အမဲသား ဝယ်ချေ ဟုတ်လား၊ ငါတို့က မင်းတို့အိုးတွေကို ဖြုတ်ပြီး အသင့်လုပ်ထားမယ် အိုးအဖုံးတွေလည်း ယူခဲ့ ကြားလား"

အခြေအနေကို ဘကြီးဖြိုးက ထိန်းသိမ်းလိုက်သည်။ ထို့ကြောင့် စံရွှေ ခမျာ မျက်စိပျက် မျက်နှာပျက်နှင့် ခေါင်းညိတ်ပြီး တဲထဲသို့ ဝင်ရောက်သွားလေ တော့သည်။ ဆောင်းပေါမန္တ စာဆိုသမားကြီး ဟန်မကျဘဲ ရွာသို့ တစ်ခေါက် ပြန်ရပေဦးမည် မဟုတ်ပါလား။

စံရွှေ စာဆိုက မှန်သင့်သလောက် မှန်ပါသည်။ အိုးတစ်လုံးဆိုက အရေးမကြီး၊ အဖုံး မဖုံးဘဲ ထားလိုက ထားနိုင်သည်။ အိုးပေါင်း တစ်ရာကျော် နှစ်ရာကျော်ဆိုလျှင် အဖုံး မဖုံးဘဲ ဖြစ်သလို ပြီးစလွယ် ပြုလုပ်ထားပါက ယခုလို ပျက်စီးဆုံးရှုံးမှုမျိုးနှင့်သာ တွေ့ကြုံရင်ဆိုင်ရပေမည်။ တစ်နည်းအားဖြင့် လင်းတ စာ ကျွေးလိုက်ရမည်ဖြစ်ကြောင်း ကျွန်တော်တို့ အားလုံးကို လုပ်ငန်း အတွေ့ အကြုံတစ်ရပ်က လက်တွေ့သင်ခန်းစာ ပေးလိုက်ချေပြီတကား။

* * *

လင်းတတို့၏ရန်များ ပြီးဆုံး ပျောက်ကွယ်သွားသည်နှင့် ပင်ယံထက်မှ အိုးများကို ပြန်လည် ပြုပြင်၍ လုပ်ကိုင်ပြီးစီးနေကြသည်မှာ တစ်လကျော်ကျော် ပင် ရှိချေပြီ။

ကျွန်တော်တို့အဖို့ လွန်ခဲ့သောအချိန်က တွေ့ကြုံခံစားခဲ့ရဖူးသော သင်ခန်းစာကြောင့် ပြဒါးအိုးများကို ဖြစ်သလို ပစ်ထား၍ မရတော့ပါချေ။ ထို့ကြောင့် ကျွန်တော်တို့အားလုံး သတိရှိနေကြရသည်။ နေ့စဉ်နေ့တိုင်း ကျွန်တော်တို့ အိုးများကို သွားရောက် စစ်ဆေးနေကြရ၏။ တစ်ဦးနှင့်တစ်ဦး စေတနာထား၍ ဆောင်ရွက်ကြရသည်။

မနေ့က ကျွန်တော်နှင့် ကိုတိုးသည် ကျွန်တော်တို့၏ အိုးများကို သွား





ရောက် စစ်ဆေးကြည့်ရှုခဲ့ကြသည်။ ဤကဲ့သို့ မပြုလုပ်ကြ၍လည်း မဖြစ်ပါချေ။ ယခုလို အချိန်ကြာလာသည်နှင့်အမျှ ကျွန်တော်တို့၏ အိုးများကို ပို၍ပြီး ဂရုစိုက် ကြရသည်။ အချိန်ကြာလာလေလေ အိုးတွင်း၌ ဆေးပြဒါးတို့ ပို၍ များပြား ရောက်ရှိနေကြလေပင်တည်း။

ယခုလို အောင်ပွဲရခါနီးအချိန်သို့ ရောက်လာပါမှ ပျက်စီးသွားမည် ဆိုပါက ကျွန်တော်တို့အဖို့ ခဲရာခဲဆစ် အပင်ပန်းခံကာ ကြိုးစားလာခဲ့သမျှတို့ သည် အချည်းအနှီးသာ ဖြစ်ချေတော့မည်။ ထိုအခါ ဆုံးရှုံးမှုကို ရင်ဝယ်ပိုက်၍ မပြုနိုင်လောက်အောင် ယူကျုံးမရ ဖြစ်ကြရမည်ကိုလည်း တွေးတောပူပင် ကြောင့်ကြနေရလေသည်။

ထို့ကြောင့် အရေးကြီးသော အချိန်အခါသမယသို့ ရောက်လာပြီမို့ ယနေ့မနက် အစောကြီးကတည်းက ကိုတိုးသည် ဆေးပြဒါးအိုးများ ဆေးရန် တောထဲသို့ ထွက်ခွာခဲ့သည်။

ဘကြီးဖြိုးကလည်း မနေ့ညကတည်းက ရွာသို့ ပြန်သွားသည်။ ဆန်ဆီ နှင့် အခြား ငါးခြောက်ငါးခြမ်းများ ပြတ်နေသဖြင့် သွားရောက် ယူဆောင် သည်း ဖြစ်၏။ ယနေ့နံနက် ထမင်းစားချိန်အမီ ပြန်လာခဲ့မည် ဟူ၍လည်း တော့်ကို မှာကြားထားခဲ့သည်။

ထို့ကြောင့် ယနေ့ နံနက်အဖို့ တဲထဲတွင် ကျွန်တော် တစ်ဦးတည်းသာ သည်။

ကျွန်တော်သည် လူသုံးယောက် နံနက်စာအတွက် တဲထဲတွင် ထမင်း များကို ချက်ပြုတ်နေရ၏။ ဟင်းရံက ထွေထွေထူးထူး မရှိ။ ဝါးတောထဲ၌ ကျပေါက်နေသော ပဒပ်တပင်များကိုခူး၍ နောက်ဆုံး လက်ကျန်ဖြစ် သော ငါးခြောက်ရိုးနှင့် ဟင်းချိုချက်ရမည်။ ခပ်ကျဲကျဲ ဖြစ်နေသော ငါးပိရည်ကို သည့်၍ ထမင်းရေရောပြီး ကျိုရမည်။ တို့စရာ ပင့်စရာအတွက်ကိုမူ စမ်း ချောင်းဘေး၌ ပေါက်ရောက်လျက် ရှိကြသော တောကန်စွန်းရွက်တို့ကို ပြုတ်၍ ပင့်စရာ လုပ်ရချေမည် စသည်ဖြင့် အစီအစဉ်များ ချမှတ်လုပ်ကိုင်ရင်း တော် ထမင်းအိုးတည်နေသည်။

အစီအစဉ်များ ချမှတ်ထားသည့်အတိုင်း တစ်အိုးပြီးတစ်အိုး အသင့်ဖြစ် လုပ်ကိုင်နေသည်။ သည်ကြားထဲ ဆောင်းတွင်းမို့ ထင်းတွေမှာ နှင်းများ ၍ တဖူးဖူးနှင့် မီးမှုတ်ရသည်မှာလည်း အလွန် စိတ်တိုစရာပင်တည်း။

"ဟေ့ မောင်ထွေး၊ မင်း ရေချိုးဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုနားတွင် ထိုင်၍ ချက်ပြုတ်လုပ်ကိုင်နေသော ကျွန်တော့်ကို တော ထဲမှ ပြဒါးအိုးများ စစ်ဆေးပြီး တဲသို့ တစ်ခေါက် ပြန်လာသော ကိုတိုးက လှမ်းမေးသည်။

“ချိုးမှာပေါ့ဗျ၊ ဒါလောက် ညစ်ပတ်နေတာ မချိုးလို့ ဖြစ်ပါ့မလား”

ကျွန်တော်က ထမင်းအိုးပြီးလျှင် ဟင်းချိုအိုးကို အသင့် ကျိုရန်ချက်နေ ပဒပ်စာများကို သင်သပ်နေရာမှ ပြန်ပြောလိုက်သည်။

“အေး ဒီလိုဆိုရင်လည်း ငါ အရင် သွားချိုးမယ်၊ ငါ ပြန်လာမှ မင်းသွား ပေါ့၊ ဦးလေးဖြိုး ပြန်လာရင် ထမင်း စောစောစားကြရအောင်”

ကိုတိုးက ပြောပြောဆိုဆိုနှင့် လုံချည်တစ်ထည်ယူပြီး တောင်ကျစမ်း ရေဆီသို့ ရေချိုးရန် ထွက်ခွာသွားလေတော့သည်။

ကျွန်တော်တို့ စခန်းချနေကြသောတဲမှာ တောင်ကျစမ်းနှင့် သိပ်မဝေး လှသည့်အပြင် ခြောက်ပေမျှကျယ်သော ရိုးမကြီးအတွင်းလမ်းနှင့် မျက်စောင်း ထိုးနေရာလည်း ဖြစ်သည်။

ယခုမှပင် ကျွန်တော်အဖို့ စံရွှေကို သတိရလာမိသည်နှင့်အမျှ စံရွှေ၏ မျက်နှာကို ကွတ်ခနဲ ပြေး၍ မြင်ယောင်လာမိ၏။ စံရွှေက နှာတံပေါ်ပေါ် မျက်လုံးပြူးပြူးနှင့် ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းသန်မာသော လူညိုချော တစ်ယောက်ပင် ဖြစ်လေသည်။

တစ်ဆက်တည်းမှာပင် တောထဲသို့ လာစဉ်တုန်းက အဖြစ်အပျက်ကို လည်း ကျွန်တော် ပြန်လည်၍ သတိရလာမိသည်။ သည်တုန်းက ကျွန်တော့် အပေါ်တွင် စံရွှေက ရမည်ရှာ၍ စော်ကားခဲ့သည့်ပြင် လွန်ခဲ့သော တစ်လကျော် ခန့်က သူတို့၏ ပြဒါးအိုးများ ပျက်စီးရသည်ကို ကျွန်တော်တို့က ဝိုင်းဝန်း ကူညီ ခဲ့ကြသည်။ နေရာတကာတွင် ကျွန်တော့်ထက် သာလိုသော သူ့ဆန္ဒ တစ်ခုလုံး လင်းတများ၏ရန်ကြောင့် မမျှော်လင့်ဘဲ ပျက်စီးသွားရသောအခါ ကြွက်မနိုင်း ကျိုးမီးနဲ့ရှို့မှာကိုလည်း ပူရသည်။

မည်သို့ဆိုစေ ယခုတစ်လောတွင် စံရွှေက ကျွန်တော့်ကို ကြည့်ပုံရှုပုံ သည် ရိုးသားပုံ မရ။ ဤသည်ကိုလည်း ကျွန်တော် သိသည်။ ထို့ပြင် “အစ်ကို ထွေး၊ ကိုစံရွှေက သိပ်ပြီး စိတ်မချရဘူးဗျ၊ သတိထားပြီးနေနော်” ဟူသော ကျွန်တော့်ညီ မောင်အေး၏ ရှာပြန်ခါနီး တတွတ်တွတ် မှာကြားသော စကား ကိုလည်း ပြန်လည်၍ ကြားယောင်လာသည်။

မှန်ပါသည်။ ကျွန်တော့်အတွက် လုံးဝ စိတ်မချရ။





“ဟော့ကောင် တောထဲကျရင် မင်းသိမယ်” ဟူသော သူ့စကားအရ ဖြစ်စေရန်အတွက် အကွက်ကောင်းပင် စောင့်နေသလား စသည်ဖြင့်လည်း ကျွန်တော် တွေးတောကြည့်မိသည်။ ကျွန်တော် အတွေးကောင်းနေစဉ်မှာပင် ထမင်းအိုးက ဆူဝေလာသဖြင့် ယောက်မနှင့်မွှေကာ အပျော့အမာ စမ်းသပ်၍ အနေတော်ရောက်မှ ထမင်းရည်ငှဲ့ကာ ထမင်းအိုးကို နှပ်ထားလိုက်ရသည်။

“ဟေ့ ငထွေး”

ရုတ်တရက် တဲအပြင်ဘက်မှ စံရွှေ၏ ဘုဆတ်ဆတ် ခေါ်သံကို ကြား လိုက်ရသည်။

“ဘာလဲကွ”

စံရွှေ၏ ဘုဆတ်ဆတ် အခေါ်ကို ကျွန်တော်က ခပ်ဆောင့်ဆောင့် ပြန်ထူးလိုက်သည်။

“ဘာရမလဲ မင်းလုပ်ပုံ သိပ်ကောင်းပေါ့”

“ငါက ဘာလုပ်လို့လဲ”

“မင်း ဘာလုပ်တယ် မလုပ်ဘူးဆိုတာ မင်းဘာသာမင်း သိတယ်၊ ခွေး ကောင် အကျင့်ယုတ်ရဲ့”

ကြည့်စမ်း၊ မည်သည့်အကြောင်းမျှ မသိရသော ကျွန်တော့်ကို စံရွှေက အကြောင်းမဲ့ သက်သက် လာရောက် ကြိမ်းမောင်းနေပြန်ပြီ။

ကျွန်တော့်အပေါ်တွင် စံရွှေ မကောင်းသည်မှာ ကြာချေပြီ။ ထို့ကြောင့် လည်း ပြဿနာပေါင်းစုံကို စံရွှေ့အပေါ်တွင် မကျေမနပ် ဖြစ်ခဲ့ဖူးသည်မှာ နည်းတော့။ ခွင့်လွှတ်ခဲ့ရသော အကြိမ်ပေါင်းလည်း ရေတွက်လို့ မကုန်နိုင်။ ယခုလည်း ကျွန်တော့်အပေါ်တွင် အကြောင်းမဲ့သက်သက် လာရောက် ရန်စ စော်ကားနေပြန်သည်။

ထို့ကြောင့် ကျွန်တော်ကလည်း စံရွှေနှင့် ပြဿနာရှင်းရန် နပ်နေပြီဖြစ် သော ထမင်းအိုးကို ခွင်ပေါ်မှချ၍ မီးရဲ့ပြီး တဲအပြင်ဘက်သို့ ရုတ်ခြည်း ထွက် လာမိသည်။ ကျွန်တော့်စိတ်ထဲ၌ “ငါကပဲ အကျင့်ယုတ်လေသလား၊ မင်းကပဲ သဘောပုပ်လေသလား၊ အခု သိရစေမယ်ကွ” ဟူသော မခံချင်စိတ်နှင့် တဲအပြင် သို့ ထွက်လာခဲ့ခြင်းပင် ဖြစ်လေသည်။

“မင်းက လူမမြင်ရသေးဘူး၊ အဆဲလေးနဲ့ ငါက ဘာကို အကျင့်ယုတ်လို့ လဲ ပြောစမ်း”

ကျွန်တော် တဲအပြင်သို့ ရောက်သည်နှင့် ကျွန်တော့်ကို စားမတတ်



www.burmeseclassic.com

www.burmeseclassic.com



ဝါးတောတ် ခါးထောက်ပြီး စိုက်ကြည့်နေသော စံရွှေကို ကျွန်တော်က ဘုကြည့်ကြည့်ပြီး ခပ်ဆတ်ဆတ်ပင် အော်ပစ်လိုက်သည်။

"ဩော်. . မင်းအလုပ်ကို မင်း မသိဘူးလား"

စံရွှေက ကျွန်တော့်ကို ရန်ပြုလိုသော မျက်လုံးအစုံနှင့်ကြည့်ရင်း ဒေါသဖြင့် ဆို၏။ ကျွန်တော်က ဘာမှ ပြန်လည်၍ မပြောတော့။ ပြောဆိုလျှင်လည်း အကြောင်းထူးတော့မည် မဟုတ်မှန်း သိသဖြင့် စံရွှေကို စေ့စေ့ ပြန်ကြည့်လိုက်သည်။

"အေး မင်း မသိရင်လည်း ပြောရမှာပေ့ါ၊ မနေ့တုန်းက မင်း ငါ့အိုးတစ်လုံးကို ဘာဖြစ်လို့ လေးခွနဲ့ ပစ်ရတာလဲ၊ အခု အိုးဖင်ကအပေါက်ပြီး ပြဒါးတွေ ထွက်ကျကုန်ပြီကွ"

စံရွှေက ဒေါသတကြီးနှင့် အော်ဟစ်ပြီး ပြောလိုက်သောစကားကို ရုတ်တရက် ကြားလိုက်ရသောအခါ ကျွန်တော့်မှာ အံ့အားသင့်သွားမိသည်။

ယခုမှ ခက်ပြီ၊ အမှန်က ကျွန်တော်သည် ရည်သူ့အိုးကိုမျှ မလိုတမာ စိတ်ဖြင့် လေးခွနှင့် မပစ်ခဲ့။ ထိုကဲ့သို့ သဘောပုပ် အကျင့်ယုတ်သော စိတ်ထားလည်း ကျွန်တော့်၌ မရှိ။ ဤသည်ကို ကျွန်တော် ပြောပြ၍လည်း ယခုအချိန်တွင် စံရွှေက လက်ခံတော့မည် မဟုတ်။ သို့သော် သဘောပေါက်အောင် တတ်နိုင်သမျှ ရှင်းပြဖို့လိုသည်။ အဘယ်ကြောင့်ဆိုသော် ပြဒါးဖမ်းကြသည်မှာ တစ်လ ကျော်ကျော်မျှ ရှိပြီဖြစ်သဖြင့် ပြဒါးကျနေသော အိုးတစ်လုံး၏ တန်ဖိုးမှာ အနည်းဆုံး ငွေ (၁၅) ကျပ်ဖိုးခန့်ပင် ရှိပြီ ဖြစ်ပေမည်။ ထို့ကြောင့် သူ၏အိုးကို တစ်စုံတစ်ယောက်ကသာ မလိုတမာစိတ်နှင့် ပစ်ဖောက်ခဲ့သည်ဆိုလျှင် စံရွှေသာ မဟုတ် ပြဒါးဖမ်းသူတိုင်း စိတ်ဆိုးကြသည်မှာ မလွဲပင်တည်း။ ထို့ကြောင့်လည်း စံရွှေသည် ယခုလို ဒေါပွလာခြင်း ဖြစ်သည်။ သို့သော် အမှန် မပစ်ခဲ့ရသူ ကျွန်တော်ကလည်း စံရွှေကို အကျိုးသင့်အကြောင်းသင့် မေးရပြန်၏။

"ငါ ပစ်တယ်လို့ မင်းကို ဘယ်သူပြောလဲ"

"ဘယ်သူပြောမှာလဲ၊ မနေ့က မင်း တောထဲကို သွားတော့ လေးခွကိုင်သွားတာ ကိုထွန်းမောင်က သေသေချာချာ မြင်တယ်ကွ၊ ဒီတော့ မင်း မပစ်လို့ ဘယ်သူ ပစ်မှာလဲ"

"အို လေးခွကိုင်တာနဲ့ မင်း အိုးပေါက်တာနဲ့ ဘာဆိုင်လို့လဲ၊ တောထဲ တောင်ထဲမှာ လေးခွဆိုတာ လူတိုင်း ကိုင်ကြတာပဲ၊ မပစ်လို့ မပစ်ဘူး ပြောတာပေါ့ကွ"





ကျွန်တော် တတ်နိုင်သမျှ ရှင်းလင်း ပြောပြသော်လည်း စံရွှေက ကျွန် တော့်စကားကို လုံးဝ လက်မခံဘဲ တစ်ယူသန် စွပ်စွဲနေသည်။ ကျွန်တော် ရှင်း ပြသည်ကိုလည်း မယုံကြည်။ ထို့ကြောင့် ကျွန်တော်ကလည်း ဆက်လက်ပြီး ည်းမခံနိုင်တော့။

"ဘာမပစ်ဘူးလဲ မင်း တော်တော် လူဝါးငေ"

"ဝတော့ ဘာဖြစ်လဲကွ"

ကျွန်တော်ကလည်း မခံချင်စိတ်နှင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ကာ ရှေ့သို့ တစ်လှမ်းနှစ်လှမ်းတိုး၍ စံရွှေကို စေ့စေ့ကြည့်ရင်းနှင့် အော်ပစ် လိုက်သည်။

"ကိုင်း . . ဝဦးကွာ. . ဝဦး"

စံရွှေက ပြောပြောဆိုဆိုနှင့် ကျွန်တော့်ကို လှမ်းထိုးသည်။

ကျွန်တော်က စံရွှေ၏လက်ကို လျင်မြန်စွာ ဘေးသို့ ပုတ်ထုတ်လိုက် သည်။ ထိုအခါ ကျွန်တော့်၏ မျက်နှာနားမှ စံရွှေ၏လက်သီးက ဝှီးခနဲမြည်ကာ ကျွန်တော်၏ သွက်လက်သော လက်သီးအစုံက စံရွှေ၏ မေးရိုး၊ နှာခေါင်း သည်တို့ကို တစ်လုံးပြီးတစ်လုံး ဆက်တိုက် ပစ်သွင်းလိုက်သည်။

ဒေါသကြီးသော စံရွှေမှာ ကျွန်တော်၏ လက်သီးဒဏ်ကြောင့် ဖင်ထိုင် လဲကျသွားရသည်။ လဲကျသွားသော စံရွှေဆီသို့ ကျွန်တော်က ထပ်ဆင့် သွားသည်။ သို့ရာတွင် လျင်မြန်လှသော စံရွှေက လဲနေရာမှ ရုတ်ခြည်း ပြီး ကျွန်တော်၏ ဝမ်းဗိုက်ဆီသို့ သူဦးခေါင်းနှင့် ပြေးတိုက်လိုက်သည်။ တရက် စံရွှေ၏ ထိုးစစ်ကြောင့် ကျွန်တော့်မှာ အင့်ခနဲ ဖြစ်သွားပြီး နောက်သို့ ၍ လဲကျသွားရပြန်သည်။ ထို့နောက် စံရွှေက ကျွန်တော့်အပေါ်မှ ခွစီး ပြီး သူ၏ သန်မာသော လက်နှစ်ဖက်နှင့် ကျွန်တော့်လည်ပင်းကို တစ်အား ညှစ်လေတော့သည်။

ကျွန်တော်ကလည်း ခွန်အားရှိသမျှ အစွမ်းကုန် ကြိုးစားပြီး ရုန်းကန်ရ ည်။ ထို့နောက် ကျွန်တော်သည် စံရွှေကိုဖက်ပြီး လှဲချလိုက်၏။ ထို့ကြောင့် အပေါ်ရောက်နေသော စံရွှေမှာ အောက်သို့ရောက်ရှိသွားပြီး ကျွန်တော်က ရွှေ အပေါ်သို့ ရုတ်ခြည်း ရောက်သွားပြန်သည်။ ကျွန်တော်က အောက်ရောက် တ် စံရွှေက အပေါ် ရောက်လိုက် တစ်ဦးနှင့်တစ်ဦး အနိုင်မခံအရှုံးမပေး လုံး သတ်ပုတ်နေကြသည်။

"ဟေ့. . . ဟေ့ ကိုတိုးရေ လုပ်ဦးဗျ၊ ဒီမှာ မောင်ထွေးနဲ့ စံရွှေ သတ်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ကြပြီဗျ”

မည်သည့်အချိန်က ကျွန်တော်တို့အနားသို့ ရောက်ရှိလာမှန်း မသိရသော ကိုထွန်းမောင်က ကိုတိုးကို အော်ခေါ်သည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်ကို အတင်း ဝင်ဖျင်သည်။ သို့ရာတွင် ကျွန်တော်က ယခုအချိန်၌ အပေါ်စီးရထားသဖြင့် လုံးဝ အဖျင်မခံချင်။ ဒေါသကြောင့် စံရွှေကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမမည် ဟူ၍လည်း ဆုံးဖြတ်ထားလိုက်သည်။

“ဟေ့ . . ကိုထွန်းမောင် မဆွဲနဲ့ဗျာ မဆွဲနဲ့၊ တစ်ယောက်ချင်းပဲ ကျုပ်သေချင်သေပါစေ၊ ဖယ်စမ်းပါ၊ ဒီခွေးကောင်ကို မှတ်လောက်အောင် ဆော်မလို့”

ကျွန်တော်က ကိုထွန်းမောင်ကို အော်ဟစ်ပြောဆိုသည်။ ထို့နောက် စံရွှေကို ထိုးရန်အတွက် ကြိုးစားရသည်။ သို့သော် ကိုထွန်းမောင်က ဝင်ရောက်ကာဆီးနေမှုကြောင့် ဆက်လက် ထိုးသတ်ရန် အခွင့်မသာတော့ပေ။

“ဟေ့ . . ထွန်းမောင်၊ ဖယ်စမ်း . . ဖယ်စမ်း”

“ဖြန်း . . ဖြန်း . . ဖြန်း”

ရုတ်တရက် အသံနှင့်အတူ ကျွန်တော့် ကျောတစ်ခုလုံး ကျဉ်တက်သွားသလို မျက်လုံးအစုံကလည်း မီးပွင့်သွားသည်ဟု ထင်လိုက်ရသည်။ ထို့ကြောင့် စံရွှေနှင့် သတ်ပုတ်နေရာမှ နောက်သို့ ရုတ်ခြည်း လှည့်ကြည့်လိုက်သည်။

“တယ် . . ဒီခွေးနှစ်ကောင် မတော်ဘူးလား၊ တော်မလား။ ငါ ထပ်ချရင် သေကုန်တော့မှာပဲ။ လွှတ်လေကွာ၊ ပြောနေတာ မရဘူးလား . . တောက်”

မည်သည့်အချိန်က လှည်းဖြင့် ပြန်လည် ရောက်ရှိလာသည် မသိရသော ဘကြီးဖြိုးက နွားရိုက်သော ကြိမ်လုံးကြီး တရွယ်ရွယ်နှင့် ကျွန်တော်တို့အနားသို့ ရောက်နေသည်ကို တွေ့လိုက်ရလေသည်။ သူ့နွားလှည်းကိုလည်း ကျွန်တော်တို့ တဲရှေ့၌ ရပ်ထားသည်ကို တွေ့ရ၏။ ဘကြီးဖြိုး၏ အော်ဟစ်ကြိမ်းမောင်းသံကြောင့် ကျွန်တော့်မှာ ဘာလုပ်ရမှန်း မသိတော့။ ဘကြီးဖြိုးကိုလည်း ကြောက်သွားမိသည်။ ထို့ကြောင့် ကျွန်တော်သည် စံရွှေကို လွှတ်လိုက်ပြီး မတ်တတ်ရပ်လိုက်ရသည်။ လူတစ်ကိုယ်လုံးမှာလည်း ဒေါသနှင့် တဆတ်ဆတ် တုန်နေသည်။ စံရွှေကလည်း သူ့နှာခေါင်းနှင့် ပါးစပ်မှ စီးကျနေသော သွေးများကို လက်ခုံနှင့်သုတ်ပြီး ခပ်ကြောင်ကြောင်ကလေး ရပ်နေသည်။

“မင်းတို့နှစ်ယောက် ဒီလို ဖြစ်လိမ့်မယ်လို့ ငါ အစောကြီးထဲက ရိပ်မိတယ်၊ ဒါကြောင့် ငါ မင်းတို့ကို အမြဲတမ်း ဆုံးမတယ်။ ဆုံးမနေတဲ့ကြားက





ဒီလို ဖြစ်ရတယ်။ မင်းလည်း အတူတူပဲ၊ စံရွှေလည်း မကောင်းဘူး၊ မင်းတို့ဟာ ရည်းစားလုဖက်တွေကျနေတာပဲ”

ဘကြီးဖြိုးက ကြိမ်လုံးကိုကိုင်ပြီး အော်ဟစ် ကြိမ်းမောင်းနေသည်။ ဘကြီးဖြိုး၏ စကားအဆုံးတွင် ကျွန်တော်နှင့် စံရွှေမှာ တစ်ယောက်မျက်နှာကို တစ်ယောက် အဓိပ္ပာယ်ပါပါနှင့် စိုက်ကြည့်လိုက်မိကြသည်။ ဘကြီးဖြိုး၏ “မင်းတို့ဟာက ရည်းစားလုဖက်တွေကျနေတာပဲ” ဟူသော အရိုးခံသက်သက် စကားကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး မျက်နှာပျက်သွားကြသည်။ ဤသည်ကို ဒေါသားစွာနှင့် ပြောဆိုသော ဘကြီးဖြိုးက လုံးဝ မရိပ်မိ။

“မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော့်ဘာသာ ထမင်းချက်နေတာ တောင် သက်သက်”

“ဘာသက်သက်ရမလဲ၊ မင်းက ငါ့အိုးကိုလည်း လေးခွနဲ့ ပစ်သေးတယ်”

စံရွှေက ကျွန်တော့်စကား မဆုံးခင် ဝင်ပြောသည်။

“ဟေ့ . . တော် . . တော်၊ မင်းတို့နှစ်ယောက်စလုံး မကောင်းလို့ ဒီလို တာ၊ ငှက်ကောင်းရင် ဖြစ်မလား။ ဟေ့ ထွန်းမောင်နဲ့ ငတိုး၊ မင်းတို့လည်း ဘယ်သေနေလို့လဲ၊ မင်းတို့လူကြီးတွေရှိရက်သားနဲ့ ဒီလိုဖြစ်ရသလား၊ တောက် တောထဲတောင်ထဲမှာ ဘာမှ နားလည်မှု မရှိကြဘူး”

ကိုတိုးက ယခုမှ ရေချိုးရာက ပြန်လာသည်။ ကြောင်တောင်တောင်နှင့် ဘာမှလဲ သိပုံ မရပေ။ ကိုထွန်းမောင်ကလည်း မျက်နှာသေကလေးနှင့် ဘကြီး ကို စိုက်ကြည့်နေ၏။

“ကျွန် . . ကျွန်တော်လည်း ပြောတာပဲ၊ စံရွှေက သူ့အိုးပေါက်နေတာ တော့ မောင်ထွေး လုပ်မှာပဲဆိုပြီး ဒေါသနဲ့ ထွက်သွားတာ ကျွန်တော်လည်း တန်တန် တားပါသေးတယ်။ တားလို့ မရတဲ့အဆုံး နောက်က ပြေးလိုက်လာ ဒီကျတော့ သူတို့နှစ်ယောက် သတ်ပုတ်နေတာတွေ့လို့ ဝင်ပြီး ဖျန်ဖြေနေ ပါ”

စံရွှေနှင့်အတူ ပြဒါးဖမ်းနေကြသော ကိုထွန်းမောင်က ဘကြီးဖြိုးကို တိုးသင့်အကြောင်းသင့် ရှင်းလင်းပြောပြသည်။

“ကျွန်တော်က ရေသွားချိုး”

“ကောင်းပါတယ် ကောင်းပါတယ်၊ မင်းက အရေးဆိုရင် ရေချိုးနေရတာ အဝတ်လျှော်နေရတာနဲ့ အချိန်ကုန်နေတာပဲ ဟုတ်လား”

ကိုတိုး၏ စကားမဆုံးခင် ဘကြီးဖြိုးက ကိုတိုးကို မာန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးကလည်း သူ့အပြစ်နှင့်သူမို့ ငြိမ်နေဟော့သည်။

"ဒီမှာ မောင်ထွေး၊ မင်းကို ငါ စကားတစ်ခု ပြောမယ်၊ ငါ့စကား နားထောင်မလား မထောင်ဘူးလား၊ နားမထောင်ရင် မင်း အိုးတွေကို အ ဖြုတ်ပြီး ရွာကို ပြန်ပေတော့၊ ဒီအတိုင်းဆိုရင် မင်းကို ငါရှေ့ဆက်ပြီး ဟာ မယူနိုင်ဘူး ဒါပဲ"

ဘကြီးဖြိုးက ပြောပြောဆိုဆိုနှင့် စိတ်ဆိုးမာန်ဆိုးနှင့် ကျွန်တော် အနားမှ သူ့လှည်းရှိရာသို့ ထွက်သွားလေသည်။

ဘကြီးဖြိုး မရှိသည့်နောက်တွင် စံရွှေက ကျွန်တော့်ကို "မင်းကို င ဘယ်တော့မှ မကျေဘူး" ဟူသော သဘောမျိုးနှင့် မိုက်ကြည့်ကြည့်ပြီး သူ တဲထဲသို့ ဝင်ရောက်သွားလေသည်။

"နေစမ်းပါဦး၊ မင်းတို့ဟာက ဘယ်က စပြီး ဘယ်လို ဖြစ်ကြတာလဲ"

ကိုတိုးက အကြောင်းစုံသိလိုသဖြင့် မေးသည်။ ကျွန်တော်နှင့် ကိုထွ မောင်တို့က နှစ်ဦးပေါင်း၍ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

"ဪ . . ဒီလိုကိုး"

ကျွန်တော်တို့ စကားအဆုံးတွင် ကိုတိုးက မှတ်ချက်ချသည်။

"အေးကွ မင်းတို့ဟာက ခက်ပါတယ်ကွာ၊ တကယ်တော့ စံရွှေရဲ့ ပေါက်နေတာကတော့ အမှန်ပဲ၊ နောက်ပြီး မင်း မနေ့က တောထဲသွားတ လေးခွကိုင်သွားတာကို ငါ တွေ့တယ်လို့ စံရွှေကို ငါ ပြောလိုက်မိတယ်ကွ အခုတော့ ငါ့ကြောင့် ဒီလို ဖြစ်ရတာ ငါလည်း စိတ်မကောင်းပါဘူးကွာ"

စံရွှေနှင့် ပြဒါးများကို အတူဟူ ဖမ်းဆီးကြသော ကိုထွန်းမောင်က ဝမ်းနည်းပက်လက်နှင့် ဆိုသည်။

"ဟုတ်တယ် မနေ့တုန်းက ကိုတိုးနဲ့ ကျွန်တော် တောထဲသွားကြတုန်း လေးခွကိုင်တယ်ဆိုတာ မှန်တယ်၊ ဪ သိပြီ . . . သိပြီ၊ ချိုးတစ်ကော ကျွန်တော့်ရှေ့က ဖြတ်ပျံသွားလို့ ပစ်လိုက်မိတာ၊ ဒါပေမယ့် ချိုးကိုတော့ မထိဘူ

"ဟာ ဒီလိုဆိုရင် စံရွှေရဲ့အိုးကို မတော်တဆ မှန်သွားတာဖြစ်လိမ့်မယ်"

ကျွန်တော့် စကားအဆုံးတွင် ကိုထွန်းမောင်က မှတ်ချက်ချသည်။ ကို ထွန်းမောင် ပြောသည်မှာ ဖြစ်နိုင်၏။ ကျွန်တော်က အမှုမဲ့အမှတ်မဲ့မို့ သတိမထား မိဘဲ ယခုလို ဖြစ်ရသည်ကို ကျွန်တော်လည်း စိတ်မကောင်းမိပေ။ မှန်ပါသည် ဤကိစ္စအားလုံး ကျွန်တော့်အပြစ်။ သို့သော် အဖြစ်အပျက်တွေက ဖြစ်ပြီးနေ ပြီမို့ မည်ကဲ့သို့မျှ မတတ်နိုင်တော့။





မည်သူမဆို ပြီးဆုံးအောင်ပွဲရခါနီးမှ ယခုလို ပြဿနာမျိုးနှင့် ရင်ဆိုင် င် စံရွှေပင် မဟုတ်၊ ပြဒါးဖမ်းသူ အားလုံး ဒေါသဖြစ်ကြရမည်မှာ မုချပင် ထို့ကြောင့် ဤကိစ္စ၌ စံရွှေ၏အပြစ် လုံးဝ မရှိဟု ကျွန်တော် ထင်မိ စံရွှေအဖို့ လင်းတများ၏ နှောင့်ယှက် ဖျက်ဆီးသည့်ရန်ကြောင့်လည်း ည်းများ ဆုံးရှုံးခဲ့ဖူးလေရာ ယခုလို ထပ်မံ၍ ပျက်စီးသောအခါ စံရွှေ သည်မှာ တရားသည်ဟု ကျွန်တော် အတွေးပေါက်လာမိသည်။

"ကဲပါကွာ ဖြစ်ပြီးတာလည်း ပြီးနေမှပဲ၊ မင်းကလည်း စိတ်မကောင်း နေနဲ့။ နောက်ကို ဒီလို မဖြစ်ရအောင် မင်းက သဘောထားကြီးကြီး ထားပါ ဦးလေးဖြိုးကလည်း မင်းတို့ကို တော်တော် ဒေါပွသွားတယ်ကွ၊ တကယ် မင်းကို ဦးလေးဖြိုးက အစစအရာရာ တာဝန်ယူပြီး ခေါ်လာတာ မဟုတ် ဒါပေမယ့် မင်း ဘာမှ မပူနဲ့၊ ဦးလေဖြိုး ကျေနပ်အောင် ငါတို့ ဝိုင်းပြော မယ်ကွာ။ ကဲ ကိုထွန်းမောင်ရေ၊ ခင်ဗျားနဲ့ ကျွန်တော် ဦးလေးဖြိုးကို ပြောကြရအောင်ဗျာ။ နောက်မှ စံရွှေကိုလည်း ကြည့်ရှုပြီး ပြောပြကြတာ

ဘကြီးဖြိုးသည် ကျွန်တော်တို့တဲရှေ့တွင် ရပ်ထားသော နွားလှည်းပေါ် အောင်းကြီးတောင်းငယ်နှင့် အခြား ပစ္စည်းများကို အောက်သို့ ချနေ၏။

ကျွန်တော်နှင့် စံရွှေတို့ သတ်ပုတ်နေကြသောအချိန်၌ ဘကြီးဖြိုးက နွားလှည်းနှင့် ရောက်လာခြင်းပင် ဖြစ်သည်။ ဤသည်ကို ဒေါသမွှန်နေ ကျွန်တော်တို့က ဘကြီးဖြိုး၏ လှည်းသံကို မကြားမိ။ နွားလှည်းပေါ်၌ ဖြိုး၏ လက်စွဲတော် မောင်သာဆိုင်လည်း ပါလာလေသည်။

ကိုတိုးနှင့် ကိုထွန်းမောင်တို့က ဘကြီးဖြိုးကို ကူညီ၍ လုပ်ကိုင်ပေးနေ သည်။ ထို့ကြောင့် ကျွန်တော်လည်း မနေသာတော့ဘဲ ဘကြီးဖြိုးဆီသို့ သွား တ်ပြီး ဆန်ထည့်ထားသောတောင်းနှင့် အခြား ငါးခြောက်၊ ငါးခြမ်း စသည် တဲထဲသို့ ကူ၍ သယ်ပေးရသည်။ ဘကြီးဖြိုး၏မျက်နှာက သုန်မှုန်နေသည်။ ဆော့ကိုလည်း စကားပြောချင်ပုံ မရ။ မကြာခင်မှာပင် ဘကြီးဖြိုး ယူဆောင် သော ပစ္စည်းများ အားလုံးကို တဲထဲသို့ သယ်သွင်းပြီးသွားကြလေသည်။ ကြောင့် ဘကြီးဖြိုး၊ ကိုတိုးနှင့် ကိုထွန်းမောင်တို့မှာ တဲအတွင်းရှိ ကွပ်ပျစ်ပေါ်၌ ရင်း စကားပြောဆိုနေကြသည်။

ကျွန်တော်က တဲထဲသို့ သယ်သွင်းပြီးသောပစ္စည်းများကို နေရာချ ည်၊ ထို့နောက် မပြီးပြတ်သေးသော ဟင်းအိုးကို ဆက်လက်၍ လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ကျွန်တော်တို့တဲရှေ့ရှိ နွားလှည်းဆီသို့ ထွက်သွားကာ "သာဆိုင်၊ ငါ့ စံရွှေ အခုလိုဖြစ်တာ မောင်အေးကို အသိမပေးပါနဲ့ကွာ၊ ငါ တောင်းပန်ပါတယ် နောက်ပြီး အမေတို့၊ အဘတို့ကိုလည်း မပြောပါနဲ့ကွာနော်။ တော်ကြာ စိတ် ပြီး လိုက်လာကြမှာ စိုးရိမ်လို့ကွ သိလား" ဟူ၍လည်း မောင်သာဆိုင်ကို တီးတိုး မှာရသည်။ ထို့နောက် ကျွန်တော်သည် ရေချိုးရန် စမ်းချောင်းဆီသို့ ထွက်လာ ခဲ့လေတော့သည်။

စံရွှေတို့ တဲရှေ့သို့ အရောက်တွင် တဲထဲသို့ ကဲကြည့်လိုက်သည်။ တဲ၌ စံရွှေခမျာ ကျွန်တော်၏ လက်ချက်ကြောင့် ဖူးရောင်နေသော သူ့မျက်နှာ ထမင်းကြပ်ထုပ် ထိုးနေသည်။ မြင်ရသော မြင်ကွင်းကြောင့် ကျွန်တော် စိတ် မကောင်း ဖြစ်၍လည်း မဆိုး။ မိမိကိုယ်ကို မိမိလည်း ဒေါသဖြစ်ရသည် ထို့ကြောင့် နောက်နောင် ယခုလို မဖြစ်စေရန် ကျွန်တော်က ဘသောထား ကြီးကြီးထားပြီး ရှောင်ကြဉ်မည် ဟူ၍လည်း ဆုံးဖြတ်ချက် ချလိုက်မိလေသည်

* * *

တပို့တွဲလ၏ နံနက်ခင်းမို့ နှင်းပုလဲတို့က သိပ်သည်း မင်းမူနေကြသည် သိပ်သည်းထူထပ်သော နှင်းထုကို ထိုးဖောက်လာသော နေရောင်ခြည်က သစ် ရွက်ကြို သစ်ရွက်ကြားမှ တလက်လက် တောက်ပနေလေသည်။ သာယာ သော တောကြက်ဖတို့၏ အိပ်တန်းဆင်း တွန်ကျူးသံများက မြိုင်ဆိုင်စွာ ဟိုး သည်မှ ကြားနေရသည်။

တောတွင်းဆောင်း၏ နံနက်ခင်းမို့ ချမ်းလိုက်အေးလိုက်သည်မှာလည်း မေးခိုက်ခိုက် တုန်မတတ်ပင်။ ထို့ကြောင့် ကျွန်တော်သည် ရှပ်အင်္ကျီနှစ်ထည် ထပ်၍ ဝတ်ထားသော်လည်း ယင်းတို့က အချမ်းဒဏ်ကို ကာကွယ်ပေးနိုင်ခြင်း ဟု မစွမ်းပါချေ။ ဤသည်တို့ကြောင့် ကျွန်တော်တို့ သုံးယောက်သားမှာ တဲရှေ့ မီးဖိုဘေးတွင် ဝိုင်းထိုင်ပြီး မီးလှုံနေကြရင်းက ရေနွေးကြမ်းကို အချမ်းပြေသောက် နေကြလေသည်။

"မောင်ထွေးရေ တို့သွားကြရအောင်ဟေ့"

ကိုတိုး၏ စကားသံအဆုံးတွင် ကျွန်တော်တို့ နှစ်ယောက်စလုံး ထိုင်ရာမှ ထလိုက်ကြရတော့သည်။ ကျွန်တော်တို့မှာ ချမ်းသည် အေးသည်ဟူ၍ အနား ချေးထူမနေအားပါချေ။ နေ့စဉ်နေ့တိုင်း ယခုလို နံနက်ခင်းသို့ ရောက်လာပြီး လျှင် ကျွန်တော်တို့ လုပ်ငန်းဖြစ်သော ဆေးပြဒါးအိုးများကို သွားရောက် စစ် ဆေးကြည့်ရှုရမည်ပင် ဖြစ်၏။ ထို့ကြောင့် လိုအပ်သော ပစ္စည်းများဖြစ်သော





ဆောင်ဓား၊ ရေနံဆီနှင့်တေထားသော အင်တွဲတုံး၊ ဆေးလိပ်၊ မီးခြစ်တို့ကိုယူကာ တောထဲသို့ ထွက်လာကြလေသည်။

ကျွန်တော်တို့သည် ပြဒါးအိုးများကို စစ်ဆေးခြင်းလုပ်ငန်းကို နံနက်ခင်း တစ်ကြိမ်၊ နေ့လယ်ခင်းတွင် တစ်ကြိမ်နှင့် ညနေစောင်းတွင် တစ်ကြိမ် စသည်ဖြင့် တစ်နေ့လျှင် သုံးလေးကြိမ်မျှ အမြဲတမ်း သတိထား စစ်ဆေးနေကြရလေသည်။

"ကောင်းကောင်းမွန်မွန် သွားကြနော်၊ နေရာတကာမှာ စေ့စပ်သေချာ ပြီး သတိရှိကြပစေဟေ့"

ကျွန်တော်တို့နှစ်ယောက် တဲမှ အထွက်တွင် တဲစောင့်နှင့် ထမင်းချက် ရန် နေရစ်ခဲ့သော ဘကြီးဖြိုးက လှမ်းမှာသည်။ ဘကြီးဖြိုး ပြောသည်မှာလည်း အမှန်ပင် ဖြစ်လေသည်။ ယခုဆိုလျှင် ကျွန်တော်တို့ ဤသရက်တောကြီးထဲသို့ ရောက်နေကြသည်မှာ တပို့တွဲလပင် ဆန်းခဲ့ပေပြီ။ ထို့ကြောင့် အချမ်းဒဏ်က လွန်ကဲလာသည်နှင့်အမျှ ဆောင်းဝင်စလောက် ညလုံးပေါက် နှင်းများက မဆင်း သက်နေကြတော့ချေ။ နံနက်ခင်းလောက်သာ ဆင်းသက်နေကြသည်မို့ ဆေး ပြဒါးများကလည်း ဆောင်းဝင်စ ဆောင်းလယ်တုန်းကလို များပြားစွာ မြေပြင်သို့ မဆင်းသက်ကြတော့ပေ။ ထို့ကြောင့် ကျွန်တော်တို့ ပြဒါးဖမ်းထားသော အိုးများ ကိုလည်း မကြာခင် တစ်ရက်နှစ်ရက်အတွင်း၌ ရုပ်သိမ်းကြရပေတော့မည်။ ဤ သည်တို့ကြောင့် ကျွန်တော်တို့အဖို့ ယခုအချိန်တွင် ယခင့်ယခင်များကထက် ပို၍ပို၍ ဂရုစိုက်နေကြရသည်။

ယခုအချိန်ဆိုလျှင် ကျွန်တော်တို့ လိုချင်သော ဆေးပြဒါးများမှာ အိုး တွင်းသို့ အလုံအလောက် ရောက်ရှိနေကြမည်မှာ မုချပင်တည်း။ သို့ရာတွင် အိုးတွင်းမှ အမဲသားပုပ်များ လုံးဝ အရည်ပျော်သွားသည်အထိ စောင့်ဆိုင်းကြရ ပေဦးမည်။ သို့မှသာ ဤတစ်ရက်နှစ်ရက် တောအတွင်းတွင် ဆောင်း၏ အကြွင်း အကျန်ဖြစ်သော ဆေးပြဒါးတို့ကိုလည်း ရနိုင်သမျှရအောင် စစ်၍ ယူနိုင်မည်ပင် ဖြစ်လေသည်။

ကျွန်တော်တို့ လုပ်ငန်းပြီးဆုံးရန် ရက်ပိုင်းကလေးအလို ရောက်လာ သည့်နည်းတူ ဆေးပြဒါးများလည်း အိုးတွင်းသို့ အဖွေ့သား ရောက်ရှိနေပါလျက် တစ်စုံတစ်ခုသော အကြောင်းကြောင့် ပျက်စီးဆုံးရှုံးရမည်ကိုလည်း ကျွန်တော်တို့ အားလုံး တွေးတောပူပန်နေကြ၏။ ထို့ကြောင့် ဘကြီးဖြိုးက ဆေးပြဒါးအိုးများ ကို ကြည့်ရှုစစ်ဆေးရာ၌ စေ့စပ်သေချာစေရန် မှာကြားခြင်းပင် ဖြစ်လေသည်။ ယင်းကြောင့် အိုးအဖုံးများ မတော်တဆ ပွင့်နေပါက ပြန်လည်၍ စေ့ပိတ်ရန်



www.burmeseclassic.com

www.burmeseclassic.com



အင်တွဲတုံးသည် ကျွန်တော်တို့အတွက် မပါလျှင် မဖြစ်သော အရေးအကြီးဆုံး ပစ္စည်း ဖြစ်လေသည်။ အရေးကြီးသောပစ္စည်းမို့ နေ့စဉ်နေ့တိုင်း သွားလေရာသို့ ဆောင်သွားရသည်မှာ ကျွန်တော်အဖို့ အလုပ်တစ်ခုပင်တည်း။

ယခုလည်း ကျွန်တော့်၌ အင်တွဲတုံးပါလာသလို ကိုတိုး၌လည်း ပါလာလေသည်။ မိုးပေါ်က ရတနာဖြစ်သော ဆေးပြဒါးကို မြန်မာပြည်နေရာအနှံ့အပြား၌ ဖမ်းယူရရှိနိုင်လေသည်။ အေးသောသဘာဝကို ကြိုက်နှစ်သက်သည့် အလျောက် တန်ဆောင်မုန်း နှင်းခါရိုက်ချိန်မှ အစပြု၍ ပြာသို၊ တပို့တွဲလအထိ ဖမ်းယူရရှိနိုင်၏။ ရှမ်းရိုးမ၊ ရခိုင်ရိုးမနှင့် ပဲခူးရိုးမ စသော နှင်းကျကောင်းသည့် တောနက်ကြီးများထဲတွင် ဖမ်းယူပါက ပိုမို သန့်ရှင်းကောင်းမွန်သော ဆေးပြဒါးများကို ရရှိနိုင်လေသည်။ ထို့ကြောင့် ကျွန်တော်တို့ ယခုလို ဒုက္ခခံကာ ဤသရက်တောကြီးထဲသို့ လာရောက် ဖမ်းဆီးနေကြခြင်းလည်း ဖြစ်၏။

ပြဒါးအိုးများကို စစ်ဆေးရန် တောထဲသို့ ရောက်လာကြသော ကျွန်တော်နှင့် ကိုတိုးသည် သရက်ပင်များ အနှံ့အပြားတွင် ချိတ်ဆွဲထားသော အိုးများကို တမော့မော့နှင့် သေချာစွာ စစ်ဆေးလျှက် ရှိကြသည်။

ကျွန်တော်တို့ အိုးများကို ချိတ်ဆွဲထားသော သရက်ပင်များနှင့် အခြားသစ်ပင်တို့မှာ နှင်းရည်ကို အဝသောက်ထားကြပြီး ဖြစ်သဖြင့် မြစိမ်းရင့်ရောင် သန်းနေကြသည်။ စိမ်းလန်းစိုပြည်နေသော ခင်တန်းကြောအထက်ဆီမှ သစ်ပင်၊ ဝါးပင်၊ ကျွန်းပင်၊ အင်ပင်ကြီးများကို ကြည့်ရသည်မှာ ကြည်နူး၍ ရွှင်မြူးစရာပင် ကောင်းလေတော့သည်။

ဖိုးခေါင်ငှက်နှင့် အခြား ငှက်တို့၏ အော်မြည်သံကို ကြားရ၏။ တစ်ခါတစ်ရံ တောနက်ကြီးဆီမှ ကျားဟိန်းသံတို့ကိုလည်း ကြားရတတ်သည်။

ပင်ယံထက်မှ ရတနာအိုးများကို လိုက်လံစစ်ဆေးနေကြသော ကိုတိုးနှင့် ကျွန်တော်သည် ဝါးတောသို့ ရောက်လာသည်။ ထိုဝါးတောသည် ကျွန်တော်တို့ တဲနှင့် တစ်ခေါ်သာသာခန့်မျှ ဝေးလေသည်။ လေခပ်ရမ်းရမ်း တိုက်ခတ်မှုကြောင့် ကျောတစ်ပြင်လုံး စိမ့်၍ အေးခနဲ ဖြစ်သွားသည်။ ဝါးရွက်တို့ကလည်း လေ၏ တိုက်ခတ်မှုကြောင့် တရှဲရှဲ အော်မြည်နေကြသည်။ ၎င်းဝါးရွက်မြည်သံများကို ထိုးဖောက်၍ "ဖြောင်. . ဖြောင်. . ဖြောင်" ဟူသော ထူးခြားသည့် အသံကိုလည်း ဝါးတောဆီမှ ကြားနေရသည်။

"ဟေ့ မောင်ထွေး၊ ဟိုမှာ 'ထွေး'လို့ ရေးထားတာ မင်းအိုး မဟုတ်လား"

ဝါးတောနားရှိ သရက်ပင်တစ်ပင်ကို ကိုတိုးက မော့ကြည့်ရင်း မေး





သည်။

"ဟာ ဟုတ်တာပေါ့၊ ကြည့်စမ်း ကြည့်စမ်း၊ အိုးနှစ်လုံးစလုံး ဘေးတည့်တည့်က ပေါက်နေပါလား . . တောက်"

ကျွန်တော်က ကိုတိုး လက်ညှိုးညွှန်ပြရာ သရက်ပင်ပေါ်ရှိ ပြဒါးအိုးများဆီသို့ မော့ကြည့်လိုက်သည်။ ထိုအခါ 'ထွေး' ဟူသော အက္ခရာ အမှတ်တံဆိပ်ခတ်နှိပ်ထားသော ကျွန်တော်၏ အိုးနှစ်လုံးမှာ ဘေးတစ်ဖက်တစ်ချက်စီတွင် အပေါက်ကလေး တစ်ပေါက်စီ ဖြစ်နေသည်ကို ကျွန်တော် တွေ့မြင်လိုက်ရလေသည်။ ထို့ကြောင့် ဒေါသ ထောင်းခနဲ ထွက်သွားမိသည်။ တစ်ဆက်တည်းမှာပင် ညက မည်းမည်းသဏ္ဌာန်နှင့် စံရွှေ၏ပုံကို ပြန်လည်၍ မြင်ယောင်လာမိသည်။

မနေ့ညက ကျွန်တော်သည် တောဆီမှ သစ်ရွက်ခြောက်များကို တချွတ်ချွတ် နင်းသံကြားရသဖြင့် ထကြည့်ရာ တောထဲမှ ပြန်လာသော လူတစ်ယောက်၏ မည်းမည်းသဏ္ဌာန်ကို မြင်ခဲ့ရသည်။ ထို့ကြောင့် ဂရုစိုက်ပြီး ကြည့်ရှုရာ ချောင်းဟန့်ပြီး တဲထဲဝင်သွားမှ စံရွှေဖြစ်ကြောင်း ကျွန်တော် သိရှိခဲ့ရသည်။ ဤသည်ကို ကျွန်တော်က စံရွှေတစ်ယောက် အပေါ့အပါးသွားသည်ဟု ထင်မြင်မိခဲ့သော်လည်း ယခုတော့ ကျွန်တော်၏ ထင်မြင်မှုမှာ ပါစင်အောင် လွဲချော်ပြီ။ စံရွှေ ညက ကျွန်တော်၏အိုးကို မလိုတမာစိတ်နှင့် သွားရောက် ဖောက်ဖျက်၍သာ ယခုလို ဖြစ်နေကြောင်း လုပ်ငန်းသဘောတရားအရ သက်သေခံနေပြီပင် မဟုတ်ပါလား။

ကျွန်တော်သည် ဖြစ်ပျက်ခဲ့ပြီးသော အခြေအနေကြောင့် စံရွှေ အပေါ်၌ သဘောထားကြီးကြီးထားပြီး သည်းခံခွင့်လွှတ်မည်ဟု ဆုံးဖြတ်ချက်ချထား၏။ သို့ရာတွင် စံရွှေ၏ ယခုလို ယုတ်မာသော အပြုအမူနှင့် ကျွန်တော့်အပေါ် လက်စားချေမှုတို့ကြောင့် အသားတဆတ်ဆတ် တုန်လောက်အောင်လည်း ဒေါသဖြစ်ရပြန်သည်။

"ခွေးကောင် စံရွှေပဲနေမှာပါ၊ ညက ဒင်း တောထဲက ပြန်လာတာ ကျွန်တော် မြင်သား ဗျ၊ ဒါပေမယ့် ဒီလို ယုတ်မာလိမ့်မယ် မထင်လို့ . . တောက်"

"အို မင်းကလည်းကွာ၊ အလကား စံရွှေကိုပဲ ရမည်ရှာနေတာပဲ။ မင်းဖြစ်သလို မတော်တဆ ဖြစ်သွားတာမျိုးဆိုရင် ဘယ့်နှယ်လုပ်မလဲ။ ဒီကောင်လား ညကြီးမင်းကြီး ဒီနေရာကို လာရဲမှာ၊ အခုအချိန်ဟာ ကျားကြီးတွေ မိတ်လိုက်တဲ့အချိန်ကွ၊ ဒါကြောင့် ညတိုင်းညတိုင်း တို့တဲရှေ့မှာ မီးဖိုကြီးတွေ ဖိုထားရတယ် မဟုတ်လား။ ဒါလည်း မင်းသိသားပဲ၊ အခု မင်းအိုး ပေါက်နေတာက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘေးကဆိုတော့ ရုတ်တရက် ဘာမှ မဖြစ်နိုင်ပါဘူး။ မင်းဆီမှာလည်း အင်တွဲတုံး ပါလာသားပဲ။ အခု တက်ပြီး ဖုလိုက်ရင်လည်း ပြီးတာပါပဲကွာ"

ကိုတိုးက ကျွန်တော်နှင့်စံရွှေ ထပ်ပြီး စကားများမှာကို စိုးရိမ်သဖြင့် ရန်ငြိမ်းသောစကားကိုသာ ဆိုသည်။ ယင်းကဲ့သို့ မဆို၍လည်း မဖြစ်ပါချေ။ ကျွန်တော့်အတွက်ကို အစစအရာရာ သူက တာဝန်ယူပါမည်ဟူ၍ ဘကြီးဖြိုးထံ၌ ကတိပေးထားခဲ့ရသည်ပင် ဖြစ်၏။

ထို့အတူ စံရွှေနှင့် ပြဒါးများ ဖမ်းဆီးရှာဖွေသော ကိုထွန်းမောင်ကလည်း "ကျွန်တော့်လူကို ကျွန်တော် နိုင်ပါတယ် ဦးလေးဖြိုးရယ်၊ နောက်နောင် ဘယ်တော့မှ ဒီလို မဖြစ်စေရပါဘူး၊ စံရွှေအတွက် ကျွန်တော်က အစစအရာရာ တာဝန်ယူပါတယ်" ဟုသည်ဖြင့် ဘကြီးဖြိုးထံတွင် ကတိပေးထားခဲ့ကြ၍သာ ကျွန်တော့်မှာ ယခုအချိန်အထိ တောထဲ၌ နေရခြင်းပင် ဖြစ်၏။ သို့မဟုတ်ပါက စံရွှေနှင့် ကျွန်တော် သတ်ကြပုတ်ကြသော အဖြစ်အပျက်ကြောင့် လုပ်ငန်း တစ်ပိုင်းတစ်စနှင့် ကျွန်တော့်အဖို့ ရွာသို့ ပြန်သွားရသည်မှာ ကိန်းသေပင် ဖြစ်လေသည်။

ကိုတိုး ပြောသည်မှာလည်း မှန်ပါ၏။ အိုးဖင်မှ ပေါက်သွားသောအခါ ဆေးပြဒါးများက အောက်သို့ ထွက်ကျကုန်သော်လည်း ယခုလို အိုးဘေးမှ ပေါက်လျှင် အိုးလှုပ်ရှားမှု မရှိပါက ရုတ်တရက် မည်သို့မျှ မဖြစ်ပါချေ။ အကြောင်းမူ အမဲသားပုပ်များကို စားသောက်ပြီးသော ဆေးပြဒါးတို့သည် ၎င်းတို့၏ လိုရာသို့ ပျံသန်းနိုင်သော အတတ်နှင့် နှင်းထုထဲတွင် ရောထွေး ပျော်ပါးနိုင်သော တန်ခိုးအာနိသင် အားလုံးသည် ကုန်ခန်းပျောက်ကွယ်၍ ပျက်စီးသွားရလေသည်။

ယခု ကျွန်တော်၏ အိုးနှစ်လုံးမှာ ဘေးက ပေါက်နေသဖြင့် အိုးတွင်းမှ ဆေးပြဒါးများသည် ရုတ်တရက် မည်ကဲ့သို့မျှ မဖြစ်သော်လည်း ၎င်းအပေါက်မှ ပိုးကောင်မွှားကောင်တို့ ဝင်ရောက် ဖျက်ဆီးမည့်ရန်ကိုတော့ ပူရသည်။ ထို့ပြင် လေ၏ တိုက်ခတ်မှုကြောင့် ၎င်းအိုးများ ယိမ်းထိုးလှုပ်ရှားသွားပါက ထိုအပေါက်မှ ဆေးပြဒါးများ ယိုဖိတ်ထွက်ကျကုန်မှာကိုလည်း တွေးတောပူပင်မိလေသည်။ ထို့ကြောင့် အိုးကို မဖာလျှင် မဖြစ်သည်မို့ ကျွန်တော်သည် လက်ထဲမှ ဆောင်းဓားကို ကိုတိုးအား ပေးလိုက်ပြီး သရက်ပင်ပေါ်သို့တက်ရန် ခါးတောင်းကျိုက်လိုက်လေသည်။

ကျွန်တော် ခါးတောင်းကျိုက်နေစဉ်မှာပင် တဖြောင်းဖြောင်း ကြားနေ





သော ဝါးတောထဲမှအသံသည် ပိုမို၍ ကျယ်လောင်လာတော့၏။

ထို့ကြောင့် သရက်ပင်ပေါ်သို့ အိုးတက်ဖာရန် ပြင်ဆင်နေသော ကျွန်တော်သည် သရက်ပင်ပေါ်သို့ မတက်သေးဘဲ ဝါးတောဆီသို့ မျက်စိကစားပြီး ကြည့်သည်။ ကျွန်တော် ကြည့်နေစဉ်မှာပင် ဝေါခနဲ အသံကြီးက ရုတ်တရက် ထွက်ပေါ်လာသလို ရှူးခနဲ လေမှုတ်သံကြီးနှင့်အတူ စွယ်စုံဆင်ပြောင်ကြီး တစ်ကောင်သည် ကျွန်တော်တို့ ရှေ့တည့်တည့် ပေ (၅၀) အကွာမှ ဘွားခနဲ ထွက်ပေါ်လာတော့သည်။

ကျွန်တော်နှင့် ကိုတိုးသည် ရုတ်တရက် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဘာလုပ်ရမှန်း မသိအောင် ကြောင်သွားမိသည်။ ထို့အတူ ဝါးတောထဲမှ ထွက်ပေါ်လာသော စွယ်စုံဆင်ပြောင်ကြီးကလည်း ကျွန်တော်တို့နှစ်ဦးကို ကြောင်ပြီး စိုက်ကြည့်နေသည်။

ကျွန်တော်တို့မှာ ဤကဲ့သို့ ဆင်ပြောင်ကြီးနှင့် တွေ့ဆုံရလိမ့်မည်ဟု သော မမျှော်လင့်ခဲ့၊ သတိလည်း မထားမိ။ ထို့ပြင် ပြဒါးအိုးများကို ကြည့်ရှုရန်သာ စိတ်စောနေသည်က တစ်ကြောင်း၊ ဆင်ပြောင်ကြီးမှာ ဝါးပင်များနှင့် ကွယ်နေသဖြင့် ကျွန်တော်တို့က ရုတ်တရက် မမြင်မိခဲ့ခြင်းလည်း ဖြစ်လေသည်။ ထို့ကြောင့် ယခုလို စွယ်စုံဆင်ပြောင်ကြီးနှင့် ပက်ပင်းတိုးနေကြခြင်းပင် ဖြစ်၏။

ဆင်ပြောင်ကြီး၏ လက်မောင်းတစ်ကုပ်လောက် ရှေ့သို့ ကော့ပြန်တက်နေသော နီကျင်ကျင်အစွယ်ကြီးကို မြင်ရသည်မှာ ထိတ်လန့်စရာပင်။ နှာမောင်းကြီးယောင်၍ သူ၏ မျက်လုံးအစုံနှင့် ကျွန်တော်တို့ကို စားမတတ် ဝါးမတတ် စိုက်ကြည့်နေသည်မှာလည်း ကြက်သီးများပင် တဖြန်းဖြန်း ထလာစေသည်။ ကျွန်တော်တို့မှာ ကြောက်စိတ်တွေ ဝင်လာကာ ခြေတွေလက်တွေ တုန်လာပြီး ဘာလုပ်ရမှန်းလဲ မသိတော့။

ဝါးတောစပ်၌ ကျွန်တော်တို့ကို စိုက်ပြီးကြည့်နေသော ဆင်ပြောင်ကြီးသည် ကျည်ခနဲ အော်ဟစ်လိုက်သော အသံနှင့်အတူ ကျွန်တော်တို့နှစ်ယောက်ရှိရာသို့ ဦးတည်ကာ ထိုးသတ်နင်းခြေရန် ပြေးလာတော့သည်။

"ပြေး . . ပြေး"

ကိုတိုးက ပြောလည်းပြော ပြေးလည်းပြေးတော့သည်။ ကျွန်တော့်မှာ ခါးတောင်းကြီးကျိုက်၍ ယခုထက်တိုင် ဘာလုပ်ရမှန်း မသိသေး။ ရင်ထဲက ထိတ်ထိတ်နှင့် ကြောက်စိတ်တွေသာ လွှမ်းကဲနေသည်။

ဆင်ပြောင်ကြီးက ကိုတိုးဆီသို့ မလိုက်ဘဲ ကျွန်တော် ရှိရာသို့သာ



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာသည်။ ပြေးလာသော ဆင်ပြောင်ကြီးက ကျွန်တော်နှင့် ငါးလံခြောက် အကွာသို့ ရောက်လာချေပြီ။ သည်မျှပင် နီးကပ်နေပြီမို့ ပြေးလို့လည်း မလွ တော့။ ထို့ကြောင့် ဖြစ်လိုရာ ဖြစ်စေတော့ဟူသော သဘောနှင့် အစကတည် တက်ရန် ပြင်ဆင်နေသော သရက်ပင်ပေါ် သို့သာ ရှတ်ခြည်း ကြောက်အား အားနှင့် တွယ်တက်လိုက်ရလေသည်။

ကျွန်တော် သရက်ပင်ထက်သို့ ရောက်သည်နှင့် ဆင်ပြောင်ကြီး သရက်ပင်အောက်သို့ ရောက်လာသည်။ သရက်ပင်အောက်သို့ ရောက်သည် ဆင်ပြောင်ကြီးက ကျွန်တော့်ကို တစ်ချက် မော့ကြည့်လိုက်ပြီး စိတ်ဆိုးမာန်ဆိုး သရက်ပင်ကို လဲစေရန်အတွက် ကြိုးစား၍ သူ၏နှာမောင်းနှင့် အောင်း တော့သည်။

ကျွန်တော် တက်ပြေးသော သရက်ပင်မှာ ဆင်ပြောင်ကြီး၏ နှာမော တစ်ပတ်နှင့် အနေတော်ရှိနေသည်မို့ သရက်ပင်ထက်တွင် ရှိနေသော ကျွန်တော် အဖို့ အကျဉ်းအကျပ်နှင့် ရင်ဆိုင်နေရသည်။ အောက်သို့ ခုန်ဆင်းမည်ဆိုလျှ ဆင်နင်း၍ သေရမည်။ ယခုအတိုင်း ဆက်လက် နေပါကလည်း မကြာ သရက်ပင် ပြိုလဲကျခဲ့သည်ရှိသော် ကျွန်တော့်အတွက် အသက်ရှင်ဖို့ ဆိုသည် ဝေလာဝေး။ တွေးပင် မတွေးရဲ။ ပြေးစရာကလည်း မရှိ။ အခြား သစ်ပင်တစ် သို့ ခုန်ကူးပြေးလွှားရန် ဆိုသည်မှာလည်း တစ်ပင်နှင့်တစ်ပင် အတော် အလှ ဝေးနေသည်။ မကြာမီ ကျရောက်လာတော့မည်ဖြစ်သော ကျွန်တော့် သေဘေ အတွက် ပြေးစရာ မရှိသောအခါ ကြောက်ဒူးတွေ တုန်လာကာ ရင်လည် တဒိတ်ဒိတ်နှင့် ခုန်လျက်ရှိသည်။

ယခုအချိန်၌ ကျွန်တော်သည် ဘကြီးဖြိုးကို အလွန် သတိရမိသည် ဘကြီးဖြိုးသာ ကျွန်တော်တို့နှင့် အတူတကွ ပါလာခဲ့လျှင် ယခုလို ဖြစ်ချ ဖြစ်မည် ဟူ၍လည်း တွေးတော တောင့်တမိသည်။ ကျွန်တော် ကံဆိုးချင်တေ ယနေ့မှ ဘကြီးဖြိုးကလည်း ပါမလာခဲ့ချေ။

သရက်ပင်သည် ဆင်ကြီး၏နှာမောင်းနှင့် ဆွဲကိုင်အောင်းနေမှုကြော ယိမ်းထိုးလှုပ်ရှားလာသည်။ ခြေထောက်တို့ဖြင့် ယက်ကန်နေမှုကြောင့်လည် သရက်ပင်၏ ခြေရင်းမှ မြေကြီးများ ပွထွက်လာကြသလို အချို့ အမြစ်တို့ ထိုးထိုးထောင်ထောင်နှင့် ပေါ်ထွက်၍ လာချေပြီ။ အောင်မြင်မှုကို မကြာ ရတော့မည်ဖြစ်သော ဆင်ပြောင်ကြီးမှာ သရက်ပင်ကို အလျင်အမြန် လဲပြို ရန်အတွက် တရှူးရှူးနှင့် မာန်သွင်းပြီး ပိုမို ကြိုးစား၍ အောင်းနေသည်။





ခက်ချေပြီ။ သည်အတိုင်းဆိုလျှင် ကျွန်တော် အားကိုးအားထားပြုနေသော သရက်ပင်သည် မကြာမီအတွင်း ဆင်ပြောင်ကြီး၏ ရန်ပြုမှုကြောင့် လဲပြိုကျရပေတော့မည်။ ထိုအခါ ကျွန်တော့်အဖို့ ဆင်နင်း၍ အသေဆိုးနှင့် သေရမည်မှာ ကျိန်းသေပင် ဖြစ်လေသည်။

ထို့ကြောင့် ကျွန်တော် ဘာလုပ်ရမည်နည်းဟု မိမိကိုယ်ကို မိမိ အပြန်အလှန် မေးမိသည်။ စဉ်းစားဉာဏ်ကို အစွမ်းကုန်ထုတ်၏။ သို့သော် အဖြေကား ယခုအချိန်ထိ ထွက်ပေါ် မလာ။ သေဘေး၏ အကျဉ်းအကျပ်ကြားမို့ စဉ်းစား၍မရဘဲ ရင်မောနေရသည်။

ရုတ်တရက် ကျွန်တော်၏ ဦးခေါင်းထဲသို့ အကြံတစ်ခု ဝင်းခနဲ ဝင်လာသည်။ ကျွန်တော့်မှာ စဉ်းစား၍ ရရှိသောအကြံအတွက် အလွန် ဝမ်းသာသွားမိသည်။ ဝမ်းသာသောစိတ်နှင့်အတူ မိမိ၏အိတ်ကိုလည်း သေချာစွာ စမ်းသပ်ကြည့်မိ၏။ ရေနံဆီနှင့် တေထားသော လက်သီးဆုပ်ခန့်ရှိ အင်တွဲတုံး၊ ဆေးလိပ်၊ မီးခြစ်တို့မှာ ကျွန်တော့်အိတ်ထဲ၌ ရှိသေးသည်ကို တွေ့ရ၏။ ထို့ကြောင့် ရရှိသော အကြံဉာဏ်နှင့်ပင် ဆင်ပြောင်ကြီး၏ရန်ကို ဤသရက်ပင်ပေါ်မှ တိုက်ခိုက်ရန် အသင့်ပြင်ရလေတော့သည်။

ကျွန်တော်သည် လှုပ်ခါနေသော သရက်ပင်ထက်မှ အောက်သို့ မကျစေရန် သတိကြီးစွာထား၍ သရက်ပင်ကို ခြေထောက်အစုံနှင့် ယှက်လိမ်ထားရသည်။ ပြီးမှ အိတ်ထဲ၌ရှိသော အင်တွဲတုံးကိုနှိုက်၍ လက်တစ်ဖက်နှင့် မြဲမြံစွာ ကိုင်တွယ်ထားလိုက်သည်။ ထို့နောက် သစ်သားမီးခြစ်ကို ထုတ်ယူကိုင်တွယ်ကာ အဆန်လုံး လေးဆန်ပူး၍ ခြစ်လိုက်၏။ မီးခြစ်မှ ရှဲခနဲအသံနှင့်အတူ မီးတောက်သည်နှင့် တစ်ပြိုင်နက် လက်တစ်ဖက်မှ ကိုင်တွယ်ထားသော အင်တွဲတုံးကို မီးရှို့လိုက်လေသည်။ သို့ရာတွင် ဆင်ပြောင်ကြီး၏ လှုပ်ရှားမှုနှင့်အတူ သရက်ပင်ကလည်း ယိမ်းထိုးနေသဖြင့် အင်တွဲတုံးကို ရုတ်တရက် မီးမစွဲဖြစ်နေသဖြင့် မီးစွဲလောင်စေရန် ကြိုးစားပြီး ရှို့နေရသည်။

ဆင်ပြောင်ကြီးက ကျွန်တော့်အောက်တည့်တည့်တွင်ရှိပြီး ကျွန်တော့်ကို မော့ကြည့်လိုက်၊ သစ်ပင်ကို လဲပြိုစေရန် ကြိုးစားပြီးအောင်းလိုက်နှင့် အလုပ်ရှုပ်လျက် ရှိလေသည်။

ကျွန်တော်၏ကြိုးစားမှုကြောင့် လက်ထဲတွင် ကိုင်ထားသော အင်တွဲတုံးကို မီးစွဲလောင်လေပြီ။ ထိုအခါ တရှိန်ရှိန်တောက်လောင်နေသော အင်တွဲတုံးမှ အရည်ပျော်သွားသော အင်တွဲဆီများသည် မီးတောက်မီးလျှံများဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပြောင်ကြီး၏ ကျောဆီသို့ တစ်စက်ချင်း ကျသွားလေတော့သည်။ ကျရောက်သွားသော မီးတောက်မီးလျှံတို့သည် ဆင်ကြီး၏ ကျောပြင်ထက်မှ အမွေးအမှင်များကို တဖျစ်ဖျစ်နှင့် လောင်ကျွမ်းတော့၏။

ကျွန်တော်၏ မမျှော်လင့်သော တိုက်စစ်ကြောင့် ဆင်ပြောင်ကြီးမှာ ကျည်ခန် တစ်ချက်အော်ကာ ပူလောင်သောဒဏ်ကြောင့် တွန့်သွားသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်တော်သည် မီးစွဲလောင်နေသော အင်တွဲတုံးမှ မီးအားကို ပိုမို၍ ကောင်းမွန်စေရန်အတွက် လက်ကို တတ်နိုင်သမျှ အပူခံ၍ မီးတဟုန်းဟုန်း တောက်လောင်နေသော အင်တွဲတုံးကြီး တစ်တုံးလုံးကို ဆင်ပြောင်ကြီး၏ ကျောဆီသို့ တည့်မတ်စွာ ချိန်ရွယ်ပြီး ပစ်ချလိုက်လေတော့၏။

ကျွန်တော်၏ လျင်မြန်သော တိုက်စစ်ကြောင့် ဆင်ပြောင်ကြီး၏ ကျောတစ်ခုလုံးတွင် မီးတောက်မီးလျှံများ တဟုန်းဟုန်းနှင့် အစွမ်းကုန် တောက်လောင် တွယ်ကပ်လေတော့သည်။

ထိုအခါ မီးတောက်မီးလျှံများ၏ ပူလောင်ပြင်းပြသောဒဏ်ကို ဆက်လက်၍ မခံနိုင်သော ဆင်ပြောင်ကြီးမှာ တကျည်ကျည် အော်မြည်ပြီး တောနက်ကြီးထဲသို့ ပြေးဝင်သွားလေတော့သည်။ ဆင်ပြောင်ကြီး၏ ကျောပေါ်မှ တဟုန်းဟုန်း တဖျစ်ဖျစ်နှင့် အစွမ်းကုန် တောက်လောင်နေသော မီးတောက်မီးလျှံတို့မှာ ထွက်ပြေးသွားသော ဆင်ပြောင်ကြီးနှင့်အတူ ကပ်ငြိ၍ ပါသွားလေတော့သည်။

* * *

"မောင်ထွေးရေ. . ဟေး. . . မောင်ထွေး"

ဘကြီးဖြိုး၏ တုန်လှုပ်ချောက်ချားစွာနှင့် ဟစ်အော်၍ ခေါ်သောအသံကို ကြားရသည်။ ဘကြီးဖြိုး၏အသံကို ကြားရသော ကျွန်တော့်မှာ သေမင်းခံတွင်းမှ လက်မတင်ကလေး လွတ်မြောက်လာသူမို့ ရင်ထဲက လှိုက်၍လှိုက်၍ ဝမ်းနည်းလာသည်။

"မောင်ထွေးရေ"

ကိုတိုး၏ အထိတ်တလန့်နှင့် ထပ်ဆင့်၍ ခေါ်သံကိုလည်း ကြားရပြန်သည်။ သို့သော် ကျွန်တော်က ပြန်လည်၍ မထူးမိ။ အသံပြု၍ ထူးနိုင်လောက်အောင်လည်း ကျွန်တော့်၌ အင်အား မရှိတော့။ ရင်ထဲက ဟာ၍သာ လှိုက်မောနေမိသည်။

ဘကြီးဖြိုးတို့လည်း အော်ခေါ်ရင်းနှင့် ကျွန်တော်ရှိရာ သရက်ပင်အနီးသို့ ရောက်လာကြသည်။ ဘကြီးဖြိုး၊ ကိုတိုးနှင့်အတူ စံရွှေနှင့် ကိုထွန်းမောင်တို့





သည်း လိုက်ပါလာကြသည်ကို ကျွန်တော် တွေ့မြင်ရလေသည်။ လူအားလုံးတို့သည် ဝါးချွန်၊ တုတ်၊ ဓား၊ ဒူးလေး၊ လှံတံတို့ကို ကိုင်ဆောင်၍ ထားကြသည်။ သူတို့ အားလုံးကို ကျွန်တော်နှင့်အတူ ဆင်လိုက်ခြင်းခံခဲ့ရသော ကိုတိုးက ပြေးရောက် အကြောင်းကြားပြီး ခေါ်ဆောင်လာခြင်းပင် ဖြစ်သည်။

ကျွန်တော့်မှာ ရင်ဆိုင်ခဲ့ရသော အန္တရာယ်ဆိုးကြောင့် ရင်ထဲက လှိုက်မော၍ ဝမ်းနည်းနေသော်လည်း သူတို့အားလုံး၏ တက်ကြွသောဟန်ပန်ကို တွေ့မြင်လိုက်ရသောအခါ ဝမ်းနည်းစိတ်များ ပျောက်ကွယ်ကာ အားရှိသွားရလေသည်။

"ဘကြီးဖြိုး ကျွန်တော် ဒီမှာဗျို့"

ကျွန်တော်က သစ်ပင်ပေါ်မှ အသံပြုလိုက်သည်။ ထို့နောက် ဘေးမှ ဆွဲကိုင်နေသော ပြဒါးအိုးနှစ်လုံးကို ဖြုတ်ယူကာ ပခုံးတစ်ဖက်တစ်ချက်စီတွင် ချိတ်၍ အောက်သို့ သတိထားပြီး ဆင်းလိုက်သည်။ အိုးပေါက်ဖို့ရန် အင်တွဲ မီးလောင်နေတော့ပြီမို့ ၎င်းအိုးနှစ်လုံးကို ပစ်ထားခဲ့ပါက အိုးတွင်း၌ရှိနေသော ဆေးပြဒါး များ ပျက်စီးဆုံးရှုံးသွားနိုင်လေသည်။ ထို့ကြောင့် ၎င်းအိုးနှစ်လုံးကို ပြဒါးများ ဆက်လက်ဖမ်းခြင်း မပြုတော့ဘဲ ကျွန်တော် သိမ်းဆည်းခဲ့ခြင်းပင် ဖြစ်သည်။

"အောင်မလေး မောင်ထွေးရယ်၊ မသေကောင်း မပျောက်ကောင်းဟဲ့။ ကြည့်စမ်း. . ကြည့်စမ်း၊ သစ်ပင်က လဲကျတော့မှာပါလား"

ဘကြီးဖြိုးက ကျွန်တော့်ကို မြင်သွားသည်နှင့် အထိတ်တလန့်ဆို၏။ ဘကြီးဖြိုး ပြောသည်မှာ အမှန်ပင် ဖြစ်လေသည်။ ကျွန်တော် အားကိုးအားထား ပြု၍ နေရသော သရက်ပင်မှာ ဆင်ပြောင်ကြီး၏ရန်ကြောင့် အမြစ်တွေ ပေါ်ပြီး မြေကြီးတွေပါ ကြွမွနေ၏။

ဘကြီးဖြိုးနှင့်အတူ လူအားလုံးတို့သည် သရက်ပင်ပေါ်မှ အိုးနှစ်လုံးကို ထမ်း၍ ဆင်းလာသော ကျွန်တော့်ကို ကရုဏာသက်စွာဖြင့် ကြည့်နေကြသည်။ သူတို့အထင်ဆိုလျှင် ကျွန်တော့်ကို ဆင်ကြီးသတ်၍ သေပြီဟု တွက်ကိန်းချထားကြသည်။ ယခုလို အသက်ရှင်လျက် ပြန်လည် တွေ့မြင်ရလိမ့်မည် ဟူ၍လည်း မျှော်လင့်ထားကြပုံ မပေါ်။

ကျွန်တော်သည် သရက်ပင်ပေါ်မှ သတိထားပြီး ဆင်းရသည်။ အောက်သို့ ရောက်သည်နှင့် စံရွှေ၏မျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်လိုက်၏။ ကျွန်တော်၏ အဓိပ္ပာယ်ပါသော အကြည့်ကြောင့် စံရွှေ့မျက်နှာမှာ ရုတ်ခြည်း ပျက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ လူလေး၊ လာလာ"

ဘကြီးဖြိုးက သူ့အနားသို့ ရောက်ရှိလာသော ကျွန်တော့်ကို ကြင်နာသနားသောအသံနှင့် ဆိုသည်။ ပြီးလျှင် သူ၏ သန်မာသောလက်အစုံနှင့် ကျွန်တော့်ကို ဆီးဖက်လိုက်သည်။ ထိုအခါ ဘကြီးဖြိုး၏ ကြင်နာမှုကြောင့် ကျွန်တော့်ရင်ထဲတွင် အေးခနဲ ဖြစ်သွားရသည်။ ကိုတိုးက ကျွန်တော့်ကို တစ်လှည့်၊ စံရွှေကို တစ်လှည့် စိုက်ကြည့်နေရင်းက သူ၏ မျက်နှာမှာ ရုတ်ခြည်း နီရဲလာလေသည်။

"စံရွှေ၊ မင်း . . မင်း မကောင်းဘူးကွာ တောက်"

ကိုတိုးက ဖြစ်ပျက်ပြီးသော အခြေအနေအားလုံးကို သိရှိသည့်နည်းတူ စံရွှေကို စိုက်ကြည့်ရင်း ဒေါသနှင့်ဆိုသည်။

စံရွှေက မည်သို့မျှ ပြန်လည် ပြောဆိုခြင်း မပြုဘဲ ခေါင်းကြီးကို အောက်သို့စိုက်ပြီး တွေ့တွေကြီး ရပ်နေ၏။

ကိုထွန်းမောင်ကလည်း ကျွန်တော့်ပခုံးတွင် ကြိုးနှင့်ဆိုင်း၍ လွယ်ထားသော အိုးနှစ်လုံးကိုကြည့်လိုက်၊ စံရွှေကိုကြည့်လိုက်နှင့် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"အို့ . . ငတိုးကလည်းကွယ်၊ ဖြစ်ပြီးတာက ပြီးနေမှာပဲ၊ အလကား ဒေါသဖြစ်နေတယ်၊ ဒါပေမယ့် စံရွှေကို ဘကြီး တစ်ခုတော့ ပြောချင်တယ်၊ မင်းတို့အခုလောက် တစ်ယောက်ကို တစ်ယောက် ဒုက္ခပေးကြရရင် တော်လောက်ပြီငါထင်တယ်၊ နောင်တတရားရကြဖို့ ကောင်းပြီလို့လည်း ဘကြီး ပြောချင်တယ်ကွယ်။ လာလာ တို့သွားကြစို့"

ကျွန်တော် အသံပေးသဖြင့် သရက်ပင်ပေါ်သို့ မော့ကြည့်လိုက်ကတည်းက ဘကြီးဖြိုးမှာ ကျွန်တော်တို့၏ အဖြစ်မှန်အားလုံးကို ရိပ်မိ သိရှိခဲ့ပြီးလေပြီ။ ထို့ကြောင့် ဘကြီးဖြိုးက ရန်မီးမပွားစေရန် ဖျန်ဖြေသောစကားကို ပြောဆိုပြီး ကျွန်တော့်ကို လည်ပင်းဖက်၍ ကိုတိုးကိုပါ ခေါ်ဆောင်ကာ တဲဆီသို့ လာလမ်းအတိုင်း ပြန်ခဲ့ကြလေသည်။

စံရွှေနှင့် ကိုထွန်းမောင်မှာ ကျွန်တော်တို့ကို စိုက်ကြည့်ပြီး ငိုင်၍ ကျန်ရစ်ခဲ့ကြသည်။ စံရွှေလည်း သူ၏ အမှားအတွက် နောင်တတရားရမည်မှာ မလွဲပေတည်း။

"မင်းက သရက်ပင်ပေါ်ကို တက်ပြီးပြေးတော့ ဆင်ကြီးက သရက်ပင်ကို အောင်းရင်း ဘယ်ကို ရောက်သွားတာလဲ"

ကျွန်တော်တို့အားလုံး တဲဆီသို့ ရောက်သည်နှင့် ဘကြီးဖြိုးက ကျွန်တော့်ကို မေးသည်။ ကျွန်တော်ကလည်း ဖြစ်ပျက်ပုံကို အသေးစိတ် သေချာစွာ ရှင်းလင်းပြီး ပြောပြလိုက်လေသည်။

"အေး . . အဲဒါဟာ တို့အတွက် သင်ခန်းစာပဲ၊ အင်တွဲကလည်း မီးလောင်စာပဲ၊ ရေနံဆီနဲ့တေထားတော့ ပိုပြီးလောင်တာပေါ့။ နောက်ပြီး မီးနဲ့တွေ့တော့ မီးတောက်မီးလျှံတွေဖြစ်ပြီး အရည်ပျော်သွားမယ်၊ အဲ ဆင်ကြီးရဲ့ ကျောပေါ်ကို ကျရောက်တဲ့ မီးတောက်တွေဟာလည်း လောင်စာမကုန်မချင်း ဘယ်တော့မှ မသေဘဲ ကပ်နေကြမှာ အမှန်ပဲ။ ဘယ်လိုမှလဲ ခါချလို့ မရဘူးကွ၊ ဒါကြောင့် ဆင်ကြီး ပူလောင်တဲ့ဒဏ်ကို မခံနိုင်ဘဲ ထွက်ပြေးသွားတာကိုးကွ"

ကျွန်တော်၏ စကားအဆုံးတွင် ဘကြီးဖြိုးက မှတ်ချက်ချလိုက်သည်။

"ဒီလို အကျဉ်းအကျပ်ကြားထဲမှာ အခုလိုလုပ်ဖို့ မင်းသတိရတာကိုတော့ ငါ ချီးကျူးတယ်ကွာ"

ကိုတိုးကလည်း ကျွန်တော့်ကို လှိုက်လှိုက်လှဲလှဲ ချီးကျူးစကားဆိုသည်။ ထို့ကြောင့် ကျွန်တော့်မှာ ကိုတိုး၏ စကားအဆုံးတွင် ဂုဏ်ယူဝင့်ကြွားစွာနှင့် လှိုက်လှိုက်လှဲလှဲ ပြုံးမိကာ သရက်ပင်ပေါ်မှ ဖြုတ်ယူခဲ့သော အိုးနှစ်လုံးကို သေချာစွာ သိမ်းဆည်းထားလိုက်လေတော့သည်။

* * *

ယနေ့နံနက်တွင် တောထဲသို့ ရောက်ရှိနေသော ကျွန်တော်တို့မှာ မိုးခေါင်က ရတနာဖြစ်သော ဆေးပြဒါးအိုးများကို သရက်ပင်များထက်မှ တစ်ပင်ပြီးတစ် တစ်ပင်ဆင်းနှင့် လိုက်လံပြီး ဖြုတ်နေကြရသည်မှာ ချွေးတလုံးလုံး ဖြစ်နေကြသည်။

အိုးအားလုံးကို ဖြုတ်ယူပြီးစီးသွားကြသောအခါ အိုးအဖုံးကိုဖွင့်ကြည့်ကြသည်။ ထိုအခါ အိုးထဲတွင် လုံးဝ အရည်ပျော်နေကြသော အမဲသားပုပ်ရည်က အပေါ်တွင်ရှိပြီး ဖြူဖွေး၍ အရောင်တလက်လက် တောက်ပနေသော ဆေးပြဒါးလုံးများက အောက်၌ အနည်ထိုင်ပြီး ဝပ်နေကြသည်ကို တွေ့ရှိကြရ၏။ အိုးများအတွင်းရှိ အရည်ပျော်နေသော အမဲသားပုပ်ရည်များမှ အပုပ်နံ့ အားလုံးကို ဆေးပြဒါးတို့က စားသောက်လိုက်ကြပြီး ဖြစ်သဖြင့် အပုပ်နံ့များ လုံးဝ မရှိတော့ဘဲ နှင်းရည်နှင့် ရောနှောကာ ရေအဖြစ် ပြောင်းလဲနေကြသည်ကိုလည်း တွေ့ရှိကြရလေတော့သည်။

ထိုအရည်များကိုစစ်၍ သွန်ပစ်ပြီး တစ်အိုးလျှင် တစ်ကျပ်သားမှ သုံးကျပ်သားအထိရှိသော ဆေးပြဒါးတုံး ဖွေးဖွေးများကို အိုးတစ်ခုထဲသို့ ရောထွေး







www.burmeseclassic.com

www.burmeseclassic.com



...ပေါင်းစပ်ကြရသည်။ ဆေးပြဒါးမှာ လက်နှင့်ကိုင်တွယ်၍ရသော ပစ္စည်းမျာ မဟုတ်သဖြင့် တစ်ခုနှင့်တစ်ခု ရောတွေးပေါင်းစပ်သည့်အခါ၌ လည်းကောင်း ခွဲခြမ်းစိတ်ဖြာသည့်အခါ၌ လည်းကောင်း ကွမ်းရိုး၊ အမဲရိုးတို့နှင့်သာ မွှေနှောက်၍ မိမိ လိုအပ်သော အိုးထဲသို့ ဖြည်းညင်းစွာ ဆွဲယူပေါင်းစပ်ကြရလေသည်။ ကျွန်တော်တို့သည် တစ်ဦးလျှင် ဆေးပြဒါး (၂) ပိဿာကျော်ကျော်မျှ ရရှိကြ၏။

ကျွန်တော်တို့လုပ်ငန်းအားလုံး ပြီးစီးသည်နှင့် မနေ့ညနေကတည်းက ရွာသို့ မှာကြားထားသော လှည်းများကလည်း ရောက်ရှိလာချေပြီ။ လှည်းများ ရောက်ရှိလာကြသည်နှင့် ကျွန်တော်တို့မှာ ရွာသို့ပြန်ရန် အသင့်ပြင်ကြရလေ၏။ ကျွန်တော်တို့သည် ဆေးပြဒါးဖမ်းရာတွင် အသုံးပြုသော ဖျဉ်းအိုး၊ လှေကားနှင့် အခြား အိုးခွက်ပန်းကန်၊ အိပ်ရာလိပ်တို့ကိုပါ လှည်းပေါ်သို့တင်ကာ ခက်ခဲစွာ ရရှိခဲ့သော မိုးပေါ်က ရတနာများကို လက်ဝယ်ပိုက်၍ အပြုံးကိုယ်စီနှင့် လာလမ်းအတိုင်း ရွာသို့ ပြန်လာခဲ့ကြသည်။

ကျွန်တော်တို့ အပြန်ခရီးတွင် စံရွှေမှာ မျက်နှာမကောင်းလှ။ ကျွန်တော်ကမူ တစ်စုံတစ်ခုသော အတွေးကြောင့် နှစ်သိမ့်ကြည်နူးနေမိသည်။

ထိုအတွေးမှာ စံရွှေ၏ ကောက်ကျစ်မှုကြောင့် ကျွန်တော် သေဘေး သီသီကလေး လွတ်ခဲ့ရသည့် အဖြစ်တွေကို ငြိမ်းငြိမ်း မှချ ကြားသိမည်။ ထိုအခါ ငြိမ်းငြိမ်း၏ ဝေခွဲမရသော ချစ်မေတ္တာချိန်ခွင်ညွှာသည် ကျွန်တော့်ဘက်သို့ သနားကရုဏာ စေတနာများ အလေးပိုလာတော့မည် ဟူ၍. . ဟူ၍. . ။

*(၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်း)*

♣ ♣ ♣



## ရွှံ့ကိုလိမ်းကျံ ပန်းမပန်

ဆောင်းနှင်းမြူတို့မှာ တစ်လောကလုံး လွှမ်းခြုံထားသည်။ ဟေမန္တ၏ အရှက်ဦးလေသည် တည်ငြိမ်မှု မရှိ။ နှင်းပွင့်နှင်းပေါက်တို့ကို သယ်ဆောင်ကာ ဟိုမှသည်သို့ တသုန်သုန် မြူးကြွတိုက်ခတ်လျက် ရှိလေသည်။

ဘစိန်သည် တောင်ကြီးတစ်လုံးပမာ မြင့်မားသော ငုက်ဆိုးဂူ အထက်မှ အရှေ့ဆီသို့ မျှော်ကြည့်လိုက်သည်။ သည်အခါ မှုန်မှိုင်းနေသည့် နှင်းလွှာရုံ အောက်တွင် တသွင်သွင် စီးဆင်းနေသော သံလွင်မြစ်ပြင်ကြီးကို မြင်ရသည်။

သံလွင်မြစ်ပြင်ကြီးမှာ ကြီးမားရှည်လျားလွန်းသော မြွေကြီးတစ်ကောင်နှင့် တူနေသည်။ တစ်ခါတစ်ရံတွင် သူ၏ ဘော်ငွေရောင် တောက်ပြောင်နေသော ငါးကြင်းကွက် အကြေးခွံကြီးများကို သွက်သွက်ခါအောင် လှုပ်ရှား၍ ခြောက်လှန့်တတ်၏။ ထို့ကြောင့် မြစ်ပြင်တစ်ခုလုံးမှာ ဖွေးခနဲ လက်ခနဲ ထ၍ ထ၍ သွားတတ်သည်။ ဘစိန် ရပ်နေသော ငုက်ဆိုးဂူ၏ အနောက်ဘက်တွင် ရှုမဆုံး မြင်မဆုံးသော တောအုပ်ကြီးက ကာဆီးထားသည်။ တောအုပ်ကြီး၏ ဟိုမှာဘက်တွင် မည်းမည်းကြီးနှင့် ထီးတည်းကြီးရပ်နေသော ကျောက်တောင်ကြီးများ၊ ကမ်းပါးယံကြီးများနှင့် ပြည့်နှက်နေသည်။ ကျောက်ဂူကြီးများကို အုပ်ဆိုင်းညှို့မှိုင်းသော တောအုပ်ကြီးက ဝန်းရံနေသည်။ ထို့ပြင် မပီဝိုးဝါးသော မြင်ကွင်းအားလုံးကို နှင်းသင်တိုင်းက ထပ်ဆင့် သိုင်းခြုံထားသဖြင့် ပတ်ဝန်းကျင်မှာ ပီပြင်ကြည်လင်မှု မရှိပေ။

တောညို့ညို့ဆီမှ ကျေးငှက်သာရကာတို့၏ တွန်ကျူးသံတို့ကို ကြားရလေသည်။ ကျေးငှက်သာရကာတို့၏ အော်မြည်သံနှင့်အတူ အရှေ့ဆီမှ ရောင်နီမှာလည်း ပေါ်ထွန်းစပြုပြီ ဖြစ်သည်။



www.burmeseclassic.com

ww.burmeseclassic.com



တောကြက်ဖတို့၏ သံပြိုင်တွန်ကျူးသံတို့ကို ကြားလာရပြီ။ သူတို့၏ အသံမှာ ကျောက်တောင်ကမ်းပါးယံတို့ကို ထိုးဖောက်၍ သောသောညံလာသည်။ မကြာမီ မိုးလင်းချေတော့မည်တကား။

"ဘစိန်၊ ဟေး . . ဘစိန်"

အနောက်ဘက်မှ မာဆတ်ဆတ်နှင့် ခေါ်သံကြားရသည်။ သည်အသံကို ကြားရသည်နှင့် စံမြ ဖြစ်ကြောင်း မမေးဘဲနှင့် ဘစိန် သိပြီးပင် ဖြစ်၏။ ဒါကြောင်းမှု စံမြနှင့် ဘစိန်မှာ ဤငှက်ဆိုးဂူကို စောင့်ရှောက်ရန် တာဝန်ယူကြရသော ဂူစောင့်လုပ်သားများပင်။ သို့ရာတွင် စံမြမှာ ဘစိန်လို ဂူစောင့်လုပ်သားရိုးရိုး မဟုတ်ချေ။ သူဌေးလူယုံတော် ဖြစ်၏။ ဘစိန်တို့ကို တာဝန်ကျေ မကျေ စစ်ဆေးရသူဘည်း။

"ဟောတောင် ဘာငိုင်နေတာလဲ၊ မင်းက ဒီလိုသာ အလုပ်ထဲ စိတ်မဝင်စားဘဲ ငေးတိငိုင်တိုင် လုပ်နေရင် ခက်တယ်။ လူမသမာသူတွေ ဂူထဲ ခိုးဝင်ရင် မင်း ဘယ်လိုလုပ်ပြီး သိမလဲ။ ဂူစောင့်တဲ့ကောင်ဟာ ဂူစောင့်လို နေရတယ်။ စိတ်ကူးယဉ်ချင်ရင် ဒီမှာ လာမယဉ်နဲ့၊ တခြား သွားယဉ်"

စံမြက သူဌေးလူယုံတော်ပီပီ မာန်မဲဟိန်းဟောက်လေသည်။ သူဌေးစကား ပြောလာသည်။ ဘဝတူချင်းအပေါ် ငဲ့ညှာထောက်ထားမှုသည် သူ၏လေသံ၌ တစ်လုံးတစ်ပါဒမျှပင် မပါ။ မာဆတ်ဆတ်နှင့် မာရေကျောရေနိုင်လှသည်။

ထို့ကြောင့် ဘစိန် ရင်ထဲ၌ အောင့်သွားမိသည်။ စံမြ၏ မာဆတ်ဆတ်စကားကြောင့်လည်း ဒေါသဖြစ်ရသည်။ ဖြစ်နိုင်လျှင် စံမြ၏ အရက်ဖော ဖောနေသောမျက်နှာကို လက်သီးနှင့် တစ်အားကုန် ထိုးပစ်လိုက်ချင်သည်။ သို့သော် စံမြက သူဌေးလူ၊ သူဌေး၏ အချစ်တော်။ စံမြကိုထိလျှင် သူတို့၏ အလုပ်ရှင်ဖြစ်သော ကုလားသူဌေးကြီး မာမွတ်က သည်းခံလိမ့်မည် မဟုတ်။ ဘစိန်ကို အလုပ်ထုတ်ပစ်လိုက်မည်မှာ ကိန်းသေပင်တည်း။

"မဟုတ်ပါဘူး စံမြရာ၊ ငါ လင်းနို့တွေ အိပ်တန်းဝင်ဖို့ အချိန်နီးလာလို့ မြစ်ပြင်ဘက်ကို စောင့်ကြည့်နေတာပါကွာ၊ မင်း ထင်သလို မဟုတ်ပါဘူး"

ဘစိန်က စံမြကို လေပြေကလေးနှင့် ရှင်းလင်းပြောပြသည်။

"အေး ဒီလိုဆိုလည်း ပြီးရော၊ လင်းနို့တွေ အိပ်တန်းဝင်ပြီးတာနဲ့ ဂူပတ်ပတ်လည်ကို မင်း လှောက်ကြည့်၊ တောင်တွေးမြောက်တွေး တွေးပြီး မနေနဲ့၊ ကိုယ့်အလုပ်ကို ကိုယ်လုပ်၊ မင်း တာဝန် မကျေရင် ကြားထဲက ငါကိုပါ ကြိမ်းနေ





ဆယ်၊ မင်းအတွက်နဲ့ သူဌေးအကြိမ်းတော့ ငါ မခံနိုင်ဘူး။ ငါ ဟိုဘက်က ခြံထွန်းဘို့ ကျော်လှတို့ဂူတွေကို သွားစစ်ဦးမယ် ကြားလား"

စံမြသည် သူဌေးကြီးက အစေခံတစ်ဦးကို ပြောဆိုသည့် ပုံစံမျိုးဖြင့် ပြောပြောဆိုဆိုပင် နေရာမှ ချာခနဲ လှည့်၍ ထွက်သွားလေသည်။ စံမြမှာ မျက်နှာသုတ်ပဝါတစ်ထည်ကို သူ့ခေါင်း၌ ပေါင်းထားသည်။ ပြီးလျှင် အညာဆောင် အကွက်ကြီးကို သိုင်းခြုံထား၏။ ထို့ကြောင့် စံမြ၏ ကိုးရိုးကားရားပုံစံကိုကြည့်၍ ဘစိန် မျက်နှာမဲ့ပစ်လိုက်သည်။

ဘစိန်နှင့် စံမြမှာ တစ်ရွာတည်းသား သူငယ်ချင်းများ ဖြစ်၏။ သို့သော် ဘစိန်က သာမန် ဂူစောင့်လုပ်သား၊ စံမြက သူဌေးလူယုံတော်။ ဘစိန်တို့စောင့်ရသော ဂူများကို အချိန်အခါမရွေး စစ်ဆေးရသူဖြစ်ပြီး လခ (၁၀၀) ကျော်ရသူ ဖြစ်သည်။

ဤသည်တို့ကြောင့်လည်း စံမြမှာ ခြေမကသွေး နားထင်သို့ ရောက်နေခြင်းပင်။ ငယ်သူငယ်ချင်းဆိုသည့် မျက်နှာကိုလည်း မထောက်၊ ပြောစရာရှိလျှင် ခိုင်းရိုင်းစိုင်းစိုင်း ပြောတတ်သည်။ မစာမနာ ပြောတတ်သည်။ ထို့ပြင် အပြစ်မရှိ အပြစ်ရှာ၍ သူဌေးပုံဖမ်းကာ ကြံဖန်ပြီး ကြိမ်းမောင်းတတ်သေးသည်။

မှန်သည်၊ စံမြမှာ သူဌေးကြီးမာမွတ်၏ စိတ်ဆန္ဒကိုသာ အစဉ်တွေးတောသူ ဖြစ်သည်နှင့်အညီ အလုပ်သမားတိုင်းနှင့် မကြာခဏ စကားများရသည်။ သူဌေးမျက်နှာ တစ်ခုတည်းကိုသာ ကြည့်တတ်သော စံမြကို ဘစိန်အပါအဝင် အလုပ်သမား အားလုံးက မျက်မုန်းကျိုးနေကြ၏။ သို့သော် စံမြက ခည်သူ့ကိုမျှ ဂရုမစိုက်။ သူထင်ရာ သူလုပ်သည်။

အရက်ကြိုက်တတ်သော သူဌေးနှင့် စံမြမှာ ဝါသနာဗီဇချင်း တူညီကြသည်။ သူဌေး ငှက်ဆိုးဂူသို့ ရောက်လာသည်နှင့် လင်းနို့ငါးကောင်မှာ အကြော်တစ်မျိုး၊ အချက်တစ်မျိုးဖြင့် အမြည်းဟင်းလျာအဖြစ် ရောက်ရတော့သည်။ ပြီးလျှင် တောအရက်ပြင်းပြင်းကို သူဌေးတစ်ခွက်၊ စံမြတစ်ခွက် စံမြတစ်ကျိုက်၊ သူဌေးတစ်ကျိုက်။ အရက်ခွက်ချင်း လှည့်၍ သောက်ကြမြဲ ဖြစ်၏။

လင်းနို့သားကြော် ကြွပ်ကြွပ်ကို အရက်နှင့်မြည်းရင်း စကားတွေ ဖောင်တော့သည်။ လင်းနို့ကို ဖမ်းခြင်း၊ ချက်ခြင်း၊ ကြော်ခြင်းကို စံမြက တာဝန်ယူသည်။ သူ့ဆရာ သူဌေး၏အကြိုက်ကို လိုက်လျောညီထွေ ကျင့်တတ်သူမှာလည်း စံမြပင် မဟုတ်ပါလား။

ယခုလည်း ဘစိန်ကို အပြစ်မရှိ အပြစ်ရှာ၍ ဟိန်းဟောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး မအိပ်ဘဲ ငှက်ဆိုးဂူကို တာဝန်ကျေပွန်စွာ စောင့်ရှောက်နေပါလျက် အကြိမ်းအမောင်းခံရသည်။

ဘစိန်တို့မှာ စံမြကို သူဌေးကြီးမာမွတ်ထက်ပင် ကြောက်ရွံ့နေကြရသည်။ အကြောင်းမူ သူဌေးကြီးမာမွတ်မှာ အလုပ်များသူ ဖြစ်၏။ ထို့ကြောင့် တောင်တက်ဂူများရှိရာ အလုပ်သမားများဆီသို့ တစ်ပတ်မှ နှစ်ကြိမ်သုံးကြိမ်လောက်သာ လာရောက်နိုင်သည်။ ရောက်လာပြန်လျှင် လင်းနို့သားကြော်ကို ဝါးပြီး အရက်ခွက်ချင်း လှည့်နေသည်နှင့် အချိန်ကုန်တတ်၏။ သို့သော် စံမြမှာ နေ့စဉ်နေ့တိုင်း အချိန်မရွေးအခါမရွေး ဘစိန်တို့လို အလုပ်သမားတွေနှင့် တွေ့ကြုံနေရသူပင်တည်း။

ဘစိန်သည် စံမြ ထွက်သွားရာဘက်သို့ စိုက်ကြည့်ရင်း ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဂိ . . ဂိ . . ဂိ"

ရုတ်တရက် ငှက်ဆိုးထိုးသံတို့ကို ဟိုမှသည်မှ ဆူညံစွာ ကြားလာရသည်။ သူတို့၏ အသံများမှာ တောတောင်လုံးကို ထိုးဖောက်၍ ပဲ့တင်ထပ်မျှ ဆူညံလာသည်။ သည်အခါ ဘစိန်အဖို့ ကြက်သီးများပင် တဖြန်းဖြန်း ထလာလေသည်။ သို့သော် ငှက်ဆိုးထိုးသံထက် စောစောက စံမြ၏အသံက ပို၍ ကြောက်စရာကောင်းသည်ဟု ဘစိန် မှတ်ချက်ချလိုက်လေသည်။

ကြည်လင်ဝင်းပစ ပြုပြီဖြစ်သော မိုးကောင်းကင်၌ သိန်းသန်းမက များပြားလှသော လင်းနို့များမှာ အော်မြည်ပျံဝဲနေကြသည်။ ထို့ကြောင့် ရုတ်ခြည်းပင် မိုးကောင်းကင်တစ်ခုလုံး မည်းမှောင်၍ အကျည်းတန်သွားလေသည်။ လင်းနို့လေးငါးကောင်သည် ဘစိန်၏ ဦးခေါင်းပေါ်သို့ပင် ပျံဝဲသွားကြပြန်သည်။ တကီးကီးနှင့် အော်မြည်၍ မိုးကောင်းကင်ပေါ်သို့ ပျံတက်သွားကြပြန်သည်။ ပြီးလျှင် မီးခိုးတန်းကြီးတစ်ခုကဲ့သို့ စုပေါင်းကာ ငှက်ဆိုးဂူ၏ ငှက်ဝင်ပေါက်ထဲသို့ တန်းတန်းမတ်မတ်ပင် ဝင်ရောက်သွားကြသည်။ အချို့ လင်းနို့များမှာ ငှက်ဆိုးဂူရှိရာသို့ ပျံသန်းလာပြီးမှ ကွေ့ပတ်ကာ ထုံးကျောက်ဂူ ရှိရာသို့ လည်းကောင်း၊ လိပ်ခုံးဂူ ရှိရာသို့ လည်းကောင်း အသီးသီး ပျံသန်းသွားကြသည်။ သို့သော် မိုးကောင်းကင်၌ ဟိုမှသည်မှ အမျှင်မပြတ် ပျံဝဲလာနေသော လင်းနို့များကား မကုန်ဆုံးသေး။ တောင်ပံခတ်သံ ညံညံပေး၍ ဘာသာဘာဝ အော်သံဟစ်သံတို့ဖြင့် ပွက်လောညံနေလေသည်။

လင်းနို့ကို 'ငှက်ဆိုး' ဟုလည်း ခေါ်ဆိုကြသည်။ စင်စစ် လင်းနို့သည်





ငှက်ဆိုး မဟုတ်ချေ။ လူသားတို့ကို အစွမ်းကုန် အကျိုးပြုသော ငှက်တစ်မျိုး ဖြစ်လေသည်။

လင်းနို့သည် စိုက်ခင်းဖျိုးခင်းများကို ဖျက်ဆီးတတ်သော ပိုးကောင်မွှားကောင်တို့ကို လိုက်လံ သုတ်သင်ပစ်သည်။ ရှင်းလင်း စားသောက်ပစ်သည်။ သူ၏ အစာသည်လည်း ထိုပိုးမွှားများနှင့် ခြင်၊ ယင်တို့ ဖြစ်၏။ လေထဲ၌ ဝဲနေသော အင်းဆက်ပိုးမွှားများကို စားသုံးသည်။ လယ်ယာကိုင်းကျွန်းတို့ကို ဖျက်ဆီးသည့် ပိုးမွှားကို ရှင်းလင်းပေးရုံမက လင်းနို့ချေးသည် တောင်သူလယ်သမားဦးကြီးများအတွက် မြေဩဇာအဖြစ် အသုံးပြုရပြန်သည်။ ထို့ပြင် လင်းနို့ချေးထဲမှ ခဲမ်းစိမ်းကိုလည်း ထုတ်ယူရရှိနိုင်လေသည်။

လင်းနို့ချေးထဲ၌ ဓာတ်ပစ္စည်းမျိုးစုံ ပါဝင်၏။ ထို့ကြောင့် လင်းနို့ဟူသော သတ္တဝါသည် လူတို့အတွက် အကျိုးပြုသလို သူ၏ ချေးသည်လည်း စိုက်ပျိုးရေးအတွက် အလွန် အရေးပါ အရာရောက်သော သဘာဝမြေဩဇာအဖြစ် လူသားတို့ အသုံးပြုနေရလေသည်။

ယင်းသို့လျှင် လင်းနို့တို့သည် လူသားတွေအတွက် အကျိုးပြုသော်လည်း လူသားတို့က အဘယ်ကြောင့် သူတို့ကို 'ငှက်ဆိုး'ဟု ခေါ်ဆိုကြသနည်း။ ဘစိန် မတွေးတတ်အောင် ရှိလေပြီ။ သို့သော် ဘစိန်တို့ အလုပ်သမားများကမူ လင်းနို့ကို ငှက်ဆိုးဟူ၍ မခေါ်ကြချေ။ မိတ်ဆွေငှက် အဖြစ်သာ အသိအမှတ် ပြုကြလေသည်။

ဘစိန်တို့ အလုပ်သမားများကို လင်းနို့များက ထမင်းကျွေးထားသည်ဟု ဆိုရပေမည်။ မိတ်ဆွေငှက်များနေထိုင်ရာ ငှက်ဆိုးဂူကို အခစားနှင့် စောင့်ကြပ်နေရသည်။ အကယ်၍ ငှက်ဆိုးဂူ၌ လင်းနို့များသာ နေထိုင်ခြင်း မရှိခဲ့လျှင် ဘစိန်တို့ အလုပ်သမားများ အလုပ်လက်မဲ့ ဖြစ်ရချေတော့မည် မဟုတ်ပါလား။

ငှက်ဆိုးဂူ၌ သူ့မိတ်ဆွေငှက်များ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေနိုင်ပါစေဟူသော ဆန္ဒနှင့် ဘစိန်က ကြီးစွာသော စေတနာထားရသည်။ သူတို့၏ အသက်အန္တရာယ်အတွက် သိမ်းစွန်ရဲတို့ဘေးမှ မည်သို့မည်ပုံ ကာကွယ်မည်ကိုသည်း ဘစိန်က အမြဲတမ်း စဉ်းစားတွေးတောနေသည်သာတည်း။

လင်းနို့ချေးမှာ များစွာ အဖိုးတန်လှ၏။ ထို့ကြောင့် ဂူတွင်းသို့ မည်သူမျှ လာရောက်ပြီး မခိုးဝှက်နိုင်ရန် ဘစိန်တို့မှာ ယခုလို ငှက်ဆိုးဂူကို စောင့်ကြပ်နေရခြင်း ဖြစ်၏။ ထို့အပြင် အချို့ လူတို့က လင်းနို့သားကို ပန်းနာရင်ကျပ် ပျောက်ကင်းသည်ဟု အကြောင်းပြကာ လာရောက် ဖမ်းဆီးပစ်ခတ်ခြင်းမှလည်း ကင်းဝေး



www.burmeseclassic.com

www.burmeseclassic.com



အောင် ဂရုစိုက်စောင့်ရှောက်ကြရသည်။

ယခင်အခါက ဂူစောင့်လုပ်သားတို့မှာ နေ့ဘက်၌သာ စောင့်ကြပ်၍ ညဘက်၌မူ စောင့်ကြပ်ခြင်း မရှိချေ။ သို့သော် လင်းနို့ချေးများကို နေ့ညမပြတ် နှိုးယူခြင်းခံရသည့်ပြင် လင်းနို့များကို သတ်ဖြတ်စားသောက်သည့် လူများကလည်း ကြာမကြာ လာရောက်တတ်ကြသည်။ ဤသည်တို့ကြောင့်လည်း ယခုလို နေ့ရောညပါ ဘစိန်တို့ စောင့်ရှောက်ရခြင်း ဖြစ်၏။

မိုးကောင်းကင်အလုံး၌ သိန်းသန်းမက များပြားလှသော လင်းနို့တို့သည် ငှက်ဆိုးဂူအတွင်းသို့ အုပ်လိုက်အုပ်လိုက် ပျံ၍ဝဲ၍ ငှက်ဝင်ပေါက်မှတစ်ဆင့် အတွင်းသို့ ဝင်ရောက်နေကြသည်။ နာရီဝက်ခန့်အကြာတွင် ငှက်ဆိုးဂူ၊ ထား ကျောက်ဂူနှင့် လိပ်ခုံးဂူတို့အပြင် အခြား ကျောက်လိုဏ်ဂူဝန်းကျင်တွင် လင်းနို့ ဟူ၍ တစ်ကောင်တလေမျှ မတွေ့မမြင်ရတော့ချေ။

သည်အခါ လင်းနို့တို့၏ တောင်ပံခတ်သံ၊ ပျံဝဲသံနှင့် အော်သံဟစ်သံတို့ လည်း လုံးဝ မကြားရတော့။ သူတို့အားလုံး အိပ်တန်းဝင်ရောက် ပျောက်ကွယ် သွားသည်နှင့် မိုးစင်စင်လင်းချေပြီတကား။

* * *

နံနက်ခင်း နေခြည်နုနုသည် မြခက်၏ ကိုယ်ပေါ်သို့ ဖြာကျနေ၏။ သံလွင်မြစ်ပြင်ကိုဖြတ်၍ တိုက်ခတ်လာသော လေညင်းသည် မြခက်၏ ဝင်း ပြည့်ဖြိုးသော ပါးပြင်ကို ငွေ့ယမ်း တို့ထိသွားလေသည်။

သည်အခါ မြခက် ကြက်သီးမွေးညင်းကလေးများ ထသွားရသည်။ သူ၏ နားသယ်စမှ တွဲရရွဲကျနေသော ဆံပင်စတို့မှာလည်း လေ၏ ဆော့သရမ်း မှုနှင့်အတူ လှုပ်ရှားလွင့်ပါးနေကြသည်။

မြခက်သည် သံလွင်မြစ်ကမ်းနဖူးမှ မတ်တတ်ရပ်၍ အရှေ့ဆီသို့ မျှော် ကြည့်လိုက်မိသည်။ ပြီးလျှင် ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သံလွင်မြစ်ပြင်သည် တသွင်သွင်နှင့် ကြည်လင်စွာ စီးဆင်းနေသည်၊ တစ်ချက်တစ်ချက်တွင် လှိုင်းခေါင်းဖြူတို့မှာ မြစ်ပြင်ထက်၌ ဖွားခနဲဖွားခနဲ အလိပ် လိုက် အလိပ်လိုက် ထွက်ပေါ်လာတတ်သည်။ ပြီးလျှင် မြခက် ရပ်နေရာ ကမ်း စပ်ဆီသို့ တဖျပ်ဖျပ် လာရောက် ရိုက်ခတ်လျက်ရှိသည်။ တောက်ပသော နေရောင်ကြောင့် မြစ်ပြင်တွင်းမှ လှိုင်းခေါင်းဖြူတို့မှာ ဝင်းလက်နေကြသည်၊ မြစ်တွင်းရှိ ကျောက်ဆောင်တို့ကို ထိုလှိုင်းများက ရိုက်ပုတ်လိုက်သောအခါ ရေပန်းရေမွှားကလေးများ ဖွားခနဲလက်ခနဲ ထွက်ပေါ်ပြီး မြစ်ပြင်ကို အလှခြယ်





ကြသည်။

မြခက်၏ ဝင်းပသောအသားမှာ ရွှေရည်ဥနေသော နေခြည်နုနုနှင့် တိုက်ဖက်ညီလှသည်။ ပြီးလျှင် ဝိုင်းစက်သောမျက်လုံး၊ သွယ်တန်းသောနှာတံ၊ ကိုင်းသဏ္ဍာန် ပါးလွှာသော နှုတ်ခမ်းတို့အပြင် လုံးကျစ်တုတ်ခိုင်၍ ပြည့်ဖြိုး သော အချိုးအဆက်ကျသော ကိုယ်လုံးကိုယ်ထည်ကိုလည်း မြခက်က ပိုင်ဆိုင် ဖြစ်၏။ အထူးသဖြင့် သူ၏ ဖောင်းအိပြည့်ဖြိုးသောပါးပြင်ထက်မှ သနပ်ခါး ကွက်သည်လည်း သူ့အလှအတွက် လိုက်ဖက်ညီနေပေသည်။

“အမေ သူဌေး မော်တော်လည်း ခုထိ မကြားရသေးဘူး၊ ဒီအချိန်မှ ရောက်သေးရင် ဘယ်အချိန် အလုပ်သွားလုပ်မလဲ သိပ်ခက်တာပဲ”

မြခက်က မြစ်ပြင်ဘက်သို့ ငေးကြည့်ရင်း အနားတွင်ရှိသော သူ့အမေကို ပြောလိုက်သည်။

မြခက်၏အမေ ဒေါ်အေးလှမှာ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိပြီ၊ သူ၏ မျက်နှာပြင်ပေါ်တွင် ဇရာ၏ အရေးအကြောင်းများပင် ပေါ်လွင် ပြီ ဖြစ်သလို ဆံပင်တို့မှာလည်း ကျိုးတိုးကျဲတဲနှင့် ဖြူစ ဖြစ်သည်။

ဒေါ်အေးလှသည် ဆောင့်ကြောင့်ထိုင်၍ ပြောင်းဖူးဖက်ဆေးပေါ့လိပ် ကြီးကို မီးညှိ၍ အားပါးတရ ဖွာရှိုက်နေသည်။ ယခု မြခက် ပြောမှပင် သူ့သမီး မျက်နည်းတူ သူဌေးမော်တော်လာမည့်ဘက်သို့ လှမ်းမျှော်ကြည့်မိတော့သည်။

“အေးဟယ် သမီးလေးပြောတာ ဟုတ်ပါရဲ့၊ မော်တော်ပျက်နေသလား မသိဘူး၊ အခု နေတောင် တော်တော်ပူနေပြီ၊ ဒီအချိန်မှ တို့တွေ ငှက်ဆိုးဂူကို ရောက်သေးရင် နေ့တွက်တော့စည်မှာ မဟုတ်တော့ဘူး”

မြခက်တို့ သားအမိနည်းတူ အခြား အမျိုးသမီးများဖြစ်သော ဒေါ်ပန်း နှင်း ဒေါ်လှိုင်ကြီးနှင့် ဒေါ်ခင်မြတို့လည်း သူဌေးမော်တော်ကို မျှော်နေကြသည်။ သူတို့ကြီးထွန်းခမျာ ကွမ်းတမြုံ့မြုံ့ဝါးရင်း ငှက်ဆိုးဂူရှိရာသို့ မတ်တတ်ရပ်၍ မျှော် ကြည့်နေသည်။

သူတို့တစ်တွေမှာ မြစ်တစ်ဖက်ကမ်းရှိ ငှက်ဆိုးဂူသို့ သွားရောက်ပြီး အလုပ်လုပ်ကြရမည့် အလုပ်သမားများပင် ဖြစ်၏။ ထိုအလုပ်သမားများကို သူဌေးက ကြိုတင် အကြောင်းကြားထားသည်။ သူပိုင် မော်တော်နှင့် အလုပ် သမား အားလုံးကို အပို့အကြိုလုပ်သည်။ ငှက်ဆိုးဂူ၌ သူတို့ လုပ်ရမည့်အလုပ်မှာ လင်းနို့ချေးများကို ရှာဖွေ၍ ကျုံးသယ်ရသော အလုပ်ပင် ဖြစ်သည်။ လင်းနို့တို့ မှာ ငှက်ဆိုးဂူထဲ၌ သိန်းသန်းမက များပြားစွာ နေထိုင်ကြ၏။ ထို့ကြောင့် လင်းနို့



www.burmeseclassic.com

www.burmeseclassic.com



ချေးတို့မှာလည်း ဂူထဲ၌ နေရာအနှံ့ ရှိနေကြသည်။

သူတို့ အလုပ်သမား အားလုံးမှာ နေထွက်မှ နေဝင်သည်အထိ ငှက်ဆိုး ဂူထဲ၌ ပင်ပန်းကြီးစွာ အလုပ်ကို လုပ်ကိုင်ကြရမည့်သူများ ဖြစ်၏။ ထိုသို့ မလုပ်လျှင် နေ့တွက်ကိုက်မည် မဟုတ်ချေ။ အကြောင်းမူ လင်းနို့ချေး ကျုံးသယ်ခမှာ အလွန် နည်းလွန်းလှ၏။ တစ်တင်းလျှင် ပြား (၂၀) သာ ရရှိပြီး ဂူအတွင်းမှသည် သူဌေးမော်တော်ပေါ် အရောက် သယ်ပိုးပေးကြရလေသည်။

ဤသည်တို့ကြောင့် သူတို့တစ်တွေ ငှက်ဆိုးဂူဆီသို့ စောစောစီးစီး ရောက်လိုကြသည်။ ဂူတွင်းသို့ ရောက်သည်နှင့် လင်းနို့ချေးတို့ကို သူထက်ငါဦး အောင် ရှာဖွေ၍ သယ်ကြရသည်။ တစ်နေ့လုံး မနားမနေ ကျောက်ဂူကြို ကျောက်ဂူကြား၌ ပိုက်စိပ်တိုက် ရှာဖွေလုပ်ကိုင်နိုင်ပါမှ သုံးလေးကျပ်သော ဝင်ငွေကို ရရှိကြ၏။ ယခုလို အလုပ်ဝင်ချိန် နောက်ကျပြီဟု ဆိုပါလျှင် သူတို့အဖို့ ငွေသုံးကျပ်ကို မဆိုထားနှင့် နှစ်ကျပ်ရဖို့ပင် မလွယ်အောင် ရှိချေတော့မည်။

ထို့ပြင် ဂူတွင်းမှ လင်းနို့ချေးများကို ကျုံးသယ်ကြရာတွင်လည်း နေ့စဉ် နေ့တိုင်း လုပ်လို၍ မရချေ။ ခုနစ်ရက် နှစ်ပတ်တိုင်ကို တစ်ကြိမ်သာ လုပ်ရသည်။ တစ်လလုံးပါမှ နှစ်ကြိမ်သာ သူရက်ပတ်နှင့်သူ ကျုံးသယ်ရသောလုပ်ငန်း ဖြစ်၏။ ထို့ကြောင့်လည်း သူတို့တစ်တွေမှာ လင်းနို့ချေးကျုံးသော အလုပ်တစ်ခုတည်း နှင့် အသက်မွေးဝမ်းကျောင်းပြု၍ မရချေ။ မိုးအခါ၌ လယ်ထဲဆင်း၍ ကောက် စိုက်သူစိုက်၊ ပျိုးနုတ်သူနုတ်ကြရသည်။ ယခုလို နွေအခါသို့ရောက်လျှင် ကောက် စိုက်သူစိုက်၊ ကောက်သင်းတောက်သူ ကောက်ရသည်။ လင်းနို့ချေးကျုံးရမည့် နေ့သို့ရောက်မှသာ ငှက်ဆိုးဂူ၊ ထုံးကျောက်ဂူ စသည့် ကျောက်ဂူတန်းများ ရှိရာသို့ သွားရောက်ပြီး အလုပ်လုပ်ကြရသည်။ လင်းနို့ချေး ရှာဖွေခြင်းအလုပ်ကို မိုးတွင်း၌ မည်သူမျှ လုပ်ကိုင်၍ မရချေ။ အကြောင်းမူ မိုးတွင်းဘက်၌ မိုးရေနှင့် လင်းနို့ချေးတို့မှာ ရောထွေး စို၍နေသဖြင့် ကိုင်၍တွယ်၍ မရသောကြောင့်ပင် တည်း။

မြခက်တို့လို တောနေဆင်းရဲသား လူတန်းစားတို့မှာ တစ်နေ့ ငွေသုံး လေးကျပ်ရသည်ကို အလွန် ပျော်ရွှင်ကျေနပ် နှစ်သက်နေကြသည်။ ထိုငွေသုံး လေးကျပ် ရရှိစေရေးအတွက် မည်မျှ ပင်ပန်းချင် ပင်ပန်းပါစေ၊ အပင်ပန်းခံ၍ ကြိုးစားပမ်းစား ရှာဖွေကြရသည်။ 'ကျော့ပူမှ ဝမ်းအေးမည်' ဆိုသော အဆိုမှာ မြခက်တို့ကို ရည်ညွှန်းလေသလား မပြောတတ်ပါချေ။

သို့သော် လင်းနို့များ နေထိုင်ရာ ကျောက်ဂူများကို ငွေရှင်ငွေနှီး





ခိုက်ထုတ်ပြီး လိုင်စင်ဆွဲထားသော ကုလားသူဌေးကြီးမာမွတ်မှာ မြခက်တို့လို တော့တ်ချေ။ မည်သို့မျှ မလုပ်ရမကိုင်ရဘဲနှင့် အမြတ်ရနေသည်။ မြက်မြက်လေး စားသောက်ရပြီး ကြီးပွားချင်တိုင်း ကြီးပွားနေချေသည်။

ကုလားကြီးမာမွတ် ကြီးပွားချင်လည်း ကြီးပွားစရာပင်။ အကြောင်းမူ လင်းနို့ဂူများကို လိုင်စင်ဆွဲခက လေးငါးရာသာ ကုန်ကျသည်။ ဂူတွင်းမှ ရရှိသော လင်းနို့ချေးများက များပြားလှသည်။ ကိုင်းကျွန်းလယ်ယာ လုပ်ကိုင်မှုနှင့် အသက် မွေးဝမ်းကျောင်းပြုကြသော မြန်မာတောင်သူလယ်သမားများထံ ပြန်ရောင်း သောအခါ ဈေးကြီးကြီးနှင့် ရောင်းချသည်။ တစ်တင်းလျှင် ငါးကျပ်မှ ရှစ်ကျပ် အထိ ဈေးတင်တော့သည်။ ထို့ပြင် ကြံစိုက်ရာသီသို့ ကျရောက်လာပြီဆိုလျှင် သိုလှောင်နိုင်သမျှ သိုလှောင်ထားသော လင်းနို့ချေးတို့ကို အဆမတန် ဈေးတင် တော့သည်။ ဈေးတင်ရုံသာ မဟုတ်သေး၊ လင်းနို့ချေးနှင့် လွှစာမှုန့်တို့ကို ရော နှောကာ တစ်တင်းလျှင် တစ်ဆယ်ကျပ်။ 'ဝယ်ချင်ဝယ်၊ မဝယ်ချင်နေ'ဟု ခပ်မာ မာပြော၍ ရောင်းချတတ်သေးသည်။ မဝယ်မဖြစ်သော ကြံစိုက်သူ တောင်သူ များမှာ မျက်နှာအောက်ချ၍ ဝယ်ယူကြရလေသည်။

ဤသည်တို့ကြောင့်လည်း ကုလားလေးမာမွတ်မှ ကုလားသူဌေးကြီး မာမွတ် ဖြစ်လာသည်မှာ မဆန်းချေတကား။

မှန်သည်၊ ယခင်က လင်းနို့ချေးများကို သံလွင်မြစ် တစ်ဖက်ကမ်းရှိ သူ့အိမ်သို့ ကျုံးသယ်ရာတွင် သမ္ဗန်နှင့်သာ ကျုံးသယ်သည်။ ယခုအခါ မော်တော် ပိုင်နှင့်၊ တိုက်နှင့်ကားနှင့် ဖြစ်နေပြီ မဟုတ်ပါလား။

ယခုအခါတွင် နိုင်ငံတော်အစိုးရက လင်းနို့များ နေထိုင်ရာ ဂူအားလုံးကို မည်သည့် လုပ်ငန်းရှင်ကိုမျှ လုပ်ကိုင်ခွင့် မပေးတော့ချေ။ သမဝါယမသို့ လွှဲ ပြောင်းလုပ်ကိုင်စေ၍ ထိုက်သင့်သောအခွန်ကိုသာ ဆောင်စေသည်။ ထို့ကြောင့် လင်းနို့ချေးကျုံးလုပ်သား၊ ဂူစောင့်လုပ်သားတို့မှာ သက်ဆိုင်ရာ သမဝါယမ၏ ဦးစီးမှုအောက်တွင် အေးချမ်းစွာ လုပ်ငန်းခွင်သို့ ဝင်ရောက်နေကြပြီ။ လုပ်လျှင် လည်း ထွပ်နိုင်သလောက် အကျိုးများ ခံစားရလေပြီ။ ယခင်က လင်းနို့ချေး ကျုံးသယ်ခမှာ တစ်တင်းလျှင် ပြား (၂၀)သာ လုပ်ငန်းရှင်က ပေးသော်လည်း ယခုအခါတွင် ကျုံးသယ်သူ အလုပ်သမားများ၏ လုပ်အားကို လေးစားသော အားဖြင့် တစ်တင်းလျှင် (၁) ကျပ် (၅) ပြားအထိပင် တိုးမြှင့်၍ ပေးလိုက်ပြီဟု ဝမ်းသာစရာ ကြားသိရလေသည်။ ထို့ပြင် လင်းနို့ချေးကို တကယ်တမ်း အသုံးပြု သူ ကြံစိုက်တောင်သူများတွင်လည်း အရောအနှောလွတ်သော လင်းနို့ချေးများ



www.burmeseclassic.com

www.burmeseclassic.com



ကို စျေးနှုန်းချိုသာစွာနှင့် ဝယ်ယူရရှိနိုင်လေပြီ။

ရုတ်တရက် မော်တော်စက်သံကို ခပ်လှမ်းလှမ်းမှ ကြားရလေပြီ။ သည်အခါ မြခက်တို့မှာ အလုပ်ရှုပ်တော့သည်။ တောင်းဆွဲသူဆွဲ၊ လုံချည်ပြင်ဝတ်သူဝတ်နှင့် အသင့်ပြင်ကြတော့သည်။

"သူဌေးမော်တော် လာပြီဟေ့"

ဦးကြီးထွန်းခက ဝမ်းသာအားရ အော်ပြောသည်။ ပြီးလျှင် ဒေါ်ပန်းမျှင်ကြီး အနားသို့ ကပ်သွားသည်။ ထိုအခါ ဒေါ်ပန်းမျှင်ကြီးက ဦးကြီးထွန်းခကို မျက်မှောင်တစ်ချက်ကုပ်၍ ကြည့်လိုက်သည်။

"ဟဲဟဲ ပန်းမျှင်၊ နင်ကလည်း၊ နင့်တောင်းတွေကို ငါ ကူသယ်ပေးမလို့ပါဟ"

ဦးကြီးထွန်းခက ရယ်ဖြဲဖြဲနှင့်ဆိုသည်။ ဒေါ်ပန်းမျှင်ကြီးကို မျက်နှာချိုသွေးသည်။ ထိုအခါ ဦးကြီးထွန်းခ၏ မည်းညစ်ပေကျံနေသော သွားများမှာ ပါးစပ်တွင်းမှ ဘွားခနဲ လှစ်ပြူ၍ ထွက်ပေါ်လာသည်။ ဦးကြီးထွန်းခမှာ အသက်အရွယ်ကြီးပြီ ဖြစ်သော်လည်း ပျော်တတ်ရွှင်တတ်သူ ဖြစ်လေသည်။

"ဟင်း . . ဟောဒီ ကိုထွန်းခကြီးဟာလေ၊ တော်တော်ခက်၊ သေခါနီး သူတော်တော် ရိက္ခာယူချင်တယ်၊ သွားစမ်းပါ ဝေးဝေးကို၊ ကွမ်းတံတွေးတွေစဉ်လွန်းလို့ . ."

ဒေါ်ပန်းမျှင်ကြီးက မဲ့ရွဲ့ရင်း ပြန်ပြောသည်။ ပြောပြောဆိုဆိုပင် ဦးကြီးထွန်းခကို တွန်းလွှတ်သည်။

ဒေါ်ပန်းမျှင်ကြီးကား ဘွင်းဘွင်းသမား ဖြစ်၏။ စကားပြောလျှင်လည်း အတုံးလိုက် အတစ်လိုက် ကွင်းကွင်းကွက်ကွက်ပေါ်အောင် ပြောရမှ ကျေနပ်သူဖြစ်၏။ ဤသည်ကို ဦးကြီးထွန်းခက မသိ၍မဟုတ်၊ သိလျက်နှင့် သက်သက်စခြင်း ဖြစ်လေသည်။

ဒေါ်ပန်းမျှင်ကြီးအပြောကြောင့် မြခက်တို့သားအမိမှာ ပြုံးရသေးသည်။ ဦးကြီးထွန်းခမှာ မျက်လုံးကလေး ကလယ်ကလယ်နှင့် ကုပ်သွားတော့သည်။

"အေးပါ နင် တော်တော်စွာ၊ ညနေကျလို့ လင်းနို့ချေးတွေလည်း သယ်ရော အစ်ကိုထွန်းခ ကျွန်မကို ပင့်ပေးပါဦး၊ ပင့်ပေးပါဦး ဆိုရင်တော့လား ဟင်း နင် အသိပဲ"

ဦးကြီးထွန်းခက ခပ်တည်တည်နှင့် ကြိမ်းသည်။

"သိချင်သိ မသိချင်နေ၊ ကျုပ်မှာ သားတွေ၊ ချွေးမတွေ မြေးတွေ ရနေပြီ။





ငယ်တော့တာ မဟုတ်ဘူး၊ အလကား ကလေးကလားနဲ့ ဟင်း"

သူတို့နှစ်ယောက် ပြောဆိုပုံကိုကြည့်၍ အလုပ်သမားများ အားလုံး တဝါးဝါးနှင့် ပွဲကျနေကြတော့၏။

ပျော်တတ်ရွှင်တတ်သော ဦးကြီးထွန်းခနှင့် ဒေါ်ပန်းမျှင်တို့မှာ ပြောမနာဆိုမနာ ငယ်သူငယ်ချင်းများပင်၊ ထို့ကြောင့် ယခုလို တစ်ဦးနှင့်တစ်ဦး ပြောင်ပြောင်တင်းတင်း နောက်ရဲပြောင်ရဲကြခြင်းလည်း ဖြစ်လေသည်။

ဦးကြီးထွန်းခမှာ အသက် (၆၀) ဝန်းကျင် ရှိပြီ ဖြစ်၏။ လေဖြတ်၍ ကိုယ်တစ်ခြမ်းသေနေသော သူ့မိန်းမ အဲဘွားကြီးကို လုပ်ကိုင်ကျွေးမွေးနေသူပင်။ ထို့ပြင် သားတွေ၊ ချွေးမတွေ၊ မြေးတွေ ရှိကြသော်လည်း မည်သူ့ကိုမျှ ဒုက္ခမပေးဘဲ သူတို့ဝမ်းကို သူတို့ဘာသာ ရှာဖွေ၍ အေးချမ်းစွာ နေထိုင်ကြသူများလည်း ဖြစ်၏။ အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ဘဝအတွေ့အကြုံတို့လည်း ရင့်ကျက်သူ ဖြစ်လေသည်။

"ရှင့်ကို ပြန်ပြီး ပြောရတာ ငရဲကြီးတယ်၊ ဟိုမှာ မော်တော် ကမ်းကပ်လာပြီ"

ဒေါ်ပန်းမျှင်ကြီးက ပြောပြောဆိုဆိုနှင့် သူ့တောင်းကို ဆတ်ခနဲ ကောက်၍ ပွေ့လိုက်သည်။ ပြီးလျှင် စက်သံပေး၍ ကမ်းသို့ ညင်သာစွာ ကပ်လာသော သူဌေးမော်တော်ကို ညွှန်ပြလိုက်သည်။ ဒေါ်ပန်းမျှင် ပြောသည်မှာ အမှန်ပင်။ သူဌေးမော်တော်ကို သူဌေးလူယုံတော် စံမြက မောင်းနှင်လာသည်။ မော်တော်မှာ စက်သတ်၍ ကမ်းသို့ ညင်သာစွာ ကပ်လိုက်သည်။ မော်တော် သွပ်ရှားမှု မရှိစေရန်အတွက် မော်တော်ပေါ်၌ အသင့်ပါလာသော ကုလားလေးတစ်ယောက်က ကုန်းပေါ်သို့ခုန်တက်ပြီး သစ်ပင်တစ်ပင်၏ ခြေရင်းတွင် မော်တော်ကြိုးကို ချည်နှောင်လိုက်သည်။ ထိုကုလားလေးကပင် မြခက်တို့ အားလုံး မော်တော်ပေါ်သို့ တက်ရောက်နိုင်ရန် ကုန်းဘောင် ထိုးပေးလိုက်သည်။ ထိုကုလားလေး၏ နာမည်မှာ 'အပ်ပနား' ဟု ခေါ်တွင်လေသည်။

မြခက်တို့မှာ အပ်ပနား ထိုးပေးသော ကုန်းဘောင်မှတစ်ဆင့် မော်တော်ပေါ်သို့ တက်ကြရလေသည်။ တင်းတောင်းတွေ၊ ထမင်းချိုင့်တွေနှင့် ဝန်စည်စလည်တို့ကိုပါ မော်တော်ပေါ်သို့ ယူဆောင်သွားကြသည်။ လူအားလုံး မော်တော်ပေါ်သို့ ရောက်သည်နှင့် မော်တော်စက်သံမှာ ဆူညံလာသည်။ ကုလားလေး အပ်ပနားမှာလည်း သစ်ပင်၌ ချည်နှောင်ထားသောကြိုးကိုဖြေ၍ မော်တော်ပေါ်သို့တက်ရင်း ကုန်းဘောင်ကို ရုပ်သိမ်းလိုက်လေသည်။ အားလုံး ပြီးစီး



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် မော်တော်မှာ စက်သံညံညံပေး၍ ငှက်ဆိုးဂူရှိရာ ဟိုမှာဘက်ကမ်းသို့ မောင်းနှင် ထွက်ခွာသွားလေတော့သည်။

* * *

နေခြည်မျှင်တန်းတို့မှာ တဲငယ်၏ ခေါင်မိုးနှင့် အပေါက်ကြိုအကြားမှ တဲအတွင်းသို့ ဖြာကျနေသည်။ တဲငယ်မှာ အင်ဖက်မိုး အင်ဖက်ကာ တဲငယ်ဖြစ်ပြီး အဆင့်တစ်ပိုင်း မြေကြီးတစ်ပိုင်းနှင့် ဖြစ်သလို ဆောက်လုပ်ထားသော ခနော်ခနဲ့ တဲငယ်ပင် ဖြစ်လေသည်။

ထို့ကြောင့် လေပြင်းပြင်း တိုက်လိုက်တိုင်း တိုက်လိုက်တိုင်း တဲငယ်မှာ တသိမ့်သိမ့် လှုပ်ရှားသွားတတ်၏။ ထို့ပြင် အင်ဖက်တို့ကို လေတိုးမှုကြောင့်လည်း တဖြစ်ဖြစ် တဖြဲဖြဲ အော်မြည်သံတို့ကိုလည်း ကြားရတတ်ချေသည်။

တဲငယ်အတွင်းသို့ ရောက်ရှိနေသော မြခက်တို့မှာ မည်သည့်အရာကိုမျှ ဂရုမစိုက်နိုင်။ လုပ်ငန်းခွင်သို့ အမြန်ဆုံး ဝင်ရောက်နိုင်ရန်အတွက် စိုင်းပြင်းနေကြသည်။ အင်္ကျီအဝတ်အစားများကို ကမန်းကတန်း လဲလှယ်နေကြသည်။ အသင့်ပြင်နေကြသည်။

ထိုတဲငယ်မှာ ဘစိန်တို့လို ဂူစောင့်အလုပ်သမားများ နားနေအိပ်စက်ရန်နှင့် မြခက်တို့ အဝတ်အစားလဲရန်၊ နားနေစားသောက်ရန် လုပ်သားရိပ်သာတည်း။ သူဌေးကြီးမာမွတ်က စေတနာပရုပ္ပနှင့် ဆောက်လုပ်ပေးထားသော တဲငယ်လည်း ဖြစ်၏။

မြခက်သည် အလာတုန်းက ဝတ်ဆင်လာသော ပေါပလင် ပွင့်ရိုက်ထဘီကိုချွတ်၍ လုပ်ငန်းခွင်၌ ဝတ်ဆင်ရန် အိမ်မှ ယူဆောင်လာသော ထဘီအဟောင်းကို ဝတ်ဆင်သည်။ ပြီးမှ အပေါ်အင်္ကျီကိုချွတ်၍ ထဘီဟောင်းကို ရင်လျားလိုက်သည်။ ထို့နောက် အသင့်ယူဆောင်လာသော တောင်ဖို့ရွှံ့တုံးကို ခွက်တစ်ခုထဲသို့ထည့်ပြီး ရေနှင့် ပျစ်ပျစ်ဖျော်လိုက်သည်။ ပြီးလျှင် သူတစ်ကိုယ်လုံးကို ပျစ်ချွဲသောရွှံ့ရည်တို့ဖြင့် လိမ်းကျံတော့သည်။ သနပ်ခါးမွှေးမွှေးကိုသွေး၍ ပါးပြင်ညက်ညက်၌ လှပစွာ လိမ်းခြယ်သည့် ပုံစံမျိုးမဟုတ်၊ လှချင်ပချင်သည့် စိတ်လည်း ယခုအချိန်၌ မြခက်တွင်လည်း လုံးဝ မရှိတော့။ ပါးကွက်ပေါ်သို့ ရွှံ့ထူသထက်ထူအောင် ရွှံ့စေးပျစ်ပျစ်ကို ထပ်ဆင့်၍ လိမ်းခြယ်သည်။ မှန်ကိုပင် မြခက် မကြည့်အားချေ။ မျက်နှာကိုသာ ရွှံ့ထူသထက်ထူအောင် ထပ်၍ထပ်၍ ပွတ်သည်။ ခြေတွေလက်တွေနှင့် တစ်ကိုယ်လုံးကိုလည်း လိမ်းကျံပွတ်သပ်သည်။

မြခက်တို့ အလုပ်မှာ နံ့သာလိမ်းကျံ ပန်းကိုပန်၍ အလှပြရသော





အလုပ်မျိုး မဟုတ်ပေ။

မြခက်၏အမေ ဒေါ်အေးလှနှင့် ဒေါ်ပန်းမျှင် စသူတို့မှာလည်း မြခက်နည်းတူ လိမ်းကျံပွတ်သပ်ရင်း အလုပ်ရှုပ်နေကြသည်။ ခဏအကြာတွင် သွက်လက်သော မြခက်က ဦးစွာ ပြင်ဆင်၍ ပြီးစီးသွားချေပြီ။ မြခက်၏ ကိုယ်အနှံ့တွင် သနပ်ခါးအစား ရွှံ့သားထူထူတို့က နေရာယူထားကြချေပြီ။ ပြီးလျှင် ဦးခေါင်းထက်တွင် ကျားဝတ်လုံချည်တစ်ထည်ကို အုပ်ပေါင်းပေါင်းသည်။ တင်းတောင်းကို ခါးတစ်ခွင်ကာ တဲအပြင်သို့ အူလျှားဖားလျား ပြေးထွက်လိုက်သည်။

"အို"

"အင်း . . မ. . မ. . မတော်လို့ပါ"

တဲအပြင်သို့ ဖျတ်လတ်ပေါ့ပါးစွာ ထွက်လာသော မြခက်မှာ တဲအတွင်းသို့ ဝင်လာသူနှင့် ပြူန်းခနဲ ဝင်တိုက်မိတော့၏။

ထို့ကြောင့် သူ့ဘယ်ဘက်၌ ခါးတစ်ခွင်ထားသော တင်းတောင်းမှာ တခြားသို့ လွင့်စဉ်ထွက်သွားသည်။ သူ့ကိုယ်မှာလည်း မဟန်နိုင်၊ လဲကျတော့မလို ဖြစ်သွားသည်။ သို့သော် မြခက် လဲမကျနိုင်ခင် သန်မာသော လက်ကြီးတစ်ဖက်က ခပ်ကြွမ်းကြွမ်းပင် ဆွဲဖက်ထားလိုက်သည်။ ထို့ကြောင့်သာ မြခက် လဲကျမသွားခြင်း ဖြစ်၏။

သို့ရာတွင် မြခက် ရင်ထဲ၌ ရုတ်တရက် ဖြစ်ပေါ်လာသော အဖြစ်အပျက်ကြောင့် ရင်တွေပန်းတွေ တုန်သွားမိသည်။ ပြီးလျှင် နှုတ်မှ 'အို' ဟု တစ်ချက်သာ ယောင်ထွက်သွားကာ ကြောင်နေမိသည်။ နောက်မှ သတိရကာ ဖက်ထားသောလက်ကြီးကို တွန်းဖယ်၍ ထိုလူ၏ ရင်ခွင်ထဲက ရုန်းထွက်လိုက်ရသည်။ သည်တော့မှ မြခက်မှာ သူ့ကို ဖက်ထားသောလူ၏ ရင်ခွင်ထဲသို့ ရောက်နေမှန်း သိရပြီး ရှက်စိတ်ကြောက်စိတ်တို့ဖြင့် မွန်ထူသွားရသည်။ လေပြည်သည် မြခက်ကို ဖြတ်သန်းပြီး အဝေးဆီသို့ တိုက်ခတ်သွားသည်။ ထို့ကြောင့် မြခက် ရင်ထဲ၌ အေးခနဲ ဖြစ်သွားရပြန်သည်။

ယခုမှပင် မိမိနှင့် ဝင်ရောက် တိုက်ခိုက်မိသူ၏ မျက်နှာကို သေချာစွာ ကြည့်မိ၏။ သူ၏အကြည့်မှာ ရှက်စိတ်တို့နှင့် ရောပြွမ်းကာ မရဲတရဲ ရှိလှ၏။

ထိုအခါ အလွန် အားနာသော မျက်နှာဖြင့် မိမိကို စူးစိုက်၍ ကြည့်နေသော ဘစိန်ကို တွေ့မြင်ရတော့၏။ မှန်သည်၊ ဘစိန်မှာ မြခက်နှင့် မလှမ်းမကမ်း နေရာတွင် ရပ်ပြီး တွေဝေစိုးရိမ်စွာနှင့် မြခက်ကို မဝံ့မရဲ စိုက်ကြည့်နေသည်။ သူ၏ အပြုအမူကြောင့် မြခက် စိတ်ဆိုးလျှင် ခံမည်။ မြခက် ပြုသမျှ နုမည့်ပုံမျိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့် အားငယ် ယူကျုံးမရသောအသွင်ကို ဘစိန်၏မျက်နှာ၌ အထင်းသား ပေါ်လွင်နေ၏။

မြခက်မှာ ဘာကြောင့်မှန်း မသိ။ ဘစိန်နှင့် တွေ့တိုင်းတွေ့တိုင်း မြခက် ရင်ခုန်ရသည်။ ယခုလည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပျက်လာသော အဖြစ်အပျက်ကြောင့် နှလုံးတုန်ရပြန်လေပြီ။ မည်သို့ဆိုစေ ဘစိန်၏အကြည့်မှာ အားငယ်သည့် အရိပ်အယောင် ပေါ်လွင်သော်လည်း စူးရှလွန်းသည်။ ထို့ကြောင့် မြခက် သူ့ကိုယ်သူ မလုံတော့။ လေတိုက်၍ ဟသွားသော အင်္ကျီရင်ဖုံးစဆီသို့ သူ့လက်က ရောက်သွားသည်။

"အို ကိုဘစိန်ကြီးကလည်း လူကို မမြင်ဘူးတာ ကျနေတာပဲ"

မြခက်က မနေတတ်တော့။ မျက်လွှာကို အသာချရင်း ခပ်တိုးတိုးပင် ဆိုသည်။ သူ့အသံ၌ ရှက်ရွံ့ကြောက်လန့်စိတ်တို့ ရောထွေးနေကြသည်။

"အေးဟယ် မြခက်ရယ်၊ ငါ အားနာလိုက်တာ၊ ငါ့ . . ငါ့ကို ဘယ်လိုမှ မငြောက်မေ့ပါနဲ့ မြခက်ရယ်၊ မ . . မတော်လို့ပါ။ ဟိုလေ ဟိုဂူတံခါးပေါက်ကို ငါ ဖွင့်ထားပြီးပြီလို့၊ အဲဒါ နင်တို့ကို ငါ . . ငါလာပြောတာ၊ နင်ကလည်း အထဲက ရုတ်တရက် ထွက်လာတော့ အဲဒါ ဝင်တိုးမိတာ၊ အဲဒါ ငါ့ကို စိတ်မဆိုးပါနဲ့နော် . . နော်"

ပြောပြောဆိုဆိုနှင့် ဘစိန်က တိုက်မိ၍ လွတ်ကျသွားသောတောင်းကို ကောက်ယူ၍ မြခက်အား လေးလေးစားစားပင် ပြန်ပေးသည်။ ဘစိန်မှာ မြခက် သူ့အပေါ်၌ စိတ်ဆိုးသွားမှာကိုသာ အလွန် စိုးရိမ်ပူပန်နေသည်။ ပြီးလျှင် နှစ်ဦးသား မျက်နှာချင်းဆိုင် ဝင်တိုးမိသည်မို့ မိမိရင်ဘတ်နှင့် မြခက်၏ ပြည့်ဖြိုးမောက်ကြွသော ရင်သားစိုင်တို့မှာ အားပြိုင်၍ တွေ့ကြုံလိုက်ရသော အတွေ့ကြောင့်လည်း မျက်နှာမထားတတ်အောင် ဖြစ်ရသည်။ ထို့ပြင် လဲကျတော့မယောင် ယိမ်းထိုးသွားသော မြခက်ကို စေတနာနှင့် လှမ်းဖက်လိုက်သည်။ သည်အခါ မြခက်မှာ အလိုလိုပင် မိမိရင်ခွင်ထဲသို့ ရောက်ရှိလာရသည် မဟုတ်လား။ မှန်သည်၊ ဘစိန်အဖို့ သူ၏လက်ကို သည်မျှပင် လျှင်မြန်ရမည်လားဟု ဒေါသဖြစ်ရသေးသည်။

"ဪ ကိစ္စမရှိပါဘူး ကိုဘစိန်ရယ်၊ မတော်တဆ ဖြစ်ကြတာပဲ၊ မြခက် စိတ်မဆိုးတတ်ပါဘူး"

မြခက်၏စကားကို ကိုဘစိန် ကြားရသောအခါ သူ့နှလုံးသားအစုံကို ဆွဲကိုင်၍ လှုပ်လိုက်သလို တသိမ့်သိမ့်နှင့် တငြိမ့်ငြိမ့် ခံစားလိုက်ရသည်။ မြခက်





လှုလှုသလို သူ့အသံကလည်းသာယာ၊ စိတ်ကလည်း လှပါဘိ၊ ထို့ကြောင့် ဘစိန် ဝမ်းသာလိုက်ရသည်မှာ ပြော၍ပင် မပြနိုင်။ ဝမ်းသာပီတိစိတ်နှင့်အတူ မြခက်ကို ရွှန်းရွှန်းစား ကြည့်လိုက်မိပြန်သည်။

မြခက်ကလည်း ခွင့်လွှတ်သောအကြည့်နှင့် ပြန်ကြည့်သည်။ သည်လို အကြည့်ချင်းဆုံပြန်တော့လည်း ရင်ထဲက တစ်မျိုးသော ဝေဒနာကို နှစ်ဦးစလုံး ခံစားလိုက်ရပြန်သည်သာ။

မြခက်၏ ပြည့်ဖြိုးညီသာသော ပါးပြင်ထက်တွင် မှန်မကြည့်ဘဲ ထူထူ လူးထားသော ရွှံ့သားတို့မှာ ညီညာ၍ ခြောက်သွေ့စပြုပြီ။ သည်အခါ သနပ်ခါး မွှေးမွှေးနှင့် ရွှံ့သားဖွေးဖွေးတို့မှာ ခွဲခြား၍ မရတော့။ သနပ်ခါးပါးကွက်ကျားနှင့် မြခက် လှသလို ရွှံ့သားအဖွေးသားနှင့်လည်း ကြည့်မဝ ရှုမဝ ဖြစ်ရပြန်သည်။

သို့ရာတွင် ညစ်ထေးသော အဝတ်အစားများနှင့် ဦးခေါင်း၌ ပေါင်းထားသော ဦးပေါင်းကြောင့် သူ၏အလှကို ဖုံးကွယ်ထားသယောင် ရှိသည်မှာတော့ အမှန်ပင်။ မည်သို့ဆိုစေ ဘစိန်၏ မျက်လုံးထဲ၌ မြခက်ကို ကြည့်မဝ ရှုမဆုံး ဖြစ်ရသည်မှာလည်း အမှန်။

"ဝမ်းသာလိုက်တာဟယ်"

ဘစိန်က မြခက် သူ့ကို စိတ်မဆိုးကြောင်း သိရသဖြင့်လည်း ဝမ်းသာအားရ ရွှန်းရွှန်းစားစား ကြည့်ရင်း ဆိုသည်။

"အံမယ် ဟဲ့ဘစိန်၊ နင်က ဘာတွေများ ဝမ်းသာနေရတာလဲ၊ ဝမ်းသာစရာရှိရင် တို့ကိုလည်း ပြောပြဦးမှပေါ့၊ ဘယ်နှယ် အခုတော့ နင်တို့နှစ်ယောက်တည်း ကျိတ်ပြီး ဝမ်းသာရတယ်လို့တော် ဟွီး . . ဟီး"

ခက်ပြီ၊ မည်သည့်အချိန်က သူတို့အနားသို့ ရောက်နေမှန်း မသိသော ဒေါ်ပန်းမျှင်ကြီးက ပြုံးဖြဲဖြဲနှင့် ဆိုတော့သည်။ သူ၏စကားက အနှောင့်မလွတ် အသွားမလွတ်၊ ဘစိန်နှင့် မြခက်တို့ကို ဘာလိုလို ပြောလာသည်။ ပြီးလျှင် ဘစိန်ကိုကြည့်လိုက် မြခက်ကို ကြည့်လိုက်နှင့် အတော် သဘောတွေ့သွားပုံရသည်။ ဒေါ်ပန်းမျှင် စကားကြောင့် မြခက်၏ မျက်နှာတစ်ပြင်လုံးမှာ ရှက်သွေးတွေ ဖြာဝေသွားသည်။ ဘစိန်လည်း မနေတတ်မထိုင်တတ် ဖြစ်တော့၏။

"အံမယ် ညည်းတို့က အခုမှ ရှက်နေတယ်ပေါ့လေ၊ တို့ကလည်း သဘောတူပြီးသားပါ"

"အို ဒေါ်ကြီးပန်းမျှင်ကလည်း လုပ်ပြီ၊ မဟုတ်မဟပ်"

မြခက်က မသိသား ဆိုးရွားရပါမည်လား ဟူသော သဘောနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပန်းမျှင်ကြီး၏မျက်နှာကို ခပ်တင်းတင်း စိုက်ကြည့်ပစ်လိုက်သည်။ ပြီးလျှင် ပြောပြောဆိုဆိုနှင့် ခြေဆောင့်၍ နေရာမှ ချာခနဲလှည့်ပြီး ထွက်ခွာသွားလေတော့သည်။

"ကဲ မောင်ဘစိန် ဘယ့်နှယ်ရှိစ၊ မင်း အလိုလိုက်နိုင်ပါ့မလားကွယ့်"

မြခက် ထွက်ခွာသွားရာသို့ စိုက်ကြည့်ရင်း ဒေါ်ပန်းမျှင်ကြီးက ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"ဘယ့်နှယ် ပြောပါလိမ့် ပန်းမျှင်ရယ်၊ မင်းကို အလိုလိုက်နိုင်လို့ အခုမင်းနောက်ကို ငါ လိုက်ခဲ့ပြီပဲဥစ္စာ"

ရုတ်တရက် တဲထဲက ထွက်လာသော ဦးကြီးထွန်းခ၏အသံကို ကြားလိုက်ရသည်။ ဦးကြီးထွန်းခသည် ကွမ်းတမြုံ့မြုံ့ဝါးရင်း ဒေါ်ပန်းမျှင်ကြီးကို ပြုံးဖြဲဖြဲနှင့် နောက်တော့သည်။ ကျောပြောင်ကြီးနှင့် ခါးတောင်းကျိုက်ထားသော ဦးကြီးထွန်းခ၏ တစ်ကိုယ်လုံးတွင်လည်း တောင်ပို့ရွှံ့များကို လိမ်းကျံထား၏။ သည်အခါ သူ၏ မည်းပြောင်သောအသားနှင့် ဖွေးဖြူသော တောင်ပို့ရွှံ့တို့မှာ ပန်း မစားတော့။ မျောက်ကြီး ထုံးသုတ်ထားသလို ဖြစ်နေ၏။ သူ၏ ပုံပန်းသဏ္ဍာန်ကိုကြည့်၍ ဘစိန်မှာ မရယ်မိအောင် မနည်းပင် ထိန်းချုပ်ထားရ၏။

ဦးကြီးထွန်းခ ထွက်လာ၍သာ တော်တော့၏။ သို့မဟုတ်ပါက ဘစိန်မှာ ဒေါ်ပန်းမျှင်ကြီး သဘောပေါက်အောင် မည်သို့မည်ပုံ ရှင်းလင်းတင်ပြရမည်ကို မတွေးတတ်အောင် ရှိနေသည် မဟုတ်ပါလား။

"ဟင်း တော်ကြီးက ဘာလာရှုပ်ပြန်တာလဲ၊ ဒီမှာ အရေးကြီးတဲ့စကားတွေ ပြောဆိုနေတာ ဘာမှ အလိုက်ကန်းဆိုး မသိတတ်ဘူး"

"ဟ. . ပန်းမျှင်ရဲ့၊ နင်ကလည်း ဒီမှာ အရေးကြီးတာ မဟုတ်ဘူး၊ ဟိုမှာလည်း အရေးကြီးတာပဲ၊ တို့ အလုပ်ဝင်ဖို့ ဂူပေါက်တံခါးကို ခုလောက်ဆိုရင် ဖွင့်ထားပြီးရောပေါ့၊ လာ သွားကြစို့၊ ဟိုမှာ မြခက်တောင် သွားနှင့်ပြီ။ လာပါ နင်ကလည်း ဟဲ ဟဲ"

ဦးကြီးထွန်းခက ဒေါ်ပန်းမျှင်ကြီး၏လက်ကို ဆတ်ခနဲ ဆွဲ၍ ခေါ်သည်။ သည်အခါ ဒေါ်ပန်းမျှင်ကြီးမှာ "လွှတ်. . လွှတ်နော်၊ ကာလနာကြီး" စသည်ဖြင့် မြည်တွန်၍ ဦးကြီးထွန်းခ ခေါ်ရာသို့ ဆုတ်ကန်ဆုတ်ကန်နှင့် လိုက်ပါသွားလေသည်။

ထိုအခါမှပင် ဘစိန်မှာ သက်ပြင်းတစ်ချက်ကို ဟင်းခနဲ ချလိုက်ရလေတော့သည်။ ယခုလို မမျှော်လင့်ဘဲ ဖြစ်ပျက်လာသော အဖြစ်အပျက်အတွက်





ဘစိန်အဖို့ ဒေါ်ပန်းမျှင်ကြီးကိုပင် ကျေးဇူးတင်မရမလိုလိုပါတကား။ မှန်သည်။ ဘစိန်မှာ မြခက်ကို တစ်ဖက်သတ် ချစ်ခင်စွဲမက်နေသည်။ သူမသိ ငါပိုး ဘိတ်တခိုးနှင့် ချစ်နေရသည်မှာ ကြာချေပြီ မဟုတ်ပါလား။

ယခုမှပင် တဲတွင်း၌ အလုပ်ရှုပ်နေသော မြခက်အမေမှာ အပြင်သို့ ထွက်လာသည်။ မြခက်၏အမေ ဒေါ်အေးလှကို 'အရိုးလှ' ဟုခေါ်သည်။

ဒေါ်အေးလှနှင့် ဘစိန်တို့နှစ်ယောက်မှာလည်း စကားတပြောပြောနှင့် လျှောက်သွားကြလေသည်။ ငှက်ဆိုးဂူရှိရာနှင့် တဲငယ်မှာ သိပ်ပြီး မဝေးလှ။ လူနှစ်ဦး ရှောင်သာတိမ်းသာရုံ လမ်းကျဉ်းကလေးမှ အနည်းငယ်သာ လျှောက်သွားရသည်။ လမ်းကျဉ်း၏ဝဲယာတွင် ရှုမဆုံးသော တောအုပ်ညို့ညို့တို့က ဝန်းရံနေသည်။ တောအုပ်ထဲမှ ဥဩတစ်ကောင်၏ လေးတွဲတွဲနှင့် တွန်ကျူးလိုက်သံကို ကြားရသည်။ ထိုအသံမှာ အလုပ်သမားတွေကို ကြိုဆိုနှုတ်ခွန်းဆက်လိုက်သည်ဟု ဘစိန်က မှတ်ချက်ချလိုက်လေသည်။

* * *

မြခက် ငှက်ဆိုးဂူ၏ လူဝင်ပေါက်ဝသို့ ရောက်သည်နှင့် ဂူအတွင်းမှ ဆိုးလွန်းသော အပုပ်နံ့များအပြင် စူးရှသောအနံ့ဆိုးတို့က မြခက်ကို ဆီးကြိုလိုက်သည်။ စူးရှရှရှုံရှာဖွယ် အနံ့ဆိုးတို့မှာ မြခက်ကို မည်သို့မျှ မထူးခြားစေနိုင်။ သည်အနံ့ကို ယခုမှ ရှူရှိုက်ခဲ့ဖူးသည်မဟုတ်။ ငယ်စဉ်ကတည်းကပင် ရှူရှိုက်ခဲ့ဖူးသည်။ ထို့ကြောင့်လည်း သည်အလုပ်မျိုးကို လုပ်ကိုင်နိုင်ခြင်း ဖြစ်၏။

သာမန် လူတစ်ဦးတစ်ယောက်အဖို့ဆိုလျှင် ဂူတွင်းမှ စူးရှပုပ်လှိုင်၍နေသော အနံ့အသက်တို့ကို မည်သို့မျှ ခံနိုင်မည်မဟုတ်။ မူးမိုက်၍ လဲကျသွားပေလိမ့်မည်။

မြခက် ငှက်ဆိုးဂူဝသို့ရောက်ရှိပြီး ရှေ့ဆင့်နောက်ဆင့်ပင် ဦးကြီးထွန်းခနှင့် ဒေါ်ပန်းမျှင်ကြီးတို့လည်း ရောက်လာကြသည်။ ဒေါ်ပန်းမျှင်ကြီးနှင့် ဦးကြီးထွန်းခမှာ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ရယ်မောတုန်းပင်။ သူတို့အချင်းချင်း နောက်ပြောင်နေသည်ကိုကြည့်၍ မိမိကိုများ ရည်ညွှန်းလေသလားဟု မြခက်မှာ သံသယဝင်ကာ မလုံမလဲ ဖြစ်ရသေး၏။ မြခက်၏အမေနှင့် ဘစိန်တို့မှာလည်း စကားတပြောပြောနှင့် ငှက်ဆိုးဂူရှိရာသို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။ ငှက်ဆိုးဂူ၌ မြခက်တို့ လူအုပ်အပြင် ဖားအိုင်ရွာမှ လင်းနို့ချေး ကျုံးသယ်ကြမည့် အလုပ်သမားများလည်း ရောက်ရှိလာကြပြီ ဖြစ်၏။ လူအားလုံးတို့မှာလည်း ရွှံ့ကို လိမ်းကျံထားသည်။ အမျိုးသမီးတို့မှာလည်း ထဘီကို ရင်ရှားသူ



www.burmeseclassic.com

www.burmeseclassic.com



ရှားထားကြသည်။ ကျောဗလာနှင့် လုံချည်ကို ခါးတောင်းကျိုက်၍ ထားကြသော အမျိုးသားတို့မှာလည်း အားခွန်အပြည့် ဖြစ်နေကြသည်။ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် အသင့်ဖြစ်နေကြချေပြီ။

မဟူရာရောင်တောက်၍ ပိန်းပိန်းပိတ်အောင် မှောင်နေသောဂူအတွင်းသို့ ဘာစိန် ရှေ့ဆုံးမှ ဝင်ရောက်သွားလေသည်။

ဂူတွင်းသို့ ဘာစိန် ရောက်သည်နှင့် အသင့်ပါလာသော ရေနံဆီမီးခွက်တို့ကို မီးထွန်း၍ နေရာအနှံ့ လိုက်ချသည်။ သည်အခါ ဂူအတွင်း၌ မဟူရာရောင် ပျောက်ကွယ်ပြီး ဝင်းလက်၍ လင်းထိန်သွားသည်။

မြစ်ကမ်းစပ်ဆီမှ ရုတ်တရက် မော်တော်စက်သတ်၍ ရပ်လိုက်သံကို ကြားရသည်။ စက်သံပျောက်ကွယ်သွားပြီး ခဏအကြာတွင် သူဌေးကြီးမာမွတ်နှင့် လူယုံတော်စံမြကို အလုပ်သမားများရှိရာသို့ လျှောက်လှမ်းလာကြသည်ကို မြင်ရသည်။

ကုလားသူဌေးကြီးမာမွတ်မှာ တစ်ထွာကျော်မျှရှိသော သူ၏ မုတ်ဆိတ်မွေးကို လက်တစ်ဖက်နှင့် ဆွဲသပ်လိုက်သည်။ ပြီးလျှင် သူ၏ စူထွက်နေသော ဗိုက်ပူကြီးကို ရှေ့ပစ်၍ လေးလံစွာ လျှောက်လှမ်းလာ၏။ သူ၏ ကိုယ်ပေါ်တွင် ဆွတ်ဆွတ်ဖြူဖွေးသော အင်္ကျီလက်ရှည်ကြီးနှင့် လုံချည်အမည်းကွက်ကို သပ်ရပ်စွာ ဝတ်ဆင်ထား၏။ အင်္ကျီဖားဖားကြီးကို လုံချည်ထဲသို့ ထည့်မဝတ်ဘဲ အပြင်သို့ ထုတ်ထား၏။ ထိုအင်္ကျီကြီးမှာ လေတိုက်တိုင်း လှုပ်ရှားလွင့်လူးနေသည်။ သူ လမ်းလျှောက်ပုံမှာ လိမ့်ပက်လိမ့်ပက်နှင့် သွက်လက်မှု မရှိချေ။ သည်ပုံစံအတိုင်းပင် ငှက်ဆိုးဂူကို သူလာလေ့ရှိသည်။

စံမြမှာ လုံချည်တစ်ထည်ကို သူ့ခေါင်း၌ ပတ်ထားပြီး အညိုရောင်အင်္ကျီလက်ရှည်ကို ဝတ်ဆင်ထားသည်။ သူ၏ ကိုယ်အောက်ပိုင်း၌ ဝတ်ဆင်ထားသော လုံချည်မှာ မည်သည့်အဆင်မျိုး ဖြစ်သည်ကို ခန့်မှန်းရန်ပင် ခက်ခဲလှ၏။ သူ့လက်ထဲတွင် တုတ်ကောက်ကြီးတစ်ခုကို ဟန်ပါပါ ကိုင်တွယ်၍ သူဌေးနောက်မှ လျှောက်လှမ်းလာ၏။

"အဒေး အားကိုးကြီး၊ အားကိုးကြီးတို့နော် ဒီလိုလုပ်တယ်နော်၊ နတ်ဖုရားလေ သိပ်ကြိုက်မယ်၊ လင်းနို့ချေးနော် အားများကြီးရမယ်၊ ဘာဘူးနော် သိပ်ကြိုက်တယ်၊ အားကြီးသဘောကျတယ်"

မာမွတ်မှာ အတော် လူရည်လည်သော ကုလားတစ်ဦး ဖြစ်၏။ ခနီးရောက်မဆိုက်ပင် အလုပ်သမားများ လုပ်ပုံကိုင်ပုံကိုကြည့်၍ ဦးကြီးထွန်းခတို့





ပြောသည်။ သူ၏ မျက်နှာကလည်း ခပ်ပြုံးပြုံး ဖြစ်နေသည်။ မပြုံးခံနိုင်ရိုးလား။ အလုပ်သမားများ ဂူအတွင်းသို့ ဝင်ရောက်ပြီး လင်းနို့ချေးများကို ကျုံးပြီးသယ်သည်နှင့် သူ့အတွက် ငွေလေးငါးရှစ်ရာကို ပက်ခနဲ ရတော့မည် မဟုတ်ပါလား။

"ဟေး ဆန်းမြား"

သူဌေးကြီးက သူ၏ တပည့်ကျော် စံမြကို ခေါ်သည်။

"ခင်ဗျာ သူဌေး ခိုင်းချင်ရာ ခိုင်းပါ ခင်ဗျား"

စံမြက သူ့ဆရာသူဌေးကို ပျားရည်ဆမ်းသောမျက်နှာနှင့် ဆိုသည်။ အလုပ်သမား အားလုံးက စံမြ၏ အပိုးမကျိုးသောမျက်နှာကိုကြည့်၍ နှာခေါင်းရှုံ့ကြသည်။

"ဆန်းမြား . . ဆန်းမြားကို ငါပြောချင်တာက ဒီမှာနော် အလုပ်သမားတွေ ရှိတယ်နော်၊ သူတို့ကို ဆန်းမြား ကူညီပါ။ သူတို့နဲ့အတူ ဆန်းမြားနေပါ၊ ငါပြန်မယ်၊ ညနေကျမှ ငါလာမယ်၊ ဆန်းမြား ညနေကျရင် ဟိုအသားလည်း ကြော်ထားပါ၊ ငါ အနီးယူခဲ့မယ်၊ ကောင်းတယ်နော်၊ ငါသွားမယ်"

"စိတ်ချပါ သူဌေး၊ သူဌေးစိတ်ကြိုက် အားလုံး ဖြစ်ရမယ်၊ ညနေကျရင် အားလုံး အဆင်သင့် လုပ်ထားပါ့မယ်"

စံမြ၏စကားကို သူဌေးက အတော် သဘောကျသွားသည်။ ထို့ကြောင့် ရယ်ဖြဖြနှင့် စံမြ၏ကျောကိုသပ်သည်။ ပြီးလျှင် နေရာမှ ထွက်ခွာမသွားခင် ကုလားဘာသာနှင့် တစ်စုံတစ်ခုကို အော်ဟစ်ပြောဆိုလိုက်သည်။ မီးထွန်းထားသော ဖယောင်းတိုင်များရှေ့၌ ကုလားလို အရိုအသေပြုသည်။ ထို့နောက် စံမြဆီက တုတ်ကောက်ကို ဆတ်ခနဲ ဆွဲယူ၍ နေရာမှ ချာခနဲလှည့်ပြီး ထွက်ခွာသွားလေသည်။

"ကဲ ခင်ဗျားတို့ အကြားပဲ၊ သူဌေးက ကျုပ်ကို မျက်နှာလွှဲသွားပြီ။ ဂူထဲကို ဝင်ကြတော့လေ၊ ဘာလုပ်နေကြတာလဲ၊ အလုပ်ကို ကောင်းကောင်းလုပ်ကြပါ၊ ဒါမှ ခင်ဗျားတို့ အတွက်လည်း ကောင်းမယ်၊ သူဌေးအတွက်လည်း ကောင်းမယ်၊ ကဲ ဝင်. . ဝင်"

အလုပ်သမားများကမူ စံမြကို မည်သို့မျှ ပြန်ပြီး မပြောရဲကြ။ သို့ရာတွင် ဦးကြီးထွန်းခမှာ သိပ်ပြီး ကျေနပ်ပုံ မရချေ။ "တို့ဘာသာတို့ လုပ်ချင်မှလုပ်မယ်၊ တို့လုပ်မှ တို့ရတာ၊ မင်းအပူ တစ်ပြားသား မပါဘူး"ဟု ပြောလိုက်ချင်သည်။ သို့သော် နှုတ်က ထွက်မလာ။ နောက်ဆုံးတွင် တောင်းကိုယ်စီပိုက်၍ ယှဉ်ကာ ဘက်ကြွနေသော အလုပ်သမားများမှာ ကုပ်ကုပ်နှင့် ဂူတွင်းသို့ ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။

ရုတ်တရက် လေက ခပ်ကြမ်းကြမ်း တိုက်ခတ်လိုက်သည်။ ဂူအပြင်ဘက်၌ မီးထွန်းထားသော ဖယောင်းတိုင်များမှာ ဟုတ်ခနဲ ငြိမ်းသေသွားလေတော့သည်။

အလုပ်သမားများ ငှက်ဆိုးဂူအတွင်းသို့ တပ်ချီ၍ ဝင်ရောက်သွားသည်နှင့် တစ်ပြိုင်နက် စံမြမှာလည်း နေရာမှ ပျောက်ကွယ်သွားချေပြီတကား။

* * *

ဂူတွင်းသို့ အားလုံးထက် ဦးစွာ ရောက်ရှိနေသော ဘစိန်က ရေနံဆီမီးခွက်တို့ကို လိုက်လံ ထွန်းညှိနေသည်။ ပြီးလျှင် မီးခွက်များတင်ရန် အသင့်ပြုလုပ်ထားသောစင်များပေါ်သို့ တင်လိုက်သည်။ သည်အခါ မဟူရာရောင်တောက်၍ မည်းမှောင်နေသောဂူအတွင်း၌ အလင်းရောင်က တောက်ပစွာ နေရာယူချေပြီ။

မီးခွက်တို့မှ အလင်းရောင်ကိုအားပြု၍ အလုပ်သမားများမှာ ဂူအတွင်းသို့ အလျှိုအလျှို ဝင်ရောက်လာကြလေသည်။ ဘစိန်မှာမူ လက်ထဲက မီးခွက်တစ်လုံးကိုကိုင်ကာ ဂူအတွင်း၌ လင်းနို့ချေးများ အများဆုံးနေရာကို လိုက်လံရှာဖွေသည်။ ဂူအတွင်းသို့ ကွေ့ပတ်၍ ပေ (၁၀၀) ကျော်မျှ ဝင်ရောက်သွားသောအခါမှသာ သူစိတ်ကြိုက်နေရာကို တွေ့တော့သည်။

ဘစိန် လက်ထဲမှ မှုန်ပျပျ မီးရောင်အောက်တွင် လူတစ်ရပ်ကျော်ကျော်မျှ နက်ရှိုင်းသော ချိုင့်ခွက်ကြီးကို တွေ့မြင်ရသည်။ ထိုချိုင့်ခွက်ကြီး၏ အကျယ်အဝန်းမှာ လက်တစ်လံကျော်မျှ ရှိမည်ဟု ခန့်မှန်းရသည်။ လင်းနို့ချေးတို့မှာ ထိုချိုင့်ခွက်ကြီးနှင့် အပြည့်အသိပ် ဖြစ်နေသည်ကိုလည်း တွေ့ရသဖြင့် ဘစိန်ဝမ်းသာသွားသည်။

သည်အခါမှပင် ဘစိန်မှာ သူ့လက်ထဲက မီးခွက်ကို ကမ်းပါးစွန်းတစ်ခုပေါ်သို့ တင်လိုက်သည်။ ပြီးလျှင် အသင့်ပါလာသော တင်းတောင်းကိုချ၍ ထိုချိုင့်ခွက်ကြီးထဲမှ လင်းနို့ချေးတို့ကို သယ်ပိုး၍ ဂူတွင်းရှိ မြေညီသောနေရာ၌ စုပုံလိုက်သည်။ တစ်တောင်းပြီး တစ်တောင်း၊ တစ်ခေါက်ပြီး တစ်ခေါက် သယ်ပိုးတော့သည်။ ချမ်းအေးသော နံနက်ခင်းပင် ဖြစ်သော်လည်း ဘစိန်တို့မှာ ချွေးသီးချွေးပေါက်တို့ဖြင့် နပန်းလုံးနေရတော့သည်။

ဂူတွင်း၌ စိမ့်နေအောင် အေးလှသည်။ ပုပ်လှိုင်သော အနံ့ဆိုးတို့က လှောင်ပိတ်နေသည်။ ဘစိန်မှာ မောပန်းရသည့်အထဲ မြခက်၏ ဝင်းပသောမျက်နှာကို စိတ်အစဉ်၌ မြင်ယောင်လာသည်။ သည်အခါ ဂူထဲသို့ဝင်ခါနီး တစ်ဦးနှင့်





[illegible]ဦး ဝင်တိုက်မိခဲ့သည့် အဖြစ်အပျက်တို့ကို တွေးမိပြန်သေးသည်။ ထိုအပြုံးနှင့် [illegible] မြခက်တို့သားအမိ ရှိမည်ထင်သော နေရာသို့လည်း မျက်လုံးအစုံနှင့် [illegible]ကြည့်မိသည်။

မြခက်တို့သားအမိမှာလည်း မီးခွက်ကိုယ်စီ ကိုင်ဆောင်ကာ ဂူတွင်း၌ နေရာကောင်းကို လှည့်လည်ရှာဖွေကြသည်။ ဘစိန်နှင့် မလှမ်းမကမ်း နေရာ၌ သူတို့သားအမိမှာ ရပ်တန့်၍ လုပ်ငန်းစသည်။ မြခက်က အလုပ်လုပ်နေရင်း ဘစိန်ကို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်သည်။ ဘစိန်၏ ယောကျ်ားပီသ[illegible] ခန့်ညားသောရုပ်သွင်မှာ မြခက်အဖို့ ကြည့်မဝအောင် ဖြစ်ရသည်။ ဘစိန်၏ [illegible]သောအကြည့်နှင့် ပြန်လည်၍ ဆုံမိသောအခါ မြခက်က မျက်လွှာကိုချပစ်သည်။

လင်းနို့ချေးထဲ၌ အဖိုးတန်ဓာတုပစ္စည်းများ ပါသလို ပိုး၊ ဂျပိုး၊ ရှုပိုးတို့လည်း ပေါများလှသည်။ ထို့ပြင် နွားချေးပိုး၊ လောက်ပိုးနှင့် ဆန်ပိုးမျိုးတို့လည်း ရှိသည်။ အပူဓာတ်ကို ဖြစ်ပေါ်စေသော ဗက်တီးရီးယား (The rmophithic Bacteria) များလည်း ပါဝင်သည်။ ထို့ကြောင့် သူ့အလိုလို မီးစွဲလောင်တတ်သော ဓာတ်ထူးလည်း ရှိလေသည်။

ဤသည်တို့ကြောင့် လင်းနို့ချေး ကျုံးမည့်သူများမှာ ချေးထဲရှိ ပိုးမွှားတို့၏ အန္တရာယ်ကို ကြိုတင်ကာကွယ်တတ်ကြရသည်။ ဉာဏ်ကို လွှာသုံးတတ်ကြရသည်။ လင်းနို့ချေး မကျုံးခင် တစ်ကိုယ်လုံးကို တောင်ပို့ရွှံ့များဖြင့် လိမ်းကျံရသည်။ မလိမ်းကျံလျှင် လင်းနို့ချေးတွင် ခိုအောင်းနေသော ပိုးကောင်မွှားကောင်တို့၏ ကိုက်ခဲမည့်ဒဏ်ကို မည်သို့မျှ မကာကွယ်နိုင်တော့။ ထိုပိုးကောင်များ ကိုက်ခဲခြင်း ခံရမည်ဆိုလျှင် သက်သာမည်မဟုတ်။ သည်းမခံနိုင်လောက်အောင် ယားယံလာတတ်၏။ ကိုက်ခဲခြင်းခံရသည့်နေရာကို မကုတ်ဘဲ မနေနိုင်လောက်အောင် ဖြစ်တော့သည်။ ယားလေကုတ်လေ ကုတ်လေယားလေဖြစ်ပြီး ကြာသောအခါ အသားအရေတို့ပါ ပေါက်ပြဲကုန်တော့သည်။ ထို့ပြင် ကုတ်ဖွဲ့၍ ပေါက်ပြဲသွားသောနေရာ၌ အကျိတ်အခဲများ ဖြစ်ပေါ်လာတတ်ပြီး အနာကြီးများ ပေါက်တတ်လေသည်။

ထို့ကြောင့် သူတို့တစ်တွေမှာ ဆိုးလွန်းသောအန္တရာယ်ကို ရွှံ့များနှင့် သိမ်းကျံ၍ ကာကွယ်ကြရသည်။ ထိုကဲ့သို့ ရွှံ့ကိုလိမ်းကျံထားခြင်းအားဖြင့် ပိုးကောင်တို့၏ ကိုက်ခဲခြင်းမှ သက်သာစေသည်။ အကြောင်းမူ လူ၏အသား၌ သိမ်းကျံထားသောရွှံ့များ ခြောက်သွားသည်နှင့် ထိုရွှံ့မှာ လူ၏အသားထဲ စွဲယ



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေပေမည်။ သည်အခါ ချေးထဲရှိ ပိုးကောင်မွှားကောင်တို့မှာ လူကို ကိုက်မည်ဆိုလျှင် ထိုရွှံ့သားကို ဦးစွာ ထိုးဖောက်ရဦးမည် ဖြစ်၏။ ရွှံ့သားကို ထိုးဖောက်ပြီးမှသာ လူအသားကို ကိုက်ခဲရပေမည်။ မည်သို့ဆိုစေ လူ၌ လိမ်းကျံထားသောရွှံ့သားကို မည်သည့်ပိုးကောင်ကမျှ ထိုးဖောက်ကိုက်ခဲခြင်း မပြုနိုင်ချေ။ ထို့ကြောင့်လည်း အလုပ်သမားများအားလုံး လုပ်ငန်းခွင်သို့ဝင်ရာ၌ ရွှံ့တို့ လိမ်းကျံကြရခြင်းပင်တည်း။

ငှက်ဆိုးဂူ၏ အမိုးထက်၌ တွဲလောင်းချိတ်ဆွဲ၍ အိပ်မောကျနေသော လင်းနို့များက မရေမတွက်နိုင်။ ဂူအတွင်း၌ လှုပ်ရှားပျံသန်းနေကြသော လင်းနို့တို့၏ အဆက်မပြတ် အော်သံဟစ်သံတို့ကိုလည်း ကြားနေရသည်။ သူတို့၏ တကျီကျီ တဂီးဂီး အော်မြည်သံတို့မှာလည်း ကြက်သီးတဖြန်းဖြန်းထ၍ နားမချမ်းသာမှုကို ဖြစ်စေသည်။

မှောင်လိုက်သည်မှာ ပိန်းပိန်းပိတ်၊ နံလိုက်သည်မှာ ဟောင်ပုပ်နေ၏။ လင်းနို့ချေးနှင့် သေးတို့က မိုးသီးမိုးပေါက်များသဖွယ် အလုပ်သမားများ၏ ကိုယ်ပေါ်သို့ အဆက်မပြတ် ကျဆင်းနေသည်။

မြခက်မှာ လင်းနို့ချေးများ ကျုံးသယ်ရင်းမှ ဦးခေါင်းကို မမော့မိစေရန် အမြဲတမ်း သတိထားနေရသည်။ သူဦးခေါင်း၌ ပေါင်းထားသော ခေါင်းစည်းကိုလည်း ခိုင်မခိုင် ခဏခဏ စမ်းသပ်ကြည့်ရ၏။ သို့မဟုတ်ပါက ဂူအမိုးပေါ်မှ မရေမတွက်နိုင်လောက်အောင် များပြားလှသော လင်းနို့တို့၏ တဖွားဖွား ယိုချနေသည့် ချေးသေးတို့မှာ မျက်လုံးထဲသို့ လည်းကောင်း၊ ပါးစပ်ထဲသို့ လည်းကောင်း ဝင်ရောက်နိုင်သည် မဟုတ်ပါလား။

မြခက်နည်းတူ အခြား အလုပ်သမားများမှာလည်း ကိုယ့်မီးခွက်နှင့်ကိုယ်၊ ကိုယ့်အလုပ်ကိုယ် ချွေးဒီးဒီးကျမျှ ကျုံးသယ်နေကြလေသည်။ တစ်ဦးနှင့်တစ်ဦး စကားပင်ပြောဖို့ အချိန်မရ။ လင်းနို့ချေး ပိုမို ရရှိရေးကို သူထက်ငါ ကြိုးစားပမ်းစား လုပ်ကိုင်နေကြသည်။

ဘစိန်အဖို့ ညကလည်း ကောင်းစွာ အိပ်စက်ရသူမဟုတ်၊ ဂူစောင့်လုပ်သားမို့ အချိန်ပြည့် တာဝန်ထမ်းဆောင်နေရသည်။ ယခု လင်းနို့ချေးကျုံးသယ်ရာ၌လည်း သူ ဝင်ရောက် လုပ်ကိုင်နေရသည်။ မလုပ်ကိုင်၍လည်း မရချေ။ ဂူစောင့်ခမှာ တစ်လ (၆၀) ကျပ်သာ ရသည်မို့ သူတို့အဖို့ မပြေလည်ချေ။ လင်းနို့ချေး ကျုံးသယ်ရမည့်ရက်ဆိုလျှင် နေ့မအိပ်ညမအိပ် အလုပ်ဝင်ရသည်။ သို့မှသာ လင်းနို့ချေး ကျုံးသယ်ခလည်းရသည်။ ဂူစောင့်ခလည်း ရသည်မို့ မသော





က်မည် စားသောက်ကြရသည်။

မည်သို့ဆိုစေ မြခက်တို့မှာ သူတို့၏အလုပ်၌ စိတ်ဝင်စားကြသည်။ ပျော်ရွှင်ကြသည်။ ညစ်ပတ်နံစော်၍ ရွံရှာဖွယ်အတိ ဖြစ်နေသော လင်းနို့ချေးများကို လက်နှင့် မရွံမရှာ ကိုင်တွယ်ကြသည်။ ကျောက်ဂူအကြိုအကြားမှ ခဲရာခဲဆစ်ရှာဖွေ၍ ကျုံးသယ်ကြရသည်။ လုပ်ရင်းကိုင်ရင်းနှင့် "ဘယ်နှတင်းရပြီ၊ အခုဆိုရင် နေ့တွက် ဘယ်လောက်ကိုက်ပြီ" စသည်ဖြင့် တွက်ချက်ကာ ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်နေကြသည်သာ။

သူတို့တစ်တွေမှာ နံနက် ခုနစ်နာရီလောက်ကတည်းက လုပ်ငန်းခွင်သို့ ဝင်ကြရသည်။ နေ့လယ် (၁၁) နာရီလောက်မှ နံနက်စာကို စားသုံးကြရသည်။ စားသုံးသည့်နေရာ၌လည်း ငါးပိရည်နှင့် တို့စရာသည် သူတို့အတွက် နတ်သုဒ္ဓါပင်။ နံနက်စာ စားပြီးနောက် ဆက်လက်၍ အလုပ်ဝင်ကာ ညနေလေးနာရီလောက်မှ အလုပ်သိမ်းကြရသည်။ အလုပ်သိမ်းသည်နှင့် မိမိလုပ်အားနှင့် ဂူတွင်းမှ ရှာဖွေစုဆောင်းထားသော လင်းနို့ချေးများကို မိမိဘာသာ သယ်ပိုးကာ သူဌေးမော်တော်ပေါ်သို့ အရောက် သယ်ပိုးပေးရလေသည်။ သူဌေးက စာရင်းစာအုပ်နှင့် ဘယ်သူ ဘယ်နှတင်း၊ ဘယ်သူက ဘယ်နှခေါက် စသည်ဖြင့် မှတ်သားကာ လုပ်ခငွေကို နေ့ချင်းပင် ရှင်းပေးလိုက်သည်။

သည်အခါ သူတို့ အလုပ်သမားတွေမှာ နေ့တွက်ခ အသပြာ ငွေသုံးလေးကျပ်ကြီးကို ရင်မှာပိုက်၍ အပြုံးကိုယ်စီနှင့် လာလမ်းသို့ ပြန်ကြလေသည်။ သည်ဂူပြီးလျှင် နောက်ဂူကို ဘယ်နေ့ လုပ်ရမည်။ နောက်ဂူပြီးလျှင် နောက်တစ်ဂူ လုပ်ငန်းခွင်သို့ ဝင်ရောက်ရမည့်ရက်ကိုသာတွက်ပြီး နေကြသည်။ ဆင်းရဲသော်လည်း ပျော်ရွှင်မှုအပြည့်နှင့် ရောင့်ရဲတင်းတိမ်ကြသူများလည်း ဖြစ်၏။

ဗျိုင်းတစ်အုပ်ကား အိပ်တန်းသို့ပျံရန် အားယူတာစူနေသည်။ ထို့အတူ နေဝန်းမှာ တောင်စွန်းတွင် မေးတင်လုပြီ ဖြစ်လေသည်။

ဘစိန်တို့မှာလည်း ယနေ့အတွက် လုပ်ငန်းသိမ်းလေပြီ။ တစ်နေကုန် တစ်နေခန်း ဂူတွင်း၌ လိုက်လံစုဆောင်းထားသော လင်းနို့ချေးများကို တင်းဆောင်းနှင့် သယ်ပိုးနေကြချေပြီ။ ထို့နောက် မြစ်ကမ်းနံဘေးတွင် ဆိုက်ကပ်ထားသော သူဌေးမော်တော်ဆီသို့ ထမ်းပိုးသယ်ဆောင်သွားကြသည်။

ကုလားသူဌေးကြီး မာမွတ်သည် တုတ်ကောက်ကို ဟန်ပါပါကိုင်၍ မော်တော်ထဲ၌ ခါးထောက်ပြီး မတ်တတ်ရပ်နေသည်။ သူ့မျက်လုံးအစုံကလည်း



www.burmeseclassic.com

www.burmeseclassic.com



နီရဲနေသည်။ သူမျက်နှာကလည်း အောက်သိုးသိုးနှင့် တစ်စုံတစ်ခုကို အလိုမကျ ဟန်ပေါ်လွင်နေသည်။ ဦးခေါင်းကို မတ်၍ထားသော်လည်း ချွေးစေးများ ပြန်ကာ ဇက်ကျိုးကျတော့မယောင်ပင်။

သူဌေး၏ဘေး၌ လူယုံတော်စံမြကြ စာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်နေ သည်။ သူဌေးနည်းတူပင် စံမြမှာလည်း မျက်လုံးတွေ နီရဲနေ၏။

"ဘစိန် သုံးတင်း"

ဘစိန်က သူပခုံးပေါ်မှ တင်းတောင်းကို မော်တော်ဝင်းထဲသို့ သွန်ချရင်း နှုတ်မှအော်သည်။ စံမြက ဘစိန်၏တောင်းကို လှမ်းကြည့်၍ စာရင်းမှတ်သည်။ ဘစိန် သုံးတင်း။

"ပန်းမျှင် နှစ်တင်း"

ဒေါ်ပန်းမျှင်ကလည်း သူ၏ တင်းရေကို စံမြ မှား၍ မှတ်မည် စိုးရိမ် သဖြင့် နှုတ်မှ အော်ပြောသည်။ ထိုသို့ မအော်လျှင် စံမြက လုံးချတတ်သည်။ သုံးတင်း ရနေပါလျက် နှစ်တင်းဟု မှတ် ……ဘ်လျှင် ဒေါ်ပန်းမျှင်တို့ ရ… ရချေမည် မဟုတ်ပါလား။

"ဟေ့ . . ဘစိန်၊ မင်းတောင်းက အခုအခေါက် သိပ်ပြီး မပြည့်ဘူး နောက်အခေါက်တွေကျရင် ပြည့်ပြည့်မောက်မောက် ထည့်ခဲ့ပါ။ သစ်သီးလို ကျမှ ဖြစ်မှာနော်။ ဒေါ်ပန်းမျှင် ခင်ဗျားတို့ကလည်း ပြည့်ပြည့်လေးလုပ်ကြဗျာ"

စံမြက သံဝါကြီးနှင့်ဆိုသည်။ သူ၏အသံ ဆုံးသည်နှင့် လင်းနို့ချေး သေးနံ့တို့ကို ထိုးဖောက်ကာ အရက်နံ့က လွှမ်းဖုံးသွားသည်။ သည်ကတည်းက ပင် စံမြတို့ ဆရာတပည့် ရေချိန်ကိုက်နေပြီဆိုသည်ကို မမေးဘဲနှင့် သိသာနိုင်၏။ တစ်ဆက်တည်းမှာပင် မနက်က သူဌေးကြီးပြောသော စကားများကို ဘစိန် သွား၍ ကြားယောင်လာမိသည်။ သည်တုန်းက ဘစိန်မှာ ဂူထဲသို့ မဝင်သေး။ သူဌေး လာသဖြင့် ခဏရပ်၍ သူဌေးစကားကို စောင့်စားနားထောင်ခဲ့သည်။ "ဆန်းမြား ညနေကျရင် ဟိုအသားလည်း ကြော်ထားပါ၊ ကောင်းတယ်နော် ငါလာရင် အမြည်းယူခဲ့မယ်၊ ငါသွားမယ်"ဟု စံမြကို ပြောဆိုပြီး မှာကြားသွားခဲ့သည် မဟုတ်ပါလား။

တာဝန်ကျသူ စံမြမှာ သူဆရာ၏အကြိုက်ကို သိ၏။ လင်းနို့လေးငါး ကောင်ကိုဖမ်း၍ ကြော်ထား၏။ မူးမူးရူးရူးနှင့် လင်းနို့များကို ဖမ်းသည်မို့ လင်းနို့ တစ်ကောင်က စံမြ၏ လက်ခွကိုပင် ကိုက်ခဲခြင်းခံခဲ့ရသည်။ သည်မျှဒဏ်ကို စံမြက ဂရုမစိုက်။ သူဌေး ရောက်သည်နှင့် သူကြော်ထားသော လင်းနို့သားကို





အရက်နှင့် မြည်းကြသည်။ ရေချိန်ကိုက်၍ သူတို့ကိစ္စပြီးမှသာ ယခုလို မော်တော် ထဲသို့ ရောက်ရှိလာကြခြင်းပင်။ အခြားကိစ္စ၌ စံမြ တာဝန်မကျေချင်သာနေရ မည်၊ သည်လိုကိစ္စမျိုး၌ စံမြ၏ တာဝန်ပိုင်းမှာ ကျေပွန်လွန်းသဖြင့် လွန်ထွက်နေ ပြီဖြစ်ကြောင်း သူဌေးကိုကြည့်၍ သိသာနိုင်လေသည်။

ဘစိန်တို့ အလုပ်သမားများကမူ လင်းနို့သားကို မစားချေ။ အကြောင်းမူ လင်းနို့များ ငှက်ဆိုးဂူ၌ နေထိုင်ကြ၍သာ သည်အလုပ်ကို သူတို့ လုပ်ရသည်။ အကယ်၍ လင်းနို့တွေသာ 'ငှက်ဆိုးဂူ၌ မရှိလျှင် သူတို့အဖို့ သည်အလုပ်ကို လုပ်ရမည်မဟုတ်။ သူတို့ ထမင်းအိုးမှာ လင်းနို့တို့ပင်။ ထို့ကြောင့် လင်းနို့လေးတွေ ကို ဘစိန်တို့ အလုပ်သမားတွေက သနားသည်။ ချစ်ခင်သည်မို့ အသိစိတ်ဓာတ် အပြည့်နှင့် လင်းနို့များ၏ အသက်အန္တရာယ်ကို စောင့်ရှောက်ကာကွယ်ကာ သူတို့၏အသားကို မစားကြခြင်းပင်တည်း။

ယခုမှပင် အောက်သိုးသိုးနှင့် အလိုမကျ ဖြစ်နေသော မာမွတ်၏ မျက်နှာမှာ ပြုံးရွှင်လာသည်။ စံမြကို သဘောကျသွားသည်။ သည်စကားကို သူဌေးက ပြောချင်နေသည်မှာ ကြာချေပြီ မဟုတ်ပါလား။

ဘစိန်တို့တစ်တွေကလည်း စံမြကို သူဌေးရှေ့မှာမို့ ပြန်မပြောရဲချေ။ ဟုတ်ကဲ့ . . ဟုတ်ကဲ့ ဟုသာ ခေါင်းညိတ်ကြရသည်။ တစ်ခေါက်ပြီးတစ်ခေါက် မိမိလုပ်အားကို ရေတွက်၍ ငှက်ဆိုးဂူမှသည် မော်တော်ဆီသို့ သယ်ပို့နေကြရ သည်။

သည်လိုနှင့်ပင် သူဌေးမော်တော်မှာ လင်းနို့ချေးတို့နှင့် ပြည့်လျှံသွားချေ ပြီ။ ဘစိန် တင်း (၂၀)၊ မြခက်တို့သားအမိ (၃၅) တင်း၊ ဒေါ်ပန်းမျှင် (၂၀)တင်း စသည်ဖြင့် ရရှိကြသည်။ အခြား အလုပ်သမားတို့မှာလည်း သူတို့ ရှာဖွေရရှိထား သော လင်းနို့ချေးများကို အုန်းအုန်းကျွက်ကျွက်နှင့် သယ်ပိုးကြသည်သာ။ လင်း နို့ချေးများ မော်တော်ထဲ၌ ပြည့်လျှံနေပြီမို့ မော်တော်ကို သူဌေးအိပ်ဖန်စောင့် ကုလားတစ်ဦးဖြစ်သော ရေဒါပတ်က မောင်းနှင်ထွက်ခွာသွားလေသည်။

ရေဒါပတ်မှာ မော်တော်ကို သူဌေးအိမ်ရှိရာ ဟိုမှာဘက်ကမ်းသို့ရောက် အောင် မောင်းနှင်သွားရမည် ဖြစ်၏။ အိမ်သို့ရောက်သည်နှင့် မော်တော်ထဲက လင်းနို့ချေးတွေကို သိုလှောင်ဂိုဒေါင်ထဲသို့ သွင်းရသည်။ ပြီးမှတစ်ဖန် သည်မှာ ဘက်ကမ်းသို့ ပြန်လာ၍ လင်းနို့ချေးကျုံး လုပ်သားတို့ကို ခေါ်ဆောင်ရချေမည်။ လင်းနို့ချေးကျုံးလုပ်သားတို့ကို တစ်ဖက်ကမ်းသို့ ပြန်လည် ပို့ဆောင်ပြီးသည်နှင့် သည်တစ်ပတ်အတွက် လုပ်ငန်းမှာ ပြီးစီးသွားချေမည်။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးမော်တော်မှာ စပါးငါးရာပါ သမ္ဗန်ကြီးကို စက်တပ်ထားသည်။ ထို့ကြောင့် ငှက်ဆိုးဂူမှ ယခုအပတ်အတွက် ရရှိသောလင်းနို့ချေးများကို တစ်ခေါက်တည်းနှင့် အပြီး သယ်ပို့နိုင်လေသည်။

လင်းနို့ချေးများအားလုံး သယ်ပိုးပြီးသွားသည်နှင့် အလုပ်သမားများအားလုံး မြစ်ဆိပ်၌ ရေမိုးချိုးနေသည်။ ရေမိုးချိုးပြီးသူများမှာ သူဌေးမော်တော် ပြန်အလာကို စောင့်မျှော်နေကြသည်။ လုပ်ခငွေကိုလည်း တစ်ခါတည်း ရှင်းနေကြသည်။ လုပ်အားခငွေ သုံးလေးကျပ်ကို လက်ဝယ်ပိုက်၍ အလုပ်သမားများအားလုံး အပြုံးကိုယ်စီ ဖြစ်နေကြလေသည်။

အလုပ်သမားများအားလုံး ပြုံးရွှင်နေသော်လည်း ဘစိန်မှာ မပြုံးနိုင် မရွှင်နိုင် ဖြစ်ရသည်။ ယခင်က မောဟိုက်နွမ်းနယ်သော်လည်း မသိသာလှ။ ယခုမှ ပိုမို၍ နွမ်းလျနေသည်။ ပြီးလျှင် မြခက်၏ ရေမိုးချိုးပြီးစ ဝင်းပသော မျက်နှာကို ကြည့်လိုက်၊ မြစ်ပြင်ကို ကြည့်လိုက်နှင့် တွေဝေနေသည်။

သံလွင်မြစ်ပြင်သည် တည်ငြိမ်မှုမရှိ။ ကြမ်းတမ်းသောရေစီးနှင့်အတူ လှိုင်းဘောင်ဘင်ထလျက်ရှိသည်။ မြစ်ပြင်၏ ဟိုမှာဘက်ရှိ တောအုပ်သည် ညို့မှိုင်းနေ၏။

ထို့အတူ ဘစိန်၏စိတ်သည်လည်း တည်ငြိမ်မှု မရှိတော့။ သံလွင်လှိုင်းတို့၏ လှုပ်ရှားမှုနှင့်အတူ လှုပ်ရှားနေသည်။ သူ့မျက်နှာပြင်မှာ မှောင်ကျတော့မည့် တောအုပ်လို မှုန်မှိုင်းနေသည်။

မှန်သည်။ သူ တစ်နေ့လုံး မြင်တွေ့နေရသော မြခက်သည် မကြာခင် သူ့မျက်စိအောက်မှ ပျောက်ကွယ်ချေတော့မည်။ မြခက်က သူ့အိမ်သို့ ပြန်တော့မည်။ သည်အခါ ဘစိန်ရင်၌ ဗလောင်ဆူတော့သည်။ နှစ်ပတ်လောက်မှ တစ်ခါသာ မြခက်ကို တွေ့မြင်ရသည်မို့ အားမလိုအားမရ ဖြစ်ရသည်။ မြခက်ကို သူနှင့်အတူ အမြဲတမ်း ရှိနေစေချင်လှသည်။ စကားတွေ အများကြီး ပြောနေချင်သည်။ ဤသည်ကား ဘစိန်၏ဆန္ဒ။

သို့သော် မြခက်က သူ့ကို ထုံးစံအတိုင်း ခွဲခွာသွားပေဦးမည်။ နောက်နှစ်ပတ်လောက်ကြာမှသာ မြခက်ကို သူမြင်ရမည်။ တွေ့ရမည်။ မြခက်ကို မည်သို့ပင် တွေ့ချင်မြင်ချင်၍လည်း တွေ့မြင်နိုင်မည် မဟုတ်ချေ။ သည်အတွေးတွေနှင့်အတူ ဘစိန်၏ရင်မှာ ဆွေးမြည့်လှုပ်ရှား နာကျင်ရသည်သာတည်း။

မည်သို့ဆိုစေ မြခက်ကို ဘစိန်ကချစ်သည်။ သို့သော် မြခက်က ဘစိန်ကို ချစ်မချစ် ဘစိန် မဝေခွဲနိုင်။ ထို့ကြောင့် မြခက်၏ သဘောထားကို ပွင့်ပွင့်





လင်းလင်း ဖွင့်မေးကြည့်မည်ဟု ဘစိန် အကြိမ်ကြိမ်အခါခါ ကြိုးစားကြည့်သော်လည်း မလုံမလဲနှင့် စိတ်မရဲ ဖြစ်ရသည်။ သူ့ကိုယ်သူ သည်မျှပင် သတ္တိနည်းရပါသလားဟုလည်း ဒေါသဖြစ်ရသည်မှာ အခါခါပင်။ ထို့ပြင် မြခက် စိတ်ဆိုးသွားမှာကိုလည်း အလွန် စိုးရိမ်ကြောင့်ကြနေမိသည်။

မော်တော်စက်သံကို အဝေးကပင် ကြားလာရပြီ။ မော်တော်စက်သံနှင့်အတူ ဘစိန်၏ ရင်ထဲ၌လည်း "မြခက် ငါ့ကိုခွဲပြီး သူ့အိမ်ကို ပြန်တော့မှာပါလား" ဟူသော အသိနှင့်အတူ ရင်ပွင့်မတတ် ခံစားလိုက်ရသည်။

လင်းနို့ချေးများ သူဌေးအိမ်သို့ သွားရောက်ပို့ဆောင်သော မော်တော်မှာ စက်သံလှိုင်လှိုင်ပေး၍ ညင်သာစွာနှင့် ကမ်းသို့ ကပ်လိုက်သည်။

မော်တော်မှာ ကမ်းသို့ကပ်ပြီး အလုပ်သမားများတက်ရန် ကုန်းဘောင်ဆိုးပေးလိုက်သည်။ ထို့ကြောင့် အလုပ်သမားများမှာ မော်တော်ပေါ်သို့ ကုန်းဘောင်မှတစ်ဆင့် တက်ကြသည်။ ထိုအထဲ၌ ဒေါ်ပန်းမျှင်ကြီးမှာ ရှေ့ဆုံးကပင် ဖြစ်၏။

မြခက်မှာမူ မော်တော်ပေါ်သို့ ရုတ်ခြည်း မတက်သေး။ ဘစိန်ကို ငေးစွာနှင့် တစ်ချက် ကြည့်လိုက်သည်။ မြခက်၏ အကြည့်ကြောင့် ဘစိန်၏ ရင်၌ တစ်မျိုးသော ဝေဒနာကို ခံစားလိုက်ရသည်။ ပြီးလျှင် မြခက်က အသံလွင်လွင်နှင့် ညင်ညင်သာသာဆိုသည်။

"အစ်ကိုဘစိန်၊ မြ. . မြခက် သွားတော့မယ်နော်"

မြခက်က ဘစိန်ကို နှုတ်ဆက်သည်။ သူ၏အသံ၌ လှိုက်မောသံများ ပါလာသည်ကို ဘစိန် သတိထားလိုက်မိသည်။ သည်အခါမှပင် ဘစိန်က မြခက်ကို ဆွေးမြည့်စွာကြည့်ရင်း ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

ငှက်ဆိုးဂူ ကျောက်ဂူတန်းဆီမှ တဂိုးဂိုးတဂဂနှင့် သည်းမခံနိုင်လောက်အောင် ဆူညံသံ ကြားရသည်။ ထို့နောက် ကျောက်ဂူအသီးသီး၏ အပေါက်ဝဆီ သိန်းသန်းမက များပြားလှသော လင်းနို့တို့မှာ တောင်ပံခတ်သံ ညံညံပေး၍ ဂူတန်းမှ ပျံထွက်လာကြသည်။ သူတို့သည် မကြာခင် ကျရောက်တော့မည် ဖြစ်သော အမှောင်ထုကို အားပြု၍ အစာရှာထွက်လာကြချေပြီ။ သည်အခါ နေဝင်ဖျိုးဖျ လှသောမိုးကောင်းကင်အလုံးမှာ မည်းမှောင်၍ ညစ်ထေးသွားလေသည်။

* * *

လကာ ထိန်ထိန်သာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဏ်လေပြည်မှာ ညင်းညင်းသွဲ့သွဲ့ တိုက်ခတ်နေသည်။ မြစ်ပြင်နှင့် တောအုပ်ကိုဖြတ်၍ တိုက်ခတ်လာသောလေမို့ တစိမ့်စိမ့် အေးလှသည်။ တစ်ခါ တစ်ရံ၌ တဝေါဝေါ လေတိုးသံတို့ကိုလည်း ဟိုမှသည်မှ ကြားနေရသည်။ ရုတ် ခြည်းပင် တိတ်ဆိတ်သွားပြန်သည်။

တဲရှေ့ရှိ မီးဖိုကြီးနှစ်ဖိုတို့မှ မီးတို့မှာ တဟုန်းဟုန်း တောက်လောင်လျက် ရှိသည်။ တောထဲတောင်ထဲ၌ နေထိုင်ရသူမို့ တောရိုင်းတိရစ္ဆာန်တို့၏ အန္တရာယ် မှ ကင်းဝေးစေရန် ဘစိန်က ယခုလို တဲရှေ့၌ မီးဖိုကြီးများ ဖိုထားခြင်း ဖြစ်သည်။

ဘစိန်သည် အိပ်စက်နားနေရာတဲငယ်မှ အပြင်သို့ ထွက်လိုက်သည်။ ပြီးလျှင် ဆေးလိပ်ကိုထုတ်၍ မီးညှိကာ အားပါးတရ ဖွာရှိုက်လိုက်သည်။ ဘစိန် ပါးစပ်မှ ဟူးခနဲ မှုတ်ထုတ်လိုက်သော မီးခိုးတို့မှာ မီးဖိုကြီးများမှ မီးခိုးတို့နှင့် ရောထွေးပေါင်းစပ်၍ မိုးကောင်းကင်ပေါ်သို့ အလိပ်လိုက် ထိုးတက်သွားကြ သည်။ ဘစိန်၏ မျက်လုံးအစုံမှာ သူ မှုတ်ထုတ်လိုက်သော မီးခိုးတို့မှတစ်ဆင့် ငှက်ဆိုးဂူဆီသို့ ရောက်ရှိသွားလေသည်။

ငှက်ဆိုးဂူကြီးမှာ လရောင်အောက်တွင် တုတ်တုတ်မျှ မလှုပ်။ ကြီးမား သောသတ္တဝါတစ်ကောင် အိပ်စက်နေသည့်နှယ် ငြိမ်သက်နေလေသည်။

အချိန်ကား ည။ ဝန်းကျင်က တောနှင့်တောင်နှင့်။ ဘစိန်ကား တစ် ယောက်တည်း။ သို့သော် စိုးရွံ့ကြောက်လန့်မှုတော့ မဖြစ်မိ။

သည်အခါ ဘစိန်ရင်၌ လွမ်းသလို ဆွေးသလို ဖြစ်လာရသည်ကား အမှန်ပင်၊ သူ၏ အတိတ်ကျန်သောဘဝကို တွေးတောမိကာ ဝမ်းနည်းသွားရပြန် သည်။ မှန်သည်၊ ဘစိန်ကား တစ်ကောင်ကြွက် တစ်မျက်နှာ။ သူမိဘနှစ်ပါးစလုံး မှာလည်း ဘစိန် ငယ်ငယ်ကတည်းက တောင်ပိ၍ ကွယ်လွန်သွားခဲ့ကြသည်။ သူ့မိဘများမှာလည်း သူလိုပင် လင်းနို့ချေးရှာဖွေသော အလုပ်သမားများပင်။

တစ်နေ့တွင် ဂူထဲဝင်၍ လင်းနို့ချေးများ ရှာဖွေကျုံးသယ်နေကြစဉ် ရုတ် တရက် ပေါက်ကွဲသံကြီး မြည်ဟည်း၍ ကျောက်ဂူကြီး ပြိုကျတော့၏။ ထိုဂူထဲ၌ သူ့အဖေ၊ အမေ အပါအဝင် အခြား အလုပ်သမား လေးငါးယောက်တို့မှာ ပြေးပေါက် မရှိဘဲ ညပ်ပိတ်၍ ဂူတွင်း၌ပင် မရှုမလှ သေဆုံးသွားခဲ့ကြသည်။ ထိုဂူကြီးသည် ထုံးကျောက်ဂူ၏ ဝဲဘက်တွင် ရှိ၏။ ယခုတိုင်ပင် မြေကြီးများ ကျောက်တုံးကျောက်ခဲများနှင့် ပွစာကျဲနေသော တောင်ပြိုကြီးကို တွေ့မြင်နိုင် သေးသည်။ ထိုပြိုကျပျက်စီးနေသော ဂူအပြိုကြီးကို လူတွေ သေဆုံးရသည်မို့ "လူသေဂူ" ဟူ၍ပင် ခေါ်စမှတ်ပြုနေကြသည်။





အသိဉာဏ်ကြွယ်ဝသောလူကြီးများက ဤကိစ္စနှင့် ပတ်သက်၍ ထင် မြင်ချက်ပေးကြသည်။ ထိုဂူကြီးကို မသမာသူအချို့က မိုင်းထောင်၍ ဖြိုဖျက်မှု ကြောင့် ပြိုကျပျက်စီးရသည်ဟု ဆိုသည်။ မှန်သည်၊ ယခင်က သည်ကျောက်ဂူ တန်းအားလုံး ယခု ပိုင်ဆိုင်သူ မာမွတ်ပိုင်ဆိုင်ခဲ့သည်မဟုတ်။ အခြား ကုလားသူ ဌေးကြီးတစ်ဦး ပိုင်ဆိုင်ခဲ့သည်။ ထိုသူဌေးကြီး၏ နာမည်မှာ 'ယာကွတ်'ဖြစ်၏။

ယာကွတ်သည် ကျောက်ဂူတန်းများ ပိုင်ဆိုင်ရေးအတွက် ငွေကုန်ကြေး ကျ များစွာခံခဲ့ရသည်။ ခေတ်ကလည်း ကိုလိုနီနယ်ချဲ့ အရင်းရှင်ခေတ်။ ထို့ကြောင့် လင်းနို့များနေထိုင်ရာ ကျောက်ဂူများကို အင်္ဂလိပ်အစိုးရက လေလံပွဲ များ ကျင်းပ၍ ဈေးပြိုင်စနစ်ဖြင့် သူဌေးများကို ချပေးသည်။ လေလံပွဲ၌ သူထက် ငါ ငွေပုံပေးနိုင်မှ လင်းနို့ချေးလုပ်ငန်းကို လုပ်ပိုင်ခွင့်ရှိကြရသည်။ ဤသည်တို့ ကြောင့် သူဌေးကြီးယာကွတ်မှာ ကျောက်ဂူများကို မာမွတ် မပေးနိုင်သည့်ငွေကို ပုံပေးပြီး ကျောက်ဂူတန်းကို အရယူသွားခဲ့လေသည်။

စင်စစ် လေလံပွဲ၌ ရှုံးခဲ့ရသောမာမွတ်မှာ ယာကွတ်လို ငွေမတတ်နိုင်၍ မဟုတ်။ တတ်နိုင်သည်။ ပေးနိုင်သည်။ သို့သော် လေလံဆွဲအရင်းအနှီးမှာ အဆ မတန် များနေပြီး ဂူမှထွက်သော လင်းနို့ချေးထွက်နှုန်းက နည်းပါးလျှင် အရှုံးကြီး ရှုံးမည်ကို တွေးတော၍ ယာကွတ်နှင့် ယှဉ်ပြိုင်မှုကို ရပ်တန့်ခဲ့ရသည်။

ဤသည်ကို မာမွတ်က လုံးဝ မကျေနပ်ခဲ့။ သူ့အစာကို လုစားရပါမည် လားဟု အတွေးဝင်ကာ အမြဲတမ်း အကြံထုတ်နေ၏။ ယာကွတ်ကို မည်သို့မည် ပုံ ဆုံးမရမည်ကိုလည်း အစဉ်တွေးတောနေသည်။ ယာကွတ်သည် ဂူတန်းများ ပိုင်ဆိုင်သွားသည်ကိုလည်း မနာလိုမရှုစိမ့် ဖြစ်ရသည်။ အကြောင်းမူ သည်လင်းနို့ ချေးလုပ်ငန်းကို မာမွတ်တို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက လုပ်ကိုင်လာခဲ့ပြီး ကြီးပွားချမ်းသာလာခဲ့သည်။ ယခု သူ့လက်ထက်ကျမှ ဤရတနာပုံကြီးကို စွန့် လွှတ်လိုက်ရမည်ဆိုလျှင် သူဌေးလေး မာမွတ်အဖို့ ရိုင်းရာကျပေတော့မည် မဟုတ်ပါလား။

မှန်သည်၊ ဤသည်တို့ကြောင့်လည်း မာမွတ်မှာ သည်ကျောက်ဂူတန်း များကို ပိုင်ဆိုင်လုပ်ကိုင်နိုင်ရေးအတွက် မတရားသောနည်းကို သုံးလာသည်။ ငွေကို ရေလိုသုံး၍ လင်းနို့ချေးလုပ်ငန်းကို သူတစ်ဦးတည်းသာ လုပ်ကိုင်နိုင်ရေး အတွက် အစွမ်းကုန် ကြိုးစားတော့၏။ တပည့်လက်သားမွေး၏။ အုပ်သင်းဖွဲ့၍ ယာကွတ်တို့အလစ်၌ လင်းနို့ချေးများ ဝင်ခိုးခြင်း၊ လုယက်ခြင်းပြု၏။ အမြစ်မဲ့သူ့ လင်းနို့ချေးလုပ်သားများကို လုပ်ငန်းခွင်သို့ မဝင်ရဲအောင် ခြောက်လှန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယာကွတ်ကို သည်နယ်က ထွက်သွားအောင် အမျိုးမျိုး ခြိမ်းခြောက်သည်။

ယာကွတ်ကလည်း မာမွတ်တို့ကို ဂရုမစိုက်။ သူ့လုပ်ငန်းကိုသာ သူ ဂရုစိုက်သည်။ အလုပ်သမားတွေနှင့် စည်းလုံးမှုယူကာ မာမွတ်၏ အန္တရာယ်ကို သတ္တိရှိရှိနှင့် ကာကွယ်လုပ်ကိုင်နေသည်။

ထိုအခါ မာမွတ်တို့လူစုမှာ သူတို့ မည်မျှပင် ဒုက္ခပေးသော်လည်း ယာကွတ်က ဂရုမစိုက်၊ သူတို့အပေါ် အမြဲတမ်း အနိုင်ယူနေသည်။ နောက်ဆုံး၌ ငွေကုန်လူပန်းဖြစ်ကြကာ ကြံရာမရ ဖြစ်သည်မို့ ကြွက်မနိုင် ကျီမနိုင်ရှိတော့၏။ ယာကွတ်၏လူများ ဂူအတွင်း၌ လင်းနို့ချေးများ ကျုံးသယ်နေစဉ် ထိုဂူကြီးကို မိုင်းထောင်၍ ဖျက်ဆီးပစ်လိုက်ကြသည်။ မစားရသည့်အမဲ သဲနှင့်ပက်ကြတော့သည်။ သည်အခါ ဝမ်းရေးအတွက် အလုပ်လုပ်နေကြရသော အမြစ်မဲ့အလုပ်သမားများမှာ အရင်းရှင်နှစ်ဦး၏ စီးပွားရေးတိုက်ပွဲ၌ မြေစာပင် ဖြစ်ခဲ့ရသည်။ မရှူမလှ သေဆုံးကြရတော့၏။

ဤသည်ကို အခွင့်ကောင်းယူ၍ မာမွတ်က အာဏာပိုင်တို့ထံ တင်ပြတော့သည်။ ယာကွတ်၏ ပေါင်းသင်းဆက်ဆံမှု မကောင်းခြင်းကြောင့် ယခုလို အမြစ်မဲ့အလုပ်သမားများ သေဆုံးရသည်။ လုပ်ငန်းခွင်၌လည်း ကျွမ်းကျင်မှု မရှိကြောင်း၊ အကြောင်းမှု လင်းနို့ချေးထဲ၌ ယမ်းစိမ်းများ ပါဝင်သည်။ လင်းနို့ချေးများကို အချိန်အခါနှင့် မထုတ်ယူပါက လင်းနို့ချေးထဲတွင် အလိုလို ပါဝင်သော ယမ်းစိမ်းတို့မှာ ပူလောင်ပြီး သူ့အလိုလို ပေါက်ကွဲတတ်ကြောင်းနှင့် မီးလောင်တတ်ကြောင်းတို့ကိုလည်း စီကာပတ်ကုံး တင်ပြလိုက်သည်။

ထို့ပြင် သူ့လို လုပ်ငန်းမကျွမ်းကျင်သူကို ထိုအလုပ်အား ပေးသနားခြင်းအားဖြင့် မကြာခင်ပင် လင်းနို့ဂူများ ယခုလိုပင် ပျက်စီးဆုံးရှုံးလိမ့်မည်။ သည်အခါ တိုင်းပြည်၏ ဘဏ္ဍာတော်ငွေ လျော့နည်းကာ မဖြစ်သင့်သည်များ ဖြစ်ရသည်။ မဆုံးရှုံးသင့်သည်များ ဆုံးရှုံးရသည်ဟု သစ်တောအရေးပိုင် မျက်နှာဖြူကြီးထံသို့ ဦးတိုက် ဝင်လျှောက်တော့၏။

မျက်နှာဖြူအရေးပိုင်ကြီးကလည်း မာမွတ် ပြောပြသည်ကို ကောင်းစွာ ယုံကြည်သွားသည်။ ထို့ကြောင့် ယာကွတ်၏ လုပ်ငန်းများကို ရပ်စဲ၍ မာမွတ်ကိုသာ ပြောင်းလွှဲလုပ်ကိုင်ရန် အမိန့်ချမှတ်လိုက်သည်။ ထိုအချိန်ကတည်းကစ၍ ယာကွတ်မှာလည်း သူ့လုပ်ငန်းများကို စွန့်ခွာကာ အဝေးသို့ စိတ်နာစွာနှင့် ထွက်သွားလေတော့၏။ ဤပြဿနာကို အရင်းခံကာ သူဌေးမာမွတ်ကို မည်သူမျှ မယှဉ်ပြိုင်ရဲတော့။ သူဌေးမာမွတ်လည်း ဤတော ဤတောင် ဤဒေသ၌ ဘုရင်





တစ်ဆူပမာ မင်းမူတော့၏။ သူ၏ ယခင်လုပ်ငန်းများ သူ့လက်ထဲသို့ ပြန်လည်ရောက်ရှိနေပြီး လုပ်ကိုင်နေသည်မှာလည်း ယခုအချိန်ထိပင်တည်း။

သည်တုန်းက ဘစိန်မှာ ကလေးငယ်မျှသာ ရှိသေးသည်။ ဘာမှ တတ်သိနားလည်သောအရွယ် မဟုတ်။ ဤအဖြစ်အပျက်တို့ကို အများတကာ ပြောပြ၍ သိရခြင်းပင်။

ဘစိန်မှာ မိဘမဲ့ဘဝဖြင့် ပန်းတောရွာ၌ ဆင်းရဲပင်ပန်းစွာ နေထိုင်ရင်းကြီးပြင်းလာခဲ့ရသည်။ ဤသည်ကို လင်းနို့ချေးကျုံး လုပ်သားကြီးဖြစ်သော ဦးကြီးထွန်းခက မကြည့်ရက်ခဲ့။ ဘစိန်ကို တူလေးသားလေးလို အရာရာ၌ ဆုံးမသည်။ သွန်သင်သည်။ ယခု ငှက်ဆိုးဂူကို စောင့်ကြပ်ရသော ဂူစောင့်လုပ်သားအလုပ်ကိုလည်း ဦးကြီးထွန်းခ ကောင်းမှုကြောင့် ဘစိန် ရရှိခြင်းပင်။

မှန်သည်။ သူဌေးကြီးမာမွတ်ကလည်း သွားလေသူ မိဘများ၏မျက်နှာကြောင့် လည်းကောင်း၊ ဦးကြီးထွန်းခ၏ အပြောကောင်းမှုကြောင့် လည်းကောင်း ဘစိန်ကို ငှက်ဆိုးဂူကို စောင့်ရှောက်ရန် တာဝန်ပေးခဲ့ခြင်း ဖြစ်၏။ ဘစိန်မှာ သူ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်မှာ ယခုဆိုလျှင် လေးငါးနှစ်ပင် ရှိချေပြီ။

ဘစိန်အဖို့ တောနှင့်တောင်တို့ ဝန်းရံသော တဲစုတ်အတွင်း၌ တစ်ဦးတည်း နေရသော်လည်း စိတ်ချမ်းသာသည်။ ယခုအချိန်အထိသာ သူ့မိဘများ ရှိနေသေးလျှင် မည်မျှ ကောင်းမည်နည်းဟု ဘစိန် တွေးတောမိမည်။ တစ်ဆက်တည်းမှာပင် မေမေ၏ ဝင်းပကြည်လင်သောအပြုံးကို အတွေးထဲမှာ ထပ်ဆင့်ပေါ်လွင်လာရသည်။

အမေသာရှိလျှင် မြခက်ကို သူ ချစ်နေကြောင်း ဖွင့်ပြော၍ တောင်းရမ်းခိုင်းမည်။ မေမေကလည်း သဘောတူ ကြည်ဖြူလိမ့်မည်ဟု သူထင်သည်။ ထို့ပြင် သူ့အဖို့ ယခုလို ငှက်ဆိုးဂူကို စောင့်ကြပ်ရသော အလုပ်ကိုလည်း လုပ်ရလိမ့်မည်မဟုတ်။

ဘစိန်၏ အရှေ့ဆီတွင် ညို့မှိုင်းနေသော တောအုပ်ကြီးက ကာဆီးလျက်။ တောအုပ်ကြီး၏ သည်မှာဘက်တွင် ကျောက်ဂူတန်းကြီးကို သံလွင်မြစ်က ကွေ့ပတ်၍ မြွေကြီးတစ်ကောင်ကဲ့သို့ လူးလွန့်လှုပ်ရှား စီးဆင်းနေ၏။ ဘစိန်မှာ မီးသေသွားသော ဆေးလိပ်တိုကို မီးပြန်ညှိသည်။ ပြီးလျှင် ဂူ၏ လူဝင်ပေါက်ရှိရာသို့ လျှောက်သွားသည်။ တံခါးခတ်ထားသည့်သော့ကို ခိုင်မခိုင် လှုပ်ယမ်းကြည့်သည်။ ထို့နောက် သူဌေးက လိုရမည်ရ အသုံးပြုရန် ပေးထားသော



www.burmeseclassic.com

လေးတောင့်ထိုး လက်နှိပ်ဓာတ်မီးနှင့် ဟိုထိုးကြည့် သည်ထိုးကြည့်နှင့် နေရာအနှံ့ အပြားသို့ မျက်စိကစားရသည်။ တစ်ဆက်တည်းမှာပင် လင်းနို့ချေးခိုးမည့် သူခိုးသူဝှက်တွေများ တွေ့မည်လား၊ ငှက်ဆိုးဂူကို ဖျက်ဆီးမည့် လူဆိုးလူမိုက်များကို တွေ့လေမလားဟူသော အသိနှင့် ရန်သူကို ရှာဖွေရသည်။ ဂူ၏ ဝန်းကျင်အနှံ့တွင် မသင်္ကာစရာဟူ၍ မည်သည့်အရာကိုမျှ မတွေ့ရ။ သည်အခါမှပင် ဘစိန်တို့အဖို့ ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်ရပြန်သည်။

"ဘ. . ဘစိန်ရေ၊ ဟေး . . ဘစိန်"

ရုတ်တရက်. လူသွားလမ်းကျဉ်းဆီမှ တုန်ယင်သော အသံတစ်ခုကို ကြားလာရသည်။ ထိုအသံကြောင့် ဘယ်သူများပါလိမ့်။ တောခြောက်တာများ လားဟု ဘစိန် တွေးမိ၏။ ထိုအတွေးကြောင့် ရုတ်တရက် အသံ ပြန်လည် မပြုဘဲ မှောင်ရိပ်၌ ငြိမ်နေမိသည်။

မည်သို့ဆိုစေ ဘစိန်တို့လို တောထဲတောင်ထဲ၌ နေထိုင်ရသူများအဖို့ သတိတရားဟူသည် ပိုသည်မရှိ၊ လိုအပ်သည်သာရှိ၏။ နေရာတကာ၌ သတိတရားရှိပါမှ သက်သာမည်ပင် မဟုတ်ပါလား။

"ဘစိန်. . ငါ. . ငါ. . ငါပါဟ၊ ခြံထွန်းပါ"

ဘစိန်ဆီမှ အသံပြုသံ မကြားရသဖြင့် အသံရှင်က ထပ်ဆင့်၍ခေါ် ရင်း သူမည်သူမည်ဝါ ဖြစ်ကြောင်းကို ပြောတော့သည်။ သူ၏အသံမှာ ထစ်ထစ်ငေါ့ငေါ့နိုင်လှသည်။ တစ်စုံတစ်ခုကို ရင်ဆိုင်တွေ့ရ၍ ကြောက်ရွံ့ထိန့်လန့်နေပုံမျိုးတည်း။

"ဝေး . . ခြံထွန်းလား၊ လာလေ. . ငါဒီမှာကွ"

သည်တော့မှ ဘစိန်မှာ ဟင့်းခနဲ သက်ပြင်းချ၍ ပြန်လည်ပြီး အသံပြုလိုက်သည်။ ထို့နောက် အသံလာရာသို့ လက်နှိပ်မီးနှင့် ဝင်းခနဲ ထိုးကြည့်လိုက်သည်။ မှန်သည်၊ ခြံထွန်းမှ ခြံထွန်းအစစ်ပင်။ မောကြီးပန်းကြီး အူယားဖားယားနှင့် သူ့ဆီသို့ ဦးတည်ပြီး ပြေးလာနေသော ခြံထွန်းကို လက်နှိပ်ဓာတ်မီးရောင်အောက်တွင် အထင်းသား မြင်တွေ့နေရသည်။

"ဟေ့ကောင် ခြံထွန်း၊ မင်း ဘာဖြစ်လာလို့လဲ၊ ဘာဖြစ်လို့လဲ"

"ငါ. . ငါ ဘာမှ မဖြစ်ဘူး၊ စံမြလေ. . စံမြ"

"စံမြ ဘာဖြစ်လို့လဲ၊ စကားကို ရှင်းရှင်းပြောစမ်းပါကွာ၊ မင်းဥစ္စာက လည်း ငါစိတ်ပူလှုန်းလို့"

ဘစိန် စိတ်ပူချင်လည်း စိတ်ပူစရာ၊ ခြံထွန်း၏စကားက လေးလုံးမကွဲ။





တမူးရှူးထိုးနိုင်လှသည်။ အသံတွေကလည်း တုန်နေသည်။

"စံမြ ငါ့ဆီကို လာတယ်၊ ပါးစပ်ကလည်း ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ အရက်တွေလည်း အရမ်းမူးနေတယ်၊ ပြီးတော့ ထုံးကျောက်ဂူပေါ် တက်သွားတာ တစ်ခါတည်း ပြန်ဆင်းမလာတော့ဘူး၊ တစ်အောင့်လောက်ကြာတော့ ဂူပေါ်က တဝူးဝူးနဲ့ ညည်းသံလိုလို ခွေးအူသံလိုလို ကြားတယ်၊ ဒါနဲ့ ငါလည်း မသင်္ကာလို့ မီးတုတ်ယူပြီး အပေါ်ကို လိုက်သွားတယ်။ တောင်ကမ်းလပ်မှာ စံမြ စံမြလေ၊ စန့်စန့်ကြီး ဖြစ်နေတယ်၊ ခေါ်လို့ အော်လို့လည်း မရဘူး။ သူ့တစ်ကိုယ်လုံးလည်း သွေးတွေ ပေကျံပြီး လူးလိမ့်နေတယ်။ အခုလောက်ဆိုရင် သေများ သေနေပလား မသိဘူး။ ငါ သိပ်ကြောက်တာပဲ၊ ငါ ဟိုမှာ မနေရဲတော့ဘူးကွာ၊ အဲဒါ မင်းကို လာပြောတာ မင်း သွားကြည့်ပါဦးကွာ၊ ရှိုကြီးခိုးပါရဲ့"

ခြံထွန်းက သူ့စကားကို နိဂုံးချုပ်တော့၏။ ခြံထွန်းမှာ ထူးဆန်းသော အဖြစ်အပျက်ကို တွေ့မြင်ခဲ့ရသူမို့ ကြောက်စိတ်တွေနှင့်အတူ ငိုသံများပင် ပါလာတော့၏။

ခြံထွန်းနည်းတူ ဘစိန့်ရင်၌လည်း ချောက်ချားသွားသည်။ နှလုံးသွေးတို့မှာလည်း ပို၍ ခုန်လာတော့၏။ သည်ကိစ္စကို မည်သို့မည်ပုံ ဖြေရှင်းရမည်ကိုလည်း ဘစိန်အဖို့ မတွေးတတ်အောင် ရှိလေပြီ။

"ဘယ်လိုလဲကွ ဘစိန်ရဲ၊ တော်ကြာ စံမြကို ငါ. . ငါသတ်တယ်လို့ သူဌေးက ထင်သွားရင် ငါတော့ ဒုက္ခပါပဲကွာ၊ ငါ. . ငါတော့ ထောင်ကျပြီ၊ ငါ့ကို ကယ်ပါဦး"

ထွန်းခြံက ပြောပြောဆိုဆိုနှင့် ချုံးချငိုတော့သည်။ ခြံထွန်း အတွေးမှာလည်း မဆိုးလှ။ လက်ခံနိုင်စရာရှိသည်။ သည်ပြဿနာမှာ သူ တာဝန်ကျရာနေရာဖြစ်သော ထုံးကျောက်ဂူ၌ ဖြစ်ပျက်နေသည်။ သူ၌ တာဝန်မကင်း၊ သူ့အပေါ် ပုံကျလာနိုင်ဖွယ်ရှိသည်။ အကယ်၍သာ သူ ယူဆသလို လူအားလုံးက ယူဆလိုက်လျှင် ခက်ချေတော့မည်။ ခြံထွန်းမှာ စံမြကို သတ်မှုနှင့် ထောင်ထဲသို့ အလိုလို ဝင်ရချေတော့မည်။

ခြံထွန်းမှာ လူတစ်ဦးတစ်ယောက်၏ အသက်ကို မဆိုထားနှင့် ကြွက်တစ်ကောင်ကိုပင် သေအောင် သတ်ရဲသူ မဟုတ်၊ ယခု ဘုန်းကြီးအမှု ရှာပတ်နေပြီ။ သူ့ရဲဘောကြောင်သော ခြံထွန်းမှာ ပြဿနာအားလုံး သူ့အပေါ်၌ ကျရောက်တော့မည်ဟု တွေးတောကာ ယခုလို ချုံးချ၍ ငိုကြွေးနေခြင်းပင်တည်း။

"ဟေ့ကောင်ရ၊ ဟာ အလကား ထိုင်ငိုနေတယ်၊ စံမြက ဘာဖြစ်လို့

www.burmeseclassic.com



ဖြစ်မှန်း မသိသေးဘူး၊ တောကောင်ကြီးတွေနဲ့များ သတ်ရပုတ်ရလို့လားမှ မသိတာ။ မင်းကတစ်မျိုး၊ ယောက်ျား မဟုတ်သလိုဘဲ၊ ဘုရား . . . ဘုရား . . . စံမြသေများ သေပြီလား၊ ကဲ စံမြဆီကို သွားမယ်၊ လာ မင်း ဘာမှ မကြောက်နဲ့၊ တို့ သွားကြည့်မယ်"

ဘစိန်က ခြံထွန်းကို မာန်မဲ၍ စံမြဆီသို့သွားရန် ခြေလှမ်းပြင်သည်။ ပြောပြောဆိုဆိုပင် သူ့တဲအတွင်းမှ လှံရှည်ကို ပြေးယူသည်။ တောနှင့်တောင်နှင့် ဝန်းရံနေသောနေရာ၌ တောကောင်တို့၏ အန္တရာယ်တို့မှာ အချိန်မရွေး အခါမရွေး ရောက်ရှိလာတတ်သည်။ ထို့ကြောင့် သတိသည် ဘစိန်တို့အဖို့ ပိုသည်မရှိချေ။

ခြံထွန်းမှာလည်း ဘစိန်နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာသည်။ ယခုအချိန်၌ ခြံထွန်းလည်း မငိုတော့။ စံမြကို သူတို့ အသက်ရှင်အောင် ကြိုးစားပမ်းစား ကယ်ဆယ်နိုင်ခဲ့လျှင် ဘုန်းကြီးအမူ ရှာပတ်ခြင်းဘေးမှလည်း ကင်းဝေးမည်ကို ခြံထွန်း သဘောပေါက် နားလည်သွားချေပြီ။

* * *

ဆယ့်ငါးမိနစ်လောက် ခပ်ပြင်းပြင်း လျှောက်လိုက်သောအခါ ထုံးကျောက်ဂူကို သူတို့နှစ်ဦး ရောက်ရှိလာကြသည်၊ ဘစိန်တို့ ထုံးကျောက်ဂူအနားသို့ ရောက်သည်နှင့် ဂူအထက်ဆီမှ ငှက်ဆိုးထိုးသံတို့ကို တလှိုင်လှိုင် ကြားလာရသည်။ ပြီးလျှင် လင်းနို့တစ်အုပ်မှာ ဝေါခနဲ ကောင်းကင်ပေါ်သို့ ထိုးတက်ပြီး အမှောင်ထုကို ဖြတ်သန်းကာ အဝေးဆီသို့ ပျံသန်းပျောက်ကွယ်သွားလေသည်။

သည်အခါ ဘစိန်၏ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားရသည်။ ပြီးလျှင် "ဟယ် လွဲပါစေ၊ ဖယ်ပါစေ၊ စံမြတစ်ယောက် ဘာမှ မဖြစ်ပါစေနဲ့" ဟု ရင်ထဲက ကျိတ်၍ ဆုတောင်းလိုက်သည်။ ထို့နောက် လက်နှိပ်ဓာတ်မီးကို အားကုန်ဖွင့်၍ ထုံးကျောက်ဂူပေါ်သို့ အူယားဖားယား ပြေးတက်တော့၏။ နားကိုစွင့်သည်။ မျက်စိကိုဖွင့်သည်။ လက်ထဲမှ လှံရှည်ကိုလည်း သတိနှင့် မြဲမြဲကိုင်ထားရ၏။ သူ့နှုတ်မှလည်း "စံမြရေ၊ စံမြ မင်း ဘာမှ အားမငယ်နဲ့၊ တို့လာပြီဟေ့" ဟု သံကုန်ဟစ်တော့သည်။ သည်အခါ သူ၏ အောင်မြင်တက်ကြွသောအသံမှာ တောတောင်တို့ကို ထိုးဖောက်ပြီး ဟိန်းထွက်သွားသည်။ ဟိန်းထွက်သွားသောအသံမှာ အတော်နှင့် ပျောက်ကွယ်မသွားဘဲ သူတို့ထံသို့ ပြန်လည်၍ ပဲ့တင်ထပ်လာသည်။

ဘစိန်၏အသံကို မည်သူကမျှ ပြန်လည်၍ အသံမပြု။ ပဲ့တင်သံသာ ဆူညံပြီး တိတ်ဆိတ်နေသည်။





"ဟေ့ကောင် ခြံထွန်း၊ ဘယ်နေရာမှာလဲ ငါ့ကို ပြစမ်း . . . ပြစမ်း"

ဘစိန်က သူ့နောက်မှ ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်ပါလာသော ခြံထွန်းကို ခဏ ရပ်စောင့်ရင်း အော်မေးသည်။ တောတောင်တို့မှာ ငြိမ်ချက်သားကောင်းနေ၏။ သည်းမခံနိုင်လောက်အောင် တိတ်ဆိတ်နေ၏။

"ဟို ဟို မင်း ညာဘက်အစွန်းနားမှာ မီးထိုးကြည့်ပါလား"

ဘစိန်၏အမေးကို ခြံထွန်းက ပြန်ဖြေသည်။ သူတို့နှစ်ယောက်မှာ ထုံးကျောက်ဂူ၏ဘေးမှကပ်ပြီး ကျဉ်းမြောင်းသောလမ်းကျဉ်းမှ တက်လာကြခြင်းပင်။ ထိုလမ်းကျဉ်းမှာ ဂူစောင့်လုပ်သားများသာ သိသောလမ်း ဖြစ်၏။ ထိုလမ်းမှာ လျှို့ဝှက်သောလမ်းဖြစ်၍ လူအများ မသိချေ။ တောင်ဂူပေါ်၌ အရေးကြုံက လျင်မြန်စွာ တက်ရောက်နိုင်သလို လျင်မြန်စွာ အောက်သို့ ပြန်ဆင်းနိုင်သောလမ်းပင်တည်း။

ထို့ကြောင့်လည်း သူတို့နှစ်ယောက်မှာ ဂူပေါ်သို့ ယခုလို လျင်မြန်စွာ ရောက်ရှိလာခြင်းလည်း ဖြစ်၏။ ဘစိန်မှာ ခြံထွန်းက မီးထိုးကြည့်ရန် ပြောသော်လည်း ရုတ်တရက် မီးမထိုးသေး။ ပြန်ငြိမ်းညီညာပြီး ဆယ်ပေပတ်လည်မျှ ကျယ်ဝန်းသော ထုံးကျောက်ဂူ၏ တောင်ကလပ်ကိုသာ မျက်ခြည်မပြတ် စိုက်ကြည့်သည်။ မှောင်ရိပ်၍ ခဏရပ်ပြီး အသံဗလံများကို နားစွင့်ကြည့်သည်။ မည်သည့်အသံမျှ မကြားရမှ ခြံထွန်း ညွှန်ပြရာသို့ လက်နှိပ်မီးနှင့် ဆတ်ခနဲ ထိုးကြည့်လိုက်လေသည်။

ဘစိန်၏ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ငြိမ်သက်နေသော စံမြကို မြင်တွေ့ရတော့၏။ စံမြမှာ ခြေကားရားလက်ကားရားနှင့် ပက်လက်ကြီး လန်နေသည်။ သူ့နှာခေါင်းနှင့် ပါးစပ်တို့မှ ခြောက်သွေ့စပြုပြီဖြစ်သော သွေးစသွေးနများကို တွေ့ရသည်။ သူ့အနားဝန်းကျင်တွင် နီရဲသောသွေးတို့က အိုင်ပြီး ခဲနေသည်။ ပါးစပ်ကြီးဖြဲ၍ ပြူးထွက်နေသောမျက်လုံးနှစ်လုံးမှာ မြင်တွေ့ရသူအဖို့ ထိတ်လန့်ကြောက်မက်ဖွယ်တည်း။

ဘစိန်မှာ စံမြ၏အဖြစ်ကိုကြည့်၍ ရင်ထဲ၌ မောသွားသည်။ "ဖြစ်မှဖြစ်ရလေခြင်း" ဟုလည်း တွေးတောမိကာ ဝမ်းနည်းရသည်။ ယူကျုံးမရလည်း ဖြစ်ရသည်။

ထို့နောက် စန့်စန့်ကြီး ဖြစ်နေသော စံမြ၏ခေါင်းရင်း၌ ဆောင့်ကြောင့်ထိုင်၍ စံမြကို မီးထိုးပြီး သေသေချာချာ ကြည့်ရသည်။ ကျားကိုက်၍ သေသည်ဆိုရအောင်ကလည်းအခက်၊ မသမာသူ လုပ်ကြံသည်ဟု ပြောရအောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မလွယ်၊ အကြောင်းမူ စံမြကိုယ်ခန္ဓာ၌ ပြင်းထန်သော ဒဏ်ရာဒဏ်ချက် လုံးဝ မတွေ့ရ။ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းပြီး ရုပ်ပျက်ဆင်းပျက်လည်း မဖြစ်ချေ။ သွေးတွေသာ မြင်မကောင်းအောင် တွေ့မြင်ရပြီး မည်သို့မည်ပုံ သေဆုံးရသည်ကိုလည်း စဉ်းစား၍ မရအောင် ဖြစ်ရလေပြီ။

"အင်း . . ဒုက္ခပဲ၊ လူမိုက်တစ်ယောက်တော့ သွားရှာပြီ"

ဘစိန်က ဟင်းချ၍ ညည်းလိုက်သည်။

"ဟေ့ကောင် . . ညည်းမနေနဲ့၊ ငါကြောက်တယ် ဘစိန်ရယ်၊ တော်ကြာ တို့ကို တစ်မျိုး ထင်နေရင် ခက်မယ်၊ တို့ပြန်ကြစို့ကွာ၊ ငါတော့ ဒါကြီးကို မကိုင်ပါရစေနဲ့၊ ကြောက်လွန်းလို့ပါ"

"အေး . . မင်းပြောတာ ဟုတ်တယ်၊ အခုမှတော့ ငါလည်း ဘာမှ မလုပ်တတ်ဘူး၊ သေပြီးမှတော့လည်း မထူးပါဘူး၊ မနက်ကျမှပဲ သူဌေးဆီကို အကြောင်းကြားတာပေါ့၊ ဖြစ်သမျှအကြောင်း အကောင်းပေါ့ကွာ၊ တဲရားမှာ နတ်စောင့်တတ်ပါတယ်၊ လာ ပြန်မယ်"

ဘစိန်နှင့် ခြံထွန်းမှာ ပြောပြောဆိုဆိုပင် နေရာမှထကာ လာလမ်းအတိုင်း ရှင်မောစွာနှင့် လျှောက်၍ ပြန်လာခဲ့ကြလေသည်။

* * *

စံမြ သေဆုံးသွားသည်မှာ နှစ်ပတ်ခန့်ပင် ရှိချေပြီ။ ခြံထွန်း၏ စိုးရိမ်ကြီးပြီး အကြောက်လွန်ခဲ့သည်မှာလည်း မှားချေပြီ။ စံမြ သေဆုံးသည့်ကိစ္စနှင့် ပတ်သက်၍ မည်သူမျှ ခြံထွန်းကို သံသယ မဖြစ်ကြ။ မယုံသင်္ကာနှင့် သံသယ ဖြစ်ရအောင်လည်း ခြံထွန်းမှာ မည်သည့်အပြစ်ကိုမျှ ကျူးလွန်ခဲ့သူ မဟုတ်ချေ။ ခြံထွန်းနည်းတူ စံမြကိစ္စနှင့် ပတ်သက်၍ မည်သူမျှ အပြစ် မရှိကြချေ။

အကြောင်းမူ မြို့ပေါ်က သက်ဆိုင်ရာ အရာရှိများ စံမြ သေဆုံးရာသို့ လာရောက်ခဲ့ကြသည်။ ထို့ပြင် ခြံထွန်းနှင့် ဘစိန်တို့ကိုလည်း မေးမြန်းစရာရှိသည်ကို မေးကြမြန်းကြသည်။ ခြံထွန်းနှင့် ဘစိန်တို့ကလည်း သူတို့ သိသည့်အတိုင်း အဖြစ်မှန်ကို ပြောပြကြသည်။ ရဲအရာရှိကြီးများအထဲတွင် ဆရာဝန်ကြီး ဒေါက်တာသိန်းထိုက် ဆိုသူလည်း ပါလာခဲ့သည်။ ဖြစ်ပျက်သော ပြဿနာအားလုံးကို ထိုဆရာဝန်ကြီးကပင် အပြီးတိုင် ဖြေရှင်းသွားသောကြောင့်ပင်တည်း။

သေဆုံးသူ စံမြ၏အလောင်းကို ဒေါက်တာသိန်းထိုက်က ယူဆောင်၍ သုတေသနပြုသည်။ ထိုဆရာဝန်ကြီး၏ အဆိုအရ သေဆုံးသူ စံမြမှာ မသေမီ၌ အရက်ကို အလွန်အကျွံ သောက်ထားသည်။ ထို့ပြင် စံမြမှာ လင်းနို့သားကို





ကြိုက်နှစ်သက်သူပီပီ အမြဲတမ်း မှီဝဲသုံးဆောင်ခဲ့သည်။

ထို့ကြောင့် လင်းနို့တို့၌ ဖြစ်လေ့ဖြစ်ထရှိသော ခွေးရူးပြန်ရောဂါရှိသည့် လင်းနို့သားကို အမှတ်မထင် စားမိရာမှ ထိုရောဂါမှာ စံမြအား ကူးစက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် ခွေးရူးပြန်နေသောလင်းနို့များ ကိုက်ခဲခြင်း ခံရပါက ထိုရောဂါမှာ အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်ကြောင်း၊ စံမြမှာ အရက်မူးပြီး လင်းနို့များကို ဖမ်းဆီးရာတွင် ခွေးရူးပြန်ရောဂါရှိနေသော လင်းနို့တို့နှင့် တွေ့ကြုံရကာ ကိုက်ခဲခြင်း ခံရဖွယ်ရှိကြောင်းကို ဆရာဝန်ကြီးက ပြောကြားသည်။

မည်သို့ဆိုစေ စံမြမှာ ထိုခွေးရူးပြန်ရောဂါကြောင့် အရူး မကြာခဏ ထချေမည်။ ထို့ကြောင့်သာ ညကြီးသန်းခေါင်၌ ကောင်းစွာ မအိပ်စက်ဘဲ လျှောက်သွားနေကြောင်း၊ ပါးစပ်မှလည်း ပေါက်ကရလေးဆယ်ပြော၍ မကြာခဏ ခွေးလို အူကြောင်းကို နီးစပ်ရာ အပေါင်းအသင်းများမှတစ်ဆင့် တွေ့ရှိခဲ့ရသည်။

ဤသည်တို့ကြောင့်လည်း စံမြ မသေဆုံးခင်ညက ခြံထွန်းဆီသို့ စိတ်ရူးပေါက်ပြီး လာရောက်ကြောင်း၊ သူ၏ ရှေ့နောက်မညီသော စကားတို့က သက်သေခံလေသည်။ မှန်သည်၊ အရက်မူးလွန်၍ အရူးထနေသော စံမြမှာ ထုံးတျောက်ဂူပေါ်သို့ တက်သွားသည်။ ဂူပေါ်သို့ ရောက်သည်နှင့် ခွေးရူးပြန်ရောဂါက ထလာကာ နူရာဝဲစွဲ လဲရာသူခိုးထောင်းကိန်းဆိုက်တော့သည်။ နောက်ဆုံး၌ သူ့ကိုယ်သူ မဟန်နိုင်တော့ဘဲ တောင်ကလပ်၌ ချော်လဲလေသည်။ ထိုအခါ အမူးလွန်၍ ခွေးရူးပြန်နေသူမို့ လဲရာမှ မထနိုင်တော့။ နေရာ၌ပင် ခွေးလိုအူ၍ မောမောနှင့် အိပ်ပျော်သွားလေသည်။

ထိုအခါ ထုံးကျောက်ဂူသို့ အိပ်တန်းဝင်ရန် စောစီးစွာ ပြန်လာသော သွေးစုပ်လင်းနို့တစ်အုပ်က စံမြကို တွေ့မြင်သွားကာ သွေးစုပ်ကြလေတော့သည်။ အောင်သေအောင်သား စားကြသောက်ကြတော့၏။ ထို့ကြောင့် လင်းနို့သားတို့၏ သွေးစုပ်ခြင်းကို ခံလိုက်ရသော စံမြမှာ နေရာ၌ပင် မနိုးသောအိပ်ခြင်းနှင့် အိပ်မောကျသွားရသည်ဟု ဒေါက်တာသိန်းထိုက်က ဆိုလေသည်။ လင်းနို့နှင့် ပတ်သက်၍ သူလေ့လာထားသော အတွေ့အကြုံတို့ကို ရှင်းလင်းတင်ပြလိုက်လေသည်။

ထို့ကြောင့် ဤတောဤတောင် ဤပတ်ဝန်းကျင်၌ သွေးစုပ်လင်းနို့များရှိကြောင်း စံမြက သက်သေပြလိုက်ပြီ။ သင်ခန်းစာပေးလိုက်ချေပြီ။ စံမြလို အဖြစ်ဆိုးနှင့် ကင်းဝေးစေရန် လင်းနို့ချေးရှာဖွေသူ အလုပ်သမားများမှာ လင်းနို့



www.burmeseclassic.com

www.burmeseclassic.com



သားကို မစားသင့်ကြောင်း၊ ညရေးညတာ၌ တာဝန်ယူကြရသော ဂူစောင့်အလုပ်သမားများမှာလည်း အရက်ကို အလွန်အကျွံ မသောက်သင့်ကြောင်း၊ အသွားအလာအနေအထိုင်များ ဆင်ခြင်ကြရန်ကိုလည်း ဆရာဝန်ကြီးက စေတနာအပြည့်နှင့် ညွှန်ကြားထားလေပြီ မဟုတ်ပါလား။

ထိုထက်ပို၍ဆိုးသော သတင်းမှာ ကုလားသူဌေးကြီး မာမွတ်၌လည်း စံမြနည်းတူ ခွေးရူးပြန်ရောဂါ စွဲကပ်နေပြီဟူသော သတင်းပင်။ စံမြ သေဆုံးသောညက သူလည်း သူ၏ ခမ်းနားကြီးကျယ်သော အိမ်ကြီးအတွင်း၌ တစ်ညလုံး မအိပ်တော့။ ခွေးလိုအူနေပြီး ပါးစပ်မှ အမြှုပ်တစီစီထွက်၍ မကြာခဏ တဂီးဂီးနှင့်အော်၍ တဏ်သွားကြောင်း၊ တက်ရင်းမှ သတိမေ့မြောသွားကြောင်းကိုလည်း ကြားသိရပြန်သည်။ ထို့ကြောင့်လည်း နံနက်တိုင်း နံနက်တိုင်း ဒေါက်တာသိန်းထိုက်နှင့် တွေ့ဆုံ၍ ဆေးကုသမှု ခံယူနေရကြောင်း ကြားသိရလေသည်။

မှန်သည်၊ လင်းနို့ဟူသော သတ္တဝါမှာ လူသားများအတွက် ကောင်းကျိုးကိုပေးသလို ဆိုးကျိုးလည်း ပေးလေသည်။

စံမြ သေဆုံးသွားပြီးသည့် နောက်ပိုင်းတွင် အထူးခြားဆုံးမှာ ကုလားသူဌေးကြီး မာမွတ် ဖြစ်၏။ သူ၏အကျိုးကို အစွမ်းကုန် ဆောင်ရွက်ပေးသောသွားလေသူ စံမြကိုလည်း သတိမရတော့ချေ။ စံမြအတွက် လျော်ကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မျှ မပေးသည့်ပြင် သူကမှာမှ စံမြကို လုံးဝ မေ့ပျောက်ပစ်လေပြီ။ သည်အခါ ဝမ်းနည်းမှုနှင့် ဆုံးရှုံးမှုကို ရင်ဝယ်ပိုက်၍ ငိုရှိုက်ရသူများမှာ စံမြ၏ သားမယားများပေတည်း။

မည်သို့ဆိုစေ စံမြ သေဆုံးပြီးသည့် နောက်ပိုင်း၌ သူဌေးကြီးမှာ ပေါကြောင်ကြောင်နှင့် ရူးသွပ်နေပြီ ဖြစ်၏။ အသက်အရွယ်ကလည်း ကြီးရင့်လာသည်နှင့်အမျှ အရူးသက်ကလည်း ရင့်၍ရင့်၍ လာလေသည်။ အရူးရောဂါနှင့်အတူ လောဘကြီးသော ရောဂါကလည်း တစ်နေ့တခြား ဒီရေအလားပင် တိုးတက်နေ၏။ ရလေလိုလေ အိုတဏ္ဍ ဖြစ်နေသည်။

ထူးထူးဆန်းဆန်းပင် စံမြ သေဆုံးပြီးမှ လင်းနို့ချေးမှာလည်း ယခင်ကထက် ပို၍ ရရှိနေ၏။ ယခင်က ထုံးကျောက်ဂူသည် လင်းနို့ချေး တစ်ခါထုတ်လျှင် တင်းပေါင်း (၂၀၀)ကျော်သာ ရရှိသော်လည်း ယခု တစ်ခါထုတ်လျှင် တင်းပေါင်း (၃၀၀) ကျော်၊ (၄၀၀) နီးပါး ရှိသောကြောင့်တည်း။

ဤသည်ကို စိတ်ရှုပေါက်နေသော သူဌေးက အတွေးခဲ့တော့၏။ ရက်



လနှစ်ချီ ကြာလာသည်နှင့်အမျှ လင်းနို့ပေါက်ပွားကာ တိုးတက်များပြားလာသည်မို့ လင်းနို့ချေးများ ပို၍ ထွက်ရှိလာသည်ကို မတွေးတော့။ သွေးစုပ်လင်းနို့ရှိသည်ကိုလည်း ယုံကြည်ပုံ မရချေ။ ပြီးလျှင် ဘစိန်ကိုလည်း ပြောသေးသည်။

"နာတို့ ဘိုးစဉ်ဘောင်ဆက်ကာ လုပ်လာတာ အခုလို တစ်ခါမှ ဖြစ်ဖြစ်တာ မဟုတ်ဘူး၊ ဟို ဆရာဝန်ပြောတာ နာမယုံဘူး ဘားစိန်ရဲ့၊ ဆန်းပြားကို ဂူစောင့်နတ်ဘုရားက သွေးအလှူခံခိုင်းတာဖြစ်တယ်။ ဂူစောင့်နတ်ဘုရားက သွေးကို သိပ်ပြီး ကြိုက်ပုံရတယ်။ ဒါကြောင့် နားတို့ အခု လင်းနို့ချေးတွေ များများ ရတာပေါ့။ အခုထက်ပိုပြီး နာတို့ လူသွေးများများ ဂူစောင့်နတ်ဘုရားကို လှူရင် နာတို့ကို ဒီထက်ပိုပြီး လင်းနို့ချေးတွေ များများပေးဦးမယ်လို့ နာယုံတယ်။ နာလေ တမ္ဘာကျော် တဌေးကြီး ဖြစ်ဦးမယ် ဘားစိန်ရဲ့ နင်သိရဲ့လား ဟား. . ဟား . . ဟား"

တစ်ခါတုန်းက လက်သီးလက်မောင်းတန်း၍ တဟားဟားရယ်ကာ ဘစိန်ကို သူဌေးကြီးမာမွတ်က ပြောသွားခဲ့ဖူးသည်။ သည်အတိုင်းသာဆိုလျှင် ဘစိန်တို့ အလုပ်သမားများအဖို့ မျက်ခုံးလှုပ်နေကြရပြီ။ ခွေးရူးပြန်ရောဂါစွဲကပ်ပြီး လောဘဇော အကြီးအကျယ်တက်နေသော သူဌေးကြီးက သူထင်ရာမြင်ရာ လုပ်တော့မည်မှာ မုချပင်။ ထို့ကြောင့် တစ်နေ့နေ့တွင် အလုပ်သမားတစ်ဦးတစ်ယောက်ကို အကြီးအကျယ် ဒုက္ခမပေးဘူးဟု မည်သူမျှ မပြောနိုင်ချေတကား။

ဤသည်တို့ကြောင့် သူဌေးကြီးမာမွတ် သူတို့ဆီသို့ လာရောက်သည်နှင့် ဘစိန်တို့မှာ သူဌေးကြီးကို မျက်ခြည်ပြတ်မခံဝံ့။ သူဌေးကြီးသွားရာသို့ လိုက်လံချောင်းမြောင်းနေရသည်။ သူငယ်ချင်းဖြစ်သူ ခြံထွန်းကိုလည်း သူ့လိုပင် တစေ့တစောင်း အကဲခတ်၍ သတိထားပါရန် ဘစိန်က ပြောကြားသည်။ ပြီးလျှင် အရေးအကြောင်းရှိက တစ်ဦးနှင့်တစ်ဦး အလျင်အမြန် အကြောင်းကြားရန်ကိုလည်း တိုင်ပင်ထားရသည်။ ထို့ကြောင့် သူတို့နှစ်ယောက်မှာ သူဌေးကြီး ထုံးကျောက်ဂူမှတစ်ဆင့် သူ့အိမ်သို့ ပြန်သွားမှပင် စိတ်ချလက်ချ နေရဲကြတော့၏။

မည်သို့ အကြောင်းကြောင့်မှန်းမသိ။ သူဌေးကြီးမှာ ထုံးကျောက်ဂူဆီသို့ လာရောက် ပူဇော်ပသပြီးတိုင်းပြီးတိုင်း ဘစိန်ဆီသို့ အပြန်တွင် လှည့်၍ ဝင်လာတတ်၏။ ဘစိန်ကို သူ၏ နီရဲသောမျက်လုံးကြီးနှင့် စိုက်၍စိုက်၍ ကြည့်ရှုသွားတတ်သည်။ သူ၏ ရှည်လျားသော မုတ်ဆိတ်မွေးကို လက်တစ်ဖက်နှင့် သပ်၍သပ်၍ သူ့ဦးခေါင်းကို တဆတ်ဆတ်ညိတ်ကာ လာလမ်းသို့ ပြန်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ မနက်ဖြန်ဆိုလျှင် ငှက်ဆိုးဂူပေါက်ကို ဖွင့်ရချေတော့မည်။ ယခင်အပတ် လင်းနို့ချေးထုတ်ပြီးသည်မှ ယနေ့အထိ နှစ်ပတ်ကျော် ကြာခဲ့ချေပြီ။ ထို့ကြောင့် ယခု ရက်စေ့ပြီဖြစ်သော ငှက်ဆိုးဂူကို မနက်ဖြန်ဆိုလျှင် လင်းနို့ချေးများ ထုတ်ယူကြရတော့မည်။ သည်အခါ သူဌေးကြီးမာမွတ်မှာ တစ်စခန်းထလာလျှင်လည်း တစ်ဒုက္ခဟု ဘစိန် တွေးမိသည်။ တစ်ဆက်တည်းမှာပင် မြခက်၏ ဝင်းပသောမျက်နှာကို အတွေး၌ မြင်ယောင်လာသောအခါ ဘစိန်၏ရင်မှာ ဖော်ပြခြင်းငှာ မစွမ်းသာအောင် ဝမ်းသာသွားရပြန်လေသည်။

မှန်သည်၊ မနက်ဖြန်၌ အရေးကြီးသည်။ မနက်ဖြန်ဆိုလျှင် လင်းနို့ချေးကျုံးလုပ်သားများနှင့်အတူ မြခက်တို့မှာ ငှက်ဆိုးဂူသို့ ရောက်လာကြချေတော့မည်။ သည်အခါ ဘစိန် တွေ့ချင်မြင်ချင်လွန်းသော မြခက်ကို တွေ့မြင်ရတော့မည်။ သည်အတွေးနှင့်အတူ ဘစိန်မှာ ပျော်ရွှင်ရပြန်၏။ ပြီးလျှင် မြခက် သူ့ကို စိတ်ဆိုးလျှင်လည်း ဆိုးပါစေတော့။ သူ့မေတ္တာကို ကြာရှည်ထိန်းသိမ်းထားခြင်းငှာလည်း မစွမ်းသာတော့။ ထို့ကြောင့် မြခက်ကို ဖွင့်ဟ၍ မည်သို့မည်ပုံ ချစ်ရေးဆိုရမည်ကို တွေးတောရင်း တစ်နေ့တာအတွက် အချိန်ကုန်ရပြန်လေသည်။

* * *

ဖျင်းတစ်အုပ်ကား အိပ်တန်းသို့ ပျံလေပြီ။

နေဝန်းသည် တောင်စွန်း၌ မေးတင်လျက် ရှိချေပြီ။ မကြာမီ ဆည်းဆာကွယ်မျောက်ချေတော့မည်။ ထို့ကြောင့် ငှက်ဆိုးဂူ၏ ဟိုမှာဘက်ရှိ တောနက်ဆီမှ ကျေးငှက်အပေါင်းတို့မှာလည်း ညံစာစာနှင့် ဆူညံစွာ အိပ်တန်းတက်နေကြပေပြီ။

ထိုအတူ ဘစိန်တို့ ငှက်ဆိုးဂူလည်း လုပ်ငန်းသိမ်းနေကြချေပြီ။ မိုးလင်းမှသည် ယခုအချိန်အထိ တစ်နေကုန်တစ်နေခန်း ငှက်ဆိုးဂူထဲ၌ လင်းနို့ချေးများကို ရှာဖွေ၍ ဘစိန်တို့တစ်တွေ ကျုံးကြရသည်။ သယ်ကြပိုးကြသည်မှာလည်း ပြီးစီး၍ နေ့တွက်ခများပင် ရှင်းလင်းပြီးပေပြီ။ ထို့ပြင် ဂူမှ တစ်နေ့တာအတွက် ရရှိသော လင်းနို့ချေးများကိုလည်း မော်တော်ပေါ်သို့ တင်ဆောင်၍ သူဌေးအိမ်ဆီသို့ ကုလားတစ်ဦးက မောင်းနှင် ထွက်ခွာသွားပြီ ဖြစ်သည်။ ခါတိုင်းဆိုလျှင် သူဌေးလူယုံတော် ရေဒါပတ်ကသာ မော်တော်ကို မောင်းနှင်သော်လည်း ယနေ့၌ ရေဒါပတ် ဘယ်သို့ ရောက်နေသည်မသိ။

ယနေ့ ထူးတော့ထူးသည်။ မှန်သည်၊ လင်းနို့ချေးများ မော်တော်ပေါ်သို့ အလုပ်သမားများ ကျုံးသယ်နေစဉ်က ကုလားသူဌေးကြီးမာမွတ်နှင့် ရေဒါပတ်





တို့ ငှက်ဆိုးဂူသို့ ရောက်လာကြသည်။ အလုပ်သမားများ အားလုံး လုပ်ခငွေများ ရှင်းလင်းပေးပြီးသည်နှင့် သူတို့နှစ်ယောက် ပျောက်သွားကြသည်။ သူတို့ ခပျောက်ခင်တီးတိုးတီးတိုးနှင့် တိုင်ပင်နေကြသည်ကိုလည်း ဘစိန် မကြာခဏ တွေ့မြင်ရသည်။ ရေဒါပတ်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

ယခု သူတို့ ဆရာတပည့်နှစ်ယောက်စလုံးလည်း ပျောက်နေကြသည်။ ကန္တစံမြ သေဆုံးရာ ထုံးကျောက်ဂူရှိ တောင်ကလပ်သို့ ရောက်ရှိနေမည်မှာ ခုချ။ ထိုနေရာ၌ စိတ်ရှုပ်ပေါက်ပြီး ပူဇော်ပသမှုများ လုပ်နေမည်ဟု ဘစိန် တွေးတောနေမိသည်။

ဘစိန်သည် အလုပ်သမားများ ရေမိုးချိုးနေရာ မြစ်ဆိပ်သို့ လျှောက်လှမ်းလာသည်။ ပြီးလျှင် သူ တွေ့ချင်မြင်ချင်လွန်းသော မြခက်ကို ရှာဖွေကြည့်သည်။ မြခက်တို့ သားအမိလည်း ဘယ်ကို ရောက်နေသည်မသိ။ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့။

သည်အခါ ဘစိန်ရင်ထဲ၌ တစ်မျိုးကြီး ဖြစ်သွားသည်။ ခါတိုင်းဆိုလျှင် အခြား အလုပ်သမားများနည်းတူ ထဘီရင်ရှား၍ မြစ်ဆိပ်၌ မြူးထူးရွှင်ပျစွာ ရေချိုးနေသော မြခက်ကိုကြည့်ကာ တစ်နေ့တာ၏ မောပန်းနွမ်းနယ်မှုကို ဖြေဖျောက်ပစ်ရသည်။ ယခုတော့ မြခက် ဘယ်သို့ ရောက်နေသည်မသိ။ သူဌေးမော်တော် ပြန်အပို့ မစောင့်ဘဲ လှေကြုံနှင့် အစောကြီး ပြန်သွားလေရော့သလားဟု တွေးတောကာ ဘစိန်၏ရင်သည် ဆို့မောလှုပ်ရှားသွားရပြန်သည်။

အလုပ်သမားများ အားလုံး မြစ်ဆိပ်၌ ရေမိုးချိုးနေကြသော်လည်း မြခက်ကို မတွေ့ရချေ။ သူ့အမေ နေမကောင်း၍ ယနေ့ မလိုက်ပါခဲ့ကြောင်း၊ မနက်က ကြားသိခဲ့ရ၏။ ထို့ကြောင့်များ မြခက် အစောကြီး အိမ်ပြန်သွားလေပြီလားမသိ။ တစ်ဆက်တည်းမှာပင် အရှုံးထလျက်ရှိသော ကုလားသူဌေး ဆရာတပည့်တို့လည်း ပျောက်ချက်သား ကောင်းနေသည်ကို ဘစိန် သတိရလာမိသည်။ သည်အခါ ဘစိန်ရင်၌ ထိတ်ခနဲ ဖြစ်သွားရသည်။

ထိုအချိန်တွင် သံလွင်မြစ်အထက်ဖျားဆီမှ မော်တော်စက်သံကို ကြားလာရပြီ။ မှန်သည်၊ လင်းနို့ချေးများ သွားရောက် ပို့ဆောင်သော သူဌေးမော်တော်မှာ သည်မှာဘက်ကမ်းသို့ ပြန်လည်၍ မောင်းနှင်လာချေပြီ။

မြစ်ဆိပ်၌ ရေမိုးချိုးနေကြသော အလုပ်သမားများမှာ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။ အိမ်သို့ ပြန်ချင်သည့်ဇောက ကပ်နေကြသည်မို့ အရာကိုမှ သတိမရကြတော့ချေ။ ကမ်းသို့ ကပ်လာသော မော်တော်ပေါ်သို့သာ ကုန်း



www.burmeseclassic.com

www.burmeseclassic.com



ဘောင်မှတစ်ဆင့် တိုးဝှေ့တက်နေကြလေသည်။

မော်တော်ပေါ် တက်နေကြသောသူများကို ဘစိန် သေသေချာချာ လိုက်လံကြည့်ရှုသော်လည်း သူ တွေ့ချင်မြင်ချင်လွန်းသော မြခက်ကို မတွေ့မမြင်ရ။ သည်အခါမှပင် ဘစိန်မှာ ပိုမို၍ လှုပ်ရှားလာသည်။ မြခက်အတွက် စိုးရိမ်ပူပန်စိတ်တို့က သူ့ကို လှုံ့ဆော်ချေပြီတည်း။

အခြားအလုပ်သမားများ အားလုံး မော်တော်ပေါ်သို့ ရောက်ရှိနေကြပြီ။ အိမ်သို့ ပြန်ကြပေတော့မည်။ သည်လို တောတောင်ထဲ၌ မြခက် တစ်ဦးတစ်ယောက်တည်း အဖော်ကွဲ၍ ကျန်ခဲ့မည် ဆိုပါလျှင် မည်သို့မည်ပုံ လုပ်ရမည်နည်း။ မြခက်လို မိန်းမသားတစ်ဦးအတွက် မည်သို့မျှ လုံခြုံမှု မရှိနိုင်သော တောနှင့် တောင်ထဲ၌ မျက်စိသူငယ် နားသူငယ်နှင့် အားငယ်ကာ ကြောက်အားပိုတော့မည့် အဖြစ်ကို ဘစိန် မလိုလား။ ထို့ကြောင့် မော်တော်ရပ်ရာနေရာ ကမ်းစပ်သို့ ပြေးဆင်းလိုက်သည်။

"ဦး . . ဦးကြီးထွန်းခ . . မြ . . မြခက်ကောဗျ . . မြခက်"

ဘစိန်က ထစ်ငေါ့ငေါ့ဖြင့် ဦးကြီးထွန်းခကို အော်မေးသည်။ သူ၏အသံမှာ ရှက်ရွံ့မှုနှင့် ရောထွေးကာ စိုးရိမ်စိတ်တို့ဖြင့် ပြည့်ဝနေသည်။

ဘစိန်၏ အော်မေးသံကြားမှပင် ဦးကြီးထွန်းခလည်း မြခက်ကို သတိရလာသည်။ ပြီးလျှင် မော်တော်ပေါ်၌ ဆောင့်ကြောင့်ထိုင်ပြီး ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဖွာရှိုက်နေသော ဒေါ်ပန်းမျှင်ကိုကြည့်ရင်း မေးတော့သည်။

"ဟယ် . . ဟုတ်ပါရဲ့၊ ဟဲ့ ဟဲ့ ပန်းမျှင်၊ မြခက်ကော မြခက်၊ ဘယ်ကျန်ရစ်ခဲ့သလဲ၊ ငါက ပြန်သွားပလား ထင်နေတာ၊ မမြင်တာ အတော်ကြာပြီဟ"

သည်တော့မှ မော်တော်ထဲ၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။ ဒေါ်ပန်းမျှင်ကြီးမှာလည်း ပါးစပ်အဟောင်းသား ဖြစ်နေတော့၏။ ဦးကြီးထွန်းခ၏ အမေးကို မည်သို့မည်ပုံ ပြန်လည်၍ ဖြေကြားရမှန်းလည်း မသိတော့။

ယခုမှ ခက်ချေပြီ။ ဒေါ်ပန်းမျှင်ကြီးမှာ မြခက်ကို ယနေ့မှ ပို၍ ဂရုစိုက်သည်။ ဂရုစိုက်နေသည့်ကြားက မြခက် လစ်ခနဲ ပျောက်သွားခဲ့သည်။

စင်စစ် မြခက် ပျောက်သွားစဉ်က လုပ်ငန်းပြီးစီးစပင် ရှိသေးသည်။ ဤသည်ကို ဒေါ်ပန်းမျှင်ကြီးက မသိ၍ မဟုတ်၊ သိသည်။ ငယ်ရာမှကြီးလာသူမို့ လူငယ်တွေ၏ အကြောင်းကို အရိပ်ပြရုံနှင့် အကောင်ထင်ပြီးပင်။ တစ်နေ့လုံး မိမိက မျက်စိအောက်က အပျောက်မခံသဖြင့် ဘစိန်နှင့် မြခက်တို့မှာ မည်သို့မျှ မတွေ့ဆုံကြရချေ။ ထို့ကြောင့် လုပ်ငန်းလည်း ပြီးနေပြီ၊ ခွဲခွာပြီး ပြန်ကြရတော့





မည်မို့ စကားစမြည်လေး ဘာလေး ပြောချင်လျှင် ပြောကြပါစေ။ ခဏတစ်ဖြုတ် တွေ့ချင့်တွေ့ပါစေ ဟူသော အသိစိတ်မာတ်အပြည့်နှင့် မသိလိုက် မသိဘာသာ နေခဲ့သည်သာ။

ယခု ဘစိန်က မေးတော့မှပင် မြခက်နှင့် ဘစိန်မှာ ချိန်းတွေ့ခြင်း မဟုတ်ကြောင်း ဒေါ်ပန်းမျှင် ရိပ်စားမိသွားသည်။ သူ့ရင်ထဲကရှိသော စေတနာနှင့် သည်အကြောင်းအရာတွေကိုလည်း ဒေါ်ပန်းမျှင်အဖို့ မည်သို့မျှ ထုတ်ဖော်ပြီး မပြောရဲအောင် ရှိလေပြီ။ တစ်ကိုယ်လုံး ထူပူပြီး မည်သို့မည်ပုံ လုပ်ဆောင်ရမည်ကိုလည်း စဉ်းစား၍ မရအောင် ရှိလေပြီ။

လူအားလုံး စုံပြီဖြစ်သော်လည်း မြခက်တစ်ယောက် လိုနေသည်။ မော်တော်ပေါ်၌လည်း မတွေ့။ အိမ်ကို ပြန်သွားသည် ဆိုလျှင်လည်း ဒေါ်ပန်းမျှင်ကို အကျိုးအကြောင်း ပြောပြမည်မှာ မုချပင်။ ထို့ကြောင့် မြခက် အိမ်ကို ပြန်သည် ဟူသော အတွေးမှာ လုံးဝ မဖြစ်နိုင်ချေ။ မော်တော်ပေါ်၌ မြခက်ကို ရှာပုံတော်ဖွင့်ကြတော့သည်။ မေးသံမြန်းသံများ ဆူညံ၍ ပွက်လောရိုက်ချေပြီတကား။

ထိုအချိန်တွင် မော်တော်စက်သံက လူသံသူသံကို ထိုးဖောက်၍ ဆူဆူညံလာကာ ကမ်းမှ ခွာလေတော့သည်။

"ဟေ့ . . နေပါဦး၊ မြခက် လိုသေးတယ်၊ လူမစုံသေးဘူး" နှင့် အော်ဟစ်သံတို့ကို ကြားရသည်။ သို့သော် မည်သို့မျှ မတတ်နိုင်တော့။ မော်တော်မောင်းသောကုလားမှာ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ မော်တော်ကိုသာ စက်ကုန်ဖွင့်၍ ကမ်းမှ ခွာလေပြီ။ ဟိုမှာဘက်ကမ်းသို့ တစ်ဟုန်ထိုး ဦးတည် မောင်းနှင်ထွက်ခွာသွားလေသည်။ ဘစိန်မှာ ကမ်းနဖူး၌ရပ်ရင်း ဆောက်တည်ရာမရဖြစ်ကာ ကျန်ရစ်ခဲ့ပြီတည်း။

* * *

မြစ်ပြင်၌လည်း လှိုင်းဘောင်ဘင်ထလေပြီ။ ထို့အတူ ဘစိန်ရင်၌လည်း ဘည်ငြိမ်မှု မရှိတော့။ စိုးရိမ်စိတ်တွေနှင့်အတူ တထိတ်ထိတ် ခုန်လေပြီ။

"ဘစိန်ရေ . . ဟေး . . ဘစိန်"

ငှက်ဆိုးဂူ လမ်းကျဉ်းကလေးဆီမှ စူးရှသော အော်ဟစ်ခေါ်သံကို ကြားလာရသည်။ အသံနှင့်အတူ ရေးကြီးသုတ်ပျာ ပြေးလာသော ခြံထွန်းကိုလည်း မြင်တွေ့ရသည်။

"ဟေ ဘာလဲကွ၊ ဒီမှာ မြခက် ပျောက်နေရတဲ့ကြားထဲ မင်းကတက်မျိုး"

ဘစိန်က ခြံထွန်းကို ခရီးရောက်မဆိုက်ပင် မာန်မဲပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြခက်လေ. . မြခက်"

သူပြောချင်သောစကားကို ဗလုံးဗထွေးနှင့် အော်ပြောသည်။ သူ့စကား၌ မြခက် နာမည်လည်းပါသည်။ သို့သော် သူ၏အသံမှာ မောဟိုက်သံနှင့် ကြောက်လန့်သံတို့ ရောထွေးနေသည်။ ထို့ကြောင့် ဘစိန်မှာ မရှင်းမလင်း ဖြစ်ရသည်။

"ဘာကွ မြခက်၊ မြခက် ဘာဖြစ်လို့လဲ၊ အခု သူဘယ်မှာလဲ၊ ဘယ်မှာလဲ၊ မင်းသိလား ပြောစမ်းမြန်မြန်"

"မြခက်ကို သူဌေးအရှုးကြီးနဲ့ သူ့တပည့် ရေဒါပတ်တို့ ဖမ်းသွားပြီ။ အဲဒါ မင်းကို ငါလာပြောတာ"

ခြံထွန်းက ခဏ အမောဖြေပြီးမှ ဘစိန်၏အမေးကို ပြန်ဖြေလိုက်သည်။ ခြံထွန်း၏စကားကို ဘစိန် ကြားလိုက်ရသည်နှင့် တစ်ကိုယ်လုံး ကျဉ်တက်သွားရသည်။ ရင်ထဲက ဒေါသစိတ်တို့မှာလည်း ထိန်းသိမ်းမရလောက်အောင် ဝုန်းခနဲ ပေါက်ကွဲသွားသည်။

"ဟေ. . ဟုတ်လား၊ အဲဒါမှ ဒုက္ခပဲ၊ အခု သူဘယ်မှာလဲ ဘယ်မှာလဲ ငါ့ကို မြန်မြန်ပြောစမ်းပါ ခြံထွန်းရယ်"

"စံမြ သေတဲ့နေရာ ထုံးကျောက်ဂူကို ဖမ်းသွားတယ်ကွ၊ မြခက်က ရုန်းရင်းကန်ရင်းနဲ့ ပါသွားတယ်။ ငါက တစ်ယောက်တည်းမို့ ဘာမှ မလုပ်တတ်လို့ မင်းကို လာပြောတာ"

ခြံထွန်း၏ စကားအဆုံးတွင် ဘစိန်မှာ ဓားတစ်ချက် ပြင်းပြင်း ခေါက်၍ ငှက်ဆိုးဂူမှ ထုံးကျောက်ဂူရှိရာသို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

"ဘစိန်. . ဟေး ဘစိန်၊ နေဦးလေ ငါလည်း လိုက်မှာပေါ့"

ခြံထွန်းမှာလည်း ပြောပြောဆိုဆိုနှင့် ဘစိန်၏နောက်သို့ ကမူးရှူးထိုးနှင့် ပြေးလိုက်သွားလေသည်။

* * *

ထုံးကျောက်ဂူသည် ပကတိ တိတ်ဆိတ်နေ၏။ လေမှာ တသုန်သုန်နှင့် မြူးကြွစွာ တိုက်ခတ်နေ၏။ ထုံးကျောက်ဂူ၏ ဝန်းကျင်သည် မှောင်ရိပ်ပင် သန်းစပြုပြီ ဖြစ်လေသည်။ ဝင်လုပြီဖြစ်သောနေသည် အားလျော့၍ လျော့ရဲရဲ ဖြစ်နေ၏။

ကုလားသူဌေးကြီးမာမွတ်နှင့် ရေဒါပတ်တို့မှာ မြခက်ကို လက်တစ်ဖက်





စီဆွဲ၍ ထုံးကျောက်ဂူ တောင်ကလပ်ဆီသို့ အပြေးတက်နေကြသည်။ မြခက်က ရုန်းသည်။ ကုလားနှစ်ယောက်ကို ခြေနှင့်ကန်သည်။ သို့သော် မြခက်၏ ခုခံမှုမှာ အချည်းနှီးပင်။ မြခက်၏မျက်နှာကို အဝတ်ဖြင့် တင်းကျပ်စွာ စည်းထား၏။ ပါးစပ်ကိုလည်း အဝတ်စများနှင့် ပိတ်ဆို့ထားလေသည်။ ဤသည်တို့ကြောင့် မြခက်မှာ အစွမ်းကုန် ရုန်းကန်အော်သော်လည်း လုံးဝ အသံမပြည်။ သူတို့၏ အတင်းအဓမ္မ ဆွဲခေါ်ရာသို့သာ ရုန်းကန်လှုပ်ရှားရင်း ဆင်းရဲပင်ပန်းစွာ လိုက်ပါနေရသည်။

ရေဒါပတ်သည် မြခက်ကို ကုလားလို ဆဲရေးတိုင်းထွာကာ မြခက်၏ နားရင်းကို ဖြောင်းခနဲ အုပ်တော့သည်။ ပြီးလျှင် မြခက်ကို တရွတ်ဆွဲ၍ ဆိုးလွန်းသော တောင်တက်လမ်းအတိုင်း ခွေးသေကောင်လို အတင်း ဆွဲခေါ်သွားလေသည်။

"ကောင်မှားကလေး နင်ကောင်းကောင်းလာပါ၊ ကောင်းကောင်းမလာဘူးနော် . . ဒီမှာ တွေ့လား"

အသံနှင့်အတူ ချွန်ထက်စူးရှသော အရာတစ်ခုက မြခက် ကျောကုန်းကို ထောက်လိုက်သည်။ ရေဒါပတ်က အမိန့်သံအပြည့်နှင့် ခက်ထန်ကြမ်းကြုတ်စွာ ဆိုချေပြီ။ သည်အခါ မြခက်အဖို့ လွတ်လမ်းမမြင်တော့။ ယောကျ်ားကြီးနှစ်ယောက် ချုပ်ကိုင်ဖမ်းဆီးထားခြင်း ခံရသည့်အပြင် သူတို့ထံ၌ လူတစ်ဦးတစ်ယောက်ကို သေစေနိုင်သည့် လက်နက်လည်း ပါလာပြီဆိုသည်ကို မြခက် သိလိုက်သည်။ ထိုအသိနှင့်အတူ ကျောထဲကစိမ့်ပြီး ကျောက်ဒူးတွေ တုန်သွားသည်။ မျက်လုံးများကလည်း ပိတ်ပင်တားဆီးခြင်း ခံနေရသည်မို့ ဘာကိုမှ မမြင်ရ။

မြခက် ယခုလို ဖြစ်ရသည်မှာ လင်းနို့ချေးများ ကျုံးသယ်ပြီးသည်နှင့် ချုံကွယ်တစ်ခုအေား၌ သူ့ကို နောက်မှ သိမ်းကျုံး၍ ပွေ့ဖက်ကာ ရေဒါပတ်တို့က ဖမ်းဆီးလိုက်ကြသည်။ ဤသည်ကို လုပ်ငန်းများပြီး၍ ရေမိုးချိုးနေကြသော အလုပ်သမားများမှာ မည်သူမျှ မသိလိုက်ချေတကား။

သူ့ကို မည်သူတွေက အဘယ်ကြောင့် ယခုလို ဖမ်းဆီးသည်ကိုလည်း မြခက် မတွေးတတ်အောင် ဖြစ်နေသည်။ ယခု သူတို့၏ ပြောသံဆိုသံတို့ကိုကြားမှ ကုလားသူဌေးအရူးကြီးတို့ ဆရာတပည့်ဖြစ်ကြောင်း သိရတော့၏။

သည်အခါမှ အရှုးတို့၏ လက်တွင်းသို့ မိမိဘဝတစ်ခုလုံး 'ဝ'ကနဲပြီး ရောက်ရှိနေပါလေလားဟု တွေးတောမိကာ ကြက်သီးများ တဖြန်းဖြန်းထတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန်၌ ရေဒါပတ်တို့က လမ်းလျှောက်ခြင်းကို ရပ်တန့်လိုက်ကြသည်။ သူတို့ အလိုရှိသောနေရာသို့ ရောက်ရှိသွားပြီဟု မြခက် ထင်မိသည်။ ခဏအကြာတွင် ဝင်းခနဲ မီးရောင်လက်လက်ကို မျက်လုံးပိတ်ထားသော အဝတ်ကြားမှ ဖျတ်ခနဲ မြင်လိုက်ရသည်။ ပြီးလျှင် မွှေးကြိုင်သင်းပျံ့လွန်းသော အမွှေးနံ့တို့ကိုလည်း မြခက် ရှူရှိုက်လိုက်ရ၏။ ဘာကြောင့်မှန်းမသိ၊ သည်အနံ့ကို မြခက် ရှူရှိုက်လိုက်ရသောအခါ ရင်ထဲက မောဟိုက်လိုက်သည့်ဖြစ်ခြင်း။

ထို့ပြင် အသားတွေ တဆတ်ဆတ်တုန်ကာ ဒူးတွေပင် ညွတ်ကျလာလေသည်။ မှန်သည်၊ မြခက်၏ ဘဝတစ်ခုလုံး ဆုံးရှုံးဖို့ပင် ကံကြမ္မာက ဖန်တီးလေပြီလား။

"ဂူစောင့်နတ်ဘုရားရေ နော့ကို မဖမ်းစားနဲ့တော့၊ နော့ရောဂါကို နင်ပျောက်အောင် ကုသပေးတော့၊ နင်လိုချင်တဲ့ လူသွေးကို နော့ကတိအတိုင်း နာရအောင်ယူခဲ့ပြီ။ ဒီကောင်မွှားကလေးရဲ့သွေးကို နင်ပျော်ပျော်ပါးပါး စားသုံးလော့၊ နော့ကို လင်းနို့ချေးတွေ များများရအောင် နင်ဆောင်ရွက်ပေးပါလော့၊ နော့ကို ကမ္ဘာကျော် တဌေးကြီးဖြစ်အောင် လုပ်ပေးပါ၊ ဂူစောင့်နတ်ဘုရားရေ. . "

ထုံးကျောက်ဂူ၏ တောင်ကလပ်တွင် မာမွတ်၏ ဘီလူးသရဲစီးနေသော အသံကြီးက လွှမ်းမိုးထွက်ပေါ်လာသည်။ မာမွတ်က အမွှေးတိုင်များ၊ ဖယောင်းတိုင်များ စိုက်ထွန်းပူဇော်ထားသောနေရာသို့ သူ့ဦးခေါင်းကို ညွတ်လိုက်သည်။ အရိုအသေပြုသည်။ နတ်ဘုရားကို တိုင်တည်သည်။ သူ ယခုလို ဖြစ်ရသည်မှာ ဂူစောင့်နတ်ဘုရားက သူ့ကို ဖမ်းစား၍ ဖြစ်ရသည်ဟု တထစ်ချ ယုံကြည်နေသည်။ ထို့ကြောင့် မြခက်၏ လည်ချောင်းသွေးကိုဖောက်၍ ဂူစောင့်နတ်ဘုရားကို ပူဇော်ပြီး သွေးအလှူပေးလိုက်လျှင် သူ့ရောဂါမှာ လုံးဝ ပျောက်ကင်းချမ်းသာမည်။ ပြီးလျှင် လင်းနို့ချေး များများရ၍ ကမ္ဘာကျော်သူဌေးကြီး ဖြစ်ရမည်ဟု စိတ်ရူးပေါက်ပြီး ထင်ရာစိုင်းခြင်းပင်။

ဤသည်ကို သူ၏ လက်သုံးတော်တပည့်ဖြစ်သူ ရေဒါပတ်က အစီအစဉ် ရေးဆွဲ၍ ဆရာ၏ အလိုကိုကြည့်သည်။ ရူးသွပ်နေသူ၏ဆန္ဒကို မိုက်မဲစွာနှင့် လိုက်လျောဆောင်ရွက်နေသည်။ ရေဒါပတ်သည် ဆရာနည်းတူ ရူးများ ရူးနေပြီလား မသိချေ။

မာမွတ်သည် သူ၏ ယုံကြည်ရာ ဂူစောင့်နတ်ဘုရားကို တိုင်တည်ပြီးသည်နှင့် သူ့ရှေ့၌ မျက်နှာအဝတ်စည်းလျက် ဒူးထောက်ထိုင်နေသော မြခက်





ဘက်သို့ ရုတ်တရက် လှည့်လိုက်သည်။ ပြီးလျှင် သူ့ခါးကြားထဲမှ အသင့်ယူဆောင်လာသော ဓားကောက်ကြီးကို ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။ တစ်တောင်နီးပါးရှိ ဝင်းလဲ့ထက်မြက်သော ဓားကောက်ကြီးမှာ မီးရောင်ကြောင့် လက်လက်ထသွားသည်။ မာမွတ်၏မျက်နှာမှာ ဘီလူးသဘက်စီးနေသကဲ့သို့ နီရဲနေသည်။ မကြာခင်၌ မြခက်၏လည်မျိုကို မာမွတ်က အသွားထက်သော ဓားကောက်ကြီးနှင့် လှီးဖြတ်ချေတော့မည်။

မာမွတ်က မြခက်၏ဦးခေါင်းကို ဖျတ်ခနဲ လက်တစ်ဖက်နှင့်ကိုင်သည်။ ပြီးလျှင် ဆံပင်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲ၍ မြခက်၏ဦးခေါင်းကို မော့စေသည်။ ထို့နောက် သူ၏ လက်တစ်ဖက်တွင် ကိုင်ထားသောဓားကောက်ကြီးနှင့် မြခက်၏ ရွှေလည်တိုင်ကို အားပါးတရ ချိန်ရွယ်ပြီး ရွှီခနဲ ခုတ်ချလိုက်သည်။

"အပါး၊ ရိုးရိုး ငါ့ခြေထောက်တော့ပြတ်ပြီ၊ ပြတ်ပါပြီ"

ရုတ်တရက် မြခက်ကို နောက်မှ အသေအချာ ချုပ်ကိုင်ထားသော ရေဒါပတ်၏ စူးရှသော အော်ဟစ်သံကို ကြားလိုက်ရသည်။ ရာစ်ဆက်တည်းမှာပင် ဓားကောက်ကြီးကိုင်ထားသော မာမွတ်မှာလည်း နောက်သို့လန်ပြီး လဲကျသွား၏။

အကြောင်းမူ ရေဒါပတ်တို့ ဆရာတပည့်ရှိရာ တောင်ကလပ်သို့ လှို့ဝှက်လမ်းမှတစ်ဆင့် အချိန်မီ ရောက်ရှိလာသော ဘစိန်က လေ၏ လျင်မြန်ခြင်းမျိုးနှင့် ဝင်ရောက်၍ မြခက်ကို အားပါးတရ တွန်းလှဲလိုက်သောကြောင့်ပင်တည်း။

လျင်မြန်သော ဘစိန်က မြခက်ကို ဝင်ပြီး တွန်းလိုက်ခြင်းကြောင့် မြခက်မှာ စောင်း၍ တုံးလုံးလေး လဲသွားသည်။ ထိုအခါ မာမွတ်၏ အားနှင့်ပိုင်းလိုက်သောဓားကောက်မှာ မြခက်၏လည်မျိုကို မခုတ်မိဘဲ ရေဒါပတ်၏ ခြေထောက်ကို သွားရောက် ခုတ်မိလေတော့၏။

ထို့ကြောင့် ရေဒါပတ်မှာ ကြောင်ပြီး မြခက်ကို လွှတ်လိုက်လေသည်။ တစ်ဆက်တည်းမှာပင် ဘစိန်က မာမွတ်၏ စူထွက်နေသော ဗိုက်ပူကြီးကို ခြေထောက်နှင့် အားပါးတရ ကန်လိုက်တော့၏။ မာမွတ်မှာ ရုတ်တရက် မမျှော်လင့်ဘဲ ခံလိုက်ရသည်မို့ ပက်လက်လန်၍ လဲကျသွားသည်။

ထိုအချိန်၌ ခြံထွန်းက ဘစိန်နည်းတူ နေရာမှ ပြေးထွက်လိုက်သည်။ ထို့နောက် ကိုယ့်ခြေထောက်ကို ကုန်း၍ နှိပ်နေသော ရေဒါပတ်အား ကျောကုန်းခြံတွေနှင့် အဆက်မပြတ် ပစ်ပေါက်လေတော့၏။ သူ့ပါးစပ်ကလည်း "မင်းတို့ကို ဂူစောင့်နတ်ဘုရား စိတ်ဆိုးသွားပြီကွ၊ မင်းတို့တော့ မကြာခင် ရူးတော့မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com

## သစ်ပိုးနီနီ

သည်ရာသီ သည်သမယ ရောက်ပြီဆိုလျှင် ကျွန်တော်တို့မှာ လုပ်ငန်းစကြရပေတော့မည်။ ကျွန်တော်တို့၏လုပ်ငန်းမှာ ရိုးမကြီးထဲသို့ သွားရောက်ပြီး မြင့်မားဝေသီသော သစ်ပင်ကြီးများပေါ်သို့ သတ်စွန့်ဆံဖျား ခဲရာခဲဆစ် တက်ရောက်၍ သစ်ပိုးနီနီများကို ရှာဖွေကြရသောလုပ်ငန်းပင် ဖြစ်လေသည်။

ကျွန်တော်တို့မှာ သစ်ပိုးနီနီ ရရှိစေရန်အတွက် ကျေးငှက်သာရကာနှင့် သိမ်းစွန်ရဲတို့၏ အသိုက်အမြုံများကိုလည်း ဖျက်ဆီးသင့်လျှင် ဖျက်ဆီးပစ်ရသည်။ အကိုင်းကို ခုတ်ရသည်။ အခက်အလက်တို့ကို ချိုင်ရသည်။

ထို့ကြောင့် ငှက်ျေးငှက်သာရကာတို့မှာ သူတို့၏ အိပ်စက်နားနေရာ အသိုက်အမြုံကို လာရောက် ဖျက်ဆီးပြီး သစ်ပိုးနီနီများကို ဖမ်းဆီးရပါမည်လားဟု ဒေါပွကာ ကျွန်တော်တို့ကို စစ်ကြေညာတော့သည်။ ကျွန်တော်တို့ ပင်ယံအထက်မှ အောက်သို့ လိမ့်ကျပြီး သေရန်အတွက် လည်းကောင်း၊ သူတို့၏ အသိုက်အမြုံများ မပျက်စီးရန်အတွက် လည်းကောင်း နည်းမျိုးစုံနှင့် ခုခံကာကွယ်တတ်ကြသည်။ ဘာသာဘာဝ အော်ဟစ်၍ တိုက်ခိုက်တတ်ကြသည်။ ထို့ပြင် တောရိုင်းတိရစ္ဆာန်တို့နှင့်လည်း တစ်ခါတစ်ရံ၌ တွေ့ကြုံရင်ဆိုင်ရသော လုပ်ငန်းပင် ဖြစ်လေသည်။

မည်သို့ဆိုစေ ထိုတိုက်ပွဲများကို အောင်မြင်အောင် တိုက်ခိုက်နိုင်မှသာ ကျွန်တော်တို့ အလိုရှိသော သစ်ပိုးနီနီကို လွယ်ကူစွာ ဖမ်းယူရရှိနိုင်မည်ပင် ဖြစ်လေသည်။

* * *

မိုးစင်စင်လင်းပြီ ဖြစ်သော်လည်း နေခြည်ကား မမြင်ရသေး။ မိုးအကုန်





ဆောင်းအစ ရာသီမို့ ပဲခူးရိုးမကြီးကို ငွေနှင်းတွေက သိုင်းခြုံ၍ထားလေသည်။ တောင်ခိုးတို့မှာ ငွေနှင်းတို့နှင့် ရောထွေးကာ အုံ့မှိုင်းနေသောရိုးမကြီးကို ဝိုင်းရံ၍ ခိုက်နေကြသည်။ နံနက်ခင်း၏လေမှာ တသုန်သုန်နှင့် မြူးကြွစွာ တိုက်ခတ်နေသည်။ လေ၏ တိုက်ခတ်မှုကြောင့် သစ်ပင်ဝါးပင်တို့ဆီမှ တရှဲရှဲနှင့် လှုပ်ရှားသံတို့ကို ကြားနေရသည်။ သစ်ရွက်တို့၏ လှုပ်ရှားမှုနှင့်အတူ နှင်းသီးနှင်းပေါက်တို့မှာလည်း သစ်ရွက်ခြောက် ဝါးရွက်ခြောက်များပေါ်သို့ ဖြိုးဖြိုးဖြောက်ဖြောက်မြည်ကာ ကျဆင်းနေကြလေသည်။

ရိုးမကြီးအတွင်းသို့ လှံ၊ ဓား၊ ပေါက်ပြား၊ ရဲတင်း၊ ကြိုးခွေနှင့် အခြားဝန်စည်စလည် ရိက္ခာတို့ကို တင်ဆောင်လာသော နွားလှည်းတစ်စီးပေါ်တွင် ဘကြီးဖြိုး၊ ကျွန်တော်နှင့် စံရွှေတို့ လိုက်ပါလာခဲ့ကြသည်။ နွားလှည်းကိုမူ ဘကြီးဖြိုး၏သားငယ် မောင်ပုက မောင်းနှင်လေသည်။ စောစီးစွာ ရောက်ရှိလာကြသော ကျွန်တော်တို့ကို ရိုးမကြီးဆီမှ အအေးဓာတ်က ဆီးကြို နှုတ်ဆက်လိုက်လေသည်။ နွားခလောက်ချူသံ တချွင်ချွင်နှင့် လှည်းဝင်ရိုးသံ တအီအီတို့မှာ သာယာနာပျော်ဖွယ် ရှိလှသည်။

ပင်ယံထက်ဆီမှ ကျေးငှက်သာရကာတို့သည် ညံစာစာနှင့် သဘာဝအသံကို ဟစ်ကြွေးကာ အိပ်တန်းဆင်းကြလေပြီ။ တစ်ချက်တစ်ချက်တွင် သစ်ရွက်လေတိုးသံနှင့် ရောထွေး၍ တရှဲရှဲနှင့် မြွေတွန်သံတို့ကိုလည်း ဟိုမှသည်မှ ကြားနေရသည်။ ရိုးမကြီး၏ ဟိုမှာဘက် တောနက်ဆီမှ ကျားဟိန်းသံနှင့် ဆတ်တစ်သံတို့ကိုလည်း ကြားရတတ်ချေသည်။ မည်သည့်ငှက်မှန်း မသိ ငှက်အစ်ကောင်၏ တဝါးဝါးနှင့် စူးရှစွာ အော်ဟစ်လိုက်သောအသံမှာ နံနက်ခင်း၏ အမင်္ဂလာအဖြစ် ထွက်ပေါ်လာသည်။ သည်အခါ အေးလွန်းသောဒဏ်နှင့်အတူ ကြားလာရသော အသံတို့ကြောင့် ကျွန်တော်တို့မှာ ကြက်သီးများပင် တဖြန်းဖြန်း ထသွားမိလေသည်။

ကျွန်တော်တို့မှာ တောင်ခြေရှိ ဥယျာဉ်တောရွာမှ မနက်မိုးမလင်းမီ ကတည်းကပင် နွားလှည်းတစ်စီးနှင့် ဝန်စည်စလည်များကို တင်ဆောင်ကာ ၍ရိုးမကြီးထဲသို့ လာခဲ့ကြခြင်းပင် ဖြစ်လေသည်။

ယခုဆိုလျှင် ရိုးမကြီး၏ တောနက်ထဲသို့ ရောက်လာကြပြီမို့ နွားများကို ငြာသည့်အနေနှင့် လှည်းပေါ်မှ ဝန်စည်စလည်များချကာ နွားလှည်းကို ရွာသို့ ပြန်လွှတ်လိုက်ကြသည်။ နွားလှည်းကို မောင်ပုကပင် မောင်းနှင်၍ ရွာသို့ ပြန်သွားချေပြီ။ သို့မဟုတ်ပါက သားရဲတိရစ္ဆာန်တို့၏ရန်ကို နွားများ



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိုးရိမ်ကြရသည်။ အကြောင်းမူ သစ်ပိုးနီနီကို ရှာဖွေကြရာတွင် တစ်ရက်နှင့်မပြီး။ တစ်ပတ်နှင့်လည်း မပြီးချေ။ အနည်းဆုံး အရက်နှစ်ဆယ်ခန့်မျှ ဤတောထဲတွင် နေထိုင်၍ အလုပ်လုပ်ကြရချေမည် မဟုတ်ပါလား။

မှန်သည်၊ ထို့ကြောင့် ကျွန်တော်၊ ဘကြီးဖြိုးနှင့် စံရွှေတို့မှာ ဝန်စည်စလည်များကို တစ်နေရာ၌ စုပုံပြီး နေရာကောင်း စခန်းကောင်းကို ရွေးချယ်နေကြသည်။ ကျွန်တော်တို့အဖို့ နေရာကောင်း စခန်းကောင်းကို ရွေးချယ်သည်ဆိုရာ၌ တောနက်အတွင်းရှိ ကုက္ကိုပင်၊ ရှားပင်၊ ကြို့ပင်ကြီးကြီးတို့ ပေါများရာနေရာကို ရှာဖွေကြခြင်းပင် ဖြစ်၏။ အကြောင်းမူ ၎င်းအပင်များ၌ ကျွန်တော်တို့ အလိုရှိသော သစ်ပိုးနီနီများကို ရှာဖွေဖမ်းယူ ရရှိနိုင်မည် ဖြစ်လေသည်။ သစ်ပိုးနီနီတို့မှာ ထိုအပင်ကြီးတို့၌ အိမ်ဆောက်၍ နေထိုင်တတ်ကြသောကြောင့်ပင်တည်း။

"ဟေ့. . ဒီအပင်ကို ငါပိုင်တယ်ကွ"

စံရွှေက စလျှင်စချင်း ဖောက်ပြီ။ ပုဆိုးနှစ်ပတ်စာ နီးပါးမျှရှိသော ကုက္ကိုပင်ကြီးကို မော့ကြည့်ရင်း သူက ဆိုသည်။ သူ့လက်ထဲတွင် အသင့်ပါလာသော ရဲတင်းနှင့် အပင်ကို လျင်မြန်စွာ ခုတ်ထစ်၍ အမှတ်အသား လုပ်လိုက်လေသည်။ ပြီးလျှင် ပွဲဦးထွက် အောင်ပွဲရသူပမာ ကျွန်တော်နှင့် ဘကြီးဖြိုးကို စိုက်ကြည့်ရင်း ပြုံးဖြဲဖြဲ လုပ်နေသည်။

စံရွှေ၏ အပြုအမူကို ကျွန်တော့်စိတ်ထဲ၌ သိပ်ပြီး မတွေ့လှ။ ယခုမှ တောထဲတောင်ထဲသို့ ရောက်လာကြသည်။ နေဖို့ထိုင်ဖို့အတွက် အရင်ဆုံး မစဉ်းစား၊ မည်သည့် အစီအစဉ်ကိုမျှလည်း မလုပ်မကိုင်ရသေး။ သစ်ပိုးနီနီကို မက်မောလှသော စံရွှေကို ကျွန်တော်နည်းတူ ဘကြီးဖြိုးလည်း သဘောကျမည် မဟုတ်ချေ။

"ဘကြီးဖြိုး ဒီအတိုင်းဆိုရင် ကျွန်တော်တို့ စံရွှေနဲ့အတူတူ အလုပ်လုပ်လို့ ဖြစ်ပါ့မလား၊ ဘယ့်နှယ်ဗျာ တဲလေး ဘာလေး ဆောက်ဖို့တော့ စိတ်မကူးဘူး။ သူ ရဖို့ကျတော့ တယ်သိတဲ့ကောင်ပဲ။ အတူတူလာတဲ့လူချင်းပဲ၊ အတူတူ လုပ် အတူတူ ဝေမျှယူပေါ့ဗျ"

ကျွန်တော်က စံရွှေကို မေးငေါ့သည်။ ပြီးလျှင် သူ၏ အပြုအမူကို မကြိုက်သဖြင့် အနီးရှိ ဘကြီးဖြိုးကို ခပ်တိုးတိုးပင် ပြောပြသည်။ သည်အခါ ဘကြီးဖြိုးက ကွမ်းတပျစ်ပျစ်ဝါးရင်း ခေါင်းတဆတ်ဆတ်ညိတ်သည်။

"အေးလကွယ်၊ ဒီမောင်စံရွှေဆိုတဲ့ကောင်ဟာ အတော် ခက်တာပဲ





ဟေ့. . စံရွှေ၊ မင်း အဲဒါတွေကို နောက်မှလုပ်၊ အခု လောလောဆယ် နေဖို့ထိုင်ဖို့က အရေးကြီးတယ်။ ဒီနေရာကို ရှင်းလင်းပြီး တဲဆောက်ဖို့ လုပ်ရမယ်ကွ"

ဘကြီးဖြိုးက ကျွန်တော့်ကိုပြောရင်း တစ်ဆက်တည်းမှာပင် စံရွှေကို အော်ပြောလိုက်သည်။ စံရွှေမှာ မျောက်အုန်းသီးရသကဲ့သို့ သူမှတ်ထားသော သစ်ပင်ကြီးကို အရိပ်တကြည့်ကြည့် ဖြစ်နေသည်။ ကိုင်လိုက်တွယ်လိုက်၊ မော့ကြည့်လိုက်နှင့် ပီတိတွေ ဝေနေသည်။ သူ့ဟန်ပန်မှာ ယခု ချက်ချင်းပင် ထိုအပင်ပေါ်သို့ တက်ရောက်တော့မည့် အတိုင်းပင်။

"အို. . ဘကြီးဖြိုးကလည်း ခက်လိုက်တာ၊ ကျွန်တော်တို့ ဒီတောထဲကို လာတာဟာ ဒီပစ္စည်းကို လိုချင်လို့ လာတာပဲ။ ဒီပစ္စည်းကို ကျွန်တော် အရင်တွေ့ပါလျက်နဲ့ ကျွန်တော် မရဘူးဆိုရင် ဘယ်ဖြစ်မလဲ၊ ဟေ့ကောင် မောင်ထွေး၊ ဒီအပင် ငါ့အပင်နော်"

ကြည့်ပါဦး၊ ကျွန်တော်တို့က သူ့အပင်ကို လုလည်းမလု၊ ကိုင်လည်း မကိုင်သေး။ သို့သော် စံရွှေက သူ့ပစ္စည်း သူ မရမှာ အလွန် ပူပန်နေသည်။ ကျွန်တော်တို့က လုယူမည် အထင်နှင့်လည်း စိုးရိမ်ပူပန်၍ ကျွန်တော့်ကိုပင် ခယကြည်သလို သူက ဆိုလာသည်။ ကျွန်တော်တို့တစ်တွေမှာ ဤရိုးမကြီးထဲသို့ လှည်းတစ်စီးထဲစီး၍ စိတ်တူကိုယ်တူနှင့် ခရီးအတူလာခဲ့ကြသူများပင် ဖြစ်၏။ ထို့အတူ ကျွန်တော်တို့ ရှာဖွေမည်ဖြစ်သော သစ်ပိုးနီနီကိုလည်း အတူတကွ ရှာဖွေပြီး ရသမျှပစ္စည်းများ အားလုံးကို ညီတူမျှတူ ဝေယူမည်ဟူသော ရည်ရွယ်ချက်နှင့် လာခဲ့ကြသည်သာ။

ယခု စံရွှေသည် တစ်ဦးနှင့်တစ်ဦး ထားခဲ့သောကတိများကို ပယ်ဖျက်၍ သူကပင် စတင်ကာ စည်းဖောက်လိုက်ချေပြီ။ ကျွန်တော်တို့အရပ်၌ တောထုံးစံ တောင်ထုံးစံတစ်ခု ရှိသည်။ တောထဲသို့ အတူတကွ ရောက်လာကြလျှင် အတူတကွ စိတ်ဝမ်းမကွဲဘဲ လုပ်စရာရှိသည်ကို ညီတူမျှတူ ဝိုင်းဝန်းလုပ်ကြရသည်။ အကယ်၍ တစ်ဦးတစ်ယောက်ကဖောက်၍ ခွဲခွဲခြားခြားလုပ်လျှင် စည်းပေါက်သည်ဟု အယူအဆ ရှိကြသည်။ စည်းပေါက်လျှင် တောထဲတောင်ထဲ၌ အန္တရာယ်တို့နှင့် တွေ့ကြုံရသည် ဟူ၍လည်း အစွဲအလမ်း ရှိလေသည်။ ယခု စံရွှေ၏ လောဘဇောတိုက်မှုကြောင့် ကျွန်တော်တို့မှာ စည်းပေါက်ရချေပြီ။ ထို့ကြောင့် ကျွန်တော့်မှာ စည်းဖောက်ရပါမည်လားဟု စံရွှေကို အသားတဆတ်ဆတ် တုန်လောက်အောင် ဒေါသဖြစ်ရသည်။

"ဟေ့ကောင် စံရွှေ၊ ဒါနဲ့ နဂိုတုန်းကတော့ အတူတူလုပ်ပြီး အတူတူ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး အတူတူဝေယူမယ်ဆိုကွ၊ အခု မင်းဟာက ဘယ်လိုသဘောလဲ၊ ဖောက်တာလား"

ကျွန်တော်ကလည်း မခံချင်တော့ချေ။ အပြောတစ်မျိုး အလုပ်တစ်မျိုးလုပ်သူကို အနည်းငယ်မျှ သဘောမကျချေ။ ကျွန်တော့်ကိုပါ မယုံသင်္ကာနှင့် "ဟေ့ကောင် မောင်ထွေး၊ ဒါ ငါ့အပင်နော်" ဟူ၍ ပြောဆိုလိုက်သည်မှာ ကျွန်တော်တင်မက ဘကြီးဖြိုးကိုပါ စော်ကားရာရောက်သည်။ ထို့ကြောင့် ကျွန်တော်ကလည်း စံရွှေကို ပြန်ပြောရတော့သည်။

"ဒါတော့ မင်းထင်ချင်သလိုထင်ပေါ့၊ ဖောက်တယ်ပဲထင်ထင် ဘယ်လိုပဲထင်ထင် ငါတွေ့တာတော့ ငါချည်းပဲ ယူမှာပဲ"

"အေး . . ဒီလိုလား၊ ကောင်းပြီ ဒီလိုဆိုရင် စိန်လိုက်၊ မင်း တို့နဲ့ မနေနဲ့တော့၊ မင်းဘာသာ တဲတစ်လုံးဆောက်ပြီး တခြားမှာ သွားနေ၊ မင်းဟာမင်းကျားကိုက်လို့ သေချင်လည်းသေ၊ တို့ကတော့ လက်ပိုက်ကြည့်နေမှာပဲ"

"ဟေ့ကောင် မင်း မင်းဘာပြောတယ်၊ မင်းအမေကျားကိုက်ရမှာလားတောက်. . ငါတယ်လေ ဟင်း၊ ဘယ်တော့မှ မင်းတို့နဲ့ အတူမနေဘူး။ မနေဘူးကွ၊ မနေဘူး"

"စံရွှေက လက်သီးလက်မောင်းတန်း၍ ကျွန်တော့်ကို ပြန်အော်သည်။

"အေး မနေနဲ့ အခုထွက်သွား"

ကျွန်တော်ကလည်း ဒေါသနှင့် ပြန်ပြောသည်။

"အို . . မင်းတို့ကလည်း တယ်ခက်တာကိုး၊ အခုမှ အလုပ်တောင် မစရသေးဘူး၊ အခုကတည်းကွာ မပြေလည်ရင် ရှေ့လျှောက် ဘယ့်နှယ်လုပ်မလဲ။ တော်ကြကွာ တော်ကြ၊ လာပါ စံရွှေရယ် မင်းကလည်း ဒေါချည်းပဲကိုးကွ၊ မင်းပစ္စည်းကိုလည်း တို့က မယူပါဘူး၊ တို့နဲ့ပဲ အတူတူနေပါ။ တောထဲတောင်ထဲမှာ မကောင်းဘူးကွ။ မင်းဘာသာမင်း တို့နဲ့ တခြားစီ လုပ်ချင်လည်း လုပ်ပါ။ တစ်ယောက်နဲ့တစ်ယောက် ဘာမှ ပြဿနာလုပ်စရာ မလိုပါဘူး။ မောင်ထွေးကလည်း ကျေနပ်ပါကွာနော်။ မင်းကလည်း နောက်ကို ဒီလို မပြောနဲ့၊ ကဲ ကဲ တဲဆောက်ဖို့ လုပ်ကြကိုင်ကြကွာ"

ဘကြီးဖြိုးက ပြေရာပြေကြောင်း ဝင်ပြောသည်။ ထို့ကြောင့် ဘကြီးဖြိုးကို လေးစားသော ကျွန်တော့်မှာ ဘာမှ ဆက်မပြောဘဲ ငြိမ်နေရသည်။ ထို့အတူ စံရွှေလည်း ငြိမ်သွားသော်လည်း ကျွန်တော့်အပေါ်၌ သိပ်ပြီး ကျေနပ်ပုံမရချေ။ မျက်ထောင့်နီကြီးနှင့် မျက်မှောင်ကုပ်၍ ကျွန်တော့်ကို စိုက်ကြည့်နေဆဲပင်





အညီး။ စံရွှေသည် အပင်ကို မက်လျှင်လည်း မက်စရာ၊ ထိုသစ်ပင်ကြီး၌ သစ်ပိုးနီနီတို့မှာ အခက်လိုက် အခက်လိုက်၊ အဆုပ်လိုက် အဆုပ်လိုက်နှင့် မျိုးပွားချင်တိုင်းပွား၍ ကြီးမား များပြားနေချေသည်။ သစ်ကိုင်းသစ်ခက်တို့တွင် မြင်နေရသော ညိုညစ်ညစ်တုံးများကို စုစည်းလိုက်မည်ဆိုလျှင် အနည်းဆုံး သစ်ပိုးနီနီတို့မှာ (၉) ပိဿာကျော်၊ (၁၀) ပိဿာနီးပါးမျှ ရရှိနိုင်မည်ဟု ခန့်မှန်းရလေသည်။ သစ်ပိုးနီနီ တစ်ပိဿာပင် ထားဦးတော့ ငွေ (၁၀၀)မှ ငွေ (၂၀၀)ကျပ်အထိပင် စံရွှေအဖို့ ပွဲဦးထွက် တွက်ခြေကိုက်သွားချေပြီ။

ဤသည်တို့ကြောင့် ထိုအပင်ကြီးမှ ရရှိသော သစ်ပိုးနီနီများကို အတူတကွ ခွဲခြမ်းဝေမျှယူမည်ဆိုလျှင် အဘယ်မျှ ကောင်းမည်နည်းဟူ၍ ကျွန်တော်က တွေးတောမိ၏။ ထို့အတူ ကျွန်တော်နှင့် စံရွှေတို့မှာလည်း လူငယ်များပီပီ သခုလို ပစ္စည်းလောဘကြောင့် လည်းကောင်း၊ စံရွှေ၏ စတင် စည်းဖောက်မှုကြောင့် လည်းကောင်း တစ်ယောက်တစ်ခွန်း စကားများကြရခြင်းပင် ဖြစ်လေသည်။ ဤသည်ကို ဘကြီးဖြိုးက လူကြီးပီပီ အကျိုးသင့်အကြောင်းသင့် ရှင်းလင်းပြောပြသည်မို့ ကျွန်တော့်မှာ တစ်ဦးနှင့်တစ်ဦး မကျေနပ်သော်လည်း ငြိမ်၍ကုပ်နေကြရသည်။ ထို့နောက် စုပေါင်း၍ နေထိုင်ပြီး အလုပ်လုပ်ရန်နှင့် တဲဆောက်ရေးကို သုံးယောက်သား စီမံ စိုင်းပြင်းကြရလေတော့သည်။

* * *

သစ်ပိုးနီနီ ဆိုသည်မှာ ကျွန်တော်တို့၏ ဝေါဟာရအရ ချိပ်ပိုးကို ဆင်စား၍ ခေါ်ဝေါ်ခြင်းပင် ဖြစ်လေသည်။ အကြောင်းမူ ချိပ်ပိုးများမှာ နီရဲသော အရောင်အဆင်းရှိပြီး သန်းကဲ့သို့ သေးငယ်သောကြောင့်ပင်တည်း။

မြန်မာနိုင်ငံ၌ရှိသော ချိပ်ပိုးများသည် တစ်နှစ်လျှင် နှစ်ကြိမ်ကျ သားပေါက်ကြလေသည်။ ချိပ်ပိုးအမတစ်ကောင်၏ သားပေါက်နှုန်းမှာ သားတစ်ခါပေါက်လျှင် ချိပ်ပိုးကောင်ငယ် (၂၀၀) မှ (၅၀၀)အထိ ပေါက်ဖွားနိုင်လေသည်။ ချိပ်သည် စင်စစ် အင်တွဲ၊ တမာစေးတို့ကဲ့သို့ အစေးတစ်မျိုးပင် ဖြစ်၏။ ချိပ်ပိုးကောင်ငယ်များ ပြုလုပ်ထားသော ပိုးအိမ်များကိုယူ၍ ချိပ်ပြုလုပ်ရခြင်းပင် ဖြစ်လေသည်။ ချိပ်ရည်ထုတ်လုပ်သော သစ်ပိုးနီနီများမှာ သစ်ပင်ကိုင်းများတွင် တွယ်ကပ်၍ နေထိုင်ကြလေသည်။

ချိပ်ပိုးတို့ မှီဝဲသုံးဆောင်သော အစားအစာမှာ ၎င်းတို့ တွယ်ကပ်နေသော အပင်တို့မှ ပင်ရည်များကိုသာ စားသုံးကြလေသည်။ ချိပ်ပိုးတွယ်ကပ်တတ်သော အပင်မျိုးမှာ ရှားပင်၊ ကုက္ကိုပင်၊ ဆီးပင်၊ ပေါက်ပင်၊ သဖန်းပင်၊ ညောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြို့ပင် စသည်တို့ ဖြစ်ကြလေသည်။ ချိပ်ပိုးတို့သည် မိမိတို့ တွယ်ကပ်နေရာ အပင်မှ သစ်ရည်တို့ကို စုပ်ယူပြီးနောက် သူတို့၏ ကိုယ်ခန္ဓာမှ တစ်ဖန် အပြင်သို့ ပြန်လည်၍ ထုတ်ပစ်ကြ၏။ ထုတ်ပစ်သောအရည်မှာ ချိပ်ရည်များပင် ဖြစ်၏။ ထိုချိပ်ရည်တို့ များပြားလာသောအခါ မာကျော၍ ပိုးကောင်တစ်ကောင်လုံးကို ဖုံးအုပ်နိုင်သော အိတ်ကလေး ဖြစ်လာသည်။ ပိုးကောင်တို့ များပြားလာသည်နှင့်အမျှ ထိုအိတ်ကလေးတို့သည် များပြားလာသည်။ များပြားလာသော အိတ်ကလေးများကို တစ်ခုနှင့်တစ်ခုဆက်၍ စုပေါင်းလိုက်သောအခါ ချိပ်အုံကြီး ဖြစ်လာလေတော့သည်။

ထိုချိပ်အုံကြီးထဲ၌ ပိုးကောင်များ မရှိတော့သည့်အချိန်သို့ ရောက်သောအခါ သစ်ကိုင်းကို ခုတ်ယူကြရသည်။ ပြီးမှ ထိုသစ်ကိုင်းတွင် တွယ်ကပ်နေသော ချိပ်အုံကိုခွာယူ၍ ချိပ်ပြုလုပ်ရခြင်းပင် ဖြစ်၏။ သို့မှသာ ကောင်းမွန်သောချိပ်ကို ရရှိနိုင်လေသည်။ ချိပ်သည် ပလတ်စတစ်များ မပေါ်မီ အတော် ခေတ်စားခဲ့သည်။ ယခု ပလတ်စတစ်များ ပေါ်လာသောအခါ ချိပ်အသုံးပြုရာနေရာ တချို့တွင် ပလတ်စတစ်တို့က နေရာအစား ဝင်ယူကြလေသည်။ ချိပ်ကို ဆိုးဆေး ဓာတ်ဆေးများ ဖော်စပ်ရာတွင် လည်းကောင်း၊ ပါဆယ်ထုပ်များ၊ ချောစာအိတ်နှင့် စာချုပ်စာတမ်းများ၌ တံဆိပ်ခတ်နှိပ်ရာတွင် လည်းကောင်း၊ မင်ဖော်စပ်ရာတွင် လည်းကောင်း၊ အလှအပနှင့်သက်ဆိုင်သော ပုတီး လက်ကောက်ပစ္စည်းများ ပြုလုပ်ရာတွင် လည်းကောင်း ပန်းထိမ်ပြုလုပ်ရာတွင်လည်း အသုံးပြုကြလေသည်။

ထို့အပြင် ချိပ်သည် လျှပ်စစ်မီးခလုတ်အဖုံးများပြုလုပ်ရာ ကော်များတွင်လည်း ချိပ်တစ်မည် ပါဝင်လေသည်။ ကျောက်သွေးလုပ်ငန်း လုပ်ကိုင်စားသောက်သူများ အဖို့တွင်လည်း ချိပ်သည် အလွန် အရေးပါ အရာရောက်သော ပစ္စည်းတစ်ခုပင် ဖြစ်လေသည်။

ချိပ်ကို ရာသီအလိုက် ခေါ်ဝေါ်ပြောင်းလဲမှု ရှိ၏။ သီတင်းကျွတ်လ၌ မျိုးဆက်ပြီး တန်ခူးလ၌ ရိတ်သိမ်းသောချိပ်ကို တန်ခူးချိပ်ဟု ခေါ်ဝေါ်လေသည်။ တန်ခူးလ၌ မျိုးဆက်ပြီး သီတင်းကျွတ်လ၌ ရိတ်သိမ်းသောချိပ်ကို သီတင်းချိပ်ဟု ခေါ်ဆိုလေသည်။ မြန်မာနိုင်ငံတွင် ချိပ်ရှာဖွေရရှိသောကာလမှာ တစ်နှစ်လျှင် တန်ခူးလနှင့် သီတင်းကျွတ်လ နှစ်လသာ ရှာဖွေရရှိနိုင်လေသည်။ အခြားလများ၌ ချိပ်ကို ရှာဖွေရရှိနိုင်မည် မဟုတ်ချေ။

ချိပ်ကို ခေါ်ဝေါ်ကြပုံမှာ ချိပ်လက်ခံပင် အမျိုးအစားတို့ကိုလိုက်၍





ခေါ်ဝေါ်ကြလေသည်။ ကြို့ပင်မှထွက်သောချိပ်ကို ကြို့ချိပ်ဟု၍ ခေါ်ဝေါ်သည်။ ကုက္ကိုပင်မှထွက်သောချိပ်ကို ကုက္ကိုချိပ်၊ ဆီးပင်မှရသောချိပ်ကို ဆီးချိပ် စသည်ဖြင့် ခေါ်ဝေါ်ကြလေသည်။ သို့ရာတွင် ပယင်းရောင်အဆင်းရှိပြီး ကြို့ပင်မှရရှိသော ကြို့ချိပ်မှာ အဖိုးအတန်ဆုံး ဖြစ်၏။ မြန်မာနိုင်ငံ၏ ကြို့ချိပ် အများဆုံးထွက်ရှိရာအရပ်မှာ ကယားပြည်နယ် ဖြစ်လေသည်။

ကမ္ဘာပေါ်တွင် ချိပ်အထွက်ဆုံးသောနိုင်ငံများမှာ အိန္ဒိယပြည်နှင့် မြန်မာနိုင်ငံတို့ပင် ဖြစ်လေသည်။ မြန်မာနိုင်ငံမှ ထွက်သောချိပ်များ၏ ဆယ်ပုံတိုးပုံကျော်မှာ ရှမ်းပြည်နယ်မှ ရရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံရှိ ချိပ်ထွက်ရာအရပ်ဒေသများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပြင်ဦးလွင်၊ ဇန်းမော်၊ ကသာ၊ မင်းဘူး၊ ယောနယ်၊ အောက်ချင်းတွင်းနယ်၊ သရက်ခရိုင်နှင့် ဟင်္သာတနယ်များ ဖြစ်၏။ ထိုနယ်များမှ ချိပ်အထွက်နှုန်းမှာ တစ်နှစ်လျှင် ပိဿာချိန် (၂)သိန်းကျော် ရှိသည်ဟု သိရှိရသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံးဆိုလျှင် တစ်နှစ် ပျမ်းမျှထွက်နှုန်းမှာ ပိဿာချိန် (၃)သိန်းကျော် ထွက်ရှိကြောင်း ကြားသိရပေသည်။ ချိပ်ရောင်းဈေးမှာ တစ်ပိဿာလျှင် (၁၈) ကျပ်မှ (၂၀)ကျပ်အထိ ချိပ်ကောင်းလျှင် ကောင်းသလို ဈေးကောင်းကောင်း ရရှိနိုင်လေသည်။

ပန်းထိမ်လုပ်ငန်းတွင် သဘာဝချိပ်ရိုးရိုးကို အသုံးပြုနေသည့်နေရာ ရှိသလို၊ ကိုယ်တိုင် ဖော်စပ်၍ အသုံးပြုကြရသောချိပ်လည်း ရှိသေးသည်။ ကိုယ်တိုင် ဖော်စပ်၍ အသုံးပြုရသောချိပ်ကို သူတို့၏ ဝေါဟာရအရ "နင်းချိပ်" ဟု ခေါ်ဆိုလေသည်။ နင်းချိပ် ဖော်စပ်ပုံမှာ အိုးတစ်ခုထဲသို့ အင်တွဲ (၅၀)ကျပ်သား၊ အုတ်နီခဲအမှုန့် (၂၅)ကျပ်သားနှင့် နှမ်းဆီကို ခပ်ချွဲချွဲလေး ထည့်ရသည်။ ထို့နောက် ရေနံဆီကို (၅) ကျပ်သားခန့် ထပ်ထည့်၍ မွှေပေးရပြန်သည်။ ရေနံဆီထည့်၍ မွှေပေးပြီးသောအခါ အိုးကို ခွင်ပေါ်မှချကာ အအေးခံ၍ ထားလိုက်ရသည်။ အေးသွားသည်နှင့် အုတ်မှုန့်ရောင်သန်းပြီး စေးပိုင်နေသော နင်းချိပ်ကို ရရှိလေသည်။ ထိုအချိုးအစားအတိုင်းပင် နင်းချိပ် များများ အလိုရှိပါက အင်တွဲ၊ အုတ်နီခဲမှုန့်နှင့် ဆီတို့ကို တိုး၍ထည့်ကာ လိုသလောက် ပြုလုပ်ရရှိနိုင်လေသည်။ (အုတ်နီခဲအမှုန့်များကို ထည့်ရာတွင် ထောင်း၍ ညက်နိုင်သမျှ ညက်အောင် ပြုလုပ်ကြရသည်။ တတ်နိုင်လျှင် ပိတ်ပါးနှင့် စစ်ထည့်ပါက ပိုမိုကောင်းမွန်လေသည်။ ရေနံဆီ၏ အချိုးအစားကို မိုးတွင်းအခါ၌ များများထည့်ရသည်။ နွေအခါဆိုလျှင် ပူလောင်လွန်းသော ရာသီကြောင့် ချိပ်များ အရည်ပျော်စေရန် အနည်းငယ် လျှော့၍ ထည့်ရလေသည်။)



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ပြုလုပ်သောနင်းချိမ်သည် သဘာဝချိပ်များကဲ့သို့ ရေရှည်ခံသည့်အပြင် အကုန်အကျလည်း သက်သာလေသည်။ ချိပ်ကို ပန်းထိမ်လုပ်သူများက ပန်းထုရာတွင် လည်းကောင်း၊ ပန်းနင်းရာတွင် လည်းကောင်း အသုံးပြုသည်မို့ နင်းချိပ်ဟူ၍ ခေါ်ဆိုခြင်း ဖြစ်လေသည်။ ငွေဖလားနှင့်ပန်းနှင့် စပ်ဆိုင်သောပစ္စည်း၊ ရွှေထည်ငွေထည်ကို ပြုလုပ်ရာတွင် အသုံးပြုသည်ဟု လေ့လာသိရှိရသည်။

* * *

သိပ်သည်းသော အမှောင်ထုကို တောက်ပသောအလင်းရောင်က တဖြည်းဖြည်း ဝါးမျိုနေသည်။ အမှောင်ထု အားလျော့သွားသည်နှင့် အရှေ့မိုးကောင်းကင်တစ်ခုလုံး ကြည်လင်ဝင်းပ၍ လာလေသည်။

"အောက်. . အီး . . အီးအွတ်"

တောနက်ဆီမှ တောကြက်ဖတို့၏ တွန်ကျူးသံတို့ကို ဟိုမှသည်မှ ကြားနေရသည်။ ပင်ယံထက်မှာ အိပ်စက်နားနေကြသော ကျေးငှက်သာရကာတို့မှာလည်း သဘာဝတေးကို ဟစ်ကြွေး၍ အိပ်တန်းဆင်းကြလေပြီ။

ရိုးမကြီးတစ်ခုလုံးမှာ တောင်ခိုးတွေနှင့် ဝေနေသည်။ တိမ်နှင့် တောင်ခိုးတို့မှာ တောင်ကို မိုးနေကြသည်။ တောင်ခိုးနှင့် တိမ်တို့မှာ ရောယှက်လိမ်၍ ညို့မှိုင်းအုံ့နေသော ရိုးမကြီးကို သိုင်းခြုံ၍ထားလေသည်။ ထို့ကြောင့် အရှေ့ဆီမှ အလင်းရောင်မှာ ထွန်းတောက်လာပြီ ဖြစ်သော်လည်း အရာရာကို သဲကွဲစွာ မမြင်ရ။ ဝိုးတဝါး ဖြစ်နေသည်။ ချမ်းလိုက်အေးလိုက်သည်မှာလည်း အသည်းခိုက်မတတ်ပင်တည်း။

"ဟေ့ မောင်ထွေး၊ ထတော့လေ မိုးလင်းပြီကွ"

ဘကြီးဖြိုး၏ အော်နိုးသံကို ကျွန်တော် ကြားရသည်။ သို့သော် ကျွန်တော်က မထချင်သေး။ ခပ်အေးအေးမို့ ဇိမ်နှင့် ကွေးနေချင်သည်။ မနေ့က နေထိုင်ရန်နှင့် အလုပ်လုပ်ရန် တဲဆောက်ရသည်မှာ တစ်နေ့လုံးပင်။ ညနေစောင်းမှ ပြီးစီးခဲ့သည်။ ဝါးခုတ်၊ အင်ဖက်ရှာနှင့် လုံးဝ အားမနေခဲ့ရချေ။ တဲဆောက်ပြီးစီးသောအခါ နောက်တစ်နေ့အတွက် လုပ်ငန်းစရန် သစ်ပိုးနီနီရှိရာ သစ်ပင်ကြီးများကို တောနက်ထဲ၌ ရှာဖွေရသည်။ အမှတ်အသားလုပ်ရသည်။ ထို့ပြင် သစ်ပိုးနီနီများရှိရာ ဝါးလှေကားများ ပြုလုပ်ကာ အသင့် စီမံထားရှိခဲ့ရသည်။ ဤသည်တို့ကြောင့် ကျွန်တော်၏ တစ်ကိုယ်လုံးမှာ နုံးနွမ်းနေသည်မို့ ညက တစ်ရေးမှ မနိုးခဲ့။ ယခု ဘကြီးဖြိုးခေါ်မှပင် နိုးလာပြီး မိုးလင်းနေပြီဖြစ်



ကြောင်းလည်း သိရလေသည်။ သို့သော် ကျွန်တော်က မျက်လုံးကို မဖွင့်သေးဘဲ အင်းရှည်ဆွဲကာ ညည်းနေမိသည်။

"ဟဲ့. . အကောင် ထတော့လေ၊ မိုးလင်းပြီကွ။ အပျင်းထူ မနေစမ်းနဲ့"

ဘကြီးဖြိုးက ဒုတိယအကြိမ် ထပ်ဆင့်ခေါ်နိုးသောအခါ ကျွန်တော့်မှာ မနေသာတော့။ အိပ်ရာက လူးလဲထရသည်။ ပြီးလျှင် အိပ်ရာကို သိမ်းဆည်းကာ မျက်နှာသစ်ရန် ပြင်ဆင်ရတော့သည်။

ဘကြီးဖြိုးကမူ မည်သည့်အချိန်က နိုးနေသည်မသိ။ တဲအတွင်း၌ အငွေ့တထောင်းထောင်းထနေသော ရေနွေးကြမ်းတစ်အိုးနှင့် အဖော်ပြုနေပေပြီ။ ညကတည်းက သစ်မြစ်၊ ဝါးမြစ်တုံးကြီးများကို မီးဖိုကြီးများ ပြုလုပ်၍ တဲဝန်းကျင်တွင် မီးထည့်ထားခဲ့ကြသည်။ ထိုမီးဖိုကြီးများမှ မီးတို့မှာ ယခုထက်တိုင်ပင် မသေသေးဘဲ တငွေ့ငွေ့နှင့် လောင်ကျွမ်းဆဲပင်။ ထိုကဲ့သို့ ပြုလုပ်မထားလျှင် တောရိုင်းတိရစ္ဆာန်တို့၏ရန်ကို စိုးရိမ်ပူပန်ရသည် မဟုတ်ပါလား။

တဲရှေ့ရှိ မီးဖိုကြီးများမှ တအူအူ ထွက်နေသော မီးခိုးတို့မှာ အလိပ်လိုက်အလိပ်လိုက်နှင့် ဝေ့ဝိုက်ကာ ရိုးမကြီးကိုကျော်၍ မိုးပေါ်သို့ ထိုးတက်နေကြသည်။

"ဟိုအကောင် စံရွှေကော နိုးပလား။ မနိုးရင် နှိုးလိုက်လေ"

ဘကြီးဖြိုးက မျက်နှာသစ်ရန်ထွက်လာသော ကျွန်တော့်ကို အော်ပြောမြန်သည်။

သည်အခါမှပင် ကျွန်တော့်မှာ စံရွှေကို သတိရမိ၏။ တဲအတွင်း၌ အိပ်စက်ရန် ပြုလုပ်ထားသော ကွပ်ပျစ်တွင် ဘကြီးဖြိုး၊ ကျွန်တော်နှင့် စံရွှေတို့ သုံးယောက်သားမှာ တန်းစီ၍ အိပ်စက်ကြသည်။ ယခု ကျွန်တော် အိပ်ရာက နိုးလာသောအချိန်တွင် စံရွှေကို မတွေ့ရ။ ဘကြီးဖြိုးကလည်း စံရွှေ မနိုးသေးဟူ၍ ထင်မြင်ပုံရသည်။ ထို့ကြောင့်လည်း ကျွန်တော့်ကို စံရွှေအား နှိုးခိုင်းခြင်းပင်ဖြစ်၏။ ကျွန်တော်ကလည်း စံရွှေ အိပ်နေသည်ဟုသာ ထင်သည်။ မျက်နှာသစ်ပြီးမှပင် စံရွှေကို နှိုးတော့မည်ဟု ဆုံးဖြတ်ကာ တဲရှေ့ရှိ ရေစည်ထဲမှ ရေကိုခပ်ကာ ခပ်အေးအေးပင် မျက်နှာသစ်နေမိသည်။ ယခုလို ရေကောင်းရေသန့်များ သုံးစွဲနိုင်ရန်အတွက် တဲနှင့် မနီးမဝေးတွင်ရှိသော တောင်ကျစမ်းမှ မနေ့ကတည်းကပင် သွားရောက် ထမ်းပိုးထားခဲ့ရသည် မဟုတ်ပါလား။

ရုတ်တရက် ကျွန်တော်တို့တဲ၏ တောင်ဘက်ဆီမှ အော်သံဟစ်သံလိုလို အသံတစ်ခု ကြားရသည်။ ထို့ပြင် တအားအားနှင့် ကျိုးအော်သံတို့မှာ ဟိုမှသည်မှ



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ပါးစပ်ထဲရှိရာကို အော်ဟစ်၍ ကျောက်ခဲတွေနှင့် ပစ်ပေါက်သည်။ ခြောက်လှန့်သည်။ ခြံထွန်း၏ အားပါးတရ အော်ဟစ်သံမှာ ထုံးကျောက်ဂူတစ်ခုလုံးကို ဟိန်းထသွားလေသည်။

ထိုအခါ ရေဒါပတ်မှာ မည်သို့မည်ပုံ စိတ်ပြောင်းသွားသည်မသိ၊ "နတ်ဘုရား တို့ကို စိတ်ဆိုးသွားပြီ၊ တို့ကို စိတ်ဆိုးသွားပြီ" ဟု အော်ကြီးဟစ်ကျယ် ပြောဆိုကာ ထုံးကျောက်ဂူ၏ တောင်ကလပ်မှ သွေးရူးသွေးတန်းနှင့် ပြေးဆင်းသွားတော့၏။

ဘစိန်မှာ မည်သူ့ကိုမျှ ဂရုမစိုက်နိုင်။ သတိမေ့ကာ တုံးလုံးလေး လဲကျနေသော မြခက်ကိုပွေ့၍ ပခုံးပေါ်သို့ ထမ်းလိုက်သည်။ မြခက် ပါးစပ်နှင့် မျက်နှာမှ အဝတ်တို့ကို လျင်မြန်စွာ ဖယ်ရှားပစ်သည်။ ထို့နောက် ထုံးကျောက်ဂူ၏ တောင်ကလပ်ပေါ်က ခပ်သွက်သွက်ပင် ဆင်းလာခဲ့လေသည်။

ဘစိန်မှာ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ သူချစ်သူကိုထမ်း၍ တောင်အောက်သို့ ရောက်ရှိပြီး ပျောက်ကွယ်သွားလေသည်။

ထိုအချိန်၌ ရေဒါပတ်၏ သွေးရူးသွေးတန်း အော်သံကြားလာရသည်။

"တို့ကို နတ်ဘုရား စိတ်ဆိုးသွားပြီ၊ နတ်ဘုရား စိတ်ဆိုးသွားပြီ"

ရေဒါပတ်၏အသံမှာ တောတောင်အလုံးကို ထိုးဖောက်ပြီး အရှုးကြီး မာမွတ်ဆီသို့ ရောက်သွားသည်။ လေက ခပ်ကြမ်းကြမ်း တိုက်ခတ်လိုက်၏။ ထို့ကြောင့် အရူးကြီးမာမွတ် တရိုတသေ ထွန်းထားသော ဖယောင်းတိုင်များမှာလည်း ဟုတ်ခနဲ ငြိမ်းသေသွားကြသည်။ တစ်ဆက်တည်းမှာပင် ကျောက်ဂူ အသီးသီးတို့ဆီမှ လင်းနို့တို့၏ ကြောက်လန့်တကြား အော်ဟစ်သံတို့ကို ဆူညံစွာ ကြားလာရသည်။ အသံနှင့်အတူ ကျောက်ဂူ အသီးသီးမှ ဝေါခနဲ ဝေါခနဲ ပျံထွက်လာကြသော လင်းနို့များမှာ မိုးကောင်းကင်တစ်ခုလုံး ပြည့်လျှံသွားလေ၏။

ဤသည်တို့ကြောင့် ရူးသွပ်နေသော သူဌေးကြီးမာမွတ်၏ အရူးစိတ်မှာ အထွတ်အထိပ်သို့ ရောက်သွားတော့သည်။

"နတ်ဘုရား စိတ်ဆိုးသွားပြီ၊ နတ်ဘုရား စိတ်ဆိုးသွားပြီ" ဟူသော အသံမှာလည်း ငှက်ဆိုးတို့ အော်သံကို ထိုးဖောက်ပြီး ထွက်ပေါ်လာနေ၏။ ထို့ကြောင့် မာမွတ်သည် သူ့စိတ်ကိုသူ ထိန်းသိမ်းခြင်းငှာ မစွမ်းသာတော့။

"နတ်ဘုရားကို ငါ စိတ်ဆိုးအောင် လုပ်မိပြီ၊ နာကတိပျက်ပြီ၊ နာ့ကတိတော့ အပျက်မခံဘူးဟေ့၊ နာ့သွေးကိုပဲ နတ်ဘုရားကို လှူတော့မယ်"

ကုလားသူဌေးကြီးမာမွတ်မှာ ပြောပြောဆိုဆိုပင် ကိုယ်ကို မတ်မတ်ရပ်





လိုက်သည်။ ပြီးလျှင် ဖယောင်းတိုင်များ ငြိမ်းနေသောနေရာသို့ စိုက်ကြည့်ပြီး အရှိအသေပေးလိုက်သည်။ ထို့နောက် သူ့လက်ထဲက ဓားကောက်ကြီးနှင့် သူ့လည်မျိုကို ရဲရဲတင်းတင်း ဆတ်ခနဲ လှီးဖြတ်ချလိုက်လေသည်။

ခဏအကြာတွင် မာမွတ်မှာ မတ်တတ်ရပ်မှ ဘိုင်းခနဲ လဲကျသွားလေသည်။ နီရဲသောသွေးတို့မှာ ထုံးကျောက်ဂူ၏ တောင်ကလပ်တစ်ဝိုက်တွင် အိုင်ထွန်း၍ ချောင်းစီးပြီတည်း။

ကျောက်ဂူတန်း အသီးသီးမှ သိန်းသန်းမက မရေမတွက်နိုင်လောက်အောင် များပြားသော လင်းနို့တို့မှာ တဝေါဝေါနှင့် အိပ်တန်းမှ ထွက်လာကြသည်။ လင်းနို့တစ်အုပ်သည် အနောက်ဘက်ဆီသို့ ပျံသန်းရန် အားယူ တာစူနေရာမှ ထုံးကျောက်ဂူရှိရာသို့ လှည့်လည်ပြီး ပျံဝဲလာကြသည်။ ထို့နောက် မာမွတ် အသေဆိုးနှင့် သေဆုံးနေရာ တောင်ကလပ်တွင် ဝဲပျံရင်း ကောင်းကင်မှ အောက်သို့ ထိုးဆင်းလိုက်ကြလေသည်။

သည်အခါ ညမှာ ပိန်းပိန်းပိတ်အောင် မှောင်သွားလေပြီတည်း။

*(၁၉၇၄ ခုနှစ် မေလထုတ် ငွေတာရီမဂ္ဂဇင်း။)*

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com



ကြားလာလေသည်။

"ဟော့မောင်တွေး၊ စံရွှေ ဘယ်သွားလဲ မသိဘူး။ တဲထဲမှာ မရှိဘူးကွ၊ သူ့အိပ်ရာတွေ ဘာတွေလဲ သိမ်းထားတယ်။ ဒီကောင် တော်တော်ခက်တယ်။ မပြောမဆိုနဲ့ တောထဲတောင်ထဲမှာ ဒုက္ခပါပဲ"

ဘကြီးဖြိုးက မျက်နှာသစ်ပြီး တဲထဲသို့ ပြန်ဝင်လာသော ကျွန်တော့်ကို ဆိုသည်။ သူ၏အသံမှာ ပူပန်စိုးရိမ်စိတ်နှင့် သောကစိတ်များ ရောထွေးနေသည်။ သူ၏မျက်လုံးက ဖြင်းလက်လာသည်။ ပြီးလျှင် ဘကြီးဖြိုးက ခပ်တွေတွေ လုပ်နေသည်။

"အို. . ဘကြီးဖြိုးကလည်း ပူစရာမရှိ ကြံဖန်ပြီး ပူနေတာပဲ၊ စံရွှေဟာ ကလေးလေးမှ မဟုတ်ဘဲ၊ သူ့ အပေါ့အပါးသွားနေတာ ဖြစ်မှာပေါ့"

ကျွန်တော်ကလည်း စိုးရိမ်ရန်ကောဟူသည့် သဘောနှင့် ဘကြီးဖြိုးကို ပြန်ပြောလိုက်သည်။ ထို့နောက် မျက်နှာမှ မခြောက်သေးသော ရေများကို ခါးတွင် ဝတ်ထားသောလုံချည်နှင့် သုတ်ပစ်နေသည်။ ကျွန်တော်တို့မှာ တောထဲတောင်ထဲသို့လာကာ အလုပ်လုပ်ကြသူများ ဖြစ်ခြင်းကြောင့် မျက်နှာသုတ်ပဝါကို ယူဆောင်လာစရာ မလိုချေ။ တစ်နည်းအားဖြင့် ကိန်းကြီးခန်းကြီး လုပ်စရာမလိုဘဲ ဖြစ်သလိုနေပြီး ဖြစ်သလိုသာ စားသောက်ကြရပေသည်။ ထို့ကြောင့်လည်း ကျွန်တော့်မှာ မိမိခါးတွင် ဝတ်ထားသောလုံချည်နှင့်သာ မျက်နှာကို သုတ်ရခြင်း ဖြစ်၏။

"အား . . အား . . အား"

ထိုအချိန်တွင် ကျီးအော်သံတို့မှာ တဲ၏တောင်ဘက်ဆီမှ တသောသော နှင့် ဆူဆူညံလာပါသည်။ တစ်ချက်တစ်ချက်တွင် ကျီးအော်သံများကို ထိုးဖောက်၍ ချေဟောက်သံတို့ကိုလည်း ကြားလာရသည်။

"မင်း ဒီမှာနေဦး၊ ငါ ဒီကောင့်ကို လိုက်ရှာဦးမယ်"

ဘကြီးဖြိုးက စံရွှေကို လိုက်ရှာမည်ဟု ဆိုသဖြင့် ကျွန်တော့်မှာလည်း မနေသာတော့။ ဘကြီးဖြိုးက "မင်း ဒီမှာနေဦး၊ ငါ ဒီကောင့်ကို လိုက်ရှာဦးမယ်" ဟု ပြောဆိုသော်လည်း ကျွန်တော်က မနေရက်၊ ဘကြီးဖြိုးနှင့်အတူ လိုက်ပါရန်သာ ပြင်ဆင်ရသည်။ သို့မဟုတ်ပါက "ဘဝတူချင်းချင်း၊ အကြင်နာတရား မရှိဘူး၊ အပူအပင် မရှိဘူး" ဟု တစ်ချိန်တစ်ခါတွင် ပြောစရာ ဖြစ်လာနိုင်သည် မဟုတ်ပါလား။

"နေဦးလေ. . ဘကြီးဖြိုး၊ ကျွန်တော်လည်း လိုက်မှာပေါ့၊ ကျီးတွေ





အော်လှချည်လား"

"အေး . . အဲဒါကြောင့်ပြောတာ၊ မနက်စောစောစီးစီး ကျီးအာတယ်၊ ချေဟောက်တယ်၊ တစ်တီတူးအော်တယ်ဆိုရင် တောကောင်ကြီးတွေနဲ့ တွေ့ကြုံရတတ်တယ်"

ဘကြီးဖြိုးက ပြောပြောဆိုဆိုနှင့် သူ၏ လက်သုံးတော် ဒူးလေးကြီးကို တဲခေါင်းရင်းတွင် ချိတ်ထားရာမှ လှမ်းယူလိုက်သည်။ ထို့ကြောင့် ကျွန်တော်က လည်း ဆောင်မားနှင့် လှံရှည်ကို ယူဆောင်ရသည်။ ပြီးလျှင် ဘကြီးဖြိုးနှင့် ကျွန်တော်မှာ တဲမှထွက်၍ တဲနားဝန်းကျင်အနှံ့ စံရွှေကို ရှာဖွေကြလေသည်။ သို့သော် စံရွှေကို တဲနားဝန်းကျင်တစ်ဝိုက်တွင် မတွေ့ရ။ ရေများ သွားချိုးနေသလား ဟူသော အတွေးကြောင့် တောင်ကျစမ်းချောင်းဆီသို့လည်း သွားကြည့်သည်။ ရှာဖွေသည်။ စံရွှေ၏ အစအနပင် မတွေ့မမြင်ရ။ စံရွှေတစ်ယောက် ဘယ်ကိုများ ရောက်နေပြီလဲ ဟူ၍လည်း ကျွန်တော်တို့မှာ မစဉ်းစားတတ်အောင် ဖြစ်နေသည်။

သည်အခါမှပင် ကျွန်တော်တို့မှာ စိုးရိမ်စိတ်တွေ လွှမ်းကဲလာတော့သည်။ မှန်သည်၊ တောထဲသို့ ရောက်စဉ်ကလည်း စံရွှေက စတင်၍ စည်းဖောက်ခဲ့သည်၊ စည်းဖောက်လျှင် အန္တရာယ်နှင့် တွေ့ကြုံရသည်ဟူသော အတွေးတို့ကြောင့်လည်း ကျွန်တော်နှင့် စံရွှေမှာ လူငယ်တို့သဘာဝအရ စကားများခဲ့ရသည် မဟုတ်ပါလား။ သည်အတွေးနှင့်အတူ "မင်းဘာသာမင်း တဲတစ်လုံးဆောက်ပြီး တခြားမှာ သွားနေ၊ တို့နဲ့လည်း လာမရောနဲ့ ကင်းကင်းနေ၊ မင်းဘာသာမင်း ကျားကိုက်လို့သေလည်း တို့ကတော့ ကြည့်နေမှာပဲ" ဟူ၍ သူ့ကို ဒေါသနှင့် ပြောခဲ့သောစကားများကို ယခုမှ ကျွန်တော် ပြန်လည် တွေးတောလာမိသည်။ ထိုအခါ ကျွန်တော် ပြောလိုက်သလို ကျိန်ဆဲလိုက်သလိုပင် စံရွှေမှာ ကျားကိုက်၍ သေပြီလားဟုလည်း တွေးတောပူပန်မိပြန်သည်။

ထိုအတွေးနှင့်အတူ ကျွန်တော့်ရင်ထဲ၌ ဒိန်းခနဲ ဖြစ်သွားမိသည်။ ကျွန်တော်တို့မှာ ဤတောကြီးထဲသို့ တစ်ဦး၏အသက်ကို တစ်ဦး၌ပုံကာ ယုံကြည်ခြင်းဖြင့် အတူလာခဲ့ကြသူများပင် ဖြစ်၏။ အကယ်၍ ကျွန်တော်တို့ ထင်မြင်သလို စံရွှေများ တစ်ခုခု ဖြစ်သွားလျှင် ကျွန်တော်တို့၌ တာဝန်ကင်းမည်မဟုတ်၊ စံရွှေမည်မျှပင် ကျွန်တော်တို့အပေါ်၌ ဆိုးသွမ်းစေခဲ့ပေမယ့် စံရွှေ၏ ဆိုးသွမ်းမှုကိုမူ လူသိမည်မဟုတ်။ ကျွန်တော်တို့အပေါ်၌သာ အစစအရာရာ မေးမြန်း၍ ပြောစရာ ဖြစ်လာမည်မှာ မုချပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



သည်အခါ စံရွှေ မပါဘဲ ရွာကို ဘယ်လိုလုပ် ပြန်မည်နည်း။ ရွာက လူတွေ မေးလျှင် မည်သို့ ဖြေဆိုရမည်နည်း ဟူ၍လည်း ခုနစ်စဉ်အမျှင်တန်း ကရွတ်ကင်းလျှောက် တွေးတောမိသည်။

မည်သို့ဆိုစေ စံရွှေတစ်ယောက် ဘာမှ မဖြစ်ပါစေနဲ့ဟု စိတ်ထဲမှကျိတ်၍ ဆုတောင်းရသည်မှာ အခါခါ။ ထိုအချိန်တွင် တဲတောင်ဘက်ဆီမှ စောစောက ကြားခဲ့ရသော ကျီးအော်သံများမှာ ပို၍ပို၍ ဆူညံလာသည်။

"အား . . အား . . အား"

တစ်တောလုံး တစ်တောင်လုံးကို ကျီးအော်သံများကသာ စိုးမိုးမင်းမူနေသည်။ ကျီးပြိုမှုနှင့်အတူ ကျွန်တော်တို့၏ စိတ်မှာလည်း မတည်ငြိမ်တော့ချေ။ ချမ်းအေးသော နံနက်ခင်းပင် ဖြစ်သော်လည်း စံရွှေအတွက် စိုးရိမ်မှုကြောင့် ဇောချွေးများပင် ပြန်ချင်သလို ဖြစ်လာလေတော့သည်။

"ကဲ မောင်ထွေး၊ ငါတို့ ကျီးအော်နေတဲ့နေရာကိုသွားမယ်။ တွေ့လို တွေ့ငြားပေါ့ကွာ။ မင်းက ဟိုဘက်ကပတ်ပြီး သတိနဲ့သွား။ ငါက ဒီဘက်ကပတ်ပြီး လူခွဲသွားမယ်"

ဘကြီးဖြိုးက ပြောပြောဆိုဆိုနှင့် ခါးတောင်းကျိုက်၍ သူ၏ ဒူးလေးကြီးကို မောင်းတင်ကာ နေရာမှ ထွက်ခွာသွားလေသည်။ ထို့ကြောင့် ကျွန်တော့်မှာလည်း ဓားရှည်တစ်လက်နှင့် တစ်လံမျှရှိသောလှံကို လက်တစ်ဖက်စီကိုင်ပြီး စံရွှေကို တောနင်း၍ ရှာဖွေခန်းဖွင့်ရလေတော့သည်။

* * *

အရွက်များ ဝါကြန့်ကြန့် ဖြစ်နေသော ကုက္ကိုပင်ကြီး၏ ဝန်းကျင်တွင် ကျီးကန်းများက ဆူဆူညံနေကြသည်။ ကုက္ကိုပင်ကြီး၏ ဟိုမှာဘက်တွင် တောအထပ်ထပ် တောင်အသွယ်သွယ်တို့မှာ ကာဆီးဝန်းရံနေကြသည်။ တောင်ခိုးတို့ သိုင်းခြုံ၍ မှိုင်းဆဝနေသော ရိုးမကြီးမှာ လှုပ်ရှားမှုများနှင့်အတူ ထိတ်လန့်ကြောက်မက်ဖွယ်ပါတကား။

ကျီးကန်းအချို့မှာ မိုးပေါ်သို့ ပျံတက်လိုက်၊ အောက်သို့ ထိုးဆင်းလိုက် ပျံဝဲလိုက်နှင့် ဂနာမငြိမ် ဖြစ်နေသည်။ သည်နေရာ တစ်နေရာတည်း၌သာ အော်ဟစ်ပျံဝဲ၍ ဆူညံလှုပ်ရှားနေပုံကို ကြည့်ခြင်းအားဖြင့် သည်နေရာ၌ အကြောင်းထူးတစ်ခု ရှိရမည်ဟု ကျွန်တော်က တွေးမိသည်။

ကျီးကန်းများ၏ သဘာဝမှာ ကျား သို့မဟုတ် ကြီးမားသော တောကောင်ကြီးများကိုတွေ့လျှင် ဘာသာဘာဝအရ အော်ဟစ်တတ်ကြသည်။





ချေဟောက်၍ တစ်တီတူးတို့လည်း အော်ဟစ်တတ်ကြသည်။

အကြောင်းမူ ကျားသည် အသားစားသတ္တဝါ ဖြစ်သည့်ပြင် တောတိရစ္ဆာန်တို့၏ ဘုရင်တစ်ဆူလည်း ဖြစ်လေသည်။ ထို့ကြောင့် မည်သည့်သတ္တဝါကိုမျှ ချမ်းသာပေးလေ့ မရှိချေ။ တွေ့ရာတောတိရစ္ဆာန်တို့ကို ကိုက်သတ်ဝါးမျိုစားသောက်ပစ်တတ်သည်။ ဤသည်တို့ကြောင့် ကျားကို ကျီးများ တွေ့မြင်သွားလျှင် တောတိရစ္ဆာန်တို့၏ သဘာဝအရ "ရန်သူလာပြီ၊ ဒီနေရာမှာ ရန်သူရောက်နေပြီ ရှောင်ကြရှားကြလော့" ဟူသော သဘောနှင့် အချင်းချင်း အချိတ်အဆက်ပြုလုပ်၍ သတိပေးကာ အော်ဟစ်ကြခြင်းလည်း ဖြစ်၏။ အချုပ်ဆိုရသော် ဘဝတူအချင်းချင်း စောင့်ရှောက်ကြသည့် သဘောပင်တည်း။

မှန်သည်၊ ကျားရှိသောနေရာသို့ သွားကြည့်စရာမလို။ တောတောင်၏ သဘာဝကို အကဲခတ်ပါကလည်း သိရှိနိုင်လေသည်။ ထို့ကြောင့် ကျွန်တော်တို့ တဲမှ မထွက်ခင် ဘကြီးဖြိုးက စံရွှေမရှိသည့်ကိစ္စနှင့်ပတ်သက်၍ "အေး . . အဲဒါ ကြောင့်ပြောတာ၊ မနက်စောစောစီးစီး ကျီးပြိုတယ်၊ ချေဟောက်တယ်၊ တစ်တီတူး အော်တယ်ဆိုရင် အန္တရာယ်ရှိတတ်တယ်၊ တစ်တီတူးအော်တယ်ဆိုရင် အန္တရာယ် ရှိတတ်တယ်" ဟု ကျွန်တော့်ကို ရိပ်ဖမ်းသံဖမ်း ပြောဆိုခဲ့သည်ပင်။

သည်အခါ တောအကြား တောင်အကြားကို အနည်းငယ် နားလည်သော ကျွန်တော့်အဖို့မှာ ထိုအတွေးတွေ ဝင်လာပါမှ ပိုမို၍ ထိတ်လန့်လာမိသည်။ သို့သော် သတိနှင့်ကိုယ်ကို မကွာစေဘဲ မျက်လုံးကိုလည်း တတ်နိုင်သမျှ ဖွင့်ရသည်။ နားကိုလည်း စွင့်ရသည်။

"အား . . အား . . အား"

ကျီးအော်သံမှာ ကျွန်တော် သည်အနားသို့ရောက်လာမှ ပိုမို၍ ဆူညံလာသည်ဟု ထင်မိသည်။ ကျီးကန်းများမှာ ကျွန်တော့်ကိုကြည့်၍ "ဟေ့လူမိုက် ရှေ့မတိုးနဲ့ . . မတိုးနဲ့၊ ရှေ့မှာ အန္တရာယ်ရှိတယ်၊ သတိထား" ဟူ၍ ပြောကြားနေသယောင်ပင် ထင်မှတ်ရလေသည်။

"လုပ် . . လုပ်ကြပါဦး"

ဟိုက် . . ဒုက္ခ၊ ရုတ်တရက် ကျီးအော်သံများကို ထိုးဖောက်၍ သစ်ပင်ကြီးအနီးမှ အသံနက်ကြီးနှင့် အော်ဟစ်သံကို ကျွန်တော် ကြားရသည်။ သည်အသံမှာ စံရွှေ၏အသံမှလွဲ၍ မည်သူ၏အော်သံများ ဖြစ်ဦးမည်နည်း။ ကျွန်တော့် ရင်ထဲ၌လည်း ဆူပူသွားကာ "ဟုတ်ပြီ . . ဟုတ်ပြီ၊ ဒုက္ခပဲ . . ဒုက္ခပဲ၊ စံရွှေကို ကျားကိုက်နေပြီ။ ငါ . . ငါဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ" ဟူ၍လည်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ် အပြန်အလှန် မေးမိသည်။ သို့သော် အဖြေကား ပေါ်မလာခဲ့။ ကြောက်ဒူးတွေတုန်ပြီး ရင်တွေသာ ခုန်နေတော့သည်။

"အား . . လုပ် . . လုပ်ကြပါဦး"

ထပ်ဆင့်၍ သစ်ပင်ကြီးအနီးမှ စံရွှေ၏ ဗလုံးဗထွေးအော်သံကို ကြားရပြန်ပြီ။ "လုပ်ကြပါဦး" ဆိုသည်ကို ဆုံးအောင်ဝင် မအော်နိုင်တော့။ "သွားပြီ ဒီကောင်တော့ ရှသပြီ" ဟူသော အတွေးနှင့်အတူ စံရွှေအပေါ်၌ သနားကြင်နာစိတ်တို့မှာ ယိုဖိတ်လာရတော့သည်။ ထို့ပြင် သူ၏ မချိမဆန့် အော်သံကို ကြားရသည်မှာ ကျွန်တော်၏အသည်းကို အပ်နှင့်ထိုးသထက်ပင် အခံရခက်စွာ နာကျင်ရသည်။ ဆို့နစ်သောဝေဒနာကိုလည်း ရင်ထဲ၌ လှိုက်လှဲပြင်းထန်စွာ ခံစားရပြန်သည်။

"စံရွှေ သေပြီနဲ့တူတယ်၊ အော်သံလည်း မကြားရတော့ဘူး၊ ဒုက္ခပဲ . . ဒုက္ခပဲ။ ဟယ် မထူးပါဘူး။ သူ့ဆီကို သွားပြီးကယ်မှ၊ ကြောက်နေလည်း အပိုပဲ။ ယောကျ်ားပဲ" ဟု ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်သည်။ သူရဲဘောကြောင်သော ကျွန်တော်မှာ သနားကြင်နာစိတ်ကြောင့် ရဲရင့်လာသည်။

"စံရွှေရေ ငါတို့ လာပြီဟေ့၊ ဘာမှ အားမငယ်နဲ့၊ မကြောက်နဲ့၊ ယောကျ်ား"

ကျွန်တော်သည် မိမိကိုယ်ကို အားပေးကာ အော်ဟစ်ပြောဆိုလိုက်သည်။ ကျွန်တော်၏ ကြင်နာသောစိတ်နှင့် အော်ဟစ်လိုက်သောအသံမှာ အရာရာကို ထိုးဖောက်၍ တစ်တောလုံး ပဲ့တင်ထပ်၍ ညံသွားလေသည်။ ထို့နောက် ကျွန်တော်သည် လှံနှင့်ဓားကို မြဲမြဲကိုင်၍ အသံကြားရာ သစ်ပင်အောက်ဆီသို့ ကျားကိုက်ခြင်း ခံနေရသော စံရွှေကို ကယ်တင်ရန် ခြသေ့တစ်ကောင်၏ ရဲရင့်ခြင်းမျိုးနှင့် ပြေးသွားသည်။

ကျွန်တော်သည် လျှပ်မြန်တက်ကြွဖျတ်လတ်သော အဟုန်ဖြင့် ဓားနှင့်လှံကို မြဲမြဲကိုင်ကာ သစ်ပင်ကြီးအောက်သို့ ရောက်သွားသည်။ ရောက်လျှင်ရောက်ချင်း သစ်ပင်ကြီးဝန်းကျင်တွင် မျက်လုံးကစား၍ စံရွှေကို ရှာဖွေသည်။ သို့သော် သစ်ပင်ကြီး၏ အနီးပတ်ဝန်းကျင်တွင် စံရွှေ၏ အရိပ်အယောင်မျှပင် မတွေ့ရ။ "ခုနက ဒီက အော်သံကြားတယ်၊ အခု ဘယ်ရောက်သွားပြန်ပြီလဲ၊ တောက်" ဟုလည်း ပါးစပ်မှ လွှတ်ခနဲ ပြောမိကာ ဒေါပွသွားမိသည်။

"ဟေ့ကောင် မောင်ထွေး၊ ငါ . . ငါ . . ဒီမှာ၊ လုပ် . . လုပ်ပါဦး"

ရုတ်တရက် သစ်ပင်ပေါ်က စံရွှေ၏ အော်ခေါ်သံကို ကြားရသည်။





ထို့ကြောင့် ကျွန်တော့်မှာ သစ်ပင်ပေါ်သို့ ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ ထိုအခါမှပင် စံရွှေ၏ အဖြစ်ကိုကြည့်၍ မှင်သက်မိကာ ငိုင်တွေသွားရသည်။ ရင်ဆို့မောရသည်။ အံ့အားသင့်စိတ်နှင့်အတူ ကြောင်ပြီး ဘာလုပ်၍ ဘာကိုင်ရမှန်းလဲ မသိတော့ချေ။

ထိုအတူ ဒူးလေးကြီးကိုင်၍ စံရွှေရှိရာသို့ ရောက်လာသော ဘကြီးဖြိုးမှာလည်း ကျွန်တော့်နည်းတူပင် တွေဝေသွားသည်။ ပြီးလျှင် ပင်ယံထက်မှ အဖြစ်ဆိုးလှသော ဝေဒနာကို ခံစားနေရသည့် စံရွှေကို မည်သို့မည်ပုံ ကယ်ဆယ်ရမှန်း မသိလောက်အောင် စဉ်းစားရကျပ်သွားကြသည်။

"ဘကြီးဖြိုး လုပ် . . လုပ်ပါဦးဗျာ အား . . ကျွန်တော် သေရတော့မယ်"

စံရွှေက ပင်ယံထက်မှ အော်နေပြန်သည်။ ကျွန်တော်နှင့် ဘကြီးဖြိုးမှာ စံရွှေ၏ အဖြစ်ဆန်းကို မော့ကြည့်ရင်း အံ့အားသင့်နေဆဲပင်။ ကျွန်တော်နှင့် ဘကြီးဖြိုးတို့ ထင်မြင်ယူဆချက်မှာ ပါစင်အောင် လွဲမှားသွားချေပြီ။ အကြောင်းမူ စံရွှေမှာ ကျွန်တော်တို့ထင်သလို ကျားကိုက်ခံရသည်လည်းမဟုတ်၊ မည်သည့် တောရိုင်းတိရစ္ဆာန်နှင့်မျှလည်း မတွေ့မကြုံ။ သူ၏ဖြစ်ပုံမှာ ပင်ယံထက်မှ ကြီးမားသော သစ်ကိုင်းတစ်ခုတွင် ခါးကိုကြိုးချည်၍ မှောက်လျက်သား တွဲလွဲကျကာ ချာလည်ချာလည်နှင့် ယက်ကန်ယက်ကန် ဖြစ်နေသောကြောင့်ပင်တည်း။

ဤသည်ကို အခွင့်ကောင်းယူ၍ ကျီးကန်းများက အော်ဟစ်၍ သူ့ကိုယ် အနှံ့အပြားသို့ ဝိုင်းဝန်း ထိုးဆိတ်နေကြလေသည်။ ထို့ပြင် စံရွှေမှာ စွပ်ကျယ်လက်ပြတ်နှင့် လုံချည်ကို ခါးတောင်းမြှောင်အောင် ကျိုက်ထား၏။ ထို့ကြောင့် ကြီးမားသော မျောက်တစ်ကောင်ကို ခါးမှ ကြိုးနှင့်ချည်၍ ဆွဲထားသောပုံကဲ့သို့ အပေါ်တက်လို့လည်းမလွယ်၊ အောက်သို့ဆင်းရန်လည်း မဖြစ်နိုင်။ သူ၏ ကိုးရိုးကားရားသဏ္ဌာန်မှာ ကျီးကန်းများအတွက် ပိုမို၍ မျက်စိရှုပ်စေသည်။ ယင်းကြောင့် ကိုးရိုးကားရား ဖြစ်နေသော စံရွှေကို ကျီးကန်းများက အောင်သေအောင်သား အမှတ်နှင့် အစွမ်းကုန် ဝိုင်းဝန်း ထိုးဆိတ်နေသည်ဟု ဆိုလျှင်လည်း မမှားနိုင်ချေ။

ကျွန်တော်တို့မှာ စံရွှေ၏ ဖြစ်ပုံကိုကြည့်ပြီး အစ၌ ငိုင်တွေနေသော်လည်း နောက်ဆုံးတွင် ငိုအားထက် ရယ်အားသန် ဆိုသလို ဖြစ်ကြရသည်။ ရှာဖွေစဉ်က သူ့ကို မတွေ့ရသဖြင့် ပူပင်ခဲ့ရသော စိုးရိမ်စိတ်များ ပျောက်ကွယ်သွားကာ ရယ်ချင်သောစိတ်ကို မနည်းပင် မျိုသိပ်ထားရတော့၏။

"အား . . အား . . အား"

ကျီးကန်းတို့မှာ အော်ဟစ်၍ ကြိုးတန်းလန်းဖြင့် ချာလည်လည်နေသော



www.burmeseclassic.com

www.burmeseclassic.com



စံရွှေကို အုံခဲ၍ ထိုးဆိတ်နေကြသည်။ အောင်သေအောင်သား စားရသကဲ့သို့ မြိန်ရေရှက်ရေ ပွဲတော်တည်နေကြသည်။ ပမာဆိုရသော် ဆံပင်ချည် တစ်ချောင်းနှင့် အတွယ်အတာ မရှိသောနေရာမှ တန်းလန်းဆွဲထားသော ထမင်းလုံး တစ်လုံးကို ပုရွက်ဆိတ်မည်းမည်းများ ဝိုင်းအုံနေသည့် ပုံမျိုးပင်တည်း။

ဤသည်တို့ကြောင့် စံရွှေမှာ ကျီးကန်းများ ထိုးဆိတ်ခြင်းခံရ၍ နာကျင်သည်က တစ်ကြောင်း၊ သူ့ခါးမှ သေချာစွာ ချည်နှောင်ထားသော သက်ကယ်ကြိုးက တင်းကျပ်လွန်းသဖြင့် ပွန်းပဲ့သည့်ဒဏ်ကြောင့် လည်းကောင်း မလှုပ်သာ မလှည့်သာ ဖြစ်နေသည်။ အကယ်၍ သူ့တစ်ကိုယ်လုံး၏ အလေးချိန်ကိုဆွဲထားသော သက်ကယ်ကြိုး ပြတ်သွားလျှင်လည်း အောက်သို့ ပစ်ကျကာ ဇက်ကျိုးပြီး သေမည်မှာ မုချပင်။ စံရွှေအဖို့ မည်သည့်နေရာမျှ မသက်သာလှပေ။

ကျွန်တော်တို့ သစ်ပိုးနီနီ ရှာဖွေသောသူများမှာ သက်စွန့်ဆံဖျား ဝေသီ မြင့်မားသော သစ်ပင်ကြီးများပေါ်သို့ ခဲရာခဲဆစ် တက်ရောက်ကြရသည်။ ထို့နောက် သစ်ပိုးနီနီများ ခိုအောင်းရာနေရာနှင့် သစ်ကိုင်းသစ်ခက်များမှ ပိုးအိမ်များ ခွာယူရသည်။ သစ်ကိုင်းသစ်ခက်တို့ကို ခုတ်ရသည်။ ထိုအခါ ခြေချော်လက်ချော်ဖြစ်ပြီး အောက်သို့ ပစ်ကျလျှင် အသက်ဘေးရန်မှ ကာကွယ်နိုင်ရန်အတွက် မိမိ၏ခါးကို မိမိတစ်ကိုယ် အလေးချိန်နိုင်မည့် အုန်းဆံကြိုးကြီးတစ်စနှင့် ချည်နှောင်ထားရသည်။ ကြိုး၏ ကျန်တစ်စထိပ်တွင် သံချိတ်ကြီးရှိ၏။ ထိုသံချိတ်ကြီးကို မိမိနှင့်နီးရာ သစ်ကိုင်းကြီးများတွင် ချိတ်၍ထားလေသည်။ ပြီးမှ မိမိအလိုရှိသော သစ်ကိုင်းသစ်ခက်များမှ သစ်ကိုင်းသစ်ခက်တို့ကို ခုတ်ရသည်။ ယခုလို လုပ်ရင်းကိုင်ရင်းနှင့် ခြေချော်လက်ချော်ဖြစ်ပြီး အောက်သို့ လိမ့်ကျသွားပါက ခါးတွင် ချည်နှောင်ပြီး ကိုင်းတွင် ချိတ်ထားသောချိတ်နှင့် သက်ကယ်ကြိုးကြောင့် သစ်ပင်အောက်သို့ မည်သည့်နည်းနှင့်မျှ မကျနိုင်ဘဲ သက်ကယ်ကြိုးက လူကို ထိန်းသိမ်းထားလေမည် မဟုတ်ပါလား။

ထို့နောက် တွဲလောင်းကြီး ဖြစ်နေသောလူမှာ မိမိခါးမှ သက်ကယ်ကြိုးကို အားကိုးကာ ၎င်းကြိုးကို ကိုင်တွယ်၍ အပင်ပေါ်သို့ ပြန်လည်ပြီး တက်ရောက်နိုင်လေသည်။ ထို့ပြင် သက်ကယ်ကြိုး၏ တစ်ဖက်စကို သံချိတ်ကြီး ပြုလုပ်ထားခြင်းအားဖြင့် သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးချင်လျှင်လည်း လွယ်ကူစွာ ခုန်ကူးနိုင်လေသည်။ အကြောင်းမူ ထိုသံချိတ်ကြီးကို မိမိကူးလိုသည့် အကိုင်းသို့ လွှားခနဲ ကူးသန်းသွားလာနိုင်လေသည်။ ထို့ကြောင့် ကျွန်တော်တို့ခါးတွင် ချည်ထား၍ သွားလေရာရာတွင် ယူဆောင်သွားရသော အုန်းဆံကြိုးကြီးကို





ကျွန်တော်တို့၏ ဝေါဟာရအရ သက်ကယ်ကြိုး ဟူ၍ ခေါ်တွင်လေသည်။

ယခု စံရွှေမှာ မည်သို့မည်ပုံ ဖြစ်သည်မသိ။ ခါးကို ကြိုးချည်ပြီး ပေ (၃၀-၄၀) နီးပါးမြင့်သော ပင်ယံထက်တွင် ချိတ်ဆွဲထားသကဲ့သို့ မှောက်လျက် ယက်ကန်ယက်ကန် ဖြစ်နေသည်။ ကျီးတွေက သူ့ကို ဝိုင်းဝန်းထိုးဆိတ်နေခြင်း ကြောင့် လည်းကောင်း၊ သူ၏ လှုပ်ရှားမှုကြောင့် လည်းကောင်း ပုခက်လွှဲသလို ဖြစ်လိုက်၊ ယိမ်းထိုးလိုက်နှင့် ဖြစ်နေသည်။

"ဟေ့မောင်ထွေး၊ လှေကားသွားယူချေ။ ငါ ကျီးတွေကို ခြောက်မယ်"

ဘကြီးဖြိုးက ပြောပြောဆိုဆိုနှင့် စံရွှေကို ဝိုင်းဝန်းထိုးဆိတ်နေသော ကျီးကန်းများကို "တဟေ့ဟေ့၊ တဟာဟ" နှင့် အော်ဟစ်ခြောက်လှန့်တော့သည်။ ပြီးလျှင် အနီး၌ တွေ့ရသော ဝါးလုံးအခွေးကြီးကို တုတ်တစ်ခုနှင့် ရိုက်ခတ်တီးခေါက်၍လည်း ခြောက်လှန့်သည်။ တစ်ခဏချင်းမှာပင် ကျီးအော်သံ၊ လူအော်သံများနှင့် တဒုံးဒုံး ဝါးခေါက်သံတို့မှာ ကမ္ဘာပျက်သည့်အလား ဆူဆူညံနေလေသည်။

ကျွန်တော့်မှာလည်း အအားမနေရ။ လှံနှင့်ဓားကို အသာချကာ လှေကားကို ပြေး၍ ယူရသည်။ ဝါးနှင့် ပြုလုပ်ထားသော လှေကားကြီးမှာ ပေ(၃၀) ကျော်မျှ ရှိသည်မို့ တစ်ဦးတည်း မနိုင်မနင်း ဖြစ်နေသည်။ ထို့ကြောင့် ထမ်းပိုးခြင်း မပြုဘဲ ကမန်းကတန်းပင် တရွတ်တိုက်၍ တဲနားမှ ဆွဲယူခဲ့ရသည်။ စံရွှေ တွဲလောင်းကြီး ဖြစ်နေသော သစ်ပင်အနားသို့ ရောက်သောအခါ ကျွန်တော်နှင့် ဘကြီးဖြိုးမှာ လှေကားကြီးကို နှစ်ယောက်ကိုင်၍ ထောင်ကြရသည်။ ပြီးလျှင် စံရွှေရှိရာ သစ်ကိုင်းဆီသို့ လှေကားကို တိုး၍တိုး၍ ရွှေ့ပေးလိုက်၏။ ထို့ကြောင့် စံရွှေ တန်းလန်းကြီးဖြစ်နေရာ သစ်ကိုင်းကို အမှီပြု၍ လှေကားကြီးမှာ ထောင်ပြီးသား ဖြစ်သွားလေသည်။

"ဟေ့ စံရွှေ၊ လှေကားကိုတွယ်ပြီး မင်းခါးက သက်ကယ်ကြိုးကို ဖြုတ်ပြီး ဆင်းတော့"

ဘကြီးဖြိုးက စံရွှေကို အော်ပြောသည်။

"ကဲ. . မောင်ထွေး၊ ငါ အပေါ်တက်မယ်၊ မင်းက လှေကားကို မရွှေ့အောင် မြဲမြဲကိုင်ထား"

ဘကြီးဖြိုးက ပြောပြောဆိုဆိုနှင့် ခါးတောင်းကျိုက်၍ လှေကားပေါ်သို့ တက်သွားလေသည်။ ထို့ကြောင့်လည်း ကျွန်တော့်မှာ စံရွှေရှိရာသို့ လှေကားကို တစ်ထစ်ချင်းနင်းကာ တက်သွားသော ဘကြီးဖြိုးအား တမော့မော့နှင့် မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း လှေကား မရွှေ့အောင် အောက်မှကိုင်ကာ ထိန်းထားရသည်။ မကြာခင်မှာပင် စံရွှေရှိရာသို့ ဘကြီးဖြိုး ရောက်ရှိသွား၏။

စံရွှေအဖို့ ယခုမှပင် စိတ်သက်သာရာ ရသွားလေသည်။ ထို့အတူ ကျွန်တော့်မှာလည်း ယခုမှပင် ဟင်းချရတော့သည်။

ကျွန်တော်တို့က လှေကားကို ပေးလိုက်သဖြင့် စံရွှေမှာ သူ့လက်နှစ်ဖက်နှင့် လှေကားရှာစွန်းကို လှမ်းကိုင်လိုက်သည်။ ထိုအခါမှပင် ယိမ်းထိုးပြီး ချာလည်လည်နေသော သူ၏ ကိုယ်အရှိန်မှာ ရပ်တန့်သွားတော့၏။ ထို့နောက် သူ့ဆီသို့ ရောက်ရှိလာသော ဘကြီးဖြိုးက သစ်ကိုင်းနှင့် လှေကားထိပ်ကို ခွ၍ ရပ်လိုက်သည်။ ပြီးလျှင် စံရွှေ၏ကိုယ်ကို ပခုံးနှင့်ထိန်း၍ သူ့ခါးမှ တင်းကျပ်နေသော သက်ကယ်ကြိုးစကို ဖြေပေးလိုက်သည်။ ထို့နောက် စံရွှေကို ညင်သာစွာထမ်း၍ လှေကားပေါ်သို့ အသာအယာ ချပေးသည်။ ထို့ပြင် စံရွှေကို သစ်ပင်အောက်သို့ ရှေ့က အရင်ဆုံး ဆင်းစေသည်။ သူမူကား စံရွှေ အောက်သို့ ရောက်ခါနီးမှပင် သက်ကယ်ကြိုးနှင့် သစ်ကိုင်းတွင်ချိတ်ထားသော ချိတ်ကိုဖြုတ်၍ နောက်မှ လိုက်ပါဆင်းသက်လာလေသည်။

* * *

"ကဲ . . ဘယ်လိုဖြစ်တာလဲ ရှင်းလင်းစမ်းပါဦး၊ အဟီး"

သစ်ပင်အောက်သို့ ရောက်လာသော စံရွှေကို ခရီးရောက်မဆိုက်ပင် ကျွန်တော်က မေးလိုက်သည်။ ကျွန်တော့်မှာ ရယ်ချင်သောစိတ်ကို မျိုသိပ်ထားရသည်မှာ ကြာပြီမို့ ယခု စံရွှေကိုတွေ့မှ စကားပြောခွင့်ရသည်နှင့် ပြောလည်းပြော ရယ်လည်းရယ်မိတော့သည်။ ကျွန်တော်က ပြုံးဖြဲဖြဲနှင့် စံရွှေကို တစ်ချက်စိုက်ကြည့်လိုက်သည်။

စံရွှေမှာ ကျွန်တော်၏အမေးကို ရုတ်တရက် မဖြေနိုင်။ သူ၏ မျက်နှာမှာမူ နာကျင်သော ဝေဒနာနှင့်အတူ ရှုံ့တွနေသည်။ သူဝတ်ဆင်ထားသော စွပ်ကျယ်အင်္ကျီလက်ပြတ်မှာလည်း ကျီးကန်းများ ထိုးဆိတ်ကုတ်ဖဲ့ထားသဖြင့် အပေါက်အပြဲတွေ ဖြစ်နေလေသည်။

"မပြောပါနဲ့တော့ကွာ၊ ကျွတ် . . ကျွတ်၊ ခြေချော်ကျပြီး ပြန်တက်လို့မရလို့၊ အား . . အား အသားတွေ အထိတောင် မခံနိုင်ဘူး၊ နာလိုက်တာကွာ"

စံရွှေက အတန်ကြာမှပင် သူ့ခါးကို လက်တစ်ဖက်က နှိပ်ထားရင်း ကျွန်တော့်ကို ပြန်ပြောသည်။ ထို့နောက် သူသည် မြေကြီးပေါ်၌ ခါးတောင်းကျိုက်ပင် မဖြုတ်နိုင်ဘဲ ဖင်ချ၍ ထိုင်လိုက်လေသည်။





ကျွန်တော့်မှာ စံရွှေ၏အဖြစ်ကို ကြည့်ပြီး ရယ်ချင်နေသည်။ သို့သော် ပထမတစ်ခါ ရယ်စဉ်ကလည်း စံရွှေ မျက်နှာပျက်သွားသည်။ ယခုတစ်ခါ ရယ်လျှင် သူ့ကို လျှောင်ပြောင်ရပါမည်လားဟူ၍ အတွေးပေါက်ကာ စိတ်ဆိုးမှာ ပူပန်မိသည်။ ထို့ကြောင့် ရယ်ချင်နေသောစိတ်ကို ထပ်ဆင့်၍ ထိန်းသိမ်းထားရသည်။

ထိုအချိန်၌ပင် ဘကြီးဖြိုးလည်း စံရွှေ၏ ပစ္စည်းပစ္စယများကို ယူဆောင်ကာ လှေကားမှ အောက်သို့ ဆင်းသက်ရောက်ရှိလာသည်။ ထို့ကြောင့် ကျွန်တော့်မှာ လှေကားကို ငြိမ်သက်စေရန် ကိုင်တွယ်ထားသောလက်ကိုဖြုတ်၍ စံရွှေနားမှပင် မတ်တတ်ရပ်နေမိသည်။

"ဟေး . . စံရွှေ ဘယ့်နှယ်လဲကွ တော်တော် အီသွားပလား၊ မင်းတစ်ယောက်တည်း နေချင်ပြီး တစ်ယောက်တည်း လုပ်ရတာကို တစ်ယောက်တည်းလိုချင်တဲ့လူဆိုတော့ အခု ခံရတော့လည်း တစ်ယောက်တည်းခံပေါ့ကွာ။ အေးဒါနဲ့ ရွှေစွန်ညို ဝဲတယ်ဆိုတာ မြေကြီးပေါ်မှာပဲ ကလေးတွေဝဲတာ ငါတွေ့ဖူးတယ်။ အခုတော့ မင်းက မဟုတ်ပေါင်၊ ဘယ့်နှယ် သစ်ပင်ပေါ် တက်ပြီး ဝဲနေရတာလဲကွ"

ဘကြီးဖြိုးက သစ်ပင်အောက်သို့ ရောက်လျှင်ရောက်ချင်း ခပ်ရွှတ်ရွှတ်နှင့် ရယ်မောရင်း ပြောလိုက်သည်။ ဘကြီးဖြိုး၏ ခပ်နောက်နောက် အပြောကြောင့်လည်း ကျွန်တော် ရယ်မောရသေးသည်။

"မဟုတ်ဘူးဗျ ဘကြီးဖြိုးရ၊ ဟိုရွှေစွန်ညိုက မထွေးလိုလို့ ဝဲတာဗျ၊ ဒီစံရွှေဆိုတဲ့ ရွှေစွန်ညိုက ချိပ်ပိုးလိုလို့ တွဲနေတာ၊ အဲဒီတော့ တွဲတာနဲ့ ဝဲတာဟာ တခြားစီပဲ"

"ဟေ . . ဟုတ်လားကွ စံရွှေရ၊ တွဲတာနဲ့ ဝဲတာဟာ တခြားစီဆို၊ ငါ့အမြင်တော့ မခြားဘူးကွ အတူတူပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက သစ်ပင်ပေါ် တက်ပြီး တွဲတယ်၊ ကျီးကန်းတွေက ဝဲဝဲပြီး မင်းတစ်ကိုယ်လုံးကို ဝိုင်းဝိုင်းပြီး ထိုးပြဲဆိတ်ဖြဲတယ်၊ ဒီတော့ မင်းက တွဲလို့သာ ဝဲတယ်ဆိုတာ ဖြစ်ပေါ်လာတာ၊ ဒါကြောင့် တွဲတာနဲ့ ဝဲတာဟာ အတူတူပေါ့"

ဘကြီးဖြိုးက ပြုံးဖြဲဖြဲနှင့် ဆိုပြန်သည်။

"ဒါဖြင့် တွဲဝဲကြီးပေါ့၊ ဟား . . ဟား . . ဟား"

"အေး ဟုတ်တယ်၊ တွဲဝဲကြီး၊ ဟား . . ဟား . . ဟား"

"ဟား . . ဟား . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ဘကြီးဖြိုးမှာ အတိုင်အဖောက်ညီစွာနှင့် အရွှန်းဖောက်လိုက်ကြသည်။ ထို့ကြောင့် စကားဆုံးသည်နှင့် ကျွန်တော်တို့မှာ မပြုံးဘဲ ဝါးလုံးကွဲ ရယ်မောလိုက်ကြလေသည်။

ကျွန်တော်တို့ကသာ ရယ်မောနေကြသော်လည်း စံရွှေမှာ သူ့အဖြစ်ကိုသူ တွေးပြီး ရယ်ရမလို ငိုရမလို ဖြစ်နေသည်။ ထို့နောက် အင်္ကျီကိုချွတ်၍ ကျီးကန်းများ ထိုးဆိတ်၍ နာကျင်နေသော နေရာများကို လက်ဖြင့် စမ်းကိုင်ပွတ်သပ်နေသည်။

"ဒါနဲ့ နေပါဦး၊ မင်းက ဘာဖြစ်လို့ အပေါ်ကိုပြန်ပြီး တွယ်မတက်တာလဲ"

ဘကြီးဖြိုးက စံရွှေ ရှက်နေမည်စိုး၍ စကားလမ်းကြောင်းလွှဲလိုက်သည်။

"တက်တော့တက်တာပဲ၊ တက်နေရင်း တက်နေရင်း ကျီးကန်းတွေက တစ်ကိုယ်လုံး အုံခဲပြီး ဝိုင်းဝိုင်းထိုးကြတယ်၊ သက်ကယ်ကြိုးကလည်း ရှည်နေတော့ ပိုဆိုးတာပေါ့၊ ဒီကြားထဲ မျက်လုံးကို ကျီးကန်းတွေ မထိုးမိအောင် ကာကွယ်ရတာကတစ်မျိုး၊ တက်လိုက်ပြန်ကျလိုက်နဲ့ နောက်ဆုံးတော့ ကိုယ့်ရဲ့ခါးမှာ ချည်ထားတဲ့ သက်ကယ်ကြိုးစဖုဟာ ကျွန်တော့်ကြောင့် လည်ပြီး နောက်ရောက်သွားတော့ မြင်တဲ့အတိုင်း တန်းလန်းကြီး ဖြစ်နေရော၊ ဖြုန်းခနဲ ပြန်တက်လို့ ဘယ်လွယ်တော့မလဲ"

စံရွှေက သူ၏ အဖြစ်သနစ် အားလုံးကို ရှင်းလင်းပြောပြသည်။ ဟုတ်ပေမည်၊ ကျွန်တော်တို့လို ဝေသီမြင့်မားသော သစ်ပင်ကြီးများပေါ် သို့တက်၍ သစ်ပိုးနီနီ ရှာဖွေကြသောသူများမှာ အလွန်ပင် အသက်အန္တရာယ် ကြီးလှပေသည်။ ထို့ကြောင့် မိမိခါးမှတစ်ဆင့် နီးရာသစ်ကိုင်းတွင် မြဲမြံစွာ ချိတ်နှင့် ချိတ်ထားသော သက်ကယ်ကြိုးမှာ ကျွန်တော်တို့အဖို့ မရှိလျှင် မဖြစ်ချေ။ အကြောင်းမူ စံရွှေကဲ့သို့ ခြေချော်လက်ချော် ဖြစ်ခဲ့လျှင် သက်ကယ်ကြိုးသာ သူ့ခါး၌ မရှိပါက စံရွှေ၏ဘဝမှာ တွေးရဲစရာပင် မရှိတော့ချေ။ သေလျှင်သေ၊ မသေလျှင်လည်း သစ်ပင်ပေါ်က လိမ့်ကျသည့်ဒဏ်ကြောင့် ကျိုးကန်းပြီး တစ်သက်လုံး အလုပ် လုပ်မစားနိုင်လောက်အောင် ဘဝဆုံးသွားမည်ပင်တည်း။

မှန်သည်၊ အသက်ကယ်ကြိုးမှာ ကျွန်တော်တို့၏ အသက်သခင် ဖြစ်၏။ ထို့ကြောင့် သက်ကယ်ကြိုးကို ကိုယ်၌ ချည်နှောင်ထားရာတွင် ကြိုးစဖုကို မိမိ၏ ရှေ့၌သာထား၍ ချည်နှောင်ရသည်။ သို့မှသာ ခြေချော်လက်ချော်ဖြစ်ပြီး အောက်သို့ ကျသွားလျှင် ကြိုး၏ ထိန်းထားမှုကြောင့် ပက်လက်သာကျပေမည်။





သို့မှသာ ကျန်လက်နှစ်ဖက်နှင့် သက်ကယ်ကြိုးစကို မြဲမြံစွာကိုင်၍ သစ်ပင်ပေါ်သို့ ခိုတွဲကာ ပြန်လည် တက်ရောက်နိုင်မည်ပင် ဖြစ်လေသည်။ ထိုသို့ မဟုတ်ဘဲ သက်ကယ်ကြိုးစဖုမှာ အကြောင်းကြောင်းကြောင့် ကိုယ်၏ နောက်ကျောဘက်သို့ ရောက်သွားလျှင် စံရွှေကဲ့သို့ပင် ရွှေစွန်ညိုဝဲရမည်မှာ မုချပင်တည်း။

"အဲဒါဟာ တို့အတွက် သင်ခန်းစာပဲ၊ စံရွှေဟာ အတူတူလာကြတဲ့လူချင်းဖြစ်ပေမယ့် တို့ကို ယုံကြည်မှု မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဦးထားတဲ့ အပင်ကြီးတွေကို တို့ဦးတက်မှာကို အလွန် ဗိုးရိမ်ပူပန်နေတယ်။ တို့ကို စိတ်မချဘူးပေါ့ကွာ၊ ဒါကြောင့်သာ တို့တစ်တွေ မနိုးခင် သူက အစောကြီးထ၊ သူ့အပင်ကိုသူ တက်ပြီး သစ်ပိုးနီနီရှာလို့ အခုလိုဖြစ်တာ၊ ဟော့ကောင် မဟုတ်ဘူးလားကွ စံရွှေ"

ဘကြီးဖြိုးက မြေကြီးပေါ်တွင် ဖင်ချထိုင်နေသော စံရွှေကိုကြည့်ရင်း ဆိုသည်။ ဘကြီးဖြိုးက ပြဿနာအစမှသည် အဆုံးသို့ရောက်အောင် ချက်ကျလက်ကျ ရှင်းလင်းပြောပြသည်။ သူ၏ မှန်ကန်တိကျသော ထင်မြင်ချက်နှင့် တည်ငြိမ်သောအမေးကို စံရွှေမှာ မည်သို့မျှ ပြန်လည်ပြီး ဖြေကြားခြင်း မပြုနိုင်တော့ချေ။ ငိုင်တွေ၍ သူတန်းလန်းကြီး ဖြစ်ခဲ့ရာ သစ်ပင်ကြီးဆီသို့သာ ငေးမောပြီး ကြည့်နေသည်။ သစ်ပင်ကြီး၏ ဝန်းကျင်တွင် ကျီးကန်းတို့မှာ ဝဲပျံကာ အော်ဟစ် မြည်တမ်းနေဆဲပင်တည်း။

"အေး အချင်းချင်း စည်းဖောက်ရင် စိတ်ယုတ်မာမွေးရင် ဒီလိုပဲ ဒုက္ခရောက်မယ်ဆိုတာ မြဲမြဲမှတ်ထားကြ။ ကဲ တဲကို ပြန်ကြမယ်၊ ဟိုကိုရောက်မှ ကျီးတွေ ထိုးဆိတ်ကုတ်ဖဲ့ထားလို့ နာနေတဲ့နေရာတွေကို ဆေးလိမ်းဆေးထည့် လုပ်တာပေါ့။ ကဲ ပြန်ကြမယ်"

ဘကြီးဖြိုးက စံရွှေအဖြစ်ကို ပမာပြု၍ ကျွန်တော်တို့ကို ဆုံးမစကားပြောကြားသည်။ ထို့နောက် နေရာမှ တဲဆီသို့ ခြေလှမ်းကျဲကြီးနှင့် ထွက်ခွာသွားလေတော့သည်။

"ဘကြီးဖြိုးပြောတာ ဟုတ်တယ် မောင်ထွေး၊ ငါ မင်းတို့ကို အထင်လွဲမိတာ ဘယ်လိုမှ မနေအောက်မေ့ပါနဲ့ကွာ၊ မင်းတို့သာ ငါ့ကို လာမကယ်ရင် ငါတော့ ဒုက္ခပဲ၊ နောက်နောင်ကို ငါ ဒီလို မမိုက်တော့ပါဘူးကွာ၊ နောက်ပြီး မင်းတို့နဲ့ပဲ အတူတူနေ အတူတူလုပ်ပြီး ရတာကိုလည်း အတူတူပဲ ဝေမျှယူပါ့မယ်လို့ ဘကြီးဖြိုးကိုလည်း ပြောပေးပါကွာနော်"

စံရွှေက နောင်တတရားရသံနှင့် ကျွန်တော့်ကိုပြောသည်။ သူ့အမှားကို သူ ဝန်ခံသည်မို့ ကျွန်တော်ကလည်း ဝမ်းသာရသည်။ ခွင့်လွှတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်တော်တို့နှစ်ယောက်မှာ စံရွှေ သစ်ပင်ပေါ်က လွှင့်စဉ်ကျသွားသော သစ်ပိုးနီနီများ ထည့်ထားရာ လွယ်အိတ်နှင့် ရဲတင်းကို ရှာဖွေကြသည်။ ပြီး လွှင့်စဉ်၍ အောက်သို့ကျနေသော ချိပ်တုံးချိပ်စများကို လိုက်ကောက်ပြီး အပြုံးကိုယ်စီနှင့် တဲဆီသို့ ပြန်လာခဲ့ကြသည်။ ယနေ့ နံနက်တွင် တစ်အောင့်တစ်နား တဲ၌ အနားယူပြီးမှသာ သစ်ပိုးနီနီ ရှာဖွေရေးလုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်မည်ဟု ဆုံးဖြတ်ချက်ကိုယ်စီ ချလိုက်ကြလေသည်။

ကျွန်တော်တို့လုပ်ငန်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးပြီး စည်းလုံးမှု ရှိမှသာ အောင်မြင်နိုင်မည် ဖြစ်၏။ သို့မဟုတ်ဘဲ တစ်ဦးတစ်ယောက်က စတင်စည်းဖောက်၍ အကောက်ကြံလျှင် ယခု တွေ့ကြုံခဲ့ရသော စံရွှေ၏ အဖြစ်ထက်ပင် ဆိုးရွားသော အန္တရာယ်မျိုးက ကျွန်တော်တို့အတွက် ပွဲဦးထွက်သင်ခန်းစာ ပေးလိုက်ချေပြီတကား။

* * *

ယနေ့ဆိုလျှင် ကျွန်တော်တို့ ဤရိုးမကြီးထဲသို့ ရောက်ရှိနေသည်မှာ နှစ်ပတ်ခန့်ပင် ရှိချေပြီ။

ကျွန်တော်တို့မှာ သစ်ပင်ကြီးငယ်များပေါ်သို့ တစ်ပင်တက် တစ်ပင်ဆင်းနှင့် ချိပ်အုံကြီးများရှိရာ သစ်ကိုင်းသစ်ခက်များကို ချွေးသီးချွေးပေါက်ကျအောင် ပင်ပန်းကြီးစွာနှင့် ရှာဖွေခုတ်ယူထားခဲ့ကြသည်။ အပင်ပေါ်၌ပင် ခွာယူ၍ရသော ချိပ်အုံများကို ခွာယူသိမ်းဆည်းကြသည်။ ရှာဖွေကြသည်။ စုဆောင်းကြသည်။ ထို့ကြောင့် ယခုဆိုလျှင် ကျွန်တော်တို့မှာ ချိပ်များ အတော်အတန်ပင် ရရှိနေကြလေပြီ။

ချိပ်ရှာဖွေရေးသမားများကို နိုင်ငံတော်အစိုးရ သစ်တောဌာနက ကန်ထရိုက်ပေးသည်။ ချိပ်ထွက်သော တောအခြေအနေကိုကြည့်၍ ထိုက်သင့်သော အခွန်သတ်မှတ်ကာ အခွန်ပေးဆောင်စေသည်။

ယခင်အခါက ချိပ်ရှာဖွေရေးသမားများမှာ လုပ်လျှင် လုပ်သလောက် အကျိုးခံစားခွင့်များ မရကြချေ။ အကြောင်းမူ ချိပ်ရာသီသို့ ရောက်သည်နှင့် ငွေရှင်ကြေးရှင်တို့က ကျသင့်သော တောအခွန်ကို ပေးဆောင်၍ တတ်ကျွမ်းနားလည်သော ချိပ်လုပ်သားများကို တစ်နေ့လျှင် (၂) ကျပ်မှ (၄) ကျပ်အထိသာ ပေးပြီး ငှားရမ်းရှာဖွေစေသည်။ လုပ်သားများ ရှာဖွေ၍ ရရှိသောချိပ်များကို ငွေရှင်ကြေးရှင်တို့ကသာ လက်ဝါးကြီးအုပ်၍ ရောင်းဝယ်ဖောက်ကားကြပေသည်။





ထို့ပြင် အချို့ ငွေရှင်ကြေးရှင်တို့မှာ သူတို့ ဆွဲထားသောလိုင်စင်ကို ဘာကယ်တမ်း အလုပ်လုပ်သူများအပေါ်၌ တစ်ဆင့် အမြတ်တင်၍ ပြန်လည်ပြီး လိုင်စင်ကို ရောင်းချခြင်းလည်း ပြုလုပ်ကြလေသည်။ ထို့ကြောင့် သူတို့ဆာစ်တွေသာ ချမ်းသာပြီးရင်း ချမ်းသာကာ ငွေပဒေသာပင်ပေါက်၍ နေကြလေသည်။

ဤသည်တို့ကြောင့် ချိပ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသော ချိပ်လုပ်သားများမှာ ဘာမှ အကျိုးထူး မခံစားခဲ့ကြချေ။ လုပ်ရင်းငတ် လျော့ရင်းနစ်ဆိုသော အဖြစ်မျိုးနှင့်သာ ရင်ဆိုင်ခဲ့ကြရသည်။

ယခုအချိန်တွင် ထိုကဲ့သို့ စနစ်ဆိုးများ ပျောက်ကွယ်သင့်သလောက် ပျောက်ကွယ်သွားပြီ ဟူ၍လည်း သိရပေသည်။ ထို့ပြင် နိုင်ငံတော်သစ်တောဌာနက ချိပ်နှင့်ပတ်သက်၍ ဦးစီးဆောင်ရွက်မှုများ၊ ချိပ်မွေးမြူရေးများကို စနစ်တကျ စည်းကမ်းရှိစွာနှင့် လုပ်ကိုင်နေပေပြီ။ ချိပ်လုပ်သားတို့မှာလည်း လုပ်နိုင်လျှင် လုပ်နိုင်သလောက် အကျိုးတူးခံစားခွင့်များ ရရှိနေကြလေပြီ။

မြန်မာလို ချိပ်ဟုခေါ်သော ပစ္စည်းကို အင်္ဂလိပ်ဘာသာဖြင့် (LAC) လက်(က်)ဟု ခေါ်ဆိုလေသည်။ လက်(က်)သည် သက္ကတဘာသာအားဖြင့် အရေအတွက် တစ်သိန်းကို ခေါ်ဆိုသော မူလ စကားရင်းမြစ်မှ ဆင်းသက်လာခြင်း ဖြစ်၏။ ချိပ်များ တွယ်ကပ်နေသော သစ်ကိုင်းတစ်ကိုင်းတွင် သက်ရှိချိပ်ပိုးကလေးပေါင်း တစ်သိန်းခန့် ရှိသည်ကို အစွဲပြု၍ ခေါ်ဝေါ်ကြောင်း လေ့လာသိရှိရလေသည်။

ချိပ်ကို ရရှိရန်အတွက် ချိပ်ပိုးများ တွယ်ကပ်နေသော သစ်ကိုင်းများကို ခုတ်ယူကြရသည်။ ထို့ကြောင့် ဤအလုပ်ကို အသက်ပေါင်းများစွာ သတ်ရသော အလုပ်ဟူ၍ ရှေးလူတို့က သဘောထားခဲ့ကြသည်။ အကုသိုလ်အလုပ်၊ ငရဲမှာ ချီးကပ်မည့်အလုပ် ဟူ၍လည်း စက်ဆုပ်ခဲ့ကြသည်။

သို့သော် ယခုအချိန်၌မူ နိုင်ငံတော်အစိုးရ သစ်တောဌာန၏ ဦးဆောင်မှုနှင့် ချိပ်ကောင်လေးများကို ပိုးချည်အတွက် ပိုးကောင်ကလေးများ မွေးကြသကဲ့သို့ စနစ်တကျ လေ့လာပြီး မွေးကြသည်။ ထို့ကြောင့် ချိပ်ကောင်ငယ်လေးတို့၏ အသက်ကို ရန်ရှာရန် မလိုဘဲ ချိပ်ကို လိုသလောက် ရရှိနိုင်ပြီ ဖြစ်လေသည်။

ကျွန်တော်တို့ ခုတ်ယူထားခဲ့သော သစ်ကိုင်းများမှ ချိပ်တုံးများမှာ ချိပ်ရိုင်းများပင် ဖြစ်လေသည်။

ထိုချိပ်ရိုင်းများကို ကျွန်တော်တို့မှာ ဒုတ်ချိပ်အဖြစ် ပြောင်းလဲရပေဦးမည်။ ဒုတ်ချိပ်အဖြစ် ပြောင်းလဲခြင်း ဆိုသည်မှာ ကျွန်တော်တို့ ခုဒ်ထွင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော သစ်ကိုင်းများမှ တွယ်ကပ်သောချိပ်များကို ရွေးထုတ်ကြရလေသည်။ ထိုကဲ့သို့ အမှုန်အမွှားများကင်းစင်၍ ချိပ်အသားချည်းရအောင် ပြုလုပ်သည်ကို ကျွန်တော်တို့၏ ဝေါဟာရအရ ဒုတ်ချိပ်ပြုလုပ်သည်ဟု ခေါ်ဆိုလေသည်။

ချိပ်တို့သည် သစ်ပင်ကိုင်းတို့၌ ကပ်နေသည်မို့ ဓားဖြင့်ခြစ်၍ သစ်စသစ်မှုန်များမှာ ချိပ်သားအတွင်း၌ ကပ်ငြိပါလာကြသော သစ်ခွံသစ်စများကို ရွေးထုတ်ခြင်း၊ ချိပ်လက်ခံပင်များမှ နှစ်ပတ်တိတိ လိုက်လံခုတ်ယူထားသော သစ်ကိုင်းများမှ ချိပ်များခွာ၍ ၎င်းရရှိသော ဒုတ်ချိပ်များကို ကျွန်တော်တို့မှာ စုဆောင်းသိမ်းဆည်းရသည်။

ထို့ကြောင့် ယနေ့တွင် အခြားသော ချိပ်လက်ခံပင်များကို မရှာဖွေကြတော့။ ရှာဖွေထားပြီးသော ချိပ်ကိုင်းချိပ်ခက်များကို ဒုတ်ချိပ်အဖြစ် ပြောင်းလဲလုပ်ကိုင်ရင်း ကျွန်တော်တို့ အနားယူကြသည်။ ယခု လုပ်ကိုင်နေသော လုပ်ငန်းများ ပြီးစီး၍ နောက်တစ်နေ့ရောက်မှသာ ချိပ်ပိုးများရှိရာ လက်ခံပင်များကို ရှာဖွေ၍ လက်ခံပင်များမှ ခုတ်ယူရာတွင် ချိပ်ရရှိရေးဟူသော ရည်ရွယ်ချက်တစ်ခုတည်း မထားဘဲ ၎င်းလက်ခံပင်တွင် နောက်ထပ် အကိုင်းအခက်တို့ ကောင်းမွန်စွာ ထွက်နိုင်အောင် ကိုင်းတိပေးသည့် သဘောမျိုးသာ ပြုလုပ်ကြရလေသည်။ သို့မှသာ ချိပ်လက်ခံပင်များ သေဆုံးမသွားဘဲ ကိုင်းတိထားသဖြင့် အခက်အလက်များ ထပ်မံ ထွက်လာကာ ပိုမို ရှင်သန်လာမည် ဖြစ်၏။ ချိပ်လက်ခံပင်များ ပိုမို ရှင်သန်လာသည်နှင့်အမျှ နှစ်စဉ်နှစ်တိုင်းလည်း ချိပ်များကို လွယ်ကူစွာ ရရှိနိုင်မည့်အပြင် ချိပ်တုံးခြင်း၊ တောပြုန်းခြင်းတည်းဟူသော အန္တရာယ်ဘေးမှ ကင်းဝေးနိုင်မည်ပင် ဖြစ်လေသည်။

ချိပ်များ ရောင်းဝယ်ရေးပုံစံမှာ ယခင်အခါက ချိပ်လက်ခံပင်များမှ ခုတ်ယူပြီး အမှိုက်သရိုက်ရွေးထုတ်ကာ ဒုတ်ချိပ်အဖြစ်နှင့်သာ ရောင်းဝယ်ဖောက်ကားကြလေသည်။ ယခုအချိန်၌မူ ပြည်တွင်းပြည်ပ၌ ဒုတ်ချိပ်အဖြစ် ရောင်းဝယ်ကြသလို ချိပ်စေ့အဖြစ်နှင့်လည်း ရောင်းဝယ်ဖောက်ကားကြလေသည်။

ဒုတ်ချိပ်ဟုခေါ်သော ချိပ်ရိုင်းအဖြစ်မှ ချိပ်စေ့အဖြစ်သို့ ပြောင်းလဲလုပ်ကိုင်ပုံမှာ လက်ခံပင်များမှ ခုတ်ယူထားသော ဒုတ်ချိပ်တုံးကြီးငယ်များကို ပထမအဆင့်အနေနှင့် မောင်းဆုံကြီးထဲသို့ထည့်၍ ထောင်းကြိတ်ရသည်။ ထိုသို့ မောင်းဆုံကြီးထဲသို့ထည့်၍ ထောင်းလိုက်သောအခါ ချိပ်တုံးချိပ်ခဲများမှာ ကြေမွပြီး သေးကွေးသော ချိပ်စေ့ကလေးများ ဖြစ်လာလေသည်။ ယင်းကဲ့သို့ အရွယ်အစား ညီညီ ချိပ်စေ့ကလေးများ ဖြစ်လာသောအခါ ဆန်ကောထဲသို့ သွန်ထည့်ကာ





အမှိုက်သရိုက် ခဲသလဲများ ကင်းစင်အောင် ပြာပစ်ရလေသည်။ ထို့နောက် ရေအင်တုံထဲသို့ ချိပ်စေ့များကိုထည့်၍ ရေနှင့် သုံးလေးထပ် ဆေးကြောပစ်ရလေသည်။ ထိုကဲ့သို့ ပြုလုပ်ပြီးသည်နှင့် သန့်ရှင်းလှပ ပယင်းရောင်တောက်ပနေသော ချိပ်စေ့များကို ရရှိလေတော့သည်။ သည်အခါ ပယင်းရောင်တောက်နေသော ချိပ်စေ့များမှာ ရေစိုနေသဖြင့် ခြောက်သွေ့စေရန် လိုအပ်လေသည်။ ထို့ကြောင့် ခြောက်သွေ့စေရန် နေရိပ်သော တလင်းပြင်တွင် ဖြန့်၍ဖြန့်၍ လှန်းရသည်။ သို့မှသာ ရေရှည်ထိန်းသိမ်းထားနိုင်ပြီး ကောင်းမွန်သော ချိပ်စေ့များ ဖြစ်လာနိုင်မည် ဖြစ်၏။

ရေနှင့် မျက်နှာပြင်ကြမ်းသော ရေအင်တုံထဲသို့ ချိပ်စေ့များကိုထည့်၍ ဆေးကြောရာတွင် ခြေထောက်နှင့် နာနာပါအောင် ပွတ်တိုက်ဆေးကြောနိုင်လေလေ အရောင်ထွက်လေလေပင် ဖြစ်၏။ ထို့ကြောင့် မောင်းဆုံထဲသို့ ထည့်ထောင်းပြီးသော ချိပ်စေ့များကို ဆေးကြောရာတွင် ကျောက်အင်တုံကြီးများကို အသုံးပြုပါက ပိုမို ကောင်းမွန်သည်ဟု လေ့လာသိရှိရလေသည်။ ထိုသို့ ပြုလုပ်ထားသော ချိပ်စေ့များမှတစ်ဆင့် ချိပ်ပြားနှင့် ချိပ်ဖြူတို့ကို တစ်ဆင့်တိုး၍ ပြုလုပ်နိုင်လေသည်။ (ချိပ်အဟောင်းများကို ချိပ်စေ့အဖြစ် ထုထောင်းပြီး ဆေးကြောရာတွင် အရောင်မထွက်ပါက ဆားအနည်းငယ်ထည့်၍ ဆေးကြောရသည်။)

ချိပ်ရောင်းဈေးမှာ ဒုတ်ချိပ်တစ်ပိဿာလျှင် (၁၈) ကျပ်မှ (၂၀) ကျပ်ဈေးအထိ ရှိသည်။ သို့ရာတွင် ချိပ်စေ့မှာမူ ပြုလုပ်ရာ၌ လက်ဝင်သလို ရောင်းချရာ၌လည်း ဒုတ်ချိပ်ထက်ပို၍ ဈေးကောင်းကောင်း ရလေသည်။ ချိပ်စေ့တစ်ပိဿာလျှင် (၂၅) ကျပ်မှ (၃၀) ဈေးအထိ ရှိသည်ဟူ၍လည်း ကြားသိရပေသည်။ မြန်မာနိုင်ငံမှထွက်သော ချိပ်များသည် ပြည်တွင်း၌ သုံးစွဲရန် ဖူလုံရုံပင်မက နိုင်ငံခြားသို့လည်း နှစ်စဉ်နှစ်တိုင်း တင်ပို့ရောင်းချသည်။

ယနေ့အဖို့၌ ကျွန်တော်တို့မှာ ချိပ်လက်ခံပင်များမှ ချိပ်တို့ကို မရှာဖွေတော့။ ရှာဖွေပြီးစီး၍ တဲနားဝန်းကျင်တွင် စုပုံထားသော ချိပ်ကိုင်းများမှ ချိပ်များကိုသာ ဓားကိုယ်စီနှင့် စုပေါင်း၍ ခွာယူကြသည်။ ခွာယူ၍ရသော ချိပ်တုံးများကို ရွာမှ ယူဆောင်လာသော ဂုံနီအိတ်တို့နှင့် ထည့်သိပ်ကြသည်။ သိမ်းဆည်းကြသည်။ ရွာသို့ ရောက်မှပင် ဒုတ်ချိပ်အဖြစ် ရောင်းတန်ရောင်း၍ ချိပ်စေ့အဖြစ် ပြုသင့်သည်ကို ပြုလုပ်မည်ဟု ဆုံးဖြတ်ထားကြလေသည်။ ယခု ကျွန်တော်တို့ ရရှိထားသောချိပ်များမှာ သုံးဖံယာက် ခွဲဝေယူကြရမည်မို့ နည်းနေသေးသည်။ ထို့ကြောင့် နောက်တစ်ပတ်ခန့်မျှ ဤတောထဲ၌ နေထိုင်ကာ ထပ်မံ၍ ရှာဖွေကြ



www.burmeseclassic.com

www.burmeseclassic.com



ရပေဦးမည်။

* * *

နေခြည်သည် ရိုးမကြီးအတွင်းသို့ ဖြာကျနေသည်။ သစ်ပင်ကြို သစ်ပင်ကြားမှ ထိုးထွက်နေသည်။ သစ်ရွက်ကြို သစ်ရွက်ကြားမှ ဖြာကျထိုးထွက်နေသော နေစက်နေပြောက်တို့မှာ ပတ္တမြားလုံးများ ဆွဲတန်ထားသကဲ့သို့ တလက်လက်နှင့် တောက်ပနေကြသည်။

နေသည် အစွမ်းကုန် ပူပြင်းနေသော်လည်း ရိုးမကြီးအတွင်း၌ကား ခပ်အေးအေးပင် ရှိလေသည်။ လေကား ညင်းညင်းသွဲ့သွဲ့ တိုက်ခတ်နေသည်။

ကျွန်တော်တို့မှာ မနက်ကတည်းက ချိပ်များရှိရာ လက်ခံပင်များကို ရှာဖွေကြသည်။ သစ်ပင်ပေါ်သို့ ခဲရာခဲဆစ်တက်၍ ချိပ်များရှိရာ သစ်ကိုင်းများကို ခုတ်ကြရသည်။ တစ်ပင်တက် တစ်ပင်ဆင်းနှင့် တစ်မနက်လုံး မအားရ။ ပင်ပန်းလိုက်သည်မှာလည်း ဆိုဖွယ်ရာ မရှိပြီ။ ယော ချွေးများသာမက နဖူးက ချွေးများလည်း ပထဝီမြေသို့ ပိုးပိုးပေါက်ပေါက် ကျဆင်းခဲ့ရသည်။

ယခုလည်း ကျွန်တော်နှင့် စံရွှေမှာ မနက်စာ စားပြီးကတည်းက လုပ်ငန်းစကြပြီ။ ကျွန်တော်တို့သည် သက်ကယ်ကြိုးခွေ၊ ကိုင်းခုတ်ဓားနှင့် ရဲတင်းများကို ယူဆောင်၍ တောထဲသို့ ဝင်ကြရပြန်သည်။ ယခုအချိန်၌ ဘကြီးဖြိုးမှာ ကျွန်တော်တို့နှင့် ပါမလာခဲ့ချေ။ တဲစောင့်ရင်းနှင့် တဲတွင်းရှိ အလုပ်များကို ပြုလုပ်ရန် နေရစ်ခဲ့သည်။ ထို့အပြင် ယနေ့ ညနေစာအတွက်ကိုလည်း စီစဉ်ရပေဦးမည်။

ကျွန်တော်တို့၏ အရှေ့ဆီတွင် ရှုမဆုံး မြင်မဆုံးသည့် ညို့မှိုင်းနေသော တောနှင့်တောင်တို့ ကာဆီးထားကြသည်။ ရှေ့နောက် ဝဲယာတို့တွင်လည်း အဆိုင်ဆိုင်လျှင် တောမြိုင်လှည့်လည် ကြောက်မက်ဖွယ်သာတည့်၊ ပြာပြာလွင်လွင် မှိုင်းပျမှောင်မှောင် တောနှင့် တောင်ချည်းပင်တကား။

“ဟော့မောင်ထွေး၊ ဟိုကုက္ကိုပင်ကြီးကို ကြည့်စမ်း၊ သစ်ရွက်တွေ ဝါဝါထိန်လို့၊ ချိပ်တွေရှိတယ်၊ မြင်လား . . မြင်လား”

စံရွှေက ကျွန်တော်တို့၏ အရှေ့ဆီတွင် မြင်နေရသော ကုက္ကိုပင်ကို လက်ညှိုးထိုးပြရင်း ဆိုသည်။ သူ၏အသံမှာ လှိုက်လှိုက်လှဲလှဲ မျှော်လင့်ချက်အပြည့်အဝနှင့် ပြောဆိုသောအသံပင်။ ထို့ကြောင့် ကျွန်တော်သည် စံရွှေ ညွှန်းဆိုရာသို့ စိုက်ကြည့်လိုက်သည်။

စံရွှေ ပြောသည်မှာ အမှန်ပင် ဖြစ်၏။ ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် ဝါဝါထိန်၍ ရွှေရောင်တောက်နေသည်။ ကျွန်တော်နှင့် စံရွှေမှာ စကားတပြောပြောနှင့် သစ်ပင်ကြီး၏အနားသို့ ရောက်ရှိလာကြသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် သစ်ပိုးနီနီများ ကောင်းမွန်စွာ ဤအပင်ထက်၌ ရှိနေပြီ ဖြစ်ကြောင်းကို မမေးဘဲနှင့် ကျွန်တော်တို့ သိကြသည်။ အကြောင်းမူ ချိပ်ထွက်ရာ လက်ခံပင်တို့၏ အရွက်များမှာ ဝါထိန်နေတတ်ကြသောကြောင့်ပင်တည်း။

ထို့ပြင် ၎င်းအပင်ကြီး၏ အခက်အလက်တို့တွင် ချိပ်တုံးချိပ်အဖုံးများ တွယ်ကပ်နေသည်ကိုလည်း နေရောင်ကြောင့် သဲကွဲစွာ မြင်နေရသည်။ သို့သော် ထိုအပင်ကြီး၏ ပင်ခြေ၌မူ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဝိုင်းရံ၍နေ၏။ ချုံနွယ်အချို့မှာ ကြီးမားသော ကုက္ကိုပင်ကြီးကို ဝိုင်းပတ်ဝန်းရံနေသည်ကိုလည်း ကျွန်တော်တို့ တွေ့နေရသည်။

“အေးကွ၊ ဒီအပင်မှာ ချိပ်တွေ မနည်းဘူးကွ၊ အများကြီး ရနိုင်တယ်၊ တဲ အပင်ပေါ်တက်ဖို့ မင်းက လှေကားသွားယူ၊ ငါ ဒီအပင်ကြီး ခြေရင်းက ချုံနွယ်တွေကို ရှင်းထားလိုက်မယ်၊ တော်ကြာ ဒီချုံထဲမှာ ပိုးကောင်ကြီးတွေ ရှိချင်ရှိနေမှာကွ။ သိပ်စိတ်မချရဘူး”

ကျွန်တော်က စံရွှေကို ပြန်ပြောသည်။

“အေး . . ဒါတွေကို ငါ ဒီမှာ ထားခဲ့မယ်”

စံရွှေက ပြောပြောဆိုဆိုနှင့် သူ့ပခုံးပေါ်တွင် တင်၍ ယူဆောင်လာသော သက်ကယ်ကြိုးတွေကို အောက်သို့ချပြီး လှေကားယူရန် နေရာမှ ထွက်သွားလေသည်။

ခါတိုင်းဆိုလျှင် ကျွန်တော်တို့မှာ သွားလေရာရာသို့ လှေကားကို တစ်ပါတည်း ယူဆောင်ခဲ့ကြသည်။ ယခုအချိန်၌မူ မနက်ကတည်းက လုပ်ငန်းစနေသည်မို့ အခြား မလှမ်းမကမ်း သစ်ပင်တစ်ပင်အရင်း၌ လှေကားကို ထောင်၍ ထားခဲ့ကြသည်။ လှေကားထောင်ထားသော သစ်ပင်ကြီးမှာ ကြို့ပင်ကြီးပင် ဖြစ်၏။ ထိုအပင်ကြီးမှလည်း ဒါကောင်းစားချိပ်တို့ကို မနက်ကတည်းက ခွာယူခုတ်သိမ်းခဲ့ကြပြီး ဖြစ်သည်။ လုပ်ရင်းကိုင်ရင်း ထမင်းစား နားလိုက်သည်မို့ လှေကားကို ယခင်အတိုင်းပင် ထားခဲ့ကြခြင်း ဖြစ်၏။

စံရွှေမှာ ထိုလှေကားကိုယူရန် နေရာမှ ထွက်ခွာသွားလေပြီ။ ကျွန်တော်မှာ သစ်ပင်ကြီး၏ ခြေရင်းတွင် ဝိုင်းရံနေသော ချုံနွယ်ပိတ်ပေါင်းတို့ကို ကိုင်းခုတ်ဓားနှင့် ခုတ်ထွင်ရှင်းလင်းပစ်ရသည်။ သို့မဟုတ်ပါက ချုံနွယ်ပိတ်ပေါင်းတို့အထဲ

www.burmeseclassic.com



တွင် ဝင်ရောက် ခိုအောင်းနေတတ်သော မြွေဆိုးမြွေဟောက်ဟုခေါ်သည့် ပိုးသတ္တဝါများ၏ရန်ကို စိုးရိမ်ပူပန်ရလေသည်။

မှန်သည်၊ မိမိတက်ရောက်မည့် အပင်၏အောက်တွင် ချုံနွယ်များရှိပါက ရှင်းလင်းပစ်လျှင် အကောင်းဆုံးပင် ဖြစ်၏။ အကြောင်းမူ ချုံနွယ်ပိတ်ပေါင်းတို့ရှိရာကို အခွင့်ကောင်းယူ၍ ပုန်းခိုနေသော မြွေဆိုးမြွေဟောက်တို့မှာ သစ်ပင်ပေါ်သို့ တက်ရောက်လာတတ်သည်။ ထိုအခါ ပင်ယံထက်တွင် သစ်ပိုးနီနီများကိုသာ ဖွဲကြီးကြီးနှင့် ရှာဖွေခုတ်ခွာနေသော ကျွန်တော်တို့ကို ထိုမြွေဆိုးမြွေဟောက်တို့က အန္တရာယ်ပြုလာလျှင် မခက်ပါလော။ ဤသည်တို့ကိုလည်း ကျွန်တော်တို့မှာ တွေးတောကြောက်ရွံ့ ပူပန်ရလေသည်။ မည်သို့ဆိုစေ သတိတရားနှင့် ဝီရိယတို့မှာ ကျွန်တော်တို့အတွက် ပိုသည်ဟူ၍ မရှိချေတကား။

ကျွန်တော် ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းနေစဉ် ဦးခေါင်းထက်ဆီမှ တဝီဝီနှင့် အော်သံကြားရသည်။ ထို့ကြောင့် ကျွန်တော်သည် ဤနေရာ၌ ပျားအုံများ ရှိလေမလားဟူသော အတွေးနှင့် ချုံကို ရှင်းရင်း ပျားအုံကို ရှာကြည့်မိသည်။ မှန်၏၊ ချုံထဲမှ အပြင်သို့ ထိုးထွက်ပြီး လူနှစ်ရပ်နီးပါးမျှ မြင့်နေသော သစ်ပင်ငယ်၏ ကိုင်းဖျားတွင် ပျားစွဲနေသည်ကို ကျွန်တော် တွေ့မြင်ရသည်။ ပျားအုံကား သိပ်မကြီးသေးချေ။ လက်သီးဆုပ်လောက်မျှသာ ရှိသည်မို့ ပျားရည် ရမည်မဟုတ်။ ကျွန်တော်တို့အတွက်လည်း ဘာမှ အသုံးမဝင်ချေ။ လက်သီးဆုပ်မျှသာရှိသော ထိုပျားအုံတွင် ပျားများကား တဝီဝီအော်ကာ အုံခဲပျံဝဲနေကြသည်။

ကျွန်တော်က မစားလောက် မသောက်လောက်သော ပျားအုံကို ဘာမှ မလုပ်ဘဲ အခြား ချုံနွယ်ပိတ်ပေါင်းများကိုသာ ရှင်းလင်းလုပ်ကိုင်နေသည်။ ချုံရှင်းပြီးသလောက်တွင် စံရွှေမှာ လှေကားကြီးကို မနိုင်မနင်း ထမ်းပိုး၍ ကျွန်တော်ရှိရာသို့ ရောက်လာသည်။ ထို့ကြောင့် ကျွန်တော်သည် စံရွှေကို ကူညီ၍ လှေကားကို သစ်ပင်ခြေရင်းမှကပ်၍ ထောင်လိုက်ကြသည်။ ကျွန်တော်တို့နှစ်ယောက် သစ်ပင်ကြီး၏ ခြေရင်းတွင် ကပ်၍ ထောင်လိုက်သော လှေကား၏ ပေရှည်မှာ ပေ (၃၀) နီးပါးမျှ ရှည်လျားလေသည်။

လှေကားထောင်ပြီးသည်နှင့် ကျွန်တော်တို့သည် သစ်ပင်ပေါ်သို့တက်ရန် ပြင်ဆင်ရပြန်သည်။ လှေကားကို မလှုပ်စေရန်အတွက် သစ်ပင်၌ကပ်၍ ကြိုးနှင့် ခိုင်ခံ့စွာ ချည်နှောင်ကြရသေးသည်။ ထို့နောက် ခါးတောင်းကို မြှောင်အောင် ကျိုက်၍ ချိတ်နှင့် အသက်ကယ်ကြိုးခွေကို ခါး၌ ပတ်လိုက်ကြသည်။ ပြီးလျှင် ရဲတင်းကိုယ်စီ ကိုင်ဆောင်ကာ လှေကားမှတစ်ဆင့် သစ်ပင်ပေါ်သို့





တက်ကြလေသည်။

* * *

ကျွန်တော်တို့၏ ထောင်ထားသော လှေကားမှာ သစ်ပင်ကြီး၏ ထက်ဝက်လောက်သာ ရောက်လေသည်။ အကြောင်းမူ သစ်ပင်ကြီးမှာ ပေပေါင်း (၆၀) ပေကျော် (၇၀) နီးပါး မြင့်သောကြောင့်တည်း။

ကျွန်တော်က ရှေ့မှတက်သည်။ ကျွန်တော်၏နောက်တွင် စံရွှေက လှေကားကို တစ်ထစ်ချင်းနင်း၍ တက်လိုက်လာသည်။ ကျွန်တော်သည် လှေကားဘောင်နှစ်ဖက်ကို လက်တစ်ဖက်စီ မြဲမြံစွာကိုင်၍ တက်နေရင်းမှ သစ်ပိုးနီနီရှိရာ သစ်ကိုင်းသစ်ခက်များကို မျက်စိကစားကာ ရှာဖွေမိလေသည်။ သစ်ကိုင်းများတွင် နီညိုရင့်ရောင်သန်းနေသော သစ်ပိုးနီနီအုံများမှာ အတုံးလိုက် အတစ်လိုက်နှင့် ကျွန်တော်တို့ကို ကြိုဆိုနေချေသည်။

ပင်ယံထက်မှာ နားနေကြသော ကျေးငှက်သာရကာတို့မှာ ကျွန်တော်တို့ကို ကြောက်လန့်၍လားမသိ၊ အော်ဟစ်ကာ ဝေဟင်ထက်သို့ ပျံတက်သွားကြသည်။ အချို့ ကျေးငှက်တို့ကလည်း သူတို့၏ အသိုက်များကို ဖျက်ဆီးသည့် ရန်သူ ရောက်လာပြီဟူ၍ ထင်ကာ ကြောက်လန့်တကြား အော်ကြဟစ်ကြသည်။ ကျွန်တော်တို့ကို တိုက်စစ်ဆင်ရန် သူတို့အချင်းချင်း အချက်ပေးကြသည်။ သို့သော် ကျွန်တော်တို့က မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ လှေကားကိုသာ တစ်ထစ်ချင်း နင်း၍ သစ်ပင်ပေါ်သို့ တက်နေကြသည်။ ပင်ယံထက်ဆီမှ သန့်ရှင်းသောလေကို ရှူရှိုက်ရသဖြင့် တစ်မျိုးသော အေးချမ်းမှုကို ခံစားရလေသည်။

"အား . . အား . . အား"

ကျီးတို့၏ ကြောက်လန့်တကြား အော်ဟစ်သံကို ပင်ယံထက်ဆီမှ ကြားနေရသည်။ ကျွန်တော်သည် လှေကားကို ဆုံးအောင်တက်ပြီးပြီမို့ သစ်ကိုင်းတစ်ခုမှ တစ်ခုသို့ သစ်ပိုးနီနီများရှိရာ အကိုင်းတစ်ခုကို တွယ်တက်လိုက်ရင်း ပင်ယံထက်သို့ မော့ကြည့်လိုက်မိသည်။

ဝေသီမြင့်မားသော ပင်ယံထက်၏ ကိုင်းတစ်ခုတွင် စွန်ရဲတစ်ကောင် နားနေသည်ကို ကျွန်တော် မြင်ရသည်။ ထိုစွန်ရဲ၏ ဝန်းကျင်အနှံ့တွင် ကျီးတို့မှာ အော်ဟစ်ဝဲပျံနေကြသည်။ သို့သော် စွန်ရဲကိုမူ မည်သည့်ကျီးကမျှ ဝင်ရောက်ပြီး ထိုးဆိတ်သည်ကို မတွေ့မမြင်ရချေ။ ကျီးအော်သံများကသာ ဆူဆူညံနေသဖြင့် တောတစ်ခုလုံးလည်း လှုပ်ရှားလာချေပြီ။ ထို့အတူ ကျွန်တော်၏ စိတ်ထဲ၌လည်း ဟာတာတာကြီး ဖြစ်လာသည်။ တစ်စုံတစ်ခုက ခြောက်လှန့်နေသလိုလို ရင်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအမည် မသိသော ဝေဒနာတစ်ရပ်ကို ခံစားရသည်။ မည့်သို့ဆိုစေ သဘာဝ၏ လှုပ်ရှားမှုနှင့်အတူ ကျွန်တော့်၏ စိတ်မှာလည်း လှုပ်ရှားလာသည် ကား အမှန်ပင်။ ထို့ကြောင့်လည်း ရှေ့နောက် ထက်အောက် ဝဲယာတို့ကို လျင်မြန်သော မျက်လုံးအစုံနှင့် ကျီးကန်းတောင်းမှောက် ကြည့်ရသည်။

"ဟိုက်. . ဝက်. . ဝက်ဝံကြီး . . ဝက်ဝံကြီး"

ရုတ်တရက် စံရွှေ၏ အလန့်တကြား အော်ဟစ်လိုက်သောအသံကို ကြားရသည်။ ထို့ကြောင့် ကျွန်တော့်မှာ နဂိုကတည်းက ထိတ်လန့်ချောက်ချား နေသည်မို့ ဝက်ဝံကြီး ဆိုသည်နှင့် တစ်ပြိုင်နက် ကြက်သီးများပင် တဖြန်းဖြန်း ထသွားလေသည်။ ပြီးလျှင် ပင်ယံထက်မှ အောက်သို့ စိုးရိမ်ထိတ်လန့်မှုနှင့်အတူ ငုံ့ကြည့်လိုက်မိသည်။

စံရွှေမှာ ကျောပြောင်ပြောင်နှင့် လှေကားထစ်မှ သစ်ပင်အောက်သို့ အူလျားဖားလျား ဆင်းနေသည်ကို ကျွန်တော် မြင်ရသည်။ စံရွှေပြောသော ဝက်ဝံကြီးမှာ သစ်ပင်အောက်၌ ကျွန်တော် မတွေ့မမြင်ရချေ။ ထို့ပြင် သစ်ပင်ကြီး၏ ထက်အောက်ဝဲယာတို့တွင် စံရွှေပြောသော ဝက်ဝံကို ရှာဖွေပါသော်လည်း ကျွန်တော် ဘာမှ မတွေ့ရ။

"ဟေ့ကောင် အဲဒါက ဘာဖြစ်လို့ အောက်ကို ပြန်ဆင်းနေရတာလဲ"

ကျွန်တော်က ပင်ယံထက်မှ စံရွှေကို အော်မေးသည်။ ကျွန်တော်၏ စကားမဆုံးခင်မှာပင် လျင်မြန်သော စံရွှေမှာ သစ်ပင်အောက်သို့ ရောက်ရှိသွား တော့သည်။ သူ့ကို ကျွန်တော် အပေါ်မှဆီး၍ ကြည့်ရသည်မှာ ပုဝိုင်းဝိုင်းကလေး ဖြစ်နေသည်။

"ဘာဖြစ်ရမလဲ၊ ဟိုသစ်. . သစ်ကိုင်းအကွယ်မှာ ဝက်. . ဝက်ဝံကြီး ဝက်ဝံကြီး၊ ဟေ့ကောင် မောင်ထွေး အောက်ကို ပြန်ဆင်းခဲ့၊ မြန်မြန် ပြန်ဆင်းခဲ့"

စံရွှေက ကျွန်တော်၏အမေးကို ဒေါသဖြင့် ပြန်ပြောရင်း စိုးရိမ်စိတ်တွေ နှင့် အော်ဟစ်ကာ အောက်သို့ ပြန်ဆင်းခိုင်းနေသည်။ ပြီးလျှင် ကျွန်တော်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော သစ်ကိုင်းတစ်နေရာသို့ လက်ညှိုးထိုးပြရင်း အော်တော သည်။ သူ၏အသံမှာ ကြောက်စိတ်တွေနှင့်အတူ တုန်ယင်၍ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

မှန်သည်။ စံရွှေ၏ စကားဆုံးသည်နှင့် စူးရှကျယ်လောင်သော တကျိကျိ အော်ဟစ်သံကို ကျွန်တော် ကြားရသည်။ ထိုအသံနှင့်အတူ သစ်ပင်ကိုင်း အကွယ်ဆီမှ ကြီးမားသော ဝက်ဝံကြီးတစ်ကောင်မှာ ဘွားခနဲ ထွက်ပေါ်လာ





လေသည်။ တောနက်ဝက်ဝံကြီး၏ ထပ်ဆင့်၍ အသံနက်ကြီးနှင့် ဟစ်အော်လိုက် သောအသံမှာ ဝန်းကျင်တစ်ခုလုံးကို ပွဲတင်ထပ်၍ ညံသွားလေသည်။

ထိုအခါ ကျွန်တော့်မှာ မည်သို့မျှ မမျှော်လင့်ဘဲ တွေ့ကြုံရသော အဖြစ် အပျက်တို့ကြောင့် ကြက်သီးများ တဖြန်းဖြန်းထပြီး ကြောက်ဒူးတွေတုန်ကာ ကြောင်သွားမိသည်။ ထို့ပြင် လန့်ဖျပ်ပြီး ပင်ယံထက်မှ အောက်သို့ ကျမသွား အောင်လည်း သတိထားလျက် နေရသည်။

တောနက်ဝက်ဝံကြီးကို ကျွန်တော် သစ်ပင်ပေါ်သို့ တက်စဉ်က လုံးဝ မတွေ့မမြင်ခဲ့ပါချေ။ အကြောင်းမူ ထိုဝက်ဝံကြီးမှာ သစ်ပင် ပင်စည်လုံးနှင့် ကွယ်နေသော သစ်ကိုင်းတစ်နေရာ၌ တွယ်ကပ်နေသည်မို့ သူ့ကို ကျွန်တော် မမြင်ခဲ့မိခြင်းပင် ဖြစ်၏။

ကျွန်တော့်အဖို့ ယခုမှ ခက်ချေပြီ။ ဝက်ဝံကြီး၏ရန်ကို ကျွန်တော် မည်ကဲ့သို့ ကာကွယ်ရပါမည်နည်း။ ဝက်ဝံကြီးကလည်း သူ မမျှော်လင့်သော အချိန်တွင် မမျှော်လင့်သောနေရာ၌ ကျွန်တော့်ကို ရုတ်တရက် တွေ့လိုက်ရခြင်း ကြောင့် ကြောင်သွားသည်နှင့်တူ၏။ ထို့ကြောင့်သာ တကျိကျိအော်ပြီး သူ၏ နီရဲသော မျက်လုံးအစုံကို အစွမ်းကုန်ဖွင့်၍ ကျွန်တော့်ကို စိုက်ကြည့်နေသည်။

ဝက်ဝံဟူသော သတ္တဝါတို့သည် လေးဖက်တွား သတ္တဝါတစ်မျိုး ဖြစ်၏။ သူ၏ ခြေသည်းလက်သည်းတို့မှာ ချွန်၍ ရှည်လျား၏။ ထို့အတူ ခြေထောက် လက်ထောက်တို့မှာ သန်မာ၍ သစ်ပင်ကြီးများပေါ်သို့ တက်ရောက်နိုင်သည်။ သူ၏ လျင်မြန်မှုသည် မျောက်များကဲ့သို့ပင် လျင်မြန်၍ သတ္တိရှိသော သတ္တဝါ တစ်မျိုး ဖြစ်၏။ သူ၏ သွားများမှာ ချွန်ထက်ပြီး အချိုအဆိမ့်ကို အလွန် ကြိုက် နှစ်သက်ကြသည်။ အသီးအရွက်များကိုသာစားသော အရွက်စားသတ္တဝါတစ်မျိုး ဖြစ်သည့် အားလျော်စွာ လေးဖက်တွားရ၍ ရသလို မတ်တတ်ရပ်၍လည်း သွားလာ လှုပ်ရှားနိုင်လေသည်။

ဝက်ဝံသည် အထူးသဖြင့် ပျားရည်ကို ကြိုက်နှစ်သက်၏။ ထို့အပြင် ငှက်ဥများကိုလည်း ငှက်သိုက်ရှိရာသို့ တက်ရောက်နှိုက်ကာ ကြံဖန်ပြီး ရှာဖွေစား သောက်တတ်သည်။

ဤသည်တို့ကြောင့် ပျားနံ့ရလျှင် ရရာသစ်ပင်ပေါ်သို့ ခဲရာခဲဆစ်တက် သည်။ ပြီးလျှင် ပျားအုံကို ရှာဖွေသည်။ ပျားသလက်များကို ဖဲ့ရွှဲပြီး စားသောက် ပစ်တတ်သည်။ သည်အခါ ပျားများက အုံခဲ၍ ဝက်ဝံကို ဝိုင်းဝန်းပြီး ထိုးတ်ကြ ကိုက်ကြသည်။ သို့သော် သူ၏ထူထဲသော အမွေးအမှင်များကြောင့်ပျားတုတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကို ဝက်ဝံများက ကြံ့ကြံ့ခံနိုင်သည့် သတ္တိရှိသည်။ ဝက်ဝံတစ်ကောင် သစ်ပင်ပေါ်သို့ရောက်လျှင် ငှက်သိုက်များမှ ငှက်ဥများကိုလည်း ချမ်းသာမပေးတော့။ နှိုက်ယူဖောက်ခွဲကာ စားသောက်ပစ်တတ်၏။ ထို့ပြင် စိတ်မထင်ပါက ဖျက်ဆီးပစ်တတ်လေသည်။

မှန်သည်၊ ကျွန်တော် ဤအပင်ကြီးပေါ်သို့ မတက်ခင်က ချုံငယ်ကလေးကို ရှင်းလင်းခဲ့သည်။ ထိုချုံထဲမှ သစ်ပင်ငယ်တစ်ပင်တွင် ပျားစွဲနေသော ပျားအုံငယ်တစ်ခုကို တွေ့ရှိရသည်။ ထိုပျားအုံငယ်ကို ကျွန်တော် တွေ့ရှိသလို ဝက်ဝံကြီးမှာလည်း အနံ့ခံ တွေ့ရှိမည်မှာ မုချပင်။

ဤသည်တို့ကြောင့် ဝက်ဝံကြီးမှာ သစ်ပင့်ကြီး၏ ပင်ခြေရင်း အပင်ငယ်တွင် အရည်မရသော ပျားအုံငယ်ကို တွေ့မြင်ခဲ့ရသည်မို့ ပင်ယံထက်၌ ပျားအုံကြီးများ ရှိမည်ဟု အထင်ရောက်ပေမည်။ ထိုအထင်နှင့် ကျွန်တော်တို့ထက် ဦးစွာ သစ်ပင်ကြီးပေါ်သို့ တက်ရောက်ပြီး ပျားသလက်များကို လိုက်လံရှာဖွေခြင်းပင် ဖြစ်ပေမည်။

ကျွန်တော် သစ်ပင်အောက်မှ ချုံကို ရှင်းလင်းခဲ့သော အသံများကိုလည်း ကြားဟန် မတူပေ။ အကြောင်းမူ တောနက်ဝက်ဝံကြီးမှာ အစားအသောက်အတွက် ရတက်ဇောတက်ကာ တစ်ကိုင်းမှတစ်ကိုင်းသို့ ကူးလူးနေသည် မဟုတ်ပါလား။ ထို့ပြင် တောကျီးကန်းတို့၏ ဆူညံနေသော အသံကြောင့်လည်း ကျွန်တော်တို့ သစ်ပင်ပေါ်သို့ တက်လာခြင်းကို မသိရှိခြင်း ဖြစ်ပေမည်။

မည်သို့ဆိုစေ တောနက်ဝက်ဝံကြီးနှင့် ကျွန်တော်မှာ ပင်ယံထက်၌ ရင်ဆိုင်တွေ့ကြုံနေရသည်က အမှန်ပင်။ ဝက်ဝံကြီးမှာ ကျွန်တော့်ကို ကြောင်ပြီး ကြည့်နေရာမှ ရန်လိုသောအသံနှင့် ဝူးဝူးဝါးဝါး အော်တစ်လိုက်သည်။ ထို့နောက် သူ၏ ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲပြီး နီရဲသောမျက်လုံးအစုံနှင့် ပြူး၍ပြူး၍ ကြည့်ကာ ကျွန်တော်ရှိရာ သစ်ကိုင်းဆီသို့ ရုတ်ခြည်း ကူး၍လာလေတော့သည်။

ထို့ကြောင့် ကျွန်တော့်မှာ သစ်ပင်အောက်သို့ ပြန်ဆင်းရန်လည်း မလွယ်ကူတော့။ အကြောင်းမူ ဝက်ဝံကြီးသည် ကျွန်တော်တို့ တက်လာသော လှေကားနေရာမှ ကျွန်တော်ရှိရာ သစ်ကိုင်းဆီသို့ မျက်နှာမူ၍ ရှေ့ရှုလာနေသောကြောင့်တည်း။

ကျွန်တော့်အဖို့ နောက်ဆုတ်ပြေးရန်လည်း မဖြစ်နိုင်။ ရှေ့တိုးလျှင်လည်း ဝက်ဝံကြီး၏ ကိုက်ခဲခြင်းကို ခံရမည်။ ထို့ပြင် ပင်ယံထက်မှ အောက်သို့ ခြေချော်ပြီး လိမ့်ကျမှာကိုလည်း တွေးတောပူပန် စိုးရိမ်ရလေသည်။





အခြေအနေမှာ ပို၍ ဆိုးလာသည်။ ဝက်ဝံကြီးသည် မဖွာဖတ်ရပ်၍ ခြေကားရားလက်ကားရားနှင့် အော်ဟစ်မာန်ဖီရင်း ကျွန်တော့်ကို ကိုက်ခဲသတ်ဖြတ်ရန် ရှေ့သို့ တိုး၍တိုး၍ လာနေသည်။ သူ၏ဝမ်းဗိုက်မှ အဖြူကျားကြီးနှင့် စူးရှနီရဲသော မျက်လုံးများကြောင့် ကျွန်တော့်မှာ ပိုမို၍ ကြောက်စိတ်တွေ ဝင်လာပြီး ဟစ်လို့သာ ငိုလိုက်ချင်တော့သည်။ သည်နေ့မှ ဘကြီးဖြိုးကလည်း ပါမလာခဲ့။ အကယ်၍ အခုအချိန်၌ ဘကြီးဖြိုးသာရှိလျှင် ဟူသော အတွေးကြောင့်လည်း ဝမ်းနည်းရပြန်သည်။

ကျွန်တော်နှင့် လူတစ်ရပ်နီးပါးမျှရှိသော ဝက်ဝံကြီးမှာ သစ်ကိုင်းတစ်ကိုင်းတည်း၌ မျက်နှာချင်းဆိုင်ကာ လေးငါးလံလောက်သာ ကွာဝေးတော့သည်။ ယခုအချိန်အထိ ကျွန်တော့်မှာ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိသေး။ ကြောက်စိတ်တွေနှင့်သာ ခေါင်းပေါ်မှ သစ်ကိုင်းတစ်ကိုင်းကို လက်တစ်ဖက်ကကိုင်ပြီး အခြား လက်တစ်ဖက်က ရဲတင်းကိုကိုင်၍ ဝက်ဝံကြီး ရှေ့သို့ တိုးလာလေလေ၊ ကျွန်တော်က နောက်ဆုတ်လေလေ၊ နောက်ဆုတ်ရင်း ဆုတ်ရင်းနှင့် အသည်းအူ ပြောင်းပြန်ဆန်ကာ ပြေးမလွတ်သော အသက်အန္တရာယ်ဘေး၏ အကျဉ်းအကျပ်ကို ဆင်းရဲပင်ပန်းစွာနှင့် ရင်ဆိုင်ခံစားနေရသည်။ ယခုဆိုလျှင် ကျွန်တော့်အဖို့ နောက်သို့ ဆုတ်ရန်လည်း မဖြစ်နိုင်တော့ပြီ။ သစ်ကိုင်းအဖျားသို့ ရောက်နေပြီမို့ လွတ်လမ်းလည်း မရှိတော့။ ထို့ကြောင့် ဆို့လှိုက်မောဟိုက် ဝမ်းနည်းသော ဝေဒနာနှင့်အတူ ဇောချွေးတွေသာ ပြန်၍နေတော့သည်။ ပြီးလျှင် ဝက်ဝံကြီး ကျွန်တော့်အနားသို့ ရောက်သည်နှင့် လက်ထဲမှ အသင့်ရှိသော ရဲတင်းနှင့်ခုတ်သတ်မည် ဟူ၍လည်း တွေးတောမိသည်။ ကျွန်တော့်၌ သည်ရဲတင်းသာ အားကိုးစရာရှိတော့သည်။

"ဘကြီးဖြိုးရေ လာ. . လာပါဦး၊ ဒီမှာ ဝက်. . ဝက်ဝံကြီး မောင်ထွေးကို ကိုက်. . ကိုက်"

သစ်ပင်အောက်မှ စံရွှေ၏ ကြောက်လန့်တကြား အော်ဟစ်သံကိုလည်း ကြားရသည်။

ယခုအချိန်၌ ဝက်ဝံကြီးသာ ကျွန်တော့်ကို ခုန်ကိုက်လိုက်လျှင် ကျွန်တော့်လက်ထဲတွင်ရှိသော ရဲတင်းနှင့်လည်း ဝက်ဝံကြီးကို ခုတ်နိုင်မည်မဟုတ်။ ဝက်ဝံကြီး ကိုက်ဖဲ့သော ဒဏ်ရာနှင့်အတူ အကြောက်လွန်ကာ သစ်ပင်အောက်သို့ ကျွန်တော် ကျပြီးသေရမည်မှာ မုချပင်။ သည်အတွေးနှင့်အတူ ကျွန်တော်၏ ဦးနှောက်ထဲတွင် ဝင်းလက်သောအကြံတစ်ခု ထွက်ပေါ်လာသည်။ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ရရှိသော အကြံနှင့်ပင် ဝက်ဝံကြီး၏ အန္တရာယ်ကို ရင်ဆိုင်ရန် ဆုံးဖြတ်ရတော့သည်။

ဝက်ဝံကြီးသည် တရွေ့ရွေ့နှင့် မာန်ဖီကာ ကျွန်တော်နှင့် တစ်လံနှစ်လံကွာသို့ ရောက်လာသည်။ ထိုအတူ သူက ကျွန်တော့်ကိုခုန်၍ ကိုက်ခဲရန် အော်ဟစ်အားယူလိုက်သည်။ ထို့ကြောင့် ကျွန်တော်ကလည်း လက်ထဲမှကိုင်ထားသော ရဲတင်းနှင့် ဝက်ဝံကြီး ခုန်မအုပ်နိုင်ခင် သူ့ဦးခေါင်းဆီသို့ ချိန်ရွယ်ပြီး တစ်အား ပစ်ပေါက်လိုက်လေသည်။

ကျွန်တော့်ကုသိုလ်ဟုပင် ဆိုရလေမလားမသိ။ ကျွန်တော် ပစ်ပေါက်လိုက်သော ရဲတင်းမှာ ဝက်ဝံကြီး၏ဦးခေါင်းကို ကံအားလျော်စွာပင် တိုက်ရိုက်ထိမှန်လေတော့သည်။

ထို့ကြောင့် "ခွပ်" ဟူသော အသံနှင့်အတူ ဝက်ဝံကြီးမှာ နောက်သို့ လန်ကျသွားလေသည်။ သို့သော် သူ၏သန်မာသော လက်တစ်ဖက်မှာ သစ်ကိုင်းတစ်ကိုင်းကို မြဲမြဲစွာ ကိုင်ထားသည်မို့ သစ်ပင်အောက်သို့ ကျမသွားဘဲ တွဲလောင်းကြီး ဖြစ်နေ၏။ ကျွန်တော်၏ လျှပ်တစ်ပြက် ရဲတင်းနှင့် ပစ်ခတ်မှုကြောင့် သူ့ခေါင်းမှ နီရဲသောသွေးတို့မှာ ဖြာ၍ဖြာ၍ စီးကျလာသည်။

သည်အခါ ကျွန်တော်၏ ရုတ်တရက် တိုက်စစ်ဒဏ်ကြောင့် ဒဏ်ရာရသွားသော ဝက်ဝံကြီးမှာ ပိုမို၍ ဒေါပွလာသည်။ တရှူးရှူးတရှဲရှဲနှင့် တွဲလောင်းကြီး ဖြစ်နေရာမှ ဝက်ဝံကြီးသာ ကျွန်တော်ရှိရာ သစ်ကိုင်းပေါ်သို့ ပြန်လည်ပြီး တက်ရောက်လာလျှင် ကျွန်တော့်အဖို့ သက်သာမည်မဟုတ်။ ကိန်းသေ သေပွဲဝင်ရမည်ပင်တည်း။

ဤသည်ကို တွေးတောမိသော ကျွန်တော်မှာ ရရှိသောအချိန်ကို အလဟဿ အဆုံးရှုံး မခံဘဲ ရရှိသောအကြံဉာဏ်နှင့် အသုံးချရန် ပြင်ဆင်ရတော့သည်။ ကျွန်တော်၏ ပထမဦးစွာ တိုက်ခိုက်မှုမှာ အောင်မြင်ခြင်းကြောင့်လည်း တစ်အားတက်မိသည်။

ထို့ကြောင့် ကျွန်တော်သည် ခါးတွင် ချည်ပတ်ထားသော သက်ကယ်ကြိုးနှင့်ချိတ်ကို လျင်မြန်စွာ ဖြုတ်ရသည်။ ပြီးလျှင် ကျွန်တော့်ဝဲဘက် ဘေးနှစ်လံသုံးလံနီးပါးခန့်တွင်ရှိသော သစ်ကိုင်းတစ်ခုဆီသို့ မျက်စိကစားလိုက်သည်။ ပြီးလျှင် ရုတ်ခြည်း အသက်ကယ်ကြိုးစကို လက်တစ်ဖက်စွန်းရှိချိတ်ကို ထိုသစ်ကိုင်းဆီသို့ ချိန်ရွယ်၍ပစ်ပြီး ချိတ်လိုက်သည်။ ကျွန်တော် ပစ်ချိတ်လိုက်သော အသက်ကယ်ကြိုးချိတ်မှာ ထိုသစ်ကိုင်း၌ သွားရောက် ချိတ်မိသွားလေသည်။ သည်အခါ





ကျွန်တော့်မှာ သည်မှာဘက်သစ်ကိုင်းမှ ဟိုမှာဘက်ကိုင်းသို့ ကြိုးသွယ်တန်းပြီးပြီမို့ လက်တွင်းရှိ ကြိုးတစ်စမှကိုင်ကာ တစ်ဖက်ကိုင်းသို့ လွှားခနဲ ခုန်၍ ကူးသွားနိုင်သော အနေအထားမျိုး၌ အသင့် ရောက်ရှိနေချေပြီ။

ထိုအချိန်တွင် ကျွန်တော်၏ ရဲတင်းဒဏ်ကြောင့် ဦးခေါင်းမှ နီရဲသော သွေးများ စီးကျနေကာ တန်းလန်းကြီး ဖြစ်နေသော ဝက်ဝံကြီးမှာလည်း သူ၏ ကြိုးစားမှုကြောင့် သစ်ကိုင်းပေါ်သို့ ပြန်လည်ပြီး တက်ရောက်နိုင်လေပြီ။ ဝက်ဝံကြီးမှာ ယခင်ကလို မတ်တတ်မရပ်တော့ဘဲ လေးဖက်တွားကာ ကျွန်တော့်ကို တရှူးထိုး ခုန်အုပ် ကိုက်သတ်ရန် မာန်ဖီအော်ဟစ်တော့သည်။

ကျွန်တော်ကလည်း အသက်ကယ်ကြိုးစကို မြဲမြဲကိုင်ကာ တခြား ကိုင်းတစ်ဖက်ကို ခုန်မကူးသေး၊ ဝက်ဝံကြီး၏ အခြေအနေကိုသာ စောင့်ကြည့်နေမိသည်။

"ဟေ့ မောင်ထွေး၊ သက်ကယ်ကြိုးစကိုကိုင်ပြီး တခြားကို ခုန်ကူးတော့လေ"

"ဟေ့ကောင် မောင်ထွေး၊ ဘာမှ အားမငယ်နဲ့၊ ဘကြီးဖြိုး ရောက်လာပြီဟေ့"

သစ်ပင်အောက်မှ စံရွှေနှင့် ဘကြီးဖြိုးတို့၏ အော်သံဟစ်သံကို ကြားရသည်။ သို့သော် ကျွန်တော်က သစ်ပင်အောက်သို့ ပြန်လည်ပြီး မကြည့်အားချေ။ ကျွန်တော့်ကို နာကျင်ခဲခဲရန် ကြံစည်နေသော ဝက်ဝံကြီးကိုသာ မမှိတ်မသုန် စူးစိုက်ကြည့်နေမိသည်။

ကျွန်တော်၏အဖြစ်ကို ဘကြီးဖြိုးတို့တစ်တွေမှာ သစ်ပင်အောက်မှ ရင်တထိတ်ထိတ်နှင့် စောင့်စားကြည့်ရှုနေကြရသည်မှာ မုချပင်။

သည်တစ်ချီ၌ သူသေကိုယ်သေ တိုက်ပွဲဝင်ရတော့မည် ဟူသော ဆုံးဖြတ်ချက်နှင့်အတူ ကျွန်တော်သည် ဝက်ဝံကြီး၏ လှုပ်ရှားမှုကို သတိကြီးစွာထားလျက် ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေရသည်။ မိမိကိုယ်ကိုလည်း "သူက တိရစ္ဆာန်၊ ငါကလူ၊ ကဲ. . ဘယ်သူ အစွမ်းထက်မလဲ" ဟူသော အတွေးနှင့် ယခင်ကလို မျက်နှာချင်းဆိုင် အနေအထားမျိုး မနေတော့ဘဲ ကိုယ်ကို တစောင်းပေး၍ ဝက်ဝံကြီးကို စူးစိုက်ကြည့်နေသည်။

ထိုအချိန်တွင် ကျွန်တော်နှင့် ဝက်ဝံကြီး၏ အကွာအဝေးမှာ တစ်လံအကွာသို့ပင် ရောက်ရှိ နီးကပ်လာသည်။ သူ့ဦးခေါင်းမှ စီးကျနေသောသွေးတို့မှာ သစ်ကိုင်းတစ်လျှောက် တပေါက်ပေါက် ကျဆင်းနေသည်။ ဝက်ဝံကြီး၏



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်မှ အဖြူကျားကြီးမှာ သွေးခေါင်းက ထွက်ကျသော သွေးတို့ကြောင့် နီရဲနေတော့သည်။ ထိုအခါ ဝက်ဝံကြီး၏ ဒေါသမှာလည်း အထွတ်အထိပ်သို့ ရောက်ချေပြီ။ ထို့ကြောင့် သူ့ရှေ့၌ တွေ့မြင်ရသော ကျွန်တော့်ကို ကျားတစ်ကောင်၏ လျှင်မြန်ခြင်းမျိုးနှင့် လွှားခနဲ ခုန်အုပ်လိုက်လေသည်။

"ယောက်ျား"

ကျွန်တော်က မိမိကိုယ်တိုင် အားပေးကာ မျောက်တစ်ကောင်၏ လျှင်မြန်ခြင်းမျိုးနှင့် အသက်ကယ်ကြိုးတစ်စကိုကိုင်ပြီး လွှားခနဲ ဝဲဘက်သစ်ကိုင်းဆီသို့ ရုတ်ခြည်း ခုန်ကူးလိုက်လေသည်။ သို့သော် ကျွန်တော်၏ တင်ပါးဆီမှ ပူခနဲ ဖြစ်သွားသည်ကို သတိပြုလိုက်မိသည်။

"ဝုန်း . . ဗုန်း . . ."

ဝက်ဝံကြီးက ကျွန်တော့်ကို တစ်အား ခုန်အအုပ်တွင် ကျွန်တော်တခြားကိုင်းသို့ ရုတ်ခြည်း ခုန်ကူးလိုက်၏။ သည်အခါ ဝက်ဝံကြီးမှာ ကျွန်တော့်ကို မဖမ်းမိတော့ဘဲ လက်မတင်လေး လက်ချော်သွားလေသည်။ ပြီးလျှင် ဝက်ဝံကြီးမှာ သူ့အရှိန်ကိုသူ မထိန်းနိုင်တော့ဘဲ "ဝုန်း . . ဗုန်း" ဟူသော အသံကြီးနှင့်အတူ သစ်ပင်အောက်သို့ ကျွမ်းထိုးပြီး ပစ်ကျသွားလေတော့သည်။

"ပစ် . . ဟော့ . . ပစ် . . ပစ် . ."

ကျွန်တော် တခြားကိုင်းသို့ ချောမောစွာ ရောက်ရှိသွားသောအခါ သစ်ပင်အောက်မှ ဘကြီးဖြိုး၏ အမိန့်ပေးသံကို ကြားရသည်။ ဘကြီးဖြိုး၏ အောင်မြင်သောအသံမှာ တောတစ်ခုလုံးကို ပဲ့တင်ထပ်၍ ညံသွားလေသည်။

ထို့ကြောင့် ကျွန်တော်သည် မိမိ ရောက်ရှိနေသောနေရာမှ ဘကြီးဖြိုးတို့ရှိရာသို့ ရင်တထိတ်ထိတ်နှင့် စိုက်၍ ကြည့်လိုက်မိသည်။ အဖြစ်အပျက်တို့မှာ မြန်ဆန်လွန်းလှသည်။

ကျွန်တော့်ကို ခုန်ကိုက်၍ အရှိန်လွန်ပြီး သစ်ပင်အောက်သို့ ဝုန်းခနဲ ထိုးကျသွားသော လူတစ်ရပ်နီးပါးရှိ ဝက်ဝံကြီးမှာ သွေးရူးသွေးတန်းနှင့် ထပြေးရန် ဟန်ပြင်လိုက်သည်။ သို့သော် ကံဆိုးရှာသော တောနက်ဝက်ဝံကြီးအဖို့ နောက်ကျသွားခဲ့ချေပြီ။ အကြောင်းမူ လျင်မြန်သော ဘကြီးဖြိုး၏ လက်တွင်းရှိ ဒူးလေးမှ မြားတစ်စင်းသည် ဝက်ဝံကြီး၏ ရင်ညွန့်ကို ထိုးဖောက် ဝင်ရောက်သွားလေတော့သည်။ ထို့အတူ စံရွှေလက်မှ လှံသွားမှာလည်း ဝက်ဝံကြီး၏ ဝမ်းဗိုက်ဆီသို့ တည့်မတ်စွာ စူးဝင်သွားတော့၏။

ဤသည်တို့ကြောင့် ဝက်ဝံကြီးမှာ သစ်ပင်အောက်၌ တလွန့်လွန့် လူး





လှူးကာ တစ်ခဏချင်းမှာပင် မနိုးသောအိပ်ခြင်းနှင့် ငြိမ်သက် အိပ်မောကျသွားလေတော့သည်။

ယခုမှပင် ကျွန်တော့်အဖို့ ဟင်းခနဲ သက်ပြင်းချလိုက်လေတော့သည်။ ဖြစ်ပျက်ပြီးစီးခဲ့သော အခြေအနေတို့ကို ပြန်လည် မြင်ယောင်လာရင်း ကြက်သီးများမှာ ဖြန်းခနဲ ဖြန်းခနဲ ထသွား၏။ ထို့ပြင် ရင်ထဲ၌လည်း မောဟိုက်၍နေတော့သည်။ ပြီးလျှင် ယခင်က ပူခနဲ ဖြစ်သွားရာ တင်ပါးဆီမှ စပ်ဖျဉ်းဖျဉ်း ဖြစ်လာသည်။

"ဟော့ကောင် . . မောင်ထွေး၊ ဆင်းတော့လေ၊ အဲဒါ ဘာလုပ်နေတာလဲ"

ဘကြီးဖြိုးက ပင်ယံထက်သို့ မော့ကြည့်ရင်း ကျွန်တော့်ကို သစ်ပင်ထက်မှ ဆင်းခိုင်းသည်။

ကျွန်တော့်မှာ ယခုအချိန်အထိ ဇောချွေးတွေပြန်ပြီး ရင်ထဲက တုန်ယင်လှိုက်မောတုန်းပင် ရှိသေးသည်။ ထို့ကြောင့် ဘကြီးဖြိုးတို့ကို မည်သို့မျှ ပြန်လည်ပြီး စကားမပြောမဆိုနိုင်ချေ။ ရောက်ရှိနေရာ သစ်ကိုင်းထက်မှ ကျွန်တော်၏ အသက်ကို ကယ်ဆယ်ခဲ့သော အသက်ကယ်ကြိုးနှင့်ချိတ်ကို မြတ်နိုးတပ်မက်စွာနှင့် ဖြုတ်ယူရင်း ခဏမျှ အမောဖြေနေရသည်။ ပြီးလျှင် ကြိုးကို ခါး၌ ပြန်လည်ရစ်ပတ်ကာ ဖြည်းညင်းစွာဖြင့် စိတ်အေးလက်အေး သစ်ပင်ပေါ်မှ အောက်သို့ ဆင်းရသည်။ စပ်ဖျဉ်းဖျဉ်း ဖြစ်နေသော တင်ပါးဆီသို့ လှည့်ကြည့်လိုက်ရာ ဝက်ဝံကုတ်မိသွားသဖြင့် အနည်းငယ် ပွန်းပဲ့ရုံမှလွဲ၍ ဘာမှ စိုးရိမ်စရာ မတွေ့ရ။

"မင်း . . မင်း သိပ်တော်တယ်ကွာ၊ ယောက်ျားဆိုတာ ဒီလိုမှပေါ့၊ ဒါပေမယ့် ဒီလို စွန့်စားမှုမျိုးဟာ လူကို အန္တရာယ်ဖြစ်နိုင်တယ်။ နောက်ကို သတိထား"

ကျွန်တော် သစ်ပင်အောက်သို့ ရောက်သည်နှင့် ဘကြီးဖြိုးက ပြုံးရွှင်စွာနှင့် ပြောရင်း ဆီးကြိုသည်။ ဘကြီးဖြိုး၏ ကျွန်တော့်ကို ချီးကျူးသံမှာ လှိုက်လှိုက်လှဲလှဲ ရှိလှသည်။ ပြီးလျှင် ကျွန်တော်တို့၏ အောင်မြင်မှုအတွက် ဂုဏ်ယူဝင့်ကြွားနေသော သူ၏ဟန်မှာ လေးစားကြည်ညိုစရာလည်း ကောင်းလှသည်။ ကျွန်တော်၏ အသက်နှင့်ရင်း၍ စွန့်စားခြင်းပြုမှုကိုလည်း သတိပေးစကား ပြောကြား၏။

ထို့အတူ စံရွှေမှာလည်း ကျွန်တော်၏ လည်ပင်းကို ဆီးဖက်ရင်း သူ့မျက်နှာတစ်ခုလုံး အပြုံးတို့နှင့် ဝေဆာနေသည်။

ကျွန်တော့်မှာ စံရွှေတို့၏ အပြုအမူတို့ကြောင့် ရင်ထဲ၌ အေးမြသော အရသာတစ်မျိုးကိုလည်း ခံစားလိုက်ရသည်။ ဝက်ဝံကြီးနှင့် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တို့ကိုလည်း မေ့ပျောက်သွားကာ အမောပြေသွားရသည်။ ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ဝမ်းသာရသည်မှာလည်း ဆိုဖွယ်ရာပင် မရှိတော့ချေ။

"မောင်ထွေး မင်း တကယ် သတ္တိရှိတာပဲ၊ ငါသာ မင်းနေရာမှာဆိုရင် ကြောက်တာနဲ့ပဲ သေမှာပဲ၊ အခု ဘကြီးဖြိုးက လှံတွေ၊ ဒူးလေးတွေနဲ့ အချိန်မီ ရောက်လာလို့၊ နို့မို့ရင် ငါ ဘာလုပ်ရမှန်း သိမှာ မဟုတ်ဘူး"

စံရွှေက ကျွန်တော့်ကို အားပါးတရ ချီးမွမ်းခန်းဖွင့်တော့သည်။

"ဟုတ်ပါတယ်၊ မင်းက အရေးအကြောင်းဆိုရင် ဘာမှ အားမကိုးရဘူး။ ကြောက်ဖို့ပဲ သိတယ်ဆိုတာ ငါလည်း သိသားပဲ"

ဘကြီးဖြိုးက စံရွှေကို မာန်သည်။ သည်အခါ စံရွှေ၏မျက်နှာမှာ သေး ငယ်၍သွားလေသည်။ ထို့ကြောင့်လည်း ကျွန်တော်က စိတ်မကောင်း ဖြစ်ရသေး သည်။

"ဒါပေမယ့် သူ တာဝန်ကျေပါတယ် ဘကြီးဖြိုးရယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဝက်ဝံကို သူ အရင် တွေ့တယ်၊ သူတွေ့တွေ့ချင်းပဲ ကျွန်တော့်ကို သတိပေးတယ်။ နောက်ပြီးတော့ ဘကြီးဖြိုးကို အော်ခေါ်တယ်၊ ကျွန်တော့်ကို လည်း အားပေးတယ်၊ ဝက်ဝံကိုလည်း လှံနဲ့ ထိုးသေးတယ် မဟုတ်လား၊ တကယ် လို့ သူသာ သတိမပေးရင်၊ ဘကြီးဖြိုးကို အော်မခေါ်ရင်၊ မကူညီရင် ကျွန်တော် တို့ ဒီလို အောင်မြင်မှာ မဟုတ်ဘူး"

ကျွန်တော်က ဘကြီးဖြိုးကို အကျိုးသင့် အကြောင်းသင့် ရှင်းလင်းပြော ပြသည်။ သည်အခါမှပင် စံရွှေမှာ ပြုံးရွှင်လာနိုင်တော့သည်။ ပြီးလျှင် လေးစား သောအကြည့်နှင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"အေးပါကွာ၊ ငါကလည်း စံရွှေကို အလကား စတာပါကွာ။ တို့သုံး ယောက် အတွဲညီတယ်၊ စည်းလုံးမှုရှိတယ်၊ စည်းလုံးမှု ရှိလို့လည်း အခုလို အောင်မြင်မှု ရတာပါကွာ။ နောက်လတွေကျရင်လည်း တို့တစ်တွေ ဆေးပြဒါး တွေ ရှာဖွေကြရဦးမယ် မဟုတ်လား။ အဲဒီကျတော့လည်း တို့တစ်တွေ အခုလို အလုပ် အတူတူ လုပ်ကြတာပေါ့ကွာ။ ကဲ. . ဟိုအမဲကောင် ဝက်ဝံကြီးကို ထမ်းပြီး အခုတော့ တို့တစ်တွေ တဲဆီကို ပြန်ကြရအောင်။ နောက်နေ့ကျမှပဲ ဒီအပင်က ချိပ်ကို ခုတ်ယူ ရှာဖွေကြတာပေါ့ကွာ"

ဘကြီးဖြိုးက သူ့ခါးတောင်းကျိုက်ကိုဖြုတ်ရင်း တက်ကြွစွာ ပြောသည်။ ထို့ကြောင့် ကျွန်တော်နှင့် စံရွှေမှာ သစ်ပင်အောက်၌ စင်းစင်းကြီး သေဆုံးနေ သော ဝက်ဝံကြီးကို ကြိုးနှင့် ဆိုင်းလိုက်ကြသည်။ ပြီးလျှင် စံရွှေနှင့် ကျွန်တော်မှာ ဝက်ဝံကြီးကို ဝါးလုံးကြီးနှင့်လျှိုကာ ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်း





လိုက်ကြသည်။ ဘကြီးဖြိုးမှာမူ ဒူးလေးနှင့် လှံကို ယူဆောင်ကာ ကျွန်တော်တို့မှာ အပြုံးကိုယ်စီနှင့် တဲဆီသို့ ပြန်လာခဲ့ကြလေသည်။

ကျွန်တော်တို့အရပ်မှ လူများသည် လယ်ယာကိုင်းကျွန်း လုပ်ကိုင်ခြင်း၊ သစ်ဝါးခုတ်ခြင်း၊ ချိပ်ရှာဖွေခြင်း၊ သစ်စေးကောက်ခြင်း၊ ပျားဖွပ်ခြင်းတို့အပြင် အမဲလိုက်ခြင်းနှင့် ဆေးပြဒါး ရှာဖွေခြင်းများကို လုပ်ကိုင်၍ အသက်မွေးဝမ်း ကျောင်းမှု ပြုကြလေသည်။

တော်သလင်းလ၌ သစ်စေးများ ရှာဖွေကြသလို သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများတွင် ချိပ်ရှာဖွေရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ တန်ဆောင် မုန်းဆန်းစမှ ပြာသို၊ တပို့တွဲလသို့ရောက်လျှင် ဆေးပြဒါးများ ရှာဖွေကြသော ရာသီပင် ဖြစ်၏။ ရာသီနှင့် အချိန်အခါအလိုက် သဘာဝက ပေးအပ်သော သယံဇာတ ပစ္စည်းများမှာ ကျွန်တော်တို့အရပ်၌ သုံးမကုန်အောင် ပေါများ ကြွယ်ဝနေချေသည်တကား။

* * *

ယခုဆိုလျှင် ကျွန်တော်တို့ ဤတောကြီးထဲသို့ လာရောက်ပြီး သစ်ပိုးနီနီ များ ရှာဖွေနေကြသည်မှာ အရက် (၂၀) ကျော်မျှပင် ရှိလေပြီ။ ထို့အတူ ကျွန်တော်တို့ထဲတွင်လည်း ချိပ်များမှာ တစ်ဦးလျှင် အချိန် (၃၀) ကျော်၊ (၄၀) နီးပါး ရရှိနေကြလေပြီ။

ထို့ကြောင့် သစ်ပိုးနီနီ ရှာဖွေရေးလုပ်ငန်းကို သိမ်းဆည်းကြရလေသည်။ ပြီးလျှင် လုပ်ငန်းအပြီးနှင့် ချိန်ကိုက်၍ မှာထားသောလှည်းလည်း ကျွန်တော်တို့ ဆီသို့ ရောက်ရှိလာလေပြီ။ ယင်းကြောင့် ရှာဖွေရရှိသည့် ချိပ်ခဲများ ထည့်ထား သောအိတ်တို့နှင့် ဝန်စည်စလယ်များကို လှည်းပေါ်သို့ တင်ဆောင်လိုက်ကြ သည်။ ယို့နောက် လွန်ခဲ့သော တစ်ပတ်ခန့်က အောင်ပွဲဆင်၍ ရယူခဲ့သော တောနက်ဝက်ဝံကြီးကို အရေဆုတ်၊ အသားကို ကျပ်တင်ပြီး ယူဆောင်ခဲ့ကြ သည်။ ရွာသို့ရောက်လျှင် တောနက်ဝက်ဝံသားကို တောပြန်လက်ဆောင်အဖြစ် ရွာမှ အပေါင်းအသင်းများကို ဂုဏ်ရှိရှိ ပေးဝေနိုင်မည်ဟူသော အတွေးနှင့်အတူ ကျွန်တော်တို့ အားလုံးတို့၏ မျက်နှာများတွင် အပြုံးနှင့် ဝေလှိုင်နေကြသည်။

ယခုဆိုလျှင် ပစ္စည်းပစ္စယများအားလုံး လှည်းပေါ်သို့ တင်ဆောင်ပြီးကြ ပြီမို့ ကျွန်တော်တို့မှာ ရွာသို့ လာလမ်းအတိုင်း လှည်းကို မောင်းနှင်ကာ ပြန်လာခဲ့ ကြလေတော့သည်။

*(၁၉၇၂ ခုနှစ် ဇန်နဝါရီလထုတ် မြဝတီမဂ္ဂဇင်း)*

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## မက်လိုက်စမ်းပါ သားကြီးရယ်

သိပ်သည်းသော အမှောင်ထုကို တောက်ပသော အလင်းရောင်က တဖြည်းဖြည်း ဝါးမျိုနေသည်။ အမှောင်ထု အားလျော့သွားသည်နှင့် အရှေ့မိုးကောင်းကင်တစ်ခုလုံး ကြည်လင်ဝင်းပ၍ လာလေသည်။

"အောက်. . အီး . . အီး . . အွတ်"

တောကြက်ဖတစ်ကောင်၏ ဆွဲဆွဲငင်ငင် တွန်ကျူးလိုက်သောအသံမှာ လေဟုန်ကိုစီး၍ ဟိုမှသည်သို့ ပျံ့လွင့်လာသည်။ မြူကြွလန်းဆန်းလာသည်။ တောကျီးကန်းတို့သည်လည်း တအားအား အော်မြည်၍ အိပ်တန်းဆင်းချေပြီ။

မြသားရင့်ရောင် လွှမ်းခြုံထားသော တောအလုံးကို မိုးဇာလွှာက ငွေအနားကွပ်ပေးထား၏။ ငွေအနားကွပ်ပေးထားသော မိုးဇာလွှာကို ထိုးဖောက်၍ ကျေးငှက်သာရကာအပေါင်းက ပျံသန်းနေကြလေသည်။ မှန်သည်။ မိုးဖွဲဖွဲလေး ရွာနေ၏။ လေမှာ ညင်းညင်းသွဲ့သွဲ့ တိုက်ခတ်နေသည်။ လေအတိုက်တွင် သစ်ပင်ကြီးငယ်တို့မှ သစ်ရွက်တို့၏ လှုပ်ရှားအော်မြည်သံကိုလည်း ကြားရသည်။

ကျောက်တောင်ဘေးရှိ ချောက်ကမ်းပါးထဲ၌ ကျောက်နံရံကိုမှီပြီး အိပ်ပျော်နေသော ငွေမိုးသည် ယခုမှ အိပ်ရာက နိုးလာသည်။ အိပ်ရာမှ နိုးလျှင်နိုးချင်း မိမိကိုယ်ကို အငြိမ်သက်ဆုံးဖြစ်အောင် ထားရ၏။ နှာမောင်းကို လေထဲ၌ မြှောက်လိုက်သည်။ အနံ့ခံကြည့်သည်။ အရပ်လေးမျက်နှာကို လှည့်လည်၍ ကြည့်သည်။ လေကို ရှူရှိုက်ကြည့်သည်။ အေးမြသောမိုးသက်နံ့နှင့် သစ်ရွက်စိမ်းနံ့တို့မှလွဲ၍ မည်သည့်အနံ့မျှ မရ။

သို့သော် စိတ်မချသေး၊ တောတောင်ဝန်းကျင်ကို မျက်စိကစားကြည့်



မြန်သည်။ အရာရာသည် ပကတိအတိုင်း တည်ရှိကြ၏။ ထူးခြားသော လှုပ်ရှားမှုဟန်ကို မတွေ့ရမှ မိမိ အိပ်စက်ရာနေရာမှ ခပ်ဖြည်းဖြည်းချင်း လျှောက်လှမ်းလာ၏။ နှာမောင်းတို့ အောက်သို့ အစဉ်အမြဲ ချမထားရဲ။ မကြာခဏ မိုးပေါ်သို့ မြှောက်၍မြှောက်၍ အနံ့ခံရ၏။ အစာစားရာ၌လည်း စိတ်ချလက်ချ မစားနိုင်၊ အစဉ်အမြဲ နားစွင့်၍ စားရသောက်ရ၏။ သတိနှင့်ကိုယ် မကွာအောင် အမြဲတမ်း ထိန်းသိမ်းရ၏။ လျင်မြန်သောမျက်လုံး၊ ပါးသောနားသည် ငွေမိုး၏ အသက်ပင်တည်း။

မှန်သည်။ ငွေမိုးအဖို့ စိမ်းမှောင်သော တောနက်ကြီးထဲ ရောက်ရှိနေသည်မှာ (၁၀)ရက်ကျော်ပြီ။ သူတစ်ကောင်တည်းမို့ အားငယ်နေမိသည်။ တောတောင်အတွေ့အကြုံ နည်းပါးမှုကြောင့် ရေနံ့ ရသော်လည်း စမ်းချောင်းရှိရာကို မြန်းခန့် မသိဘဲ ဖြစ်နေတတ်သည်။ အနံ့ ရရချင်း မရှာနိုင်။ အတော်မောအောင် ရှာမှ တောင်ကျစမ်းချောင်းကို တွေ့ရ၏။ တောင်ကျစမ်းချောင်းကို တွေ့ရသော်လည်း ချက်ချင်း ရေဆင်းမသောက်ရဲ။ ချောင်းအထာ၊ နယ်မြေ၏ အခြေအနေလည်း မသိရသေးသည်မို့ စမ်းတဝါးဝါး လျှောက်ရသည့် ဒုက္ခကလည်း မသေးလှ။ နှန်းကျွံမှာ ကြောက်ရသည်က တစ်မျိုး၊ နေရာသစ်တစ်ခုသို့ ရောက်တိုင်းရောက်တိုင်း ထွက်လမ်းဝင်လမ်း မှတ်သားရ၏။ အရာရာတိုင်းကို မှတ်သားရလွန်း၍ ခေါင်းတွေပင် ပူနေ၏။ ဦးကင်းက မကျက်သေးသောဒဏ်ရာကလည်း တစစ်စစ် ကိုက်ခဲနာကျင်နေသည်။ ဖန်ရည် မဆေးရသည်မို့ အနာရင်းနေဟန်တူ၏။

မည်သို့ဆိုစေ မိမိ ရောက်နေသောနယ်မှာ မိမိနှင့် စိမ်းသစ်နေသည်။ ရိုင်းနေ၏။ မြေရိုင်းတောရိုင်းမို့ ဆင်ရိုင်းအုပ်နှင့် တွေ့မှာလည်း ပူရ၏။ တစ်ခါတွေ့ကြုံခဲ့ဖူး၍ မိမိ၏ အသက်နှင့်ထပ်တူ ချစ်ရသော ချစ်တိုးကို ဆုံးရှုံးခဲ့ရပြီးပြီ။ ထို့ကြောင့် မြေကိုနင်းသည်ပင် မြေပျော့မြေမာ အခြေအနေကို စူးစမ်းရ၏။ စိတ်ချရမှ စမ်းချောင်းရှိရာသို့ ပြေးဆင်းပြီး ရေသောက်ရ၏။ ရေချိုးရ၏။ ကိုယ်လုံးအနှံ့အပြား၌ ကပ်ငြိနေသော အမှုန်အမွှားတို့ ကင်းစင်အောင် စမ်းချောင်းထဲ၌ ကိုယ်ကို စိမ်ထားမိသည်။ မနေ့က သည်စမ်းချောင်းထဲ၌ ရေချိုးစဉ်က ချစ်တိုးကို တွေ့ရသည်ဟု ငွေမိုး ထင်မိ၏။ ချစ်တိုးသည် ငွေမိုး၏အသည်း၊ ငွေမိုး၏ နှလုံးသား။

စင်စစ် သူ သည်လို ရေချိုးတိုင်း ရေချိုးတိုင်း ရေပြင်၌ အရိပ်တစ်ခု... လာ၍လာ၍ ခြောက်လှန့်နေသည်ဟု ထင်၏။ ထို့ကြောင့် မိမိဝန်းကျင်နေရာ အနှံ့အပြားသို့ ကိုယ်ကိုလှည့်ပတ်ပြီး စူးစူးစိုက်စိုက် ကြည့်သည်။ စမ်းချောင်း

www.burmeseclassic.com

www.burmeseclassic.com



အထက်အောက်သို့ စိတ်ပေါက်ပေါက်နှင့် လျှောက်ရှာကြည့်သည်။ ထိုအခါ တသွင်သွင် စီးဆင်းနေသော ရေအလျဉ်မှလွဲ၍ မည်သည့်အရာမျှ မတွေ့ရ။ မောဟိုက်သွားမိပြန်သည်။ စမ်းရေထဲ၌ ရေချိုးနေသော်လည်း နှလုံးသားမှာ ကန္တာရအတွင်းရှိ သံပူချောင်းကို ဖြတ်သန်းနေသလို ခံစားရ၏။

မှန်သည်။ ချစ်တိုး၏အရိပ်မှာ သူသွားလေရာသို့ လိုက်ပါနေတတ်၏။ ချစ်တိုးမှာ ကွမ်းတမြုံ့မြုံ့ဝါးပြီး သူ့ကို မျက်လုံးအကြောင်သားနှင့် စူးစိုက်ကြည့်နေတတ်သည်သာ။ ချစ်တိုးနှင့် ငွေမိုးမှာ အလွန် ချစ်ခင်ကြသူများ ဖြစ်၏။ ငယ်စဉ်ကတည်းက အတူ ကြီးပြင်းလာကြသူများပင်။ ချစ်တိုးနှင့် ငွေမိုးမှာ အမြဲတမ်း တတွဲတွဲ နေကြသည်။ ချစ်တိုးနှင့်အတူ ရွာထဲ၌ ဆံဖွပ်မောင်းထောင်းအလုပ်တွေကို ငွေမိုး လုပ်ဖူးသည်။ ရေခပ်ဖူး၏။ လူပျိုလှည့်ဖူး၏။ အလုပ်သိမ်း၍ ရေချိုးကြစဉ်၌လည်း ချစ်တိုးတို့မှာ အတူတူပင်။ ငွေမိုး၏ အစွယ်ကြိုကြား၌ ကပ်ငြိနေသော အညစ်အကြေးတွေကို ချစ်တိုးက နွယ်ဖက်တွေနှင့် တိုက်ချွတ်ဆေးကြောပေးတတ်၏။ ထို့ပြင် ကိုယ်လုံးအနှံ့အပြားကိုလည်း သူ၏ ပုချာချာ အရုပ်လေးနှင့် မမီမကမ်း လှမ်း၍လှမ်း၍ ပွတ်တိုက်ပေးတတ်၏။ အထူးသဖြင့် ဆက်ကြိုလက်ကြား၊ ပေါင်ခြံကြိုအကြားက ပိုးကောင်မွှားကောင်တွေဆိုလျှင် ချစ်တိုးက စိတ်ရှည်လက်ရှည်ဖြင့် ခွာပေးတတ်သည်။ ချစ်တိုးနှင့်အတူ ရေမိုးချိုးပြီးလျှင် တစ်ကိုယ်လုံး သန့်ရှင်း၍ သူ့စိတ်အစဉ်မှာ ကြည်လင်သွားရသည်သာတည်း။

ယခု ငွေမိုးအဖို့ ရေသာချိုးနေသော်လည်း ပြောင်စင်သည်ဟု မထင်မိ။ ငွေရောင်ဖွေးဖွေးထခဲ့သော အစွယ်တို့မှာလည်း ချေးအထပ်ထပ် ဖြစ်နေ၏။ သစ်ခေါက်တွေ ခွာစားရလွန်း၍ စွယ်ရင်းအထိ ပေကျံနေသော သစ်ခေါက်ပုပ်နှံ့ကိုလည်း ပွတ်တိုက်ပေးမည့်သူ မရှိ၍ သည်အနံ့က ပျောက်ပျက်မသွား။ စွယ်ကြိုစွယ်ကြားကလည်း ယားကျိယားကျိ ဖြစ်နေသည်။ ယခုလို အခက်အခဲများနှင့် တွေ့တိုင်းတွေ့တိုင်း ချစ်တိုးကို လွမ်းလွမ်းဆွေးဆွေး သတိတရ ရှိနေတတ်သည်။ ငွေမိုး ကြိုက်တတ်သော ကြံချိုချိုများ၊ တောငှက်ပျောပင်များ၊ ဝါးနုနုထွတ်ထွတ်များဆိုလျှင် ချစ်တိုးက တကူးတက မရမက ရှာဖွေကျွေးသည်သာ။

ထိုအခါ မေမေ မသေမီက ပြောခဲ့သောစကားကို ငွေမိုး သွား၍ သတိရမိသည်။ "ငွေမိုး နင့်အဖေက အသက်လည်းကြီးပြီ သိပ်ပြီး ပင်ပင်ပန်းပန်းလည်း လုပ်နိုင်တော့မှာ မဟုတ်ဘူး။ နောက်ဆိုရင် သားတို့ညီအစ်ကို နှစ်ယောက်ကိုပဲ အမေတို့ အားကိုးရမှာ၊ ဒါကြောင့် သားတို့နှစ်ယောက် ချစ်ချစ်ခင်ခင်နေကြ၊ တစ်ဦးကိုတစ်ဦး ဂရုစိုက်ကြ၊ တစ်ဦးကိုတစ်ဦး စိတ်ဆင်းရဲအောင် မလုပ်ကြနဲ့။



အလုပ်အတူတူလုပ်၊ အတူတူစားကြ၊ အေးအတူ ပူအမျှပေါ့" ဟု ငွေမိုးကို ပြောခဲ့သလို၊ ချစ်တိုးကိုလည်း ပြောခဲ့သည်။ သည်တုန်းက ချစ်တိုးနှင့် ငွေမိုးမှာ အထက်နှင့် အောက်တွေလို ဖြစ်ကြသည်။ ချစ်တိုးက ရှစ်နှစ်၊ ငွေမိုးက ခြောက်နှစ်၊ ချစ်တိုးက ငွေမိုးထက် နှစ်နှစ်ကြီးသည်။ အထက်နှင့်အောက် ညီအစ်ကိုတွေလိုပင်။ ငွေမိုးကို ရပြီးကတည်းက သူတို့မိသားစု စီးပွားရေး အဆင်ပြေခဲ့သည်။ ဆင်ပေါက်ကလေး ငွေမိုးကို ဖိုးဖိုးထံမှ အမွေရခဲ့သည်။ အမွေရသော ဆင်ပေါက်ကလေး အိမ်ရောက်ကတည်းက အိမ်၌ စီးပွားတက်၏။ လုပ်သမျှလုပ်ငန်းတွေ အောင်မြင်၏။ ဆင်ဦးစီးဘဝမှ ကိုယ်ပိုင်ယာလေးများပင် ဝယ်နိုင်သည်အထိ အဆင်ပြေခဲ့သည်။ သည်ဆင်လေးကို ဖေဖေက သူ့သားသမီးလို ချစ်သည်မို့ သူ့သား ချစ်တိုးနှင့်အတူ အခွင့်အရေး တန်းတူထားပေးသည်။ နာမည် မှည့်သည်ပင် ချစ်တိုးနှင့် နာမည်ချင်းတူအောင် ငွေမိုး ဟူ၍ ပေးထားခဲ့သည်တည်း။

ငွေမိုးသည် နာမည်နှင့်လိုက်ဖက်အောင် ငွေရှာဖြစ်သည်။ လူစကား နားလည်၏။ အကင်းပါး၏။ အသေးဆုံးအလုပ်မှ အကြီးဆုံး သစ်ဆွဲသည့်အလုပ် အထိ လုပ်နိုင်၏။ နွေအခါ ရှင်ပြုအလှူပွဲများ၌ မောင်ရင်လောင်းကို ကျောပေါ် တင်၍ ဦးစီး မပါဘဲ သွားလာနိုင်၏။ ဆန်ဖွပ်မောင်းထောင်း အလုပ်လည်း လုပ်နိုင်၏။ အိုးစည်ကလည်း ကတတ်၏။ ခြေလက်တို့ကို စည်းချက်ညီညီ ကြွနိုင် မနိုင်သည်။ ဦးခေါင်းနှင့် နှာမောင်းကို အလှဆုံးဖြစ်အောင် ကြွကြွရွရွ လှုပ်ရှားပြနိုင်၏။ ထို့ကြောင့် သည်အရပ်၌ အလှူရှိပြီဟောဟုဆိုလျှင် ငွေမိုး မပါလျှင် ပွဲမစည်တော့။ 'ငွေတစ်ရာရမှ မောင်ရင်လောင်းကိုချပေး၊ မရရင် မချပေးနဲ့'ဟု ဖေဖေ ဦးချစ်သွေးက ပြောလျှင် သူ့အနားသို့ မည်သူမျှ အကပ်မခံတော့။ ကျောပေါ်၌ ပုခက်ဆင်၍တပ်ထားသော မောင်ရင်လောင်းကိုလည်း မကျအောင်ထိန်းသည်။ အလှူမကျွပ်ရှေ့၌ အိုးစည်ဝိုင်းနှင့်အပြိုင် ငွေမိုး ပညာပြတော့၏။ သူ့ကျောပေါ်ရှိ ပုခက်ထဲမှ မောင်ရင်လောင်း မျက်လုံးပြူးအောင် အခုန်အပေါက်မျိုးစုံဖြင့် ကြွရောက်လာသော ဒေ့ပရိသတ်ကို ဆင်ကဖြင့် အသုံးတော်ခံသည်။ အထူးသဖြင့် ခြေလက်ဘယ်ညာ စည်းဝင်စည်းတွက်မှန်အောင် ကနိုင်သည်မှာ ရွှေအိုးစည်သီချင်းပင်။ 'ရွှေအိုးစည် လွှယ်သလေးလေ့၊ လွှယ်သလေးလေ့' ဟူသော အသံကြားလျှင် ဦးခေါင်းအမြှောက်၊ ခြေအကြွ၊ ခေါင်းခါခါ လည်ခါခါနှင့် ငွေမိုး မြူးနေလေတော့သည်။ ဆင်ဦးစီးကောင်း တစ်ဦးဖြစ်သူ ဖေဖေဦးချစ်သွေး၏ သင်ကြားပြသထားသော ပညာတွေ အားလုံး အသုံးချတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေမိုးရေ သားလေး ဒီမှာ ပိုက်ဆံတွေ ရပြီကွ ရပြီ၊ နှုတ်တော့"ဟုရှ ဦးချစ်သွေးက ပိုက်ဆံတွေ မြှောက်ပြမှသာ အကရပ်သည်။ "မောင်ရင်လောင်းကို ချပေးလိုက်တော့" ဟု ပြောမှ မဏ္ဍပ်ထဲသို့ ညင်ညင်သာသာ ဝင်သည်။ ဘုရားကို နှာမောင်းနှင့်မြှောက်၍ ကန်တော့သည်။ ပရိသတ်ကို ကန်တော့သည်။ ပြီးမှ မောင်ရင်လောင်းထိုင်မည့် နေရာအရောက် ပို့ပေးလေသည်။ ဤသည်တို့ကြောင့် "ငွေမိုးကွ၊ ငွေမိုး ငွေမိုး" ဟူသော အသံတို့မှာ မိုးယံသို့ပင် ညံနေတတ်သည်။ ထို့နောက် သားဖသုံးယောက် ပြုံးရွှင်စွာဖြင့် ရွာသို့ ပြန်လာကြသည်။ ငွေမိုး၏ အပြန်လမ်း၌ ရေမွှေးနံ့တို့ မွှေးပျံ့နေ၏။ သင်းသင်းမွှေးသော စံပယ်နံ့တို့မှာလည်း ဖြူဖွေးကော့ပျံ့နေသောအစွယ်၌ ဖွေးဖွေးလှုပ်၍ သင်းလှိုင်နေသည်။

မှန်သည်။ ငွေမိုးမှာ ရိုးမတောင်ခြေရှိ ကျွန်းတောစုံ၊ ရှန်းချောင်း၊ ဖော်ပင်နှင့် တုံးသေရွာများအပြင် လက်ပံတန်းမြို့ပေါ်အထိပင် ငွေမိုး၏ ကောင်းသတင်းမှာ ပျံ့နှံ့ကျော်ကြား၏။ လိမ္မာသော ငွေမိုး၊ လူလိုနားလည်သော ငွေမိုး၊ ဆင်ကကတတ်သော ငွေမိုးအဖြစ် တောရောမြို့ပါ ကောင်းသတင်း မွှေးသည်သာ။

ယခု အိုးစည်သံ မကြားရသည်မှာလည်း ကြာပေပြီ။ လူနံ့သူနံ့ မရသည်မှာလည်း ကြာပြီ။ အစားအသောက်တွေကို တွေ့ရာမြင်ရာ လျှောက်စားသောက်ထားသည်မို့ ဝမ်းချုပ်ချင်သလို ဖြစ်ပြီး ထုံထိုင်းနေ၏။ မကြာခဏ စိတ်ရှုပေါက်၍ မျက်လုံးတွေ ပြာဝေနေတတ်၏။ တစ်ခါမျှ အတွေ့အကြုံ မရှိသော အတွေ့အထိကိုလည်း တောင့်တသည်။ ရင်တစ်ခုလုံး ပူလောင်လာ၏။ မြင်မြင်ရာကို မုန်းမိသည်။ တွေ့ရာမြင်ရာ အားလုံးကို ဖျက်ဆီးပစ်ချင်သည်၊ သည်တော့ ငွေမိုး ထင်တိုင်းလုပ်ပစ်သည်၊ သစ်ပင်ကြီးငယ်ကို အောင်းပစ်၏။ သစ်ပင်ငယ်အချို့ မြေပြင်၌ လဲသောအခါ ခါးလယ်မှ နှာမောင်းနှင့်ကိုင်၍ အဝေးဆီသို့ လွှင့်ပစ်တတ်၏။ တောတစ်ခုလုံး သွက်သွက်ခါအောင် မွှေပစ်သည်။ စိတ်ထင်ရာ လျှောက်လုပ်သည်။ ထို့နောက် မောမောနှင့် စမ်းချောင်းထဲသို့ ပြေးဆင်းပြီး အမောဖြေနေမိသည်။

အမောပြေသလောက် ရှိသောအခါ ချစ်တိုး၏မျက်နှာက စမ်းရေစီးထဲမှာ ပေါ်လာပြန်သည်။ "ချစ်တိုးရယ် မင်း ငါ့ကို ခွဲရက်တယ်ကွာ၊ မင်း သိပ်ရက်စက်တယ်" ဟုပင် ငွေမိုး တွေးနေမိသည်။ မကြာခဏ ချစ်တိုး ပြောသော စကားမှာ ငွေမိုး နားထဲက ဘယ်သောအခါမှ မထွက်။

"ညီလေးငွေမိုး မမိုက်နဲ့ကွာ၊ မမိုက်နဲ့၊ တို့အလုပ်ပြီးရင် ချောစုမဆီ သွားရအောင်" ဟု ပြောခဲ့သောစကား၊ သူပြောသည့် အတိုင်းလည်း ရှန်းချောင်း





ကျေးရွာမှ ချောစုမဆီသို့ ငွေမိုးကို မကြာခဏ ခေါ်ခေါ်သွားသည်။

ထို့နောက် ချောစုမနှင့် ငွေမိုးတို့ နှစ်ကောင်တွဲ၍ တောထဲသို့ လွှတ်ပေးလိုက်ကြ၏။ ချောစုမပိုင်ရှင် ကိုဖိုးထိန်ကလည်း ငွေမိုးကို ချစ်သည်။ ငွေမိုးလိုဆင်လိမ္မာတစ်ကောင်လောက် လိုချင်သည်။ ချောစုမနှင့် ငွေမိုးကို ပေးစားဖို့အမြဲ သဘောတူပြီးသားပင်။

မှန်သည်။ ငွေမိုး ချောစုမဆီ သွားမည်ဆိုလျှင် သိပ်ပျော်၏။ ငွေမိုးပျော်ရွှင်သည်ကိုကြည့်၍ ချစ်တိုး၏မျက်နှာ၌ အပြုံးပန်းတွေ ဝေနေတတ်၏။ ချောစုမနှင့် ငွေမိုးတို့မှာ နှစ်ကောင်တွဲ၍ တောထဲလွှတ်ထားလိုက်သော်လည်း သိပ်ဝေးဝေးလံလံ မသွားကြ။ လျှိုမြောင်တစ်ခုထဲ၌ ဝင်ရောက်ပြီး နှစ်ကောင်ကြည်နူးနေကြသည်။ တစ်ကောင်နှင့်တစ်ကောင် နှာမောင်းချင်း ယှက်လိမ်၍နှလုံးခုန်တမ်း ကစားနေကြသည်။စကားတွေ အများကြီး ပြောကြားနေကြသည်။

ဆင်ကောက်သွားသူ ချစ်တိုးက အသံပေးလိုက်သည်နှင့် နှစ်ကောင်တွဲ၍ တောထဲက ထွက်လာသည်ချည်းပင်။ တစ်ခါမှ မောကြီးပန်းကြီးနှင့် လိုက်ရှာဖွေရသည်ဟု မရှိခဲ့။ သို့သော် တစ်ခါတစ်ခါ၌ ချောစုမက ကြမ်းချင်၏။ ငွေမိုးကိုသူ့ထံမှ ခွဲသွားရပါမည်လားဟု ရန်လိုသည့်မျက်လုံးနှင့် ကြည့်တတ်၏။ သည်အခါမျိုးတွင် ငွေမိုးက ပါးပြီးသားပင်။ ချောစုမကို သူ့နှာမောင်းနှင့် တယုတယပွတ်သပ်နှစ်သိမ့်ပြီး "ငါ မကြာခင် ပြန်လာမှာပါ၊ ခဏနေဦး အလုပ်သွားလုပ်ရဦးမယ်"ဟု ပြောကြားသယောင် ချော့မော့တတ်၏။ ထိုအခါ ချောစုမက ငြိမ်သက်သွား၏။ ဆွေးမြည့်သောအကြည့်နှင့် ငွေမိုးကို စိုက်ကြည့်တတ်၏။ ချစ်တိုးနှင့်ငွေမိုးတို့ ပြန်လာသောအခါ ချောစုမမှာ တကျည်ကျည် အော်ရင်း ကျန်ရစ်ခဲ့တတ်၏။

ယခု ချောစုမကိုလည်း ငွေမိုး လွမ်းနေပြီလား မဆိုနိုင်။ ချောစုမဆီလည်း သွားချင်သည်။ သို့သော် ချောစုမတို့ ရှန်းချောင်းရွာသို့ သူသွားလျှင်မဖြစ်တော့။ သူ့ကို ဆင်ဆိုးတစ်ကောင် ဟူ၍ သမုတ်ကြပြီ။ သူလာလျှင် ရွာကိုဖျက်ဆီးတော့မည်။ လူတွေကို သတ်တော့မည်၊ ယာခင်းတွေကို ဖျက်ဆီးတော့မည်ဟု အတွေးဝင်ကာ သူ့ကို ဝိုင်းရိုက်ကြ၊ သတ်ကြရတော့မည်ဟု ငွေမိုးထင်၏။ ထို့ကြောင့် ချောစုမ ရှိရာ ရှန်းချောင်းသို့ မသွားရဲ။ "ငါ့ကို ခွင့်လွှတ်ပါ ချောစုမရယ်"ဟုလည်း အထပ်ထပ်အခါခါ ပြောကြားနေရ၏။ ထို့နောက် သည်တောထဲ၌ပင် တစ်ကောင်တည်း အထီးကျန်စွာ နေရတော့မည်ဟု ငွေမိုးတွေးကာ ကိုလူပွဲပြန့်၏ တောနက်ထဲသို့ ရင်မောစွာနှင့် ဝင်ရောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ငွေမိုးလည်း၌ ဆွဲထားသော ခလောက်သံ ညံ့ညံ့သည် တောသဘာဝ၏ တေးကို ဟစ်ကြွေးနေသယောင် ထင်မှတ်ရလေသည်။

* * *

အိပ်ရာထဲ၌ မေမေ လဲနေသည်မှာ ကာလ ကြာမြင့်ချေပြီ။ အလုပ်ပင်ပန်းသောဒဏ်၊ ရာသီဥတု၏ ညှဉ်းပန်းသောဒဏ်၊ ဇရာ၏ဖိစီးမှုတို့ ပူးပေါင်းကာ လေဖြတ်နေချေပြီ။ ချစ်တိုးတို့ သားအဖတစ်တွေ ရှာဖွေ၍ရသမျှလည်း မေမေ၏ ဆေးဖိုးနှင့် ကုန်၏။ ထို့ပြင် မူးစုပဲစုဖြင့် စုဆောင်းဝယ်ယူထားခဲ့သော ယာကွက်ကလေးကိုလည်း ရောင်းချလိုက်ရချေပြီ။ သည်နေ့မှ မိုးက သည်းထန်စွာ ရွာနေသည်။ လေတို့မှာလည်း တောင်ခြေရွာမို့ ပြင်းပြင်းထန်ထန် တိုက်နေ၏။ မိုးတွေ လေတွေကြားထဲ၌ အိမ်ပေါ်သို့ ရွာထဲက လူကြီးတွေ တော်တော်များများ လာကြသည်။ တစ်ခါတစ်ရံ အိမ်ပေါ်က ကြေးစည်သံလေး တနောင်နောင်ကိုလည်း ကြားရ၏။ သည်အသံလေးကို ငွေမိုး မကြားချင်။ ကြေးစည်သံကလေးကို ကြားတိုင်းကြားတိုင်း ရင်ထဲ၌ တစ်ဆို့တစ်ဆို့ ဖြစ်သွားရ၏။ ကျောတစ်ခုလုံး စိမ့်၍ အသည်းပြင်ကို လျှပ်စီးကြောင်း ဖြတ်သန်းသွားသလိုလည်း ခံစားရလေ၏။ အကောင်ကို မမြင်ရဘဲ မြည်လွန်းသောအသံလှိုင်းကို လိုက်ဖမ်းကြည့်ချင်သည်။ မည်သို့ဆိုစေ သည်နေ့အဖို့ ငွေမိုး ရင်ထဲ၌ ထူးဆန်းနေ၏။ ထိုင်းထိုင်းမှိုင်းမှိုင်းလည်း ဖြစ်နေ၏။ သူတို့အိမ်ပေါ်သို့ လူတွေ တက်လာတိုင်း တက်လာတိုင်း ငွေမိုး တင်းကုပ်ထဲက စူးစူးရဲရဲ စိုက်ကြည့်နေတတ်၏။ သည်အိမ်၌ တစ်စုံတစ်ခု ဖြစ်တော့မည်ကို ငွေမိုး ကြိုတင်၍ သိသလို ခံစားရ၏။

ရုတ်တရက် ငွေမိုး၏ ဦးကင်းမှာ ရေခဲတုံးနှင့် ထိလိုက်သလို အေးစက်သွားသည်။ ကျဉ်တက်သွားသည်။ ထို့ကြောင့် သူ့မျက်လုံးကျဉ်းလေးကို အသေအချာစိုက်၍ ကြည့်၏။ မေမေ၊ ဟုတ်သည်။ မေမေ ဒေါ်ကြည်လေးသည် သူ၏ လက်ဝါးကြီးနှင့် ငွေမိုး၏ ဦးကင်းထိပ်ကို ဖြန်းခနဲနေအောင် ပုတ်သည်။ ပြီးတော့ "ငါ သွားပြီ သားရေ"ဟု နှုတ်ဆက်ကာ ငွေမိုးကို နောက်ခိုင်း၍ ခြံဝင်းထဲမှ ဟိုးအဝေးဆီသို့ ထွက်ခွာသွားသည်ကို ငွေမိုး မြင်လိုက်ရသည်ဟု ထင်၏။

ထို့ကြောင့် ငွေမိုးက ဝမ်းခေါင်းသံပါအောင် မေမေ့ကို အော်ခေါ်သည်။ တကျည်ကျည်နှင့် အော်သည်။ သို့သော် မေမေက မကြားတော့။ အဝေးဆီသို့ တစ်လှမ်းချင်း လှမ်း၍လှမ်း၍ ထွက်ခွာသွားလေသည်။ မေမေ့ ခြေလှမ်းမှာ လေးကန်နှေးကွေးသည်ဟု ထင်ရသော်လည်း မြင်ကွင်းမှ ခပျောက်ကွယ်မှုမှာ လေလို လျင်မြန်လှသည်။ ငွေမိုး ကြည့်နေစဉ်မှာပင် မေမေ၏ အရိပ်ကို မမြင်ရ





ချေတော့တကား။

ငွေမိုး မျက်စိအောက်က မေမေ ကွယ်ပျောက်သွားသောအခါ အိမ်ပေါ်က မေမေ့ညီမ ဒေါ်သန်း၏ ဝမ်းပန်းတနည်း ငိုရှိုက်သံကို ငွေမိုး ကြားလိုက်ရ၏။ "မမကြည်ရေ မမကြည်ရဲ့"ဟူသော အသံကို ငွေမိုး ကြားသောအခါ ငွေမိုး ပိုဆိုးလာသည်။ ရင်တစ်ခုလုံး ပွင့်ထွက်မတတ် ငွေမိုး ခံစားရ၏။ မှန်သည်။ မေမေ ဆုံးပြီတည်း။

ငွေမိုး ဆင်တင်းကုပ်ထဲက ခြေကို တဝုန်းဝုန်း တဒုန်းဒုန်း ဆောင့်ပစ်၏။ တင်းကုပ်တိုင်ကို ဦးကင်းနှင့်ဆောင့်၍ အောင်းပစ်လိုက်သည်။ တင်းကုပ်မှာ သွက်သွက်ခါသွားသည်။ အင်ဖက်အမိုးအချို့တို့ပင် ပြုတ်ကျကုန်ပြီ။

ငွေမိုး၏ ဝုန်းဒိုင်းကြဲသံ ကြားရသောအခါ ချစ်တိုးက အိမ်ပေါ်မှ အူလျားဖားလျား ပြေးဆင်းလာသည်။ ထို့နောက် "ငွေမိုးရေ၊ မင်းနဲ့ ငါတို့ကို မေမေက ခွဲသွားပြီကွ" ဟု ပြောပြောဆိုဆိုနှင့် ငွေမိုး၏ နှာမောင်းကို ဖက်၍ ငိုပါလေတော့သည်။ ထိုအခါမှ ငွေမိုး အလုံးစုံကို နားလည်သွားရ၏။ မေမေ သူ့ကို လက်အေးကြီးနှင့် ဦးကင်းကို ရိုက်နှက်နှုတ်ဆက်သွားသည်မှာ အမှန်ဆိုသည်ကို ငွေမိုး သိသွားရ၏။ သည်တော့ သူ့ကို ပွေ့ဖက်၍ ငိုနေသော ချစ်တိုးကို တယုတယ နှာမောင်းနှင့်ပွေ့၍ ဦးကင်းပေါ်သို့ပင် တင်ထားလိုက်သည်။ ငွေမိုး၏ ယုယကြင်နာမှုကို ခံစားရသောအခါ ချစ်တိုးရင်၌ ကြည်လင်သွားရ၏။ "ချစ်တိုး အားမငယ်နဲ့ ငါ ရှိတယ်" ဟူသော သဘောပင်။

သည်ကတည်းက ငွေမိုးတို့ဘဝ တစ်မျိုးပြောင်းသွားရ၏။ မေမေ ဆုံးပြီးကတည်းက ငွေမိုးတို့မိသားစု စီးပွားကျသည်။ ငွေမိုးတို့သားဖတစ်တွေ တောထဲ ပြောင်းလာခဲ့သည်။ ရွာမှာ မနေတော့။ ချစ်တိုး ဦးစီးလုပ်ငန်း မကျွမ်းခင် ဖေဖေ ဦးချစ်သွေးက ငွေမိုးနှင့်တွဲ၍ သစ်ဆွဲသည်။ ငွေမိုးက အရွယ်ငယ်သေးသည်မို့ သစ်ဆွဲဆင်တို့၏ တတ်အပ်သောအတတ်တွေကို သင်ကြားပေးရသည်။ ထို့အတူ ချစ်တိုးကိုလည်း ဆင်ဦးစီးကောင်းတို့၏ အတတ်များကို သင်ကြားရ၏။ အရွယ်အိုသော်လည်း စိတ်မအိုသော ဖေဖေသည် ငွေမိုးကို စိတ်ရှည်စွာနှင့် ထိန်းကျောင်းတတ်လေသည်။ ချစ်တိုး အသက်နှစ်ဆယ်ပြည့်မှ ငွေမိုးနှင့်တွဲ၍ လွှတ်သည်။ သည်တော့မှ ချစ်တိုးက ငွေမိုးနှင့်တွဲ၍ ရိုးမထဲက သစ်လုပ်ငန်းကို လုပ်ရသည်။ သို့သော် ချစ်တိုးအနေနှင့် ဖေဖေဦးချစ်သွေးလောက် လုပ်ငန်းမကျွမ်းကျင်သေးသည်က အမှန်။

မည်သို့ဆိုစေ ချစ်တိုးက (၁၉)နှစ်၊ ငွေမိုးက (၁၇)နှစ်ကျော်ကျော်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တိုးက လူလားမြောက်စပြုသလို၊ ငွေမိုးကလည်း ဆင်လားမြောက်စပြုပြီဟု ဆိုရမည်သာ။ လုပ်ငန်းခွင်၌ သုံးရက်ဆက်တိုက်လုပ်ပြီး နှစ်ရက်ဆက်တိုက် နားမှ ၏။ ပထမတော့ ငွေမိုးတို့ သိပ်ပြီး မလုပ်နိုင်။ နောက် အလေ့အကျင့်ရသွားသော အခါ အဆင်ပြေ၏။ အလုပ်အရေးကြီးသည့်အခါ နားရက်နှစ်ရက်အစား တစ် ရက်သာ အနားပေး၏။

မှန်သည်။ အလုပ်အားသည်နှင့် ညီအစ်ကိုနှစ်ဦး တောထဲသွားကြ၏။ ငွေမိုးအတွက် အစားအသောက်ကောင်းသည့်နေရာသို့ ရောက်သည်နှင့် ချစ်တိုး က ပျားအုံလိုက်ရှာတတ်၏။ အိမ်၌ အသုံးတည့်မည့် ဟင်းသီးဟင်းရွက်တွေ ခူးကြရ၏။ နေဝင်မိုးချုပ်ခါနီးမှပင် နှစ်ဦးသား စခန်းသို့ ပြန်လာလေ့ရှိသည်။ အိမ်ရောက်မှ ဖေဖေ ချက်ထားသောထမင်းဟင်းကို စားသောက်ရ၏။ ငွေမိုး အတွက် အားရှိအောင်ဟုဆိုကာ ဆန်စပါးကို ရေ၊ ဆားတို့နှင့် ရောမွှေကာ ဂရုတစိုက် ကျွေးသည်။

တစ်ခါတစ်ရံ လက်ပံတန်းမြို့ထဲသို့ ဈေးသွားဝယ်သည့်အခါဆိုလျှင် ငွေမိုး အလွန်ပျော်သည်။ လူတွေ အများကြီးနှင့် တွေ့ရသည်။ ကလေးတွေက "ဆင်ကြီးဟေ့. . . ဆင်ကြီးဟ"ဟု အော်ပြောပြီး ကြံချောင်းတွေ ပစ်ပစ်ကျွေး တတ်သည်။ သည်အခါ ငွေမိုး အသက်ငယ်စဉ်က အလှူပွဲတွေနောက် လိုက်ပြီး ကခုန်ရသောဘဝကို တွေးမိလာသည်။ ဝမ်းသာကြည်နူးမှုနှင့်အတူ ရှေးဟောင်း နှောင်းဖြစ်တွေကို သတိရသည်သာ။ ပန်းခင်းသောလမ်းနှင့် ရနံ့တွေမှာ ယခု အထိ ရင်ထဲ၌ စွဲနစ်နေဆဲပင်တည်း။

* * *

သည်နေ့ကို ငွေမိုး ဘယ်သောအခါမှမမေ့။ သူ အလွန် ချစ်ခင်လွန်းလှ သော ချစ်တိုးအဖြစ်။ ယခုအချိန်အထိ သူမျက်လုံးထဲကမထွက်။ ထိုနေ့က မိုးတွေ ညိုနေသည်။ လေတို့က တသုန်သုန်နှင့် မြူးကြွနေသည်။ အချိန်မှာ ညနေ စောင်းပြီ။ တောအလုံးလည်း မှောင်ရိပ်သန်းစပြုပြီ။

ချစ်တိုးနှင့်ငွေမိုးမှာ သည်နေ့ အလုပ်နားရက် ဖြစ်သည်။ မနက်ဖြန်ဆို လျှင် အလုပ်ဝင်ကြရမည်မို့ နှစ်ဦးသား တောထဲ၌ ပျော်နေကြသည်။ ငွေမိုး သွားလိုရာသွားဖို့ ချစ်တိုး ကြည်ဖြူပြီးသား။ ငွေမိုး စားလိုသောအစာကို ချစ်တိုးက ရှာဖွေကျွေးသည်သာ။ ချစ်တိုးအဖို့မှာ တစ်ခါတစ်ခါ၌ ငွေမိုး၏ ဦးကင်းထက်က လိုက်သလို၊ တစ်ခါတစ်ခါ၌လည်း သစ်ပင်ထက်မှ ငွေမိုးကို ချစ်တိုးက စောင့် ကြည့်နေတတ်၏။





အလုပ်အားရက်ဆိုလျှင် အခြား ဆင်တွေအဖို့ အရေးမကြီး၊ ခလောက် ဆွဲ၍ တူးကြိုးရှည်နှင့် တောထဲသို့ လွှတ်လိုက်ကြ၏။ နောက် အလုပ်ဝင်ခါ နီးမှ ဆင်ကောက် ထွက်ကြသည်။ ပြီး အလုပ်တန်းဝင်သည်။

ချစ်တိုးတို့ကျတော့ တစ်မျိုး၊ စွယ်စုံဆင်ငွေမိုးကို ဘယ်တော့မှ စိတ်မချ။ စွယ်စုံဆင်တို့မှာ အခြား ဆင်တို့နှင့်မတူ။ အရိုင်းစိတ်ကို လွယ်လွယ်ကူကူနှင့် ဝင်တတ်၏။ ဆင်တို့၏ ရှိအပ်သော အရာမှန်သမျှ စွယ်စုံဆင်တို့၌ ရှိတတ်သည်။ လှသော ချောသော ဆင်တို့ဂုဏ်အင်္ဂါနှင့် ပြည့်စုံသူများမို့ များသောအားဖြင့် တောရိုင်းဆင်တို့ လွန်စွာ နှစ်သက်ကြ၏။ ထို့ကြောင့် တောရိုင်းဆင်မတစ်ကောင် နှင့် တွေ့ဆုံမိကြပြီဆိုလျှင် ဆင်ရိုင်းအုပ်၏ အဖွဲ့ခေါင်းဆောင်ဖြစ်ဖို့ မခဲယဉ်း တော့။ ထိုအခါ ဆင်အုပ်တို့အလယ်၌ စွယ်စုံဆင်ပြောင်ကြီးမှာ ဂိုလ်ဝင်ခံ၍ ကြည်နူးနှစ်သိမ့်နေလေတော့၏။ သည်အချိန်ရောက်မှ စွယ်စုံဆင်ကြီးကို ပြန်ဖမ်း လျှင် မလွယ်တော့။ ဆင်ကို ဆုံးရှုံးရသည့်အပြင် လူ၏ အသက်အန္တရာယ်ကိုပင် ထိခိုက်နိုင်သည်မှာ အမှန်။

မှန်သည်။ ဖေဖေဦးချစ်သွေးက ငွေမိုးကို သည်လိုအဖြစ်မျိုးဖြစ်မှာ ပူ၏။ အရွယ်ရောက်၍ အစွမ်းကုန် လှပနေသော စွယ်စုံရှင် ငွေမိုးကို အရိပ်တကြည့် ကြည့် လုပ်နေသည်။ ငွေမိုး သွားလေရာ စိတ်မချ။ သားဖြစ်သူ ချစ်တိုးကို ထမင်းထုပ် ထုပ်ပေးပြီး ငွေမိုးနှင့်အတူ သွားလာစေသည်။

ချစ်တိုးက မအားလပ်သည့်အခါများမှသာ ငွေမိုးကို တစ်ကောင်တည်း တောထဲသို့ လွှတ်သည်။ သို့ရာတွင် ငွေမိုးအဖို့လည်း ချစ်တိုးနှင့် သွားလာနေကျမို့ ချစ်တိုး မပါလျှင် တောထဲသို့ သိပ်ပြီး မသွားချင်တော့။ ချစ်တိုးနားကပ်၍ တကျည်ကျည် လုပ်နေတတ်သည်က များလေသည်။

ထို့ကြောင့် ချစ်တိုး၏ဆန္ဒကို ငွေမိုးက လိုက်လျောသလို၊ ငွေမိုး၏ဆန္ဒကို လည်း ချစ်တိုးက လိုက်လျောသည်သာ။ အထူးသဖြင့် တောငှက်ပျောပင်များ တွေ့လျှင် ချစ်တိုးက ပုရွက်ဆိတ်များ၊ ပိုးကောင်မွှားကောင်များကို ဖယ်ရှားပစ် သည်။ ဆေးကြောပစ်သည်။ ပြီးမှ ငွေမိုးကို တယုတယ ကျွေးတတ်၏။ ငွေမိုး အစားမများစေရန် ချစ်တိုးက ဂရုစိုက်သည်။ ဝမ်းချုပ်သည်ဟုဆိုလျှင် ငှခေါက်ကို သူကိုယ်တိုင်ခွာ၍ ကျွေးမွေးတတ်သည်။ အချို့ ဆင်ဦးစီးတို့မှာ ဆင်ကို အစာ ဝအောင် မကျွေးမွေးကြချေ။ အစာဝလျှင် အင်အားပြည့်ဖြိုးပြီး ဦးစီးကို ရန်မူမှာ စိုးရိမ်ကြ၏။ ထို့ကြောင့် ဆင်ကို အစာဝမခံသလို ဆင်ဝမှာကိုလည်း စိုးရိမ်တတ် ကြ၏။ သို့သော် ယခုအချိန်၌ နိုင်ငံတော်ပိုင် သစ်ထုတ်လုပ်ရေးမှ ဆင်များကို



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်မှအစ ကျန်းမာရေးအတွက် ဆေးဝါးကုသရန် ဆင်ဆရာဝန်နှင့်ဆင် ထားရှိပြီး ဂရုတစိုက် ကြပ်မတ်လျက် ရှိလေသည်။

သည်နေ့အဖို့ နှစ်ဦးသား နယ်ကျွံသွားကြသည်။ အလွန် နက်ရှိုင်းသော တောအုပ်ထဲသို့ ရောက်သွားကြ၏။ ထို့နောက် ကျောက်တောင်အကြိုအကြားမှ စီးကျနေသော ရေတံခွန်ကြီးဆီသို့သွား၍ ငွေမိုးက ရေချိုးသည်။ ရေစိမ်သည်။ ချစ်တိုးက ငွေမိုး ပျော်ရွှင်နေမှုကိုကြည့်ပြီး ဝမ်းသာနေသည်။ ငွေမိုးက အစာလည်း ဝအောင်စားရ၏။ စိတ်လည်းချမ်းသာ၍ တစ်နေ့တခြား စိုပြည်လာသည်။ လှလှပပ ဖြစ်လာသည်။ သန့်သန့်ပြန့်ပြန့် ခန့်ခန့်ချောချော။

ရုတ်တရက် တောနက်ဆီမှ တဝေါဝေါ အသံတွေ ကြားရ၏။ မြေတို့ တုန်ဟည်းလာသည်။ မျောက်အိုသံနှင့် ငှက်ပေါင်းစုံတို့၏ အသံကိုပါ ရောထွေးပြီး ထွက်ပေါ်လာသည်။ တောဆင်ရိုင်းအုပ်နင်း၍ တောပြိုသံဖြစ်ကြောင်း ချစ်တိုး သိသည်။ ရင်တစ်ခုလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ စိုးရိမ်မှုမှာ မုန်တိုင်း ထန်လာသည်။

တောဆင်ရိုင်းအုပ်မှာ ငွေမိုး၏ အနံ့ကိုရ၍ တိုက်ခိုက်ပစ်ရန် ငွေမိုး ရှိရာသို့ ပြေးလွှားလာသည်ဟု ချစ်တိုး ထင်၏။ ငွေမိုး တစ်ခုခု ဖြစ်လိမ့်မည်ဟု ချစ်တိုး တွေး၏။ ချစ်တိုးအဖို့ ငွေမိုးကို မည်သည့်နည်းနှင့်မျှ အထိအခိုက် မခံနိုင်။

"ငွေမိုးရေ ဟေး ငွေမိုး လာတော့ . . . လာတော့၊ တောဆင်ရိုင်းအုပ် လာပြီနဲ့တူတယ်"

သစ်ပင်ပေါ်ရောက်နေသော ချစ်တိုးက မျက်ကလူးဆန်ပျာနှင့် ငွေမိုးကို အော်ခေါ်သည်။ ငွေမိုးမှာ ရုတ်ခြည်းမို့ ကြောင်နေသည်။ အကြောင်းမူ ရေတံခွန်မှ တဝေါဝေါ ရေစီးသံကြောင့် တောပြိုသံကို ကြားရဟန်မတူ။ ချစ်တိုးက ငွေမိုးကြားအောင် အသံကုန်ဟစ်သည်။ သည်တော့မှ ငွေမိုးက ခေါင်းထောင်ကြည့်သည်။ ယခုမှ သတိရသည့်အလား ထိတ်ထိတ်ပျာပျာနှင့် ချစ်တိုးရှိရာသို့ ဝေါခနဲ ပြေးချလာသည်။ ချစ်တိုး တွယ်တက်နေသော သစ်ပင်အနားသို့ ရောက်သည်နှင့် ရပ်ပေးလိုက်သည်။

"ငွေမိုး ပြေး ပြေး . . ပြေးတော့၊ ဟိုမှာ ဆင်အုပ်ကြီး လိုက်လာပြီ"

ချစ်တိုးက ပြောလည်းပြောသည်။ သစ်ပင်ပေါ်က မျောက်တစ်ကောင်အလား တွယ်ဆင်းသည်။ ငွေမိုး၏ဦးကင်းပေါ်သို့ လေ၏ လျင်မြန်ခြင်းမျိုးနှင့် ခုန်ချလိုက်၏။ ငွေမိုးက အပြေး၊ ချစ်တိုးက ဦးကင်းပေါ်သို့အရောက် တစ်သား





တည်း ကျသွား၏။ ချစ်တိုးသည် ငွေမိုး၏ဦးကင်းထက်၌ ကျွမ်းကျင်စွာ တွယ်ကပ်၍ ပါသွားလေတော့၏။

မှန်သည်။ ဆင်ရိုင်းအုပ်မှာ (၁၀)ကောင်လောက် ရှိမည်ထင်ရ၏။ သူတို့ အကျက်စားရာနယ်သို့ ကျွံပြီးရောက်လာသော ငွေမိုးကို တိုက်ခိုက်ချေမှုန်းရန် မြေတုန်အောင် ပြေးလွှားလာကြပြီ။ ဝန်းကျင်အလုံးကို မာန်ဖီသံပေး၍ ဆင်အုပ်က တပ်ဖြန့်လိုက်လေသည်။ တောပြိုသံ၊ ဆင်အော်သံတို့ဖြင့် ဝန်းကျင်မှာ သောသောညံနေချေပြီ။

ငွေမိုးက အားချင်းမမျှ၍ ခုခံရန် မကြိုးစား၊ လာလမ်းအတိုင်း အားသွန်၍ပြေးသည်။ ချစ်တိုးက ငွေမိုး၏ဦးကင်းပေါ်၌ မျောက်တစ်ကောင်လို ဝပ်စင်း၍ တွယ်ကပ်လိုက်ပါနေသည်။ မိမိ၏ကိုယ်ကို ဆူးရစ်ပင်၊ နွယ်ပင်တို့ဖြင့် မခြစ်မိအောင် သတိထားရ၏။ ငွေမိုးကို ဆင်ရိုင်းအုပ်က ဝိုင်းဝတ်မိသွားမှာကိုလည်း ပူရသည်။ ချစ်တိုးရင်၌ စိုးရိမ်စိတ်က မုန်တိုင်းထန်ပြီ။ တောတောင်တို့၏ လှုပ်ရှားမှုနှင့်အတူ တုန်လှုပ်ချောက်ချားနေ၏။

မည်သို့ဆိုစေ ငွေမိုးတို့အဖို့ ကံဆိုးချေပြီ။ ပြေးရင်းလွှားရင်းပင် လမ်းစပျောက်သလို ဖြစ်လာသည်။ နောက်မှ လိုက်လာကြသောဆင်အုပ်မှာ တစ်နေရာတည်း၌ စုစည်းပြီး မလိုက်၊ အုပ်စုခွဲ၍ ဘေးဝန်းကျင်အနှံ့အပြားမှ ပန်းပြီးလိုက်လာကြပြီ။ ပြေးသူကတစ်ဦး၊ လိုက်သူကအများ ဖြစ်လာသည်။ ငွေမိုးအဖို့ ပြေးရင်းလွှားရင်း ရန်သူဆင်အုပ်၏အလယ်သို့ ရောက်မှန်းမသိ ရောက်သွားလေပြီ။

"တောက်၊ ငွေမိုး သတိထား၊ သတိထား တို့အဝိုင်းခံရပြီ"

ချစ်တိုးက သတိပေးသည်။ ငွေမိုးက ဗွမလျှော့။ သူ့ရှေ့၌ ဝန်း၍ ကြိုစောင့်နေသော ဟိုင်းဆင်ကြီးဆီသို့ ဦးတည်ပြီး ဒုန်းစိုင်း ပြေးချသွားသည်။ သည်ကတည်းက ငွေမိုး၏ သဘောထားကို ချစ်တိုးသိပြီ။ ရှေ့တည့်တည့်ရှိသော ရန်သူကို တစ်ရှိန်ထိုး ထိုးဖောက်တိုက်ခိုက်၍ ထွက်ပေါက်ရှာရတော့မည် ဖြစ်ကြောင်း ချစ်တိုး အတပ်သိသည်။ ထို့ကြောင့် ချစ်တိုးလည်း အသင့်ပြင်ရ၏။ ဆင်ဦးစီးကိုင်လှံကို ကိုင်ရတော့၏။ လှံကို လက်တစ်ဖက်နှင့်မြှောက်၍ ငွေမိုးရှေ့၌ ပိတ်ဆီးထားသော ဟိုင်းဆင်ကြီးကို ထိုးသတ်ရန် အသင့်ပြင်ရလေသည်။

"ကျည် . . . ကျည် . . . ကျည်"

ငွေမိုး မြေတုန်မတတ် ဟစ်အော်ကြုံးဝါးသည်။ အသံနှင့်အတူ သူ့ရှေ့၌ ကြိုတင်ကာဆီးထားသော ဆင်ပြောင်ကြီးဆီသို့ အားနှင့်မာန်နှင့် ပြေးဝင်သည်။

"ကျားကွ တိုက်ကွ၊ ငွေမိုးကွ ငါရှိတယ် အားမငယ်နဲ့"



www.burmeseclassic.com

ချစ်တိုးက ငွေမိုးအပေါ်မှ အားပေးသည်။

ရှေ့၌ ကာဆီးထားသော ဟိုင်းဆင်ကြီးမှာ တစ်ချက် ကြောင်သွား၏။ ပထမ ငွေမိုးကိုသာ မြင်ပုံရ၏။ ငွေမိုး၏ဦးကင်းပေါ်မှ လှံကို အသင့်ကိုင်ထားသော ချစ်တိုးကို မြင်တွေ့ဟန်မတူ။ ယခုမှ ချစ်တိုးကို ငွေမိုး၏ ဦးကင်းပေါ်မှ ဘွားခနဲ မြင်ရသောအခါ တုန်လှုပ်သွားပုံရ၏။ လက်နက်စွဲကိုင်ထားသော လူသားနှင့် အားကောင်းမောင်းသန်သော စွယ်စုံဆင်တို့က တစ်ဖက်၊ မိမိက တစ်ကောင်တည်းနှင့် သည်နှစ်ဦးကို ယှဉ်ပြိုင်လျှင် ဉာဏ်ရည်သာသူ လူသားဘက်မှ မုချ နိုင်မည်သာ။ သူရှုံးတော့မည်ဟု တွေးတောပြီး ဒူးတုန်သွား၏။

စင်စစ် ယခင်က အရှိန်နှင့်ပြေးလာသော ငွေမိုး၏ ရှည်လျားပြီး ငွေရောင်ဖြူဖွေးနေသော အစွယ်နှစ်ချောင်းကို သူ၏ သန်မာသော နှာမောင်းနှင့် လိမ်ချိုးပစ်မည်။ ထိုအခါ ရှည်လျားသော အစွယ်ဖွေးဖွေးတို့မှာ ဖြောင်းခနဲ ဖြောင်းခနဲ ကျိုးပြီး ငွေမိုး သေပွဲဝင်သွားနိုင်၏ဟု တွေးထားသည်။

သို့သော် ငွေမိုး၏ ဦးကင်းပေါ်မှ လှံကိုကိုင်၍ မိမိ၏ မျက်လုံးများကို ထိုးဖောက်ရန် သူရဲကောင်းလူသားတစ်ဦးကို ကြုံးဝါးသံနှင့်အတူ တွေ့လိုက်ရသဖြင့် တွန့်သွားပုံရ၏။ တစ်ဆက်တည်းမှာပင် တိုက်ကွက်ပြောင်းရန် ဆုံးဖြတ်လိုက်သည်။ နှစ်ဦးသား ခေါင်းချင်းဆိုင် အနေအထားမှ ရုတ်ခြည်း ဘေးတိုက် အနေအထားသို့ ပြောင်းသွားအောင် ဖန်တီးလိုက်သည်။

ချစ်တိုးအဖို့ ငွေမိုးနှင့် ဟိုင်းဆင်တို့ ရင်ဆိုင်သည်နှင့် တစ်ပြိုင်နက် သူ၏ လှုပ်ရှားမှုကို စတင်ရမည်။ ဟိုင်းဆင်ကြီး၏ ဦးကင်းဆီသို့ သူ၏ အသွားထက်လှသောလှံနှင့် တစ်ရှိန်ထိုး ထိုးပစ်ရမည်။ လှံကို ဟိုင်းဆင်နှင့် ချိန်သားကိုက်အောင် ချိန်ထားလိုက်သည်။

ဟိုင်းဆင်ကြီးက ပါးလှ၏။ နှာမောင်းတုတ်တုတ်၊ အရပ်မြင့်မြင့်၊ အားကောင်းမောင်းသန်သော ဆင်ကြီးက မမျှော်လင့်ဘဲ တိုက်ကွက်ပြောင်းလိုက်သည်။ ရှောင်ပစ်လိုက်ပြီ။ ချစ်တိုး ဟန်ချက်ပျက်ပြီ။ ငွေမိုးလည်း ဟန်ချက်ပျက်ပြီ။ ဟိုင်းဆင်ကြီးကို တိုက်ဖို့နေနေသာသာ မိမိ၏ ပျက်သွားသောဟန်ချက်ကိုပင် မနည်းထိန်းလိုက်ရ၏။ လှည့်စားမှုကို နှစ်ဦးစလုံး ခံလိုက်ရ၏။

ငွေမိုးမှာ ပြင်းထန်သောအရှိန်နှင့် ကြီးမားသောခန္ဓာကိုယ်ကို ရပ်တန့်စေရန် အတော် ထိန်းလိုက်ရ၏။ ပြေးနေသောအလျင်ကို ရုတ်ခြည်း ရပ်တန့်၍ တစ်ဖက်သို့ ဦးလှည့်လိုက်ရသည်မို့ မြေပြင်မှာ တုန်ဟည်းထွက်သွား၏။ အနီးရှိ သစ်ပင်ငယ်အချို့မှာ ငွေမိုး၏ ကိုယ်လုံးနှင့်တိုက်မိပြီး ဝုန်းခနဲ ဒိုင်းခနဲ မြည်၍



ကျိုးပဲ့သွား၏။ လဲပြိုကျသွား၏။

"အား . . ငွေမိုးရေ"

လုံးဝ မမျှော်လင့်သော အဖြစ်အပျက်က ဖြစ်ပျက်သွားလေပြီ။ အရှိန်နှင့် ပြေးချလာသော ငွေမိုးက ရုတ်ခြည်း ရပ်တန့်လိုက်သောအခါ သူ့ဦးကင်းပေါ်က ချစ်တိုးအဖို့ မလွယ်တော့။ အဲရှိန်လွန်၍ အားခနဲ အသံနှင့်အတူ ဆင်ဦးကင်းပေါ်က လွင့်စဉ်ကျသွားသည်။

ငွေမိုး မျက်လုံးအစုံမှာ ပြာဝေသွားသည်။ နှလုံးသားအစုံမှ မီးစက်ကွင်းနှင့် ပစ်လိုက်သလို ပူလောင်သွားရ၏။ အသည်းပြင်မှာလည်း တစ်စစီ တစ်ဖွဲ့စီ ဆုတ်ထွက်သွားလေပြီ။

စင်စစ် ငွေမိုးအဖို့ မိမိဦးကင်းပေါ်၌ပါလာသော ချစ်တိုးကို သတိမထားမိတ်သလို ဖြစ်သွား၏။ သူသာ ခြေတံ့၍ မရပ်လိုက်လျှင်လည်း သည်လိုအဖြစ်မျိုး ဖြစ်မည်မဟုတ်။ နှစ်ဦးသား ချောက်ကမ်းပါးထဲသို့ အရှိန်လွန်၍ ထိုးကျသွားမည်သာ။ ငွေမိုးအဖို့ ရှေ့လည်းမတိုးသာ၊ နောက်လည်းမဆုတ်သာမို့ ယခုလို ဆုပ်လိုက်ရခြင်းပင်။

ယခုတော့ မိမိ ဦးကင်းပေါ်က ချစ်တိုးကို သက်သက် ခါချလိုက်သလို ဖြစ်သွားသည်။ ငွေမိုးနှင့် ခပ်လှမ်းလှမ်းသို့ လွင့်စဉ်ပြီးကျသွားသည်။ ချစ်တိုး ကျသွားရာ နေရာမှာ တောဆင်ရိုင်းကြီးနှင့်လည်း အလှမ်းမဝေးလှ။ တစ်ပတ် ဆွမ်းလည်ပြီး ပက်လက်ဇာန်၍ ပစ်ကျခြင်းပင်။

ထို့ကြောင့် ချစ်တိုးမှာ ရုတ်ခြည်း ပြန်မထနိုင်။ ကိုင်ဆောင့်သလို ဖြစ်သွားသည်မို့ လူလည်း မေ့မြောသွားသည်။ သို့သော် သူ့လက်ထဲက လှံကိုမူ မှိုင်မြဲမြဲပင် ကိုင်ထားဆဲပင်။ လှံနှင့် ဆင်ကိုထိုးနိုင်မည့်အင်အားမှာ ချစ်တိုးထံ၌ မရှိတော့ပြီ။

သည်ယုန်မြင်၍ သည်ချုံထွင်လိုက်သော ဟိုင်းဆင်ကြီးမှာ ပိုင်ကွက်တွေ့သွား၏။ တိုက်ရည်ခိုက်ရည် ပြည့်ဝသော ဟိုင်းဆင်ကြီးမှာ ကျည်ခနဲ တစ်ချက် အော်လိုက်သည်။ ချစ်မိုးရှိရာသို့ ရုတ်ခြည်း ပြေးချလာသည်။ အနားရောက်သည်နှင့် ချစ်မိုးကို သူ့နှာမောင်းနှင့် ဆွဲပွေ့ပြီး မြေပြင်၌ ကိုင်ရိုက်ပစ်လိုက်သည်။

"အား"

ချစ်တိုး၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သော အသံနက်ကြီးမှာ တောတစ်ခုလုံး ဟိန်း၍ ထွက်ပေါ်လာသည်။ ငွေမိုးအဖို့ ချစ်တိုး၏ အသံ

www.burmeseclassic.com



ကြောင့် ရင်တစ်ခုလုံး ပွင့်ထွက်မတတ် ခံစားလိုက်ရသည်။

ငွေမိုးကလည်း အခွင့်အရေးကို လက်လွှတ်မခံ။ ဟိုင်းဆင်ကြီးက ချစ်တိုးကို ကိုင်ပေါက်နေစဉ် ငွေမိုး၏ ရှည်လျားကော့ပျံသော အစွယ်ဖြူနှစ်ချောင်းမှာ တောရိုင်းဟိုင်းဆင်ကြီး၏ လက်ပြင်ကြားသို့ အသွားထက်လှသော လှံရှည်နှစ်ချောင်းပမာ စွံခနဲ ပြေးဝင်သွားလေသည်။ ချစ်တိုးကို ချစ်လွန်းသောစိတ် ရန်သူဖြစ်သော ဟိုင်းဆင်ကြီးကို မုန်းသောစိတ်တို့ပေါင်းကာ အင်အားရှိသမျှ အောင်းချလိုက်သည်။ ဟိုင်းဆင်ကြီးမှာ ဝမ်းဗိုက်ပေါက်ပြီး ဝုန်းခနဲ ကျယ်လောင်သောအသံနှင့်အတူ လဲကျသွားလေသည်။ ထို့အတူ မြေပြင်၌ ချစ်တိုး၏ဦးခေါင်းမှ စိစိညက်ညက် ကြေနေသောသွေးများ၊ ဦးနှောက်များအပြင် တောဆင်ရိုင်းကြီး ဝမ်းဗိုက်မှပေါက်ပြီး ထွက်ပေါ်လာသော သွေးတို့နှင့်စုပေါင်းပြီး သွေးချောင်းစီးသွားလေသည်။ ငွေမိုး၏ ဒေါသက မပြေသေး၊ ဗိုက်ပေါက်ပြီး မသေမရှင်ဖြစ်နေသော ဟိုင်းဆင်ကြီးကို နောက်ထပ် အားပါးတရ အစွယ်နှင့် ထိုးကော်ပစ်လိုက်ပြန်သည်။ ပြီးလျှင် အနီးရှိ ချောက်ကမ်းပါးထဲသို့ အောင်းချလိုက်လေသည်။

"ဝုန်း . . . ဝေါ"

မြေတုန်အောင် ဆူညံသောအသံကြီးကို ကြားလိုက်ရ၏။ ထိုအသံနှင့်အတူ တောရိုင်းဟိုင်းဆင်ကြီးမှာ သွေးသံရဲရဲနှင့် ငယ်သံပါအောင်အော်၍ နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ ပစ်ကျသွားလေသည်။

ခေါင်းဆောင်ဆင်ကြီး ကျဆုံးသွားသည်မို့ နောက်လိုက်ဆင်တို့မှာလည်း ရှေ့မတိုးရဲတော့။ ငွေမိုးနှင့် ရင်မဆိုင်ရဲတော့။ တောစပ်တစ်နေရာမှ ငွေမိုးကို စူးစူးစိုက်စိုက်ကြည့်ပြီး ငြိမ်နေကြသည်။

ထိုအခါမှ ငွေမိုး သတိရသည်။ ရန်သူကို အောင်မြင်ခြင်း အထိမ်းအမှတ်ဖြင့် ဝမ်းခေါင်းသံပါအောင် အော်ဟစ်ရန် သတိရ၏။ ထို့ကြောင့် 'ကျည်ကျည် . . . ကျည်' ဟူ၍ အော်ဟစ်သည်။ ကြုံးဝါးသည်။ ငွေမိုး၏ အော်သံမှာ တောတစ်ခုလုံးကို လွှမ်းခြုံပြီး ကိုလူပွဲပြန့်ကြီးကို ဖြတ်သန်းကာ ဘိုကောက်တောင်တန်းကြီးဆီသို့ပင် ရောက်ရှိသွားလေသည်။

ငွေမိုးသည် မြေပြင်၌ ဦးနှောက်များထွက်၍ သွေးသံရဲရဲ သေဆုံးနေသော ချစ်တိုးကို စိုက်ကြည့်သည်။ သူနှင့် ငယ်စဉ်ကတည်းက လည်ပင်းဖက်၍ အတူ ကြီးပြင်းလာသော ချစ်တိုးကို နှာမောင်းနှင့် တယုတယ ပွေ့ပိုက်သည်။ "အဖြစ်ဆိုးရလေ ချစ်တိုးရယ်၊ ငါ ဘယ်လိုလုပ်ပြီး စခန်းပြန်ရမှာလဲ" ဟု ရင်တွင်းသံဖြင့် တကျည်ကျည် အော်မြည်ပြန်သည်။ ထို့နောက် ချစ်တိုးကို တယုတယ





ပွေ့ပိုက်၍ ဆင်ရှူးတစ်ကောင်လို တောနက်ဆီမှ အားသွန် ပြေးလွှားသွားလေတော့သည်။

[စင်စစ် စွယ်စုံဆင်နှင့် ဟိုင်းဆင်တို့မှာ သဘာဝအားဖြင့် မသင့်မြတ်ကြချေ။ ဟိုင်းဆင်အုပ်ချုပ်သောဆင်အုပ်၌ စွယ်စုံဆင်မှာ မနေလိုကြ။ အုပ်ခွဲထွက်၍ တစ်စင်ထောင်တတ်ကြ၏။ ဟိုင်းဆင်နှင့် စွယ်စုံဆင်တို့ ရင်ဆိုင်တွေ့ဆုံကြလျှင် စွယ်စုံဆင်မှာ ဟိုင်းဆင်ကို အင်အားချင်း မှယှဉ်ပြိုင်ရဲချေ။ အားကောင်းမောင်းသန်သော ဟိုင်းဆင်သည် စွယ်စုံဆင်၏ အစွယ်နှစ်ချောင်းကို ဖြောင်းခနဲ ဖြောင်းခနဲနေအောင် ချိုးပစ်နိုင်စွမ်းရှိ၏။ ထို့ကြောင့် စွယ်စုံဆင်မှာ ဟိုင်းဆင်ကို တွေ့လျှင် သူ၏ အစွယ်နှစ်ချောင်းကို မြေကြီးထဲသို့ လည်းကောင်း၊ တောင်ကြားထဲသို့ လည်းကောင်း ထိုးစိုက်၍ ကျည်ကျည်နှင့် အော်နေတတ်၏။ ထိုအခါ ဟိုင်းဆင်က စွယ်စုံ၏ အစွယ်များကို မချိုးရသဖြင့် နီးစပ်ရာသစ်ကိုင်းများ၊ ကျောက်ခဲများနှင့် ကောက်၍ ရိုက်နှက်ထိုးကြိတ်တတ်၏။ အမြီးဖျားများကို ကိုက်ဖဲ့ပစ်၏။ မှတ်လောက်အောင် ရိုက်နှက်ဆုံးမသည်ကို စွယ်စုံဆင်မှာ မည်သို့မျှ ပြန်မလုပ်ဘဲ 'ကြောက်ပါပြီ၊ ကြောက်ပါပြီ' ဟူသော သဘောနှင့် အော်ဟစ်နေတတ်၏။ ဤသည်ကို အဟုတ်ထင်၍ ဟိုင်းဆင်က တိုက်ပွဲမှထွက်သွားသောအခါ စွယ်စုံက အပိုင်ကြံတော့၏။ မြေကြီး၌ ထိုးစိုက်ထားသော အစွယ်ကို မြေပြင်မှ ဆွဲနုတ်၍ သူ့ကို နောက်ခိုင်းသွားသော ဟိုင်းဆင်ကြီးကို ပြေးအောင်းတတ်၏။ ထို့ကြောင့် သန်မာသောဟိုင်းဆင်မှာ ညဏ်နီညဏ်နက်များသော စွယ်စုံဆင်၏ အစွယ်ဖျား၌ ကားခနဲ အသက်ပါသွားလေသည်။ မည်သို့ဆိုစေ တိုက်ခိုက်ရည်ပြည့်ဝသော ဟိုင်းဆင်တို့မှာ စွယ်စုံဆင်ကို မိမိကြိုက်နှစ်သက်သလို ရိုက်နှက်ပြီးပါက နောက်ခိုင်း၍ မဆုတ်တတ်။ စွယ်စုံကို မျက်ခြည်ပြတ် မခံဘဲ ဖင်နှင့်သာ နောက်ပြန်ဆုတ်၍ နေရာမှ ထွက်ခွာတတ်၏။ စိတ်ချရသည့် အနေအထားရောက်မှ မိမိ ကြိုက်သလို ထွက်ခွာတတ်ကြလေသည်။]

ချစ်တိုးကို နှာမောင်းနှင့်ပွေ့၍ ငွေမိုး ပြေးသွားသော လမ်းတစ်လျှောက်၌ သွေးစက်တို့မှာ ချင်းချင်းနီ၍ ကျန်ရစ်ခဲ့လေသည်။ ထို့အတူ တောရိုင်းဆင်ကြီး ကျဆုံးရာနေရာ၌ ချစ်တိုး၏လုံနှင့် ခေါင်းပေါင်းတဘက်တို့မှာ သွေးအလိမ်းလိမ်းနှင့် ကျန်ရစ်ခဲ့လေသည်။

* * *

"အူး . . . အူး . . . ဝူ . . . ဝူ"

"ဝုတ် . . . ဝုတ် . . . ဝုတ်"



www.burmeseclassic.com

www.burmeseclassic.com



စခန်းတစ်ခုလုံး ခွေးအူသံတွေ လွှမ်းခြုံလာသည်။ ထပ်ဆင့်၍ ဗူးဗူးဝါးဝါး ထိုးဟောင်လိုက်သော ခွေးဟောင်သံတို့ကလည်း နားမချမ်းသာဖွယ် ထွက်ပေါ်လာသည်။

စခန်းရှိ ဆင်တို့မှာလည်း ဂနာမငြိမ်တော့။ ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်လာပြီး သွေးညှီနံ့ရသွားပြီဟု ထင်ရသည်။ အချိန်ကလည်း နွားရိုင်းသွင်းချိန်။ ငြိမ်းချမ်းသော ကိုလှပွဲပြန် သစ်ထုတ်လုပ်ရေးစခန်းရှိ လူများနှင့် ဆင်များပါ လှုပ်ရှားသွားကြလေသည်။

"မကောင်းဆိုးဝါးဝင်ပြီး တောဆင်ရိုင်းအုပ် ပြုဆင်းလာတာ"

"တောင်ပိုင်ကြီး ဖမ်းစားတာနဲ့ တူတယ်ဟေ့"

"မဟုတ်ဘူး တောခွေးအုပ် ပြုဆင်းလာတာ"

"ဝုတ်. . . ဝုတ်. . . ဝုတ်"

"ဟာ ဒီခွေးတွေက တစ်မျိုး၊ ကဲကွာ. . . ကဲကွာ"

"အိုင်. . . အိုင်. . . အိုင်"

လူတွေအားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်သည်။ လူအားလုံး စခန်းကို ကာကွယ်ရန် ရရာလက်နက်ကိုကိုင်စွဲ၍ တဲအသီးသီးမှ ပြေးထွက်လာကြသည်။

"ဟ. . . ဟိုဟာ ငွေမိုး မဟုတ်ဘူးလား"

"ဟုတ်တယ်. . . ဟုတ်တယ်"

"သူ့နှာမောင်းထဲမှာ ဘာကြီးလဲဟ"

"ဘာကြီးကမလဲ၊ လူကွ လူ. . . လူ"

"ဟိုက် ငွေမိုး ယုတ်မာပြီ"

"ဟုတ်တယ်ဟေ့၊ ချစ်တိုးကို ငွေမိုး သတ်လိုက်ပြီနဲ့တူတယ်"

"ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ချစ်တိုးဟာ သူ့အစ်ကိုပဲ၊ ဒီလောက် လိမ္မာတဲ့ဆင်ဟာ သူ့အစ်ကိုကိုတော့ သတ်မှာ မဟုတ်ဘူး၊ သူသာသတ်ရင် စခန်းကို ဘယ်ပြန်ယူလာမလဲ၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"အို ဘယ်ပြောနိုင်မလဲ"

တစ်ခဏချင်းပင် စခန်းတစ်ခုလုံး ဆူညံသွား၏။ ခွေးအူသံ၊ ဆင်အော်သံ၊ လူတို့၏ ရုတ်ရုတ်သဲသဲ ပြောသံတို့မှာ ကမ္ဘာပျက်နေသည့်အတိုင်းပင်။

"ဟ ငွေမိုးရဲ့၊ မင်း . . . မင်းလုပ်ရက်ပါပေ့ကွယ်၊ အဲဒါ. . အဲဒါ မင်းအစ်ကိုကွယ့် ငါ့သားရဲ့၊ မင်းအစ်ကို"

ချစ်တိုး၏အဖေ ဦးချစ်သွေး၏ မချိတင်ကဲအသံကို ကြားရ၏။ ဦးချစ်





သွေး၏ မျက်ဝန်းအစုံတွင် မျက်ရည်စတို့ ရစ်ဝိုင်းဝေသီလာသည်။ ရင်ထုမနာဖြစ်ရသော အဖြစ်ကြောင့် မျက်ရည်ကျရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်ချေ။

စိတ်ကောင်းရှိသောချစ်တိုး၊ စခန်း၌ ရိုးသားသောလူငယ်လေး၊ မည်သူ့ကိုမျှ မဟုတ်တာမလုပ်၊ သူ့အတွက်နဲ့ မည်သူ့ကိုမျှ စိတ်ဆင်းရဲမှု မပေးခဲ့၊ ဖခင်အိုကြီးကို ရိုးရိုးသားသား လုပ်ကိုင်ကျွေးမွေးသော သားကောင်းတစ်ယောက်ပင်။

ယခုတော့ ချစ်တိုး၏ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်းရဲနေ၏။ မျက်လုံးအစုံပင် မရှိတော့။ ဟောက်ပက်ကြီးဖြစ်ပြီး သွေးစိမ်းရှင်ရှင် စီးကျနေ၏။ လူဦးခေါင်းနှင့်မတူတော့။ ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး ကြေမွနေသည်။

ငွေမိုးမှာ သည်မျှ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ချစ်တိုးကို သူ့နှာမောင်းထဲက မချသေး။ ကျစ်ကျစ်ပါအောင် ထွေးပတ်ထားဆဲပင်။ သူ့မျက်လုံးအစုံမှာ သွေးညှီနံ့ဖုံး၍ ပြာဝေနေသည်။ တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်အောင် မောဟိုက်နေသည်။ သူ့ကို ဝိုင်းကြည့်နေသောလူတွေကို ခပ်စိန်းစိန်းပင် ကြည့်ပစ်သည်။ သူတို့နေသော အိမ်ရှေ့ကွင်းပြင်ဆီသို့ တစ်လှမ်းချင်း လျှောက်လှမ်းသွား၏။ ထို့နောက် ချစ်တိုး မကြာခဏ အပန်းဖြေလေ့ရှိသော ကွပ်ပျစ်ပေါ်သို့ ချစ်တိုးကို တယုတယ တင်ပေးလိုက်သည်။ သူလည်း ချစ်တိုး ကွပ်ပျစ်နားက မခွာတော့။ ချစ်တိုး၏ ကွပ်ပျစ်နားသို့ မည်သူ့ကိုမျှ အကပ်မခံ။ အနားကပ်လာသူများကို ခြောက်လှန့်ပစ်သည်။ အစွယ်နှင့်လိုက်ထိုးသည်။ ချစ်တိုး၏ အလောင်းတင်ထားရာ ကွပ်ပျစ်ကို လက်ယာရစ်ပတ်ပတ်ပြီး ချာလည်လှည့်၍ တကျည်ကျည်နှင့် အော်ဟစ်နေ၏။

"ကဲ. . . မောင်မင်း ငွေမိုးနော်၊ ဘာလိုးလုပ်မှာလဲ၊ ငွေမိုးနော် ချေးတို့တိုလည်း သတ်ပြီးပြီ၊ အားခုလည်း ဘားသူ့ကိုမှ အကပ်မခံဘဲ လိုက်လိုက်အောင်းနေတယ်နော်၊ သခင်ကြီးနော် မညာနိုင်ဘူးနော်၊ စခန်းကို ကာကွယ်ဖို့ သခင်ကြီးမှာနော် အားများကြီး တာဝန်တွေရှိတယ်၊ ငွေမိုးကို အားပြစ်ပေးရလိမ့်မယ်"

သစ်တောဝန်ထောက် မျက်နှာဖြူကြီး မစ္စတာဝီး(လ်)၏ စကားကြောင့် ဦးချစ်သွေး၏ရင်ထဲ၌ မီးလောင်လေပြီ။ သားနှစ်ယောက်လို သဘောထားသော ချစ်တိုးနှင့် ငွေမိုး၏ အဖြစ်ကိုလည်း နားမလည်နိုင်။ ချစ်တိုးလည်း ဦးခေါင်းတစ်ခုလုံး အစိတ်စိတ်အမြွာမြွာကွဲ၍ သေပွဲဝင်နေပြီ။ မရှုမလှ သေဆုံးနေပြီ။ သည်ကြားထဲ ငွေမိုးပါ သေဆုံးရမည်ဆိုလျှင် တွေးပင် မတွေးရဲတော့။ လူ့ဘဝ၌ နေဖို့ပင် မကောင်းတော့။ သူ့ရင်ထဲမှ အသည်းတွေ နှလုံးတွေမှာ တစ်[illegible] တစ်ဖဲ့စီ



www.burmeseclassic.com

www.burmeseclassic.com



မြှုတ်မြှုတ်ကျသလို ခံစားနေရလေသည်။

"ဒီ ဒီလိုတော့ မ မလုပ်ပါနဲ့ သခင်ကြီးရယ်၊ ကျုပ်သားလေးဟာ သူ့အစ်ကိုကိုသတ်တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ကျုပ်တို့သားအဖတွေ ကိစ္စကို ကျုပ်တို့သားအဖဘာသာ ကျုပ်တို့ ရှင်းပါရစေ"

"ဟေး မောင့်စိန်း လာစမ်း ဒီကို၊ ဒီကိစ္စကို မောင်မင်း ကြည့်ရှင်းပေးတော့၊ သခင်ကြီးနော် အားကြီး စိတ်ညစ်တယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ သခင်ကြီး"

မျက်နှာဖြူသစ်တောဝန်ထောက်ကြီးက ဆင်အုပ်ကြီး ဦးမောင်စိန်ကို ခေါ်ပြီး တာဝန်လွှဲပေးလိုက်သည်။ ထို့နောက် သူ့အိမ်ဆီသို့ ပြောင်းရှည် တောပစ်သေနတ်ကြီးကိုပိုက်ပြီး ပြန်လည် ထွက်ခွာသွားလေတော့သည်။

ငွေမိုးမှာ ကွပ်ပျစ်ပေါ်၌ သွေးသံရဲရဲနှင့် အသက်ပျောက်နေသော ချစ်တိုးကိုကြည့်ရင်း မျက်ရည်တွေ စီးကျနေ၏။ ထို့နောက် နေရာက ဘယ်ကိုမှ မသွားဘဲ ပုဆစ်တုပ်၍ ဝပ်ဆင်းနေသည်။ ပါးစပ်မှလည်း တကျည်ကျည်နှင့် အော်ဟစ် ညည်းတွားနေ၏။

"သား . . . သား . . . သားရယ်၊ သားအဖြစ်ဆိုးလှချည်လား"

ဦးချစ်သွေးအဖို့ စိတ်ထိန်းနိုင်ဟန် မတူတော့။ ယောကျ်ားတန်မဲ့နှင့် ငိုကြီးချက်မ ဖြစ်လာသည်။ တစ်ဆက်တည်းမှာပင် ကွပ်ပျစ်ပေါ်က သူ့သားကို ပြေးပွေ့လိုက်သည်။

သည်တစ်ခါတော့ ငွေမိုး စိတ်ပြောင်းသွားဟန်တူ၏။ သူ့အဖေ ဦးချစ်သွေးကို မျက်လုံးကျဉ်းလေးနှင့် စိုက်ကြည့်ရင်း ငြိမ်သက်နေလေသည်၊ ထို့နောက် သူ နားနေရာ တင်းကုပ်ဆီသို့ တစ်လှမ်းချင်း လှမ်း၍လှမ်း၍ ဝင်ရောက်သွားလေတော့သည်။

သည်အခါမှပင် လူအားလုံး အလောင်းအနားသို့ ကပ်ရဲကြ၏။အသုဘကိစ္စ ဝိုင်းဝန်းညှိနှိုင်းကြ၏။ မကြာမီ အတွင်းမှာပင် ရက်ကြာအောင်ထား၍ မကောင်းသော ချစ်တိုး၏အလောင်းကို သေတ္တာရိုက်၍ တောင်ခြေရှိ သင်္ချိုင်းကုန်းသို့ သွားရောက် မြှုပ်နှံလိုက်ကြလေသည်။

ချစ်တိုး၏အလောင်းကို သေတ္တာထဲထည့်၍ စခန်းကလူများ ထမ်းသွားကြသောအခါ ငွေမိုး အော်ဟစ်၏။ တင်းကုပ်ထဲ၌ ဝုန်းဒိုင်းကြနေသည်။ထို့ကြောင့် ဦးချစ်သွေးကိုယ်တိုင် တင်းကုပ်ထဲဆင်း၍ ချော့ရ၏။ မျက်ရည်တွေ တွေတွေကျပြီး ငွေမိုး၏ ခေါင်းတစ်ခုလုံး ပေကျံနေသော သွေးတို့ကိုလည်း ရေနှင့် ဆေး



ကြောပေးရ၏။ အစွယ်ကို ဆေးကြောပေးရာ၌ ကပ်ငြိပါလာသော ဆင်မွေးဆင်မွေးအစအနကို တွေ့ရ၏။ သူ တွေ့ရှိချက်ကို ဆင်အုပ်ကြီး ဦးစိန်မောင်တို့ ပြသသည်။

"အေးဗျာ ထူးတယ်၊ ခင်ဗျားသားဟာ တောဆင်ရိုင်း တစ်ကောင်ကောင်နဲ့ တိုက်ခိုက်လာခဲ့တယ်နဲ့တူတယ်၊ ချစ်တိုးကို ငွေမိုး မသတ်ဘူးဆိုတာ ကျုပ် ယုံကြည်သွားပြီ။ အမှန်ဆိုရင် ချစ်တိုးက ငွေမိုးကို ကောက်ရအောင် တောထဲသွားမယ်၊ ဟိုမှာ ဆင်ရိုင်းတစ်ကောင်ကောင်နဲ့တွေ့မယ်၊ ချစ်တိုးကို ဆင်ရိုင်းကသတ်လို့ ငွေမိုးကသတ်ပြီး သူ့အစ်ကိုအလောင်းကို ပြန်ယူတာ ဖြစ်မယ်ဗျ၊ ကျုပ်တော့ ဒီအတိုင်း ထင်တာပဲ၊ ဟုတ် မဟုတ် မနက်ကျမှ လူအုပ်နဲ့ တောနင်းရှာရမှာပေါ့ဗျာ"

"ဟုတ်မှာပါ ကိုမောင်စိန်ရယ်၊ ခင်ဗျား ကြည့်လုပ်ပါ၊ ချစ်တိုး မရှိရတဲ့အထဲ ငွေမိုးပါ အဆစ်ပါသွားရင် ကျုပ်အဖို့ လူ့ပြည်မှာ လူလုပ်ပြီး အသက်ရှင်နေဖို့ မကောင်းတော့ပါဘူး။ ငွေမိုးကိုလည်း ကျုပ်ဘဝနဲ့ရင်းပြီး ချစ်တိုးကို မွေးသလို မွေးလာရတာပါဗျာ၊ ကျုပ်သား ချစ်တိုးကို ချစ်သလို ကျုပ်လေ ကျုပ် ငွေမိုးကိုလည်း မခွဲနိုင်ဘူးဗျာ"

"အေးပါဗျာ၊ သိပ်လည်း စိတ်မကောင်း မဖြစ်ပါနဲ့၊ ကျုပ် သခင်ကြီးကို သဘောပေါက်အောင် ပြောပြပါ့မယ်။ စိတ်ချ ငွေမိုး ဘာမှ မဖြစ်စေရဘူး"

ဦးမောင်စိန်က ဝမ်းနည်းပက်လက် ဖြစ်နေသော ဦးချစ်သွေးကို နှစ်သိမ့်စကားဆိုသည်။ သူ၏ ထင်မြင်ချက်ကိုပေးသည်။ အမှန်တရား ဆိုသည်မှာ ဖုံးကွယ်ထား၍ ရသည်မဟုတ်။ တစ်နေ့နေ့ တစ်ချိန်ချိန်၌ ပေါ်ထွက်လာမည်သာ။ မည်သို့ဆိုစေ ဆင်လိမ္မာငွေမိုးမှာ ယနေ့ကစ၍ ဆင်ဆိုးစာရင်း ဝင်သွားရပေပြီ။ ဆင်ဆိုးတို့ကို စခန်းက ချီးမြှင့်လေ့ရှိသည့် ဆုတံဆိပ်တစ်ခု ပိုင်ဆိုင်သွားရ၏။ ထိုဆုတံဆိပ်မှာ အခြားမဟုတ်။ ဆင်လှုပ်တိုင်း ဆင်လှုပ်တိုင်း တချွင်ချွင်နှင့် မြည်ဟည်းတတ်သော သံခလောက်ကြီးကို အပိုင်စား ရသွားလေပြီတကား။

မှန်သည်၊ ငွေမိုး သံခလောက်ပိုင်ရှင်ဖြစ်ပြီ။ ငွေမိုးအဖို့ မည်သည့်အရာကိုမျှ တိတ်တိတ်ဆိတ်ဆိတ်လုပ်၍ မရတော့။ ငွေမိုး လှုပ်ရှားတိုင်း လှုပ်ရှားတိုင်း သံခလောက်သံ ကြားရလျှင် လူတွေက ဝေးဝေးက ရှောင်ကြမည်။ ပြီးတော့. .

"ဆင်ဆိုးကြီး လာပြီဟေ့၊ ပြေးကြ ပြေးကြ"

* * *

"ပန်ချာပီဖိုးထောင်ကို ငွေမိုး သတ်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"တောက်. . . ငွေမိုး ဘယ်မှာလဲ"

"မရှိတော့ဘူး၊ ထူးကြိုးပြတ်ပြီး တောထဲ ထွက်ပြေးသွားပြီ"

စခန်းတစ်ခုလုံး ရုန်းရင်းဆန်ခတ် ဖြစ်သွားပြန်ပြီ။ ကြားရသောသတင်းစကားတွေက နားမချမ်းသာစရာ ကောင်းလှသည်။

ချစ်တိုး မရှိသည့်နောက်ပိုင်း၌ ငွေမိုးကို စီးမည့်လူ ရွေးရ၏။ သစ်တောဝန်ထောက် မျက်နှာဖြူကြီး၏ အလိုကျ ဆင်ဦးစီးဦးဖိုးထောင်လက်သို့ အပ်ရ၏။ ဦးချစ်သွေးက သူ့သားကို သူကိုယ်တိုင် စီးပါမည်ဟု ပြောသော်လည်း မရ။ "မောင်မင်း အသက်ကြီးပြီ၊ ဆင်စီးလို့ မဖြစ်တော့ဘူး" ဟူသော အကြောင်းပြချက်နှင့် ကန့်ကွက်သည်။ သူ့အကြောင်းပြချက်ကလည်း ခိုင်လုံနေသည်မို့ ငြင်းကွယ်၍ မရ။ သူ့သားငွေမိုးကို သူများနှင့် စိတ်မချသော်လည်း လက်ပိုက်ကြည့်နေခဲ့ရသည်။ ယခုတော့ မဖြစ်သင့်တာ ဖြစ်ရပြန်ပြီ။

စင်စစ် ဖိုးထောင်မှာ ထွားထွားကျိုင်းကျိုင်း သန်သန်မာမာ။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများရှိ၏။ ထို့ကြောင့် သူ့ကို ပန်ချာပီဖိုးထောင်ဟု စခန်းကလူတွေက နောက်ပြောင်ခေါ်ရာမှ တကယ်နာမည်တွင်သွားသူပင်။

သူက ဆင်ဆိုးစီးရာ၌ နာမည်ရ၏။ သွက်လက်သည်။ ဖျတ်လတ်သည်။ လျင်မြန်သည်။ ရက်ရက်စက်စက်ပင် ဆင်ကို နိုင်နိုင်နင်းနင်းနှင့် ကိုင်တွယ်နိုင်သည်။ ငွေမိုးကို ချုံးကျသွားအောင် နားရက်မပေးဘဲ ဖိခိုင်းပစ်သည်။ သူ့လက်ထဲမှ အသွားထက်လှသော စားမြှောင်သည် အချိန်မရွေး အခါမရွေး ငွေမိုးကို အစဉ်အမြဲ ခြောက်လှန့်နေသည်။

"ဆင်ဆိုတဲ့ကောင်မျိုးကို ဆင်လိုပဲ သဘောထားရတယ်၊ ဒီကောင်က လူ့ကို တစ်နေ့ ဆယ်ကြိမ်လောက် အမြဲတမ်း သေကြောင်းကြံတတ်တယ်၊ သူ မကြံနိုင်အောင် ကိုယ်က ဦးအောင် နှံထားမှ တော်ကာကျမှာ၊ ဆင်ကို ဆင်လို သဘောမထားဘဲ သနားတတ်မယ်၊ အဲ ညှာတာတတ်မယ်ဆိုရင် ဆင်ဦးစီး မလုပ်စားနဲ့၊ တို့ကတော့ မာမာပဲ၊ ဖိုးထောင်ဆိုတဲ့အတိုင်း ထောင်ကို ထောင်နေရမှ ကျေနပ်တဲ့ကောင်ဗျ" ဟူသော စကားကို ဖိုးထောင်က လက်ကိုင်ထားသည်။ သူ့လက်ကိုင်စကားနှင့် သူ့အဘိမ္မာကို ဆင်ဦးစီးတို့ အလယ်၌ တံခွန်ထူခဲ့သူတည်း။ သူ့စကားနှင့်ညီသည်။ စခန်း၌ ဆိုးပေ့ဆိုသောဆင်မျိုး၊ မည်သူမျှ မစီးရဲသောဆင်မျိုးကို ဖိုးထောင်စီးသည်။ ငွေမိုးကို ဆင်ဆိုးအဖြစ် စာရင်းသွင်းကြော်ငြာလိုက်သောအခါ စွယ်စုံဆင်ငွေမိုးကို ဦးစီးအချို့တို့က မစီးချင်ကြ။ သည်တော့ ငွေမိုး၏ဦးစီးမှာ ဖိုးထောင် ဖြစ်ရသည်မှာ မဆန်းချေ။ ယခုတော့ မည်သို့မည်ပုံ





ဖြစ်သည်မသိ။ ငွေမိုးနှင့် အလုပ်တွဲလုပ်၍ တစ်ပတ်လောက်ပင်ရှိသေးသည်၊ ဆင်ဆိုးစီးသူ ပန်ချာပီဖိုးထောင်ကို ငွေမိုးက အစွယ်နှင့် ထိုးသတ်ပြီး နင်းခြေပစ်လိုက်သည်။ ဖိုးထောင်လည်း မထောင်နိုင်တော့ မိုးမှောင်ကျသွားချေပြီ။ ငွေမိုးလည်း စခန်းက ခြေရာဖျောက်သွားပြီ။ တောနက်ထဲသို့ ဝင်ရောက်ကာ ပျောက်ကွယ်နေချေပြီ။

စင်စစ် ငွေမိုးနှင့်ဖိုးထောင် အမြိုင်ကြခြင်းပင်။ ထိုပွဲ၌ ခြေမကသွေးငယ်ထိ်ရောက်နေသော ဖိုးထောင်အဖို့ အလံလဲသွားလေပြီ။ အလံလဲသွားသော ဖိုးထောင်ကို မှုန့်မှုန့်ညက်ညက်ခြေ၍ ငွေမိုးက စခန်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့ချေပြီတကား။

ထို့နောက် ငွေမိုး၏ သတင်းဆိုးတွေကို ဆက်တိုက်ကြားရ၏။ တောင်ခြေ၌ စိုက်ပျိုးထားသော စပါးခင်းတွေကို ငွေမိုး ဝင်ရောက် စားသောက်ဖျက်ဆီးပစ်သည်ဟူသော သတင်းမျိုး။ ယာခင်းများကို စားသောက်ဖျက်ဆီးရုံနှင့်အားမရ၊ ယာတဲများကိုပါ ဖျက်ဆီးပစ်သည်ဟူသော သတင်းတွေကို နားမဆံ့အောင် ဦးချစ်သွေး ကြားရလေသည်။

ထို့ပြင် "ကဲ ဦးချစ်သွေး၊ ခင်ဗျားသား ငွေမိုးကို ရှာဖွေပြီး ပစ်သတ်ဖို့ ကျုပ်တို့ကို သက်ဆိုင်ရာက အမိန့်ပေးထားပြီ။ အဲဒါ ခင်ဗျားသား မသေစေချင်ရင် ခင်ဗျားဘာသာ ရှာပြီး ဖမ်းပေတော့။ ကျုပ်တို့ ခုနစ်ရက် အချိန်ပေးမယ်၊ ခုနစ်ရက်ပြည့်လို့မှ ခင်ဗျားသားကို ခင်ဗျား ရှာဖွေပြီး မဖမ်းနိုင်ရင် ကျုပ်တို့ကို အဆိုးမဆိုနဲ့တော့။ ကျုပ်တို့က အထက်ကပေးတဲ့အမိန့်အတိုင်း ဆောင်ရွက်ရမှာပဲ"

ဆင်အုပ်ကြီး ဦးမောင်စိန်၏စကား။ သည်စကားက ဦးချစ်သွေး၏ ရင်တစ်ခုလုံးကို ပွင့်ထွက်မတတ်အောင် ခံစားရ၏။ အသည်းပြင်ကို နုပ်နုပ်စဉ်းမီးကင်နေသလိုတည်း။

အသက်အရွယ်ထောက်လာပြီမို့ အားကိုးစရာ မရှိသော ဦးချစ်သွေးအဖို့ သည်သားသာ မရှိလျှင် . . .။

"ကိုမောင်စိန်ရယ် စဉ်းစဉ်းစားစားလေးလည်း လုပ်ပါဗျာ၊ ကျုပ်က လက်လျှော့ပါပြီ ဆိုရင်တော့ ခင်ဗျားတို့သဘော၊ အခုတော့ ဘာမှ မလုပ်ပါနဲ့ဦးဗျာ။ ကျုပ်သားကို ကျုပ်ကိုယ်တိုင် ဖမ်းပေးပါ့မယ်။ စိတ်ချပါ၊ ငွေမိုးရှိတဲ့နေရာကိုသာ သတင်းပေးပါ။ မရရအောင် ဖမ်းပြပါ့မယ်။ ငွေမိုးရှိလို့မှ ဖမ်းလို့မရဘူးဆိုရင် အသက်ရှင်ရက်နဲ့ ကျုပ် တောထဲက မပြန်ဘူး" ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်သွေးအဖို့ အသက်ငါးဆယ်ကျော်မှ စိတ်ဆင်းရဲနေ၏။ အားကိုးစရာ၊ တွယ်တာစရာဆို၍ မည်သူမျှ မရှိ။ ဇနီးလည်းမရှိ၊ သားသမီးလည်း မရှိတော့။ ယခု ငွေမိုးကို လက်လွတ်ဆုံးရှုံးဖို့ ဖန်တီးလာပြန်ပြီ။ မည်သည့်ဘဝက ဝဋ်ကြွေးတွေလည်း မသိ။ အကုသိုလ်တို့မှာ အလုံးနှင့်အရင်းနှင့် ဝင်ရောက်နှိပ်စက်နေကြ၏။

တကယ်တော့ သူ့ဘဝ၌ မထူးတော့ချေ။ ချစ်တိုး သေသည်မှာ (၂၀) ရက်ပင် မပြည့်သေး။ ငွေမိုး စခန်းက ပျောက်သွားပြန်သည်။ ဆင်ဦးစီး ပန်ချာပီဖိုးတောင်ကို မနေ့ကတည်းက သတ်ပြီး ထူးကြီးဖြတ်၍ တောထဲသို့ ဝင်ပြေးသွားပြီ။ သည်တော့ မထူးတော့။ သူကိုယ်တိုင် ငွေမိုးကို ဖမ်းမည်။ သူများအသတ်တော့ မခံနိုင်။ သတ်ချင်းသတ်လျှင် ကိုယ့်သားသမီးကို ကိုယ့်ဘာသာကိုယ် သတ်ပစ်မည်။ သို့မဟုတ် သားလိုချစ်ရသော ငွေမိုးက အရိုင်းစိတ်ဝင်ပြီး သူ့ကို သတ်မည် ဆိုလျှင်လည်း သတ်ပါစေ။ မိဘတစ်ဦး၏ ကြီးမားသောမေတ္တာတရားကို ရင်မှာပိုက်၍ ခွင့်လွှတ်လိုက်မည်သာ။

ထို့နောက် တူလိုသားလိုနေသော မောင်ငွေးအောင်ကိုခေါ်၍ ငွေမိုး၏ သတင်းကို စုံစမ်းခိုင်းရသည်။ ဆင်ဆိုသည်ကလည်းခက်သား။ ငြိမ်ပြီဟေ့ဆိုလျှင် အပ်ကျသံကြားအောင် ငြိမ်တတ်၏။ ဆူပြီဟေ့ ဆိုလျှင်လည်း တစ်တောလုံးတစ်တောင်လုံး အုတ်အော်သောင်းတင်းဖြစ်အောင် ဆူနိုင်၏။ ပြေးပြီဟေ့ဆိုလျှင်လည်း လိုက်ဖို့မလွယ်။ ဆင်တစ်လှမ်းကို လူဆယ်လှမ်းပင် မမီချင်။ အင်အားချင်းကလည်း ယှဉ်၍ရသည် မဟုတ်၊ ယခုပင် သည်နေရာ၌ တွေ့သော်လည်း ခဏအကြာတွင် တောင်တစ်လုံး နှစ်လုံးခြားသည့် နေရာသို့ ရောက်ချင်ရောက်သည့် ကောင်မျိုးပင်။ အကောင်ကြီးသလို လျင်မြန်ဖျတ်လတ်မှုလည်း ရှိ၏။ မျက်လုံး ကျဉ်းသော်လည်း မြင်ကွင်းကျယ်ကို မြင်နိုင်သည့်အကောင်မျိုး။ နှာရှည်သလောက် အနံ့မျိုးစုံကို ခွဲခြားပြီး သိတတ်၏။ ရေရှိသည့်နေရာကို အဝေးကြီးကပင် အနံ့ခံနိုင်စွမ်း ရှိ၏။ အလှည့်အပတ် လေးသော်လည်း ခရီးဝေးကြီးကို တစ်ခဏချင်းမှာပင် အရောက်သွားနိုင်သည့် အရည်အချင်းတွေရှိ၏။

သည်လို သတ္တဝါမျိုးကို ဖမ်းဆီးနိုင်ရန် လူသားများအဖို့ အချိန်များစွာ ယူရ၏။ ဉာဏ်ကိုလွှာသုံး၏။ မည်သို့ဆိုစေ အသိဉာဏ်ထက်မြက်သော လူသားသည် အရာရာကို အောင်မြင်နိုင်သည်သာတည်း။

ယခုကိစ္စမှာ ဆင်ရိုင်းတစ်ကောင်ကို ဖမ်းဆီးသည့် ကိစ္စမဟုတ်၊ လိမ္မာယဉ်ကျေးသော ဆင်လိမ္မာမှ အရိုင်းစိတ်ဝင်သွားသော ငွေမိုးကို ဖမ်းဆီးရမည့်





ကိစ္စ။

ငွေမိုးသည် ငယ်စဉ်ကတည်းက လူတွေနှင့်ပေါင်းဖက်၍ ကြီးပြင်းခဲ့ရသူ လူ့စကားနားလည်သလို၊ လူတွေ၏သဘောထားကိုလည်း သိသူပင်။ ထို့ကြောင့် အရိုင်းစိတ်ကို အနည်ထိုင်အောင်၊ ငြိမ်သက်အောင် စွမ်းဆောင်နိုင်ပါမှ ငွေမိုးကို မြန်ရမည်သာ။

ဤသည်ကို ဦးချစ်သွေး နားလည်သည်။ သူနှင့်ငွေမိုးတို့၏ တစ်ဦးနှင့်တစ်ဦးအပေါ် ထားရှိခဲ့သော မေတ္တာတရားကိုလည်း သူယုံကြည်သည်။ မှန်ကန်သော မေတ္တာတရားကို လက်ကိုင်ထားလျှင် အရာရာကို အောင်မြင်ရမည်ဟုလည်း တွေးမိသည်။

ငွေမိုး၏ နားနေအိပ်စက်ရာကို ဦးစွာ သိအောင် လေ့လာခိုင်းသည်။ အဖြစ်နိုင်ဆုံး အခြေအနေကိုရောက်မှ စခန်းက ထွက်လာခဲ့သည်။ အသက်အရွယ်ကြီးရင့်သူမို့ အခဲမာအပန်းဒဏ် သိပ်မခံနိုင်။ ထို့ကြောင့် စခန်းက ဝန်တင်ဆင် မိညိုကို အကူအညီတောင်း၍ ငှားရမ်းလာခဲ့ရ၏။ မိညိုကို မောင်ငွေးအောင်အား စီးစေ၍ သူက ပုခက်ပေါ်မှပင် တောတောင်အခြေအနေကို အကဲခတ်ရင်း လိုက်ပါလာခဲ့သည်။

ငွေမိုး၏ဇာတ်ကြောင့်သာ သည်တောထဲကို ရောက်လာခဲ့၏။ ငွေမိုးကို မတွေ့ရလျှင် မပြန်ဟုလည်း ဆုံးဖြတ်ထား၏။ ဦးချစ်သွေးအဖို့ ငယ်စဉ်ကတည်းကပင် ငွေမိုးကို အကြွင်းမဲ့ ယုံကြည်ခဲ့သည်။ ငွေမိုးကို ငယ်စဉ်ကတည်းက သားသမီးတစ်ဦးနှင့်မခြား ပြုစုခဲ့သည်။ ယုယကြင်နာခဲ့သည်။ သူ့အရွယ်ကောင်းစဉ်က ငွေမိုး၊ ချစ်တိုးနှင့် သူတို့သားအဖသုံးယောက် အလျှုအတန်းတွေ သွားကြသည်ကိုလည်း သတိရ၏။ အိုးစည်ကကို စည်းဝင်စည်းထွက် မှန်ကန်အောင် ဆင်ရုပ်ကလေးတစ်ကောင်အလား ကခုန်မြူးထူးနေသော ငွေမိုး၏ ရုပ်သွင်ကို ယခုထက်တိုင် မျက်လုံးထဲက မထွက်သေး။ ဘယ်သောအခါမှလဲ သူ့နှလုံးသားထဲက ထွက်မည်မဟုတ်။ ချစ်တိုးနှင့် ငွေမိုးကို တစ်တန်းတည်းထား၍ အသည်းနှင့်အောင် ချစ်ရသည်သာ။

ဦးချစ်သွေးမှာ ဆင်မယဉ်သာ၏ သယ်ဆောင်လာမှုကြောင့် တရွေ့ရွေ့နှင့် တောနက်ထဲသို့ ရောက်လာသည်။ တောနက်ထဲသို့ ရောက်လာလေလေ အအေးဒဏ်က လွှမ်းကဲလာလေလေပင်။ မိုးနံ့ကို သယ်ဆောင်လာသောလေမှာ တသုန်သုန်နှင့် မြူးကြွနေ၏။ တောင်ကြောလမ်းဘေးတွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးနှင့် တဝေါဝေါ စီးကျနေသော ရေတံခွန်ကြီးက တောတောင်



www.burmeseclassic.com

www.burmeseclassic.com



၏ သဘာဝကို အသက်ဝင်လှုပ်ရှားနေ၏။

"ငွေမိုး ပန်ချာပီဖိုးထောင်ကို သတ်တာ အကြောင်းရှိတယ်၊ ဟိုတစ်လောတုန်းက တောင်ပေါ်က သစ်လုံးတွေကို တောင်အောက်က စခန်းရောက်အောင် သယ်ကြတယ်၊ ငွေမိုးက သစ်လုံး အရမ်း လျှောကျမှာစိုးလို့ သစ်လုံးကို သူ့ခြေဖနောင့်နဲ့ ထိန်းသိမ်းပြီး ဖြည်းဖြည်းချင်း လျှောလျှောချတယ်။ အဲဒါကို ဖိုးထောင်က ရှေ့လောကြီးပြီး ငွေမိုးကို အတင်း ဆွဲခိုင်းတယ်။ သစ်လုံးနဖားပေါက်ကလည်းပါး၊ သစ်လုံးကလည်းကြီးပြန်၊ အပေါက်က အကာဘက် သိပ်ရောက်နေတော့ သစ်လုံးဟာ နဖားပြုတ်ပြီး အရှိန်နဲ့ ချောက်ထဲကို ဝေါခနဲ ထိုးကျသွားတယ်။ အဲဒါ ဖိုးထောင်က မချိတင်ကဲနဲ့ ငွေမိုး အသုံးမကျလို့ဆိုပြီး ငွေမိုးရဲ့ဦးကင်းကို ဓားမြှောင်နဲ့ထိုးတယ်။ ဒါကို ငွေမိုးက ပထမတော့ ငြိမ်ခံနေတယ်။ နောက်ထပ် နှစ်ချက်ဆင့်ပြီး ရက်ရက်စက်စက် ငွေမိုးကိုလည်းထိုးရော ငွေမိုးက မခံမရပ်နိုင်ဖြစ်ပြီး ဖိုးထောင်ကို သတ်ပစ်တာ ဦးကြီးရဲ့။ အဲဒါကို ဦးစီးကိုပိန် ပြောလို့ ကျွန်တော် သိတာ။ ပြီးတော့ သူ ဒူးပေးတဲ့နေရာကို သံချောင်းမြှုပ်ဖို့လုပ်တာ ငွေမိုးက ခါခါချလို့ မြှုပ်မရဘူး ဖြစ်နေတယ်လေ"

"ဟင်း . . . ဖြစ်ရလေကွယ်"

မောင်ငွေအောင်၏ စကားကြောင့် ဦးချစ်သွေးမှာ ဟင်းခနဲ သက်ပြင်းချရ၏။ စိတ်မကောင်းလည်း ဖြစ်ရ၏။ သည်လို အင်္ဂလိပ်မျက်နှာဖြူများ ကြီးစိုးသော သစ်တောကြီးဝိုင်းထဲ၌ လာရောက် အလုပ်လုပ်ရသော သူတို့အဖို့ များစွာ မျက်နှာငယ်ရ၏။ ပုဂ္ဂလိကပိုင် ဆင်တွေဆိုလျှင် အမြတမ်း နှိပ်စက်ကြ၏။ ကုမ္ပဏီပိုင်ဆင်တို့နှင့်မတူ။ ဆင်ဦးစီးဆိုးဆိုးနှင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားကြသည်။ ဆင်ယဉ်၊ ဆင်လိမ္မာမှ ဆင်ရိုင်း၊ ဆင်ဆိုးတွေဖြစ်အောင် လုပ်ချင်သလို လုပ်ကြသည်။ ထို့ကြောင့်လည်း ဆင်လိမ္မာငွေမိုးမှာ ယခု ဆင်ဆိုးကြီး ဖြစ်ရချေပြီ။ (ဆင်ဦးစီး ပန်ချာပီဖိုးထောင်မှာ ငွေမိုးကို နောင်ကြဉ်အောင် မလှန်နိုင်အောင် လုပ်ချင်ပုံရ၏။ ထို့ကြောင့် သူဒူးပေးသောနေရာ၌ ဆင်လည်ကုပ်သားထဲသို့ သံချောင်းမြှုပ်၏။ သူခိုင်းစေ၍ ငွေမိုး ပေကပ်ကပ်လုပ်လျှင် အသားပြင်သို့ ထိုးစိုက်ထားသော သံချောင်းကို သူ့ဒူးခေါင်းနှင့်တို့ထိ၍ လှုပ်လိုက်သောအခါ ငွေမိုးအဖို့ အသည်းစွဲအောင်နာမည်။ သူခိုင်းသမျှရမည်။ သူ့ကို အသည်းစွဲအောင် ကြောက်ရွံ့နေအောင် ယခုလို ပြုလုပ်ခြင်းပင်။ သို့သော် ငွေမိုးက ခါချလိုက်၍ သံချောင်း မြှုပ်မရသေးဘဲ ဖြစ်နေ၏။ ယခုအခါ၌ နိုင်ငံတော်ပိုင်ဆင်များကို ရက်ရက်စက်စက် မပြုလုပ်ရန် ကြပ်တင်းစွာ ကွပ်ညှပ်ထား၏။





စင်စစ် ပန်ချာပီဖိုးထောင်ကို ငွေမိုးက သတ်ချင်၍ သတ်သည်မဟုတ်။ ခံမရပ်နိုင် ဖြစ်လွန်း၍သာ ယခုလို လက်လွန်ခြေလွန် ဖြစ်သွားခြင်းပင်။ တောရိုင်းဆင်ပြောင်တစ်ကောင်ကိုပင် ယှဉ်ပြိုင်အန်တု၍ နိုင်နင်းအောင် သတ်ခဲ့သော ငွေမိုး၏ အရည်အချင်းကို ပန်ချာပီဖိုးထောင် မလေ့လာမိ၍ ယခုလို ဖြစ်သွားရခြင်းဟုဆိုလျှင် မမှားနိုင်ရာ။

မည်သို့ဆိုစေ အသားချင်း ကိုယ်ချင်းမစာ ဦးကင်းကို ဓားနှင့် ကြိတ်ထိုးသည်ကိုလည်း လူမသိ။ အသားထဲသို့ မြှုပ်ဖို့ ကြံစည်သည်ကိုလည်း လူမသိ။ ငွေမိုး၏ တုံ့ပြန်မှုကိုတော့ မခံနိုင်ကြ။ ရက်စက်သည်ဟု ဆိုကြ၏။ ယုတ်မာမှုသည် ရက်စက်မှုက ပေါက်ဖွားလာခြင်းသာ။ ရက်စက်ကြမ်းကြုတ်မှု မရှိလျှင် ယုတ်မာမှုတို့သည် သန္ဓေပင် မတည်နိုင်၊ မပေါ်ပေါက်နိုင်လေချေ။

မှန်သည်။ ငွေမိုး၏ဘဝ၌ ယခုလို ယုတ်မာမှုမျိုးကို တစ်ခါမျှ မခံစားခဲ့ရဘူးချေ။ အသည်းခိုက်အောင် နာကျင်သော ဝေဒနာကြောင့်လည်း ယုတ်မာမှုကို ခံမရပ်နိုင်လွန်း၍သာ ယခုလို ဖြစ်ဟန်တူလေသည်။ လူနှင့်ဆင်တို့ အလုပ်လုပ်ကြရာ၌ ဆင်ကိုလည်း လူလို သဘောထားရ၏။ လုပ်ဖော်ကိုင်ဖက်ချင်းမို့ ကြင်နာရ၏။ မေတ္တာစေတနာထားရ၏။ သစ္စာရှိရ၏။ အလိုက်သိရ၏။ စည်းကမ်းရှိရ၏။ ထို့ထက်ပို၍ ဆိုရလျှင် သွေးရင်းသားချင်း ညီရင်းအစ်ကိုလို သဘောထားတတ်ဖို့ လိုသည်။ သို့မှသာ ဆင်ကလည်း လူအပေါ်၌ မေတ္တာတုံ့ပြန်လာတတ်သည်။ မေတ္တာချင်း ယှက်သွယ်မှသာ အလုပ်တွင်ကျယ်သည်။ လုပ်ငန်းလည်း အောင်မြင်သည်။

ယခုတော့ သည်လိုမဟုတ်။ ကိုယ်ချင်းမစာ၊ မိမိဘက်တစ်ခုတည်းကိုသာကြည့်၍ လုပ်ချင်ရာကို တဇွတ်ထိုးလုပ်ပစ်သည်။ သည်တော့ မဖြစ်သင့်သော ဖြစ်ရပ်တွေ ဖြစ်လာသည်မှာ တကယ်တော့ မဆန်းလေချေ။

"ဝီး . . . ဝီး . . . ဝီး"

ရုတ်တရက် ဦးခေါင်းပေါ်မှ လေတိုးသံကြီးတစ်ချက်ကို ကြားရ၏။ ထို့ကြောင့် ဦးချစ်သွေးတို့မှာ မိုးပေါ်သို့ မော့ကြည့်လိုက်ကြသည်။ ကြီးမားသော လင်းတကြီးနှစ်ကောင် သူတို့၏ ဦးခေါင်းပေါ်သို့ ဖြတ်သန်းပြီး ချောက်ကမ်းပါးဆီသို့ ဦးတည် ပျံသန်းသွားကြလေသည်။ လင်းတကြီးများ၏ တဖောင်းဖောင်း တောင်ပံရိုက်သံအဆုံးတွင် ပုပ်လှိုင်သော အပုပ်နံ့တို့ကလည်း ရှူးရှူးရှရှပင် နံ့စော်လာသည်။

ထို့ကြောင့် ဆင်ဦးကင်းပေါ်၌ လိုက်ပါလာသော မောင်ငွေအောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးတဖြန်းဖြန်း ထသွားရ၏။ ထို့အတူ ဦးချစ်သွေးရှိရာသို့လည်း ကြောက်လန့်တကြီးနှင့် သမင်လည်ပြန် လှည့်ကြည့်လိုက်မိသည်။

"ဦး . . . ဦးကြီး၊ ဘာ. . . ဘာနံ့ကြီးလဲ မသိဘူး"

"အေး ငါလည်း အနံ့ရတယ်၊ လင်းတဲတွေပဲ၊ ပုံထောက်ရင်တော့ သတ္တဝါ တစ်ကောင်ကောင် သေနေတာ ဖြစ်နိုင်တယ်"

ဦးချစ်သွေးမှာလည်း ဖြစ်ပျက်လာသော အခြေအနေကြောင့် ရင်ထဲ၌ တစ်မျိုးကြီး ဖြစ်သွားရသည်။ ပျို့ချင်အန်ချင်သလိုလည်း ဖြစ်ရသည်။ တောနက်တွင်းက အတွေ့အကြုံသစ်အတွက် ထိတ်လန့်မိသည်ကား အမှန်ပင်။ မိမိမှာ လူအိုတစ်ဦးတစ်ယောက်ပါလားဟူသော အတွေးကလည်း ထပ်ဆင့် ပေါ်ပေါက်လာပြန်သည်။ အားငယ်စိတ်မှာ မဖိတ်ခေါ်ဘဲနှင့် တံခါးပြင်းပြင်းခေါက်၍ ဝင်ရောက်လာချေပြီတည်း။

ဦးချစ်သွေးအဖို့ မမျှော်လင့်ဘဲ ဆင်သချိုင်းနေရာသို့ ရောက်နေပြီလားမဆိုနိုင်။ သည်နေရာမျိုးဆိုလျှင် အန္တရာယ်ကြီးလှ၏။ ငွေမိုးကို တွေ့ချင်မြင်ချင်စိတ်ကြောင့်သာ ဤနေရာသို့ ရောက်လာသော်လည်း ကျရောက်လာလတ္တံ့သော အန္တရာယ်ဆိုးများနှင့် ရင်ဆိုင်ခဲ့ရပါလျှင် မိမိအဖို့ ရင်ဆိုင်နိုင်စွမ်း ရှိပါမည်လားဟု တွေး၏။ မိမိကိုယ် မိမိ ဆန်းစစ်ကြည့်သည်။

မည်သို့ဆိုစေ မိမိအဖို့ ဒူးလေးပစ်ခတ်ခြင်း၊ အတတ်ပညာကို အထူးကျွမ်းကျင်သည်ကား မှန်၏။ မိမိမှာ ငယ်စဉ်ကလို မဟုတ်တော့။ သိပ်ပြီး အသင်ပန်းမခံနိုင်၍ ဆင်အိုကို စီးနင်းလာခဲ့ရ၏။ ဆင်ကအိုအို၊ လူကအိုအိုနှင့် ခရီးသည်ပိန် ဓားတုံးနေသည့်အချိန်။ မိမိ၏ ရည်ရွယ်ချက်တို့မှာ သဲအိတ်ထမ်း၍ တောင်တက်သလိုဖြစ်မှာ ပူ၏။ သို့သော် ပြင်းထန်လှသော အဆိပ်ရည် စိမ်ထားသည့် မြားဘူးထဲမှ မြားကိုထုတ်ကာ ဒူးလေးကို အသင့်ပြင်ရ၏။ လူအိုတစ်ဦး၏ အစွမ်းထက်လှသော မြားချက်သည် နုပျိုသောသားကောင်တို့ကို ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားစေနိုင်၏။ ကြီးမားသော ဆင်ကြီးတို့၏ စူးရှသေးကွေးသော မျက်လုံးအစုံကို ဖောင်းခနဲ ဖောင်းခနဲနေအောင် ပစ်ဖောက်နိုင်စွမ်းလည်း ရှိသည်သာ မှန်သည်။ လူအိုသော်လည်း လေးနှင့်မြားက မအိုသေး၊ အစဉ်အမြဲ နုပျိုသစ်လွင် တောက်ပနေသည် မဟုတ်ပါလား။

တောအုပ်ကိုဖြတ်၍ တရိပ်ရိပ် သွားနေသော မိညိုမှာ ရှေ့သို့ မတိုးတော့။ ရောက်ရာနေရာ၌ပင် တွေတွေကြီး ရပ်နေ၏။ ကမ်းပါးစွန်းမှ ဆင်ရိုင်းတစ်ကောင် လျှောကျသွားရာဟု ထင်ရသော စွတ်ကြောင်းကြီးတစ်ခုကိုလည်း





မြင်ရ၏။ ချောက်ကမ်းပါးစွန်း၏ သည်မှာဘက်တွင် သွေးစွန်းနေသော ချစ်မိုး၏ ခေါင်းပေါင်းတဘက်တစ်ထည်အပြင် လှံရှည်တစ်ချောင်းကိုလည်း မြင်ရ၏။ မြက်ခင်းစပ်၌ ယင်မမည်းရိုင်းတို့မှာ အုပ်ဖွဲ့၍ တဝေါဝေါနှင့် ပျံသန်းနေကြလေသည်။

"ဦးကြီး ဆင်က ရှေ့မတိုးတော့ဘူး"

မောင်ငွေအောင်က ထစ်ထစ်ငေါ့ငေါ့ပင် ဆိုသည်။

"အေး ရှေ့မတိုးရင် နေပစေ၊ အခြေအနေ စောင့်ကြည့်တာပေါ့၊ မဟန်ရင်လည်း နောက်ကြောင်းပြန်တာပေါ့၊ သိပ်ကြောက်မနေနဲ့"

မောင်ငွေအောင်ကို အားပေးရ၏။ မောင်ငွေအောင်၏ ကြောက်ရွံ့ထိတ်လန့်သောစိတ်ကို ထိန်းပေးလိုက်ရသည်။ လေးနှင့်မြားကို ဆင်ပေါ်မှ အသင့်ပြင်ထားလိုက်၏။ မျက်စိနှင့်နားကို အစွမ်းကုန် ဖွင့်ထားရ၏။ တစ်ချွေ့ခုန် အဆိပ်ပြင်းသော မြားတံမှာ ဒူးလေးအတွင်းသို့ အသင့် ရောက်ရှိနေချေ၏။ မတတ်နိုင်တော့။ ဖြစ်လာသမျှအကြောင်း အကောင်းပင်။ အရာရာကို ရင်ဆိုင်ရန် အသင့်အနေအထားသို့ ပြင်ဆင်ထားရ၏။

ဦးချစ်သွေးမှာ အတွေ့အကြုံရင့်ကျက်သူပီပီ စိတ်ကို ထိန်းထားနိုင်သော်လည်း ဆင်မ မိညိုမှာမူ မထိန်းနိုင်။ သူ့အားကို သူ မယုံကြည်တော့။ ရှေ့သို့ မတိုးသည့်အပြင် နောက်ဆုတ်နောက်ဆုတ် ဖြစ်လာသည်။ သူ၏ ကျဉ်းသော မျက်လုံးအစုံမှာ ဂနာမငြိမ်ဖြစ်ပြီး နှာမောင်းကို အပေါ်တင်ပြီး တကျည်ကျည်နှင့် အော်စပြုလေပြီ။

"ဟိုတဘက်လေးဟာ ငါ့သားချစ်တိုး ခေါင်းပေါင်းသွားတဲ့ တဘက်လေးနဲ့တူတယ်။ ငါ့သားလေး ဒီနေရာမှာ ဆုံးတာနဲ့တူတယ်" ဟုလည်း ရင်ထဲက တွေးမိပြီး ဆို့ကျပ်နာကျင်သော ဝေဒနာကို ခံစားလာရ၏။ ထို့အတူ သူ့ပါးပြင်ပေါ်၌ ထက်၍ မျက်ရည်စီးကြောင်းတို့က အဆီးအတားမရှိ စီးကျလာလေသည်။

မည်းမှောင်၍ များပြားလှသော ယင်မမည်းရိုင်းအုပ်သည် ဆင်အိုမကြီး မိညိုကို တပ်ချီ၍ ဝိုင်းအုံကိုက်ခဲစပြုသည်။ ထို့ကြောင့် မိညိုမှာ ကျည်ခနဲ တစ်ချက်အော်ပြီး လာရာလမ်းသို့ ဦးလှည့်လေသည်။ မောင်ငွေအောင်လည်း မတတ်နိုင်တော့။ မိညို၏ဆန္ဒကို လိုက်လျောရ၏။ မိညိုမှာ လာရာလမ်းသို့ပြန်၍ လာလမ်းအတိုင်း အားသွန်ပြေးလေတော့သည်။ မိညို၏ ဟန်ပန်က ထူးဆန်းလှ၏။ တောခွေးနံ့ရ၍လား၊ သို့တည်းမဟုတ် သတ္တဝါတစ်ကောင်၏ အနံ့ကိုရ၍ ကြောက်လန့်ပြီး ပြေးလေသလားဟု မောင်ငွေအောင် မတွေးတတ်နိုင်။ သို့ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် တစ်ခုမဟုတ် တစ်ခုခုသော အန္တရာယ်မှာ သူတို့နောက်ပါး၌ ကပ်၍လိုက်ပါလာသည်ဟုတော့ ထင်မိသည်။

ဦးချစ်သွေးမှာ မိညို၏သယ်ဆောင်ရာသို့ လိုက်ပါလာရင်း ဆင်အုပ်ကြီး ဦးစိန်မောင်၏ စကားအချို့ကို ပြန်လည် ကြားယောင်လာသည်။

"ချစ်တိုးက ငွေမိုးကို ကောက်ရအောင် တောထဲကိုသွားတယ်၊ တောထဲမှာ ဆင်ရိုင်းတစ်ကောင်နဲ့တွေ့မယ်၊ ချစ်တိုးကို ဆင်ရိုင်းကသတ်လို့ ဆင်ရိုင်းကို ငွေမိုးကသတ်ပြီး သူ့အစ်ကိုရဲ့အလောင်းကို ပြန်ယူလာတာ ဖြစ်မယ်လို့ ကျုပ်ထင်တာပဲ" ဟူသော စကားပင်။ သည်စကားက ယခု ဖြစ်ပျက်နေသော အခြေအနေက အနီးစပ်ဆုံးဖြစ်အောင် သက်သေခံနေပြီ။

မည်သို့ဆိုစေ ယခုတော့ ငွေမိုးကို ဦးချစ်သွေးတို့ ဖမ်းဆီးနိုင်ဖို့ မလွယ်တော့။ သည်နေရာ၌လည်း ငွေမိုး ရှိဟန်မတူ။ တောတောင်အခြေအနေကလည်း လူမပြောနှင့် ဆင်ပင် အထိတ်တလန့်ဖြစ်ပြီး နောက်ကြောင်းပြန်လှည့်ပြေးပြီတည်း။

မှန်သည်၊ ဦးချစ်သွေးတို့မှာ ငွေမိုးကို ဖမ်းဆီးရန် လက်လျှော့ရမလိုဖြစ်နေပေပြီ။ မိညို ခေါ်ဆောင်ရာနောက်သို့ စိတ်လှုပ်ရှားစွာဖြင့် လိုက်ပါလာခဲ့ရလေတော့သည်။

* * *

"ဝေါင်း . . ဝေါင်း . . ဝေါင်း"

ရုတ်တရက် ကျားဟိန်းသံကို ကြားရ၏။ ကျားဟိန်းသံမှာ တောနက်တစ်နေရာမှ ထွက်ပေါ်လာသည်။ ယခုတော့ ရှင်းပြီ။ မိညိုမှာ ကျားနံ့ရ၍ ယခုလို ပြေးလွှားခြင်းပင် ဖြစ်တန်ရာသည်။

အားသွန်၍ ပြေးလွှားနေသောမိညိုမှာ တောင်ကုန်းကြောတစ်ခုဆီသို့ ရောက်လာသည်။ ရောက်သည်နှင့် ပြေးလွှားခြင်းကို ရပ်တန့်လိုက်သည်။ ထို့နောက် ဝဲဘက်ရှိ တောအုပ်ဆီသို့ မျက်နှာမူပြီး စူးစူးစိုက်စိုက်ကြည့်နေ၏။

နှာမောင်းကို လေ၌မြှောက်၍ အနံ့ခံသည်။ ကျဉ်းသောမျက်လုံးအစုံမှာ မိညိုအတွက် အားကိုးရခဲပင်။ များမကြာမီ လှုပ်ရှားလာတော့မည့် တောကောင်၏ အခြေအနေကို မိညိုက အပေါ်စီးမှ အကဲခတ်နေသည်။ ဆင်အိုမှာ ကျားပျိုကိုအန်တုရန် နေရာကောင်းကို အရယူခြင်းဖြစ်ကြောင်း ဦးချစ်သွေး သတိထားမိသည်။ ဦးချစ်သွေးမှာ ဒူးလေးကို အသင့်ပြင်ဆင်ထားဆဲ။

လူငယ်လေး မောင်ငွေအောင်မှာ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိဘဲ





ကြောင်နေ၏။ နဂိုကတည်းက ပွဲချိတ်လုံ့ကိုင် အဆင့်သာရှိ၏။ ဆင်ဦးစီးကောင်းတစ်ဦးဖြစ်ရန် ယခုမှ လေ့ကျင့်သင်ကြားဆဲ။ အသက်အရွယ်ကလည်း နုငယ်လွန်း၏။ ယခုမှ (၁၂)နှစ်သာသာ ရှိသေး၏။ ဆင်ပြောင်ကို စီးနိုင်သည့်စွမ်းအားလည်း မရှိသေး။ ယခုပင် ဦးချစ်သွေးက ဆင်အိုမိညိုနှင့် သူတစ်ဦးတည်းသွားရန် မသင့်သဖြင့် မောင်ငွေအောင်ကို အကူအညီတောင်း၍ မလွဲသာမရှောင်သာ လိုက်ပါလာရသူပင်။ တကယ်တမ်း အခက်အခဲနှင့် ရင်ဆိုင်တွေ့ကြုံသောအခါ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ ဆင်မမိညို၏ ဦးကင်းပေါ်၌ ငိုင်ပြီးထိုင်နေဆဲ။

"ဟေ့ မောင်ငွေအောင်၊ လှံကိုကိုင်ထားလေ ရော့ရော့"

ဦးချစ်သွေးက သတိပေး၏။ ယခုမှပင် မောင်ငွေအောင် သတိရ၏။ ထို့ကြောင့် ဦးချစ်သွေးပေးသောလှံကို လှမ်းယူရင်း ခါးကြား၌ ထိုးလိုက်သည်။ ထို့နောက် သူ့အနီးရှိ ကိုင်းကျနေသော သစ်ကိုင်းတစ်ခုကိုဆွဲခိုကာ သစ်ပင်တစ်ပင်ပေါ်သို့ မျောက်တစ်ကောင်၏ လျင်မြန်ခြင်းမျိုးဖြင့် ဆင်ဦးကင်းပေါ်မှ တစ်ဆင့် တွယ်တက်သွားလေတော့သည်။

ဆင်မမိညိုပေါ်၌ ဦးချစ်သွေး တစ်ဦးတည်းသာ ကျန်ရစ်ခဲ့လေသည်။

"ဦးကြီး ကျွန်တော် ကြိုးချပေးမယ်၊ တွယ်ပြီးတက်ခဲ့လေ"

သစ်ပင်ပေါ်သို့ တွယ်တက်သွားသော မောင်ငွေအောင်မှာ အရေးအကြောင်းရှိလျှင် အသုံးပြုနိုင်ရန်အတွက် အမြဲတမ်း သူ့ခါး၌ ရစ်ပတ်ထားသော သုံးလွန်းတင်းလျှော်ကြိုးဖြင့် သစ်ပင်ကိုင်းတစ်ခု၌ချည်၍ ဦးချစ်သွေးရှိရာအောက်သို့ ချပေးလိုက်သည်။ မောင်ငွေအောင်မှာ လူငယ်မို့ အန္တရာယ်ကို မခုခံတတ်သော်လည်း ပုန်းရှောင်ဖို့တော့ ကျွမ်းကျင်လှသည်သာ။

"နေပါစေကွယ်၊ ဦးကြီးက အသက်ကြီးပြီ၊ သေချင်လည်း သေပါစေတော့။ မင်းပဲ လွတ်အောင်ရှောင်ပါကွယ်"

ဦးချစ်သွေးက ပြောပြောဆိုဆိုပင် မိညို စိုက်ကြည့်နေရာ တောစပ်သို့ သူလည်း စိုက်ကြည့်နေ၏။ သူတို့ ကြည့်နေစဉ်မှာပင် တောစပ်ရှိ သစ်ပင်ငယ်တို့မှာ လေမတိုက်ဘဲနှင့် ယိမ်းထိုးလှုပ်ရှားနေသည်ကို တွေ့မြင်ရ၏။

"ဝေါင်း . . . ဝေါင်း . . . ဝေါင်း"

"ကွီ . . . ကွီ . . . ကွီ"

အသံနှစ်ခုကို ရှေ့ဆင့်နောက်ဆင့် ကြားရ၏။ သည်အသံနှစ်ခုကြားရသည်နှင့် ဦးချစ်သွေးအဖို့ ဘာဖြစ်နေသည်ကိုသိ၏။ တောဘုရင်ကျားနှင့် တောကောင်ကြီးတစ်ကောင်တို့ သတ်ပုတ်နေကြပြီ ဆိုသည်ကို မမေးဘဲနှင့် သိပြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဦး . . ဦးကြီး၊ ကျားကြီးနဲ့ တောနက်ဝက် . . ဝက်ဝံကြီးတို့ သတ်နေကြတယ်ဗျ"

သစ်ပင်ပေါ်က မောင်ဌေးအောင်က အော်ပြောသည်။

ဦးချစ်သွေးမှာ မောင်ဌေးအောင် ပြောသည်ကို ကြားသော်လည်း မကြည့်ချင်။ သို့သော် ထိုတိုက်ပွဲ၌ အနိုင်ရသူ သတ္တဝါတစ်ကောင်သာ မိမိတို့ဘက်သို့ ဦးတည်လာမှာ စိုးရိမ်၏။ ထို့ကြောင့် ဖြစ်ပျက်နေသော မြင်ကွင်းကို အပေါ်စီးမှ မြင်ရအောင် နေရာကောင်းယူ၍ အသင့်ပြင်ထားဖို့ လိုသည်ဟု တွေး၏။ ထို့ကြောင့် ပုခက်အတွင်းမှထ၍ မိညို၏ ဦးကင်းပေါ်သို့ အသာ ရွှေ့ထိုင်လိုက်သည်။ သည်လုပ်ငန်းတွေကို ငယ်စဉ်ကတည်းက ဆင်နှင့်ဖက်၍ ကြီးပြင်းလာသူ ဦးချစ်သွေးအတွက် များစွာ အခက်အခဲ မရှိ။ မိညို၏ဦးကင်းပေါ်သို့ ရောက်သည်နှင့် တောင်ကုန်း၏ အမြင့်ဆုံးအပိုင်းသို့ ရောက်စေရန် မိညိုကို တက်ခိုင်းရ၏။ ဦးချစ်သွေး၏ အလိုအတိုင်း မိညိုကလည်း တောင်ထိပ်ပေါ်သို့ရောက်အောင် တက်သည်။ ထိုအခါမှပင် မိမိ မြင်လိုသော မြင်ကွင်းကို အလှမ်းဝေးသော်လည်း ထင်ထင်ရှားရှား မြင်ရ၏။

တောစပ်တစ်နေရာ၌ ရိုးကျားနှင့် တောနက်ဝက်ဝံတို့မှာ မာန်ဖီဟိန်းဟောက်နေကြ၏။ ဘတစ်ပြန် ကျားတစ်ပြန် သတ်ပုတ်နေကြ၏။ ရိုးကျားကြီးမှာ ကြီးမားသော တောနက်ဝက်ဝံကြီး၏ လည်မျိုကို ကိုက်ခဲရန် အားယူသလို ဝမ်းဗိုက်အဖြူကြီးနှင့် တောနက်ဝက်ဝံကြီးမှာ မတ်တတ်ရပ်၍ ကျားကြီး၏တိုက်ကွက်ကို တွန်းလှန်နေသည်။

စင်စစ် ကျားနှင့် တောနက်ဝက်ဝံတို့ တိုက်ပွဲက ဖြစ်တောင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲပင်။ တစ်ကောင်နှင့်တစ်ကောင် အနံ့ရသည်နှင့် ရှောင်ကွင်းသွားတတ်ကြ၏။ မလွှဲသာမရှောင်သာမှသာ ယခုလို တိုက်ခိုက်ကြခြင်းပင်။ အထူးသဖြင့် ဝေသီမြင့်မားသော ပင်ယံထက်က ပျားအုံများကို ရှာဖွေစားသောက်တတ်သော တောနက်ဝက်ဝံများကသာ ဦးစွာ အနံ့ရတတ်၏။ ကျားမှာ အသားစား သတ္တဝါမို့ သူ့ပါးစပ်က အပုပ်နံ့တွေကြောင့် သားကောင်နံ့ကို ရလေ့မရှိ။ မျက်လုံးနှင့် နားကိုသာ အားကိုး၍ အမဲလိုက်လေ့ရှိသည်။

မည်သို့ဆိုစေ ကျားနှင့်ဝက်ဝံတို့မှာ သူတစ်ပြန်ကိုယ်တစ်ပြန် သတ်ပုတ်နေကြသည်မှာ အမှန်ပင်။ ဝန်းကျင်၌ ကျားဟိန်းသံနှင့် တောနက်ဝက်ဝံတို့၏ မာန်ဖီဟိန်းဟောက်သံတို့သာ လွှမ်းခြုံနေလေသည်။ သူတို့နှစ်ကောင်၏ တိုက်ပွဲ





မှာ ဦးချစ်သွေးတို့ ရောက်နေသောနေရာနှင့် အတော် အလှမ်းဝေး၏။ ထို့ကြောင့် သူတို့အန္တရာယ်ကို သိပ်ပြီး စိုးရိမ်စရာ မလိုချေ။

"ကျည်"

ရုတ်တရက် မိညို၏ နောက်ဘက်ဆီမှ စူးရှကျယ်လောင်သော အသံတစ်ခုကို ကြားလိုက်ရ၏။ အောင်မြင်လွှမ်းသောအသံမှာ အရာအားလုံးကို ထိုးဖောက်ပြီး စူးစူးရှရှ ထွက်ပေါ်လာသည်။

သည်အသံကို ကြားသည်နှင့် မည်သူ၏အသံ ဖြစ်ကြောင်း ဦးချစ်သွေး သိပြီးပင်။ သည်အသံက နားထဲကပင်မက ရင်ထဲ အသည်းထဲသို့ ထိုးဖောက်ပြီး နှလုံးသားသို့ပင် စွဲနစ်နေသော အသံပင်။ ငွေမိုးအသံမှလွဲ၍ မည်သူ့အသံမျှ မဖြစ်နိုင်။

မှန်သည်၊ ငွေမိုး လာပြီ . . ။

တောစပ် ခပ်လှမ်းလှမ်းမှ ရိုးကျားနှင့် တောနက်ဝက်ဝံတို့ သတ်ပုတ်နေရာသို့ အာရုံပြုနေသော မိညိုအဖို့ ငွေမိုး၏အသံကို ကြားရသောအခါ သူ့တစ်ကိုယ်လုံး တုန်လှုပ်သွားရ၏။ မျက်လုံးအစုံလည်း ပြာဝေသွားရသည်ဟု ထင်၏။

ငွေမိုးမှာ ဆင်ရိုင်းကြီးကို အနိုင်ရပြီးကတည်းက သည်တောဲ၌ ဘုရင်တစ်ဆူလို မင်းမူနေသည်။ ရှည်လျားချွန်ထက်ပြီး ကော့ပျံနေသော အစွယ်နှင့် (၁၂) ပေကျော် မြင့်မားသော အရပ်ကို ပိုင်ဆိုင်သည်။ အားခွန်အသစ်တိုး၍ ပြည့်ဖြိုးနေသော စွယ်စုံဆင်ပြောင် ဆင်ထီးကြီးပင်တည်း။

သည်စွယ်စုံဆင်ထီးကြီးကို မိညိုလို ဆင်မကြီးအနေနှင့် မည်သို့မျှ ရင်ဆိုင်ဖို့ မဖြစ်နိုင်။ ထို့ကြောင့် တောင်ကုန်းကြောပေါ်၌ ခြေလက်အစုံ ဒူးတုပ်၍ ဝပ်ပေးလိုက်ရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်။ "အရှုံးပေးပါသည်၊ သူ့ကို ချမ်းသာပေးပါ" ဟူသော သဘောပင်။

"ဝေါင်း"

မညိုနှင့် ခပ်လှမ်းလှမ်းနေရာ၌ သတ်ပုတ်နေကြသော ရိုးကျားနှင့် တောနက်ဝက်ဝံတို့ တိုက်ပွဲမှာ ပြင်းထန်ရမည့်အစား နွေးကွေးလာသည်။ နှစ်ကောင်စလုံး မောပန်းနေပုံလည်းရ၏။ ထို့နောက် ရိုးကျားကြီးမှာ ဝက်ဝံကြီးနှင့် ပူးကပ်နေရာမှ ခွာလိုက်သည်။ ပြီးလျှင် တောဟိန်းသံ တစ်ချက်ပေး၍ နောက်ကျွမ်းပစ်ပြီး တောနက်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။ တောနက်ဝက်ဝံကြီးမှာလည်း ဟိုမှာဘက် တောင်ကြောရှိ လျှိုကြီးထဲသို့ ဆင်းသက်သွားသည်ကို မောင်ဌေးအောင် မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်သွေးမှာ ငွေမိုးကို မြင်တွေ့၍ ဝမ်းသာသွားလေသည်။ ပျောက်ဆုံးနေသောသားကို ပြန်တွေ့ရသဖြင့် ရင်တစ်ခုလုံး တဆတ်ဆတ်တုန်၍ ကြည်နူးသွားရ၏။ တစ်ဆက်တည်းမှာပင် ဝမ်းနည်းစိတ်က ရင်တစ်ခုလုံး လှိုက်တက်လာ၍ မနည်းပင် ထိန်းသိမ်းလိုက်ရ၏။ ထို့ကြောင့် ဖြစ်လိုရာဖြစ်တော့ဟူသော သဘောနှင့် ဖပ်စင်း၍အညှို့ခံနေသော မိညို၏ဦးကင်းပေါ်က လျှောဆင်းလိုက်သည်။ ဆင်မကြီးမိညိုရှေ့က ကာ၍ ရပ်နေသည်။

"ကျည်. . . ကျည်. . . ကျည်"

ငွေမိုးက တောင်ကြောပေါ်သို့ ပြေးတက်လာသည်။ သူ၏ နှာမောင်းကို အပေါ်သို့မြှောက်ပြီး အားပါးတရ အော်မြည်လိုက်သည်။ ထိုအခါ တောနက်ဆီမှ ကျားဟိန်းသံတစ်ချက်ကို ထပ်ဆင့် ကြားလိုက်ရ၏။ ပြီးလျှင် တောတစ်ခုလုံး တိတ်ဆိတ်သွားလေသည်။ ငွေမိုး၏လည်မှာ ဆွဲပေးလိုက်သော သံခလောက်သံမှာ ငွေမိုး၏ အပြေးအလွှားနှင့်အတူ ဆူညံလာသည်။

"သား၊ လူလေး ငွေမိုး၊ အဖေ လာပြီ သားရဲ့"

ဦးချစ်သွေးက သူ့လက်ထဲမှ ဒူးလေးကိုလည်း ပစ်ချလိုက်သည်။ ထို့နောက် ရင်ထဲက အသည်းထဲက ထွက်ပေါ်လာသောအသံနှင့် အော်ခေါ်သည်။ အသံပြုသည်။

ငွေမိုး တွေဝေသွား၏။ မျက်စိပေါက် ကျဉ်းကျဉ်းကလေးနှင့် ဦးချစ်သွေးကို စူးစူးစိုက်စိုက် ကြည့်သည်။ ငွေမိုး စိတ်ထဲ၌ ဝေဝါးနေသည်လား မဆိုနိုင်။

"ဦးကြီး ဦးကြီး၊ ငွေ ငွေမိုး စိတ်မငြိမ်ဘူး၊ တောစိတ်ပေါက်နေတယ်၊ ပြေးပါဗျ၊ ပြေးပါ"

မောင်ငွေးအောင်က သစ်ပင်ပေါ်က လှမ်းအော်ပြောသည်။ မောင်ငွေးအောင်၏အသံ ကြားသောအခါ ငွေမိုးက သစ်ပင်ပေါ်သို့ တစ်ချက် မော့ကြည့်သည်။

"မပြေးဘူးကွာ မပြေးဘူး၊ ငါ့သားက ငါ့ကိုသတ်လို့ ငါ သေချင်သေပါစေတော့ မထူးဘူး၊ သားရေ ငွေမိုး မင်းအဖေလာပြီ သားရဲ့၊ သားမိုက်ကြီးရဲ့"

ဦးချစ်သွေးက မောင်ငွေးအောင်ကိုပြောရင်း ငွေမိုးကို အော်ပြောသည်။ ဆို့ကျပ်နာကျင်သော ရင်လှိုင်းခတ်သံမှာ နလုံးသားအစုံ၌ မီးတောက်မီးလျှံလို တောက်လောင်နေ၏။ ငယ်စဉ်ကတည်းက ဒူးလေးကို ကျွမ်းကျင်စွာ ကိုင်တွယ်ပစ်ခတ်တတ်သော ဦးချစ်သွေးသည် ငွေမိုး၏ မျက်လုံးအစုံကို ဖောက်ခနဲနေအောင် ပစ်ခတ်နိုင်စွမ်းရှိသည်။ သို့သော် သားဖြစ်သူ ငွေမိုးကို မြင်ကတည်းက



ဒူးလေးကို လွှတ်ချထားပြီး ဖြစ်နေသည်။ သူ့သားငွေမိုးသည် သူ့ကို ဘယ်တော့မှ ဒုက္ခပေးလိမ့်မည်ဟု သူ မထင်ခဲ့။ ယခု ငွေမိုးကို နှစ်ကြိမ်တိုင်တိုင် အော်ဟစ်ပြောနေသော်လည်း ငွေမိုးမှာ တွေဝေနေဆဲ။ နားရွက် မခတ်ဘဲ အရာရာကို စူးစိုက်ကြည့်နေဆဲ။ သူ၏ ခေါင်းထဲ၌ အတွေးတို့ ပျံ့လွင့်နေဆဲ၊ အသိဉာဏ်မှာ အမှောင်ဖုံးနေဆဲ။

"ကျည်"

ငွေမိုးက ထပ်ဆင့်၍ အော်ဟစ်လိုက်သည်။ ထို့နောက် သူ့အဖေထံသို့ လေ၏ လျင်မြန်ခြင်းမျိုးနှင့် ကမူးရှူးထိုး ပြေးချလာသည်။ ထိုအချိန်၌ ဝေါင်းဟူသော ကျားဟိန်းသံကိုလည်း ကြားရပြန်သည်။

"သတ်ပါ သတ်ပါ၊ ငါ့ကို သတ်လိုက်ပါတော့ ငွေမိုးရဲ့၊ မင်းကို ဆင်အုပ်ကြီးမောင်စိန်က သေနတ်နဲ့ ပစ်သတ်တော့မလို့ လိုက်ရှာနေပြီဟဲ့၊ ဆင်မိုက်ကြီးရဲ့၊ ငါသေမှ အေးမယ်ဟဲ့၊ ငါ့မျက်စိအောက်မှာ နင် အသတ်ပျောက်တာ ငါမကြည့်ရက်ဘူး သားရဲ့"

ဦးချစ်သွေးမှာ ဝမ်းနည်းစိတ်ကို မထိန်းနိုင်တော့။ ထို့ကြောင့် ပြောလည်းပြော၊ ငိုလည်းငို၊ သူ့ရင်ဘတ်ကိုလည်း တဗုန်းဗုန်း ထုလေသည်။ ငယ်ရွယ်စဉ်တုန်းကဆိုလျှင် အကြောင်းမဟုတ်။ ယခု အသက်ကြီးလာပြီ၊ အားကိုးစရာလည်းမရှိ။ သားထောက်သမီးခံဆို၍ ချစ်တိုးနဲ့ ငွေမိုးသာရှိသည်။ ချစ်တိုးက မရှိ၊ ငွေမိုးကလည်း မလိမ္မာမို့ ဦးချစ်သွေး ရင်နာမည်ဆိုက နာလောက်သည်။

ငွေမိုးသည် သူ့အဖေနားသို့ ရောက်သည်နှင့် သူ၏ နှာမောင်းနှင့် သူ့အဖေကို ပြေးပွေ့သည်။ ထို့နောက် ကိုင်ပေါက်သတ်ရန် ဆွဲမြှောက်လိုက်သည်။

"ဟော့ကောင် ငွေမိုး မလုပ်နဲ့ မလုပ်နဲ့၊ အဲဒါ မင်းအဖေကွ၊ မင်းအဖေ ဦးချစ်သွေးကွ၊ မင်းကို သူများတွေက သေနတ်နဲ့ ပစ်သတ်မှာစိုးလို့ မင်းတို့လာခေါ်တာကွ၊ မလုပ်နဲ့ မလုပ်နဲ့ မင်းမှားမယ်၊ မင်းအဖေသေရင် မင်းလည်း သေမှာပဲ"

မောင်ငွေးအောင်ကလည်း သစ်ပင်ပေါ်က အော်ပြောသည်။ ဦးချစ်သွေးမှာ မည်သို့မျှ ပြန်မပြောနိုင်တော့။ ငွေမိုး၏ နှာမောင်းကြားထဲတွင် အရုပ်တစ်ရုပ်ပမာအလား ကားခနဲ ပါသွားလေသည်။ ဦးချစ်သွေးအဖို့ ဘုရားပင်မတနိုင် သတိလက်လွတ် ဖြစ်ရသည်။ မျက်လုံးအစုံလည်း ပြာဝေ၍ ခန္ဓာကိုယ်လုံးလည်း လေထဲ၌ လမ်းလျှောက်ရသလိုပါတည်း။

ဦးချစ်သွေးအဖို့ ဘာမှ မထူးတော့။ သူ့ဘဝ၌ တွယ်တာစရာဆို၍ ငွေမိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်သာရှိသည်။ ငွေမိုးကို ကလေးငယ်တစ်ဦးပမာ ငယ်စဉ်ကတည်းက အစအဆုံး ပြုစုစောင့်ရှောက်ခဲ့သည်။ ငွေမိုးက သူ့ကျေးဇူးကို မထောက်ဘဲ သူ့ကို သတ်ပစ်လျှင်လည်း သူသေရဲသည်။ ယခုလည်း သေရဲသည်။ နောင်လည်း သေရဲသည်။ အမြန်တစ်ရာ အသေခံဝံ့သည်။ သားကသတ်လို့မှ မသေရဲသော မိဘ မရှိဟု သဘောပိုက်လိုက်သည်။ သူ ဘာမှ မပြောတော့။ ငွေမိုး လုပ်ချင်သလိုသာ လုပ်တော့ဟူသော သဘောနှင့် နှာမောင်းကြားထဲ၌ ငြိမ်သက်နေသည်။

ထိုအချိန်၌ ဝပ်နေသော ဆင်မမိညိုမှာ သူ့ဘက်သို့ မြားဦးလှည့်လာမည်ကို စိုးရိမ်ဟန်တူ၏။ နေရာမှထ၍ တောင်ကြောအတိုင်း ပြေးဆင်းသွားလေသည်။

"ဟော့ကောင် ငွေမိုး၊ မလုပ်နဲ့ မလုပ်နဲ့နော်၊ အဲဒါ မင်းအဖေကွ၊ ဦးချစ်သွေး ဦးချစ်သွေး၊ တခြားလူ မဟုတ်ဘူး"

ငွေမိုးမှာ ဦးချစ်သွေးကို နှာမောင်းနှင့်ပွေ့ပြီး မြှောက်ထားဆဲ။ ယခုအချိန်ထိ ကိုင်မပေါက်သေး။ နင်းမသတ်သေး၊ သစ်ပင်ပေါ်က မောင်ငွေအောင်ကိုလည်း စူးစူးစိုက်စိုက်ကြည့်ပြီး ချီတုံချတုံ လုပ်နေ၏။ နောက်မှ သူ့နားရွက်နှစ်ဖက်ကို တဖျပ်ဖျပ် ခပ်လာသည်။ ငွေမိုး ဦးချစ်သွေး၏အနံ့ကို မှတ်မိသွားဟန်တူ၏။ သည်အသံကိုတွေကိုလည်း ကြားဖူးသလိုလို ရှိလာဟန်တူ၏။ အထူးသဖြင့် ဦးချစ်သွေး၏အသံမှာ သူ့ရင်ထဲက တောင့်တချက်တစ်ခုကို ဖြည့်စွမ်းပေးလိုက်သလိုတည်း။

"သား ငွေမိုး၊ အဖေပါ သား၊ အဖေကို သတ်မလို့ မဟုတ်လားဟင်၊ သတ်လိုက်ပါ သားရယ်၊ သတ်လိုက်ပါတော့၊ ကံကြီးထိုက်မယ့် သားမိုက်ကြီးရဲ့၊ အဖေ စိတ်ဆင်းရဲလွန်းလို့ပါ သားရဲ့"

ဦးချစ်သွေးက ငွေမိုး၏နှာမောင်းထဲက နောက်ဆုံးအနေဖြင့် အော်ပြောသည်။ ရုန်းကန်ခြင်းလည်းမပြု၊ သူ့ကို သတ်ပါဟုသာ ပြောကြားနေဆဲ။

သို့သော် ငွေမိုးက ရုတ်ခြည်း စိတ်ပြောင်းသွားပြီ။ စိတ်မှန်သွားပြီ၊ မျက်လုံးအစုံလည်း ကြည်လင်လာသလိုပင်။ အရိုင်းစိတ်လည်း ပျောက်သွားပုံရ၏။ ထို့ကြောင့် ဖခင်ဖြစ်သူကို နှာမောင်းဖြင့် ပွေ့ထားရာမှ မြေပြင်သို့ ညင်ညင်သာသာပင် ပြန်ချပေးသည်။ ထို့နောက် ဦးချစ်သွေး၏ ကိုယ်အနှံ့အပြားသို့ သူ့နှာမောင်းနှင့် တယုတယ လိုက်လံပွတ်သပ်သည်။ နမ်းရှုံ့သည်။ ထို့နောက် ငွေမိုး၏ မျက်လုံးကျဉ်းကလေးထဲမှ မျက်ရည်များက တသွင်သွင်နှင့် စီးကျလာ





သည်။ "ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေရယ်" ဟု ပြောကြားနေသယောင် ထင်မှတ်ရ၏။ "သား သားကို ဖေဖေ နားလည်ပါတယ် သားရယ်" ဟု ဦးချစ်သွေးကဆိုသည်။ သူ့သား ငွေမိုး၏နှာမောင်းကို အကြောက်အရွံ့ ကင်းမဲ့စွာဖြင့် တယုတယ ဖက်တွယ်ထားသည်။ ထပ်၍ ခွဲခွာရဦးမှာစိုး၍ မလွှတ်တမ်း ဖက်တွယ်ထားသည့် အတိုင်းပင်။ ဦးချစ်သွေးမှာ ရင်ထဲကလှိုက်၍ ဆို့ကျပ်လာသော ဝေဒနာနှင့်အတူ မျက်ရည်ဖြိုင်ဖြိုင်ကျလေပြီ။

"သားငွေမိုး၊ အဖေ ဘယ်သူ့ကို အားကိုးရမလဲ သားရဲ့၊ သား မရှိတော့ ဒီအဘိုးကြီးကို ဘယ်သူက လုပ်ကျွေးမှာလဲ၊ အဖေနဲ့ ပြန်လိုက်ခဲ့ သားကြီးရယ်၊ တို့သားအဖ ဟိုမျက်နှာဖြူကြီးဆီမှာလည်း သစ်မဆွဲတော့ဘူး၊ အဲဒီကို မသွားတော့ဘူး၊ ငါ့သားလည်း အဲဒီကို မသွားချင်ဘူး မဟုတ်လား၊ ဖြစ်သလို လုပ်ကိုင်စားကြတာပေါ့၊ အဖေ အသက်ရှင်နေသမျှ ကာလပတ်လုံး ငါ့သား ဘယ်တော့မှ ဒုက္ခမရောက်စေရဘူး၊ အဖေကိုယ်တိုင် ဦးစီးမယ် သားရဲ့၊ ကဲ သားငွေမိုး မက်လေ သားရဲ့ မက်မက်၊ အဖေ့ကိုချစ်ရင် မက်လိုက်စမ်းပါ သားကြီးရဲ့"

ဦးချစ်သွေးက သူ့သားငွေမိုး၏နှာမောင်းကို တယုတယ ဖက်တွယ်ထားရင်း နှုတ်မှလည်း တတွတ်တွတ်နှင့် ပြောသည်။ သည်တော့ ငွေမိုးက သူ့နားရွက်ကို တဖျပ်ဖျပ်ခပ်ရင်း နားထောင်သည်။ ပြီးလျှင် သူ့အဖေ၏ သဘောအတိုင်း သူ့အဖေဖြစ်သူ၏ ခြေရင်း၌ အပြစ်မဲ့သော ယုန်သူငယ်လေးတစ်ကောင်အလား ဝပ်စင်းပေးလိုက်လေတော့သည်။ သည်အခါမှပင် ငွေမိုး၏ဦးကင်းမှ ချင်းနေသော မားဒဏ်ရာကို တွေ့လိုက်ရ၍ ရင်ထဲ၌ နင့်အောင်ခံစားလိုက်ရ၏။ သည်ဒဏ်ရာကို ရွာရောက်မှ အသေအချာ ဖန်ရည်ဆေးပြီး ကုသပေးရန် စိတ်ကူးထား၏။

ဦးချစ်သွေးမှာ သားဖြစ်သူ၏ ဦးကင်းပေါ်သို့ ဖြည်းဖြည်းချင်း တက်သွားလေသည်။

"သားကြီး လွှတ်. . . လွှတ်"

ဦးချစ်သွေးက ငွေမိုးကို ထခိုင်းသည်။ ငွေမိုးက ဖြည်းညင်းစွာပင် မတ်တတ်ရပ်သည်။ ထသည်။ ရွာဆီသို့ပြန်ရန် အသင့်ပြင်လေပြီ။

"မောင်ငွေအောင်ရေ မျက်နှာဖြူမစ္စတာဝီး(လ်)တို့ ကိုမောင်စိန်တို့ကို ပြောလိုက်တော့၊ တို့သားအဖ ရွာကို ပြန်သွားပြီလို့"

ဦးချစ်သွေးက သူ့သားဖြစ်သူ ငွေမိုး၏ဦးကင်းပေါ်က အားပါးတရ အော်ပြောလိုက်သည်။ သူ၏အသံမှာ ကြည်နူးဝမ်းသာမှုတို့နှင့်ရောထွေးသော



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်အားလုံးကို ဟိန်းစည်၍ ထွက်ပေါ်လာသည်။

ထို့နောက် ငွေမိုးနှင့်အတူ သူတို့သားအဖ ငယ်စဉ်ကတည်းက နေထိုင်ကြီးပြင်းရာ ဇာတိကျေးရွာ ကျွန်းတောစုဆီသို့ တရွေ့ရွေ့နှင့် ထွက်ခွာသွားလေတော့သည်။ ထိုအချိန်၌ တောင်ပေါ်၌ ညို့နေသောမိုးတိမ်တို့မှာ ရုတ်ခြည်းပင် တဝေါဝေါနှင့် ရွာချလိုက်လေတော့သည်။

မောင်ဒွေးအောင်မှာ မိုးရေထဲ၌ သံခလောက်သံညံ့ညံ့ပေး၍ တရွေ့ရွေ့ထွက်ခွာသွားသော ငွေမိုးတို့သားအဖကို စူးစိုက်ကြည့်လိုက်သည်။ ဖြစ်ပျက်နေသော အဖြစ်အပျက်မှာ သူ့မျက်စိကို သူ မယုံသလို ဖြစ်ရ၏။

မည်သို့ဆိုစေ ဆင်ဆိုးဆိုလျှင် သံခလောက် ဆွဲထားရ၏။ ယခုလည်း ငွေမိုးလည်း သံခလောက်ပိုင်ရှင်ပင်။ သံခလောက်ပိုင်ရှင်တိုင်းလည်း ဆင်ဆိုး မဟုတ် ဆိုသည်ကို ငွေမိုးက သက်သေပြလိုက်ချေပြီတကား။

မှတ်ချက်။ ။ ဗြိတိသျှခေတ် ကိုလူပြန့်မှတ်တမ်းများမှ ဆင်လိမ္မာ ငွေမိုးအကြောင်းကို စာရေးသူ မေးသမျှ စိတ်ရှည်ရှည်နှင့် ပြောပြသော ကျွန်းတောစုကျေးရွာမှ ဦးလွန်းမောင်ကို ဤဝတ္ထုဖြင့် မှတ်တမ်းတင်အပ်ပါသည်။

*(၁၉၃၈ ခုနှစ် ဒီဇင်ဘာလအတွင်း နဝမအကြိမ်မြောက် အကောက်ခွန်နှစ်လည်မဂ္ဂဇင်း။)*

♣ ♣ ♣



## ဧရာကိုဆန် အပြန်ခက်ပါဘိ

ကောင်းကင်တစ်ခွင်တွင် ညစ်ပုပ်သော တိမ်မည်းညိုတို့သာ စိုးမိုးမင်းမူနေ၏။ အေးမြသောလရောင်ကို တိမ်မည်းညိုတို့က ဖုံးကွယ်ထား၏။ ကြယ်ရောင်တို့သည်လည်း ညစ်ပုပ်သောတိမ်သားတို့ကို မထိုးဖောက်နိုင်ကြ။ မှေးမှိန်နေကြသည်။ ညသည် ပိန်းပိတ်အောင် မှောင်တော့သည်။

ဧရာဝတီမြစ်ကြီးမှာ ခဲကမ္ဗလာ အုပ်ဆိုင်းထားသည်သို့ ရှိ၏။ လေအတိုက်တွင် တိမ်တို့သည် အထက်သို့ဆန်ကာ ရွေ့လျားကြသည်။ မြစ်ယံရေတို့မှာလည်း ဘောင်ဘင်ခတ်လျက်ရှိသည်။ လှိုင်းကြက်ခွပ်ကလေးတို့သည် မြစ်ပြင်ထက်၌ ဖျပ်ခနဲ ဖျပ်ခနဲ တောက်ပလျက်ရှိပြီး လူးလွန့်လှုပ်ရှားကာ ကမ်းစပ်သို့ ဖြည်းညင်း ညင်သာစွာ လာရောက် ရိုက်ခတ်နေသည်။

ကိုထွန်းခိုင်သည် သစ်ဖောင်တပျစ်ပေါ်မှ မြစ်ပြင်ကြီးကို ငေးကြည့်နေသည်။ ထို့နောက် ဖောင်ဖွဲ့ရန် သစ်လုံးများကို စုစည်းထားသည့် ကမ်းစပ်သို့လည်း မျက်စိကစားကြည့်နေမိသည်။ ပြီးလျှင် မိမိ၏ ရှေ့နောက်ဝဲယာ ဝန်းကျင်အနှံ့သို့လည်း တောက်ပသော မျက်လုံးအစုံနှင့် ကျီးကန်းတောင်းမှောက် ကြည့်ရှုရသည်။ ကိုထွန်းခိုင်၏ တောင့်တင်းသန်မာသော ခြေလှမ်းသည် သစ်လုံးများကို တစ်လုံးပြီးတစ်လုံး ကျော်နင်း၍ အရှေ့ဆီသို့ လျှောက်လာပြန်သည်။ ပြီးလျှင် မြစ်ပြင်၏ ဟိုအဝေးဆီမှ တစ်စုံတစ်ခုကို စူးစိုက်ကြည့်ရင်း သက်ပြင်းကို လှိုင်လှိုင်ချလိုက်သည်။

မြစ်ပြင်ထက်တွင် မည်းမည်းသဏ္ဌာန်တစ်ခုသည် တရွေ့ရွေ့နှင့် အနေးဆီသို့ လွင့်မျောနေသည်။ တရွေ့ရွေ့နှင့် ရေစီးအတိုင်း ရွေ့လျားနေသော အရာဝတ္ထုမှာ မည်းမှောင်သော ညအခါမို့ သဲကွဲစွာ မမြင်ရချေ။



www.burmeseclassic.com

www.burmeseclassic.com



"သင်္ချိုင်းတဲ့ဖောင်တွေများ ဖြစ်နေမလား"

ကိုထွန်းခိုင်က သူ့ဘာသာသူ တိုးတိုးလေး ရေရွတ်မိသည်။ စိုးရိမ်စိတ်နှင့် အတူ ရင်ထဲ၌လည်း ထိတ်ခနဲ ဖြစ်သွားရသည်။ သို့ရာတွင် တရွေ့ရွေ့ ရွေ့လျား နေသော ထိုမည်းမည်းသဏ္ဌာန်ဆီမှ လက်ခနဲ မီးရောင်တစ်ချက်ကိုသာ လှမ်းမြင် ပြီး မြစ်ပြင်ထက်၌ ထိုအရာမှာ လုံးဝ ပျောက်ကွယ်သွားလေတော့သည်။

လွန်ခဲ့သော နှစ်ရက်၊ သုံးရက်ခန့်က မိုးများ သည်းထန်စွာ ရွာသွန်းခဲ့ သည်။ မြစ်ရေတို့မှာ အဆမတန် တိုးလျက်ရှိ၏။ ထို့ကြောင့် ကမ်းစပ်၌ ဖောင်ဖွဲ့ ရန် စုပုံထားသော သစ်လုံးများ မပျောက်မပျက်ရန် နေ့ရော ညပါ ထိန်းသိမ်း စောင့်ရှောက်နေကြရသည်။ ရေထဲသို့ မျောမသွားစေရန်အတွက် အထူး ဂရုစိုက် နေကြရသည်။

ကိုထွန်းမောင်တို့ ဖောင်လုပ်သားများမှာ သည်လုပ်ငန်းကို လုပ်ကိုင်နိုင် ရန်အတွက် အသက်နှင့် ရင်းရသည်။ သတိဝီရိယရှိကြရသည်။ သတ္တိနှင့် ဖွဲ့တို့ အပြင် သန်မာဖျတ်လတ် တက်ကြွသော လုပ်အားလည်း ရှိဖို့လိုအပ်လေသည်။

"အင်း . . တံငါလှေနဲ့တူတယ်"

ကိုထွန်းခိုင်က သူ၏ စိုးရိမ်စိတ်ကို သူ့ဘာသာသူပင် မှတ်ချက်ချ၍ ဖျောက်ဖျက်ပစ်လိုက်လေသည်။

* * *

ကိုထွန်းခိုင်၊ ထွန်းမြိုင်နှင့် ထွန်းကြိုင်တို့ ညီအစ်ကိုသုံးယောက်သည် သစ်တစ်ဖောင်အတွက် တာဝန်ယူကြရသူများပင် ဖြစ်၏။ သစ်တစ်ဖောင်တွင် သစ်လုံးရေ (၂၀၀) ရှိ၏။ သစ်လုံးများ ဖောင်ဖွဲ့၍ မပြီးမချင်း မပျောက်မရှ အောင် တာဝန်ယူ လုပ်ကိုင်ကြရသည်။ ယခု သူတို့ တာဝန်ယူ၍ လုပ်ဆောင်ရ သောလုပ်ငန်းမှာ မပြီးပြတ်သေး။ အချို့ သစ်လုံးများကို နဖားသာ ဖောက်ရသေး သည်။ ထို့ကြောင့် ကမ်းစပ်ရှိသစ်လုံးများကို တုပ်ခပ်၍ ထိန်းသိမ်းစောင့်ရှောက် နေကြရသည်။

သူတို့ ဖောင်မှူးကြီးမှာ ဘကြီးညို ဖြစ်၏။ ခေါင်းဆောင်ဘကြီးညို အပါအဝင် သူတို့အုပ်စုမှာ လူပေါင်း (၁၈) ယောက် ရှိ၏။ တစ်ဖောင်လျှင် သုံးယောက်၊ ခြောက်ဖောင်လျှင် တစ်အုပ်စု၊ တစ်အုပ်စုကို ဖောင်မှူးကြီးတစ် ယောက် အုပ်ချုပ်ကွပ်ကဲလေသည်။ ဖောင်တစ်တွဲလျှင် ခြောက်ဖောင်၊ ခြောက် ဖောင်လျှင် သစ်လုံးပေါင်း (၁၂၀၀) တိတိ ရှိလေသည်။ ထို (၁၂၀၀) ထဲမှ သစ်လုံးတစ်လုံး ပျောက်ရှသွားလျှင် ငွေဒါးဆယ်ကျပ်တိတိ လျော်ကြေးပေးရ





သည်။ ထိုငွေဒါးဆယ်မှာ ကိုထွန်းခိုင်တို့ လူအားလုံး ဝေတူဝေမျှ စိုက်ထုတ်၍ ပေးလျော်ရသည်။

ဤသည်တို့ကြောင့်လည်း သစ်ဖောင်ဖွဲ့ရာ၌ ဖောင်လုပ်သားတိုင်း တာဝန်ရှိကြသည်။ မိမိတို့၏ တာဝန်ကို ကျေပွန်ကြရသည်။ ရေသာခို၍ မရှု အချောင်ကပ်နေ၍လည်း မရပါချေ။ ကျရာတာဝန်ကို ကျသည့်ဘက်မှ ထမ်း ဆောင်ကြရသည်။

ကိုထွန်းခိုင်တို့ စစ်ကိုင်းသို့ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ ကသာခရိုင် စသည်တို့မှ သစ်လုံးများကို ရထားတွဲများဖြင့် တင်ပို့ပေးသည်။ ကျွန်းလုံးကြီးများ ကို ရထားတွဲများမှ ဝန်ချီစက်ကြီးများဖြင့် လည်းကောင်း၊ ပါးနပ်ကျွမ်းကျင်သော တွဲကြီးများဖြင့် လည်းကောင်း မြစ်ဆိပ်ရေစပ်သို့ သစ်တောဌာနရှိ အမှုထမ်း ဝန်ထမ်းများက ပို့ဆောင်ပေးသည်။

သက်ဆိုင်ရာမှ ပေးပို့သော သစ်လုံးများကို စနစ်တကျ ရေတွက်လက်ခံ ၍ မပျောက်မရှအောင် ထိန်းသိမ်းခြင်း၊ ထို့နောက် ဖောင်ဖွဲ့၍ ရန်ကုန်သို့ရောက် အောင် ကိုထွန်းခိုင်တို့က ပို့ဆောင်ပေးရလေသည်။

ထို့ကြောင့် ကိုထွန်းခိုင်တို့လုပ်ငန်းမှာ လွယ်ကူသောလုပ်ငန်း မဟုတ်ပါ ချေ။ နေထွက်ချိန်မှသည် နေဝင်ချိန်အထိ မနားမနေ လုပ်ကိုင်ကြရသည်။ အသက်သေးနှင့် အမြဲတမ်း ရင်ဆိုင်ကြရပြီး၊ ကြမ်းကြမ်းတမ်းတမ်း စွန့်စွန့်စားစား လုပ်ကိုင်ကြရသော လုပ်ငန်းလည်း ဖြစ်၏။ ထို့ပြင် လေထဲမိုးထဲ လှိုင်းကြားလေ ကြားထဲ၌ ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ကြရ၏။

ယနေ့နံနက် မိုးလင်းသည်နှင့် ကိုထွန်းခိုင်တို့မှာ လုပ်ငန်းစကြရချေပြီ။ ကြီးမားသော သစ်လုံးကြီးများကို ဖောင်ဖွဲ့ရန် ကုန်းပေါ်မှ ရေစပ်ကိုချ။ ရေစပ်မှ ဖောင်ဖွဲ့သည့်နေရာသို့ရောက်အောင် ကြိုးကြိမ်တို့နှင့် တစ်မျိုး၊ ထိုးဝါးနှင့်တစ် သွယ် ခက်ခဲစွာ ရေထဲ၌ ဆွဲယူ တွန်းချကြရသည်။ သူတို့၏ကျောသည် မည်း မှောင် နက်ပြောင်နေကြသည်။ သူတို့၏ တစ်ကိုယ်လုံးမှာ ချွေးနှင့် ရေတို့ အမြဲတမ်း ရောထွေး စွတ်စိုနေသည်။ ရေထဲကို ခါးတောင်းကျိုက်၍ ဆင်းသူဆင်း၊ ဖောင်ပေါ်မှ လုပ်သူကလုပ်၊ သည်အခါ ကျွန်းလုံးကြီးများမှာ သူတို့၏ တက်ကြွ သော လုပ်အားကြောင့် ရေပြင်ထက်၌ တလိမ့်လိမ့်နှင့် တရွေ့ရွေ့ လှုပ်ရှားနေချေ တော့၏။

ဖောင်ကို သစ်ဖောင်၊ ဝါးဖောင်ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားထားလေသည်။ တစ်ဖန် သစ်ဖောင်တွင် ဝါးကူရသောဖောင်နှင့် ဝါးမကူရသောဖောင် ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိမြန်သည်။ ယခု မြန်မာနိုင်ငံ၌ သစ်ဖောင်ဖွဲ့စည်း လုပ်ကိုင်နေကြသော သစ်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်၊ အင်ကြင်း၊ လက်ပံ၊ ဘိုင်၊ ဆိပ်၊ ယမနေ၊ နှော၊ တည်၊ ရေတာမာ၊ မအူဖြူ၊ ဒီဒူး၊ ကုတ်ဟဲ၊ သရက်၊ သဒီ၊ ဒီတောက်၊ သစ်စေး၊ ရင့်မာ၊ သပြေ၊ သစ်ဆိပ်၊ ခူသန်၊ ကျွန်းခေါက်နွယ် စသည်များ ဖြစ်ကြသည်။

ထိုဖော်ပြပါ သစ်များအနက် ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ အင်၊ ကညင်၊ သစ်စေးနှင့် သရက်သားတို့မှာ ရေမြှုပ်သဖြင့် ဝါးကူ၍ သစ်ဖောင်များ အဖြစ် ဖွဲ့စည်းရလေသည်။

ကျွန်း၊ လက်ပံ၊ အိုင်၊ ယမနေ၊ နှော၊ ရေတာမာ၊ မအူဖြူ၊ ဒီဒူး၊ ကုတ်ဟဲ စသည်တို့မှာ ရေပေါ်သဖြင့် ဝါးမကူဘဲ သစ်ဖောင်ဖွဲ့စည်း၍ ရလေသည်။ ထို့ပြင် သဒီနှင့် ပိတောက်သစ်များမှာ ရေမြှုပ်သောသစ်ရှိသလို ရေ၌ပေါ်သောသစ် များလည်း ရှိကြလေသည်။

ဖောင့်ဖြစ်ရန်အတွက် ဝါး၊ ကြိမ်နှင့် ဂိုတိုင်များကို အများဆုံး အသုံးပြုရလေသည်။ ဂိုတိုင်ကို လုံးပတ်လည် အကြီးအသေးခွဲ၍ လိုသလောက် အသုံးပြုကြသည်။ အကြီးကို ပိုတိုင်၊ အုန်းတုံးနှင့် ကွဲမကြီး စသည်တို့ဖြင့် ပြုလုပ်ကြလေသည်။

ဖောင်၌ ခေါ်ဝေါ်ပါဝင်သော တန်ဆာပလာများမှာ ထိပ်ပို၊ ခါးပို၊ မြီးပို၊ ဂျက်၊ ရွက် သို့မဟုတ် မြာ၊ မောင်းတုတ်၊ စွယ်မြှောင်၊ သတ်တုံး၊ အုန်းတုံး၊ နတ်သမီးတိုင်၊ နားတိုင်နှင့် ကြိုးကြမ်းပျစ်တို့ ဖြစ်ကြလေသည်။

ဖောင်အခေါ်အဝေါ်၌ ပါဝင်သော ပစ္စည်းတန်ဆာများ၏ ထားရှိပုံနှင့် ဖောင်ဖွဲ့စည်းပုံ အဆင့်ဆင့် ဖော်ပြရမည်ဆိုလျှင် ထိပ်ပိုအကြောင်းကို အရင် ဘင်ပြရပေမည်။ ထိပ်ပို ဆိုသည်မှာ သစ်လုံးများထိပ်ရှိ နဖားပေါက်ကို ပိုတိုင်နှင့် ဘပ်၍ ခိုင်မာအောင် ကြိမ်လျှိုကာ တုပ်ထားသော ပိုတိုင်ကို ခေါ်ဆိုလေသည်။ ဘစ်ဖောင်တွင် ထိပ်ပိုနှစ်လုံး ရှိသည်ကိုသာ တွေ့မြင်ရသည်။ အဘယ်ကြောင့်ဆို သော် သစ်များကို ဖောင်ဖွဲ့ရန် ပထမဦးဆုံး နဖားဖောက်ရသည်။ ထိုနဖားဖောက် ထားသော သစ်လုံးများကို တွဲ၍တွဲ၍ တန်းစီသည့်အခါ ပိုတိုင်အဖြစ် အသုံးပြု သော သစ်တုံးအရှည်မှာ များသောအားဖြင့် တိုနေကြသည်။ ထို့ကြောင့် နှစ်လုံး ဆက်၍ ထည့်ရသောကြောင့် ထိပ်ပိုမှာ သစ်လုံးနှစ်လုံး ဖြစ်နေခြင်းပင်တည်း။

ခါးပို ဆိုသည်မှာ ထိပ်ပိုနှင့် နဖားဖောက်ပြီး တွဲထားသော သစ်လုံး များ၏ အလယ်တွင် ထပ်မံ၍ ပိုတိုင် ထည့်ထားခြင်းကို ခေါ်ဆိုလေသည်။





ခါးပိုမှာလည်း ထိပ်ပိုကဲ့သို့ သစ်တိုလျှင် နှစ်လုံးဆက်၍ ထည့်ရလေသည်။

မြီးပို ဆိုသည်မှာ ထိပ်ပိုနှင့် ခါးပိုကို တွဲထားပြီးသော သစ်လုံးများ၏ အမြီးပိုင်းရှိ သစ်လုံးများကို ကြိုး၊ ကြိမ်တို့နှင့် ချည်တွယ်တပ်ထားသော ပိုတိုင်ကို ခေါ်ဆိုလေသည်။ ဤအတိုင်းပင် ဝါးမကူရသော သစ်ဖောင်များကို အဆင့်ဆင့် ဖွဲ့စည်းရသည်။

ဝါးကူရသော သစ်ဖောင်မှာ သစ်လုံးများကို ပိုတိုင်နှင့် တွဲထား၍ ချည် ထားပြီး သစ်လုံးနှစ်လုံးကြားတွင် ဝါးတစ်ရာ ပါဝင်သော ဝါးစည်း တစ်စည်းကို ထည့်သွင်းရသည်။ ဝါးတစ်ရာစည်းကို တကတုံးဟု ခေါ်တွင်၏။ 'သစ်နှစ်လုံး ဝါးတစ်ကတုံး' ဟူ၍လည်း အမှတ်သညာပြုကြ၏။

ထိုကတုံးဖွဲ့ထားသော ဝါးစည်းကို ကြိမ်ပတ်၍ ကြိမ်ခွေ ပြုလုပ်ပြီး ပိုတိုင်ကို ကျော်ချလိုက်သောအခါ တုတ်လျှိုရန် ခွင်ဖြစ်နေပေမည်။ သည်အခါ တစ်တောင့်တစ်ထွာခန့်ရှည်သော တုတ်ချောင်းကို ကြိမ်ခွင်ထဲသို့ ရိုက်သွင်းရလေ သည်။ ထိုကဲ့သို့ ပြုလုပ်သည်ကို ဂျက်ရိုက်သည်ဟု ခေါ်တွင်ပြီး တစ်တောင့်တစ် ထွာခန့်ရှိသောတုတ်ကို 'ဂျက်' ဟူ၍ ခေါ်လေသည်။ ထိုသို့ ဖောင်လှုပ်ရှားခြင်း မရှိစေရန် ဝါးစည်းရှိရာထိပ်ပိုင်း၊ ခါးပိုင်းအမြီးများကိုလည်း ဂျက်ရိုက်၍ သစ် နှစ်လုံး ကြားတိုင်းကြားတိုင်းတွင် ဝါးတစ်စည်း ချ၍ချ၍ စနစ်တကျ ဖွဲ့စည်းရ လေသည်။

ထိပ်ပို၊ ခါးပို၊ မြီးပိုနှင့် သစ်လုံးများတွဲပြီး ဝါးစည်းများကိုလည်း ဂျက်ရိုက် ပြီးသောအခါ အကြမ်းအားဖြင့် ဖောင်တစ်ပျစ် ဖြစ်လာလေသည်။ ထိုဖောင် တစ်ပျစ်သည် ရေစီးအားကြောင့် လည်းကောင်း၊ ကွေ့သောအခါ၌ လည်း ကောင်း၊ လေအား လှိုင်းအားကြောင့် လည်းကောင်း မယိုင်မနဲ့ဘဲ တောင့်တင်း ခိုင်မာအောင် ပြုလုပ်ကြရပေဦးမည်။ ထို့ကြောင့် ထိပ်ပိုမှသည် မြီးပိုသို့တိုင် အောင် ကြိမ်နှင့် ခိုင်မာစွာဆွဲ၍ ချည်နှောင်ထားရသည်။ ထိုသို့ ဆွဲချည်ထား သော ကြိမ်ကြိုးတုတ်ကို ရွက် သို့မဟုတ် မြာ ဟူ၍လည်း ခေါ်ဆိုကြ၏။

ရွက်သည် ဖောင်တစ်ပျစ်တွင် အရေးပါ အရာရောက်လှပေသည်။ ရွက်ဆွဲသည်မှာ ကြိမ်တစ်ပင်တည်းနှင့် ပြုလုပ်၍ မရချေ။ ကြိမ်လေးငါးချောက် ပင် ပူးလိမ်၍ထားသော ကြိမ်လုံးကြီးကို တစ်ဖန် ကြိမ်နှင့်ပင် အထပ်ထပ် ရစ်ပတ်ပြီး ထိပ်ပိုမှသည် မြီးပိုသို့တိုင်အောင် တင်းခိုင်စွာ လေးငါးဆယ်ပတ် ချည်နှောင်ရစ်ပတ်ထားရ၏။ သို့မှသာ ဖောင်၌ ရာသီဥတု၏ ကြမ်းတမ်းမှုကို ခံနိုင်စွမ်းရှိပြီး လိုရာသို့ ရောက်နိုင်မည်ပင် ဖြစ်၏။ ဖောင်တစ်ပျစ်တွင် အချို့က



www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ကို လေးခုတွဲ၍ အချို့က ခြောက်ခုတွဲကြလေသည်။

ရွှတ်ဆွဲပြီးသည်နှင့် ဖောင်တစ်ပျစ်ဖြစ်ပြီး နောက်ထပ် ဖောင်တစ်ပျစ်ရအောင် ပြုလုပ်ရပြန်သည်။ ပထမ ပြုလုပ်ထားသော ဖောင်တစ်ပျစ်နှင့် ဒုတိယ ပြုလုပ်ထားသော ဖောင်တစ်ပျစ်ကို ဖောင်ပျစ်ချင်း ဆက်သွယ်ရန် လိုအပ်လေသည်။ သို့မှသာ ဖောင်ပျစ်များ စုစည်းထားသော သစ်ဖောင်ကြီးအဖြစ်သို့ ရောက်လာမည်ပင် ဖြစ်၏။ ထို့ကြောင့် ပထမ၊ ဒုတိယ၊ တတိယ အသီးသီး ပြုလုပ်ထားသော ဖောင်ပျစ်များကို တစ်ခုနှင့်တစ်ခု ဆက်သွယ်ရန် မောင်းတုတ် လိုအပ်လေသည်။

မောင်းတုတ် ဆိုသည်မှာ ပိုတိုင်အသေးစားကို ခေါ်ဆိုလေသည်။ ဖောင်ပျစ်ချင်း မောင်းတုတ်နှင့် ဆက်သွယ်ရာမှာ ဖောင်ပျစ်နှစ်ခုကို အမြီးပိုင်းနှင့် ဦးပိုင်း ကပ်လိုက်ပြီး မောင်းတုတ်ပြုလုပ်ထားသော ပိုတိုင်ကို မြီးပိုနှင့် ထိပ်ပိုပေါ်သို့ တင်ထားလိုက်ရသည်။ ပြီးနောက် မောင်းတုတ်တစ်ဖက်ကို အသေချည်ပြီး တစ်ဖက်ကို အပေါ်သို့ကျော်ကာ ပိုတိုင်အောက်မှ လျှို၍ ချည်ထားသည့်ဘက်ကို ပြန်ချည်ရလေသည်။ သို့နှင့် အပတ်ပေါင်း လေးငါးခြောက်ပတ် ပတ်လိုက်ပြီး ထိုအပတ်ကို တစ်ဖန် ကြိမ်နှင့် ပြန်ပတ်လိုက်ပါက မ,ချည်ထားသောတစ်ဖက်တွင် ကြိမ်ကွင်းသဖွယ် ဖြစ်နေပေမည်။ သည်အခါ ဖောင်ပျစ်ချင်း ဆက်ထားသော မောင်းတုတ်မှာ ထိုကြိမ်ကွင်းထဲသို့ အလိုလို လျှိုသွင်းပြီးသား ဖြစ်နေလေတော့၏။ အကြောင်းတစ်ခုခုကြောင့် ဖောင်ပျစ်ကို ဖြုတ်ချင်ပါက ထိုချည်ထားသောဘက်မှ ဓားနှင့် ခုတ်ဖြတ်ရလေသည်။ ထိုအခါ ရေ၏ ဆွဲအားကြောင့် မောင်းတုတ်မှာ တစ်ဖက်သို့ ဝုန်းခနဲ ရိုက်တတ်လေ၏။ ဤအခါ ဖောင်စီးသူမှာ သတိရှိရသည်။ မောင်းတုတ် ရိုက်မိသော် အသက်သေနိုင်လေသည်။ ဖောင်ပျစ်ကို ဖြုတ်ရာ၌ ချည်ထားသောဘက်မှ ဖြတ်လိုက်ခြင်းကြောင့် မောင်းတုတ်မှာ လွယ်ကူစွာ ပြုတ်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် မောင်းတုတ်တစ်ဖက်မှာ ကြိမ်ကွင်း လျှိုထားခြင်းကြောင့် ဆွဲဖြုတ်လိုက်ရုံပင် ဖြစ်လေသည်။ မောင်းတုတ်ကို ရွှတ်ထားသလောက်ထားပြီး ရွှတ်တည့်တည့်တွင် ပြုလုပ်ရလေသည်။

ဖောင်ပျစ်တို့ကို မောင်းတုတ်များနှင့် ဆက်သွယ်ထားပြီးပြီဖြစ်၍ ဖောင်ပျစ်ပေါင်း ဆယ့်လေးငါးခြောက်ပျစ် ဆက်သွယ်ပြီးသောအခါ ဖောင်တစ်ထီး ဖြစ်ပေါ်လာလေသည်။ တစ်နည်းအားဖြင့် ဖောင်ကြီး ဖြစ်ပေါ်လာလေသည်။

ဖောင်ကြီး ဖြစ်လာပြီမို့ ၎င်းဖောင်ကြီး လှည့်ပတ်၍ ကွေ့သောအခါ မောင်းတုတ်များကို ပိုမို ခိုင်မာအောင် စွယ်မြှောင်ကို ထားရှိရပြန်လေသည်။





စွယ်မြှောင် ဆိုသည်မှာ ပိုတိုင်အကြီးစားနှင့် သုံးပျစ်မှ ခြောက်ပျစ်အထိ ဆက်သွယ်ထားသော ပိုတိုင်ကို ခေါ်ဆိုလေသည်။ ထိုစွယ်မြှောင်ကို ဖောင်ဦး၏ ဘယ်ညာနှစ်ဖက်စလုံး၌ ပြုလုပ်ထားရှိရလေသည်။ ထို့အတူ ဖောင်အမြီး၌လည်း ဘယ်ရော ညာပါ ပြုလုပ်ကြရ၏။ ယင်းကဲ့သို့ စွယ်မြှောင်များ တပ်ဆင်ပြီးသောအခါ ဖောင်မှာ အလှည့်လွှန်ခြင်း မရှိဘဲ တောင့်တင်း၍ နေလေတော့သည်။ ဖောင်ကြီး ဖွဲ့စည်းပြီးသည်နှင့် ဖောင်တွင် ပါဝင်သောသတ်တုံးကို ပြုလုပ်ကြရပြန်သည်။

သတ်တုံး ဆိုသည်မှာ ငါးတောင်ခန့်ရှည်၍ သုံးပေခွဲ လေးပေခန့် လုံးပတ်ရှိသော သစ်လုံးကြီးကို ခေါ်ဆိုလေသည်။ ၎င်းသတ်တုံး တည်ရှိပုံမှာ အုန်းတုံးပေါ်တွင်တင်၍ အုန်းတုံး၌ စိုက်ထားသော နတ်သမီးတိုင်နှစ်ခုအကြားတွင် တည်ရှိရပေမည်။ သတ်တုံး၏ အခြားတစ်ဖက်တွင် သစ်လုံးနှင့်ကပ်၍ ကြိမ်နှင့် တုပ်နှောင်ထားလေသည်။ သတ်တုံးမှာ အုန်းတုံးတွင် တင်ထားသဖြင့် သစ်လုံးသည် အစွန်းထွက်နေပေမည်။ ထိုအစွန်းကို ဖောင်ကမ်းသို့ကပ်ရန် (စွဲသတ်)သောအခါ ကြိုးနှင့်ချည်၍ သတ်ရခြင်းကြောင့် သတ်တုံးဟူ၍ ခေါ်တွင်လေသည်။

အုန်းတုံး ဆိုသည်မှာ သတ်တုံး၏အောက်တွင် ထားရှိသောတုံးကို အုန်းတုံးဟူ၍ ခေါ်ဆိုလေသည်။ အုန်းတုံးသည်လည်း သတ်တုံး၏ အရွယ်ပမာဏကဲ့သို့ပင် ရှိသည်။ အုန်းတုံးကို အခြားသို့ မရွေ့သွားစေရန် သစ်လုံးနှင့် ချည်နှောင်ရသည်။ တစ်ဖန် သစ်လုံးတွဲထားသော ဂိုတိုင်နှင့်လည်းကပ်၍ ချည်ထားရပြန်လေ၏။ ထို့ပြင် နတ်သမီးတိုင်နှင့်လည်း ကပ်၍ ချည်ရပြန်လေသည်။

နတ်သမီးတိုင် ဆိုသည်မှာ အုန်းတုံးတွင် စိုက်ထားပြီး သတ်တုံး ရွေ့မသွားစေရန် ကာကွယ်ထားသောတိုင်ကို နတ်သမီးတိုင်ဟု ခေါ်တွင်လေသည်။ နတ်သမီးတိုင် နှစ်တိုင်ကြား၌ သတ်တုံး ထည့်ထားပြီးနောက် နတ်သမီးတိုင်၏ အစွန်းနှစ်ခုကို ကြိမ်နှင့်ဆက် ချည်ထားလေသည်။ ဤသို့ သတ်တုံး၊ အုန်းတုံး၊ နတ်သမီးတိုင်ဖောင်ဦးနှင့် ဖောင်မြီးတို့တွင်လည်း တစ်ခုစီ ထားရှိရလေသည်။ သို့မှသာ ဖောင်ဦး ကမ်းကပ်ရာတွင် လွယ်ကူ၍ ဖောင်မြီးမှလည်း ကမ်းကပ်ရန် လွယ်ကူလေသည်။ ကြုံသည့်ဘက်မှ စွဲသတ်၍ လွယ်ကူသလို ကြုံသလို ကမ်းသို့ ကပ်နိုင်မည်ပင် ဖြစ်၏။

နားတိုင်၊ ဖောင်ကို အရှိန်သတ်သောအခါ ထောင်ထားသော ပိုတိုင် အပြင်ဘက်မှကြိုးကို ကမ်းသို့ ဆွဲရလေသည်။ ယင်းကဲ့သို့ ထောင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ပိုတိုင်ကို နားတိုင်ဟူ၍ ခေါ်တွင်လေသည်။ လက်ဝဲဘက်ကမ်းတွင် ဖောင်ကို ကပ်မည်ဆိုပါက လက်ယာဘက်နားတိုင်တွင် ကြိုးရှိရပေမည်။ ထိုကြိုးမှတစ်ဆင့် ဖောင်ကို ကမ်းသို့ ဆွဲရလေသည်။ သို့မှသာ ဖောင်ကြီးမှာ တစ်ပတ်လည်ပြီး ရေစီးအားနှင့် ဖောင်မြီးပိုင်းသည် ကမ်းသို့ ကပ်သွားပေမည်။ နားတိုင်၏ အရွယ်အစားမှာ မကြီးမသေး အလတ်တန်းစားပိုတိုင် ဖြစ်၏။ ထိုပိုတိုင်ကို တစ်တောင်ခန့်မျှဖြတ်ပြီး ဖောင်ဦးတွင် သစ်တွဲထားသောပိုတိုင်ကို အခြား ပိုတိုင်နှင့်ကပ်၍ ချည်ရပြန်သည်။ ဖြတ်ထားသောပိုတိုင်ကို ကပ်ထားသည့် ပိုတိုင်နှစ်ခုအကြားသို့ သွင်းရန် လက်ဝဲလက်ယာ နှစ်ဖက်စလုံး ဆောက်နှင့် ထွင်းရသည်။ ထွင်းပြီးထားသော အပေါက်ထဲသို့ ဖြတ်ထားသည့်ပိုတိုင်သည် နတ်သမီးတိုင် ဖြစ်လာလေတော့သည်။ ဤသို့ ဖောင်အမြီးလည်း လက်ဝဲ လက်ယာ နှစ်ခု တပ်ဆင်ရလေသည်။

ကြိုးကြမ်းပျစ် ဆိုသည်မှာ သတ်တုံးနောက်တွင် ဖောင်ကြီးတင်ရန် ထိပ်ပိုနှင့် မြီးပိုပေါ်သို့ ပိုတိုင်အသေးများ တန်းစီထားရ၏။ ထိုသို့ တန်းစီထားသော ပိုတိုင်တန်းများပေါ်သို့ ဝါးနှင့် ရက်ထားသော ဝါးကပ်ကို ဖြုလုပ်ထားရှိရသည်။ ၎င်းဝါးနှင့် ပြုလုပ်ထားသောကပ်ကို ကြိုးကြမ်းပျစ်ဟု ခေါ်တွင်လေသည်။ ထိုကြိုးကြမ်းပျစ်ပေါ်သို့ ဖောင်ကြိုးများကို အခွေလိုက် တင်ထားရ၏။ ဖောင်ကို အရှိန်သတ်သောအခါ လွယ်ကူစေရန် ကြိုးကြမ်းပျစ်ကို သတ်တုံးနောက်တွင် ထားရှိရခြင်းပင် ဖြစ်၏။ ထိုနည်းတူ ဖောင်အမြီးတွင်လည်း ထားရှိ ပြုလုပ်ထားရလေသည်။

ဖော်ပြပါအတိုင်း ဖောင်ကို အဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်ကြရလေသည်။ ဖောင်ဖွဲ့စည်းရာတွင် နှစ်လမှ သုံးလအထိ ကြာရှည်စွာ လုပ်ဆောင်ကြရသည်။

ယခု ကိုထွန်းခိုင်တို့ ဖောင်ဖွဲ့နေကြသည်မှာ ဆယ့်ငါးရက်လောက်ပင် ရှိသေးသည်မို့ လုပ်ငန်း မပြီးပြတ်သေးချေ။ သူတို့၏ ဖောင်များမှာ ကျွန်းဖောင်များ ဖြစ်သဖြင့် ဝါးကူစရာ မလိုချေ။ သစ်လုံးချည်းသာ ဖွဲ့စည်းကြရမည်ပင်။ မည်သို့ဆိုစေ နောက်ထပ် တစ်လကျော် နှစ်လနီးပါးမျှ ပင်ပန်းဆင်းရဲစွာနှင့် လုပ်ကိုင်ကြရဦးမည်ပင်တည်း။

* * *

ရွှေလက သည်ညမှ ထိန်ထိန်သာလေသည်။ ဘကြီးညိုသည် လမင်းကို တစ်ချက် မော့ကြည့်လိုက်သည်။ မှန်သည်။ သည်ညမှ ရွှေလက ပို၍ သာ





လင်းနေချေတော့သည်။

ဧရာဝတီမြစ်ပြင်ကြီးသည် လ၏ အလင်းရောင်ကြောင့် ဘော်ငွေရောင်ကဲ့သို့ တဖိတ်ဖိတ် တောက်လျက်ရှိသည်။ မြစ်ပြင်တွင် လှိုင်းငြိမ်၍ မိုးသက်မိုးရိပ်တို့ကို လုံးဝ မမြင်ရ။ ကောင်းကင်တစ်ခုလုံး ကြည်လင်နေသည်။ ထို့အတူ မြစ်ပြင်ကိုဖြတ်၍ တိုးဝှေ့တိုက်ခတ် ဆော့ကစားနေသော ညလေမှာ ညင်းညင်းသွဲ့သွဲ့ ရှိလှသည်။ သည်အခါ ညင်းသွဲ့သော ညလေနှင့်အတူ ဘကြီးညို၏ စိတ်ကို လန်းဆန်းရွှင်ပျစေသည်။

"ဘကြီးညို"

နောက်က ခေါ်သံကြားရသည်။သည်အသံကို ကြားသည်နှင့် ကိုထွန်းခိုင်ဖြစ်ကြောင်း ဘကြီးညို သိရှိပြီး ဖြစ်သည်။ အကြောင်းမူ ယနေ့ညတွင် ဖွဲ့စည်းထားပြီးဖြစ်သော ဖောင်များကို စောင့်ရှောက်ရန် ထွန်းခိုင်တို့ ညီအစ်ကိုသုံးယောက်စလုံး တာဝန်ကျသည် မဟုတ်ပါလား။ မှန်သည်၊ သည်တာဝန်ကို ပေးသူမှာလည်း ဘကြီးညိုပင်တည်း။

"လာလကွာ"

ဘကြီးညိုက အသံကြားရာသို့ လှမ်းကြည့်ရင်း သူ၏ ထင်မြင်ချက်ကို ပိုမို၍ သေချာစေရန် ထပ်မံ စူးစမ်းသည်။ ပြီးလျှင် သစ်ဖောင်ပေါ်မှ သူ့ဆီသို့ ဦးတည်ပြီး လျှောက်လာသော ကိုထွန်းခိုင်တို့ ညီအစ်ကိုသုံးယောက်ကို လှမ်းခေါ်လိုက်သည်။ ကိုထွန်းခိုင်၊ ကိုထွန်းကြိုင်၊ ထွန်းမြိုင်တို့ ညီအစ်ကိုသုံးယောက်လည်း ဘကြီးညို၏အနားသို့ ရောက်ရှိလာကြသည်။

"ဘယ်လိုလဲ ဘကြီးညို၊ ကျွန်တော်တို့ဖောင်တွေ ဘယ်တော့မှ ရန်ကုန်ကို စုန်ရမှာလဲဗျ"

ကိုထွန်းခိုင်က ဘကြီးညိုအနားသို့ ရောက်သည်နှင့် ခရီးရောက်မဆိုက်ပင် မေးသည်။ ကိုထွန်းခိုင် မေးလျှင်လည်း မေးစရာ။ ဘကြီးညိုတို့ သစ်ဖောင်ကြီးမှာ ရက်ကြာလာသည်နှင့်အမျှ လုံးဝ ဖွဲ့စည်းပြီး ဖြစ်သည့်အပြင် ဖောင်ပေါ်၌ အိပ်စက်နားနေရန် တဲများကိုလည်း ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်လေသည်။ သို့သော် သစ်တောဌာနက ဖောင်စုန်ရန် အမိန့်မရသေး။ ဖောင်စုန်ရန် အမိန့်ကိုသာ စောင့်ဆိုင်းနေကြသည်။ အမိန့်ရမှသာ ရန်ကုန်သို့ စုန်ရမည်ပင် ဖြစ်၏။ သစ်တောဌာနက အမိန့်မပေးဘဲ မိမိသဘောနှင့်မိမိ ပြုလုပ်၍ မရချေ။ အကြောင်းမူ နိုင်ငံတော် သစ်တောဌာနမှ ပညာရှင်များက ဖောင်လုပ်သားများ၏ အသက်အန္တရာယ်အတွက် လည်းကောင်း၊ သစ်ဖောင်တို့၏ ပျက်စီးဆုံးရှုံးမှု



www.burmeseclassic.com

www.burmeseclassic.com



မရှိရအောင် စစ်ဆေးကြသည်။ မိုးလေဝသကို တိုင်းထွာ၍ ခန့်မှန်းကြသည်။ စိတ်ချရမည့် အခြေအနေမျိုးရှိမှသာ ဖောင်ကို စုန်ခွင့်ပြုလေသည်။ ထို့ကြောင့် ယခင် သစ်ဖောင်လုပ်သားများမှာ မိမိသဘောနှင့်မိမိ စုန်ကြသည်မို့ လမ်း၌ အန္တရာယ်များ တွေ့ကြုံကြရသည်။ ယခု ဖောင်လုပ်သားကြီးများမှာကား ပညာရှင်တို့၏ ကျေးဇူးကြောင့် လမ်း၌ အန္တရာယ်အတွက် စိုးရိမ်ရန် မလိုတော့ချေ။ သူတို့၏ ဘဝအတွက် အစစအရာရာကို စိတ်ချရချေပြီတကား။

"မင်းက အိမ်ကို သိပ်လွမ်းနေတယ်ထင်တယ်၊ ဟုတ်စ"

ဘကြီးညိုက ကိုထွန်းခိုင်၏ မျက်နှာကို ဖျတ်ခနဲ ကြည့်ရင်း ပြုံးဖြဲဖြဲနှင့် ဆိုသည်။

"ဘယ့်နှယ် ပြောလိုက်တာလဲ ဘကြီးညိုရယ်၊ အစ်ကိုက ရွာကို ပြန်ချင်နေတာ တစ်ပိုင်းမကဘူး၊ လေးငါးခြောက်ပိုင်းကို သေလို့ ဟိုကလည်း ရွှေလည်တိုင် ချဉ်ပေါင်းရိုး ကျိုးလှရောပေါ့ ဟဲ. . ဟဲ၊ ဒါနဲ့ ဘကြီးညိုကော ကြီးကြီးဝိုင်းစိန်ကို မလွမ်းဘူးလား"

"ဟာ. . ဒီမအေပေးနှယ်"

ဘကြီးညို၏ အမေးကို ကိုထွန်းခိုင်က မဖြေခင် သူ့ညီလတ်ဖြစ်သူ ကိုထွန်းမြိုင်က ရယ်ကျဲကျဲနှင့် ဝင်ပြောတော့သည်။ အကြောင်းသိသူချင်းမို့လည်း ယခုလို သူတို့၏အစ်ကိုကို နောက်ပြောင်ခြင်း ဖြစ်၏။ သည်ကြားထဲ ဘကြီးညိုပါ အဆစ်ပါသွားရသည်။ ထို့ကြောင့်လည်း ဘကြီးညိုက "ဟာ. . ဒီမအေပေးနှယ်" ဟူ၍ မြည်တွန်လိုက်ရသည်။

ထိုအခါ သူတို့ညီအစ်ကိုတစ်တွေမှာ ဘကြီးညိုကိုကြည့်၍ ပြုံးဖြဲဖြဲ လုပ်နေသည်။ "ဒီအဘိုးကြီးလည်း အဘွားကြီးကို လွမ်းမှာပါ" ဟူသော သဘောကို သူတို့၏ အပြုံးများက ဖော်ဆောင်နေသည်။ သည်အခါ ဘကြီးညို၏ မျက်နှာမှာလည်း ပြုံးရောင်တစ်ချက် သန်းသွားလေသည်။

ကိုထွန်းခိုင်၊ ထွန်းကြိုင်နှင့် ထွန်းမြိုင်တို့ ညီအစ်ကိုသုံးယောက်သားမှာ သည်ညအဖို့ ဖွဲ့စည်းပြီးနေပြီဖြစ်သော သစ်ဖောင်ကြီးကို စောင့်ရှောက်ရန် တာဝန်ကျသူများပင်။ ဘကြီးညိုမှာလည်း ဖောင်မှူးတစ်ဦးဖြစ်သည့် အားလျော်စွာ ဖောင်လုပ်သားအားလုံး သူ့အလုပ်နှင့်သူ ဖောင်ကို စောင့်ရှောက်ကြသည်ကို တာဝန်ကျေ မကျေ စစ်ဆေးရသည်။ လူငယ်များ ဖြစ်သည်မို့ ပြီးလွယ်ဖိုင်လွယ်လုပ်မှာကိုလည်း သူက စိုးရိမ်လေသည်။ နေရာတကာ၌ စူးစမ်းရ၏။ သစ်လုံးပေါင်း တစ်ထောင့်နှစ်ရာတိတိရှိသော သစ်ဖောင်ကို အမိက တာဝန်





အရှိဆုံး ပုဂ္ဂိုလ်မှာ ဖောင်မှူးဘကြီးညိုပင် မဟုတ်ပါလား။

မှန်သည်၊ သစ်လုံးပေါင်း တစ်ထောင့်နှစ်ရာ၏ တန်ဖိုးမှာ သိန်းပေါင်းများစွာချီ၍ တန်ဖိုးရှိလှသည်။ ရွှေခဲရွှေတုံးများဖြင့် ဖွဲ့စည်းထားသော သည်ဖောင်ကြီးကို သူတို့တစ်တွေမှာ ပျက်စီးချွတ်ယွင်းမှု လုံးဝ မရှိကြရအောင် နေ့ရောညပါ စောင့်ရှောက်ကြရမည်ပင်တည်း။

ဤသည်တို့ကြောင့်လည်း ဘကြီးညိုမှာ လူငယ်များကို ချော့တန်ချော့ ဆုံးမတန်သည်ကို ဆုံးမ၍ မိဘသဖွယ် ညီငယ်လိုတစ်မျိုး အမျိုးမျိုးနှင့် ပေါင်းသင်းအုပ်ချုပ် ကွပ်ကဲရလေသည်။

မည်သို့ဆိုစေ တည်ကြည်၍ စိတ်ကောင်းရှိသော ဘကြီးညိုကို ကိုထွန်းခိုင်တို့ ညီအစ်ကိုသုံးယောက် အပါအဝင် ဖောင်လုပ်သား အားလုံးက ချစ်ကြောက် ရှိသေကြသည်မှာ အမှန်ပင်တည်း။

ထွန်းကြိုင်နှင့် ဘကြီးညို စကားကြောင့် ကိုထွန်းခိုင်မှာ ပြုံးဖြဲဖြဲ ဖြစ်လာသည်။ ထို့အတူ အားလုံး၏ မျက်နှာမှာလည်း အပြုံးကိုယ်စီနှင့်။

"အစ်ကိုက ဘာကို ပြုံးတာလဲ"

ထွန်းကြိုင်က မေးပြန်သည်။

"ဒါတော့ မင်းတို့ မိန်းမရမှ သိမှာပေါ့ကွ"

ဤစကားကို ပြောကြားသူမှာ ကိုထွန်းခိုင် မဟုတ်။ ဘကြီးညိုပင်၊ ဘကြီးညိုက သူ၏ စကားဆုံးသည်နှင့် တည်ငြိမ်သွားသည်။ ပြီးလျှင် မြစ်ပြင်ဆီသို့ စူးစိုက်ကြည့်နေတော့သည်။ ထိုအခါ ကိုထွန်းခိုင်တို့ ညီအစ်ကိုသုံးယောက်မှာလည်း ဘကြီးညိုနည်းတူ မြစ်ပြင်ဆီသို့သာ စူးစိုက်ကြည့်လိုက်ကြ၏။

သည်အချိန်တွင် လေက ခပ်ကြမ်းကြမ်းလေး ဝှေ့တိုက်ခတ်လိုက်သည်။ ထို့ကြောင့် မြစ်ပြင်ထက်တွင် လှိုင်းတွန့်ကလေးများ ဖြစ်သွားကာ လရောင်ကြောင့် လက်ခနဲ လက်ခနဲ ထ၍ထ၍ တောက်သွားလေသည်။ လှိုင်းတွန့်ကလေးများမှာ မြစ်ပြင်ထက်မှ တရွေ့ရွေ့ လှုပ်ရှားပြီး ဘကြီးညိုတို့ရှိရာ သစ်ဖောင်ကြီးဆီသို့ ဖျပ်ခနဲ ဖျပ်ခနဲ လာရောက် ရိုက်ခတ်နေသည်။ ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်နေ၏။

သည်အခါ ကိုထွန်းခိုင်၏ ရင်ထဲ၌ ဟာသွားသည်။ ပြီးလျှင် ညားခါစပင် ရှိသေးဗဲသာ သူ့ဇနီးချော မြခက်၏ ရုပ်ပုံလွှာမှာ စိတ်အစဉ်၌ အထင်းသား ပေါ်လွင်လာလေသည်။

မှန်သည်။ မမြခက်နှင့် ကိုထွန်းခိုင်တို့၏ အိမ်ထောင်ကျသည်မှာ တစ်လ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပင် ရှိသေး၏။ သူတို့နှစ်ဦးမှာ နှစ်ဦးသဘောတူ ချစ်သူအဖြစ်မှ ဘဝခရီးဖော်အဖြစ် သတ်မှတ်ခဲ့ကြသလို နှစ်ဖက်သောမိဘများကလည်း လူငယ်တို့၏ သဘောအတိုင်း ကြည်ဖြူစွာ လက်ထပ်ပေးစားထားသူများပင်။ ယခုလို တစ်ဦးကိုတစ်ဦး အရိပ်တကြည့်ကြည့်နှင့် မျက်စိအောက်မှ အပျောက်မခံနိုင်သေးသောအချိန်၌ သူတို့ ခွဲခွာနေခဲ့ကြရသည်မှာ နှစ်လပင် ကျော်ချေပြီ။ ထို့ကြောင့် ကိုထွန်းခိုင်အဖို့ သူ၏နှလုံးသား၊ သူ့အိမ်သူသက်ထား အသစ်စက်စက်ကို လွမ်းဆွေးသတိရ တသသ ဖြစ်နေသည်မှာ မုချပင်။ ဤသည်တို့ကြောင့်လည်း ဖောင်စုန်မည့်ရက်ကိုသာ တစ်မေးတည်း မေးနေ၏။သူ၏ အမေးကြောင့် သူ့ညီဖြစ်သူများကပင် သူ့ကို သဲရန်ကောဟူသော သဘောနှင့် နောက်ပြောင်ခဲ့ကြခြင်းလည်း ဖြစ်သည်။

ထို့အတူ ထွန်းကြိုင်နှင့် ထွန်းမြိုင်တို့မှာလည်း ရင်ထဲ၌ တစ်စုံတစ်ခုကို တွေးသလို လွမ်းသလိုနှင့် တစ်မျိုးသော ဝေဒနာကို ခံစားလိုက်ရသည်။

ဖောင်လုပ်သားတို့၏ဘဝမှာ သူတို့၏အလုပ်ကို မိဝေးဖဝေးအရပ်၌ လာရောက်ပြီး ပင်ပန်းကြီးစွာနှင့် လုပ်ကိုင်ကြရသည်။ တစ်နှစ်လုံး ခြုံ၍ကြည့်ပါမှ တစ်လနှစ်လလောက်သာ မိမိတို့အိမ်၌ ပြန်လည်ပြီး နေထိုင်ကြရသူများပင်။ သည်နေ့ ဖောင်ကိုစုပြီး၍ ရွာသို့ရောက်လျှင် အိမ်၌ နှစ်ရက်သုံးရက်လောက်သာ နားနေကြရသည်။ အိမ်၌နေ၍ မဝသေး၊ အိမ်မှ လုပ်ငန်းခွင်ရှိရာသို့ ပြန်ကြရပြန်သည်။ ထို့ကြောင့်လည်း အချို့ ဖောင်လုပ်သားတို့၏ သားသမီးများသည် မိမိတို့၏ အဖေကို ခင်တွယ်ရကောင်းမှန်း မသိကြ။ ဖခင်ဖြစ်သူ အိမ်သို့ ပြန်ရောက်လာလျှင် သူစိမ်းတစ်ဦးကဲ့သို့ ဆက်ဆံကြ၏။ ဖခင်များက သူတို့၏ သားသမီးများကို မြူလျှင် အော်ဟစ်ငိုယိုကြသည်၊ သည်အခါ ဖောင်လုပ်သားကြီးများမှာ မိမိတို့၏ သားသမီးများက မိမိတို့ကို ဖခင်အဖြစ် အသိအမှတ်မပြုကြသည်မို့ ဝမ်းနည်းကြေကွဲမှု ဖြစ်ကြရသည်မှာ အခါခါပင်တည်း။

မှန်သည်၊ သူတို့၏ ဘဝကား အိမ်သုံးရက်နေလျှင် မိုးထဲ လေထဲ ရေထဲ၌ သုံးလေးလ နေထိုင်ကာ ဘဝရပ်တည်နေကြရသူများဟုဆိုလျှင် ပို၍ မှန်ကန်ပေလိမ့်မည်။

"အေး . . မင်းလည်း မြခက်ကို သတိရနေမှာပဲ၊ မင်းမြင်တော့ ငါလည်း ငါ့သူငယ်ချင်း လှိုင်ဟုတ်ကို သိပ်ပြီး သတိရတာပဲကွာ"

ဘကြီးညိုက ခပ်လေးလေးပင် စကားကို တစ်လုံးချင်း ဆိုသည်။ ဘကြီးညို၏ တည်ငြိမ်သော ဟန်ပန်ကြောင့် မည်သူမျှ မနောက်ရဲကြတော့ချေ။





"ဒါနဲ့ ဘကြီးညို၊ လှိုင်ဟုတ်ဆိုတာ ဘယ်သူလဲဟင်၊ သူက ဘာလုပ်လဲ ဘကြီးနဲ့ ဘာတော်လဲ၊ ကျွန်တော်တို့ကို ပြောပြပါလား"

ကိုထွန်းခိုင်က ဘကြီးညိုကို စိုက်ကြည့်ရင်း မေးသည်။

ထိုအခါ ဘကြီးညို၏မျက်နှာမှာ လန်းဆန်းရွှင်ပျမှုများ ပျောက်ကွယ်သွားကာ ညှိုးလျော်သွား၏။ ပြီးလျှင် ကြေကွဲဖွယ်ရာ အတိတ်မှ ဖြစ်ရပ်တို့မှာ သူ၏ မျက်နှာပြင်တွင် တရိပ်ရိပ် ထင်ဟပ်ပေါ်လွင်လာသည်။

"လှိုင်ဟုတ်လား၊ လှိုင်ဟုတ်ဆိုတာ မင်းတို့ ငါတို့ နေထိုင်တဲ့ သမြေကုန်းကျေးရွာက ငါ့သူငယ်ချင်းပေါ့၊ အခု သူ မရှိတော့ဘူး၊ ဖောင်ညှပ်လို့ သေသွားတာ ကြာလှပြီကွ၊ လှိုင်ဟုတ် သေသွားတော့ ငါက မင်းတို့လို လူပျိုပေါက်၊ အဲ မင်းတို့ ကြီးကြီးဝိုင်းစိန်နဲ့လည်း မညားသေးဘူး။ ထားအိနဲ့ လှိုင်ဟုတ် ညားတာတောင် ကြာလှရင် နှစ်လကျော်ကျော် ရှိဦးမယ်၊ သိပ်ချစ်တဲ့ လင်မယားပေါ့၊ ကိုလိုနီခေတ်ရဲ့ စနစ်ဆိုးတွေကို သူတို့မိသားစု ခါးစည်းပြီး အသက်အသေခံသွားရရှာတယ်ကွာ"

ဘကြီးညိုက စကားကို တစ်လုံးချင်း ခပ်လေးလေးပင် ပြောသည်။ သူ၏ အသံသည် ဆို့နစ်ကြေကွဲမှုများ ရောထွေးနေသည်။ ပြီးလျှင် ဆေးလိပ်ကို အားပါးတရ ဖွာရှိုက်၍ ဟင်းခနဲ သက်ပြင်းချလိုက်သည်။ ဘကြီးညိုကား အသက်ခြောက်ဆယ်ပင် ကျော်ချေပြီ။ ထို့အတူ ဘဝအတွေ့အကြုံ မျိုးစုံအောင် တွေ့ကြုံခဲ့ဖူးသူပင်တည်း။

ဤသည်တို့ကြောင့်လည်း ကိုထွန်းခိုင်၊ ထွန်းကြိုင်နှင့် ထွန်းမြိုင်တို့မှာ ဘကြီးညို၏စကားကို နားထောင်ရန် ဘကြီးညို၏အနားတွင် ဝိုင်းဖွဲ့၍ ထိုင်လိုက်ကြသည်။ ဘကြီးညိုမှာလည်း သူ လူပျိုပေါက်အရွယ် (၁၈) နှစ်သားခန့်က တွေ့ကြုံခဲ့ရသော အတွေ့အကြုံတို့ကို လူငယ်များအား ပြောကြားရန် ထွန်းမြိုင်၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

ဘကြီးညို၏ ဆေးပေါ့လိပ်မှ မီးခိုးတို့သည် တလိပ်လိပ်နှင့် လွင့်မျောကာ တရိပ်ရိပ်နှင့် မိုးကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။ ဘကြီးညို၏ အမျှင်မပြတ်သော အတွေးတို့မှာလည်း သူ၏ ဆေးလိပ်မှ တလိပ်လိပ် ထွက်နေသော မီးခိုးတို့နှင့်အတူ အတိတ်တံခါးကို တစ်အား ရိုက်ဖွင့်လိုက်လေတော့သည်။

* * *

မိုးစင်စင်လင်းပြီ ဖြစ်သော်လည်း နေခြည်ကား မမြင်ရသေး။ မိုးမျှောင်း၏ ဝန်းကျင်တစ်ခုလုံးကို နှင်းငွေ့တွေက သိုင်းခြုံ၍ထားလေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အာရာရာကို သဲကွဲစွာ မမြင်ရဘဲ ဝိုးတဝါး ဖြစ်နေသည်။

"အောက်. . အီး . . အီး . . အွတ်"

လင်းကြက်တွန်သံတို့ကိုလည်း ဟိုမှသည်မှ ကြားနေရသည်။ ရွာဦးကျောင်းမှ တုံးခေါက်သံမှာ လင်းကြက်တွန်သံတို့ကို ထိုးဖောက်၍ ထွက်ပေါ်လာသည်။

မုံးချောင်းကား စောစီးစွာပင် ရေပြည့်နေချေပြီ။ ချောင်းကမ်းနဖူးဘေးတွင် ဆိုက်ကပ်ထားသော သမ္ဗန်ကြီးမှာ ရေ၏ တိုးတက်ပြည့်ဖြိုးမှုကြောင့် ယိမ်းထိုး လှုပ်ရှားနေသည်။ ထို့ပြင် ချောင်းကမ်းနံဘေးတွင် အသီးသီး ဆိုက်ကပ်ထားကြသော ဓလှေကြီး၊ လှေငယ် အပေါင်းတို့မှာလည်း သမ္ဗန်ကြီးနည်းတူ လှုပ်ရှားနေကြ၏။

မုံးချောင်း ဟိုမှာဘက်ကမ်းတွင်ရှိသော ထန်းတောမှ ထန်းပင်များမှာလည်း ယိမ်းကလျက် ရှိသည်၊ နံနက်ခင်း၏ လေမှာ တသုန်သုန်နှင့် မြူးကြွနေ၏။ ချောင်းရေမှာ ပြည့်လျှံ၍ တသွင်သွင် စီးနေသည်။

"ရေတက်ပြီ . . လှေထွက်မယ်ဟေ့"

သမ္ဗန်ကြီးဆီမှ အော်ဟစ်လိုက်သော အသံကြီးမှာ ဝန်းကျင်တစ်ခုလုံးကို ပဲ့တင်ထပ်၍ ထွက်ပေါ်လာလေသည်။ သည်အခါ မုံးချောင်း၏ သည်မှာကမ်းဘက်တွင်ရှိသော သပြေကုန်း ကျေးရွာသည်လည်း ထိုအသံနှင့်အတူ အသက်ဝင်လှုပ်ရှားပြီ ဖြစ်လေသည်။ အိမ်တိုင်းအိမ်တိုင်းတွင် မှုန်ပျပျ မီးရောင်လက်လက်ကို မြင်ရသည်။ ငါးရှာ၍ အသက်မွေးကြရရှာသော ကိုတံငါတို့သည်လည်း မီးအုပ်ကိုယ်စီကိုင်၍ ချောင်းထဲသို့ ဆင်းကြပြီ၊ ပိုက်ကွန်ကိုထမ်း၍ ရွာလမ်းမှ လာသူတို့လည်း လာကြပြီ။

ထို့အတူ သစ်ဖောင်လုပ်သားကြီးများမှာလည်း ရွာလမ်းမဆီမှ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲနှင့် သမ္ဗန်ကြီးဆီသို့ ဦးတည်ပြီး လျှောက်လှမ်းလာကြသည်။ သူတို့၏ ပခုံးပေါ်တွင် လွယ်အိတ်၊ အိပ်ရာလိပ်များ စားသောက်ရိက္ခာ ဝန်စည်စလယ်တို့ကို ကိုယ်စီကိုယ်င ထမ်းပိုးလာကြ၏။ သူတို့သည် မုံးချောင်းမှတစ်ဆင့် သည်သမ္ဗန်ကြီးနှင့် ဧရာဝတီမြစ်ရိုးအတိုင်း စစ်ကိုင်းသို့ သွားကြရမည် ဖြစ်၏။ ထိုမှတစ်ဆင့် သစ်ဖောင်လုပ်ငန်း၌ အလုပ်ဝင်ကြကာ နှစ်လ၊ သုံးလနီးပါးမျှ နေရပ်နှင့် ခွဲခွာ၍ အလုပ်လုပ်ကြရမည့်သူများလည်း ဖြစ်သည်။ ထို့ကြောင့်လည်း သူတို့မှာ အဝတ်အစားထည့်ထားသော လွယ်အိတ်များ စားသောက်ရိက္ခာဝန်စည်စလယ် စသည်တို့ကို သယ်ပိုး၍ စစ်ကိုင်းသို့





သွားမည်ဖြစ်သော သမ္ဗန်ကြီးဆီသို့ ယခုလို ဆင်းသက်လာခဲ့ကြခြင်း ဖြစ်၏။

နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ဆေးလိပ်မီးရဲရဲနှင့် လျှောက်လှမ်းလာကြသောသူများမှာ အလျှိုလျှို သမ္ဗန်ကြီးပေါ်သို့ ရောက်ရှိလာကြလေပြီ။ သို့သော် မောင်ညိုနှင့် လှိုင်ဟုတ်တို့ နှစ်ယောက်သားမှာ ယခုအချိန်ထိ ရောက်မလာကြသေး။

"အစ်ကို ကျွန်မ မှာတာ မမေ့နဲ့နော်၊ ဟိုမြို့ကပြန်ရင် ဆင်စွယ်ဘီးရယ် တူတယ်လုံချည်ရယ်၊ ပြီးတော့လေ ဟို. . ဟိုလေ ကလေးဖို့လည်း ဝယ်ခဲ့ဦးနော်"

ထားအိက သူ့လင်တော်မောင်ကို သူ အလိုရှိသော ပစ္စည်းများကို တတွတ်တွတ် မှာနေသည်။

တဲအိမ်အတွင်းရှိ ယဲ့ယဲ့သာသာ လင်းနေသော ရေနံဆီမှန်အိမ်မှ ဖျော့တော့တော့ အလင်းရောင်မှာ ထားအိ ကိုယ်ပေါ်သို့ ဖြာကျနေသည်။ သည်အခါ လုံးကျစ်တုတ်ခိုင်သောကိုယ်လုံးနှင့် လှပသော ထားအိ အသွင်သဏ္ဌာန်မှာ ပို၍ လှပနေသည်ဟု ထင်ရ၏။ သူ၏ ညင်သာသောအပြော၊ ချိုလွင်သောစကားတို့ကြောင့် လှိုင်ဟုတ်၏ နှလုံးသားအစုံမှာ ပီတိအဟုန်တို့ဖြင့် နိုးကြွလာရသည်။ အထူးသဖြင့် ကန္တကလျ ရှက်စနိုး အမူအရာနှင့် "ပြီးတော့လေ ဟို. . ဟို၊ ကလေးဖို့လည်း ဝယ်ခဲ့ဦးနော်" ဟု မျက်စချီ၍ သူ့ကိုယ်သူ လက်နှင့်ပုတ်ပြီး ပြောလိုက်သော အပြောလေးမှာ လှိုင်ဟုတ်၏ရင်ကို သိမ့်ခနဲ ငြိမ့်ခနဲ လှုပ်ရှားရအောင် ပီတိသောမနဿ ဖြစ်ရသည်။

"ဟင်း . . ခုမှ တစ်လလောက်ရှိသေး၊ တော်တော် အရှူးထ"

လှိုင်ဟုတ်က ထားအိကို ရွှန်းလဲ့ကြည်သာသောအကြည့်နှင့် စိုက်ကြည့်လိုက်သည်။ ပြီးလျှင် သူ့ချစ်ဇနီး၏ နဖူးပြင်ကို လက်ညှိုးလေးနှင့် ဆတ်ခနဲထိုး၍ ပြောလိုက်သည်။ သည်တစ်ခါ ထားအိက အသံလွင်လွင်နှင့် ညင်ညင်သာသာ ရယ်မောသည်။

"ဒါ အစ်ကို့ကို လှောင်တာပေါ့လေ၊ ဟုတ်လား"

"လှောင်တာ မဟုတ်ဘူး ပြောင်တာ၊ ဟင်း ကြည့်ပါလား၊ သူ့မျက်လုံးကြီးက ကရော်ကရော် ရှက်ပါတယ်ဟေ့"

ထားအိက လှိုင်ဟုတ်ကို မျက်လုံးလေးပြူး လျှာလေး ပြူတစ်ပြူတစ်လုပ်ကာ သူ့လက်ညှိုးလေးကို ကွေးချည်ဆန့်ချည် လုပ်နေသည်။ ပြောင်သည်းစသည်၊ ပြီးတော့ ညင်ညင်သာသာ လွင်လွင်ရယ်ပြန်သည်။

သည်အခါ ကြည်နူးမှုကြောင့် တငြိမ့်ငြိမ့် ညံလာသော ရင်လှိုင်းခတ်သံ



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ လှိုင်ဟုတ်၏မျက်နှာမှာ အပြုံးပေါ် အပြုံးဆင့်တော့၏။ ထို့နောက် ရွှန်းလဲ့ကြည်သာမှုနှင့်အတူ ထားအိကို ညင်သာစွာ လှမ်းဖက်လိုက်သည်။ ပြီးလျှင် ကြည်လင်လှပစွာ ခပ်လွင်လွင် ရယ်မောနေသော ပါးပြင်နှစ်ဖက်ကို ခပ်သွက်သွက်ပင် နမ်းရှုပ်စ်လိုက်သည်။ လှိုင်ဟုတ်၏ လတ်ဆတ်သော အနမ်းကို ထားအိက ရွှင်လန်းကြည်နူးစွာ ခံယူသည်။

"အံမာ. . တယ်သာယာနေကြသကိုး။ ဟဲဟဲ"

ရုတ်တရက် အသံကို ကြားရသဖြင့် ထားအိမှာ ပျာပျာသလဲ ဖြစ်သွားသည်။ လန့်သွားသည်။ ထူပူသွားသည်။ ပြီးလျှင် ရှက်ကိုးရှက်ကန်းနှင့် သူ့ယောက်ျားရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ တစ်ဆက်တည်းမှာပင် နှစ်ဦးသားလုံးချင်းခွဲ၍ အသံလာရာသို့ စူးစိုက်ပြီး ကြည့်လိုက်ကြသည်။

သည်အခါမှ ထားအိ ပို၍ ရှက်ရသည်။ သူ၏ ဖြူဝင်းသော ပါးပြင်မှာ နီမြန်းနေတော့သည်။ အကြောင်းမူ အိမ်ရှေ့တံခါးပေါက်ဝတွင် ရပ်နေသော သာသနာဖျက် မောင်ညိုကို ဘွားခနဲ မြင်တွေ့လိုက်ကြရသောကြောင့်ပင် တည်း။ မှန်သည်၊ သည်နေရာသို့ မောင်ညို ဘယ်တုံးက ရောက်နေသည်ကို သူတို့နှစ်ဦးစလုံး မသိခဲ့ကြ။ ယခုမှ နဖူးတွေ့ဒူးတွေ့ တွေ့ရသည်မို့ ထားအိမှာ ပို၍ ရှက်ရသည်။

မောင်ညိုက ပြုံးဖြဲဖြဲနှင့် သူတို့ဆီသို့ လျှောက်လှမ်းလာသည်။

"ရှီးမှပဲ၊ မင်းက အသံမပေး ဘာမပေးနဲ့"

လှိုင်ဟုတ်က မောင်ညိုကိုကြည့်ရင်း မလုံမလဲနှင့် ဆိုသည်။

"ဟဲဟဲ ငါလည်း ကြည့်ကောင်းကောင်း ရှိတာနဲ့ ကြည့်နေတာ၊ အံမာ ထားအိက အခု အရင်နဲ့ မတူတော့ဘူး။ နင်က လှလို့ ပလို့ပါလား၊ နင်ကလည်း ရှက်မနေပါနဲ့၊ ဟုတ် ဟုတ်တယ်ပေါ့ဟာ ဟီးဟီး"

မောင်ညိုက စပ်ဖြဲဖြဲနှင့် နောက်တော့သည်။

"ဟင်. . အစ်ကိုညိုကြီးနော်၊ ကြည့်ပါလား သိပ်ပြီး အစသန်တာပဲ၊ ကျွန်မတို့ကို ကျပ်ကျပ်ပြော၊ တော်ကြာ မိန်းမရမှ သိမယ်"

ထားအိက အရှက်ပြေ ပြန်ပြောသည်။ ပြီးတော့ သူ့မျက်နှာကို အတည်ငြိမ်ဆုံးဖြစ်အောင် ကြွနေ့ဆောင်လိုက်သည်။

"ဟဲဟဲ ငါကတော့ ငါ့အစွမ်းနဲ့ငါဆိုရင် ဒီတစ်သက်မှာ မိန်းမရတော့မှာ မဟုတ်ဘူး၊ အဲဒါကြောင့် နင့်ပဲ အားကိုးရမှာ၊ နင်တို့မြင်တော့ ငါလည်း မိန်းမ လိုချင်လာပြီ ဟီးဟီး၊ ယောကောင် လှိုင်ဟုတ်၊ မင်းခယ်မကို ပြောပေးစမ်းပါကွာ၊





ရှိကြီးခိုးပါရဲ့၊ ဟားဟား"

လှိုင်ဟုတ်နဲ့ မောင်ညိုမှာ ပြောမနာဆိုမနာ အလွန် ချစ်ခင်ကြသော ငယ်သူငယ်ချင်းများပင် ဖြစ်၏။ လှိုင်ဟုတ်မှာ ထားအိနှင့် ညားနေပြီ ဖြစ်သော်လည်း မောင်ညိုမှာမူ အိမ်ထောင်မကျသေး။ ထို့ကြောင့် ယခုလို ခပ်ပြောင်ပြောင်ပင် ပြောဆို၍ လှိုင်ဟုတ်၏ခယ်မကို တောင်းလေတော့သည်။ ဤသည်ကို ခဲအိုတော်ကြီး လှိုင်ဟုတ်က ပြုံးဖြဲဖြဲနှင့် မောင်ညို့ကို စိုက်ကြည့်နေသည်။

"အံမယ် ဘယ်ရမလဲ၊ သူက ဝိုင်းစိန်နဲ့ ကြိုက်နေတာများ၊ ဟင်း အခုလည်း သူ့အဆက်နဲ့တွေ့ပြီး ပြန်လာတာ မဟုတ်လား"

ထားအိက သူ့ညီမကို ထိသဖြင့် မောင်ညို့ကို ပြန်ပက်တော့သည်။ ပြီးတော့ သူ့နှုတ်ခမ်းကို မဲ့ပြလိုက်သည်။

"ဟော ဒီကိစ္စတွေ နင် သိတယ်ဟုတ်လား ထားအိ၊ အဲဒါမှ ဒုက္ခပဲ ဒီလိုဆိုတော့ နင်တို့နဲ့ ငါနဲ့ အမျိုးမတော်ရဘူးပေါ့၊ ငါက နင်တို့နဲ့ သိပ်ပြီး အမျိုးတော်ချင်တာဟ၊ ဟား ဟား ဟား"

မောင်ညိုက ပြောပြောဆိုဆိုနှင့် ရယ်တော့သည်။ သည်တစ်ခါ ထားအိနှင့် လှိုင်ဟုတ်တို့မှာလည်း ပွဲကျသွားလေသည်။ လှိုင်ဟုတ်တို့အိမ်မှာ ထိုနေ့က မည်သူမျှ မရှိကြချေ။ မနေ့ကတည်းက သဲချောင်းရွာသို့ ပွဲကြည့်သွားကြ၏။ ထို့ကြောင့်လည်း အစဉ်းသိသော မောင်ညိုက ယခုလို လွတ်လပ်စွာ ပြောဆို နောက်ပြောင်ရဲခြင်းပင်။ အထက်အညာသူ၊ အညာသားတို့၏ သဘာဝအရ ရိုးသားပွင့်လင်းစွာ ပြောဆိုမှုပင်လျှင် ပျော်ရွှင်စရာနှင့် ကြည်နူးစရာတို့ကို ဖြစ်စေသည်။

"ကဲ လေဖောင်းနေလို့ မပြီးသေးဘူး၊ ဟိုမှာ ဘကြီးဖိုးရန်က အစောကြီးကတည်းက ရေတက်ပြီ လှေထွက်မယ်တဲ့ တို့ကို အော်ခေါ်နေတယ်။ တော်ကြာ တို့နောက်ကျနေလို့ ဆဲနေဦးမယ် လာသွားကြစို့"

မောင်ညိုက နောက်ပြောင်၍ အားရသွားပြီမို့ ရေဆိပ်သို့ဆင်းရန် သတိပေးစကားဆိုသည်။ ထို့ကြောင့် အားလုံး ရေဆိပ်သို့ဆင်းရန် ပြင်ဆင်ရလေသည်။

ထားအိသည် ညကတည်းက သူ့ယောက်ျားအတွက် အဝတ်အစားများ ဆေးလိပ် စသည်များ ထည့်ထားသောလွယ်အိတ်၊ အိပ်ရာလိပ်တို့ကို သယ်ပိုး၍ သူ့ယောက်ျားကို လိုက်ပို့ရန် ပြင်ဆင်သည်။ ပြီးလျှင် သူတို့ သုံးယောက်သားမှာ မိမိတို့၏ ဝန်စည်စလယ်များကို ကိုယ်စီသယ်ပိုး၍ ရေဆိပ်သို့ လျှောက်လှမ်းလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ကျန်းမာရေးကို ဂရုစိုက်နော်"

ထားအိက သမ္ဗန်ပေါ်သို့ လှမ်းတက်နေသော လှိုင်ဟုတ်ကို စိုးရိမ်စိတ်နှင့်ပြောသည်။ ထို့နောက် သူ သယ်ပိုးယူဆောင်လာသော ပစ္စည်းပစ္စယများကို လှိုင်ဟုတ်အား ကမ်းပေးသည်။

လှိုင်ဟုတ်က ဆတ်ခနဲ ခေါင်းညိတ်ပြရင်း ထားအိဆီမှ ပစ္စည်းပစ္စယများကို လှမ်းယူသည်။ ပြီးလျှင် ထားအိကို တစ်ချက် စိုက်ကြည့်လိုက်ပြီး သမ္ဗန်ဝမ်းထဲသို့ ဆင်းသွားလေတော့သည်။

လှိုင်ဟုတ်နှင့် မောင်ညိုတို့ သမ္ဗန်ပေါ်သို့ ရောက်သည်နှင့် ကမ်း၌ကပ်ထားသော သမ္ဗန်ကြီးမှာ ခတ်တက်သံ တကျိုကျိုဖြင့် ကမ်းမှ တရွေ့ရွေ့ ထွက်ခွာသွားလေတော့သည်။

ကမ်းနဖူး၌ ထားအိ အပါအဝင် အခြားအမျိုးသမီး လေးငါးဆယ်ယောက်တို့မှာ မတ်တတ်ရပ်၍ သူတို့၏ လင်သားများ လိုက်ပါသွားသော သမ္ဗန်ကြီးကို ငေးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

သမ္ဗန်ကြီးမှာ မုံးချောင်းမှထွက်၍ ဧရာဝတီမြစ်အတွင်းသို့ ရောက်ရှိသွားသည်နှင့် ထားအိတို့ကို လုံးဝ မမြင်ရလေတော့။ သမ္ဗန်ကြီးကား ဧရာဝတီမြစ်ရိုးအတိုင်း သစ်ဖောင်လုပ်သားကြီးများကို သယ်ဆောင်ကာ စစ်ကိုင်းဆီသို့ ဦးတည် ရွေ့လျားနေချေသည်တကား။

* * *

ဖောင်မှူးကြီး ဦးဖိုးရန်၊ ကိုလှိုင်ဟုတ်နှင့် ကိုညိုတို့ အပါအဝင် လူပေါင်း (၁၈)ယောက် လုပ်ကိုင်ခဲ့ကြသော သစ်လုံးပေါင်း (၁၂၀၀) ပါ သစ်ဖောင်ကြီးမှာ စစ်ကိုင်းမှသည် ရန်ကုန်သို့ နေ့ကောင်းရက်သာရွေး၍ ဖောင်စုန်လာခဲ့ကြပြီဖြစ်၏။

ဖောင်မစုန်ခင် သူတို့၏ ရိုးရာအယူအဆအရ ငှက်ပျောပွဲ၊ အုန်းပွဲဖြင့် သက်ဆိုင်ရာ ရေနတ်အရှင်ကြီးတို့ ပူဇော်ပသကြသည်။ ဖောင်လုပ်သားအားလုံး တစ်ယောက်မကျန် ရေနတ်အရှင်ကြီးကို ကန်တော့ကြရသည်။ ထိုကဲ့သို့ မပြုလုပ်လျှင် ရေနတ်အရှင်ကြီးက မကြိုက်၊ ရေနတ်အရှင်ကြီး မကြိုက်လျှင် လမ်း၌ ဘေးဒုက္ခအန္တရာယ်တို့နှင့် ကြုံရသည်ဟု အယူအဆ ရှိကြ၏။ ထို့ကြောင့် ရေနတ်အရှင်ကြီး ကျေနပ်နှစ်သက်၍ လမ်း၌ ဘေးကင်းရန်ရှင်းအောင် စောင့်ရှောက်ပါစေပါ၊ သောက်ပါ၊ ပူဇော်ပါသည်။ ကန်တော့ပါသည်၊ ရှိသေကိုင်းညွတ်ပါသည်နှင့် တတွတ်တွတ် ဆုတောင်းထောမနာလည်း ပြုခဲ့ကြပြီး ဖြစ်လေသည်။





ယခုဆိုလျှင် သူတို့ ဖောင်စုန်လာခဲ့ကြသည်မှာ တစ်ပတ်ကျော်ကျော်ခန့်ပင် ရှိပြီ ဖြစ်လေသည်။ ဖောင်ကြီးဆီမှ ခတ်တက်သံ တကျိုကျို ညာသံပေး၍ မြစ်ရိုးအတိုင်း စုန်ဆင်းလာကြပြီ။

ယနေ့တွင် ဧရာဝတီမြစ်ပြင်ကြီးသည် တည်ငြိမ်မှု အလျှင်းမရှိ၊ လှိုင်းခေါင်းဖြူတို့မှာ ဒေါထသော တောမြွေဟောက်ကဲ့သို့ ပါးပျဉ်းထောင်ကာ မာန်ဖီလျက်ရှိသည်။ လေမှာ ညင်းညင်းသွဲ့သွဲ့ တိုက်ခတ်နေရာမှ တစ်ရှူးထိုး ဒေါ်ယမ်းတိုက်ခတ်လာသည်။ သည်အခါ ဖောင်သမားအားလုံး၏ ကိုယ်ပေါ်တွင် အေးချမ်းမှုနှင့်အတူ ကြက်သီးများပင် တဖြန်းဖြန်း ထလာရလေသည်။

ကမ်းစပ်၏ ဟိုမှာဘက် တောအုပ်ဆီမှ သစ်ပင်တို့မှာ ယိမ်းထိုးလှုပ်ရှားလာသည်။ ထို့အတူ အနောက်ဘက် မိုးကောင်းကင်မှ မည်းမှောင်သော မိုးသားတိမ်လိပ်တို့သည် တရိပ်ရိပ်နှင့် လိပ်၍လိပ်၍ တက်လာသည်။

သစ်လုံးပေါင်းတစ်ထောင့်နှစ်ရာပါဝင်သော သစ်ဖောင်ကြီးသည် မြစ်ပြင်ထက်၌ တရွေ့ရွေ့ မျောနေရာမှ အသွားနှုန်း လျင်မြန်လာသည်။ ရေစုန်လေစုန်မို့လည်း ပို၍ပို၍ မြန်ဆန်လာသည်။ ပမာဆိုရသော် လေစုန်ရေစုန်တွင် တက်မ,ကိုင် ကောင်းသူတစ်ဦး၏ ရွက်လှေတစ်စင်း သွက်လက်စွာ လွင့်မျောနေသကဲ့သို့ပင်တည်း။

ထို့ကြောင့် မကြာမီပင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ ပေါင်းစုံရာ မြစ်ပြင်ကျယ်သို့ ရောက်ရှိ၍ လာလေသည်။ ထိုအခါ မြစ်ပြင်ကျယ်လာသည်နှင့်အမျှ လှိုင်းခေါင်းဖြူတို့မှာလည်း လေ၏ ဆော့သရမ်းမှုကြောင့် ပိုမို ကြမ်းတမ်းလာသည်။ လေးလံလွန်းသော သစ်ဖောင်ကြီးမှာ ဖော့ငယ်ကဲ့သို့ သွက်လက်စွာ ရွေ့လျားနေသည်မို့ တည်ငြိမ်မှု မရှိတော့။ ရေနှင့် လေတို့ ဆွဲဆောင်ရာ တွန်းကန်ရာသို့သာ ဦးတည်နေတော့သည်။ ဤသည်ကို ဖောင်လုပ်သား အားလုံး ကြိုးစားပြီး ထိန်းသိမ်းနေကြရသည်။

"ရေလယ်မှာ စည်းရှိတယ်ဟေ့၊ ဖောင်ကို အလယ်မရောက်စေနဲ့ သတိထားကြ"

ဘကြီးဖိုးရန်၏ အသံသည် မြစ်ယံတစ်ခုလုံးကိုဟိန်း၍ ထွက်ပေါ်လာသည်။ သူသည် ကျောပြောင်ပြောင်နှင့် ခါးတောင်းကို မြှောင်အောင်ကျိုက်ကာ ပိုတိုင်တစ်လုံးကို ကိုင်ထားသည်။ ပြီးလျှင် မြစ်အလယ်ကြောဆီသို့ ရင်မောစွာနှင့် စိုက်ကြည့်နေသည်။ ထို့နောက် ဖောင်ကြီး၏ ရှေ့နောက်ဝဲယာမှ ရေစီးအခင်းပုံကိုလည်း မျက်ခြည်မပြတ် ကြည့်ရှုရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုတိုင်ကို မြဲမြဲစွာ ကိုင်ထားသော ဘကြီးဖိုးရန်၏ လက်မောင်းကြွက်သားများမှာ အမြောင်းလိုက် အမြောင်းလိုက် ဖောင်းထစ် ဖုကြွနေ၏။ ကျယ်ပြန့်သော ကျောပြင်မှ အသားစိုင်တို့မှာ တောင့်တင်းသန်မာသော ပေါင်တံတို့နှင့် အားချင်းပြိုင်လျက် ရှိ၏။

သူ၏ ဟန်ပန်မှာ မကြာခင် ကျရောက်တော့မည့် အန္တရာယ်ကို သန်မာတက်ကြွသော သူ့စွမ်းအားနှင့် ယှဉ်ပြိုင်အနိုင်ယူမည့် ဟန်မျိုးဆိုလျှင် မမှားနိုင်ချေ။

ဖောင်မှူးကြီး ဘကြီးဖိုးရန်နည်းတူ အခြား ဖောင်လုပ်သားများမှာလည်း အလုပ်ရှုပ်လျက် ရှိကြသည်။ ထိုးဝါးပိုတိုင်ကိုင်သူကိုင် ခတ်တက်နှင့် ဖောင်ကို ထိန်းသူထိန်းမို့ စကားပင် မပြောနိုင်ကြချေ။ အချို့က ရေထဲသို့ ထိုးဝါးကိုထိုး၍ ရေကို တိုင်းသူကတိုင်းနှင့် ရေလယ်မှ စည်းနားသို့ ဖောင်ကို မရောက်စေရန် အတွက် ဖောင်လုပ်သားအားလုံး သူ့နေရာနှင့်သူ တက်တက်ကြွကြွ အသင့်ပြင်ကြရသည်။ လှုပ်လှုပ်ရှားရှား ဖြစ်နေကြရပြီ။

ဘကြီးဖိုးရန် ပြောသည်မှာလည်း အမှန်ပင် ဖြစ်၏။ ရေတိမ်လျှင် ဖောင်၏နောက်မှ ရေယက်ထ၏။ ရေတိမ်ရေနက်ကို အဝေးကပင်ကြည့်၍ သိရှိနိုင်၏။ အကြောင်းမူ ရေတိမ်သောနေရာ၊ သောင်ရှိသောနေရာတွင် လှိုင်းတွန့်ကလေးများ ဖြစ်နေပြီး ပုစွန်ဆိတ်များစု၍ ခုန်နေသကဲ့သို့လည်း ဂယက်ထနေတတ်၏။ ဤသည်ကိုကြည့်၍ ရေတိမ်ရေနက်ကို ခန့်မှန်းကြသည်။ ယခု ဖောင်နောက်မှ ရေယက်ထပြီး ဖောင်ကြီးက ရွေ့လျားနေ၏။ မှန်သည်။ ရေတိမ်လျှင် စည်းရှိ၏။ စည်းဆိုသည့် သဘောမှာ ဖောင်ကို ရုတ်တရက် တန့်သွားအောင် ထိန်းထားနိုင်၏။ အသွားကို ရပ်တန့်စေသည်။ သည်အခါ ဖောင်ကို မရပ်တန့်စေရန် ထိုစည်းကို ကျော်စေရန် တစ်နည်းအားဖြင့် အစွမ်းကုန် ကာကွယ်ကြရတော့၏။ (စည်းဆိုသည်မှာ သောင်ရှိသောနေရာကို ခေါ်ဆိုခြင်းပင်တည်း။)

ယခု ဘကြီးဖိုးရန်တို့၏ ဖောင်ကြီးမှာ ထိန်းရန် ကြိုးစားရင်း ရေလယ်မှ သောင်စပ်သို့ ရောက်မှန်းမသိ ရောက်လာချေပြီ။

လေကလည်း မငြိမ်၊ ရေစီးကလည်း မြစ်နှင့်ဆုံရာမို့ ဝဲကတော့လိုဖြစ်ပြီး ကြမ်းတမ်းလာသည်။ မိုးကောင်းကင်တစ်ခုလုံးတွင်လည်း ညစ်ပုပ်မည်းမှောင်သော မိုးသားတို့က ပိတ်ဖုံးထား၏။ ထို့ပြင် ကြမ်းရမ်းသောလေနှင့်အတူ မိုးစက်ပေါက်ကလေးများမှာလည်း ဟိုမှသည်မှ လွင့်မျောလာကြချေပြီ။ မှန်သည်။ ကြာခင် လေပြင်းကျ၍ မိုးရွာချေတော့မည်တကား။





ထို့ကြောင့် မြစ်ပြင်ထက်ရှိ ရွေ့လျားသွားလာလျက်ရှိသော လှေသမ္ဗန်များမှာ ရေလယ်၌ ကမ်းကပ်၍ မရ၊ ရေစီးအတိုင်းသာ မျော၍နေသည်သာ။

"ဘကြီးဖိုးရန်ရေ မရတော့ဘူး၊ မရတော့ဘူးဗျ၊ သောင်တင်မှာပဲ"

လှိုင်ဟုတ်က ဘကြီးဖိုးရန်၏ အနီးသို့ ပြေးလာရင်း ဆိုသည်။ လှိုင်ဟုတ်၏အပြောကြောင့် ဘကြီးဖိုးရန်ပင် တွေဝေသွားသည်။

"ဟုတ်တယ် ဘကြီးဖိုးရန်၊ လှိုင်းတွေ လေတွေကလည်း ဒီနေ့မှ အရမ်းဖြစ်နေတာ၊ ဟော. . မိုးတွေတောင် ရွာလာပြီဗျ၊ အဲဒါမှ ဒုက္ခပဲ"

မောင်ညိုတလည်း လှိုင်ဟုတ်၏ အပြောကို သဘောတူသည်။ သူ၏ အသံမှာ စိုးရိမ်ထိတ်လန့်မှုတို့နှင့် ရောထွေးနေသည်။

ဘကြီးဖိုးရန်ကမူ မည်သို့မျှ မပြောချေ။ သောင်ဆီသို့ ဦးတည်ပြီး တရွေ့တရွေ့ သွားနေသောဖောင်ကြီးကိုသာ အကဲခတ်နေသည်။ သောင်ကို စူးစမ်းသည်။ သောင်သေးသည်လား၊ ကြီးသည်လား သေသေချာချာ အကဲခတ်၏။ သစ်ဖောင်ကြီးကား သောင်ဆီသို့ တရွေ့ရွေ့။

"အားလုံး သတိထားကြပေါ့ သောင်ကို လှိုင်းနဲ့ ခုန်ပြီးကျော်မယ်၊ ဖောင်ရုတ်တရက် ရပ်ပစ်ရမယ်၊ ငါက ရပ်ဆိုတာနဲ့ ပိုတိုင်ကိုကိုင်ပြီး ဖောင်ကို ချုပ်ရမယ်ဟေ့"

ဖောင်မှူးကောင်းပီသသော ဘကြီးဖိုးရန်က သူ့အလုပ်သမားများကို သတိပေးစကား ပြောကြားသည်။ ထိုအချိန်၌ လေမှာ အလွန် ကြမ်းတမ်းလာသည်။ ဖောင်ပေါ်၌ နားနေရန် ဆောက်ထားသောတဲမှ အင်ဖက်အချို့ပင် လေ၌ လွင့်မျောသွားသည်။ လှိုင်းတို့မှာ မာန်ဖီနေ၏။ ထို့ပြင် ကြောက်မက်ဖွယ်ရာကောင်းသော မိုးခြိမ်းသံနှင့်အတူ မိုးကား တဝေါဝေါ သည်းထန်စွာ ရွာချလိုက်လေသည်။ ထို့ကြောင့် ဖောင်ပေါ်ရှိလူများမှာ တစ်ဦးနှင့်တစ်ဦး သဲကွဲစွာ မမြင်ရတော့ချေ။

ဘကြီးဖိုးရန်သည် ထိုးဝါးအဖြစ် အသုံးပြုသော ပိုတိုင်ကိုကိုင်၍ ဖောင်ပေါ်၌ သတိကြီးစွာ ရပ်နေသည်။ လူအားလုံးလည်း ပိုတိုင်ကိုယ်စီကိုင်၍ ဘကြီးဖိုးရန်၏ အမိန့်ပေးသံကို နားစွင့်နေကြသည်။ သူတို့၏ ကိုယ်ပေါ်တွင် မိုးရေတို့ဖြင့် ရွဲရွဲစိုနေကြသည်။ ချမ်းလိုက် အေးလိုက်သည်မှာလည်း မေးချင်းရိုက်၍ ခိုက်ခိုက်တုန်နေကြသည်။ သို့သော် သူတို့က ဘာကိုမှ ဂရုမစိုက်။ အရာရာကို ရင်ဆိုင်ရန် တက်တက်ကြွကြွ ဖြစ်နေကြသည်။

ဘကြီးဖိုးရန်၏ အစီအစဉ်မှာ မဆိုးလှ၊ အားလုံး လက်ခံနိုင်စရာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှ ဖောင်ရှေ့၌ သောင်ရှိပါက သောင်နားသို့ ဖောင်ရောက်သည်နှင့် ရုတ်တရက် ဖောင်ကို လူအားနှင့် ညီညာစွာ ရပ်ပစ်လိုက်ရ၏။ ထိုအခါ ဖောင်နောက်မှ လိုက်လာသောလှိုင်းက ဖောင်ကို တစ်အားရိုက်၍ မ,တင်လိုက်လေသည်။ လှိုင်းကြီးလျှင် ကြီးသလို ဖောင်မှာ မြောက်သွားပြီး လှိုင်းနှင့်အတူ ဖောင်မှာ သောင်ကိုကျော်ပြီး လွတ်ရာသို့ ရောက်ရှိသွားနိုင်လေသည်။ ဤသည်မှာ ဖောင်မှူးတိုင်း၏ တတ်အပ်သော ပညာပင်တည်း။

ယခု သူတို့ဖောင်ကြီးမှာ ရေ၏ဆွဲအားကြောင့် လည်းကောင်း၊ ထိုပြင် လေဒဏ်မိုးဒဏ်တို့ကြောင့် မဟန်နိုင်တော့ဘဲ သောင်စပ်သို့သာ တရွေ့ရွေ့ ရောက်ရှိလာသည်။ ဖောင်ကြီးနှင့်အတူ နောက်မှ လေးပေလောက်ရှိသော လှိုင်းလုံးကြီးများကလည်း တလိမ့်လိမ့်နှင့် လိမ့်၍လိမ့်၍ ပါလာသည်မှာ သစ်ဖောင်ကြီးကို ဝါးမျိုတော့မည့် အတိုင်းပင်တည်း။

မှန်သည်။ သူတို့မှာ ဝါးမျိုမည့် လှိုင်းလုံးကြီးကို မိတ်ဆွေဖွဲ့ကာ ထိုလှိုင်းနှင့်ပင် ဖောင်ရှေ့မှ သောင်ကို စုန်ကြရပေမည်။ သို့မှသာ ဖောင်ကို သောင်တင်ခြင်းဒုက္ခမှ ကင်းဝေးမည်ပင်။ ထို့ကြောင့် မိုးထဲလေထဲ၌ သောင်ကို လှိုင်းနှင့်ခန်ကူးရန် ဖောင်လုပ်သားအားလုံး ထိုးဝါးပိုတိုင်ကိုယ်စီကိုင်ကာ အားယူတာစူနေကြလေသည်။

"ကျား . . ရပ်ပစ်"

ဘကြီးဖိုးရန်က တည်ငြိမ်သောအသံနှင့် အော်ဟစ်အမိန့်ပေးလိုက်သည်။ ထိုအခါ ဖောင်လုပ်သား အားလုံးမှာ သစ်ဖောင်ကြီးကို နေရာက တင်လက်မမှု မရွေ့စေရန် ကိုင်ထားသော ပိုတိုင်ကို သောင်ခုံပေါ်သို့ ညီတူညာတူ အားနှင့် မာန်နှင့် ထိုးစိုက်လိုက်ကြလေသည်။

"ထိုးထား . . ချုပ်ထား . . ကျားကွ"

မောင်ညိုက အားပါးတရ အော်ဟစ်၍ ပိုတိုင်ကို ထိုးစိုက်ထားသည်။ လှိုင်ဟုတ်နှင့် အခြား ဖောင်လုပ်သားများမှာလည်း ဖောင်ကြီးကို လုံးဝ မလှုပ်အောင် စေရန် ထိုးဝါးပိုတိုင်ကိုစိုက်၍ ညာသံပေးကာ ဖောင်ကို ချုပ်လိုက်ကြသည်။ ဖောင်လုပ်သားတို့၏ အားကြီးမာန်တက် ကျားအော်သံများမှာ အသံအားလုံးကို ထိုးဖောက်၍ မြစ်ယံတစ်ခုလုံး ဟိန်းနေတော့၏။

ဤသည်တို့ကြောင့် တရွေ့ရွေ့ မျောနေသော ဖောင်ကြီးမှာ သောင်နှင့် အနားသို့ ရောက်သည်နှင့် ရုတ်တရက် ရပ်တန့်သွားလေသည်။ သည်အခါ ဖောင်နောက်မှကပ်၍ လိုက်ပါလာသော လှိုင်းလုံးကြီးမှာ ဖောင်ကို ဝုန်းခနဲ





ရိုက်ခတ်ပြီး အပေါ်သို့ မ,တင်လိုက်လေသည်။ ဖောင်ပေါ်ရှိ လူအားလုံးမှာ ဖောင်ကြီး မြောက်တက်သွားမှုကြောင့် ဒယိမ်းဒယိုင် ဖြစ်သွားသည်။ သို့ရာတွင် လူများက သဘာဝ၏အန္တရာယ်ကို အလျှော့မပေးကြ။ ကြံ့ကြံ့ခံကာ မိမိနေရာသို့ မိမိ ပြန်ရောက်အောင် ကြိုးစားပမ်းစားဖြင့် သတိထား၍ လုပ်ကိုင်နေကြသည်မှာ သည်းထိတ်ရင်ဖိုစရာပင်။ မိုးကား သဲသဲကြီး ရွာနေ၏။ လေက ကြမ်းလွန်းလှသည်။ ပြင်းထန်သော မိုးသက်မုန်တိုင်း ကျရောက်ချေပြီတကား။

"ကျား တောင့်ထား"

"ဝုန်း"

"ဟာ"

"ရှေ့ဆုံးက ဖောင်တစ်ပျစ်ကို ဖျက် ဖျက်၊ မောင်းတုတ်ကို ဓားနဲ့ခုတ်ဖြတ်ဟေ့၊ ကျား"

"ဖောင်ပျက်ပြီ . . . ဖောင်ပျက်ပြီဟေ့၊ သတိထား"

"ဝုန်း"

"အား"

လှိုင်ဟုတ်၏ အသံနက်ကြီးနှင့် အော်သံကို ကြားရသည်။ သူ၏အော်သံမှာ မြစ်ယံတစ်ခုလုံးကို ဟိန်း၍ ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာလေသည်။

"ဘ ဘကြီးဖိုးရန်၊ ဘကြီး လှိုင်ဟုတ် စဉ်ကျပြီ၊ ဖောင်အောက်ကို ရောက်သွားပြီ၊ လုပ်ကြပါဦး လုပ် . . လုပ်ကြပါဦး"

မောင်ညို၏ ငိုသံပါကြီးနှင့် အော်ဟစ်လိုက်သော အသံကြီးကိုလည်း ထပ်ဆင့်၍ ကြားရပြန်သည်။

အဖြစ်အပျက်တို့မှာ မြန်ဆန်လွန်းလှသည်။ အကြောင်းမှု ရှေ့မှ သောင်ကို ဖောင်နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာသော လှိုင်းအိနှင့် ခုန်ကျော်ရန် ဖောင်ကို ရပ်လိုက်ကြသည်။ သို့သော် ဖောင်လုပ်သားကြီးများအတွက် မှန်းချက်မကိုက်ဘဲ ကံဆိုးမိုးမှောင်ကျတော့သည်။ ဖောင်နောက်မှ လှိုင်းအိနှင့်အတူ ရေအောက်မှ လှိုင်းချုပ်တစ်ခုက ရုတ်တရက် ဘွားခနဲ ထွက်ပေါ်လာသောကြောင့်ပင်တည်း။

မှန်သည်။ လှိုင်းချုပ်မှာ အလွန် ကြောက်စရာကောင်းလှသည်။ ထိုလှိုင်းသည် ရေပြင်ပေါ်၌ ထွက်ပေါ်လာသော ရိုးရိုးလှိုင်းမျိုး မဟုတ်။ ရေအောက်မှ ရေပေါ်သို့ ဆယ်ပေ၊ ကိုးပေမြင့်အောင် လျှပ်တစ်ပြက်အတွင်းတွင် ထွက်ပေါ်လာတတ်သောလှိုင်းပင် ဖြစ်၏။ သူသည် လှိုင်းတို့ဘုရင်၊ လှိုင်းတို့၏အချုပ်တည်း။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေပေါ်၌ရှိသော အရာဝတ္ထုအားလုံးကို လှိုင်းနှင့်အတူ အပေါ်သို့ မ,တင်ကာ ရုတ်ခြည်း ပြန်ထွက်တတ်၏။ ၎င်းလှိုင်း၏ ပြန်ထွက်မှုမှာ လျင်မြန်လွန်းလှသည်။ ထို့ကြောင့် သူ ပြန်ထွက်သွားလျှင် ရေပြင်၌ရှိသော ရေတို့ကို စုပ်ယူဆွဲဆောင်သွားတတ်၏။ လှိုင်းကျရာတွင် ဝဲကတော့ကြီးဖြစ်၍ ကျန်ခဲ့လေသည်။ လှိုင်းချုပ်သည် မြစ်ပြင်၌ဆိုလျှင် ဆယ်ပေမှ ဆယ့်နှစ်ပေလောက်အထိ တက်၏။ ပင်လယ်ပြင်၌ဆိုလျှင် ပေသုံးဆယ်မှ လေးဆယ်အထိပင် တက်ရောက်ပြီး အန္တရာယ်ပေးနိုင်လေသည်။

ယခုလည်း ဘကြီးဖိုးရန်တို့၏ဖောင်မှာ သောင်ကိုခုန်ရန် နောက်မှလှိုင်းအိကို အားကိုးသော်လည်း အားကိုးရာ မရောက်ခဲ့။ လှိုင်းအိနှင့် လှိုင်းချုပ်မှာ ပူးပေါင်းရိုက်မှုကြောင့် သူတို့၏ဖောင်ကြီးသည် ရေပြင်ထက် ဆယ်ပေကျော်လောက် မြင့်တက်သွား၏။ ထို့နောက် ဖောင်အောက်မှလှိုင်းချုပ်က ရုတ်တရက်ခုန်ထွက်သွားသောအခါ လေးလံလွန်းသော သစ်ဖောင်ကြီးသည် အောက်သို့ ဝုန်းခနဲအသံနှင့်အတူ ပစ်ကျလာလေသည်။ ထိုအသံနှင့် လှိုင်ဟုတ်၏အော်သံမှာ ရှေ့ဆင့်နောင်ဆင့် ထွက်ပေါ်လာခြင်းပင် ဖြစ်၏။

ကံဆိုးရှာသူ လှိုင်ဟုတ်မှာ လှိုင်းရိုက်၍ ဖောင်အမြောက်တွင် သစ်ဖောင်ပေါ်က လွင့်စဉ်ကျပြီး ရေထဲသို့ ပစ်ကျသွားသည်။ ရေထဲသို့ လှိုင်ဟုတ် ပစ်အကျတွင် ဖောင်ကြီးကို မ,တင်ထားသောလှိုင်းချုပ်မှာ ဖောင်အောက်မှ ရုတ်တရက် ရေတို့ကိုစုပ်ဆွဲ၍ ပြန်ထွက်လေ၏။ ထို့ကြောင့် ရေထဲသို့ ရောက်ရှိနေသော လှိုင်ဟုတ်မှာ လှိုင်း၏စုပ်ဆွဲမှုကို အပြင်းအထန် ခံရလေတော့သည်။ လှိုင်းချုပ်၏ စုပ်ဆွဲမှုနှင့်အတူ လှိုင်ဟုတ်မှာ ဝုန်းခနဲ အရှိန်ပြင်းစွာ ပြန်ကျလာသောသစ်ဖောင်ကြီးအောက်သို့ လိမ့်ဝင်ရောက်ရှိသွားခြင်းပင်တည်း။

မှန်သည်၊ ဖောင်အောက်၌ သောင်ရှိသည်။ ဖောင်နှင့် သောင်ကြား၌ လှိုင်ဟုတ်က ရောက်ရှိနေချေသည်။ ဖောင်အောက်၌ ရောက်ရှိနေသော လှိုင်ဟုတ်မှာ သက်သာမည်မဟုတ်။ သူ၏အဖြစ်မှာ သံပေပေါ်တွင်တင်၍ ကြီးမားသော သံတူကြီးနှင့် အားပါးတရ ရိုက်နှက်ထုသတ်ခြင်းခံရသလို ခြောက်ပြားကပ်၍ ကိန်းသေ သေပွဲဝင်ရပေတော့မည်။

ထို့ကြောင့် ဖောင်အောက်၌ မချိမဆံ့ဝေဒနာကို ပြင်းပြစွာခံစားရင်း သွေးရူးသွေးတန်း တဝုန်းဝုန်း ရုန်းကန်လှုပ်ရှားနေ၏။ သစ်ဖောင်ကြီး၏ ဝန်းကျင်တစ်ဝိုက်တွင် နီရဲသောသွေးစသွေးနတို့မှာ မြစ်ရေတို့နှင့် ရောထွေးထွက်ပေါ်နေချေပြီ။ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဖောင်လုပ်သားအားလုံး မည်





သို့မည်ပုံ လုပ်ဆောင်ကြရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေကြလေသည်။ ထို့ပြင် လှိုင်ဟုတ်၏ အဖြစ်ဆိုးကိုကြည့်ပြီး သည်းထိတ်ရင်တုန်လောက်အောင် ကြောက်စိတ်တွေဝင်ကာ ကြက်သေ သေနေကြလေပြီ။

လှိုင်းချုပ်၏နှိပ်စက်မှုကြောင့်လည်း ဖောင်ကြီး၏ရှေ့ပိုင်းမှာ ပျက်စီးသွားရသည်။ သစ်လုံးတို့သည်လည်း ရေထဲ၌ ဟိုတစ်လုံးသည်တစ်လုံးနှင့် မျောကုန်ကြလေသည်။ ဤသည်တို့ကြောင့်ပင် ဘကြီးဖိုးရန်က ဖောင်ပျစ်ချင်းဆက်သွယ်ထားသော မောင်းတုတ်ကိုဖြုတ်ပစ်ရန် အမိန့်ပေးခဲ့သည် မဟုတ်ပါလား။ မှန်သည်။ ယခု သစ်ဖောင်ကြီး၏ ရှေ့ဆုံးမှ သစ်လုံးပေါင်း နှစ်ရာ ပါဝင်သော ဖောင်တစ်ပျစ်မှာ လုံးဝ ပျက်စီးပြီ။ မြစ်ပြင်ထက်၌ မျောနေသောသစ်လုံးများကို လှေနှစ်စင်းနှင့် လိုက်ဆယ်သူ ဆယ်ကြရသည်။ မြစ်ပြင်တစ်ခုလုံး ဆူဆူညံ၍ ကမ္ဘာပျက်ချေပြီ။

မည်သို့ဆိုစေ ကျန်သောဖောင်များကို မပျက်မစီးရအောင် ကာကွယ်ကြရပေဦးမည်။ လှိုင်ဟုတ်ကိုလည်း ကယ်ဆယ်ရဦးမည်ပင်။

မိုးသက်မုန်တိုင်းကား မစဲသေး။ ဘကြီးဖိုးရန်တို့လူအားလုံးမှာ ချမ်းအေးမှုများ ပျောက်ကွယ်သွားကာ ဇောချွေးတွေပြန်နေကြ၏။ သူတို့၏ မည်းပြောင်သော ကိုယ်လုံးတို့မှာ မိုးရေနှင့်ဇောချွေးတို့ ရောထွေးလိမ်းကျံနေကြသည်။ ဦးခေါင်းမှ ဆံပင်တို့သည် ရေရွှဲရွှဲစိုကာ မျက်နှာပေါ်သို့ တွဲခိုကျဆင်းနေကြသည်။ ထို့ပြင် သူတို့အားလုံး၏ရင်ထဲ၌ လှိုက်မောနွမ်းဟိုက် ဆို့ကျပ်နာကျင်နေကြသည်။

"လုပ်. . လုပ်. . ဝူး . . ဝူး"

သစ်ဖောင်အောက်တစ်နေရာမှ လှိုင်ဟုတ်၏ မပီမသ ဝူးဝူးဝါးဝါးနှင့် လှုပ်ရှားရုန်းကန်သံကို ကြားရပြန်သည်။ သူ၏လှုပ်ရှားရုန်းကန်သံမှာ မိုးသံလေသံတို့ကို ထိုးဖောက်ပြီး သေမင်းခေါ်သံကဲ့သို့ပင်တည်း။

သူ၏ သေမင်းခေါ်သံကို ကြားရသည်မှာ လူအားလုံး၏ နှလုံးသည်းပွတ်အစုံကို ဓားနှင့် နုပ်နုပ်စဉ်းသည်ထက်ပင် အခံရခက်လှသည်။ နားမချမ်းသာစရာကောင်းသည့်ပြင် အသက်ပင် မည်သည့်နေရာက ထွက်ရမှန်း မသိရှာသော လှိုင်ဟုတ်၊ သူ၏ဘဝကို ဖော်ပြခြင်းငှာ မစွမ်းသာအောင် အသည်းခိုက်၍ သနားကြင်နာမှုကို ဖြစ်စေသည်။ သည်အခါ လူအားလုံး၏ရင်ထဲ၌ ဆို့ကျပ်နာကျင်သော ဝေ ဒနာနှင့်အတူ လှိုက်၍လှိုက်၍ ဝမ်းနည်းလာကာ မျက်ရည်များပင် ရစ်ဝဲ၍ လာကြလေသည်။ ပြီးလျှင် မိုးထဲလေထဲ၌ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တုန်ယင်ချောက်ချားသွားရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်. . လှိုင်ဟုတ်. . ဖောင်အောက်မှာ ရောက်နေတယ်၊ လုပ်. . လုပ်ကြပါဦး၊ သေပြီနဲ့တူတယ်၊ လှိုင်ဟုတ်ရေ. . လုပ်ကြပါဦးဗျ"

မောင်ညိုက သူ့သူငယ်ချင်း လှိုင်ဟုတ်၏ အဖြစ်အပျက်ကို မကြည့်ရက် မမြင်ရက်တော့သဖြင့် အော်ဟစ်၍ ချုံးချပြီး ငိုတော့သည်။ မောင်ညို၏ ယောက်ျားတန်မဲ့နှင့် အော်ဟစ်ငိုယိုလိုက်သော အသံကြီးမှာ ဖောင်ကို သိမ့်သိမ့်တုန်၍ မြစ်ယံကို ပဲ့တင်ထပ်သွားလေသည်။ မောင်ညိုက မျက်ရည်အရွဲသား ငိုယိုရင်းက ပိုတိုင်ကို မြဲမြဲကိုင်၍ ဖောင်ပေါ်မှ သောင်ခုံကိုတိုးသည်။ ထို့အတူ ဖျောင်လုပ်သားများ အားလုံးမှာလည်း ဖောင်ကြီးကို သောင်ပေါ်မှ အားကြီးမာန်တက် တွန်းချကြသည်။ သူတို့၏ ညီညာသောအားကို အစွမ်းကုန် အသုံးချကြသည်။ ပိုတိုင်ကို ပခုံးနှင့်ထောက်၍ အသားအရေများ ပေါက်ပြဲသည့်အထိ ကျွဲရုန်း နွားရုန်း ရုန်းကြသည်။ ကျားအော်သံများ ဆူဆူညံအောင် တိုင်သံပေးကြရသည်။ လှေနှင့်ဖောင်ကို ဆွဲသူဆွဲကြ၊ အော်ကြ၊ ဟစ်ကြနှင့် မြစ်ပြင်တစ်ခုလုံးကမ္ဘာပျက်သည့်အလား မိုးသံလေသံတို့နှင့် ရောထွေး ဆူညံနေတော့သည်။ သို့သော် ဖောင်ကြီးကား တုတ်တုတ်မျှ မလှုပ်၊ နေရာက တစ်လက်မမျှ မရွေ့။

"အားလုံး သတိထား၊ တင်းလာပြန်ပြီဟေ့"

ရုတ်တရက် ဘကြီးဖိုးရန်၏ အော်ဟစ်သတိပေးသံကို ကြားရသည်။ ထို့ကြောင့် ဖောင်သမား အားလုံး ဖောင်ပေါ်က လွှင့်စဉ်ပြီး မကျရန် သတိကြီးစွာ ထားလိုက်ကြသည်။ မှန်သည်။ ကြီးမားသော လှိုင်းလုံးကြီးမှာ တလိမ့်လိမ့်နှင့် သစ်ဖောင်ကြီးရှိရာသို့ ဦးတည်ပြီး ရောက်ရှိလာသည်။ ထို့နောက် ဖောင်ကြီးကို ဝုန်းခနဲ ရိုက်ခတ် မ,တင်လိုက်ပြန်သည်။ ထို့ကြောင့် သစ်ဖောင်ကြီးမှာ လှိုင်းလုံးကြီးနှင့်အတူ အပေါ်သို့ လေးငါးပေခန့် မြောက်တက်ကာ သောင်ခုံကိုကျော်၍ ရေနက်ထဲသို့ ပြန်လည်ပြီး ရောက်ရှိသွားလေတော့သည်။

သည်အခါ သစ်ဖောင်ကြီး သောင်တင်ခဲ့သည့်နေရာတွင် ဖောင်ညပ်သော လှိုင်ဟုတ်ကို ရှာဖွေကြည့်ပါသော်လည်း သူ၏ သဏ္ဌာန်ကို လုံးဝ မမြင်ကြတော့။ ထို့ပြင် ယခင်က တွေ့မြင်ခဲ့ကြရသော လှိုင်ဟုတ်၏ သွေးစသွေးနတို့မှာလည်း ဘယ်သို့ ရောက်ရှိသွားကြသည် မသိတော့။ လုံးဝ ပျောက်ကွယ်သွားကာ ထိုနေရာ၌ မြစ်ရေတို့သာ ဝိုင်းရံ၍နေလေသည်။

သို့သော် သစ်ဖောင်ကြီးကို ရေနက်ထဲသို့ ပြန်လည်ပြီး ဆွဲချပေးသွားခဲ့သော လှိုင်းလုံးကြီးမှာ မြစ်ပြင်တစ်လျှောက် လိမ့်၍လိမ့်၍ အဝေးဆီသို့ လွင့်မျောသွားလေသည်။ ဤသည်ကိုသာ ဘကြီးဖိုးရန်တို့ ရင်မောစွာနှင့် တွေ့မြင်





လိုက်ကြရချေသည်။

မောင်ညိုကလည်း တလိမ့်လိမ့်နှင့် အဝေးဆီသို့ လွင့်မျောသွားသော လှိုင်းလုံးကြီးကို စိုက်ကြည့်ရင်း မျက်လုံးအစုံတွင် မျက်ရည်ရစ်ဝဲ၍ နေတော့သည်။ တစ်ဆက်တည်းမှာပင် အတွေးတို့က သူ၏ အသိဉာဏ်ထဲသို့ ရုတ်ခနဲ ဝင်ရောက်လာသည်။ ဖောင် စ၍ မထွက်ခင်ကတည်းက သူတို့ယုံကြည်ကိုးစားစွာနှင့် ပူဇော်ပသခဲ့သော ရေနတ်အရှင်ကြီးကား ယခုအချိန်၌ ဘယ်သို့ ရောက်ရှိနေသနည်း။ သူတို့ ကျရောက်ခံစားခဲ့ရသော ဒုက္ခကို သိပါလျက် အဘယ်ကြောင့် ရေနတ်အရှင်ကြီးက ကယ်တင်ခြင်း မပြုဘဲ လက်ပိုက်ကြည့်နေရပါသနည်းဟုသာ မောင်ညိုက တွေးနေမိတော့သည်။

* * *

ဖောင်စီးယောက်ျား၊ မြွေသမားနှင့်
ရေသွားခရီး၊ ဆင်စီးသမျှ
စိတ်ကဘယ်ခါ၊ မချရာ

ဟု ပြောဆိုခဲ့ကြသော ရှေးလူကြီးသူမတို့၏ စကားမှာ ယခုတော့ သွေးထွက်အောင်ပင် မှန်ချေပြီ။

ညနေစောင်းသည်နှင့် မုံးချောင်းအတွင်းသို့ သမ္ဗန်ကြီးတစ်စင်း ဝင်ရောက်လာလေသည်။ သမ္ဗန်ကြီးမှာ ခတ်တက်သံ တုက်ချိုက်ချိုနှင့် သမြေကုန်းကျေးရွာဆီသို့ ဦးတည်ကာ မုံးချောင်းအတိုင်း တရွေ့ရွေ့ သွားနေသည်။

ထိုသမ္ဗန်ကြီးအတွင်း၌ လှိုင်ဟုတ်မှအပ ကျန်ဖောင်လုပ်သား အားလုံး လိုက်ပါလာခဲ့ကြလေသည်။ သူတို့သည် စစ်ကိုင်းမှ စုန်ခဲ့သော သစ်ဖောင်ကြီးကို ရန်ကုန်ရှိ ဘုံဘေဘားမားသစ်ကုမ္ပဏီသို့ အပ်ကြရသည်။ ထို့နောက် ရရှိရန်ကျန်သော လုပ်ခများကို ရှင်းလင်း၍ ရန်ကုန်မှသည် သင်္ဘောဖြင့် စစ်ကိုင်းသို့ လာရသည်။ စစ်ကိုင်းမှတစ်ဆင့် ယခုလို သမ္ဗန်ကြုံနှင့် မိမိတို့နေထိုင်ရာ သမြေကုန်းကျေးရွာသို့ လိုက်ပါလာခဲ့ကြခြင်းပင် ဖြစ်လေသည်။

သမ္ဗန်ကြီးအတွင်းရှိ လူအားလုံးတို့မှာ တစ်ဦးနှင့်တစ်ဦး စကားတစ်လုံးမျှ မပြောကြ။ ရွှင်ပျမှု မရှိ၊ အတွေးကိုယ်စီနှင့် ငေးငိုင်နေကြသည်။ သူတို့မျက်နှာများမှာ သုန်မှုန်နေကြ၏။ သူတို့ရင်ထဲ၌ နာကြည်းကြေကွဲခြင်း၊ ဝမ်းနည်းပူဆွေးခြင်းတို့ ရောဖြွမ်းကာ တိတ်ဆိတ်နေကြသည်။

အထူးသဖြင့် ဖောင်မှူးကြီး ဘကြီးဖိုးရန်နှင့် မောင်ညိုတို့၏မျက်နှာမှာ ပိုမို သုန်မှုန်နေသည်ဟု ထင်ရ၏။ တစ်ခါတစ်ခါတွင် ဘကြီးဖိုးရန်၏မျက်နှာတွင်



www.burmeseclassic.com

www.burmeseclassic.com



မေးကျောကြီးများပင် ထောင်၍ ထလာတတ်သည်။ ပြီးလျှင် အံတို တင်းတင်းကြိတ်တတ်သည်။ ထို့ပြင် သူ၏စိတ်ကို မထိန်းသိမ်းနိုင်သောအခါ ပြင်းထန်ကျယ်လောင်သော တောက်ခေါက်သံကို ကြားရတတ်သည်။ ပြီးလျှင် သူ၏ မျက်လုံးအစုံတွင် မျက်ရည်တို့ကား ဝေသီရစ်ဝဲ၍ လာလေသည်။ လူငယ်တွေ ပိုမို၍ စိတ်ထိခိုက် အားငယ်မည်စိုး၍သာ သူ့စိတ်ကိုသူ အောင့်အည်းမျိုသိပ် ထိန်းချုပ်နေရသည်။

မည်သို့ဆိုစေ မိုးသံလေသံတို့ကြားမှ လှိုင်ဟုတ်၏ မချိမဆံ့ အော်သံမှာ ယခုအချိန်ထိ သူ့နားထဲ၌ စွဲနေသေးသည်။ မြစ်ထဲ၌ သေဆုံးခဲ့သော လှိုင်ဟုတ်၏ အလောင်းကိုပင် သူတို့ မတွေ့မမြင်ခဲ့ရ။ တစ်ဆက်တည်းမှာပင် ဘုံဘေဘားမား သစ်ကုမ္ပဏီက မျက်နှာဖြူ[illegible]ရာရှိကြီး၏ နီစပ်စပ်မျက်နှာနှင့် သူ့စကားတို့ကို ပြန်လည်၍ ကြားယောင်လာခဲ့သည်သာတည်း။

"ဒီမှာ အဘိုးကြီး၊ မောင်မင်းတို့လူ မြစ်ထဲမှာ သေတယ်နော်၊ သခင်ကြီးတို့နဲ့ မဆိုင်ဘူး၊ သခင်ကြီးအလုပ် မဟုတ်ဘူး၊ သခင်ကြီးတို့ အလုပ်ဟာ စစ်ကိုင်းက သစ်လုံးတွေ ရန်ကုန်ရောက်တယ်နော် ပြီးတာပဲ၊ ဒီလိုရောက်အောင် အဘိုးကြီးတို့ လုပ်ပေးတယ်၊ အဘိုးကြီးတို့အတွက် လုပ်ခပေးမယ်၊ ဒါပဲ သခင်ကြီး သိတယ်။ အခု သစ်လုံးတွေ ပျောက်တယ်၊ ပျောက်တဲ့အတွက် ပိုက်ဆံဖြတ်တယ်။ နောက်ကို ဒီလို သစ်လုံးတွေ ခဏခဏ ပျောက်တယ်နော် မကောင်းဘူး၊ အဘိုးကြီးတို့ အလုပ်လုပ်ခွင့်ကို သခင်ကြီး မပေးနိုင်ဘူး၊ ဒီတစ်ခါတော့ ရှိစေ အဘိုးကြီး ကောင်းကောင်း သတိထား"

ဤသည်ကား မျက်နှာဖြူကြီး၏စကား။ အကျိုးသင့် အကြောင်းသင့် ရှင်းလင်းပြောပြ၍ မရ။ မြစ်ထဲ၌ လေမုန်တိုင်းမိသည်ကိုလည်း မသိ၊ လူတစ်ယောက်လုံး သေဆုံးရသည်ကိုလည်း အရေးမထား၊ သူတို့အလုပ်မဟုတ်ဟူ၍ ဆိုသည်။ ကျွန်နှင့်သခင်ဆိုပြီး လူတွေကို လူလို မထင်ကြ။ ထင်သလိုပြော ထင်သလို ဆက်ဆံသည်။ သစ်လုံးများ ပျောက်သည့်အတွက်ကိုမူ လုပ်ခထဲမှ ပိုက်ဆံဖြတ်လိုက်သေးသည်။ ပိုမို၍ နာကြည်းစရာကောင်းသည်မှာ အပြစ်မဲ့သူ ဘကြီးဖိုးရန်ကို 'အဘိုးကြီး ကောင်းကောင်း သတိထား' ဟု ကြိမ်းဝါးလိုက်သေးသည် မဟုတ်ပါလား။

မှန်သည်၊ ယခု မိမိတို့အရပ်ဖြစ်သော သပြေကုန်းရွာသို့ ရောက်သော် မည်။ လမ်း၌ အဖြစ်ဆိုးနှင့် သေဆုံးခဲ့ရသော လှိုင်ဟုတ်၏ ပြဿနာကို မည်သို့ ဖြေရှင်းရမည်နည်း။ ထို့ပြင် မျက်နှာဖြူကြီး၏ လူမဆန်သော အပြုအမူတို့ကြောင့်





ရောတွေးကာ ဘကြီးဖိုးရန်၏ မေးကျောကြီးများက ထောင်ထလာရပြန်သည်သာ။

သမ္ဗန်ကြီးမှာ ငြိမ့်ခနဲ ကမ်းကိုတပ်လိုက်သည်နှင့် သပြေကုန်းတော့ရွာသို့ ရောက်ပြီဆိုသည်ကို မမေးဘဲနှင့် လူအားလုံး သိကြသည်။ ထို့ကြောင့် သမ္ဗန်တွင်းရှိ ငြိမ်သက်တိတ်ဆိတ်စွာ လိုက်ပါလာကြသော လူအားလုံးမှာ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ အိပ်ရာလိပ်ကို ဆွဲသူဆွဲ၊ လွယ်အိတ်ကို လွယ်သူလွယ်။ ကိုယ့်ဝန်စည်စလယ်များကို ကိုယ့်ဘာသာ သယ်ပိုး၍ ကမ်းပေါ်သို့ တက်ရန် ပြင်ဆင်နေကြသည်။

သို့သော် မည်သူကမျှ စတင် ဦးဆောင်၍ သမ္ဗန်ပေါ်မှ ကမ်းပေါ်သို့ မတက်သေး။ တစ်ဦးမျက်နှာကို တစ်ဦးကြည့်ရင်း ဆို့နင့်လှိုက်မောနေကြပြန်၏။

မောင်ညိုသည် သူ့လွယ်အိတ်ကို ဖနံတစ်ဖက်၌ လွယ်ထား၏။ ထို့နောက် အခြား လက်တစ်ဖက်တွင် လှိုင်ဟုတ်၏ လွယ်အိတ်နှင့် အဝတ်အစားအိတ်ကို ကောက်ကိုင်လိုက်သည်။ ပြီးလျှင် လှိုင်ဟုတ်၏ ပစ္စည်းများကို လက်ထဲမှ အောက်သို့ ပစ်ချလိုက်ပြန်သည်။ လှိုင်ဟုတ်၏ ပစ္စည်းများနှင့် လှိုင်ဟုတ်၏ မျက်နှာ၊ ထားအိ၏မျက်နှာတို့ကို ပြန်လည် မြင်ယောင်လာသောအခါ မောင်ညိုမှာ ဂနာမငြိမ် ဖြစ်ရတော့သည်။ သူ့စိတ်၏ မတည်ငြိမ်မှုနှင့်အတူ ရွာမှ မထွက်ခင် သူတို့ လင်မယားနှစ်ဦး၏ ကျီစယ်နောက်ပြောင်နေကြပုံတို့ကိုလည်း ပြန်လည်ပြီး မြင်ယောင်လာပြန်သည်။ သည်အခါ ချစ်စကြင်နာစ ဇနီးမောင်နှံ အတွက် အမင်္ဂလာသတင်းကို သူ မယူဆောင်ရက်တော့။ မည်သို့ဆိုစေ ထားအိ ရင်ကျိုးမည့် အမင်္ဂလာသတင်း ဆိုသည်မှာ သူတို့နှင့်အတူ အရိပ်သဖွယ် တွယ်ကပ်၍ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ပြီတည်း။

"ဘကြီးဖိုးရန်တို့ ဖောင်သမားတွေ ရွာတို ရောက်ပြီဟေ့"

သမ္ဗန်သမားကြီး ဦးထော်၏ အော်ဟစ်လိုက်သောအသံသည် မောင်ညိုတို့အဖို့ မိုးကြိုးအကြိမ်ကြိမ် ပစ်သံထက်ပင် ခံရခက်လှ၏။ သူကား ပြောပြော ဆိုဆိုပင် သမ္ဗန်ကြိုးကို ကျောက်ချ၊ ကုန်းဘောင်ထိုးကာ ကမ်းပေါ်သို့ တက်သွားလေတော့သည်။

မကြာပါချေ၊ ရေဆိပ်ချောင်းကမ်းနဖူးသို့ ဖောင်သမားတို့၏ သားမယား များမှာ အူယားဖားယား ပြေးလာကြသည်။ သူတို့၏ သားငယ်များကို [illegible] ဆွဲသူဆွဲ၊ ရင်ခွင်ပိုက်သူပိုက်နှင့် ကတိုက်ကရိုက်နှင့် ရောက်လာကြသည်။ ပြီး သူတို့၏ မျက်နှာများမှာ ထွန်းသစ်စနေခြည်ကဲ့သို့ လန်းဆန်းရွှင်ပြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အပြုံးများ ကိုယ်စီဝေနေကြသည်။ ဝမ်းသာကြည်နူးမှုတို့နှင့်အတူ သူတို့၏ လင်ယောက်ျားများကို ကြိုဆိုရန် ရောက်ရှိလာကြချေပြီ။ သူတို့နှင့် သုံးလေးလမျှ ခွဲခွာ၍ အခြားအရပ်၌ အလုပ်သွားလုပ်ပြီး နေရပ်သို့ ပြန်လာကြသော လင်ယောက်ျားများကို အမောပြေစေရန် အပြုံးဆေးတင်ကာ လှိုက်လှဲစွာ ကြိုဆိုနေကြချေပြီ။

ဖောင်လုပ်သားတို့၏ မယားများအဖို့မှာလည်း မလွယ်။ သူတို့လင်ယောက်ျားများ အိမ်က ထွက်ခွာသည်နှင့် လင်ဖြစ်သူ၏ အိပ်ရာကိုပင် မကျော်ရ။ လင်သားကို စိတ်မခုရ။ ညအိပ်ရာဝင်တိုင်း လင်ယောက်ျားတို့၏ အိပ်ရာကို ရှိခိုးပြီးမှ အိပ်ကြရသည်။ ဘေးကင်း ရန်ကင်းအောင် ဆုတောင်းမေတ္တာများ ပေးပို့ကြရသည်မှာလည်း နေ့စဉ်နေ့တိုင်း။ အကယ်၍ အိမ်သူ ဖောက်ပြန်ပါက ဖောင်လုပ်သားဖြစ်သူ လင်ယောက်ျား ဒုက္ခတွေ့တတ်သည် ဟူသော အယူအဆရှိ၏။ ထို့ကြောင့်လည်း ဖောင်လုပ်သားတို့၏ သားမယားများမှာ တတ်နိုင်သမျှ သိမ်သိမ်မွေ့မွေ့နှင့် အရာရာ ထိန်းသိမ်းနေခဲ့ကြရသည်။ မှန်သည်။ ယခု သူတို့ကိုယ်ကို စောင့်စည်းထိန်းသိမ်းခဲ့သလို သူတို့၏ လင်ယောက်ျားများမှာ ချောမောစွာဖြင့် နေရပ်သို့ ပြန်လည် ရောက်ရှိလာကြချေပြီ။ ဤသည်တို့ကြောင့်လည်း သူတို့တစ်တွေမှာ ဝမ်းသာနေကြသည်။ သစ္စာတရား၏ အကျိုးကြီးမားမှုအတွက် ဂုဏ်ယူနေကြသည်။

ထို့အတူ ထားအိလည်း အများနည်းတူ အရာရာကို ထိန်းသိမ်းခဲ့သည်။ စောင့်စည်းခဲ့သည်။ ကြီးမားသော သစ္စာတရားကို ရင်မှာပိုက်၍ လှိုင်ဟုတ်ကိုသာ မျှော်လင့်ခဲ့သည်။

သူ၏ မျှော်လင့်ချက်နှင့်အတူ လှိုင်ဟုတ်ကို ကြိုဆိုရန် ကမ်းနဖူးသို့ ရောက်ရှိလာသည်။ 'အစ်ကို ပြန်လာရင် ငါမှာလိုက်တဲ့ ဆင်စွယ်ဘီးရယ်၊ တူတယ်လုံချည်ရယ်တော့ ပါလာမှာပဲ၊ ပြီးတော့ ဟို့ . . ဟို ကလေးဖို့လည်း' ထားအိက သူ့ဘာသာသူ တွေးရင်း သမ္ဗန်ကြီးကို စိုက်ကြည့်လိုက်သည်။ ပြီးမှ သူ့အတွေးကြောင့် မိမိဘာသာ ပြုံးရသေးသည်။ သည်အခါ ထားအိ၏ရင်ထဲ၌ ကြည်နူးမှုက လှိုင်းခတ်လှုပ်ရှားသွားသည်။

ထားအိကား လွတ်လွတ်လပ်လပ် မဟုတ်။ အတော်အတန် ရင့်မာနေပြီဖြစ်သော ကိုယ်လေးလက်ဝန်နှင့်။ သူ့မျက်နှာသည် ပြည့်ဖြိုးဝင်းလက်နေ၏။ ရင့်ရော်၍ ပျောက်ကွယ်လုရှိပြီဖြစ်သော နေခြည်ရဲရဲသည် ထားအိကို အစွမ်းကုန် လွှမ်းခြုံထားသည်သို့ ရှိ၏။ သည်အခါ ထားအိမှာ အများနှင့်မတူ ထူးခြား





သည်မို့ ပိုမို၍ လှပနေသည်ဟု အောက်မေ့ရသည်။

ဘကြီးဖိုးရန်သည် သမ္ဗန်ပေါင်းမိုးထဲမှ အပြင်သို့ ထွက်လိုက်သည်။ ပြီးလျှင် ကမ်းပေါ်၌ အပြုံးကိုယ်စီနှင့် သူတို့ကို ဆီးကြိုနေကြသော အမျိုးသမီးတွေထဲမှ ထားအိကို အရင်ဆုံး ရှာဖွေကြည့်သည်။ 'မတွေ့ပါစေနဲ့. မတွေ့ပါစေနဲ့' ဟူ၍လည်း ရင်ထဲက အကြိမ်ကြိမ် ကျိတ်ပြီး ဆုတောင်းမိသည်။ သည်အချိန်၌ ထားအိနှင့် မျက်နှာချင်းမဆိုင်ချင်။ ထားအိအတွက် ရင်ကျိုးမည့်သတင်းဆိုးကို ဘကြီးဖိုးရန် မပြောကြားလို။ သို့သော် စောင့်ကြိုနေကြသော လူတွေထဲတွင် သူ မတွေ့လိုသော ထားအိကား ရောက်ရှိပြီးနှင့်ချေပြီ။

"ဘကြီး . . ဖိုးရန်၊ ကိုကိုလှိုင်ဟုတ်ကော"

ထားအိက ဘကြီးဖိုးရန်ကို မြင်သည်နှင့် အော်မေးလိုက်သည်။ သည်အခါ ထားအိဘေးတွင် ရပ်နေသော ကြီးကြီးစိန်က ထားအိကို သဲရန်ကောဟူသော သဘောနှင့် မျက်စောင်းထိုးသည်။ ဤသည်ကို ထားအိ မသိ။ သတိလည်း မထား။ ဘကြီးဖိုးရန်၏ အဖြေကိုသာ စောင့်စားနေသည်။

ဘကြီးဖိုးရန်အဖို့ ခက်ချေပြီ။ ထားအိ၏ အမေးကြောင့် ရင်ထဲ၌ ဒိန်းခနဲဖြစ်သွားပြီး မျက်စိမျက်နှာများပင် ပျက်သွားရသည်။ သို့သော် ထားအိ မရိပ်မိအောင် ပြန်လည်၍ ဣန္ဒြေဆည်လိုက်သည်။ ပြီးမှ သမ္ဗန်နှင့်ကမ်းကို ထိုးထားသော ကုန်းဘောင်မှတစ်ဆင့် ကမ်းပေါ်သို့ ခပ်ငြိမ်ငြိမ်စွာဖြင့် တက်လာသည်။ ကမ်းပေါ်သို့ ရောက်သည်နှင့် ကြီးကြီးစိန်က ဘကြီးဖိုးရန်ကို ပြုံး၍ဆီးကြိုသည်။ ပြီးလျှင် ဘကြီးဖိုးရန်ဆီမှ ဝန်စည်စလယ်များကို လှမ်းယူသည်။ ဘကြီးဖိုးရန်က ကြီးကြီးစိန်ကို မျက်ရိပ်မျက်ကဲပြ၍ ရေဆိပ်မှ နှင်လွှတ်သည်။

ဖောင်သမား အားလုံးလည်း တန်းစီ၍ ကမ်းပေါ်သို့ တက်လာကြပြီ။ သူတို့၏ မျက်နှာတို့တွင် ညှိုးငယ်ခြင်း၊ ဝမ်းနည်းခြင်းများ ရောထွေးနေကြ၏။ သူတို့၏ မျက်လုံးအစုံတို့သည် မည်သည့်အရာကိုမျှ မကြည့်ကြ။ ထားအိဆီသို့သာ စူးစိုက်ကြည့်နေကြသည်။ သူတို့၏အကြည့်တွင် ကြင်နာခြင်း၊ သနားခြင်းများ ရောထွေးနေကြောင်း ထားအိ သိမည် မဟုတ်ချေ။

ထိုအချိန်တွင် မုံးချောင်းကိုဖြတ်၍ တသုန်သုန် တိုက်ခတ်လိုက်သော လေရှူးကြောင့် ထားအိဆံစပ်မှ ဆံပင်တို့သည် လူးလွန့်လှုပ်ရှားသွားသည်။ မုံးချောင်း၏ ရေပြင်မှာလည်း လှိုင်းဂယက် ထသွားလေသည်။ ထို့အတူ ထားအိ၏ရင်ထဲ၌ အေးခနဲ ဖြစ်သွားသည်။ ထို့နောက် ထားအိ၏ ရင်ထဲ၌ လှုပ်ရှားသွားကာ တစ်စုံတစ်ခု လိုသလို ဟာသွားမိသည်။ ပြီးလျှင် ဖောင်သမားများ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကို စိုက်ကြည့်နေမှုကြောင့်လည်း မနေတတ်မထိုင်တတ် ဖြစ်လာသည်၊ မလုံမလဲ ဖြစ်လာ၏။ သူတို့မျက်နှာတွေကို ထားအိ ကြည့်ရသည်မှာ တစ်မျိုးပင်၊ နေအစင်းပေါင်းများစွာ ဝိုင်းဝန်းထိုးသည့်အလား ပူလောင်သောဝေဒနာကို ခံစားလိုက်ရ၏။ ဘကြီးဖိုးရန်ကလည်း သူ၏အမေးကို ယခုထိ မဖြေသေး။ 'အစ်ကိုမှ ပါလာရဲ့လား'ဟုလည်း တွေးမိသည်။ ထိုအခါ ဘာကြောင့်မှန်း ထားအိ မသိ၊ 'အစ်ကိုလို့' တမ်းတလိုက်သည်နှင့် ထားအိ ရင်ထဲက တလှပ်လှပ်ဖြစ်ကာ ဆို့ကျပ်သောဝေဒနာကို ခံစားလိုက်ရသည်။ ထို့ကြောင့် ဖောင်လုပ်သားများဆီမှ မျက်စိကို လွှဲပစ်လိုက်ရ၏။

"ဘကြီးဖိုးရန်၊ ကို. . . ကိုလှိုင်ဟုတ်ကောဟင်"

ထားအိက ကမ်းပေါ်သို့တက်လာသော ဖောင်လုပ်သားများ၏ မျက်နှာတို့ကို တစ်ဦးစီလိုက်ကြည့်ရင်း ဘကြီးဖိုးရန်ကို ထပ်ဆင့် မေးပြန်သည်၊ သူတို့၏ အကြည့်က ပူလောင်သည်မို့ ထားအိက သူတို့ကို မကြည့်ဘဲ မျက်နှာလွှဲဖယ်မိသော်လည်း မကြည့်ဘဲ မနေနိုင်။ သူတို့လိုပင် သမ္ဗန်မှတစ်ဆင့် ကုန်းဘောင်ပေါ်၊ ကုန်းဘောင်ပေါ်မှတစ်ဆင့် သူ့ဆီသို့ လှိုင်ဟုတ် ရောက်လာမည်။ သူချစ်သော အစ်ကို၏ လာရာလမ်းသည်လည်း သည်နေရာနှင့် သည်လမ်းမို့ ထားအိ မကြည့်ဘဲ မနေနိုင်။

သူ၏ မေးသံသည် ယခင်ကလို မဟုတ်တော့။ သူ၏မျက်နှာတွင် အပြုံးများလည်း ပျောက်ကွယ်နေ၏။ ထို့ပြင် ညှိုးငယ်မှုနှင့်သာ လွှမ်းခြုံထားသည်ဟု ဘကြီးဖိုးရန် မှတ်ချက်ချမိသည်။ မည်သို့ဆိုစေ သည်အမေးကို မဖြေလျှင်လည်း ပြီးမည် မဟုတ်။ ဖြစ်သည့်နည်းနှင့် ဖြေရမည်။

"နောက် . . . မှာ . . . ပါတယ်"

ဘကြီးဖိုးရန်၏နှုတ်မှ အဖြေက ရုတ်တရက် ထွက်သွားသည်။ သူ၏ အသံမှာ တစ်လုံးချင်းနှင့် တည်ငြိမ်လှသည်။ သို့သော် ဘကြီးဖိုးရန်က ပြောပြော ဆိုဆိုနှင့် မျက်နှာလွှဲပစ်လိုက်သည်။ အခြား ဖောင်လုပ်သားတို့၏ မိသားစုများမှာလည်း နေရာမှ တိတ်ဆိတ်စွာ ထွက်ခွာသွားကြပြီ။ ချို့သူတွေက သူတို့၏ သားမယားများကို ဘာမှ မမေးကြရန် လက်ကာပြသူ ပြကြ၏။ ထားအိ မမြင်အောင် သူ့ကို မေးငေါ့သူ ငေါ့ပြကြ၏။ ထို့နောက် တိတ်ဆိတ်စွာ နေရာမှ ထွက်ခွာသွားကြလေပြီ။

"အစ်ကိုရေ၊ အစ်ကိုက ဘာလုပ်နေတာလဲ၊ ဒီမှာ စောင့်နေရတဲ့လူက လည်ပင်းရှည်လှပြီ"





ထားအိက ပြောပြောဆိုဆိုနှင့် ကုန်းဘောင်ပေါ်မှတစ်ဆင့် သမ္ဗန်ထဲသို့ တဒိုင်းဒိုင်း ပြေးဆင်းသွားသည်။ သမ္ဗန်ပေါင်းမိုးထဲသို့ ထားအိ ရောက်သည်နှင့် ထားအိ ရင်ထဲတွင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်၊ တုန်လှုပ်ချောက်ချားသွားသည်။

အကြောင်းမူ သမ္ဗန်ပေါင်းမိုးထဲ၌ သူ တွေ့ချင် မြင်ချင်လှသော သူ့ယောကျ်ား လှိုင်ဟုတ်ကို မတွေ့မမြင်ရ၊ ဘယ်ကို ရောက်နေသည်လည်း ထားအိ မသိ။ ထားအိ တွေ့မြင်ရသည်မှာ သူ၏ ရှေ့မှောက်၌ မောင်ညိုတစ်ဦးတည်းပင် ငုတ်တုတ်ထိုင်ပြီး ငိုင်နေသောကြောင့်ပင်တည်း။

မောင်ညိုမှာ ထားအိအသံ ကြားကတည်းက သမ္ဗန်ပေါင်းမိုးထဲက မထွက်ရဲတော့ဘဲ ကုပ်နေခဲ့သည်။ ယခု ထားအိ သူ့ရှေ့သို့ မောကြီးပန်းကြီး ရောက်လာသောအခါ မျက်ကလဲဆန်ပျာဖြစ်ပြီး ဘာလုပ်၍ ဘာကိုင်ရမှန်းပင် မသိတော့။ လှိုင်ဟုတ်၏ ပစ္စည်းများကိုသာ တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ ပြီးလျှင် ထားအိကို ဆို့နစ်ကြေကွဲ မျက်ရည်အရွှဲသားဖြင့် စိုက်ကြည့်နေသည်။ ပြီးမှ ရုတ်ခြည်းထ၍ ပေါင်းမိုးအပြင်ဘက်သို့ ထွက်သည်။ တတ်နိုင်လျှင် တစ်ခါတည်း ဤနေရာက မောင်ညို ထွက်ပြေးလိုက်ချင်သည်။

"အစ်ကိုမောင်ညို၊ ကိုလှိုင်ဟုတ်ကော. . ကိုလှိုင်ဟုတ်လေ၊ သူ. . သူ အခု ဘယ်မှာလဲ၊ ကျွန်မကို ပြောပြစမ်းပါဦး"

ထားအိက မောင်ညို၏နောက်မှ လိုက်လာရင်း မောင်ညို၏လက်ကို ကိုင်လှုပ်ရင်းမေးသည်။ သည်အခါ သမ္ဗန်ပေါင်းမိုးမှ အစွန်းတစ်ခုနှင့် ထားအိ၏ ဆံထုံးကို ခိုက်မိသည်။ ထို့ကြောင့် ထားအိ၏ဆံထုံးမှာ ဖွာခနဲ ပြေကျသွားသည်။ ဤသည်ကို ထားအိက ဂရုမစိုက်။ သူ ဂရုစိုက်သည်မှာ လှိုင်ဟုတ်။ လှိုင်ဟုတ် ဘယ်ကို ရောက်နေသည်ကိုသာ သူ သိချင်နေသည်။ သူ၏ စုစည်းမှုကင်းမဲ့သွားပြီဖြစ်သော ဆံပင်တို့မှာ လေ၏ တိုက်ခတ်မှုကြောင့် ဖွာလန်ကြဲကာ လွင့်လွင့်ဝဲတော့၏။ ထိုအခါတွင် သူ၏ မျက်လုံးအစုံ၌လည်း မျက်ရည်တို့ကား ရစ်ဝဲစပြုနေချေပြီ။

"ရော့ ဒါ. . . ဒါ လှိုင်ဟုတ်ပစ္စည်း"

မောင်ညိုက သူ့လက်ထဲတွင် တင်းကျပ်စွာ ကိုင်ထားသော လှိုင်ဟုတ်၏ ပစ္စည်းများကို ထားအိသို့ပေးရင်း အထစ်ထစ်အငေါ့ငေါ့ ဆိုသည်။ သူ၏အသံမှာ ဆို့နစ်ကျပ်တည်းသော ဝေဒနာနှင့် ရောထွေးနေသည်။ ရင်ထဲက လှိုက်၍လှိုက်၍ တက်လာသော ဝမ်းနည်းစိတ်ကိုလည်း အနိုင်နိုင် မျိုသိပ်နေရ၏။

"ဒါ. . . ဒါကို ကျွန်မ မေးတာ မဟုတ်ဘူး၊ သူ သူလေ အခု ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲဟင်၊ ပြောစမ်းပါ အစ်ကိုညိုရယ် ပြောစမ်းပါ၊ ကိုလှိုင်ဟုတ် ဘယ်မှာလဲ"

ထားအိက မောင်ညို၏လက်ကို ဆွဲကိုင်လှုပ်ယမ်းရင်း မေးသည်။ ထားအိ၏ အသံမှာ တုန်ယင်၍ ငိုသံများပင် ပါလာချေပြီ။ သည်အခါ မောင်ညို၏ ရင်ထဲ၌လည်း မချမ်းသာ။ ထားအိနည်းတူ ခံစားနေရသည်။ ထားအိ အမေးကို မည်သို့ ဖြေရမှန်းလည်း မသိ။ အသိမပေးဘဲ ဖုံးဖိထား၍ ရမည့်ကိစ္စလည်းမဟုတ်။ ထို့ကြောင့် ဗလောင်ဆူသော ရင်ခုန်သံနှင့်အတူ မောင်ညို၏ မျက်လုံးအစုံ၌လည်း မျက်ရည်တို့ကား ဝေသီရစ်ဝဲ၍ လာရသည်သာ။

ထိုအချိန်၌ ဘကြီးဖိုးရန်မှာ သမ္ဗန်ပေါ်သို့ ပြန်လည်ပြီး ရောက်ရှိလာသည်။ ထားအိအဖြစ်ကို ကြည့်၍ သူ့ရင်ထဲ၌လည်း ဆို့ကျပ်လိုက်မောသွား၏။

"လှိုင်ဟုတ်လား၊ ဒီကောင်. . . ဒီကောင်လေ လမ်းမှာ ဖောင်. . ဖောင် ညပ်. . . ညပ်လို့ ဆုံးပြီ ထားအိရဲ့၊ နင့်ယောက်ျား မရှိတော့ဘူး"

မောင်ညိုကဲ့ လှုငယ်ပီပီ ဣန္ဒြေမဆောင်နိုင်တော့။ ပြောပြောဆိုဆိုနှင့် ချုံးချ၍ ငိုလိုက်တော့သည်။

"ဟာ ဒီကောင် ယောက်ျားတန်မဲ့နဲ့၊ ဟေ့ကောင် တော်. . . တော်"

ဘကြီးဖိုးရန်က မောင်ညိုကို သတိပေးစကား ပြောကြားသည်။သို့သော် သူ၏မျက်လုံးအစုံ၌လည်း မျက်ရည်တို့ကား ရစ်ဝဲဝေသီနေသည်သာ။

"ဟင် ကိုလှိုင်ဟုတ်၊ သူ သူဆုံးပြီ၊ ဘယ်မှာဆုံးတာလဲ၊ သူ သူမရှိတော့ ကျွန်မ ဘယ်သူ့ကို အားကိုးရမှာလဲ၊ ဘယ်သူနဲ့ နေရမှာလဲ၊ ပြောစမ်းပါဦး ဘကြီးဖိုးရန်ရဲ့၊ ဒါနဲ့ ခုနကတော့ နောက်မှာ ပါတယ်ဆို"

မောင်ညို၏ မချိတင်ကဲ ပြောလိုက်သောစကားတို့မှာ ထားအိ၏ နှလုံးသားသည်းပွတ်သို့ သံပူရည်များနှင့် လောင်းချလိုက်သလို ခံစားရသည်။ ထို့ပြင် မိုးကြိုးရှစ်စိတ် ပစ်ခွင်းခြင်းခံရသလို ဦးခေါင်းတစ်ခုလုံး မူးမိုက်သွားရသည်။ ပြီး သတိလက်လွတ်ဖြစ်သွားကာ ကိုယ်ကို လဲမသွားစေရန်လည်း မနည်း သတိထားလိုက်ရသည်။ ထို့အတူ သူ၏ မျက်လုံးအစုံမှ မျက်ရည်တို့ကား ပါးပြင်ပေါ်သို့ အဆီးအတားမရှိ တလိမ့်လိမ့် စီးကျလာရင်း ထားအိက ဆိုသည်။

"ဒီပစ္စည်းတွေ ဘာလုပ်ဖို့လဲ၊ သွား မလိုချင်ဘူး၊ အစ်ကိုရေ အစ်ကို့ ပစ္စည်းတွေကို ကျွန်မ မလိုချင်ဘူးတော့"

ထားအိက မောင်ညို၏လက်ထဲမှ လှိုင်ဟုတ်၏ လွယ်အိတ်ကိုယူ၍ ရေထဲသို့ လွှင့်ပစ်လိုက်သည်။ ပြီးလျှင် ပြောပြောဆိုဆိုနှင့် ချုံးချ၍ ငိုလိုက်တော့သည်။ ထားအိ၏ အော်ဟစ်ငိုရှိုက်သံတို့မှာ မိုးချောင်းတစ်ခုလုံးကို ဟိန်း၍





ပဲ့တင်ထပ်သွားလေသည်။

ထားအိ လွှင့်ပစ်လိုက်သော လွယ်အိတ်ထဲတွင် လှိုင်ဟုတ်၏ အလုပ်လုပ်ခငွေများ ရှိ၏။ ထိုငွေစက္ကူများသည် လွယ်အိတ်အတွင်းမှ လွင့်ထွက်ကာ ရေပြင်ထက်၌ ပေါလာပေါ်၍ မျောနေသည်။ ခဏအကြာတွင် ရေပြင်ထက်မှ ငွေစက္ကူတို့မှာ လှိုင်းဂယက်ကြောင့် ရေအောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားသည်။

"လာပါ ထားအိရယ်၊ ပြီးတာတွေလည်း ပြီးမှပဲ၊ ဘာမှ အားမငယ်ပါနဲ့၊ တို့လည်း ရှိပါတယ်ဟယ်"

ဘကြီးဖိုးရန်က ထားအိကို ဖျောင်းဖျပြောဆိုပြီး သမ္ဗန်ပေါ် တွဲခေါ်သည်။

"ဟင့်အင်း . . ဟင့်အင်း၊ ကျွန်မ အိမ်ကို မပြန်တော့ဘူး၊ ကိုလှိုင်ဟုတ်မှ မရှိတော့တာ ကျွန်မလည်း မနေတော့ဘူး"

"ဟဲ့ဟဲ့ ထားအိ၊ ဒီလို မလုပ်နဲ့လေ. . . မလုပ်နဲ့"

"ဟင့်အင်း . . ဟင့်အင်း၊ လွှတ်ပါ လွှတ်ပါ ကျွန်မကို လွှတ်ကြပါ"

ထားအိက ပြောပြောဆိုဆိုနှင့် သမ္ဗန်ပေါ်က ရေထဲခုန်ချရန် အားယူသည်။ ဘကြီးဖိုးရန်က ထားအိကို ဆွဲထားသည်။ ထားအိက အတင်းရုန်းသည်။ သို့သော် ဘကြီးဖိုးရန်ကမလွှတ်။ သမ္ဗန်ပေါ်၌ ဝုန်းဒိုင်းကြဲတော့သည်။

"ဟေ့ကောင် မောင်ညို၊ ဒီမှာ လုပ်ပါဦးကွ၊ ဒုက္ခပါပဲ"

ဘကြီးဖိုးရန်က မောင်ညိုကို အကူအညီတောင်းသည်။ ထို့ကြောင့် မောင်ညိုမှာ ရုတ်ခြည်းပင် ထားအိကို ပွေး၍ ပွေ့ချီလိုက်သည်။ ထားအိမှာ ယက်ကန်ယက်ကန်နှင့် အော်ဟစ်ငိုယို လူးလှိမ့်ရုန်းရင်း မောင်ညို့ရင်ခွင်ထဲသို့ ပါသွားလေတော့သည်။

"လာလာ သူ့ကို ဒီအတိုင်းပဲ ခေါ်ခဲ့၊ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ အားလုံး ဒုက္ခရောက်ကုန်မယ်"

ဘကြီးဖိုးရန်က အခြေအနေကို နားလည်သည်။ ထို့ကြောင့် ဖြစ်သလိုပင် ထားအိကို ခေါ်ဆောင်လာရန် မောင်ညိုကို ပြောကြားသည်။ ပြီးလျှင် ထားအိကို အောက်သို့ချကာ အတင်း ချုပ်ကိုင် တွဲခေါ်လာခဲ့ကြလေသည်။ ထားအိမှာ ရုန်းကန်လူးလှိမ့်ရင်း ဘကြီးဖိုးရန်တို့ ခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေသည်။

ထိုအချိန်၌ နေသည် လုံးဝ ပျောက်ကွယ်သွားကာ တစ်လောကလုံးကို



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ဖုံးလိုက်လေသည်။ ထားအိ၏ ငိုရှိုက်သံတို့က သမြေကုန်းကျေးရွာတစ်ခုလုံးကို အမှောင်ထုနှင့်အတူ ဖုံးလွှမ်း၍ ပွဲတင်ထပ်သွားလေပြီတည်း။

* * *

"ငါဟာ အဲဒီကစပြီး သစ်ဖောင်အလုပ်ကို စိတ်နာတာနဲ့ မလုပ်တော့ဘူးကွ၊ အခုမှ ပြန်ပြီး အလုပ်ဝင်လာတာ ဘာကြာသေးလို့လဲ၊ တကယ်တော့ ယောကျ်ားဖောင်စီး မိန်းမမီးနေဆိုတဲ့ စကားဟာ သိပ်မှန်တာပဲကွ၊ တချို့ ဝါးဖောင်သမားတွေဆိုရင် ခြေပြတ်လက်ပြတ်နဲ့ ဘဝတစ်ခုလုံး ဆုံးတဲ့လူတွေလည်း မနည်းဘူး"

ဘကြီးညိုက သူ၏ ဇာတ်လမ်းကို အဆုံးသတ်သည်။ မရပ်တမ်း ပြောသည်မို့ မောသွားဟန်ရှိသည်။ ထို့ကြောင့် မီးငြိမ်းနေပြီဖြစ်သော ဆေးပေါ့လိပ်ကို မီးညှိရင်း အားပါးတရ ဖွာရှိုက်လိုက်သည်။

ဘကြီးညို၏ဘေးတွင် ဝိုင်းထိုင်၍ နားထောင်နေကြသော ကိုထွန်းခိုင်၊ ထွန်းကြိုင်နှင့် ထွန်းမြိုင်တို့ ညီအစ်ကိုသုံးယောက်သားမှာ ဘကြီးညို၏ စကားဆုံးသည်နှင့် ရင်ထဲ၌ လှိုက်မော၍ ကျန်ရစ်ခဲ့ကြသည်။

"ဒါနဲ့ ဘကြီးညို၊ ထားအိဆိုတဲ့ ကောင်မလေး နောက်တော့ ဘယ်လိုဖြစ်သွားသေးလဲဟင်"

ကိုထွန်းခိုင်နဲ့ ထွန်းကြိုင်တို့မှာ သူတို့ မမြင်ဖူးဘူးသော ထားအိဆိုသည့် မိန်းကလေး၏ ပုံပန်းသဏ္ဌာန်ကို စိတ်ကူးနှင့် မှန်းဆကြည့်ကြသည်။ ပြီးလျှင် သူ့ယောကျ်ားဆိုသူ ကိုလှိုင်ဟုတ်ကို သနားသည်။ ထားအိကို ကရုဏာသက်သည်။ သည်အခါ သူတို့၏ ရင်ထဲ၌လည်း ဆို့ကျပ်နာကျင်သော ဝေဒနာကို အသီးသီး ခံနေရသည်။

"အေး ငါပြောတာ နည်းနည်း လိုသွားတယ်၊ လှိုင်ဟုတ်အကြောင်းသာ အစုံပါပြီး ထားအိအကြောင်း နည်းနည်း ကျန်သေးတယ်ကွ၊ အဲဒီလို လှိုင်ဟုတ်တစ်ယောက် ဖောင်ညပ်လို့ ဆုံးသွားတော့ ထားအိမှာ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ကျန်ရစ်ခဲ့တယ် မဟုတ်လားကွ။ အဲဒီတုန်းက တို့မှာ အခုလို အစိုးရလက်မှတ်ရပြီး ကျွမ်းကျင်တဲ့ သားဖွားဆရာမတွေ ဘာတွေက ရှိတာ မဟုတ်သေးဘူး။ ဒါကြောင့် ထားအိလည်း မီးဖွားရော ဒုက္ခတွေ့တော့တာပဲ၊ သားဦးဆိုတော့ ပိုဆိုးတယ်ထင်ပါရဲ့ကွာ၊ အရပ်လက်သည်တွေက ဟိုကနှိပ် ဒီကနှိပ်၊ ရင်ခေါင်း လုံချည်စည်းတဲ့လူကစည်း ဗိုက်ပေါ်တက်ပြီး နင်းတဲ့လူကနင်းဆိုတော့ ထားအိလည်း မီးမဖွားနိုင်ဘဲ သေဆုံးသွားရတယ်ကွာ"

ဘကြီးညိုက စကားဆုံးသည်နှင့် သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။





အတိတ်မှ ဖြစ်ရပ်တို့သည် ဘကြီးညိုကို ရောင်ပြန်ဟပ်လေပြီလား မသိ၊ မှန်သည်။ ဘကြီးညို၏မျက်နှာမှာ ညှိုးရော်နေသည်။ မည်သို့ဆိုစေ ဘကြီးညိုအဖို့ ရင်ထဲ၌ အောင့်ထားရသော စကားတို့ကို ထုတ်ဖော်ပြောကြားလိုက်ရသည်မို့ ပေါ့ပါးသွားသည်ကား အမှန်ပင်တည်း။

"ဟိုတုန်းက ဖောင်သမားတွေဟာ သိပ်ပြီး သနားစရာကောင်းတာပဲနော်"

သည်တစ်ခါ ဝင်ပြောသူမှာ ထွန်းမြိုင်ပင် ဖြစ်၏။ သူ၏ မျက်လုံးအစုံ၌ ထိတ်လန့်တုန်လှုပ်မှုများ ရှိနေဆဲပင်။

"အေးပေါ့ မောင်ရာ၊ ဟို ကိုလိုနီခေတ်က ဖောင်ဖွဲ့ပြီးလို့ ရန်ကုန်ကို စုန်တဲ့အခါ အခုလို မော်တော်နဲ့ ရှေ့က ဆွဲပေးတာ မဟုတ်ဘူး၊ တို့ဖောင်အလုပ်သမားတွေကိုလည်း မျက်နှာဖြူတွေက လူရာသွင်းတာ မဟုတ်ဘူး၊ ကိုယ့်ဖောင်ကိုယ်ထိန်းပြီး လှိုင်းတွေ လေတွေကြားမှာ အသက်စွန့်ပြီး လုပ်ကြကိုင်ကြရတာ။ အခုခေတ်မှာတော့ မော်တော်က ရှေ့က ဆွဲပေးတော့ ရန်ကုန်ရောက်တာလည်း မြန်တယ်၊ အသက်အိုးအိမ်အတွက်လည်း စိုးရိမ်စရာ မရှိတော့ဘူး၊ ယောကျ်ားဖောင်စီး မိန်းမမီးနေဆိုတာ ဟိုတုန်းကဟုတ်တယ်။ အခုတော့ အရင်တုန်းကလို စိုးရိမ်စရာ မရှိလှတော့ဘူး။ ဖောင်သမားတွေရဲ့ ဘဝဟာလည်း စိတ်ချရသလို တို့ကျေးရွာ ဇနပုဒ်က မီးဖွားသူတွေ အတွက်လည်း စိုးရိမ်စရာ မရှိတော့ပါဘူး။ အခု သိပ်ပြီး ဟန်ကျတာ၊ စစ်ကိုင်းကနေ ရန်ကုန်အရောက် အရက်နှစ်ဆယ်ကနေ တစ်လလောက်ပဲ ကြာတယ် မဟုတ်လား။ ဟိုတုန်းက ဘယ် ဒီလို မဟုတ်ဘူး၊ လေးဆယ့်ငါးရက်ကနေပြီး ရေလှည့်မသင့်ရင် နှစ်လအထိ ကြာတတ်တယ်ကွ။ ကဲကဲ ညဥ့်လည်းနက်ပြီ၊ မင်းတို့ ဖောင်တွေကို လှည့်ပတ်ပြီး ကြည့်ကြဦး၊ တစ်ရက် နှစ်ရက်အတွင်းမှာ တို့ဖောင်တွေ ရန်ကုန်ကို စုန်ရတော့မှာပါကွာ"

ဘကြီးညိုက ပြောပြောဆိုဆိုနှင့် ထိုင်ရာကထသည်။ ထို့ကြောင့်လည်း ကိုထွန်းခိုင်၊ ထွန်းကြိုင်နှင့် ထွန်းမြိုင်တို့လည်း ထိုင်ရာမှ ထလာကြသည်။ ပြီးလျှင် သစ်ဖောင်ကြီးကို ကြည့်ရှုစစ်ဆေးရန် ထွက်ခွာသွားလေသည်။

ဘကြီးညို ပြောသည်မှာ အမှန်ပင် ဖြစ်လေသည်။ ယနေ့ သစ်ဖောင်လုပ်သားများ၏ ဘဝက ကိုလိုနီခေတ်က ဖောင်လုပ်သားတို့ထက် အဘက်ဘက်က သာသည်။ ခေတ်နှင့်အညီ ဖောင်လုပ်သားတို့၏ဘဝကို အရေးတယူ ပြုစုသည်။ ကူညီသည်။ စောင့်ရှောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးညိုတို့၏ လုပ်အားခနှုန်းတို့မှာ သစ်ဖောင်စဖွဲ့ခြင်းမှသည် ရန်ကုန်သို့အရောက် သစ်လုံးတစ်လုံးလျှင် ခြောက်ကျပ်နှုန်း ရရှိလေသည်။ ဖောင်မှူးတစ်ဦး ကြီးကြပ်အုပ်ချုပ်သော သစ်ဖောင်ခြောက်ဖောင်၌ သစ်လုံးပေါင်း တစ်ထောင့်နှစ်ရာ ပါရှိလေရာ ထိုတစ်ထောင့်နှစ်ရာအတွက် ငွေပေါင်း (၇၂၀၀)ကို ဘကြီးညိုတို့ ရရှိကြ၏။

သို့ရာတွင် ရန်သူမျိုးငါးပါးကို ကာကွယ်သည့်အနေနှင့် နိုင်ငံတော်အစိုးရက တစ်ခါတည်း အကျေမပေးချေ။ သစ်ဖောင်ဖွဲ့စည်းနေစဉ် စားသောက်နေထိုင်ရန် သစ်တစ်ဖောင်လျှင် သုံးရာကျပ်၊ သစ်ခြောက်ဖောင်အတွက် တစ်ထောင့်ရှစ်ရာကျပ်ကိုသာ ကြိုတင်ငွေအဖြစ် ထုတ်ပေးသည်။ ထိုငွေဖြင့် ဖောင်မှူးလုပ်သူက ဖောင်လုပ်သား (၁၈) ဦးတို့၏ စားဝတ်နေရေးကို ဆောင်ရွက်ရလေသည်။ ထို့ကြောင့် ဘကြီးညိုတို့မှာ စားအတူတူ၊ သွားအတူတူနှင့် စည်းလုံးမှု ရှိကြသည်။ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြသည်။ တစ်ဦး၏ဒုက္ခကို တစ်ဦးက ကူညီဖြေရှင်းပေးသည်။ ဖောင်လုပ်သားတစ်ဦး၏ အရေးသည် လူအားလုံး၏ အရေးပင်တည်း။

မှန်သည်။ သူတို့၏ လုပ်ငန်းအားလုံး ပြီးစီး၍ အသုံးပြုရန် ထုတ်ပေးထားသော ကြိုး၊ ကြိမ် လက်ကျန်တို့ကိုလည်း ဘကြီးညိုတို့က ပြန်အပ်ကြရလေသည်။ အားလုံး အဆင်ပြေ ပြီးမြောက်သောအခါ နိုင်ငံတော်အစိုးရက ကျန်ငွေကို တစ်ပြားတစ်ချပ် မကျန်ရစ်အောင် ရှင်းလင်းပေးလေသည်။

ထို့ပြင် ဖောင်စဖွဲ့သည့်အချိန်မှ ဖောင်ထွက်ခွာသည့်အချိန်အထိ သစ်လုံးများ မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရသည်မို့ ဖောင်စောင့်ခဟူ၍ သတ်မှတ်ကာ တစ်နေ့လျှင် လူတစ်ယောက်ကို (၃) ကျပ် (၁၅) ပြားလည်း ပေးသေးသည်။ သစ်လုံး (၂၀၀)စီ ဖွဲ့စည်းထားသော ဖောင်တစ်ဖောင်တွင် တဲတစ်လုံး ဆောက်ရန်အတွက် (၂၄)ကျပ်လည်း ပေးသေးသည်။

ဤသည်တို့ကြောင့် ဘကြီးညိုတို့ ဖောင်လုပ်သားတို့၏ဘဝမှာ ပင်ပန်းလျှင် ပင်ပန်းသလောက် အကျိုးခံစားကြရသည်။ သို့သော် လမ်းခရီး၌ ရက်ကြာရှည်ခြင်းနှင့် သစ်လုံးများ ပျောက်ရလျှင် သိပ်ပြီး အကျိုး မရှိလှချေ။

မည်သို့ဆိုစေ သူတို့အတွက် ဖောင်ဆွဲမော်တော်ခ ကြီးမားခြင်းပင်ဖြစ်၏။ စစ်ကိုင်းမှ ရန်ကုန်သို့အရောက် မော်တော်တစ်ခေါက်လျှင် (၃၉၀၀)ကျပ် ပေးရလေသည်။ ထို့ကြောင့် ဖောင်ဆွဲမော်တော်ခကို သက်သာသည့်နှုန်းထားနှင့် ပြုလုပ်ပေးနိုင်လျှင် သစ်ဖောင်လုပ်သားတို့၏ဘဝမှာ ယခုထက် ပိုမို၍ တိုးတက်





ကောင်းမွန်လာမည်မှာ မုချပင်တည်း။

မြန်မာနိုင်ငံမှ ထွက်ရှိသောသစ်များမှာ ကမ္ဘာ့ဈေးကွက်၌ မျက်နှာပန်းလှလျက်ရှိသည်။ (၁၉၆၉-၇၀) ခုနှစ်တွင် မြန်မာနိုင်ငံမှ သစ်အမျိုးမျိုးကို နိုင်ငံခြားသို့ ကျပ်ငွေ (၉) ကုဋေကျော်ဖိုး ရောင်းချနိုင်ခဲ့သည်။ ဖောက်သည်နိုင်ငံတို့မှာလည်း (၂၀) မှ (၄၀) ကျော်အထိ တိုးတက်လာခဲ့သည်။ မြန်မာ့ကျွန်းသစ်မှာ အရောင်အသွေးရော အရည်အချင်းပါ ကောင်းမွန်လှသည်။ ထို့ကြောင့် ကျွန်းသစ်ရောင်းဈေးမှာ သာမန် ကျွန်းသစ်တစ်တန်လျှင် (၂၀၀၀)ကျော် ဈေးရှိပြီး ပထမတန်းစား ကျွန်းသစ်တစ်တန်လျှင် တစ်သောင်းအထိပင် ဈေးကြီးမြင့်စွာနှင့် ရောင်းချရလေသည်။

ထို့ပြင် မြန်မာနိုင်ငံ သစ်ထုတ်လုပ်ရေးသမိုင်းတွင် စံတင်ရမည့်သစ်လုံးကြီးတစ်လုံးကို မြန်မာ့ရတနာမြေမှ ထွက်ရှိခဲ့၏။ ၎င်းကျွန်းသစ်ကြီးကို မြန်မာငွေ ခြောက်သောင်းနှင့် ဒိန်းမတ်နိုင်ငံ အရှေ့အာရှသစ်ကုမ္ပဏီက တင်ဒါစနစ်ဖြင့် ၁၉၇၂ ခု၊ ဩဂုတ်လ ၂၆ ရက်နေ့က ဝယ်ယူသွားခဲ့ဖူးလေသည်။ ထိုသစ်လုံးကြီးမှာ ရွှေဘိုခရိုင်သစ်တောဌာနက ထွက်ရှိခဲ့ခြင်း ဖြစ်၏။ သစ်လုံးကြီး၏ လုံးပတ်မှာ (၃၂) ပေအထိပင် ရှည်လျား၏။ အလေးချိန်မှာ (၃၂) ပေအထိပင် ရှည်လျား၏။ အလေးချိန်မှာ (၄) ဒသမ (၃) တန် လေးလေသည်။ ၎င်းသစ်လုံးကြီးမျိုးကို အခြား သစ်တောခရိုင်များ၌လည်း မရှိဘူးဟူ၍ မပြောနိုင်ချေ။

(၁၉၆၉-၇၀) ခုနှစ်က ဖောက်သည်နိုင်ငံ (၄၀) ကျော်သာ ရှိခဲ့သော်လည်း ယခု (၁၉၇၁-၇၂) တွင် ဖောက်သည်နိုင်ငံပေါင်း (၅၀) ကျော်အထိ တိုးတက်လာပြီဟု သိရှိရသည်။ ထိုနှစ်၏ သစ်ရောင်းရငွေမှာ (၁၀၆) သန်းကျော်ဖိုး ရရှိနေပြီး (၁၄၃) သန်းဖိုးအထိ ရောင်းချရေးကို ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံရှိ သစ်တောများမှ သစ်များကို အပြည့်အဝ ထုတ်ယူမည်ဆိုပါက တစ်နှစ်လျှင် ကျွန်းသစ်တန်ချိန် (၄၅၀၀၀၀)၊ တန်ဖိုးငွေကျပ် သိန်းပေါင်း (၂၅၀၀) ကျော်၊ သစ်မာမျိုးစုံ တန် (၂၅၀၀၀၀၀)၊ တန်ဖိုးငွေကျပ် သိန်းပေါင်း (၄၅၀၀) ကျော် ထုတ်ယူနိုင်မည်ပင် ဖြစ်လေသည်။

မှန်သည်။ သည်မျှပင် သစ်ထုတ်လုပ်ရေးဘက်၌ အဘက်ဘက်မှ တိုးတက်ကောင်းမွန်နေသည်။ ထို့ကြောင့် သစ်ထုတ်လုပ်ရေးတွင် အဓိကဆုံးဖြစ်သော ဘကြီးညိုတို့ သစ်ဖောင်လုပ်သားများ၏ ဘဝမှာလည်း အဘက်ဘက်က တိုးတက်ကောင်းမွန်လာတော့မည်မှာ မုချပင်တည်း။

ယခုဆိုလျှင် ဘကြီးညိုတို့၏ သစ်ဖောင်ကြီးကို စစ်ကိုင်းမှသည် ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



သို့စုန်ရန် သစ်တောဌာနက အမိန့်ချမှတ်လိုက်ချေပြီ။ သစ်ဖောင်တစ်ခုလုံးရှိ သစ်လုံးများကိုလည်း မှန်ခုတ်၍ တံဆိပ်ရိုက်နှိပ်ပြီးချေပြီ။ ဖောင်ဆွဲမော်တော်နှင့်လည်း စကားပြောဆိုပြီးကြချေပြီ။

(မှန်ခုတ်သည် ဆိုရာတွင် သစ်လုံးများ၏ အစွန်အဖျားတို့၌ တစ်ပေခန့် မှန်ပြင်ကဲ့သို့ ညီညာအောင် ဓားဖြင့်ရှပ်၍ ခုတ်ပေးခြင်းကို ဆိုလိုသည်။ သို့မှသာ သစ်တောဌာနက ထိုနေရာကို သစ်တောဌာနပိုင်ဆိုင်သော သစ်လုံးအမှတ်စဉ်ကို တံဆိပ်ရိုက်နိုင်မည်ပင် ဖြစ်၏။)

နံနက်ခင်း၏ ဝင်းပသောနေရောင်ခြည်နှင့်အတူ ဘကြီးညိုတို့၏ ဖောင်ကြီးကို ဖောင်ဆွဲမော်တော်က ဧရာဝတီမြစ်ရိုးအတိုင်း ဖောင်ရှေ့မှ ဆွဲဆောင်ခေါ်ယူသွားချေပြီ။ သည်အခါ ဖောင်လုပ်သားကြီး အားလုံး၏ မျက်နှာများမှာလည်း ရွှန်းလဲ့ဝေဆာ ပီတိဖြာကာ ဖောင်ပေါ်တွင်-ဇိမ်နှင့်ထိုင်၍ လိုက်ပါလာခဲ့ကြလေသည်။

ယခင် နှစ်ပေါင်း လေးဆယ်ကျော်က သည်ခရီး သည်လမ်းမှာ သူတို့အတွက် အန္တရာယ်အသွယ်သွယ်တို့နှင့် ကာဆီးနေသော်လည်း ယခု သည်လမ်းသည်ခရီးကား သာယာဖြောင့်ဖြူးလျက် ရှိချေပြီတကား . . .။

*(၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်း။)*

♣ ♣ ♣



## ငွေကမ္ဘာမြေ

သိပ်သည်းသော အမှောင်ထုကို တောက်ပသော အလင်းရောင်က တဖြည်းဖြည်း ဝါးမျိုနေသည်။ အမှောင်ထု အားလျော့သွားသည်နှင့် အရှေ့မိုးကောင်းကင်တစ်ခုလုံး ကြည်လင်ဝင်းပ၍လာလေသည်။

သို့သော် ကချင်ရိုးမကြီးမှာ နှင်းသင်တိုင်းခြုံ၍ မှုန်မှိုင်းနေ၏။ လေနုအေးသည် ငွေနှင်းမြူမှုန်တို့ကို သယ်ဆောင်ကာ ဟိုမှသည်သို့ တသုန်သုန် တိုက်ခတ်နေ၏။ လေနှင့်အတူ ရောထွေးပါလာသော နှင်းပွင့် နှင်းဝတ်မှုန်တို့မှာ ဆောင်းအလှကို ဖော်ထုတ်ပြသလျက် ရှိလေသည်။

သည်အခါ မြေပြင်သည် ဖွေးဖွေးဖြူသော ငွေကမ္ဘာလာအဖြစ်သို့ ပြောင်းလဲသွားလေတော့သည်။ ထို့အတူ ရိုးမကြီးအတွင်းရှိ သစ်ပင်တိုင်းတို့တွင်လည်း ဖြူဖွေးသော ငွေနှင်းသီးများ တွဲခို၍ ယိမ်းကနေကြသည်။ လေ၏ ဆော့သရမ်းမှုကြောင့် နှင်းသီး နှင်းပေါက်များမှာ သစ်ရွက်ခြောက်များပေါ်သို့ ဖြိုးဖြိုးဖြောက်ဖြောက်မြည်ကာ ကျဆင်းနေကြသံတို့မှာ သာယာနာပျော်ဖွယ် ရှိလှ၏။

"အောက် . . . အီး . . . အီး . . အွတ်"

တောနက်ဆီမှ တောကြက်ဖတို့၏ တွန်ကျူးသံတို့ကိုလည်း ဟိုမှသည်မှ ကြားလာရသည်။ ပင်ယံထက်တွင် အိပ်စက်နားနေကြသော ကျေးငှက်အပေါင်းတို့မှာလည်း သဘာဝတေးကို ဟစ်ကြွေးကာ အိပ်တန်းဆင်းကြချေပြီ။ မှန်သည်၊ မကြာမီ မိုးလင်းချေတော့မည်တကား။

သစ်ပင်ကြီးတစ်ပင်ထက်တွင် လင့်စင်ထိုး၍ အိပ်စက်နေကြသော အဘိုးလထော်နော်၊ ဇော်ဆန်နှင့် ဇော်လတ်တို့မှာလည်း စောစီးစွာပင် နိုးထနေကြပေပြီ။ ရေခဲအောင် အေးချမ်းလှသော ကချင်ရိုးမကြီး၏ဒဏ်ကို အဘိုးလ



www.burmeseclassic.com

www.burmeseclassic.com



ထော်နော်တို့မှာ အလူးအလဲ ခံစားနေကြရသည်။ ထို့ကြောင့် လင့်စင်ပေါ်တွင် အသင့်ပြုလုပ်ထားသော မီးဖိုကို မီးမွှေး၍ မီးလှုံနေကြရ၏။ ကချင်ရိုးမကြီး၏ ဆောင်းရာသီ အချမ်းဒဏ်ကို ကာကွယ်ကြရသည်။ သို့သော် မေးချင်းရိုက်၍ ရိုးတွင်းခြင်ဆီကပါ ကိုက်ခဲအောင် အေးချမ်းသောဒဏ်ကို အဘိုးလထော်နော် ခံနိုင်စွမ်း မရှိတော့။

“ဝေ့ ဇော်ဆန် လော့ခူး . . လော့ခူး”

အဘိုးလထော်နော်က မီးဖိုးဘေးတွင်ထိုင်၍ မီးလှုံနေသော ဇော်ဆန်ကို ပြောလိုက်သည်။ ဇော်ဆန်နှင့် ဇော်လတ်မှာလည်း ချမ်းလွန်းလှသဖြင့် အင်္ကျီနှစ်ထပ်ဝတ်ကာ စောင်ပတ်၍ မီးလှုံနေကြသည်။ ချမ်းလျှင် အချမ်းပြေသောက်ရန် ရွာမှ အလုံအလောက် ယူဆောင်လာသော ခေါင်ရည်ကို ဖြန်းခနဲမို့ မေ့နေကြသည်။ ယခု အဘိုးလထော်နော်က “လော့ခူး . . လော့ခူး” (ခေါင်ရည်၊ ခေါင်ရည်), ဆိုမှပင် ခေါင်ရည်ကို သောက်ရန် သတိရကြတော့သည်။

ထို့ကြောင့် ဇော်ဆန်က ခေါင်ရည်များ ထည့်ထားသော ဝါးကျည်တောက်များကိုယူရန် ထိုင်ရာကထသည်။ ခေါင်ရည်ထည့်ထားသော ဝါးကျည်တောက်များကို သစ်ပင်တွင် သံချိတ်လုပ်၍ ချိတ်ထားသည်။ သူတို့အတွက် အချမ်းဒဏ်ကို သည်ခေါင်ရည်နှင့် ကာကွယ်ရသည်။ ချမ်းအေးလျှင်လည်း သောက်သည်။ ပင်ပန်းလွန်းလျှင်လည်း သောက်သည်။ ခေါင်ရည်သည် သူတို့အတွက် မရှိလျှင် မဖြစ်။ ရာသီဥတုဒဏ်ကို ခံနိုင်စွမ်းရှိသည့်ပြင် ပျော်ရွှင်မှုကိုလည်း ခေါင်ရည်က ပေးစွမ်းလေ၏။

ဇော်ဆန်သည် ခေါင်ရည်ကျည်တောက်ကို သံချိတ်မှဖြုတ်၍ အဘိုးလထော်နော်ကို ကမ်းပေးလိုက်သည်။

အဘိုးလထော်နော်သည် ဇော်ဆန်ဆီမှ ခေါင်ရည်ကျည်တောက်ကိုယူပြီး လူအားလုံးရှေ့၌ ချလိုက်သည်။ ပြီးလျှင် အဖုံးကိုဖွင့်သည်။ ထို့နောက် ကျည်တောက်ထဲမှ ခေါင်ရည်ကို အဖုံးထဲသို့ ငှဲ့ထည့်ကာ ရေသောက်သလို ကျိုက်ခနဲ မော့သောက်ပစ်လိုက်သည်။ ခေါင်ရည်တစ်ကျိုက် ဝမ်းထဲသို့ ရောက်သွားတိုင်း အဘိုးလထော်နော်၏ သွေးတို့မှာ ဆူဝေ၍ ထူပူသွားသည်။ နွေးထွေးသွားသည်။

“အင်း . . အခုမှပဲ နွေးသွားတယ်ဟေ့၊ ရော့ သောက်ဦး”

အဘိုးလထော်နော်က ခေါင်ရည်ကျည်တောက်အဖုံးကို ဇော်ဆန်ဆီသို့ ပြန်ပေးရင်း ဆိုသည်။ ပြီးလျှင် ခေါင်ရည်ပေကျံနေသော သူ့ပါးစပ်ကို ဘယ်လက်ဖနောင့်နှင့် သုတ်ပစ်လိုက်သည်။ ဇော်ဆန်က အဘိုးလထော်နော်ပေးသော ခေါင်ရည်သောက်ခွက်ကို လှမ်းယူသည်။ ခေါင်ရည်ကို ခွက်ထဲသို့ ကလောက်အာလောက်နှင့် ငှဲ့ထည့်သည်။

“ခွပ် . . ခွပ် တောက်”

“ဟာ ဇော်ဆန် မင်း တော်တော် အသုံးမကျတဲ့ကောင်ပဲ တောက်”

အဘိုးလထော်နော်က ဇော်ဆန်ကို ဒေါသနှင့်ဆိုသည်။ အကြောင်းမှ ဇော်ဆန်သည် ခေါင်ရည်ကို ကျည်တောက်ထဲမှ ခွက်ထဲသို့ ငှဲ့ထည့်ပြီး သောက်ရန် ပါးစပ်နားသို့ တေ့လိုက်၏။ ချမ်းအေးလွန်းသဖြင့် လက်တုန်ကာ ခေါင်ရည်ခွက် လက်ထဲမှ လွတ်ကျတော့သည်။ သည်အခါ ခွက်ထဲက ခေါင်ရည်တို့မှာ ဖိတ်စဉ်၍ အဘိုးလထော်နော်၏ မျက်နှာဆီသို့ လွင့်စဉ်ထိတွေ့ ပေကျံသွားတော့သည်။ ထို့နောက် ခေါင်ရည်ထည့်သောက်ရသော ဝါးကျည်တောက်၏အဖုံးမှာ လင့်စင်ပေါ်က လွင့်စဉ်၍ တခွပ်ခွပ်နှင့်မြည်ကာ တောက်ခနဲ သစ်ပင်အောက်သို့ ကျသွားသောကြောင့်ပင်တည်း။

အဘိုးလထော်နော် စိတ်ဆိုးလျှင်လည်း ဆိုးစရာပင်။ အဘိုးလထော်နော်တို့၌ အယူအဆတစ်ခု ရှိ၏။ ထိုအယူအဆမှာ သူတို့လို တောတက်သူတို့သည် ခရီးအစ၌ ခေါင်ရည်ခွက် လက်မှ လွတ်ကျခြင်း၊ ပန်းကန်ကွဲခြင်းတို့နှင့် တွေ့ကြုံရပါက အတိတ်မကောင်း၊ လာဘ်ပိတ်သည်။ အလုပ်လုပ်နေစဉ် အန္တရာယ်နှင့် တွေ့ကြုံရတတ်သည်ဟု အယူအဆ ရှိ၏။ မှန်သည်။ ယခု ဇော်ဆန်၏ ပေါ့ဆမှုကြောင့် ပါးစပ်နားသို့ရောက်မှ ခေါင်ရည်ခွက် လွတ်ကျရသည်။ ထိုအတိတ်နိမိတ်မှာ အဘိုးလထော်နော်တို့အတွက် ကောင်းသော အတိတ်နိမိတ်မဟုတ်။ မိမိ၏ စားရမည်ဖြစ်သော အစားအစာ၊ ပိုင်ဆိုင်ရတော့မည်ဖြစ်သော ပစ္စည်းဥစ္စာတို့မှာ တေ့လွဲ လွဲတတ်သည်ဟု အဘိုးလထော်နော်က အတိတ်ကောက်တော့၏။

အဘိုးလထော်နော် အတိတ်ကောက်ပုံကို ဇော်ဆန်ကလည်း သိသည်။ သိ၍လည်း သတိထား၍ ကိုင်တွယ်သည်။ ကိုင်တွယ်သည့်ကြားမှ ယခုလို ဖြစ်ရသည်မှာ သူ့အပြစ် မဟုတ်ဟု ဇော်ဆန်က ယူဆသည်။ သို့သော် အဘိုးလထော်နော်က သူ့ကို ခွင့်မလွှတ်။ မျက်ထောက်နီကြီးနှင့် “မင်း တော်တော် အသုံးမကျတဲ့ကောင်ပဲ” ဟူ၍ ခက်ထန်စွာ ပြောဆိုခဲ့သည်။ ဤသည်ကို လူငယ်ဖြစ်သော ဇော်ဆန်၏ ရင်ထဲ၌ အောင့်သွားမိ၏။ သို့သော် အဘိုးလထော်နော်ကို မည်သို့မျှ ပြန်လည်ပြီး မပြောခဲ့။ မကျေနပ်သော်လည်း ငြိမ်နေသည်။

“အဘိုးကလည်းဗျာ ဒါလေး လွတ်ကျသွားတာ ဘာဖြစ်တုန်းတတ်လို့”







www.burmeseclassic.com

www.burmeseclassic.com



ဇော်ဆန်၏ညီဖြစ်သူ ဇော်လတ်က ဝင်ပြောသည်။ သူ့အစ်ကိုကြီးအား အဘိုးလထော်နော် မာန်သည်ကို ဇော်လတ်က ကျေနပ်ဟန်မတူ။ ကြိုးကျယ်သည်။ ဗီဇကြောင်သည်။ အပြစ်မရှိ အပြစ်ရှာသည်ထင်၏။ ထို့ကြောင့်ပင် အဘိုးလထော်နော်ကို သူ့အစ်ကိုကြီးအစား သူက ပြန်ပြောခြင်းပင်။

"ဟော့ . . . ဇော်လတ် မင်း အလကားပဲ၊ ဘာမှ နားမလည်သေးဘူးဒါ အိမ်မဟုတ်ဘူးကွ၊ တောထဲတောင်ထဲမှာဆိုတာ နားလည်လား။ နေရာတကာ အသိရှိမှ တော်ရာကျမယ်၊ လင့်စင်အောက်မှာ တောရိုင်းတိရစ္ဆာန် တစ်ကောင်ကောင်ရောက်နေရင် အသံပေးသလို ဖြစ်သွားတော့ ဘယ့်နှယ်လုပ်မလဲ။ နေရာတကာမှာ ပေါ့တီးပေါ့ဆလုပ်ရင် ကျဉ်းကျပ်တဲ့အန္တရာယ်နဲ့ မလွဲမသွေ ရင်ဆိုင်ရတတ်တယ် နားလည်ပလား"

အဘိုးလထော်နော်က ထင်ရာမြင်ရာ ဝင်ပြောလာသော ဇော်လတ်ကို ခပ်ဆတ်ဆတ်ပင် ရှင်းပြရင်း အော်ဟစ်လိုက်သည်။ ထို့ကြောင့် ဇော်လတ်မှာ ငြိမ်ကုပ်သွားတော့သည်။ သို့သော် ဇော်ဆန်က အဘိုးလထော်နော်ကို "သူ ခေါင်းရည်မူးရင် ဒီလိုချည်းပဲ" ဟုတွေးကာ ရင်ထဲက သိပ်ပြီး မကျေနပ်။

အဘိုးလထော်နော် ပြောသည်မှာ အမှန်ပင် ဖြစ်၏။ လင့်စင်ပေါ်၌ နားနေအိပ်စက်ရာတွင် ညင်သာမှု ရှိရသည်။ သတိတရား ရှိရသည်။ အပေါ့အပါးပင် လင့်စင်ပေါ်က အောက်သို့ ပြီးစလွယ် ပန်းမချရ။ အကယ်၍ လင့်စင်ပေါ်က အပေါ့အပါး သွားချခဲ့လျှင် လူသားတို့၏ စူးရှသော ကျင်ငယ်နံ့ကို တောရိုင်းတိရစ္ဆာန်တို့မှာ လွယ်ကူစွာ ရှူရှိုက်မိတော့သည်။ ထိုအခါ သည်နေရာ၌ လူသားများ ရောက်ရှိနေကြောင်းကို သူတို့အဖို့ လွယ်ကူစွာ သိရှိနိုင်လေသည်။ သိရှိသည်နှင့် တစ်ပြိုင်နက် လင့်စင်နှင့် မနီးမဝေး မလှမ်းမကမ်းနေရာတွင် ချောင်းမြောင်း၍ လူသားများကို အန္တရာယ်ပြုနိုင် ပေးနိုင်မည်မှာ မုချပင်တည်း။

မည်သို့ဆိုစေ မိမိကို ရန်ရှာမည့်သူသည် မိမိ မည်သည့်နေရာ၌ ရှိသည်ကို အတိအကျ မသိဖို့ လို၏။ သို့မှသာ မိမိအဖို့ ရန်သူကို အောင်မြင်အောင် တိုက်ခိုက်နိုင်မည်။ အားမတန်ပါက မာန်လျှော့၍ ရှောင်နိုင်တိမ်းနိုင်မည်။ သို့မဟုတ်ဘဲ အကြောင်းတစ်ခုခုကြောင့် မိမိ ခိုအောင်းပုန်းကွယ်သည့် နေရာကို ရန်သူအဖို့ အလွယ်တကူ သိရှိသွားခြင်းသည် မိမိအတွက် တစ်ခုသော အရေးရှုံးနိမ့်မှုသာတည်း။

မှန်သည်။ ဤသည်တို့ကြောင့် လင့်စင်၌ နားနေအိပ်စက်ပြီး တောလည်သမားများမှာ ကျင်ငယ်ကို ဖြစ်သလို မစွန့်ပစ်ကြချေ။ ဝါးကျည်တောက်ထဲသို့





စွန့်ထည့်ရသည်။ ပြီးမှ လင့်စင်နှင့် ဝေးရာသို့ သွားရောက်ပြီး လွှင့်ပစ်ရသည်ချည်းပင်။

"ဟော့ ဇော်လတ် ဟိုခြင်းထဲမှာ အသားခြောက်ရှိတယ်။ ယူလိုက် မီးကင်စားရအောင်။ ခေါင်ရည်နဲ့လည်း မြည်းရတာပေါ့"

အဘိုးလထော်နော်က ဇော်လတ်ကို ခြင်းထဲက အသားခြောက် ယူခိုင်းသည်။ ထို့ကြောင့် ဇော်လတ်မှာ မည်သို့မျှ ပြန်မပြောဘဲ အဘိုးလထော်နော်၏ ခြင်းထဲက အသားခြောက်ကိုယူရန် ထိုင်ရာမှထသည်။

ဇော်ဆန်ကမူ ခေါင်ရည်ကိုသာ ခွက်တစ်ခုနှင့် တကျိုက်ကျိုက် သောက်ချနေသည်။ ပြီးလျှင် နီမြန်းသော မျက်နှာထားနှင့် အဘိုးလထော်နော်ကို စိုက်၍ကြည့်နေလေသည်။

* * *

အဘိုးလထော်နော်၊ ဇော်ဆန်နှင့် ဇော်လတ်တို့မှာ ယခုလို ချမ်းအေးသော ဆောင်းအခါ၌ ကချင်ရိုးမကြီးထဲသို့ လာ၍ ငွေဂမုန်းဖြူကို ရှာဖွေကြခြင်းပင် ဖြစ်လေသည်။ ငွေဂမုန်းဖြူသည် သန့်ရှင်းမှုနှင့် အအေးဓာတ်ကို ကြိုက်နှစ်သက်၏။ သူ့ကို နှင်းလွင်ထဲ၌ တွေ့ရှိရလေသည်။ သူသည် နှင်းရည်ကို သောက်၍ သန့်ရှင်းရှင်သန်သော အပင်တစ်မျိုးပင် ဖြစ်၏။ သူ၏ အရောင်အဆင်းမှာ ကြက်သွန်ဖြူကဲ့သို့ ဖွေးဖွေးဖြူသော အရောင်အဆင်း ရှိ၏။ ငွေသားအရောင်ကဲ့သို့လည်း တောက်ပသည်။ သူ၏ အရွယ်အစား ပမာဏမှာ ကြက်သွန်ဖြူဥတစ်လုံး သို့မဟုတ် လက်တစ်ဆစ်ခန့်မျှ ရှိလေသည်။

ငွေဂမုန်းဖြူကို မိုးအခါနှင့် နွေအခါတို့တွင် တွေ့ရခဲလှ၏။ ဆောင်းအခါ၌သာ နှင်းပွင့်၊ နှင်းသီးကဲ့သို့ နှင်းခဲပြင်တို့ကြားထဲတွင် အဖွေးသား ပေါက်ရောက်နေတတ်ကြ၏။ ငွေဂမုန်းဖြူကို အဘိုးလထော်နော်တို့ ကချင်ဘာသာနှင့် မဂျစ်ဥဟု ခေါ်တွင်၏။ ထိုမဂျစ်ဥကို မြန်မာလို ပြန်ဆိုပါက မသေဆေး ဟူသော အဓိပ္ပာယ် ရရှိလေသည်။

မှန်သည်။ ထိုမသေဆေးကို အဘိုးလထော်နော်တို့ ရှာဖွေနေကြခြင်းပင်။ အဘိုးလထော်နော်တို့လို တောင်ပေါ်နေ ကချင်အမျိုးသားတို့၏ ကျန်းမာရေးနှင့် အသက်ရှည်ရေးကို ထိုမဂျစ်ဥက အထောက်အကူပြု၏။ ခေတ်မီဆေးဝါးများကို အဘိုးလထော်နော်တို့က သိပ်ပြီး အားမကိုးချေ။ အားကိုးလောက်အောင်လည်း သူတို့ဆီ၌ မရှိ။ ထို့ကြောင့် မိမိတို့၏ မြေပေါ်မှ ထွက်ရှိသော မိမိတို့၏ ဆေးပင်ကိုသာ အားကိုးကြသည်။ မဂျစ်ဥသည် မသေဆေး။ မသေ

www.burmeseclassic.com

www.burmeseclassic.com



ဆေးသည် အဘိုးလထော်နော်တို့အတွက် အသက်သခင်ပင်တည်း။

ထိုမဂျစ်ဥကို ရှာဖွေရရှိကြရန်အတွက် အသက်နှင့် ရင်းကြရသည်။ အခက်အခဲနှင့် အန္တရာယ်အသွယ်သွယ်ကို ကျော်လွှားကြရသည်။ သို့မှသာ အဘိုးလထော်နော်တို့ အလိုရှိသော မဂျစ်ဥကို ရရှိနိုင်မည်ပင် ဖြစ်၏။ ထို့ကြောင့်လည်း အဘိုးလထော်နော်တို့မှာ မဂျစ်ဥကို ရှာဖွေရန် လွန်ခဲ့သော နှစ်ရက်ခန့်ကတည်းက ဤကချင်ရိုးမကြီးထဲသို့ ရောက်ရှိနေကြခြင်းပင် ဖြစ်လေသည်။

နှင်းလွင်ပြင်ပေါ်၌ လည်းကောင်း၊ နှင်းပွင့်နှင်းစိုင်ကြားတို့၌ လည်းကောင်း အဖွေးသား ပေါက်ရောက်နေကြသော မဂျစ်ဥ၏ အပင်တို့တွင် အရွက်ဟူ၍ လုံးဝ မရှိချေ။ ဥကိုသာ အဖွေးသား တွေ့ရှိရပြီး တွေ့ရှိသောဥကို ဆွဲနုတ်၍ ယူရလေသည်။ မဂျစ်ဥကို ပေါက်ရောက်နေသော နေရာမှ ဆွဲနုတ်လိုက်သောအခါ ဥ၏အောက်တွင် အမြစ်ဖွာဖွာလေးကို တွေ့မြင်ရသည်။ ထိုအမြစ်သည် ခြောက်သွေ့နေသော ကြက်သွန်ဖြူ၏ အမြစ်ကဲ့သို့တည်း။

မဂျစ်ဥမှာ တန်ဖိုး ကြီးမြင့်လှ၏။ အဘိုးလထော်နော်တို့၏ အယူအဆအရ နတ်ကပေးသော နတ်ပေးဂမုန်းတစ်မျိုး ဖြစ်၏။ ထို့ကြောင့် မဂျစ်ဥကို စားပါက အသက်ရှည်၏။ နှလုံးအားကောင်း၏။ သွေးလေသန့်ရှင်း၍ သန်မာထွားကျိုင်းမှုကို ဖြစ်သေည်။ ထို့ပြင် အသက်ငင်နေသောသူပင် ဖြစ်စေ ထိုဥကို စားပါက ခုနစ်ရက်ခန့်ပင် အသက်ရှင် နေထိုင်နိုင်သည်ဟု အဘိုးလထော်နော်တို့ ယုံကြည်ကြ၏။

အဘိုးလထော်နော်တို့လို ကချင်အမျိုးသားများ သာမက တောင်ပေါ်ရောက် မြန်မာအမျိုးသားတို့သည်လည်း မဂျစ်ဥကို ခဲရာခဲဆစ် ရှာဖွေ၍ ဆေးဝါးအဖြစ် အသုံးပြုကြသည်။ မဂျစ်ဥကို နေလှန်း၍ ခြောက်သွားသောအခါ အုန်းဆီနှင့်စိမ်၍ ဦးခေါင်းကို နေ့စဉ် လိမ်းပေးပါက ဦးရေအားခြင်း၊ ဆံပင်ကျွတ်ခြင်းနှင့် ဆံပင်ဖြူခြင်းတို့မှ ကင်းဝေးသည်ဟု ကချင်တောင်ပေါ်ရောက် မြန်မာ့တပ်မတော်သားကြီးများက ဆိုသည်။

ထို့ပြင် မဂျစ်ဥကို ညက်အောင်ထောင်း၍ ပျားရည်နှင့် တေစားပါက နှလုံးအားကောင်း၏။ သည်းခြေအားကောင်း၏။ စင်ကြယ်ခြင်းကို ဖြစ်စေ၏။ သွေးအားတိုးပြီး ကျန်းမာသန်စွမ်းကာ ရောဂါဘယ ထူပြောခြင်းမှ ကင်းဝေးလေသည်။ ထို့ကြောင့်လည်း မြန်မာ့ဗိန္ဒောဆေးအမျိုးမျိုး ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုကြလေသည်။ (အချို့ မြန်မာအမျိုးသားတို့မှာ မဂျစ်ဥကို ပျားရည်နှင့်စိမ်ပြီး သောက်ကြ၏။ သောက်သည့်နေရာတွင် မဂျစ်ဥမှာ ရှားပါး၍ ရခဲခြင်း





ကြောင့် မဂျစ်ဥနှင့် စိမ်ထားသော ပျားရည်ကိုသာ သောက်သုံးကြသည်။ မဂျစ်ဥကိုမူ လုံးဝ စားသုံးခြင်း မပြုဘဲ ပျားရည်ကုန်လျှင် ပျားရည်ထပ်ဖြည့်၍ နှစ်ရှည်လများ စားသုံးနိုင်အောင် ဆောင်ထားကြလေသည်။)

မဂျစ်ဥ၏ အရသာသည် ခါးသက်သက် အရသာရှိ၏။ ထို့ကြောင့်လည်း ဆေးဖက်ဝင်ခြင်းပင်။ သူ၏ အခါးကို ဗိန္ဒောဆရာ အချို့၏ အဆိုအရ အေး၊ ခါး ဟူ၍ သိရ၏။ မဂျစ်ဥ ခေါ် မသေဆေးမှာ သည်မျှပင် အဖိုးအနဂ္ဃ ထိုက်တန်လှ၏။ မဂျစ်ဥ ရောင်းဈေးမှာ တစ်ကျပ်သားလျှင် နှစ်ဆယ်မှ နှစ်ဆယ့်ငါးကျပ်အထိ ဈေးကြီးမြင့်စွာဖြင့် ရောင်းချရလေတော့သည်။

ထို့ကြောင့် မဂျစ်ဥမှာ ရှားမှရှားသော ဥတစ်မျိုးဖြစ်ပြီး ငွေသားအရောင်ကဲ့သို့ တောက်ပခြင်း၊ အဖိုးအနဂ္ဃ ထိုက်တန်၍ ငွေနှင့်စက်သော ရောင်းဝယ်ဖောက်ကားရခြင်းတို့ကြောင့် မဂျစ်ဥကို ငွေဂမုန်းဖြူဟု တင်စားလိုက်ရခြင်းပင်တည်း။

မှန်သည်။ ငွေဂမုန်းဖြူကို တွေ့ရှိရာ အရပ်များမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်တို့တွင် အများဆုံး တွေ့ရှိရလေသည်။ အချို့ လူတို့သည် ငွေဂမုန်းဖြူကို ရှာဖွေကြရာတွင် နှင်းခဲများ ပျော်ချိန်ဖြစ်သော တပေါင်းလ၌ ရှာဖွေလေသည်။ တပေါင်းလ၌ ရှာဖွေသူတို့မှာ အေးချမ်းသောဒဏ်မှ သက်သာသော်လည်း ငွေဂမုန်းဖြူမှာ ထင်သလောက် မရရှိကြချေ။ အကြောင်းမူ နှင်းခဲပျော်ချိန်၌ တောရိုင်းတိရစ္ဆာန်တို့လည်း ပျော်ရွှင်ချိန်မို့ တောရိုင်းတိရစ္ဆာန်တို့သာ ရှာဖွေစားသောက်ပစ်တတ်ကြောင့်ပင်တည်း။

ဤသည်တို့ကြောင့် အဘိုးလထော်နော်တို့မှာ နှင်းခဲပျော်ချိန်၌ မရှာဖွေဘဲ နှင်းရည်စိုရွှဲသော တပို့တွဲလ၌သာ အပင်ပန်းခံ၍ ရှာဖွေကြခြင်းလည်း ဖြစ်၏။

ရှမ်းပြည်နယ်၌ မဂျစ်ဥနှင့် နာမည် ခပ်ဆင်ဆင်တူသော ဥတစ်မျိုးလည်း ထွက်ရှိသေးသည်။ ထိုဥမှာ တောထဲ၌ အလေ့ကျပေါက်နေသော အပင်ကြီးများမှ သီးသော အသီးဖြစ်၏။ သူ၏ အရွယ်အစားမှာ လက်သီးဆုပ်ခန့်ရှိပြီး စိမ်းဖန့်ဖန့်အရောင် ရှိ၏။ ၎င်းဥ၏ အရသာမှာ ချဉ်သောအရသာ ရှိ၏။ ထို့ကြောင့် ၎င်းဥကို အချဉ်ပြုလုပ်၍ အသုပ် သုပ်စားသောနေရာ၌သာ အသုံးပြုပြီး သူ၏အမည်မှာ မချစ်ဥဟု ခေါ်တွင်၏။ မချစ်ဥ အထွက်ဆုံးနေရာမှာ ရှမ်းပြည်နယ် မိုင်းကိုင်မြို့ပင် ဖြစ်လေသည်။

ကချင်ရိုးမကြီးထဲ၌ နှင်းမြူတို့မှာ တဖွဲဖွဲ ကျဆင်းလျက်ရှိသည်။ ထို့ကြောင့် အရာရာကို သဲကွဲစွာ မမြင်ရ။ ဝိုးတဝါး ဖြစ်နေသည်။ လေအေး ညင်း



www.burmeseclassic.com

www.burmeseclassic.com



သွဲ့သွဲ့ တိုက်ခတ်လျက် ရှိ၏။ ညင်းသွဲ့သော ဆောင်းလေနှင့်အတူ နှင်းပွင့်များမှာ အဝေးဆီသို့ ရွေ့လျားသွားကြသည်။ သည်အခါ ရိုးမကြီးမှာလည်း တဖြည်းဖြည်းနှင့်ကြည်လင်ဝင်းပ၍လာတော့သည်။

အဘိုးလထော်နော်၊ ဇော်ဆန်နှင့် ဇော်လတ်တို့မှာ သူတို့၏ လုပ်ငန်းကို စတင်ရန် ပြင်ဆင်နေကြချေပြီ။ ခေါင်ရည်သောက်ပြီးသည်နှင့် တောထဲသို့ ယူဆောင်သွားရန် ထမင်းများကိုလည်း ချက်ပြုတ်ပြီးစီးကြပေပြီ။ ချက်ပြုတ်ပြီးစီးသော ထမင်းများကို ဖက်နှင့် ထုပ်ကြရသည်။ ဟင်းကိုမူ အသားခြောက်နှင့်ပင် ယနေ့အဖို့ ရောက်သည့်နေရာ၌ စားသောက်ကြရပေမည်။ သူတို့တစ်တွေမှာ နေထွက်မှ နေဝင်သည်အထိ တစ်တောဝင် တစ်တောထွက်နှင့် မဂ္ဂစ်ဥများကို လိုက်လံ၍ ရှာဖွေကြရပေမည်။ မိုးချုပ်ခါနီးမှပင် ယခု အိပ်စက်နားနေရာ လင့်စင်ရှိရာသို့ ပြန်လာကြရမည်ပင်တည်း။

မှန်သည်။ အေးချမ်းလွန်းသော ရာသီဥတု၏ဒဏ်သည် အဘိုးလထော်နော်တို့ကို ထိုးဖောက်နိုင်စွမ်း မရှိတော့။ သူတို့မှာ တက်ကြွသောမာန်၊ ဖျတ်လတ်သော အင်အားတို့နှင့်အတူ လန်းဆန်းရွှင်ပျနေကြသည်။ ထို့ပြင် ခေါင်ရည်တန်ခိုးကြောင့်လည်း ထွေးနွေးနေကြ၏။

"ဟေ့ ဇော်ဆန်၊ တောင်ဝှေးတို့၊ မီးတုတ်တို့ယူပြီးပလား"

အဘိုးလထော်နော်က မေးသည်။ ထို့နောက် လင့်စင်ပေါ်က အောက်သို့ဆင်းရန် ပြင်ဆင်သည်။ ပတ်ဝန်းကျင် အားလုံး၏ အနေအထားကို ခဏမျှ အကဲခတ်ကြည့်သည်။ စိတ်ချရသည့် အနေအထားကို တွေ့မြင်ရမှ လင့်စင်နှင့် သစ်ပင်ဘေးတွင်ကပ်၍ ချည်နှောင်ထားသော လှေကားကို အောက်သို့ လျှောချလိုက်သည်။

လင့်စင်ပေါ်သို့ တက်ရန်ဆင်းရန် ပြုလုပ်ထားသော လှေကားမှာ ဝါးလှေကား ဖြစ်၏။ ထိုဝါးလှေကား၏ အပေါ်ထိပ်တစ်ဖက်တွင် သံချိတ်နှစ်ချိတ် ပြုလုပ်ထားရှိ၏။ ထိုသံချိတ်ကို လင့်စင်၏ တန်းတစ်ခု၌ချိတ်ပြီး လှေကားကို အပေါ်နှင့်အောက်သို့ သွယ်လိုက်သောအခါ လှေကား၏ ထိပ်တစ်ဖက်တစ်ချက်မှ သံချိတ်နှစ်ချိတ်သည် လင့်စင်၏တန်းကို ချိတ်ပြီးသား ဖြစ်သွား၏။ ထို့ကြောင့် လှေကားမှာ ရုတ်တရက် ရွေ့လျားယိုင်လဲခြင်းကို ထိန်းချုပ်နိုင်စွမ်းရှိသည်။ အကယ်၍ လှေကားမှာ လူ၏ လှုပ်ရှားမှု ပြင်းထန်လျှင်လည်း လှေကား ပြုတ်ကျခြင်းမှ ကင်းဝေးပြီး အနည်းငယ် လျှောထွက်လှုပ်ရှားခြင်းမှအပ လူ၏ အသက်အန္တရာယ်ကို စိုးရိမ်စရာ မလိုချေ။



လင့်စင်ပေါ်မှ အောက်သို့ ဆင်းရာ၌လည်း အရေးကြီးသည်။အကြောင်းမူ တစ်ခါတစ်ရံ၌ တောရိုင်းတိရစ္ဆာန်များမှာ လင့်စင်အောက်သို့ အမှတ်မထင် ရောက်ရှိနေတတ်ကြသည်။ တောရိုင်းတိရစ္ဆာန်များ လင့်စင်အောက်သို့ ရောက်နေသည်ကို သတိမမူဘဲ ဆင်းသောမိပါကလည်း ကြီးမားသော ဒုက္ခတရားနှင့် ရင်ဆိုင်တွေ့ကြုံရတတ်ချေသည်။ ထို့ကြောင့် အောက်၌ မသင်္ကာစရာတွေ့လျှင် အပေါ်မှနေပြီး မီးတုတ်များ ပစ်ချ၍ ကြည့်ရှုရသည်မှာလည်း နေ့စဉ်နေ့တိုင်းပင်တည်း။

ထို့ပြင် လမ်းခရီး၌ တောရိုင်းတိရစ္ဆာန်များနှင့် တွေ့ကြုံရပါက အသင့်ယူဆောင်လာသော မီးတုတ်များဖြင့် မီးရှို့ကာ ပစ်ပေါက် ခြောက်လှန့်ရသည်။ မီးတုတ်၊ မီးခြစ်တို့ကိုလည်း သွားလေရာရာ၌ ဆောင်ယူသွားကြရလေသည်။

မှန်သည်။ အသိတရားသည် အဘိုးလထော်နော်တို့အဖို့ ပိုသည်မရှိ လိုသည်သာ ရှိ၏။ ထို့ကြောင့်လည်း အဘိုးလထော်နော်က ဇော်ဆန်တို့ကို လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများကို ယူဆောင်ရန်ပြောသည်။ ထို့နောက် လင့်စင်ဝန်းကျင်ကို သေချာစွာ အကဲခတ်ပြီးမှ အတက်အဆင်းအတွက် အသုံးပြုရန် ပြုလုပ်ထားသော လှေကားကို အောက်သို့ချခြင်းပင်။

"ကဲ ဇော်ဆန်၊ မင်းအရင် အောက်ကိုဆင်း၊ တို့လှေကားကို ကိုင်ထားမယ်။ မင်း အောက်ကိုရောက်တော့ တို့ဆင်းမယ်။ ဟေ့ကောင် ဇော်လတ် မင်းကလည်း သေနတ်ကြီး တကားကားနဲ့၊ အဲဒါ ဘာလုပ်နေရတာလဲ"

ဇော်ဆန်မှာ အဘိုးလထော်နော်၏ အမိန့်အတိုင်း ပြုလုပ်ပြင်ဆင်နေသည်။ သို့သော် ဇော်လတ်ကမူ သူ့သေနတ်ကြီးကို ပခုံး၌ လွယ်လိုက်၊ ပြန်ဖြုတ်လိုက်၊ မောင်းတင်လိုက်နှင့် ဣန္ဒြေမရ ဖြစ်နေသည်။ ဇော်လတ်၏ အပြုအမူမှာ အဘိုးလထော်နော်အဖို့ မျက်စိရှုပ်စရာ ဖြစ်တော့၏။ထို့ကြောင့်လည်း ဇော်လတ်ကို ကြည့်မရတော့ဘဲ မာန်မဲလိုက်သည်။ အဘိုးလထော်နော်၏ မာန်မဲမှုကို ဇော်လတ်က သိပ်ပြီး ကျေနပ်ပုံ မရချေ၊ မှုန်တေတေ မျက်နှာထားနှင့် အဘိုးလထော်နော်ကို စိုက်ကြည့်လိုက်သည်။

"အဘိုးကလည်းဗျာ၊ သေနတ်ကြီးနဲ့ တကားကား လုပ်နေတာ မဟုတ်ဘူးဗျ။ စစ်ဆေးနေတာ စစ်ဆေးနေတာဗျ"

အဘိုးလထော်နော်ကို ဇော်လတ်က ပြန်ပြောသည်။ သို့သော် အဘိုးလထော်နော်က ဇော်လတ်ကို မည်သို့မျှ ပြန်လည်ပြီး မပြောတော့ချေ။ ပြောလျှင်လည်း ဇော်လတ်က နားထောင်မည် မဟုတ်ကြောင်း အဘိုးလထော်နော်

www.burmeseclassic.com

www.burmeseclassic.com



က သိရှိလေပြီ မဟုတ်ပါလား။

အဘိုးလထော်နော်နှင့် ဇော်လတ်တို့ အချီအချ ပြောနေစဉ်တွင် ဇော်ဆန်မှာ လင့်စင်အောက်သို့ ရောက်ရှိသွားလေသည်။

"အဘိုးရေ မဂျစ်ဥတွေထည့်ဖို့ လွယ်အိတ်တွေ ချပေးပါဦး"

ဇော်ဆန်က လင့်စင်အောက်မှ အဘိုးလထော်နော်ကို အော်ပြောသည်။ ထို့ကြောင့် အဘိုးက ဇော်ဆန်ကို စိုက်ကြည့်လိုက်သည်။ သူ့စိတ်ထဲ၌လည်း 'လာပြန်ပြီ တစ်ယောက်၊ ဒီကောင်လည်း အသုံးမကျတဲ့ကောင်ပဲ။ အောက်ကို ဆင်းသွားကတည်းက လွယ်အိတ်ကို ပခုံးမှာလွယ်ပြီး ဆင်းသွားရင် ဘာဖြစ်မှာစိုးလို့လဲ။ ဇော်ဆန်ဆိုတဲ့ကောင် အလကားပဲ'ဟု တွေးမိ၏။

ဟုတ်လည်း ဟုတ်သည်။ လူငယ်ဖြစ်သော ဇော်ဆန်မှာ လူကြီးဖြစ်သော အဘိုးလထော်နော်လို အမြော်အမြင်မရှိ၊ ခိုင်းလျှင် ခိုင်းသလိုသာ လုပ်တတ်သည်။ စဉ်းစားဉာဏ်နှင့် အရာရာကို တွေးတောခြင်း မရှိ။ တောင်ဝှေးနှင့် မီးတုတ်ကိုသာ ယူဆောင်၍ အောက်သို့ ဆင်းသက်သွား၏။ မဂျစ်ဥများထည့်ရန် လွယ်အိတ်ကိုတော့ မယူ။ ပြောပြန်လျှင်လည်း လက်မအားလို့၊ ဘာဖြစ်လို့၊ ညာဖြစ်လို့နှင့် ဆင်ခြေပေးဦးမည်။ လယ်ထွန်သွား နွားမေ့ ဆိုသူပင်။ တစ်ဦးကလည်း သေနတ်ကြီး တကားကား၊ တစ်ဦးကလည်း အဘိုးလထော်နော်၏စိတ်၌ မတွေ့။

ဤသည်တို့ကို အဘိုးလထော်နော်က ပြောလျှင်လည်း သူတို့က နာခံမည် မဟုတ်။ သည်တော့ အဘိုးလထော်နော်ပင် စိတ်ဆင်းရဲရပေဦးမည်။ ထို့ကြောင့် ဇော်ဆန်တို့ကို မည်သို့မျှ မပြောတော့။ သူတို့ ခိုင်းသလိုပင် ပြုလုပ်ပေးတော့၏။ လွယ်အိတ်ကို လင့်စင်ပေါ်က ပစ်ချပေးလိုက်ပြီး သူလည်း အောက်သို့ ဆင်းရန် ပြင်ဆင်တော့သည်။

"အဘိုး နေဦးလေ၊ ကျွန်တော် အရင်ဆင်းမှာပေါ့"

အဘိုးလထော်နော်က အောက်သို့ဆင်းရန် ပြင်ဆင်နေဆဲမှာပင် ဇော်လတ်က သူ အရင်ဆင်းမည်ဟု ဆိုလာပြန်သည်။ အဘိုးလထော်နော်လည်း 'မောင်မင်းကြီးသားတို့ သဘောအတိုင်းပါ ခင်ဗျား။ ကြွကြွပါ ကြွကြွပါ' ဟူသော အမူအရာနှင့် ခေါင်းညိတ်လိုက်ရတော့၏။

ဇော်လတ်သည် လွယ်အိတ်၊ ကြိုးခွေနှင့် အခြား ပစ္စည်းများကို သယ်ပိုး၍ အောက်သို့ ဆင်းတော့သည်။

"အဘိုး လှေကားကို ကိုင်ထားဦးနော်"





ဇော်လတ်က လှေကားကို တစ်ထစ်ချင်း နင်းဆင်းရင်း အဘိုးလထော်နော်ကို အော်ပြောသည်။ သူ၏အသံက စိုးရိမ်သံပါနေသည်။

"အေးပါကွာ၊ မင်း ဆင်းမှာသာဆင်းစမ်း"

အဘိုးလထော်နော်က လှေကားကို ကိုင်ပေးရင်း ဇော်လတ်ကို ပြန်ပြောသည်။ ဇော်လတ် အောက်သို့ ရောက်သွားသည်နှင့် အဘိုးလထော်နော်က ဆင်းတော့သည်။ အဘိုးလထော်နော် အဆင်းတွင် ဇော်ဆန်တို့ ညီအစ်ကိုက လှေကားကို အောက်က ကိုင်ပေးထားသည်။

"အို အို၊ ဟောကောင်တွေ ဒါ ဘယ်လိုလုပ်တာလဲ"

အဘိုးလထော်နော်က အောက်သို့ဆင်းရင်း လမ်းတစ်ဝက်က အော်ပြောသည်။ ပြီးလျှင် အသားတဆတ်ဆတ် တုန်လောက်အောင်လည်း ဒေါပွသွားမိသည်။ အဘိုးလထော်နော် ဒေါသ ဖြစ်ချင်လည်း ဖြစ်စရာ။ အကြောင်းမူ သူတို့ ညီအစ်ကို လင့်စင်ပေါ်က အောက်သို့အဆင်းတွင် အဘိုးလထော်နော်၏ တာဝန် ကျေပွန်ခဲ့သည်။

လင့်စင်ပေါ်မှနေကာ လှေကားကို ယိုင်လဲမသွားစေရန် ကိုင်တွယ်ပေးခဲ့သည်။ သတိနှင့် ထိန်းချုပ်ပေးခဲ့သည်။ ယခု အဘိုးလထော်နော် လင့်စင်ပေါ်မှ အောက်သို့ ဆင်းသောအခါ ဇော်ဆန်တို့ ပေါ့ဆမှုကြောင့် ရုတ်တရက် လှေကားမှာ ယိုင်နဲ့ပြီး ဝဲဘက်သို့ လျှောကျသွား၏။

လှေကားယိုင်သွားသဖြင့် အဘိုးလထော်နော်မှာလည်း လင့်စင်ပေါ်က ယိုင်ပြီး လိမ့်ကျမလို ဖြစ်သွားရ၏။ အကယ်၍ အဘိုးလထော်နော် သတိမရှိလျှင် လှေကားထက်မှ ခြေချော်လက်ချော်ဖြစ်ကာ လိမ့်ကျလျှင် သက်သာမည်မဟုတ်။ ပေနှစ်ဆယ် အစိတ်နီးပါး အမြင့်ရှိသည်မို့ ကျိုးကန်းနိုင်သည် မဟုတ်ပါလား။ သို့သော် အဘိုးလထော်နော်က သတိရှိသည်မို့ ယိုင်ရုံသာယိုင်ပြီး မည်သို့မျှ မဖြစ်လေချေ။

ထိုကဲ့သို့ဖြစ်ရန် စိုးရိမ်၍လည်း လှေကား၏ ထိပ်တစ်ဖက်တစ်ချက်တို့တွင် သံချိတ်များ ပြုလုပ်ထားရှိခြင်းပင်။ ယခု လှေကားမှာ သူ့အလိုအလျောက်ဆိုလျှင် မည်သို့မျှ ယခုလို ဖြစ်စရာမရှိ။ ဇော်ဆန်တို့က သတိမထားဘဲ ဖြစ်သလို ကိုင်ကာ မလိုတမာစိတ်နှင့် လှေကားကို တွန်းလိုက်သလား၊ မှိုလိုက်သား ဟု၍လည်း အဘိုးလထော်နော် တွေးကြည့်မိသည်။

"လှေကားထိပ် သံချိတ်ချိတ်ထားတဲ့ နေရာက နှင်းတွေနဲ့မို့ မျောသွားတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးလထော်နော် အောက်သို့ ရောက်သည်နှင့် ဇော်လတ်က ဆိုတော့သည်။ ဤကိစ္စနှင့် ပတ်သက်၍ သူတို့နှင့်မဆိုင်ဟူသော သဘောကို သူ၏ အားက ညွှန်းဆို၏။ သူတို့ ညီအစ်ကို ပေါ့လျော့မှုကြောင့် ယခုလို ဖြစ်ရသည်ကိုတင် ဖုံးကွယ်ပစ်သည်။ ဤသည်ကို အဘိုးလထော်နော်က မသိ၍ မဟုတ်၊ သိသည်။ သို့ရာတွင် ဇော်လတ်၏ စကားကို အဘိုးလထော်နော်က ပြန်လည်ပြီး မချေပတော့။ ပြန်လည် တစ်ယောက်တစ်ခွန်း ပြောဆိုနေမည် ဆိုလျှင်လည်း လုပ်ငန်းအတွက် နှောင့်နှေးကြန့်ကြာမည်။ ထို့ပြင် လူကြီး တစ်ဦးတစ်ယောက် အနေနှင့် သဘောထားသေးသိမ်သည် ဟူသော အထင်ကို အဘိုးလထော်နော်က အထင်မခံနိုင်ချေ။

မည်သို့ဆိုစေ အဘိုးလထော်နော်တို့ လူအားလုံးလည်း အောက်သို့ ရောက်လာကြပြီ။ ထို့ကြောင့် ပေနှစ်ဆယ်ကျော် အစိတ်ရှိသော လှေကားကြီးကို သုံးဦးသား ဝိုင်းမကာ တန်းချိတ်ထားသော ချိတ်ကို ဖြုတ်ပစ်လိုက်ကြ၏။ ထို့နောက် လင့်စင်ကို သည်အတိုင်း ထားခဲ့ကာ လှေကားကို တခြား နေရာ၌ သွားရောက်ပြီး သိမ်းဆည်းထားလိုက်ကြလေသည်။ သို့မဟုတ်ဘဲ လင့်စင်၌ လှေကားကို သည်အတိုင်း ထားခဲ့ပါက တောရိုင်းတိရစ္ဆာန်တို့မှာ လှေကားမှ တစ်ဆင့် လင့်စင်ပေါ်သို့ တက်ရောက်ပြီး ရှိသမျှ အစားအစာနှင့် ပစ္စည်းတို့ကို ဖျက်ဆီးပစ်နိုင်သည် မဟုတ်ပါလား။

မှန်သည်။ လူအောက်သို့ ရောက်လျှင်လည်း လင့်စင်မှ လှေကားကို ဖြုတ်၍ ထားရသည်။ ထို့အတူ လင့်စင်ထက်တွင် သူတို့ အိပ်စက်နားနေလျှင်လည်း လှေကားကို ဖြုတ်ပစ်၍ ထားရသည်သာပင်တည်း။

* * *

အဘိုးလထော်နော်တို့၏ အရှေ့ဆီတွင် ဖွေးဖွေးဖြူ၍ ငွေရောင်တောက်နေသော နှင်းလွှင်ပြင်ကို တွေ့မြင်နေရသည်။ နှင်းလွှင်ပြင်ပေါ်၌လည်း ဖွေးဖြူသော မဂျစ်ဥအပင်အချို့ကိုလည်း မျက်စိစူးသော အဘိုးလထော်နော်က တွေ့မြင်ရသည်။ နှင်းလွှင်ပြင်ပေါ်တွင် နှင်းသီးများ သီးနေသကဲ့သို့ အဖြူပေါ်တွင် အဖြူဆင့်၍ မဂျစ်ဥများကား ပန်းသင့်နေချေသည်။ အမှန်စင်စစ် အဖြူထဲ၌ အဖြူကို ရှာသည်မှာ လွယ်ကူသည် မဟုတ်။ လုပ်နေကိုင်နေကျ ရှိဖို့လိုသည်။ မျက်စိရှင်၍ မှန်ကန်စွာ ရှာဖွေနိုင်မှသာ မဂျစ်ဥကို ရရှိနိုင်မည်ပင်တည်း။

နှင်းလွှင်ပြင်၏ ဟိုမှာဘက်တွင် မြင့်မားမတ်စောက်လှသော ကမ်းပါးယံကြီးကို တွေ့မြင်ရသည်။ ကမ်းပါးယံကြီး၏ သည်မှာဘက်တွင် နှင်းများဖုံးနေ





သော တောင်တန်းတို့က သွယ်တန်းနေ၏။ တောင်ထွတ်တို့မှာ အရောင်တောက်ကာ တောတို့မှာ စိမ်းနေ၍ မှိုင်းနေကြလေသည်။

နှင်းသီးတို့မှာ သစ်ရွက်သစ်ခက်များပေါ်တွင် အခဲလိုက်အခဲလိုက် တွဲခိုနေကြသည်။ အေးချမ်းသော ဆောင်းလေက မြူးကြွနေ၏။ ဆောင်းလေနှင့်အတူ ထင်းရှူးရနံ့နှင့်ငွေနှင်းနံ့တို့ ရောထွေးကာ သင်းပျံ့၍နေချေသည်။ ငွေသရဖူဆောင်းထားသော သစ်ပင်တို့က ယိမ်းကာ၍ ဆောင်းအလှကို ပြနေ၏။

အဘိုးလထော်နော်၊ ဇော်ဆန်နှင့် ဇော်လတ်တို့ သုံးယောက်သားမှာ မဂျစ်ဥများရှိရာ နှင်းလွှင်ပြင်သို့ ဦးတည်သွားနေကြသည်။ သူတို့ ကိုယ်ပေါ်တွင် လွယ်အိတ်ကြီးများကို ကိုယ်စီလွယ်ပိုးထားကြ၏။ ထို့ပြင် ကချင်ဓားရှည် နှစ်လက်နှင့် နှစ်လုံးပြူး သေနတ်တစ်လက်ကိုလည်း ယူဆောင်လာကြသည်။ လွယ်အိတ်ထဲ၌ မီးစာတုတ်များ၊ ကြိုးခွေများကိုလည်း သယ်ပိုးလာကြ၏။ နှင်းပင်လယ်ပြင်ပေါ်သို့ ရောက်သည်နှင့် လျှောမလဲစေရန် ထိပ်၌ သံချွန်တပ်ထားသော တောင်ဝှေးကို ထောက်၍ သွားကြရသည်။

အဘိုးလထော်နော်တို့သည် နှင်းပြင်ပေါ်၌ နှင်းများနှင့် ရောထွေးပေါက်နေသော မဂျစ်ဥများကို နုတ်ယူကြသည်။ နှင်းခဲ၊ နှင်းပွင့်များကို ဖယ်ရှားကာ အကြိုအကြားမှ မဂျစ်ဥများကို နုတ်ယူသိမ်းဆည်းရင်း ရှေ့နောက်ဝဲယာကို အကဲခတ်ရသည်။ မျက်စိကို ဖွင့်ရသည်။ နားကို စွင့်ရသည်။ အရာရာကို သတိထားပြီး သူတို့၏ အလုပ်ကို လုပ်ကိုင်နေကြသည်။

မှန်သည်။ မဂျစ်ဥကို တောတွင်းရှိ အရွက်စားတိရစ္ဆာန် မှန်သမျှ အားလုံးကြိုက်နှစ်သက်ကြသည်။ အချိုအဆိမ့်ကို ကြိုက်နှစ်သက်သော တောနက်ဝက်ဝံကြီးများပင် အုပ်ဖွဲ့၍ နှင်းခဲပြင်ပေါ်သို့ လာရောက်တတ်ကြ၏။ ထို့နောက် နှင်းခဲပြင်ပေါ်တွင် ပေါက်ရောက်နေသော မဂျစ်ဥများကို အလုအယက် စားသောက်တတ်၏။ နှင်းခဲပြင်ကို လက်သည်းများနှင့် ကုတ်ဖွကာ မဂျစ်ဥများကို ရှာဖွေတတ်ကြ၏။ တစ်ခါတစ်ခါ၌ နှင်းလွှင်ပြင်ပေါ်တွင် တောနက်ဝက်ဝံအချင်းချင်း အစာလုကြရာ သတ်ကြပုတ်ကြသော ပွဲကြီးပွဲကောင်းတို့ကိုလည်း ကြုံကြိုက်ခဲ့ကြရသည်။

ဤသည်တို့ကြောင့် မဂျစ်ဥ ရှာဖွေရေးသမားများမှာ သေနတ်နှင့်ပစ်၍လည်းကောင်း၊ မီးတုတ်များဖြင့် ပစ်ပေါက်၍ လည်းကောင်း တောရိုင်းတိရစ္ဆာန်တို့ကို ခြောက်လှန့်ပစ်ကြရသည်။ ထိုသို့ မပြုလုပ်ပါက မဂျစ်ဥကို လူသားများအဖို့ ရှာဖွေတွေ့ရှိတော့မည် မဟုတ်ချေ။ တောရိုင်းတိရစ္ဆာန်များသာ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပစ်မည်မှာ မုချပင်တည်း။

မည်သို့ဆိုစေ မဂျစ်ဥမှာ လူသားများအတွက်သာ အသုံးဝင်သည် မဟုတ်။ တောရိုင်းတိရစ္ဆာန်တို့ အဖို့လည်း ကျန်းမာသန်စွမ်းပြီး အားအင် ပြည့်ဖြိုးလေသည်။ ထို့ကြောင့်ပင် ခါးသက်သက် မဂျစ်ဥကို တောရိုင်းတိရစ္ဆာန်များ ကြိုက်နှစ်သက်ကြ၍ လိုက်လံရှာဖွေစားသောက်ကြခြင်းပင်တည်း။

ဤသည်တို့ကိုလည်း အဘိုးလထော်နော်တို့မှာ သတိထားရသည်။ အန္တရာယ်ကို မကျရောက်ခင်က ကြိုတင်ကာကွယ်နိုင်ရန် အမြဲ သတိရှိနေကြသည်။

ဖြူဖွေးပြီး အရွက် လုံးဝ မရှိဘဲ အမြစ်ဖွားဖွားလေး ဖြစ်နေသော မဂျစ်ဥများမှာ အဘိုးလထော်နော်တို့၏ လွယ်အိတ်ထဲသို့ တစ်ခုပြီးတစ်ခု ရောက်ရှိနေကြလေသည်။

"ဟေ့ ဇော်ဆန်၊ မင်းရှေ့မှာ မင်းရှေ့မှာ"

ဇော်လတ်က သူ့အစ်ကိုဖြစ်သူ ဇော်ဆန်ကို အားပါးတရ အော်ပြောသည်။ သူ၏အသံမှာ အောင်မြင်လွန်းလှသဖြင့် အဘိုးလထော်နော်၏ နားထဲသို့ စူးဝင်သွားသည်။ ထို့ပြင် သူတို့ တွေ့ရှိထားသော မဂျစ်ဥများကို အဘိုးလထော်နော် ရရှိသွားမှာလည်း စိုးရိမ်နေသလိုပင်။

"အေးပါကွာ၊ ငါလည်း နုတ်နေတာပါပဲ"

ဇော်ဆန်က သူ့ညီကို ပြန်ပြောရင်း မဂျစ်ဥများကို နုတ်၍ သူ့လွယ်အိတ်ထဲသို့ ထည့်သည်။ လက်တစ်ဆစ်လောက်ရှိသော မဂျစ်ဥများမှာ ဇော်ဆန်နှင့် ဇော်လတ်တို့ကို မြူဆွယ်ဖိတ်ခေါ်နေချေသည်။ သူတို့အဖို့ ယနေ့ ကံလိုက်သည်။ ယခုလို မဂျစ်ဥများ အုပ်လိုက် အဆုပ်လိုက် တွေ့ကြုံရဖို့ ဆိုသည်မှာ အလွန်ခဲယဉ်းလှသည်။ မဂျစ်ဥ တစ်ခုရဖို့ အရေးပင် မြင့်မားသော ကျောက်တောင်များပေါ်သို့ ခဲရာခဲဆစ် တက်ကြရသည်။ လျှိုမြောင် အထပ်ထပ် တောင်အသွယ်သွယ် နှင်းပြင်ကျယ်၌ လျှင်မြန်သော မျက်စိကို အသုံးပြု၍ ပင်ပန်းကြီးစွာ ရှာဖွေကြရသည် မဟုတ်ပါလား။

အဘိုးလထော်နော်ကမူ လူငယ်များ ဖြစ်ကြသော ဇော်ဆန်နှင့် ဇော်လတ်တို့လောက် သွက်လက်မှုမရှိ။ ခပ်လေးလေးပင် သူ့ရှေ့၌ တွေ့ရှိသော မဂျစ်ဥများကိုသာ ကောက်ယူသည်။ တစ်ခါတစ်ခါ၌ ဇော်ဆန်နှင့် ဇော်လတ်တို့က သူနုတ်မည့်ဆဲဆဲ မဂျစ်ဥများကို ဆတ်ခနဲ ဆတ်ခနဲ ဆွဲ၍လုပြီး နုတ်သွားသည့်အခါလည်း ရှိသည်။





မှန်သည်။ ဤနှင်းပြင်ပေါ်၌ တွေ့ရှိရသော မဂျစ်ဥ အားလုံးကို ဇော်ဆန်တို့က သူတို့ချည်းသာ ရအောင် အငယားဖားယားနှင့် လောဘတကြီး နုတ်ယူနေကြသည်။

ဤသည်တို့ကြောင့် အဘိုးလထော်နော်၏ ရင်ထဲ၌ တစ်မျိုးတစ်မည် ဖြစ်လာရပြန်သည်။ ပြီးလျှင် ရွာမှ မထွက်ခင်ကဆိုလျှင် "ကျွန်တော်တို့ အဘိုးရဲ့ စကားကို နားထောင်ပါ့မယ်။ အဘိုးနဲ့အတူလိုက်ပြီး မဂျစ်ဥ ရှာပါရစေ။ ဒီတစ်ခါ အဘိုး တောထဲသွားရင် ကျွန်တော်တို့ကိုပါ ခေါ်ပါ အဘိုးရယ်" ဟူ၍ သူ့ကို ဇော်ဆန်၏ တောင်းပန်ခယပြီး ပြောသည့်စကားများကို ပြန်လည် ကြားယောင်မိသည်။ ထို့အပြင် "ရတဲ့ မဂျစ်ဥတွေလည်း အတူတူ ခွဲယူကြတာပေါ့ အဘိုးရယ်" ဟု ဇော်ဆန်တို့က ပြောခဲ့သော်လည်း ယခုအတိုင်းဆိုလျှင် အဘိုးလထော်နော်နှင့် ဇော်ဆန်တို့မှာ ဘယ်နည်းနှင့်မျှ ဝေတူမျှတူ လုပ်မည် မဟုတ်တော့။ သူတို့ ရှာဖွေ၍ ရသည်ကို သူတို့ချည်းသာ ယူမည့်ပုံ ဖြစ်ကြောင်း သူတို့၏ လုပ်ဆောင်မှုက သက်သေခံနေချေပြီ။ မှန်၏။ ဤသည်ကိုလည်း အဘိုးလထော်နော်က ရိပ်မိ သိရှိသည်။ ပြီးလျှင် တောထဲကိုရောက်၍ လင့်စင်ပေါ်၌ ခေါင်းရည်သောက်ကြစဉ်ကလည်း ခေါင်းရည်ခွက် လွှတ်ကျရပါမည်လားဟု အဘိုးလထော်နော်က ဇော်ဆန်ကို မာန်မဲခဲ့သည်။ ဇော်လတ်က သူ့အစ်ကိုကို မာန်ရမည်လားဟူ၍ အဘိုးလထော်နော်အား ပြန်လှန် ပြောဆိုခဲ့သည်။ ဇော်ဆန်ကလည်း အဘိုးလထော်နော်၏ စကားကို သိပ်ပြီး နာခံချင်ပုံမပေါ်။ အပြောတစ်မျိုး အလုပ်တစ်မျိုး လုပ်တတ်သော ညီအစ်ကိုပင်။ လင့်စင်ပေါ်က အောက်သို့ ဆင်းစဉ်ကလည်း သူတို့ညီအစ်ကို တာဝန်မဲ့ခဲ့သည်။ ထို့ကြောင့် အဘိုးလထော်နော်မှာ အောက်သို့ ပစ်ကျမလို ဖြစ်ခဲ့ရသည်။ ယခုလည်း နှင်းပြင်ပေါ်၌ တွေ့သမျှ မဂျစ်ဥများကို သူတို့ ညီအစ်ကိုနှစ်ယောက်စလုံး သရဲမရဲစိုး၍ လုပြီး နုတ်ယူနေကြပြန်သည်။

ဤသည်တို့ကြောင့် အဘိုးလထော်နော်သည် ဇော်ဆန်တို့နှင့် ပေါင်းသင်းပြီး တောထဲသို့ လာမိသည်မှာ မှားလေပြီဟု တွေးတောမိသည်။ သည်ညီအစ်ကိုက သူ့စကားကိုလည်း နားမထောင်။ ထင်ရာမြင်ရာ လုပ်ချင်သည်။ အတူတူလာ၍ အတူတူ ရှာဖွေပြီး ရရှိသောပစ္စည်းများကိုလည်း ညီတူညီမျှ ခွဲဝေယူမည်ဆိုသော စိတ်ထားသည် သူတို့ညီအစ်ကိုတွင် မရှိတော့။ လောဘဇောက အရာရာကို ဖုံးကွယ်နေပြီဖြစ်ကြောင်းလည်း အဘိုးလထော်နော် နားလည်သဘောပေါက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ လူငယ်နှင့် လူကြီးဟူသော အသိတရားက အဘိုးလထော်နော်ကို အမြဲတမ်း ထိန်းချုပ်ထားသည်မို့ တော်တော့သည်။ သို့မဟုတ်ပါက ဇော်ဆန်တို့နှင့် တစ်လမ်းစီ ခွဲထွက်ပြီး သီးခြားနေထိုင်လုပ်ကိုင်မိမည်မှာ အမှန်ပင်။

မှန်သည်။ အဘိုးလထော်နော်က ဇော်ဆန်တို့အပေါ်တွင် စိတ်ရှည်ရှည်ထားကာ လူကြီးပီပီ ခွင့်လွှတ်သည်းခံနေရသည်။

အဘိုးလထော်နော်တို့၏ ကချင်တောင်ပေါ်ဒေသတွင် မဂျစ်ဥသာမဟုတ်။ အခြား အဖိုးတန်လှသော ရတနာပင်များကို တွေ့မြင်ရလေသည်၊

ယခင် ခေတ်အဆက်ဆက်က တောင်ပေါ်ဒေသတွင် ဘိန်းပင်များကိုလည်း စိုက်ပျိုးဖြစ်ထွန်းခဲ့ကြသည်။ ၁၉၆၆ ခုနှစ်က ကောက်ယူရရှိခဲ့သော စာရင်းများအရ ပြည်နယ်တောင်တန်းဒေသများတွင် ဘိန်းစိုက်ခင်း ဧကမှာ တစ်သိန်းခွဲခန့်အထိ ရှိသည်။ အများအားဖြင့် ဘိန်းစိုက်ပျိုးသော ဒေသများမှာ သွားရေးလာရေး ခက်ခဲသော တောင်တန်းဒေသများဖြစ်သည့် မြစ်ကြီးနား ပူတာအို၊ ဗန်းမော်၊ ဟူးကောင်း၊ ဆဒုံ၊ စိန်လုံဒေသတို့၌ ပိုမို များပြားစွာ စိုက်ပျိုးခဲ့ကြသည်။ ဆွမ်ပရာဘွမ်၊ ချီဖွေ၊ မချမ်းဘောနှင့် အခြားဒေသများတွင်လည်း အနည်းနှင့်အများ စိုက်ပျိုးခဲ့ကြသည်။

ဘိန်းစိုက်ပျိုးမှုကို အကြောင်းပြု၍ ဒေသခံတိုင်းရင်းသားများမှာ ဘိန်းစွဲခဲ့ကြရသည်။ ဘိန်းစားများဖြစ်၍ အကြံတုံး ဉာဏ်တုံးပြီး လူညွန့်ပါတုံး... အဖြစ်ဆိုးများကို ရင်ဆိုင်တွေ့ကြုံခဲ့ကြရသည်။ သို့ရာတွင် ဘိန်းမှောင်ခို ... သည်ကြီးများမှာမူ တစ်စထက်တစ် ကြီးပွားချမ်းသာလာကြသည်။ လက်သည်... လက်စား တိုင်းရင်းသားများအပေါ် ဘိန်းကို အကြောင်းပြု၍ နည်းအမျိုးမျိုး... ဖြင့် ဒုက္ခပေးပြီး ညှဉ်းဆဲနိုင်ခဲ့ကြသည်။ အနိုင်ယူခဲ့ကြသည်။ ဘိန်းရောင်း... မှာ တစ်ပိဿာလျှင် (၄၀၀) ကျပ်အထိ ရောင်းချနေကြရသည်မို့ သူတို့တစ်... ကြီးပွားချမ်းသာနေကြသည်မှာ မဆန်း။

ယခုအခါတွင် နိုင်ငံတော်အစိုးရသည် တောင်တန်းဒေသများ၌ ဘိန်း... လုံးဝ ပပျောက်ရေးကို အထူး ဂရုတစိုက် ဆောင်ရွက်လုပ်ကိုင်နေသည်။ ဒေသ... ဆိုင်ရာ အဖွဲ့အစည်း၊ အကြီးအကဲတို့နှင့် ယစ်မျိုးအဖွဲ့တို့ စုပေါင်းကာ ဘိန်း... တိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်သည်။

ဘိန်းစိုက်ပျိုးသူများနှင့် ဘိန်းရောင်းဝယ် ဖောက်ကားသူများတို ... ပေး စည်းရုံး၍ ထိရောက်စွာ အရေးယူမှုတို့လည်း ပြုလုပ်လျက်ရှိသည်။ ထို့ပြင်...





ဘိန်းစွဲသူ တိုင်းရင်းသားများကိုလည်း ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ဘိန်းစွဲမှုကုသရေး ဆေးရုံကြီးတစ်ရုံ ဖွင့်လှစ်၍ စေတနာ ထက်သန်စွာနှင့် အခမဲ့ကုသပေးသည်။

ထို့ကြောင့် ယခုအခါတွင် ဘိန်းစိုက်ခင်းများ ပပျောက်သင့်သလောက် ပပျောက်သွားချေပြီ။ ယခင် ဘိန်းစိုက်ခင်းများတွင် ဘိန်းပင်အစား ဆေးဂန္ဓမာ၊ ခန်းတောင့်၊ အာလူး၊ ဂျုံ စသည့် သင့်လျော်သော သီးနှံအပင်များကို အစားထိုးစိုက်ပျိုးလျက် ရှိလေပြီ။

ဆေးဂန္ဓမာပွင့်သည် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ပြီး အသုံးပြုရာ၌ ထိရောက်မှု အလွန်ရှိ၍ ကမ္ဘာကျော် ဆေးပင်တစ်မျိုး ဖြစ်၏။ အပင်ခြောက်ကို ခြင်နိုင်ဆေးနှင့် ယင်နိုင်ဆေးရည်အဖြစ် ပြုလုပ်နိုင်သည်။ ထို့ပြင် အနုစား ပိုးသတ်ဆေးရည် အဖြစ်လည်း ထုတ်ယူရရှိနိုင်လေသည်။ ဆေးဂန္ဓမာကို ပေ (၃၀၀၀)ကျော်မြင့်သော ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းဝိသေသတိုင်း၊ ကိုးကန့်ဒေသ၊ ဝဒေသ၊ နာဂတောင်တန်း၊ မိုးကုတ်၊ ကျပ်ပြင်၊ မေမြို့နှင့် ကော်သူးလေပြည်နယ် စသော ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းကြ၏။

နိုင်ငံတော်အစိုးရ၏ ထိရောက်သော ပညာပေးလုပ်ဆောင်မှုကြောင့် ဆေးဂန္ဓမာစိုက်ပျိုးသူ တိုင်းရင်းသားများမှာ ဆေးဂန္ဓမာ၏ အကျိုးအမြတ်ကို မြက်မြက်လေး စားသုံးနေကြရလေပြီ။ အကြောင်းမူ ဘိန်းပင် တစ်ဧကစိုက်ပါက ဝင်ငွေမှာ (၃၅၀) မှ (၇၅၀) ကျပ် အထိသာ ရရှိနိုင်၏။ သို့ရာတွင် ဆေးဂန္ဓမာတစ်ဧက စိုက်ပျိုးပါက ထုတ်လုပ်သူ၏ ရရှိသောဝင်ငွေမှာ (၆၀၀) ကျပ်မှ (၁၀၀၀)အထိပင် ရရှိနေသောကြောင့်ပင်တည်း။

မှန်သည်။ ဘိန်းစိုက်မှ ငွေရှင်သည်ဟူသော အသိသည် အခုအခါ၌ တိုင်းရင်းသားတို့၏ဉာဏ်၌ ပျောက်ကွယ်ကုန်ကြချေပြီ။ ထို့ကြောင့်လည်း တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၅၅)ရွာမှ တိုင်းရင်းသားပြည်သူတို့သည် နိုင်ငံတော်အစိုးရ၏ ပညာပေးမှုကြောင့် အမြင်မှန်ရကာ ဘိန်းစိုက်ခင်း ဧကပေါင်း တစ်သောင်းကျော်ကို ဖျက်ဆီးပစ်ကြသည်။ ဖျက်ဆီးပြီးသော ဘိန်းစိုက်ခင်းများ၏ နေရာတွင် ဆေးဂန္ဓမာ၊ အာလူးနှင့် ဂျုံတို့ကို အစားထိုး စိုက်ပျိုးကာ အောင်မြင်မှု ရရှိနေခဲ့ချေပြီ။

ဆေးဂန္ဓမာအပြင် အဘိုးလထော်နော်တို့၏ ကချင်တောင်ပေါ်ဒေသတွင် ခန်းတောင့်ပင်များမှာလည်း အလေ့ကျ ပေါက်ရောက်လျက် ရှိကြသည်။ ခန်းတောင့်ပင်သည် တိုင်းရင်းဆေးများသာမက နိုင်ငံခြားဆေးများ ဖော်စပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း အသုံးဝင်လှ၏။ ဈေးကောင်းရသည်မို့ ခန်းတော်ပင်များကိုလည်း စမ်းသပ်စိုက်ပျိုးသင့်သလို မဂျစ်ဥကိုလည်း သုတေသနပြုကာ စိုက်ပျိုးသင့်၏။

မည်သို့ဆိုစေ တောင်ပေါ်ဒေသ၌ စိုက်ပျိုးရေးစီမံကိန်းမှာ ဖြစ်ထွန်းသလောက် ဖြစ်ထွန်းလာချေပြီ။ ထို့ကြောင့် တောင်ပေါ်နေ တိုင်းရင်းသားတို့၏ ဘဝမှာလည်း အရာရာ၌ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မုချပင်တည်း။

မှန်သည်။ ကချင်ပြည်နယ်သည် မြေပေါ်သယံဇာတများ ပေါများကြွယ်ဝသလို မြေအောက်သယံဇာတများလည်း ပေါများကြွယ်ဝလှ၏။ ကချင်ပြည်နယ် ကာမိုင်းမြို့နယ်အတွင်းရှိ တောမှော်၊ ကတေမှော်၊ လုံးခင်းနှင့် ဖားကန့်ဒေသများတွင် အရည်အသွေးကောင်းမွန်သော ကျောက်စိမ်းများ တူးဖော်ထွက်ရှိနေပြန်တကား။

* * *

ယနေ့တွင် အဘိုးလထော်နော်သည် နားနေအိပ်စက်ရာ လင့်စင်ဆီသို့ စောစီးစွာပင် ပြန်ရောက်ခဲ့သည်။ ပြန်ရောက်လျှင်ရောက်ချင်း မီးဖိုထဲက ညှော်နံ့ ရသည်ဟု ထင်မိသည်။ တောထဲမှာ ထားရှိသော မီးဖိုတို့မှာ ချက်ပြုတ်ပြီးတိုင်း ပြီးတိုင်း မီးငြိမ်းသတ်လေ့ မရှိကြချေ။ အကြောင်းမူ ထင်းတုံးကြီးများမှာ ဆောင်းရာသီမို့ နှင်းတို့နှင့် စိုရွှဲနေတတ်သည်။ ထို့ကြောင့် အစဉ်ခြောက်သွေ့ပြီး မီးမွှေးလွယ်ကူစေရန် မီးဖို၌ သစ်မြစ် သစ်တုံးတို့ကို စုပုံ၍ ကျပ်တင်ပြီး ထားရှိကြသည်။ သို့မှသာ မိမိ အလိုရှိသည့်အချိန်၌ မီးကို လွယ်ကူစွာ မွှေးနိုင်ပြီး လိုအင်သလို အသုံးပြုနိုင်လေသည်။

ယခု မီးဖိုထဲက မီးခဲတွေမှာ ဟိုတစ်ခဲ သည်တစ်ခဲနှင့် မီးဖိုဝန်းကျင်တွင် ပွစာကျဲနေသည်ကို အဘိုးလထော်နော် တွေ့မြင်ရသည်။ ထို့ပြင် ထင်းချောင်းတွေကလည်း ဟိုတစ်ချောင်း သည်တစ်ချောင်း။ ထို့ကြောင့် မီးဖိုကို ရှင်းလင်းပစ်ရသည်။ ပြီးမှ ညစာအတွက် စားသောက်ရန် ချက်ပြုတ် လုပ်ကိုင်လေသည်။ သူ၏ စိတ်ထဲ၌လည်း 'ဇော်ဆန်တို့ သိပ်ပေါ့တာပဲ၊ မီးဖိုကို ဖြစ်သလို ပစ်ထားခဲ့တယ်' ဟူ၍လည်း ဒေါသဖြစ်ရသေးသည်။

ဇော်ဆန်နှင့် ဇော်လတ်တို့မှာ လောဘကြီးသူများမို့ ယခုအချိန်အထိ လင့်စင်သို့ ပြန်မလာကြသေးချေ။ နှင်းလွင်ပြင်ထဲ၌ မဂျစ်ဥများကို ဖွဲကြီးစွာနှင့် ရှာဖွေနေကြတုန်းပင်တည်း။

မှန်သည်။ အဘိုးလထော်နော်သာ အသက်အရွယ်က ကြီးရင့်ပြီး ပင်ပန်းမှုဒဏ်ကို သိပ်ပြီး မခံနိုင်။ ထို့ကြောင့် အဘိုးလထော်နော်က သူနှင့်အတူ





နှင်းလွင်ပြင်၌ မဂျစ်ဥများ ရှာဖွေနေသော ဇော်ဆန်တို့ ညီအစ်ကိုကို 'ငါပြန်တော့မယ်၊ ဒီနေ့ သိပ်ပြီး နေမကောင်းချင်ဘူး' ဟု ပြောဆိုခဲ့သည်။ ထိုအခါ ဇော်ဆန်က 'အဘိုး ပြန်ချင်ပြန်နှင့်လေ၊ ကျွန်တော်တို့တော့ မပြန်သေးဘူး။ အဘိုး အရင်ရောက်ရင်လည်း ထမင်းလေး ဘာလေး ချက်ပြုတ်ထားပါ အဘိုးရယ်' ဟူ၍ ပြောဆိုခဲ့သည်။ တောင်းပန်ခဲ့သည်။ ဤသည်ကို အဘိုးလထော်နော်က ခေါင်းညိတ်ခဲ့သည်။ ကတိပေးခဲ့သည်။

ထို့ကြောင့်လည်း ယနေ့တွင် အဘိုးလထော်နော် လင့်စင်ဆီသို့ ညနေစောင်းသည်နှင့် ပြန်ရောက်ခဲ့သည်။ ရောက်သည်နှင့် လူအားလုံး စားသောက်ဖို့ကို ချက်ပြုတ်လုပ်ကိုင်နေသည်။

ဇော်ဆန်တို့ ညီအစ်ကိုမှာ သူ၏စကားကို နားမထောင်သော်လည်း ဇော်ဆန်၏ အမိန့်ကိုမူ အဘိုးလထော်နော်က နာခံသည်၊ နားထောင်သည်။ ဇော်ဆန် မှာကြားထားသည့်အတိုင်း စားသောက်ရန်အတွက် ချက်ပြုတ်လုပ်ကိုင်ရင်း တစ်နေ့တာ၏ ပင်ပန်းနွမ်းနယ်မှုကို အနားယူနေလေသည်။

မှောင်စပျိုးသည်နှင့် လူအားလုံး စားရန်အတွက် လုပ်ကိုင်နေသော လုပ်ငန်းမှာ ပြီးစီးသွားချေပြီ။ ထို့ကြောင့် ရရှိသော အချိန်အားလေးကို အဘိုးလထော်နော်က အလဟဿ အဖြစ်မခံလို။ ယနေ့ တစ်နေ့လုံး ရှာဖွေရရှိလာသော မဂျစ်ဥများကို လွယ်အိတ်ထဲမှ ထုတ်၍ သိမ်းဆည်းနေကျဖြစ်သော ခြင်းထောင်းထဲသို့ ပြောင်းရွှေ့ပြီးထည့်သည်။

"ဟင် မနေ့ကလည်း ဒီလောက်ပဲ၊ အခုလည်း ဒီလောက်"

အဘိုးလထော်နော်က ခြင်းထောင်းထဲတွင်ရှိသော မဂျစ်ဥများကို ကြည့်၍ သူ့ဘာသာသူ တီးတိုးပြောမိသည်။ သူ့စိတ်ထဲ၌လည်း တစ်မျိုးကြီး ဖြစ်လာသည်။ သူ ရှာဖွေသိမ်းဆည်းထားသော ပစ္စည်းများ လျော့နည်းနေသည်ဟူ၍ သံသယစိတ်က လွှမ်းမိုးလာသည်။ ထိုအချိန်တွင် မဆီမဆိုင် ဇော်ဆန်တို့ညီအစ်ကို၏ မျက်နှာများကိုလည်း ကွက်ခနဲ ကွက်ခနဲ ပြေး၍ မြင်ယောင်လာမိသည်။ နောက်မှ "ဟုတ်နိုင်မယ် မထင်ပါဘူးလေ" ဟု စိတ်နှလုံးကို ဒုန်းဒုန်းချကာ ဖြေဖျောက်ပစ်ရသည်။ ထို့ပြင် "ဟုတ်မှ ဟုတ်ရဲ့လား၊ အို ဟုတ်ပါတယ်လေ၊ ငါက မှတ်ဉာဏ်နည်းလို့ပါ" တောင်စဉ်ရေမရ ရေရွတ်ရင်း မဂျစ်ဥများကို သိမ်းဆည်းနေလေတော့သည်။

"အဘိုးရေ့ အဘိုး"

လင့်စင်အောက်မှ ဇော်ဆန်တို့၏ အော်ခေါ်သံကို ကြားရသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဝေး ဇော်ဆန်တို့လား"

အဘိုးလထော်နော်က ဇော်ဆန်၏ အခေါင်ကို ပြန်ထူးရင်း ထိုင်ရာမှ ထသည်။ ထို့နောက် လင့်စင်ဘေးတွင် ချိတ်ထောင်ထားသောလှေကားကို ဖြုတ်ယူ၍ ဖြည်းဖြည်းချင်း အောက်သို့ ချပေးရန် ပြင်ဆင်သည်။

"ဟုတ်တယ် အဘိုးရဲ့၊ လှေကား ချပေးပါဦး"

"အေး အေး၊ အောက်က ထိန်းပြီးကိုင်ဖော့"

အဘိုးလထော်နော်က ပြောပြောဆိုဆိုပင် လှေကားကို လင့်စင်ပေါ်မှ အောက်သို့ ချပေးလိုက်သည်။

ရိုးမကြီးသည် တစ်စထက်တစ်စ အမှောင်ထုက ကြီးစိုးလွှမ်းမိုးလာသည်။ ထို့အတူ အအေးဓာတ်မှာလည်း အမှောင်ထုနှင့် ရောထွေးပြီး ရိုးမကြီးကို သိုင်းခြုံလိုက်လေသည်။ ငွေနှင်းပွင့်တို့မှာ လေညင်း၏ သယ်ဆောင်ရာသို့ လိုက်ပါရင်း တဖွဲဖွဲနှင့် ကျဆင်းစပြုလေပြီ။

ပင်ယံထက်တွင် အိပ်စက်နားနေကြပြီဖြစ်သော ကျေးငှက်တို့၏ တီတီတာတာ အသံကို တစ်ခါတစ်ရံမှသာ ကြားရတော့၏။ မှန်သည်။ သူတို့တစ်တွေမှာ ချမ်းချမ်းနှင့် စောစီးစွာပင် မှေးစက်နေကြချေပြီ။ ရုတ်တရက် တောနက်ချောက်ကမ်းပါးဆီမှာ တဝေါင်းဝေါင်းနှင့် ကျားဆိုးတစ်ကောင်၏ ဟိန်းသံကြီးမှာ တောတစ်ခုလုံးကို ပဲ့တင်ထပ်၍ ထွက်ပေါ်လာလေသည်။

သည်အခါ တိတ်နေသော ရိုးမကြီးမှာ ပြန်လည်၍ အသက်ဝင် လှုပ်ရှားလာပြန်သည်။ တစ်ဆက်တည်းမှာပင် အရှေ့ဆီမှ တဝေါဝေါနှင့် လေတိုးသံကြီးကို ကြားလာရသည်။

"ဝေး ချမ်းလိုက်တာ"

လှေကားမှတစ်ဆင့် လင့်စင်ပေါ်သို့ တက်လာသော ဇော်ဆန်က ပြောလိုက်သည်။ ထို့နောက် သူ့ပခုံးတွင် သိုင်းလွယ်လာသော လွယ်အိတ်ကိုဖြုတ်၍ ဘုတ်ခနဲ ပစ်လိုက်သည်။ ဇော်လတ်မှာမူ သူ့အစ်ကိုနှင့်အတူ လင့်စင်ပေါ်သို့ တက်မလာသေး။ လင့်စင်အောက်တွင်ရှိသော မီးဖိုကြီးများကို မီးထည့်နေသည်။ ပြီးမှ သူလည်း လင့်စင်ပေါ်သို့ တက်ရောက်လာသည်။ ပြီးလျှင် သူနှင့်အတူ ပါလာသော လွယ်အိတ်ကို ပခုံးမှဖြုတ်ရင်း ဇော်ဆန့်လွယ်အိတ်နားတွင် ကပ်ထားလိုက်သည်။ ပြီးလျှင် သူ၏ လက်သုံးတော် သေနတ်ကြီးကိုလည်း ပခုံးမှ ဖြုတ်၍ လင့်စင်ဘေးတွင် ထောင်ထားလိုက်သည်။

လင့်စင်ပေါ်တွင် အဘိုးလထော်နော် ဖိုထားသောမီးဖိုမှ အလင်းရောင်





သည် လင့်စင်ဝန်းကျင်ကို လင်းထိန်စေသည်။ ထို့အတူ လင့်စင်အောက်မှ သစ်မြစ်တုံးများနှင့် ဇော်လတ် ဖိုထားခဲ့သော မီးဖိုမှ မီးတို့သည်လည်း တငွေ့ငွေ့နှင့် မီးခိုးတအူအူထွက်ကာ လောင်ကျွမ်းနေချေပြီ။

ထိုအခါ သူတို့တစ်ဖွဲ့မှာ လင့်စင်အောက်မှမီးနှင့် လင့်စင်ပေါ်က မီးတို့ကြောင့် ထွေးနွေးသွားကြသည်။ ယခုလို လင့်စင်အောက်၌ မီးဖိုထားခြင်းကြောင့် တောရိုင်းတိရစ္ဆာန်တို့၏ အန္တရာယ်မှ ကွေကွင်းနိုင်သည်။ မီးခိုးတလူလူ တက်နေခြင်းကြောင့် ခြင်ကိုက်ခြင်းနှင့် အချမ်းဒဏ်ကို သက်သာစေသည် မဟုတ်ပါလား။

လူအားလုံး လင့်စင်ပေါ်သို့ ရောက်ပြီမို့ လှေကားကို လင့်စင်ပေါ်သို့ ဆွဲပြီး တင်ထားလိုက်ကြလေသည်။

"ဟော့ ဇော်ဆန်၊ ဒီထဲက မဂျစ်ဥတွေ မရှိတော့ဘူး"

ရုတ်တရက် ဇော်လတ်က ဆိုသည်။ ပြီးလျှင် သူတို့ ပင်ပန်းကြီးစွာ ရှာဖွေ သိမ်းဆည်းထားသော မဂျစ်ဥများ ပျောက်ဆုံးကုန်ပြီဟု အထိတ်တလန့် ဆိုသည်။

ဇော်လတ်၏ စကားကြောင့် ဇော်ဆန်နှင့် အဘိုးလထော်နော်မှာ မျက်လုံးပြူးသွားကြသည်။ ဇော်ဆန်အဖို့ ထမင်းဆာနေသည့်စိတ်ပင် ဘယ်သို့ ရောက်သွားသည်မသိ။ ဦးနှောက်ခြောက်၍ ယောက်ယက်ခတ်သွားသည်။ မောဟိုက်သွားသည်။

အဘိုးလထော်နော်အဖို့လည်း ခက်ပြီ။ သည်နေ့မှ အဘိုးလထော်နော်မှာ လင့်စင်သို့ စောစီးစွာ ပြန်ရောက်လာခဲ့သည်။ ယခု သူတို့ မရှိခင် သူတို့ပစ္စည်းတွေ ပျောက်ဆုံးကုန်သည်ဟု ဇော်လတ်က ဆိုသည်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် တိုက်ဆိုင်မိပြီ။ သည်အခါ ဇော်ဆန်နှင့် ဇော်လတ်က မည်သူ့ကို ထင်မည်နည်း။

မှန်သည်။ ဇော်လတ်၏ မျက်လုံးအစုံမှာ မီးရောင်နှင့်ပြိုင်၍ ထွန်းတောက်ဝင်းလက်နေသည်။ ပြီးလျှင် အဘိုးလထော်နော်ကို သံသယမကင်းသော စိတ်နှင့် စူးစူးစိုက်စိုက် ကြည့်နေသည်။ ဇော်လတ်၏ မသင်္ကာသော အကြည့်ကြောင့် အဘိုးလထော်နော်ပင် မနေတတ်မထိုင်တတ် ဖြစ်လာသည်။

"တစ်နေ့လုံး ရှာပါမှ တစ်ဆယ်သား၊ နှစ်ဆယ်သားလောက်ရတာ အခုတော့ တစ်ခါတည်း ငါးဆယ်သားလောက်ကို ပျောက်သွားတာ ဇော်ဆန်ရဲ့ ကြည့်ပါဦး တောက်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်လတ်က ပြောပြောဆိုဆိုပင် သူတို့ မဂျစ်ဥများ ထည့်ထားရာခြင်းကို ယူ၍ပြသည်။ မှန်သည်။ မနေ့က သူတို့တစ်တွေ ရှာဖွေသိမ်းဆည်းထားသည်မှာ သည်မျှမက။ တစ်ပိဿာနီးပါး ရှိသည်။ ယခုတော့ ခြင်းထဲ၌ ဖင်ကပ်သာကျန်တော့သည်။ မဂျစ်ဥ ရောင်းဈေးမှာ တစ်ကျပ်သားလျှင် (၁၀)ကျပ်မှ (၂၀)ကျပ်ဈေးအထိ ရောင်းချရသည်။ ငါးဆယ်ကျပ်သားဆိုလျှင် အနည်းဆုံး ငွေ(၉၀၀)ကျပ်ဖိုးခန့်မျှ ဇော်ဆန်တို့ အလဟဿ ဆုံးရှုံးသွားရချေပြီ။ ထိုငွေကိုးရာဖိုး ဆိုသည်မှာ တစ်ပတ်နှင့်လည်း မရ။ တစ်လနှင့်လည်း မရ။ အလွန် ကံထိုက်၍ နေ့စဉ်နေ့တိုင်း ရှာဖွေနိုင်မှသာ ရသည်။ မဂျစ်ဥတစ်ခု ရရှိစေရန်အတွက် တောင်ကမ်းပါးစွန်းများပေါ်သို့ ခဲရာခဲဆစ် တက်ရသည်။ နှင်းပြင်ထဲတွင် အထပ်ထပ်အခါခါ မွှေနှောက်ရသည်။ ဖြတ်ကျော်ရသည်။ တူးဆွရသည်။ တောတောင်လျှိုမြောင် အထပ်ထပ်ကိုလည်း ကျော်ဖြတ်ကာ မကြောက်မရွံ့ နောက်မတွန့်ဘဲ စွန့်စား၍ ရှာဖွေကြရသည်သာ။

သို့သော် လွန်ခဲ့သော တစ်ပတ်ခန့်က အလွန် ကံကောင်းလွန်း၍သာ သည်မျှ များပြားသော မဂျစ်ဥများကို သူတို့တစ်တွေ ရှာဖွေရရှိခဲ့ခြင်းပင်။

ယခုသော် သူတို့ ခဲရာခဲဆစ် ရှာဖွေရရှိခဲ့သော မဂျစ်ဥများမှာ ကိုယ်ယောင်ဖျောက်၍ ပျောက်ကွယ်ကုန်ကြချေပြီ။ လွန်ခဲ့သော အပတ်က သူတို့တစ်တွေ ကံကောင်းခဲ့သော်လည်း ယခု ဇော်ဆန်တို့ ကံဆိုးချေပြီတကား။

ဤသည်ကို အဘိုးလထော်နော်လည်း တွေးကြည့်မိသည်။ သူ၏ မဂျစ်ဥများလည်း အနည်းအကျဉ်း လျော့နေသည်ဟု လင့်စင်ကို ရောက်စဉ်က အဘိုးထင်မြင်ခဲ့သည်။ ယခုလည်း ဇော်ဆန်တို့ မဂျစ်ဥတွေ ပျောက်သည်မှာ ထင်ရှား၏။ မည်သူခိုး၍ မည်သူ ဝှက်သည်ကိုလည်း အဘိုးလထော်နော် မတွေးတတ်။ လူပေါင်း သုံးယောက်သာ နေထိုင်သော ဤလင့်စင်ပေါ်တွင် သူခိုးသည် ခိုးပေါက်၍ မလာနိုင်။ သည်တော့ အတွင်းသူသာ ဖြစ်ရမည်ဟု အဘိုးလထော်နော်က တွေးသည်။ တစ်ဆက်တည်းမှာပင် . . .

"ဇော်လတ်ဟာ သိပ်ပြီး စိတ်ချရတဲ့ကောင် မဟုတ်ဘူး၊ ငါ့ဟာတွေကိုရော သူ့ပစ္စည်းတွေကိုရော ခိုးပြီး တစ်နေရာရာမှာများ သွားပြီး ဝှက်ထားလေရော့သလား။ နောက်မှ ပစ္စည်းတွေပျောက်တယ်၊ ဘာညာနဲ့ ဒီကောင် လုပ်ချင်ရာလုပ်မှာ" ဟုလည်း အဘိုးလထော်နော် တွေးနေမိသည်။ ပြီးလျှင် ဇော်လတ်ကိုလည်း မယုံသင်္ကာအကြည့်နှင့် ပြန်လည်၍ စိုက်ကြည့်သည်။

"အဘိုး"





"ဘာလဲကွ"

ဇော်လတ်၏ ခပ်ဆတ်ဆတ် အသံကို အဘိုးလထော်နော်က သံပြတ်နှင့် ပြန်ထူးသည်။ ဇော်ဆန်ကမူ မည်သို့မျှ မပြောဆိုဘဲ ခပ်မဆိတ်ပင် ထိုင်နေသည်။

"အဘိုး ဒီခြင်းထဲက ပစ္စည်းတွေကိုတော့ မယူပါဘူးနော်"

ဇော်လတ်က သူ့ရင်ထဲမှ ခံရခက်ချက်ကို သွယ်ဝိုက်၍ ဆိုလာတော့သည်။ သည်စကားကို ပြောလိုက်ကတည်းက အဘိုးလထော်နော်မှာ ဇော်လတ်၏ စိတ်ထားကို ရိပ်မိသိရှိပြီး ဖြစ်၏။

"အဘိုး မယူရင် ဘယ်သူယူမလဲ" ဟူသော နောက်လာမည့် စကားကွင်းဆက်ကိုလည်း တွေးတောလာမိသည်။ သည်အခါ အဘိုးလထော်နော်အဖို့ ထောင်းခနဲ ဒေါသထွက်ရတော့သည်။ သူ့ကို မယုံကြည်၍ ယခုလို မေးလားခန်းလားလုပ်သည်ကို နည်းနည်းလေးမျှ အဘိုးလထော်နော် မခံချင်။

ငယ်စဉ်ကတည်းက မည်သူ့ပစ္စည်းကိုမျှ ပိုင်ရှင်မသိဘဲ မယူခဲ့ဘူးချေ။ ခိုးဖို့ဝှက်ဖို့ ဆိုသည်ကို လုံးဝ စိတ်ကူးထဲ၌ ထည့်သည်မဟုတ်။ အပ်တိုတစ်ချောင်းပင် မတောင်းဘဲ မပေးဘဲ မယူခဲ့ဘူးချေ။ သို့သော် သည်မျှပင် ရိုးသားသော အဘိုးလထော်နော်ကို ဇော်လတ်က သူခိုးဟူ၍ စွပ်စွဲနေချေပြီ။ မယုံသင်္ကာ ဖြစ်နေချေပြီ။

"ဟေ့ကောင် ဇော်လတ် မင်း တော်တော့ကွာ၊ မင်းစကားက ဘယ်လိုလဲ။ မင်းတို့ပစ္စည်းကို ငါ ခိုးတယ်လို့ မင်းက ငါ့ကို စွပ်စွဲတာလား တောက်"

အဘိုးလထော်နော်ကလည်း လက်သီးလက်မောင်းတန်းချေပြီ။ သူ့ကိုတိုသည်လို ပြောရပါမည်လားဟု အသားတဆတ်ဆတ် တုန်လောက်အောင် ဒေါသဖြစ်လျှင်လည်း ဖြစ်စရာ။ သူတို့ပစ္စည်းတွေကို အဘိုးလထော်နော် ယူဆိုသည်မှာ လုံးဝ မဖြစ်နိုင်။ သူတို့ မဂျစ်ဥများ သိမ်းဆည်းထားရာ တောင်းကိုလည်း ယောင်၍ပင် မကြည့်မိခဲ့။ သို့သော် အဘိုးလထော်နော်ကို သူတို့က မယုံသင်္ကာဖြင့် စော်စော်ကားကား ပြောဆိုလာသည်။ ဤသည်တို့ကြောင့် အဘိုးလထော်နော်က ဇော်လတ်ကို ပြန်၍ အော်ငေါက်ပစ်လိုက်ခြင်းပင်။

"ဘာဗျ၊ အဘိုး . . . အဘိုးကို ကျွန်တော်က ခိုးတယ်လို့ ပြောတာမဟုတ်ပါဘူး။ ယူများ ယူသလားလို့ မေးကြည့်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ အဘိုးက ဒီနေ့ကျမှ ဒီကို အစောကြီးပြန်လာ. . ."

"ဟေ့ကောင် ဇော်လတ်၊ တောက် ငါတယ်လေ ခိုးတာနဲ့ ယူတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာထူးသလဲ။ ငါက ကချင်ကွ၊ တို့ကချင်မှာ ဒီလို အကျင့်မျိုး မရှိဘူး။ မင်း ငါ့ကို မဟုတ်ဘဲ မစွပ်စွဲနဲ့။ ငါ အစောကြီး ပြန်လာတာက နေမကောင်းလို့ကွ"

"အို အဘိုးကလည်းဗျာ၊ စိတ်မဆိုးပါနဲ့။ အဘိုးအကြောင်းလည်း ကျွန်တော်တို့ သိပါတယ်။ ဇော်လတ်ပြောတာ လွန်သွားရင်လည်း ခွင့်လွှတ်ပါ။ အဘိုး မယူစားဆိုတာ ကျွန်တော် ယုံပါတယ်။ ဟော့ကောင် ဇော်လတ် ပြီးတာတွေ ပြီးပလေ့စေ။ ဗိုက်ဆာတယ်ကွာ။ စားဖို့သောက်ဖို့ လုပ်တော့။ အဘိုးက မင်း ထင်သလို မဟုတ်ပါဘူး။ တို့ ဒီတောထဲ ရောက်လာတာလည်း အဘိုးရဲ့ ကျေးဇူး ကြောင့်ပဲ။ အခုလို တို့စားဖို့ ထမင်းတွေ ဟင်းတွေလည်း ချက်ထားတယ် မဟုတ် လား။ အဘိုးကို မချေမငံ မပြောနဲ့ကွာ။ ပျောက်ချင်လည်း ပျောက်ပလေ့စေ။ ပြန်ရှာရင် ရပါတယ်"

ဇော်ဆန်က ဝင်ရောက် ဖျန်ဖြေသည်။ ဇော်ဆန်၏ ပြောဆိုမှုကို အဘိုး လထော်နော်က မည်သို့မျှ ပြန်လည်ပြီး မပြောတော့ချေ။ ဆေးတံကိုသာ တွင် တွင်ဖွာရှိုက်နေတော့သည်။ ထို့အတူ ဇော်လတ်မှာလည်း ငြိမ်ကုပ်သွားသည်။ ထို့နောက် သူတို့သုံးယောက်သားမှာ စကားတစ်လုံးမျှ မပြောကြတော့ဘဲ လုံးဝ တိတ်ဆိတ်သွားလေသည်။

* * *

ညသည် ပိန်းပိတ်အောင် မှောင်သည်။ ငွေနှင်းဖြူတို့မှာ မည်းမှောင် နေသော ရိုးမကြီးကို အစွမ်းကုန် သိုင်းခြုံထားလေသည်။ လေအရိုက်တွင် တိမ် တိုက်တို့မှာ အထက်ကိုဆန်၍ ရွေ့လျားသွားကြသည်။ သည်အခါ နှင်းပွင့်နှင်း ဖပ်တို့မှာလည်း လေနှင့်အတူ လွင့်မျော၍ သစ်ပင်သစ်ရွက်များပေါ်သို့ ဖြိုးဖြိုး ဖြောက်ဖြောက် မြည်ကာ ကျဆင်းကြလေသည်။

တစ်ခါတစ်ခါတွင် တောနက်ဆီမှ တဝေါဝေါ လေတိုးသံကြီးနှင့်အတူ သစ်ကိုင်းခြောက်များ တဖျောင်းဖျောင်း ကျိုးကျသံကို ကြားရသည်။ ချေဟောက် သံနှင့် မြွေတွန်သံ တရှီရှီတို့ကိုလည်း ဟိုမှသည်မှ ကြားနေရသည်။

မှန်သည်။ ညကား ပိန်းပိတ်အောင် မှောင်သည်။ ရိုးမကြီးကား သဘာဝ ၏ လှုပ်ရှားမှုနှင့်အတူ တည်ငြိမ်ခြင်း မရှိ။ မည်းမှောင်နေသော တောတောင်တို့ ဝန်းရံကာ ထိတ်လန့်ကြောက်မက်ဖွယ်ပင်တည်း။

ဇော်ဆန်၊ ဇော်လတ်နှင့် အဘိုးလထော်နော်တို့ အိပ်စက်နေကြသော လင့်စင်အောက်ရှိ မီးဖိုမှ မီးခဲတို့သည် ရဲရဲနီနေ၏။ မီးခိုးတို့လည်း တအူအူ ထွက်နေကြ၏။ မီးဖိုထဲတွင် ဝါးပိုးဝါး အဆစ်ပိုင်းများကို ထည့်ထားခြင်းကြောင့်





တစ်ခါတစ်ခါတွင် ဝုန်းခနဲ ဝုန်းခနဲ ထ၍ထ၍ ပေါက်ကွဲသံတို့ကိုလည်း ကြားရ တတ်သည်။

ယနေ့ညသည် ဇော်လတ်တစ်ယောက် လုံးဝ အိပ်မပျော်။ မျက်စိကြောင်နေ သည်။ ရိုးမကြီး၏ လှုပ်ရှားမှုတွေက အိပ်မပျော်သော ဇော်လတ်ကို ခြောက် လှန့်နေတော့သည်။ တဝေါဝေါ လေတိုးသံ၊ သစ်ပင်သစ်ခက်တို့မှ တရှဲရှဲ အော် မြည်သံသည် ဇော်လတ်၏ မျက်လုံးကို ပို၍ ပြူးကြောင်စေတော့သည်။ လေ တိုက်မှုကြောင့် သစ်ပင်တို့၏ ယိမ်းကလှုပ်ရှားမှုသည် သားရဲတစ္ဆေတို့၏ လှုပ်ရှား သွားလာမှုဟုပင် ဇော်လတ်အဖို့ ထင်ယောင်ထင်မှား ဖြစ်လာသည်။

သည်ကြားထဲ လင့်စင်အောက်တွင် ဖိုထားသော မီးဖိုမှမီးသည် နှင်းသီး နှင်းပေါက်တို့၏ အဆမတန် ကျဆင်းမှုကြောင့် ငြိမ်းသေစပြုလေပြီ။ ထို့ပြင် ကြီးမားသော သစ်ပင်ကြီးများမှာ သေးငယ်သွားသလိုလို၊ သေးငယ်သော သစ် ပင်များမှာ တစ်မုဟုတ်ချင်း သစ်ပင်ကြီးများအဖြစ်သို့ ပြောင်းလဲလာသယောင် ယောင် မှတ်နေ၏။

ထို့ကြောင့် မည်သည့်နေရာကိုမျှ မကြည့်ဘဲ စောင်ခေါင်းမြီးခြုံတာ မျက်လုံးကို ဇွတ်မှိတ်၍ အိပ်ကြည့်သည်။ ချမ်းလိုက်အေးလိုက်သည်မှာလည်း မေးခိုက်ခိုက်တုန်နေသည်။ ချမ်းလေကွေးလေ ကွေးလေချမ်းလေ၊ သည်တော့ အိပ်မပျော်ပြန်။

ဇော်လတ် တစ်ဦးတည်းသာ အိပ်မပျော်သော်လည်း အဘိုးလထော် နော်နှင့် ဇော်ဆန်မှာမူ တခေါခေါဖြင့် ဟောက်၍ပင် နေတော့သည်။ သူတို့၏ ကျယ်လောင်သော ဟောက်သံကလည်း ဇော်လတ်အဖို့ ကျော်ချမ်းစရာပင်။

သည်အခါ ဇော်လတ်၏ အတွေးတို့က ပလုံစီလာပြန်သည်။ ပင်ပန်း ကြီးစွာ ရှာဖွေထားသော မဂျစ်ဥများ ပျောက်ဆုံးခြင်း၊ အဘိုးလထော်နော်နှင့် စကားများခြင်း။ ထို့ပြင် လွန်ခဲ့သော နှစ်ရက်သုံးရက်ခန့်က လင့်စင်တွင် ချိတ်ဆွဲ ထားသော ငါးခြောက်ပြားကြီး နှစ်ချပ်လည်း ပျောက်ဆုံးနေကြောင်း ညက ထမင်းစားတော့မှ သိရသည့်အဖြစ်။ ထိုပစ္စည်းအားလုံး အဘိုးလထော်နော်မှ လွဲ၍ မည်သူမျှ မယူနိုင်ဟု ဇော်လတ် တွေးမိသည်။ "သူပဲ နေမှာပါ၊ ဟုတ်ပါ တယ်လေ။ ခေါင်ရည်နဲ့သောက်ဖို့ ဝှက်ချင်ဝှက်ထားမှာ" ဟု မှတ်ချက်ချမိသည်။ ထို့ပြင် ဘဝတူအချင်းချင်း သည်လိုလုပ်ရပါမည်လားဟုလည်း အပြစ်ဆိုနေရင်း အဘိုးလထော်နော်ကို ဒေါပွမိပြန်သည်။ သည်အခါ အိပ်မပျော်သော ဇော်လတ် ၏ အတွေးတို့က မဆုံးနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်. လင့်စင်ပေါ်က ဘာပါလိမ့်၊ တချွတ်ချွတ်နဲ့"

နှုတ်မှ လွှတ်ခနဲ ထွက်သွားပြီး ဇော်လတ်၏ စိတ်ထဲတွင် စနိုးစနောင့် ဖြစ်လာသည်။ ထို့ကြောင့် ခေါင်းမြီးခြုံထားသောစောင်ကို ဆတ်ခနဲ ဆွဲဖယ်လိုက်သည်။ ပြီးလျှင် လင့်စင်ပေါ်သို့ ရုတ်ခြည်း မော့ကြည့်သည်။ လင့်စင်၏ အမိုးမှလွဲ၍ ဘာမှ မတွေ့ရ။ မောသွားရပြန်သည်။

"ဖြောင်း ဖြောင်း"

ယခင်က တချွင်ချွင်နှင့် ညင်သာစွာ ကြားရသော အသံမှာ ယခုမှ ပိုမို၍ ကျယ်လောင်စွာ ကြားလာရပြန်သည်။

"ဟော့ ဘယ်သူလဲကွ"

ဇော်လတ်က ပြောပြောဆိုဆိုနှင့် ဝုန်းခနဲ ထသည်။ ပြီးလျှင်မှ အိပ်ရာဘေးတွင် အသင့်ထောင်ထားသော နှစ်လုံးပြူးသေနတ်ကြီးကို ပြေးဆွဲသည်။ ထို့နောက် ရှေ့နောက်ဝဲယာကို လျှင်သောမျက်စိ၊ ပါးသောနားဖြင့် အကဲခတ်ကြည့်ရှုသည်။ ဘာမှ မတွေ့ရ။ မည်းမှောင်နေသော တောင်တို့သာ ဝန်းရံ၍ တဖွဲဖွဲ ကျဆင်းနေသော နှင်းပွင့်နှင်းမှုန်များသာ . . .

"ဟင်း တောက်"

ဇော်လတ်က သေနတ်ကြီးကိုကိုင်၍ မောဟိုက်စွာပင် တောက်တစ်ချက်ကို ပြင်းပြင်းခေါက်၍ သက်ပြင်းချလိုက်သည်။ ဇော်လတ်သာ ညကြီးမင်းကြီး၌ တစ်ယောက်တည်း ဗျာများနေသည်။ အဘိုးလထော်နော်နှင့် ဇော်ဆန်မှာမူ တုတ်တုတ်မျှ မလှုပ်။ ယခုအချိန်အထိ လင့်စင်ထဲတွင် တခေါခေါနှင့် ဟောက်၍ အိပ်မောကျနေသည်သာတည်း။

ရုတ်ခြည်းပင် တောတစ်ခုလုံး တိတ်ဆိတ်သွားပြန်သည်။ မည်သည့် အသံကိုမျှ မကြားရတော့။ အဘိုးလထော်နော်နှင့် ဇော်ဆန်တို့၏ တခေါခေါ ဟောက်သံသာ အရာရာကို စိုးမိုးမင်းမူနေပြန်သည်။

မည်သို့ဆိုစေ လှုပ်ရှားသော တောတောင်သဘာဝမှာ ရုတ်ခြည်း တိတ်ဆိတ်သွားခြင်းကြောင့် ဇော်လတ်၏ စိတ်ထဲ၌ တစ်မျိုးကြီး ဖြစ်သွားသည်။ ရင်ထဲက တဒိတ်ဒိတ်နှင့် ခုန်လာ၏။ မည်းမှောင်နေသော တောတောင်သည် ဇော်လတ်ကို ဝန်းရံခြောက်လှန့်နေ၏။ သည်အခါမှ ဇော်လတ် ကြောက်တော့သည်။ သူ၏ ပတ်ဝန်းကျင်၌ သက်ရှိသတ္တဝါဟူ၍ မည်သူမျှ မရှိ။ သူတစ်ယောက်တည်း။

ဇော်လတ်မှာ အလိုလိုနေရင်း အားငယ်သောစိတ်ကို ဖျောက်ဖျက်၍





တက်ကြွသောစိတ်နှင့် အစားထိုးကြည့်သည်။ ကိုယ့်ကိုယ်ကိုယ် အားပေးသည်။ သတ္တိမွေးသည်။ သို့သော် နေရင်းထိုင်ရင်း ကြက်သီးတွေ တဖြန်းဖြန်းထပြီး ကျောချမ်းလာသည်ကား အမှန်။

ရုတ်ခြည်းပင် သစ်ကိုင်းကျိုးကျသလိုလို၊ ဘာလိုလိုနှင့် လင့်စင့်ဆောက်ထားသော သစ်ပင်ကြီးထက်မှ အသံတစ်ခုကို ကြားခဲ့သည်။ ထို့ကြောင့် ဇော်လတ်က ကြောက်ကြောက်လန့်လန့်နှင့် မော့ကြည့်သည်။

"ဟော သစ်ပင်ပေါ်က ဘာကောင်ကြီးလဲ၊ ဘာကောင်ကြီးလဲ။ ဖြူဖြူကြီး၊ ဖြူဖြူကြီး ဆင်းလာပြီ။ ဟာ အကြီးကြီးပဲ။ အဘိုးရေ အဘိုး၊ အောင်မလေးလေး တစ္ဆေဖြူကြီးဗျ၊ တစ္ဆေဖြူကြီး"

ဇော်လတ်က မြင်တွေ့ရသော မြင်ကွင်းကြောင့် ကြောက်ကြောက်လန့်လန့်နှင့် သံကုန်ဟစ်တော့သည်။ ဇော်လတ်၏ အော်ဟစ်သံမှာ တောတစ်ခုလုံး ဟိန်း၍ အဘိုးလထော်နော်တို့ပင် လန့်နိုးလာသည်။ ဇော်လတ်၏ တစ်ကိုယ်လုံးတွင် ချမ်းအေးလှသည့်ကြားက ချွေးသီးချွေးပေါက်ပင် ထွက်လာတော့သည်။ ကြက်သီးတဖြန်းဖြန်းထ၍ ကြောက်ဒူးတွေ တုန်ကာ ရင်တွေ ခုန်နေတော့၏။

"ဘာလဲ ဘာလဲ၊ ဟော့ ဇော်လတ်၊ ဘာဖြစ်တာလဲ"

အဘိုးလထော်နော်မှာ ဇော်လတ်၏ ကြောက်လန့်စွာ အော်ဟစ်သံကြောင့် လန့်နိုးလာသည်။ နိုးလာသည်နှင့် အိပ်ရာမှ လူးလဲထကာ ဇော်လတ်ကို အော်မေးသည်။ ပြီးလျှင် ရှေ့နောက်ဝဲယာကို အကဲခတ်သည်။ စူးစမ်းသည်။

ဇော်လတ်မှာ အဘိုးလထော်နော်၏ အမေးကို မည်သို့မျှ ပြန်လည်ပြီး မပြောပြနိုင်။ သူ၏ မျက်လုံးအစုံကို စုံမှိတ်ထားရင်း မတ်တတ်ကြီး ရပ်နေသည်။ ပြီး သူ၏ တစ်ကိုယ်လုံးမှာ ကြောက်စိတ်တွေမွှန်ကာ တဆတ်ဆတ် တုန်နေသည်။ သို့သော် သူ၏လက်ထဲက နှစ်လုံးပြူးသေနတ်ကြီးကိုမူ တင်းကျပ်စွာ ဆုပ်ကိုင်ထားတုန်းပင်တည်း။

"ဟေ့ကောင် ဇော်လတ်၊ အဲဒါက ဘာဖြစ်နေရတာလဲ"

ဇော်ဆန်မှာလည်း အဘိုးလထော်နော်နည်းတူ အိပ်ရာမှ လန့်နိုးလာသည်။ ထို့နောက် နတ်ကျသလို တုန်ယင်နေသော ဇော်လတ်၏ အနားသို့ ရောက်လာသည်။ ပြီးလျှင် ပြောပြောဆိုဆိုနှင့် သူညီ၏ပခုံးကို ကိုင်၍ လှုပ်တော့၏။

"ဟို ဟိုမှာ တ တစ္ဆေဖြူကြီးဗျ။ အမလေး ကြောက် ကြောက်တယ်၊ ကျွန်တော် သိပ်ကြောက်တယ်"

ဇော်လတ်က သစ်ပင်ထက်သို့ လက်ညှိုးထိုးပြရင်း ငယ်သံပါအောင်



www.burmeseclassic.com

www.burmeseclassic.com



အော်ပြန်သည်။ သို့သော် သူ၏ မျက်စိကိုကား လုံးဝ မဖွင့်။

"ဟော ဟုတ်လား၊ ဘယ်မလဲ တစ္ဆေဖြူ၊ ပေးစမ်း မင်းသေနတ်"

"ဟို ဟိုသစ်တိုင်းကြီးပေါ်မှာ"

အဘိုးလထော်နော်နှင့် ဇော်ဆန်တို့နှစ်ယောက်သားမှာ ဇော်လတ် ညွှန်ပြရာသို့ စိုက်ကြည့်လိုက်ကြသည်။

မှန်သည်။ လင့်စင်နှင့် မနီးမဝေးမှ သစ်ကိုင်းတစ်ခုပေါ်တွင် အကောင်ဖြူဖြူကြီးတစ်ကောင်ကို တွေ့ရသည်။ ဟုတ်သည်။ ဇော်လတ် ကြောက်ရွံ့သော တစ္ဆေဖြူပင်။ တစ္ဆေဖြူမှာ နှင်းပွင့်နှင်းစိုင်တုံးကြီးကဲ့သို့ ဖွေးဖွေးဖြူပြီး ပုံ့ပုံ့ကြီးပင်။ သူ၏ တဝင်းဝင်း တောက်နေသော မျက်လုံးကြီးကို အစွမ်းကုန်ဖွင့်၍ ဇော်ဆန်တို့ကို စိုက်ကြည့်နေသည်။ သည်အခါမှပင် ဇော်ဆန်လည်း အသားတွေ တဆတ်ဆတ်တုန်ပြီး ကြောက်စိတ်တွေ ဝင်လာတော့၏။

"ဟော့ ဇော်ဆန် ပစ်လေ၊ ပစ် ပစ်"

ဇော်ဆန်က သူ့ညီနည်းတူ သေနတ်ကြီးကိုင်၍ ကြောင်နေသဖြင့် အဘိုးလထော်နော်က ပစ်ရန် အော်ဟစ်ပြီး အမိန့်ပေးလိုက်ရ၏။

"ဒိုင်း ဒိုင်း"

အဘိုးလထော်နော်၏ အမိန့်သံအဆုံးတွင် ဇော်ဆန့်ထံမှ နှစ်ချက်ဆင့် ပစ်လိုက်သော သေနတ်သံသည် ရိုးမကြီးတစ်ခုလုံးကို ဟိန်း၍ ထွက်ပေါ်လာလေတော့သည်။ သေနတ်သံ၏ အဆုံးတွင် 'ဝုန်း . . . ဖုန်း' ဟူသော အသံကြီးနှင့်အတူ တစ္ဆေဖြူကြီးမှာ သစ်ပင်ထက်မှ ကျွမ်းထိုးကျသွားသည်ကိုလည်း တွေ့မြင်လိုက်ရလေသည်။

စူးရှကျယ်လောင်သော သေနတ်သံ၊ တစ္ဆေဖြူကြီး၏ ပင်ယံထက်မှ ပစ်ကျသံတို့၏အဆုံးတွင် အိပ်စက်နားနေကြသော ကျေးငှက်အပေါင်းတို့မှာ လန့်ဖျပ်၍ အော်ဟစ်ကာ ကောင်းကင်ပေါ်သို့ ပျံတက်သွားကြလေသည်။ သည်အခါ တိတ်ဆိတ်နေသော ရိုးမကြီးမှာ ရုတ်ခြည်းပင် လူတို့၏ အထိတ်တလန့် အော်သံ၊ သေနတ်သံတို့နှင့် ကျေးငှက်အော်သံတို့ ရောထွေးကာ ကမ္ဘာပျက်သည်အလား ဆူညံသွားလေတော့သည်။

* * *

မိုးစင်စင်လင်းပြီ ဖြစ်သော်လည်း နှင်းမြူကား မစဲသေး။ နေခြည်သည် ဘယ်သို့ ရောက်နေသည်မသိ။ ထို့ကြောင့် ရိုးမကြီးမှာ နှင်းသင်တိုင်းခြုံ၍ မှိုင်းဝေနေသည်သာ။



အဘိုးလထော်နော်၊ ဇော်ဆန်နှင့် ဇော်လတ်သည် မိုးမလင်းခင်ကတည်းက အိပ်ရာမှ နိုးထနေကြပြီး ဖြစ်သည်။ လင့်စင်ပေါ်တွင် အသင့်ပြုလုပ်ထားသော မီးဖိုဘေးတွင် သုံးယောက်သား ဝိုင်းထိုင်၍ မီးလှုံနေကြသည်။ မီးလှုံရင်းမှ ရေနွေးကြမ်းတစ်အိုးနှင့် အချမ်းဒဏ်ကိုကာကွယ်ရင်း ဝိုင်းသောက်နေကြသည်။

အဘိုးလထော်နော်သည် ဆေးတံ တွင်တွင်ဖွာရှိုက်လိုက်၊ ရေနွေးကြမ်းကို တဖူးဖူး မှုတ်သောက်လိုက်နှင့် အတော်အတန် အချမ်းပြေနေလေပြီ။ ထို့အတူ ဇော်ဆန်နှင့် ဇော်လတ်တို့မှာလည်း ရေနွေးကြမ်းကို သောက်လိုက် မီးကင်ထားသော မျောက်သားခြောက်ကို ဝါးလိုက်နှင့် အတွေးကိုယ်စီ ဖြစ်နေကြသည်။

သူတို့အားလုံး၏စိတ်ထဲတွင် လွန်ခဲ့သော နှစ်ရက်ခန့်က အဖြစ်အပျက်များကိုသာ ပြန်လည်ပြီး တွေးတောမြင်ယောင်နေကြမည်မှာ မုချပင်တည်း။ တိတ်ဆိတ်သောည။ တစ္ဆေဖြူကို နှိမ်နင်းအောင်မြင်သောည။

နှစ်လုံးပြူးသေနတ်ကြီး တကားကားနှင့် နေရာတကာတွင် လူတွင်ကျယ်လုပ်ချင်လှသော ဇော်လတ်။ မရောင်ရာ နှန္ဒင်းလူးပြီး သတ္တိနည်းသော ဇော်လတ်၏ အဖြစ်အပျက်။ ဇော်လတ်၏သတ္တိကို ထိုနေ့ညက အဘိုးလထော်နော် ကောင်းစွာ တွေ့မြင်ခဲ့ရသည်။

မှန်သည်။ တကယ်တမ်း အကျဉ်းအကျပ်သို့ ရောက်လျှင် ကြောက်ဖို့သာ သိသူမှာ ဇော်လတ်ပင်။ သူ့လက်ထဲ၌ လက်နက်ကြီး တင်းကျပ်စွာကိုင်၍ ပစ်လည်း မပစ်ရဲ။ ကြောက်ဒူးတွေတုန်ပြီး ဇောချွေးပြန်ကာ သစ်ပင်ထက်မှ ဆင်းသက်လာသော တိရစ္ဆာန်ကိုကြည့်၍ "တစ္ဆေဖြူကြီးဗျ၊ တစ္ဆေဖြူကြီး အမလေး ကြောက်တယ်၊ ကြောက်တယ်" ဟု သံကုန်ဟစ်ခဲ့သူမှာ ဇော်လတ်။ ဇော်လတ်၏ အလန့်တကြား အော်ဟစ်မှုကြောင့် အိပ်မောကျနေသော အဘိုးလထော်နော်နှင့် ဇော်ဆန်တို့ လန့်နိုးရသောအဖြစ်။ နောက်မှ ဇော်လတ်ဆီက သေနတ်ကို ဇော်ဆန်ကယူ၍ တစ္ဆေဖြူကို နှစ်ချက်ဆင့်ကာ ပစ်ချလိုက်ရသည်။ ထိုညမှာ တောတစ်ခုလုံး မြေတုန်မတတ် ဆူညံသွားခဲ့ရသည် မဟုတ်ပါလား။

မည်သို့ဆိုစေ ဇော်လတ်၏ သတ္တိကို အဘိုးလထော်နော် သိရသလို ဇော်ဆန်၏ သူရဲဘောကြောင်မှုကိုလည်း မိုးလင်းလျှင်လင်းချင်း အဘိုးလထော်နော် တွေ့ကြုံခဲ့ရပြန်သေးသည်။ ထိုညက လူအားလုံး မည်သူမျှ ပြန်လည်ပြီး မအိပ်စက်ကြတော့။ ငုတ်တုတ်ထိုင်၍ မိုးလင်းခဲ့ရသည်သာပင်တည်း။

"ကဲ ဇော်ဆန်၊ မင်းအောက်ကိုဆင်းပြီး ကြည့်စမ်း။ တို့ ညက ပစ်ချလိုက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အကောင်ကြီးဟာ ဇော်လတ်ပြောတဲ့ တစ္ဆေဖြူကြီးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးကွ"

အဘိုးလထော်နော်က ဇော်ဆန်ကို ပြောသည်။ လင့်စင်အောက်သို့ ဆင်းခိုင်းသည်။ အဖြူအမည်း သဲကွဲစေရန်အတွက် စူးစမ်းခိုင်းသည်။ သို့သော် ဇော်ဆန်မှာ လင့်စင်အောက်သို့ ရုတ်တရက် မဆင်းရဲ၊ ပြူးကြောင်ကြောင်နှင့် အဘိုးလထော်နော်ကို ပြန်ကြည့်နေသည်။ ပြီးမှ . . .

"ကျွန် ကျွန်တော် မဆင်းရဲဘူး၊ ကြောက်တယ် အဘိုးရဲ့" ဟု အထစ်ထစ်အငေါ့ငေါ့နှင့် ဆိုတော့သည်။

သည်အခါ အဘိုးလထော်နော်က သူတို့ညီအစ်ကိုကို စိုက်ကြည့်ရင်း လှောင်ပြုံးပြုံးသည်။

"မင်းတို့ ယောကျ်ားတွေ မဟုတ်လား။ ဘာဖြစ်လို့ မဆင်းရဲရမှာလဲ။ ဟေ့ ဇော်လတ်၊ မင်းကော ဆင်းမကြည့်ရဲဘူးလား။ လင့်စင်ပေါ်က အောက် မဆင်းဘဲ ဒီအတိုင်း နေလို့ကော ရမလားကွ"

အဘိုးလထော်နော်က နိုင်ကွက်ကို တွေ့သည်နှင့် သူတို့၏သတ္တိကို စမ်းတော့သည်။ မြှောက်ထိုးပင့်ကော် လုပ်ကြည့်သည်။ ထိုအခါ ဇော်လတ်က

"အို အဘိုးကလည်းဗျာ၊ အစ်ကိုကြီးတောင်မှ အောက်ကို မဆင်းရဲဘဲနဲ့ ကျွန်တော်လည်း ဘယ်ဆင်းရဲမလဲဗျ။ ဟိုဟို တစ္ဆေဖြူကြီး မသေမရှင် ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ" ဟု အဘိုးလထော်နော်ကို ပြန်လည်၍ ပြောဆိုခဲ့သည်။ ဇော်လတ်မှာ ညကတည်းက တွေ့ကြုံခဲ့ရသော အတွေ့အကြုံကို မေ့ပျောက်ခြင်းငှာ မစွမ်းနိုင်သေး။ တုန်လှုပ်ချောက်ချားတုန်းပင် ရှိသေးသည်။

"ကဲ မင်းတို့ မဆင်းရဲရင် ငါ ဆင်းပြမယ်။ ယောကျ်ားပဲကွ။ ကြောက်စရာ မလိုပါဘူး။ အခုလောက်ဆိုရင် ဇော်လတ်ပြောတဲ့ တစ္ဆေဖြူဆိုတဲ့ဟာကြီးလည်း သေနေရောပေါ့"

အဘိုးလထော်နော်မှာ သူတို့၏ သတ္တိပျော့ညံ့ပုံကို သိရှိပြီ။ သို့သော် လုပ်ငန်းက မပြီးစီးသေး။ ဆက်ရန် ရှိသေးသည်။ ထို့ကြောင့် ဘာမဟုတ်သော အကြောင်းကိစ္စတစ်ခုနှင့် လူငယ်လူရွယ်တို့ကို စိတ်ဓာတ်မကျဆင်းစေချင်ပေ။ အစဉ်ထာဝရ တက်ကြွပြီး သတ္တိရှိစေရန်အတွက် သူက ရှေ့ဆောင်ရှေ့ရွက်ပြုကာ စွမ်းဆောင်ပြရပေဦးမည်၊ ဦးဆောင်ရဦးမည်ဟု သဘောပိုက်ကာ ပြော ပြောဆိုဆိုနှင့် လင့်စင်အောက်သို့ ဆင်းရန် ပြင်ဆင်တော့သည်။ ပြီးလျှင် သူ၏ လက်သုံးတော် ကချင်ဓားရှည်ကြီးနှင့် တောင်ဝှေးကိုကိုင်ကာ လင့်စင်ထက်မှ





အောက်သို့ ဆင်းသက်လေတော့သည်။

လင့်စင်အောက်သို့ ရောက်သည်နှင့် ညက ဝုန်းခနဲ ပစ်ကျသွားသော တစ္ဆေဖြူကို နှင်းပြင်ထဲ၌ ရှာဖွေတော့သည်။ ရှာဖွေရင်းမှ မျက်စိကိုဖွင့် နားကို စွင့်ရသည်။ သိပ်ပြီး ပင်ပန်းစွာ မရှာဖွေရ။ သူတွေ့လိုသော တစ္ဆေဖြူ ဆိုသည်ကို တွေ့ရှိသွားချေပြီ။

အဘိုးလထော်နော်၏ ထင်မြင်ယူဆချက်မှာ သွေးထွက်အောင်ပင် မှန်ချေပြီ။ အကြောင်းမူ လင့်စင်နှင့် မနီးမဝေး တစ်နေရာတွင် နှင်းခဲများ ဖုံးပြီး သေဆုံးနေသော သတ္တဝါတစ်ကောင်ကို အဘိုးလထော်နော် တွေ့ရှိသွားလေသည်။

တွေ့လျှင်တွေ့ချင်း နှင်းပြင်ပေါ်တွင် ထောက်၍ သွားရသော ထိပ်ချွန်တောင်ဝှေးနှင့် ထိုးကြည့်သည်။ ဆွကြည့်သည်။ စိတ်ချရသည့် အနေအထားတို့ တွေ့ရမှ လက်နှင့် ကိုင်တွယ်ကြည့်သည်။ သတ္တဝါအပေါ်တွင် ဖုံးအုပ်နေသော နှင်းပွင့်နှင်းခဲများကို ဖယ်ရှားလိုက်၏။ ထိုအခါ ကြီးမားသော မီးခိုးရောင် မျောက်ကြီးတစ်ကောင်ကို အဘိုးလထော်နော် တွေ့ရှိခဲ့ရလေတော့သည်။ ထို့ပြင် မျောက်ကြီးနှင့် မနီးမဝေးတွင် မဂျစ်ဥအချို့နှင့် စားကြွင်းစားကျန်အချို့ ပွဲရွှဲနေသော ငါးခြောက်ပြားကြီးတစ်ချပ်ကိုလည်း တွေ့မြင်ခဲ့လေသည်။

ထို့ကြောင့် ညက ဇော်လတ် ကြောက်ရွံ့၍ 'တစ္ဆေဖြူကြီး၊ တစ္ဆေဖြူကြီး' ဟု အော်ဟစ်သည်မှာ စင်စစ် တစ္ဆေဖြူမဟုတ်ဘဲ မျောက်ကြီးတစ်ကောင် ဖြစ်နေသောကြောင့်ပင်တည်း။

"ဟေ့ ဇော်ဆန်တို့ လာကြည့်ပါဦးကွ။ မင်းတို့ပြောတဲ့ တစ္ဆေဖြူဆိုတာ အခုတော့ မျောက်ကြီးဖြစ်နေပါရောလားဟ"

အဘိုးလထော်နော်က သေဆုံးနေသော မျောက်ကြီးကို ညွှန်ပြရင်း ဇော်ဆန်တို့ညီအစ်ကိုကို အားပါးတရ အော်ပြောသည်။

ထိုအခါမှပင် အဘိုးလထော်နော်ကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေသော ဇော်ဆန်တို့ညီအစ်ကိုမှာ လင့်စင်အောက်သို့ ကြောက်ကြောက်လန့်လန့်နှင့် ဆင်းလာကြတော့သည်။ အဘိုးလထော်နော်၏ အနားသို့ ရောက်သော အခါမှပင် အဖြစ်မှန်အားလုံးကို သိရှိသွားကြတော့၏။ သည်အခါ သူတို့၏ မျက်နှာတို့တွင် ရှက်ခြင်း၊ ဝမ်းနည်းခြင်းများ ရောထွေးသွားကြသည်။ တစ်ဦး မျက်နှာကို တစ်ဦးကြည့်၍ ငြိမ်ကုပ်သွားတော့သည်။ ပြီးလျှင် အဘိုးလထော်နော်ကို အားကိုးလေးစားသော အကြည့်နှင့် စိုက်ကြည့်နေသည်။

မှန်သည်။ မျောက်ကြီးသည် စားနေကျအစာများကို နေ့စဉ်နေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



လာရောက်၍ ခိုးဝှက် စားသောက်နေချေမည်။ ယနေ့ ညတွင်လည်း သူသည် အစာဆာ၍ လင့်စင်သို့ လာရောက်ချေမည်။ နှင်းတွေ တဖွဲဖွဲ ကျဆင်းနေချိန်မို့ သူ့တစ်ကိုယ်လုံး နှင်းတွေဖုံးကာ ဖွေးဖွေးဖြူနေချေမည်။ ဤသည်ကို ဇော်လတ်က သူ့ကို သရဲခြောက်သည်၊ တစ္ဆေဖြူခြောက်သည်ဟု ထင်မြင်ခြင်းပင် ဖြစ်ပေမည်။

မျောက်သည် လူနှင့်တူသော သတ္တဝါတစ်မျိုးပင် ဖြစ်၏။ လူသားတို့၏ ပြုလုပ်သလို အားလုံးလိုက်၍ ပြုလုပ်နိုင်သောသတ္တဝါလည်း ဖြစ်သည်။ ငါးခြောက်ကို လူတွေက မီးဖုတ်စားသည်ကို သူ တစ်နေရာရာမှ ချောင်းမြောင်းကြည့်ရှုနေချေမည်။ ထို့ပြင် အဘိုးလထော်နော်တို့ တောထဲသို့သွားသောအခါ လင့်စင်သို့ ရောက်ရှိလာပြီး ငါးခြောက်ကိုခိုး၍ အသင့်ရှိသော မီးဖိုတွင် မီးဖုတ်စားချေမည်။

(ငါးခြောက်ငါးခြမ်းမှာ အဘိုးလထော်နော်တို့ တောင်ပေါ်ဒေသတွင် ရှားပါးလှ၏။ အောက်အရပ်မှ တစ်ခါတစ်ရံတွင် လာရောက် ရောင်းချသော ဈေးသည်တို့ဆီမှာ ဈေးကြီးပေးကာ ဝယ်ယူကြရသည်။ ယခုလို တောထဲတောင်ထဲသို့ အလုပ်သွားလုပ်မှသာ စားသောက်ကြရန် သိမ်းဆည်းထားတတ်ကြလေသည်။) ပြီးလျှင် ဇော်ဆန်တို့ ရှာဖွေထားသော မဂျစ်ဥများကိုပါ တွေ့ရှိသွားပေမည်။ သည်အခါ မဂျစ်ဥကို သူ မရှာဖွေရဘဲ အလွယ်တကူ တွေ့မြင်သွားသည်မို့ အကြိုက်တွေ့ကာ တဝတပြ ထိုင်၍ စားသောက်ချေမည်။

မှန်သည်။ မဂျစ်ဥကို တောရိုင်းတိရစ္ဆာန်များ အားလုံးလိုလိုပင် ကြိုက်နှစ်သက်ကြသည်။ အထူးသဖြင့် တောဝက်များနှင့် ဝက်ဝံများသည် အုပ်လိုက်ကျင်းလိုက်ဖွဲ့၍ လိုက်လံရှာဖွေ စားသောက်တတ်လေသည်။ မဂျစ်ဥမှာ လူသားများ အတွက်သာ အသုံးဝင်သည် မဟုတ်။ တိရစ္ဆာန်များအဖို့တွင်လည်း အားခွန်ဗလတိုး၍ ကျန်းမာသန်စွမ်းမှုကို ဖြစ်စေလေသည်။

ထို့ကြောင့်သာ လွန်ခဲ့သော နေ့တွေက မဂျစ်ဥများ သည်မျှ ပျောက်ဆုံးခြင်းပင်။ ထို့ပြင် အဘိုးလထော်နော် လင့်စင်သို့ ရောက်ခဲ့စဉ်က သစ်မြစ်တို့နှင့် မီးအုံထားခဲ့သော မီးခဲတို့မှာ ပွစာကြနေပြီး ညော်စော်နံသည်ကိုလည်း သွား၍ သတိရမိလေသည်။

မှန်သည်။ ယခုတော့ ကိစ္စအားလုံး ရှင်းပေပြီ။ ပြဿနာအစမှသည် အဆုံးသို့တိုင်လေပြီ။ အဖြစ်မှန်သည် မမျှော်လင့်ဘဲ ပေါ်ပေါက်ခဲ့ချေပြီ။ အကောင်းအဆိုးနှင့် အကြောင်းအကျိုးကိုလည်း နားလည်သွားကြချေပြီ။

ထို့ကြောင့် ဤကိစ္စနှင့် ပတ်သက်၍ သူရဲဘောကြောင်သော ညီအစ်ကို





မှာ ယခုမှ ရှက်နေကြသည်။ ဇော်ဆန် မျောက်ကြီးကို တစ္ဆေဖြူအမှတ်ဖြင့် သေနတ်နှင့် ပစ်စဉ်ကလည်း အဘိုးလထော်နော် အမိန့်ပေးမှုကြောင့်သာ ပစ်မိခြင်းဖြစ်၏။ အကယ်၍ သူ့သဘောနှင့်သူသာဆိုလျှင် သေနတ်ကြီးကိုကိုင်၍ သူညီနည်းတူ ကြောက်နေစဉ်၌ပင် မျောက်ကြီးမှာ တစ်နေရာသို့ ထွက်ပြေးလွတ်မြောက်သွားမည်မှာ မုချပင်တည်း။

မည်သို့ဆိုစေ ယခုပင် ဇော်ဆန်တို့အဖို့ အဘိုးလထော်နော်ကို ဝန်ချတောင်းပန်ရချေပြီ။ သူတို့ကို ပစ်မထားပါနှင့်ဟူ၍လည်း ဇော်လတ်က ဆိုလာသည်။ ထို့ပြင် ယခင်က ခွဲခြားခွဲခြားလုပ်၍ ယခုလို တစ်ဦးနှင့်တစ်ဦး အထင်လွဲမှားမှုမျိုးနှင့် ကြုံခဲ့ရသည်။ ပြဿနာတွေ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် နောင်ကို ယခုလို မဖြစ်စေရန် အဘိုးကို ဝန်ချတောင်းပန်သည့်အနေနှင့် စုပေါင်း၍ လုပ်ကိုင်ပါတော့မည်ဟု ဇော်ဆန်က လှိုက်လှိုက်လှဲလှဲ ဆိုတော့သည်။

ရှာဖွေ၍ ရသမျှအားလုံးကို ညီတူညီမျှ ခွဲဝေယူပါရစေဟု ဆိုသောအခါ အဘိုးလထော်နော်ကလည်း သဘောတူသည်။ သူတို့တစ်တွေကို လူငယ်များပီပီ မလိမ္မာတစ်ခါမိုက်မို့ ကြည်ဖြူစွာနှင့် ခွင့်လွှတ်သည်။ ထိုအချိန်မှစ၍ ဇော်ဆန်နှင့် ဇော်လတ်တို့မှာ အဘိုးလထော်နော်၏ အနားမှ မခွာတော့ချေ။ သူတို့တစ်တွေ၏ တကယ်တမ်း အားကိုးအားထားရာကို တွေ့မြင်သွားကြချေပြီတကား။

ထို့ကြောင့် လွန်ခဲ့သော နှစ်ရက်ခန့်က သူတို့၏ ပစ္စည်းများကို ခိုးစားထားသောမျောက်ကြီး၏ အသားတို့ကို တချို့ ကျပ်တင်ထား၏။ တချို့ကို ယခုပင် ရေနွေးကြမ်းဖြင့် အချမ်းပြေသောက်ရင်း လုပ်ငန်းအကြောင်းကို တိုင်ပင်နှီးနှောနေကြလေသည်။

လွန်ခဲ့သော လေးရက်ခန့်က ကမ်းပါးယံဘေးတွင် တွေ့ကြုံခဲ့ရသော မဂျစ်ဥများမှာ မည်မျှ များပြားကြောင်း၊ ထို့ပြင် ကျောက်တောင်ကမ်းပါးယံ၏ အောက်ဘက် ချိုင့်ဝှမ်းထဲတွင်လည်း မဂျစ်ဥများ တွေ့ရှိရကြောင်း ဇော်ဆန်က ဆိုသည်။ ထိုချောက်ကမ်းပါးထဲသို့ စွန့်စွန့်စားစား ဆင်း၍ ရှာဖွေနိုင်မည်ဆိုလျှင် မဂျစ်ဥများ သယ်ပိုး၍ မကုန်နိုင်အောင် ရမည်ဟု ဇော်လတ်ကလည်း ထင်မြင်ယူဆသည်။ အဘိုးလထော်နော်ကို တိုင်ပင်သည်။ အဘိုးလထော်နော်ကလည်း သူတို့ညီအစ်ကို၏ စကားကို အလေးအနက်ထားကာ စဉ်းစားချင့်ချိန်နေလေသည်။

* * *

နှင်းမြူ အနည်းငယ် စဲသည်နှင့် နီးမကြီးတစ်ခုလုံး ပိုပြီးထင်ရှားလာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထွက်ပြူစ ပြူပြီဖြစ်သော နေခြည်သည် နှင်းထုကို ရုတ်ခြည်း မထိုးဖောက်နိုင်။ ထို့ကြောင့် နေရောင်ကို မမြင်ရ။ ချမ်းလိုက် အေးလိုက်သည်မှာလည်း လွန်ပါရော။ မေးချင်းရိုက်၍ ခိုက်ခိုက်ပင် တုန်နေသည်။

ချမ်းသည် အေးသည်ကိုလည်း အဘိုးလထော်နော်တို့က ဂရုမစိုက်နိုင်။ သုံးယောက်စလုံး လင့်စင်ပေါ်က ဆင်း၍ သူတို့၏လုပ်ငန်းကို စကြရပြန်လေသည်။ တစ်တောဝင် တစ်တောထွက်နှင့် တောအထပ်ထပ်ကို ဖြတ်ကျော်၍ မဂျစ်ဥများကို လိုက်လံရှာဖွေကြရတော့သည်။ ရှာဖွေကြရင်းမှ မနက်က ဇော်ဆန်တို့ပြောသော ချောက်ကမ်းပါးကြီးဆီသို့လည်း ဦးတည်သွားနေကြသည်။ သူတို့တွင် ကြိုးခွေများ၊ နှင်းပြင်၌ထောက်၍ သွားရသော တောင်ဝှေးများ၊ ကချင်ဓားရှည်၊ မဂျစ်ဥထည့်ရန် လွယ်အိတ်တို့အပြင် ထမင်းထုပ်များလည်း သယ်ဆောင်လာခဲ့ကြလေသည်။

သူတို့၏ ဝဲဘက်တွင် မြင့်မားမတ်စောက်သော ကျောက်တောင်ကြီးကို တွေ့မြင်ရပေပြီ။ ကျောက်တောင်ကြီးသည် နှင်းပွင့်နှင်းခဲတို့နှင့် လွှမ်းခြုံကာ ဖွေးဖွေးဖြူနေသည်။ ကျောက်တောင်ကြီးဘေးတွင် ကပ်ရောက်၍ ပေါက်နေကြသော ထင်းရှူးပင်ကြီးများမှာ ကျောက်တောင်ကြီးနှင့် အမြင့်ချင်းပြိုင်နေကြသည်။ ထင်းရှူးပင်၏ အရွက်အခက်များပေါ်တွင် နှင်းပွင့်နှင်းခပ်များက အုပ်မိုးထားကြသည်။

သစ်ပင်တိုင်းသည် နှင်းသရဖူဆောင်း၍ ဆောင်း၏အလှကို လှစ်ဟာပြသလျက်ရှိသည်။ လေအတိုက်တွင် နှင်းပွင့်နှင်းဖတ်များမှာ လွင့်စဉ်၍ အဘိုးလထော်နော်တို့၏ မျက်နှာနှင့် ကိုယ်ပေါ်သို့ လာရောက် ကပ်ငြိကြသည်။ မှန်သည်။ နံနက်ခင်း၏ လေညင်းမှာ တသုန်သုန်နှင့် မြူးကြွနေချေသည်။

ကျောက်တောင်ကြီး၏ ခြေရင်းတွင် နှင်းပွင့်နှင်းစိုင်တို့ဖြင့် ဖုံးအုပ်နေသော ချောက်ကမ်းပါးတစ်ခုကို တွေ့မြင်ရသည်။ ထိုချောက်ကမ်းပါးကြီးမှာ အဘိုးလထော်နော်တို့ရှိရာ ကျောက်တောင်၏ ခြေရင်းမှသည် အောက်ဆီသို့ ပေ (၃၀)ခန့်လောက် နက်ရှိုင်းမည်ဟု ခန့်မှန်းရသည်။ ချောက်ကမ်းပါးကြီးဆီမှ ဝဲပျံ၍ တိုက်ခတ်လာသောလေသည် အဘိုးလထော်နော်တို့ကို ပိုမို၍ ချမ်းအေးစေသည်။ ထိုလေထဲတွင် နှင်းပွင့်နှင်းဖတ်များက ရောထွေးကာ ဟိုမှသည်သို့ မြူးကြွနေ၏။ ထို့အတူ အဘိုးလထော်နော်တို့၏ စိတ်သည်လည်း မြူးကြွလန်းဆန်းကာ တက်တက်ကြွကြွ ဖြစ်နေကြသည်။

အဘိုးလထော်နော်တို့ သုံးယောက်သားမှာ ချောက်ကမ်းပါးကြီးဆီသို့





စူးစိုက်ပြီး ကြည့်ရှုနေကြသည်။ ချောက်ကမ်းပါး၏ တစ်ဖက်တစ်ချက်ရှိ ကျောက်နံရံကြီးဘေးတွင် ဖွေးဖွေးဖြူနေသော နှင်းပွင့်နှင်းဖတ်တွေ ကြားထဲမှ ဝင့်ကြွားစွာ ထွက်ပေါ်နေသော မဂျစ်ဥများကိုလည်း မျက်စိစူးသော အဘိုးလထော်နော်တို့က တွေ့မြင်နေသည်။ မဂျစ်ဥများမှာ တစ်ပင်တလေ မဟုတ်။ ချောက်ကမ်းပါးနံရံကို အမှီပြု၍ မျိုးပွားချင်တိုင်း ပွားနေသည်။ အသန့်အပြန့်ကြီးကျက်သည့် အားလျော်စွာ သန့်ရှင်းသော နှင်းရည်ကို သောက်သုံးရသဖြင့်လည်း သူတို့၏ ရှင်သန်ထွားကျိုင်းမှုမှာ ဆိုဖွယ်မရှိပြီ။

ချောက်ကမ်းပါးယံဘေး၌ပင် သည်မျှ များပြားစွာ တွေ့မြင်နေရလျှင် ချောက်ကမ်းပါးအတွင်း၌ ဆိုပါက မည်မျှ များပြားနေကြမည်ကိုလည်း အဘိုးလထော်နော်တို့ ခန့်မှန်းကြသည်။ တွေးတောကြသည်။ ဤနေရာကို မဂျစ်ဥရှာဖွေသူများ အရောက်အပေါက် နည်းကြ၍ သည်မျှ များပြားနေချေမည်။ မည်သို့ဆိုစေ သည်နေရာကို အဘိုးလထော်နော်တို့ တွေ့ကြုံရသည်မှာ အလွန်ကံကောင်းခြင်းပင်။ စွန့်စား၍ ချောက်ထဲသို့ ဆင်းနိုင်မည်ဆိုလျှင် ဆင်းရကျိုးနပ်မည် ဟူ၍လည်း အဘိုးလထော်နော် တွေးတောမိသည်။ ထိုအတွေးကြောင့် အဘိုးလထော်နော်မှာ အလွန် ပျော်ရွှင်သွားလေသည်။

"ကဲ ဇော်လတ်က အပေါ်ကစောင့်နေ။ ငါနဲ့ ဇော်ဆန်က ကျောက်တောင်ဘေးကကပ်ပြီး ချောက်ထဲဆင်းမယ်။ ကြိုးချဖို့ လုပ်ကြတော့။ ဇော်လတ်က အပေါ်ကနေပြီး တောရိုင်းတိရစ္ဆာန်တွေကို ကြည့်ပြီး အကြောင်းထူးရင် တို့ကို အချက်ပေး။ တို့ဆီက အကြောင်းထူးရင်လည်း အချက်ပေးမယ် ကြားလား"

နောက်ဆုံးတွင် အဘိုးလထော်နော်က စွန့်စားရန် ဆုံးဖြတ်လိုက်သည်။ လူငယ်တွေကို အမိန့်ပေးသည်။ သူ၏အသံသည် တက်တက်ကြွကြွ ဖြစ်နေ၏။ အဘိုးလထော်နော်မှာ ပြောပြောဆိုဆိုနှင့် ချောက်ကမ်းပါးဆီသို့ ဆင်းရန် ပြင်ဆင်လေတော့သည်။ အသင့်ယူဆောင်လာသော လူတစ်ကိုယ် ခိုင်ခံ့သည့် အုန်းဆံကြိုး အလုံးကြီးကို ချည်၍ အတုံးများ ပြုလုပ်လိုက်သည်။ ပြီးလျှင် ကြိုးကြိုး၏ ထိပ်တစ်ဖက်စကို ကျောက်ခဲကြီးတစ်ခုနှင့် ချည်လိုက်သည်။ ထို့နောက် ကျောက်ခဲချည်ထားသောကြိုးကို ကျောက်နံရံဘေးမှကပ်၍ ချောက်ထဲသို့ ဖြည်းဖြည်းချင်း လျှောချသည်။ ကြိုးလျှောအချတွင် ကျောက်နံရံဘေးတွင် ကပ်ငြိနေသော နှင်းပွင့်နှင်းဖတ်များမှာ ကြိုး၏ တိုက်စားမှုကြောင့် ဖွာခနဲ ဖွာခနဲ လွင့်စဉ်၍ ချောက်ထဲသို့ ကျသွားသည်ကိုလည်း တွေ့မြင်နေရလေသည်။

ဇော်ဆန်နှင့် ဇော်လတ်တို့မှာ အဘိုးလထော်နော်၏ လုပ်ပုံကိုင်ပုံကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုမှတ်သားနေကြသည်။ မကြာခင်ပင် ကမ်းပါးအောက်သို့ဆင်းရန် ကြိုးချခြင်းလုပ်ငန်းမှာ ပြီးစီးသွားလေသည်။ ကမ်းပါးဆီသို့ ခဲလုံးချည်ထားသော ကြိုးကြီး ရောက်သွားသောအခါ ဂျုန်ကြိုးတစ်စကို အနီးရှိ သစ်ပင်ကြီးတစ်ပင်တွင် ခိုင်ခံ့စွာ ချည်နှောင်လိုက်လေသည်။ သည်အခါ ထိုကြိုးကြီးတွင် ထုံးထားသော ကြိုးဖုများကို ခြေမနှင့် ညှပ်နင်း၍ လက်နှစ်ဖက်မှ ကြိုးကြီးကိုကိုင်ကာ ဖြည်းညင်းစွာဖြင့် ကမ်းပါးအောက်သို့ လွယ်ကူစွာ ဆင်းသက်နိုင်တော့မည်ပင် မဟုတ်ပါလား။

ထို့ပြင် ကြိုးတိုတစ်ချောင်းဖြင့် တောင်းငယ်တစ်လုံးကို အနားနှစ်ဖက်မှ ဟိုဘက်သည်ဘက် ဖောက်၍ချည်သည်။ ပြီးသောအခါ ထိုကြိုး၏ အလယ်မှ ကြိုးရှည်တစ်ချောင်းဖြင့် ချည်ကာ တောင်းကို ချောက်ထဲသို့ လျှော့ချသည်။ တောင်းကို သွယ်တန်းချည်နှောင်ထားသောကြိုးနှင့် လူဆင်းရန် ချည်ထားသော ကြိုးနှစ်ချောင်း၏ အကွာအဝေးမှာ လက်တစ်ကမ်းရှိသော နေရာ၌ ထားရှိလေသည်။ သို့မှသာ လူဆင်းကြိုးမှ ချောက်အတွင်းသို့ ဆင်းရင်း လမ်းခုလတ်တွင် တွေ့မြင်ရသော မဂျစ်ဥများကို ခူးနုတ်ကာ ထိုတောင်းအတွင်းသို့ လွယ်ကူစွာ ထည့်သွင်းနိုင်မည် ဖြစ်လေသည်။ တောင်းအတွင်း၌ မဂျစ်ဥများ ပြည့်လာသော အခါ တောင်ပေါ်၌နေသူ ဇော်လတ်က ကြိုးမှတစ်ဆင့် တောင်းကို အပေါ်သို့ ဆွဲတင်ယူဆောင်သွားချေမည်တကား။

"ကဲ ဘယ်သူ အရင် ဆင်းမလဲ၊ တို့ကြိုးကတော့ အပေါ်နဲ့အောက် အံကိုက်ပဲဟေ့"

အဘိုးလထော်နော်၏ အပြောကို ဇော်ဆန်နှင့် ဇော်လတ်တို့က မတုံ့ပြန်။ ချောက်အတွင်းသို့ သွယ်တန်းထားသော ကြိုးကြီးကို ကြည့်လိုက်၊ အဘိုးလထော်နော်ကို ကြည့်လိုက်နှင့် ထိတ်လန့်နေပုံရသည်။

"ငါပဲ အရင် ဆင်းပြပါ့မယ်။ ငါ ဆင်းပြီးလို့ အောက်ကိုရောက်ရင် မင်း ဆင်းခဲ့ပေါ့ ဟုတ်လား ဇော်ဆန်။ ဟေ့ ဇော်လတ်၊ မင်းက တောင်းမှာချည် ထားတဲ့ကြိုးကိုကိုင်ပြီး ငါဆင်းတော့ တောင်းကို ငါနဲ့ ညီတူညာတူ အောက်ကို လျှော့လျှော့ပြီး ချပေးပေါ့ကွာ။ တောင်းထဲမှာ မဂျစ်ဥတွေများလာရင် ငါက ကြိုးကို လှုပ်လိုက်မယ်။ မင်းက အပေါ်ကို ဆွဲတင်ပေါ့။ ကြားလား"

အဘိုးလထော်နော်၏ အဆိုကို ဇော်ဆန်တို့က သဘောတူသည်။ ထို့ကြောင့် အဘိုးလထော်နော်သည် ကမ်းပါးမှသွယ်၍ အောက်သို့ ချထားသော ကြိုးလုံးကြီးကို ကိုင်သည်။ ပြီးလျှင် ကြိုးလုံးကြီးတွင် ထုံးချည်ထားသော ကြိုးဖု





များကို ခြေမကြားညှပ်ကာ အောက်သို့ တဖြည်းဖြည်း ဆင်းသက်လေတော့၏။ အောက်သို့ ဆင်းရင်းမှ လမ်းခုလတ်တွင် နှင်းဖုံးပြီး ကပ်ငြိပေါက်ရောက်နေကြသော မဂျစ်ဥများကိုလည်း ဆွတ်ခူးရသည်။ နှင်းပွင့်နှင်းဖတ်တို့ကို ဖယ်ရှားရသည်။ ခူးယူပြီးသော မဂျစ်ဥများကို ကြိုးနှင့်သွယ်ထားသော တောင်းထဲသို့ ထည့်ရသည်။ အဘိုးလထော်နော်သည် မဂျစ်ဥများကို ခူးရင်း ဆင်းသည်။ ဆင်းရင်း ဆွတ်သည်။ သည်ကြားထဲ ကြိုးကလှုပ်ခါပြီး ယမ်းသွားသဖြင့် ကမ်းပါးယံကို လက်နှင့်ကိုင်သည့်အခါကိုင်၊ ခြေနှင့် ထိန်းသည့်အခါထိန်းပြီး အောက်သို့ ကြိုးစားပမ်းစား ဆင်းနေရသည်။ ကျောက်ကမ်းပါးယံ၏ အချို့နေရာတို့တွင် ရေညှိများတက်၍ ခပ်ချော်ချော် ဖြစ်နေသည်။ ဤသည်ကိုလည်း သတိထားရသည်။

တစ်ခါတစ်ခါတွင် နှင်းခဲနှင်းပွင့်များမှာ နှင်းရည်များနှင့် ရောထွေးကာ အရည်ပျော်၍ စီးဆင်းနေကြသည်မို့ နှာခေါင်းအတွင်းသို့ လည်းကောင်း၊ ပါးစပ်အတွင်းသို့ လည်းကောင်း ဝင်ရောက်လာတတ်ကြသည်။ အပေါ်သို့ မော့၍ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း ရင်ထဲတွင် ဖို၍ဖို၍ လှိုက်မောသွားရသည်။ ပြီးလျှင် မိမိကို စိုးရိမ်စွာနှင့် ကမ်းပါးပေါ်မှ ငုံ့၍ကြည့်နေသော ဇော်ဆန်တို့ကိုလည်း မြင်တွေ့နေရသည်။ ဇော်ဆန်သည် အဘိုးလထော်နော်၏ ခြေဆင်းကြိုးကို ထိန်း၍ ကိုင်ပေးနေသည်။

ဇော်လတ်မှာ အဘိုးလထော်နော်၏ အမိန့်အတိုင်း တောင်းကို သွယ်တန်းထားသောကြိုးကို တဖြည်းဖြည်းချင်း လျှော့ချပေးနေသည်။ သူ့လက်ထဲက ကိုင်ထားသောကြိုးမှာ တင်းသည်ထက်တင်းပြီး လေးသည်ထက်လေးလာသည်။ တစ်ချိန်တည်းမှာပင် ကြိုးကို လှုပ်ခါလိုက်သလို ယမ်းသွားသည်မို့ ကြိုးလျှော့ပေးခြင်းမှ ရပ်ကာ အပေါ်သို့ လျင်မြန်စွာပင် ဆွဲ၍ တင်လိုက်လေသည်။ တောင်းငယ်မှာ အတော်အတန် လေးသည်မို့ အပေါ်သို့ ရောက်ရန် အားစိုက်၍ ကြိုးစားပမ်းစား ဆွဲယူရလေသည်။

အပေါ်သို့ရောက်သည်နှင့် ဖွေးဖွေးနေသော မဂျစ်ဥများမှာ တောင်းငယ် တစ်ခုလုံး ပြည့်မောက်နေ၏။ ဤသည်ကို တွေ့ရသဖြင့် ဇော်ဆန်တို့ညီအစ်ကိုမှာ အလွန် ဝမ်းသာပျော်ရွှင်သွားလေသည်။ တောင်းထဲမှ မဂျစ်ဥများကို အသင့်ပါ လာသော အိတ်ထဲသို့ ထည့်သည်။ ပြီးလျှင် တောင်းကိုမူ ကမ်းပါးအောက် အဘိုးလထော်နော်ဆီသို့ ပြန်လည်ပြီး ချပေးလိုက်လေသည်။

အဘိုးလထော်နော်သည် မဂျစ်ဥတောင်းကို ဇော်ဆန် ဆွဲယူသွားသော အချိန်၌ ခဏရပ်၍ အနားယူသည်။ အမောဖြေသည်။ အနီးနားပတ်ဝန်းကျင်၏



www.burmeseclassic.com

www.burmeseclassic.com



နေရာအားလုံးကို အကဲခတ်သည်။ တောင်းငယ် သူ့ဆီသို့ ပြန်ရောက်လာသော အခါမှသာ ကမ်းပါးအောက်သို့ ဆက်ပြီး ဆင်းသက်သွားလေသည်။

ကမ်းပါးအောက်သို့ ရောက်သွားသောအခါ ပိုမို ချမ်းအေးသောဒဏ်ကို အဘိုးလထော်နော် အလူးအလဲ ခံရတော့သည်။ အဘိုးလထော်နော်၏ ရှေ့နောက် ဝဲယာတို့တွင် တောနှင့်တောင်တို့သာ ဝန်းရံ၍ မှိုင်းဝေနေတော့သည်။ လေသည် တသုန်သုန်နှင့် မြူးကြွနေသည်။

အဘိုးလထော်နော်သည် ကမ်းပါးအောက်သို့ ရောက်သည်နှင့် ရှေ့နောက်ဝဲယာတို့ကို အကဲခတ်သည်။ နေရာကောင်းကို ရှာဖွေသည်။ အဆင်သင့်ပင် မလှမ်းမကမ်း၌ ကျောက်လိုဏ်ဂူငယ်တစ်ခုကို တွေ့ရသဖြင့် ဝမ်းသာသွားသည်။ ဇော်ဆန် အောက်သို့ ရောက်လာသည်နှင့် ကျောက်ဂူအတွင်းသို့ ခဏဝင်မည်။ မီးဖိုရမည်။ နှင်းပြင်ထဲ၌ မဂျစ်ဥများကို ရှာဖွေ၍ ချမ်းသည်နှင့် ဂူထဲသို့ဝင်ကာ မီးလှုံမည်။ အချမ်းပြေသွားမှသာ နောက်တစ်ဖန် အပြင်သို့ ထွက်မည်ဟု အဘိုးလထော်နော် တွေးတောနေမိသည်။

အဘိုးလထော်နော်၏ ကိုယ်ပေါ်သို့ နှင်းပွင့်နှင်းဖတ် အချို့က လွင့်စဉ် ကပ်ငြိလာသည်။ ထို့ကြောင့် မိမိ ဆင်းသက်လာရာ ကမ်းပါးထိပ်ဆီသို့ မော့၍ ကြည့်လိုက်မိသည်။ ထိုအခါ ဇော်ဆန်သည် ကြိုးမှတွယ်၍ တဖြည်းဖြည်းချင်း အောက်သို့ ဆင်းသက်လာနေသည်ကို တွေ့မြင်လိုက်တော့သည်။

"သတိထားပြီး ဆင်းဟေ့၊ ချောတယ်ကွ။ လိမ့်ကျမယ်"

အဘိုးလထော်နော်က ဇော်ဆန်ကို သတိပေးစကား အော်ဟစ်၍ ပြောကြားလိုက်သည်။ ပြောရင်းဆိုရင်းပင် အောက်သို့ ဆင်းလာသော ဇော်ဆန်မှာ အဆင်းလမ်း၏ သုံးချိုးနှစ်ချိုးသို့ ရောက်ရှိလာသည်။ ဇော်ဆန်မှာ လမ်းခုလတ်၌ မဂျစ်ဥများ ခူးဆွတ်ရန် မလိုတော့သဖြင့်လည်း ယခုလို မြန်ဆန်ခြင်းပင်။

ထိုအချိန်တွင် တသုန်သုန် တိုက်ခိုက်နေသောလေမှာ ကြမ်းရမ်းစပြုလာသည်။ တောအုပ်တို့ဆီမှ တဝေါဝေါ လေတိုက်သံနှင့်အတူ သစ်ကိုင်းများ တဖြောင်းဖြောင်း ကျိုးကျသံကိုလည်း ကြားလာရသည်။ ထို့ကြောင့် အဘိုးလထော်နော်မှာ စိုးရိမ်စိတ်များနှင့်အတူ ကြက်သီးများပင် တဖြန်းဖြန်း ထသွားလေသည်။ ရင်ထဲ၌လည်း တထိတ်ထိတ် ဖြစ်လာသည်။ ကြမ်းရမ်းလာသော လေနှင့်အတူ နှင်းပွင့်နှင်းဖတ်တို့မှာ ဟိုမှသည်သို့ ခုန်ပျံကာ အဘိုးလထော်နော်၏ ကိုယ်ပေါ်သို့ အုပ်မိုးလာချေပြီ။ သည်အခါ အဘိုးလထော်နော်၏စိတ်သည် သဘာဝ၏ လှုပ်ရှားမှုနှင့်အတူ လှုပ်ရှားလာသည်။ တည်ငြိမ်မှုလည်း မရှိသော။





"ဟိုက် နှင်းမုန်တိုင်းကျတော့မယ်"

အဘိုးလထော်နော်က သူ၏ စိုးရိမ်ထိတ်လန့်စိတ်ကို ထုတ်ဖော်လိုက်သည်။ မှန်သည်။ နှင်းပွင့်နှင်းဖတ်တို့မှာ အနည်းငယ် ကျဆင်းနေရာမှ တစ်စက်ထက်တစ်စက် သိပ်သည်းစွာ ကျဆင်းလာကြပြီ။ သူ့တစ်ကိုယ်လုံးလည်း နှင်းပွင့်နှင့် ပေကျံကာ ဆွတ်ဆွတ်ဖြူနေတော့သည်။ ချမ်းလိုက်အေးလိုက်သည်မှာလည်း ဆိုဖွယ်ရာမရှိပြီ။ ရေခဲတုံးများနှင့် ဆုတ်၍ဆုတ်၍ ကြပက်လိုက်သကဲ့သို့လည်း အဘိုးလထော်နော် ခံစားနေရသည်။ မျက်နှာပြင် တစ်ခုလုံးလည်း နှင်းပွင့်နှင်းစတ်မှုန်တို့ တိုးဝှေ့ရိုက်ခတ်ပြီး ဒဏ်ကြောင့် ကျိန်းစပ်နေတော့သည်။

"အဘိုးရေ၊ ကြိုးကို မမြင်ရတော့ဘူးဗျ။ လုပ် လုပ်ပါဦး၊ နှင်းမုန်တိုင်း ကျလာပြီဗျ"

ကမ်းပါးမှ အောက်သို့ တွယ်ဆင်းနေသော ဇော်ဆန်၏ အထိတ်တလန့် အော်သံကို ကြားရသည်။ ဇော်ဆန်၏ ကြောက်လန့်တကြား အော်ဟစ်သံမှာ တောလုံးဟိန်း၍ ထွက်ပေါ်လာသည်။

မှန်သည်။ ရုတ်ခြည်းပင် တစ်လောကလုံးကို နှင်းမှုန်တွေက ပိတ်ဖုံးဝန်းရံလိုက်တော့သည်။ ဘာဆို ဘာမှ သဲကွဲစွာ မြင်နိုင်စွမ်းမရှိတော့။ ထို့ကြောင့် လမ်းတစ်ဝက်တွင် တိုးလိုတွဲလောင်း ဖြစ်နေသော ဇော်ဆန်သာ ခြေချော်လက်ချော် ဖြစ်သွားခဲ့လျှင် ကမ်းပါးအောက်သို့ ကျွမ်းထိုးပြီး ကျချေမည်။ သည်အခါ ဇော်ဆန် ဘဝကို တွေးရဲစရာပင် မရှိတော့ချေ။ လေကလည်း မတည်ငြိမ်၊ ကြမ်းကြမ်းရမ်းရမ်း တိုက်နေသည်။ နှင်းတို့မှာ ပိန်းပိန်းပိတ်တော့သည်။

"ဖြည်းဖြည်းချင်း သတိထားပြီး ဆင်း၊ ကြိုးကို မလွှတ်စေနဲ့"

အဘိုးလထော်နော်က ဇော်ဆန် ဆင်းသက်နေသည့် ကြိုးနားမှ မော့ကြည့်ရင်း အော်ပြောသည်။ ပြီးလျှင် ပြောပြောဆိုဆိုနှင့် ခြေဆင်းကြိုးကို စမ်းကိုင်၍ ဆွဲတောင့်ထားသည်။ အဘိုးလထော်နော်နှင့် ဇော်ဆန်ကို နှင်းတို့က ဖုံးပိတ်ထားသည်မို့ တစ်ဦးနှင့်တစ်ဦး လုံးဝ မမြင်ရလေတော့။ ဇော်ဆန် ကမ်းပါးမှ ဆင်းနေသော ခြေနင်းကြိုးကိုပင် အဘိုးလထော်နော်အဖို့ အတော် စမ်းပြီးမှ ရှာဖွေ၍ ကိုင်ထားရသည် မဟုတ်ပါလား။

ဇော်ဆန်မှာ ကြိုးကို မမြင်မစမ်းမို့ ခြေလက်တို့နှင့်ထိန်းကာ စိတ်ကို အတည်ငြိမ်ဆုံးထားပြီး ဖြည်းဖြည်းချင်း အောက်သို့ ဆင်းနေရသည်။ အပေါ်သို့ ပြန်တက်လျှင်လည်း မလွယ်တော့။ ခရီးက အတော် လှမ်းလာပြီ။ အောက်ကို မရောက် အောက်မရောက်။ သည်အတိုင်းလည်း မနေနိုင်။ မြင်သည့်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



မှုလည်း မမြင်ရ။ ထို့ကြောင့် မမြင်မစမ်းနှင့် အန္တရာယ်ခရီးကို စမ်းတဝါးဝါး ဆင်းနေရသည်။ သည်ကြားထဲ ကြိုးမှာ နှင်းပွင့်တွေကြောင့် စိုရွှဲပြီး ခပ်ချော်ချော် ဖြစ်လာသည်။ တစ်ချက်တစ်ချက်တွင် ရေညှိတွေနှင့် ချောနေသော ကမ်းပါးနံရံကို ကိုင်တွယ်မိသည့်အခါလည်း ရှိသည်။ သည်အခါ ရင်ထဲ၌ လှိုက်မော သွားကာ ကြောက်စိတ်တွေနှင့်အတူ တုန်လှုပ်ချောက်ချားသွားရသည်။

"ငါသာ ခြေတစ်ချက် ချော်သွားရင်" ဟူသော အတွေးမှာ ဇော်ဆန် အဖို့ အမြဲတမ်း စိုးမိုးနေချေသည်။ ဤအတွေးသည်ပင်လျှင် သူ၏သတိကို ကိုယ်နှင့်မကွာ ရှိစေသည်သာပင်တည်း။

"အဘိုးရေ ကျွန်တော် တစ်ယောက်တည်း မနေရဲဘူး၊ ကြောက်တယ် ကြောက်တယ် ဆင်းခဲ့မယ် ဆင်းခဲ့မယ်"

ကမ်းပါးပေါ်မှ ဇော်လတ်၏ သံကုန်ဟစ်အော်သံကို ကြားရသည်။ ဇော်လတ်၏ အထိတ်တလန့် အော်သံမှာ နှင်းထုကို ထိုးဖောက်၍ ပဲ့တင်ထပ် ကာ ထွက်ပေါ်လာလေ၏။

"မဆင်းနဲ့ ဇော်လတ်၊ မဆင်းခဲ့နဲ့။ ဒါ ဘာမှ ဖြစ်တာမဟုတ်ဘူး။ ခဏ ကြာရင် ပြီးသွားမှာ။ နှင်းကျ လွတ်တဲ့နေရာမှာ ခဏ သွားခိုနေ။ မကြောက်နဲ့ မကြောက်နဲ့"

အဘိုးလထော်နော်က ဇော်လတ်ကို အော်ဟစ်၍ အားပေးစကား ပြော ကြားသည်။ မပြောကြား၍လည်း မရပေ။ အကယ်၍ ဇော်လတ်သာ သူရဲဘော ကြောင်ပြီး ကြောက်ကြောက်လန့်လန့်နှင့် အောက်သို့ ဆင်းမည်ဆိုပါလျှင် မမြင် မစမ်းမို့ ကိန်းသေ ဒုက္ခတွေ့နိုင်သည်။ မှန်သည်။ ဇော်လတ်မှာလည်း အဘိုးလ ထော်နော်၏ စကားကို နားထောင်ပြီး အောက်သို့ ဆင်းမလာသဖြင့် တော် တော့သည်။ လူငယ်တွေကိုသာ မကြောက်ရန် အဘိုးလထော်နော်က အားပေး နေသည်။ သို့သော် သူ၏ တစ်ကိုယ်လုံးလည်း ကြက်သီးများ တဖြန်းဖြန်း ထ၍ နေတော့သည်။

"အဘိုး"

"ဇော်ဆန်"

ဇော်ဆန်က မြေပေါ်သို့ ခြေချမိသည်နှင့် အဘိုးလထော်နော်ကို အသံ ပြုသည်။ အဘိုးလထော်နော်က ပြန်လည် အသံပြုရင်း ဟင်းခနဲ သက်ပြင်းချ လိုက်လေသည်။

အဘိုးလထော်နော်က မီးခြစ်ကိုထုတ်၍ ခြစ်ကြည့်သည်။ သို့သော်





လေထန်နေသဖြင့် ခြစ်၍ မရချေ။ ထို့ကြောင့် ဇော်ဆန်၏ လက်တစ်ဖက်ကိုဆွဲ၍ သူ့ခါးကိုဖက်စေသည်။ ပြီးလျှင် တောင်ဝှေးတစ်ဖက်၊ ကချင်ဓားရှည်တစ်ဖက် ကိုင်ကာ နှင်းမုန်တိုင်းနှင့်လွတ်ရာ ယခင်က တွေ့မြင်ခဲ့သော ကျောက်ဂူတွင်း သို့ ဝင်ရန် အသင့်ပြင်လေတော့သည်။

"လာ ဇော်ဆန်၊ ဘာမှ မကြောက်နဲ့။ တို့ဂူထဲကို ခဏဝင်ပြီး နေဦးမယ်။ နှင်းစဲတော့မှ လုပ်ငန်းစကြတာပေါ့"

အဘိုးလထော်နော်က ပြောပြောဆိုဆိုနှင့် ရှေ့ဆောင်၍ သွားသည်။ ဇော်ဆန်မှာ အဘိုးလထော်နော်၏ ဦးဆောင်ရာသို့ အဘိုး၏ခါးကို ဖက်ထားရင်း ခပ်ဖြည်းဖြည်းပင် နောက်ရာ လိုက်ပါသွားလေသည်။

ထိုအချိန်တွင် နှင်းဝတ်မှုန်တို့မှာ လေနှင့်ရောထွေးပြီး ရှုံမကြီးတစ်ခုလုံး ကို အစွမ်းကုန် သိုင်းခြုံလိုက်လေသည်။

အဘိုးလထော်နော်နှင့် ဇော်ဆန်တို့မှာ တစ်ဦးကိုတစ်ဦး တွယ်ဖက်၍ နှင်းကျလွတ်ရာ ကျောက်ဂူငယ်ဆီသို့ တရွေ့ရွေ့ သွားနေကြသည်။ အဘိုးလ ထော်နော် အမှတ်အသားကောင်း၍သာ ယခုလို သွားလာနိုင်ခြင်းပင်။ သို့မဟုတ် ပါက မမြင်မစမ်းနှင့် ကျောက်ဂူဆီသို့ မရောက်ဘဲ တောနက်ထဲသို့ ရောက်သွား လျှင် နှစ်ယောက်စလုံး ကျားစာ ဖြစ်ချေမည်တကား။

ဤသည်ကိုလည်း တွေးတော၍ နှစ်ဦးစလုံး ပူပန်ကြရသည်။ ထို့ကြောင့် ဇော်ဆန်မှာ ဇော်လတ်ဆီက လိုလိုမည်မည် ယူဆောင်လာသော နှစ်လုံးပြူး သေနတ်ကြီးကိုလည်း လက်က မချပ်။ အရာရာကို သတိထားနေရသည်။ ထို့အတူ အဘိုးလထော်နော်မှာလည်း တောင်ဝှေးတစ်ဖက်၊ ကချင်ဓားရှည်တစ် ဖက်ကိုကိုင်၍ သတိနှင့် တစ်လှမ်းချင်း စမ်းတဝါးဝါး သွားနေကြသည်။ ယခု အချိန်၌သာ တောတိရစ္ဆာန် တစ်ကောင်ကောင်နှင့်သာ ပက်ပင်းတိုးမည်ဆိုလျှင် သူတို့၏ဘဝကို တွေးရဲစရာပင် မရှိတော့။ ထိုအချိန်တွင် လေနုကြမ်းတစ်ချက်က ဝေါခနဲ ဝှေ့ယမ်းလိုက်လေသည်။

"အဘိုး မီး မီးခြစ် ခြစ်ပါ အဘိုးရယ်"

နှင်းမုန်တိုင်းကိုဖြတ်၍ တဖြည်းဖြည်းနှင့် သတိထားပြီးသွားနေကြသော အဘိုးလထော်နော်တို့မှာ ကံအားလျော်စွာပင် အထိအခိုက် မရှိဘဲ ကျောက်ဂူ ထဲသို့ ရောက်လာကြသည်။ ကျောက်ဂူအတွင်း၌လည်း မည်းမည်းမှောင်နေ သည်။ ထို့ကြောင့် ဇော်ဆန်မှာ ကြောက်စိတ်တွေ လွှမ်းကဲနေတော့သည်။ နှင်းထဲ က ကြောက်စိတ်ကို သက်သာလိုသက်သာငြား မီးခြစ်ခြစ်ရန် အဘိုးလထော်



www.burmeseclassic.com

www.burmeseclassic.com



နော်ကို အထစ်ထစ်အငေါ့ငေါ့ ဆိုသည်။

ဤသည်တို့ကြောင့် အဘိုးလထော်နော်မှာ သူ့အိတ်ထဲက မီးခြစ်ကို ထုတ်၍ ရှဲခနဲ မီးခြစ်လိုက်သည်။ မီးရောင်သည် အဘိုးလထော်နော်တို့၏ ဝန်းကျင်ကို အနည်းငယ် လင်းထိန်သွား၏။

"ဝုန်း ဖြန်းဖြန်း ဗိုး"

"အောင်မလေးဗျ"

"ဟော့ကောင်၊ ဝပ် ဝပ်"

အခြေအနေမှာ မြန်ဆန်လွန်းလှသည်။ အဘိုးလထော်နော်က မီးခြစ်ခြစ်လိုက်သည်နှင့် ရုတ်တရက် ဂူထဲမှ ကြောက်မက်ဖွယ်ရာ ဝုန်းခနဲ အသံကြီး တစ်ခုကို ကြားရသည်။ ထိုအသံကြီးနှင့်အတူ တောင်ပံခတ်သံကြီးမှာ တဖြန်းဖြန်းနှင့် မြည်ဟည်းလာသည်။ ပြီးလျှင် ဝေါခနဲ လေတိုးသံကြီးနှင့်အတူ ဇော်ဆန်တို့၏ ဦးခေါင်းပေါ်မှကျော်၍ ဂူအပြင်ဘက်သို့ ရောက်ရှိသွားလေသည်။ မည်သည့် ငှက်အမျိုးအစားမှန်း မသိ။ သိပ်သည်းသောနှင်းထုကို ထိုးဖောက်၍ အဝေးဆီသို့ ပျံသန်းသွားလေသည်။

ဤသည်တို့ကြောင့် ဇော်ဆန်မှာ အကြောက်လွန်ပြီး အမလေး တ,လိုက်သည်။ အဘိုးလထော်နော်က ချက်ချင်းပင် ဝပ်နေရန် အချက်ပေးပြီး သူကိုယ်တိုင်လည်း မှောက်၍ ဝပ်ချလိုက်သည်။ သို့မဟုတ်ပါက ငှက်ကြီး၏ ထိုးဆိတ်ကုတ်ဖဲ့မှုကို ခံရမည်ဟု ဇော်ဆန် တွေးတောမိသည်။ ထိုအတွေးနှင့်အတူ ကြက်သီးများ တဖြန်းဖြန်းထ၍ တစ်ကိုယ်လုံးလည်း နတ်ကျသလို တဆတ်ဆတ် တုန်နေတော့သည်။ တွေ့ကြုံလာရသော အတွေ့အကြုံမှာ တုန်လှုပ်ချောက်ချားဖွယ်ရာပင်။ ချမ်းအေးသောစိတ်မှာ ဘယ်သို့ ရောက်ရှိသွားသည် မသိတော့။ လက်ထဲက နှစ်လုံးပြူးသေနတ်မှာလည်း အောက်သို့ လွတ်ကျသွားတော့၏။

"မကြောက်နဲ့ ဇော်ဆန် မကြောက်နဲ့၊ ငှက်ကြီးတစ်ကောင် နှင်းမုန်တိုင်းကျလို့ ဂူထဲ ဝင်ခိုနေတာနဲ့ တူတယ်"

အဘိုးလထော်နော်က ဇော်ဆန်ကို အားပေးလိုက်သည်။ ပြီးလျှင် ငှက်ကြီး၏ တောင်ပံလေဟပ်မှုကြောင့် ငြိမ်းသေသွားသော မီးခြစ်ကို ပြန်ပြီး ခြစ်လိုက်သည်။ မီးခြစ်ဆီမှ ဆေးငယ်သော၊ မှုန်ဝါးသော အလင်းရောင်နှင့် အရာရာကို စူးစမ်းရသည်။ လေ့လာရသည်။

ကျောက်ဂူအပြင်ဘက်၌မူကား နှင်းမှုန်တို့မှာ မစဲသေး။ တဖွဲဖွဲနှင့် ကျဆင်းဟုန်းပင် ရှိသေးသည်။ အတန်ငယ် ကြာသည်နှင့် အဘိုးလထော်နော်တို့မှာ





မျက်လုံးအကျင့်ရလာသည်။ ကျောက်ဂူထဲ၌ ယခင်ကလို မှောင်နှင့်မည်းမည်း မဟုတ်တော့။ ပိုးတဝါး မြင်တွေ့ခဲ့ရသော အရာအားလုံးလည်း သဲကွဲလာသည်။ ပီပြင်လာသည်။ ထို့ကြောင့် အဘိုးလထော်နော်မှာ မီးခြစ်မှမီးကို ငြိမ်းသတ်လိုက်သည်။ ပြီးလျှင် ကျောက်ဂူအထွင်းတွင် အသင့် တွေ့မြင်ရသော သစ်ကိုင်းကျိုး သစ်ကိုင်းစများ လိုက်၍ စုဆောင်းရသည်။

အချမ်းဒဏ်ကို ကာကွယ်ရန် မီးဖိုပြုလုပ်ရန် ပြင်ဆင်ကြရသည်။ အဘိုးလထော်နော်တို့ ရောက်ရှိနေသော ကျောက်ဂူမှာ အတော်အတန်ငယ် ကျယ်ဝန်းလှသည်။ ဂူအတွင်းမို့ လေတိုက် အနည်းငယ် သက်သာပြီး အအေးဒဏ်မှာလည်း လျော့နည်းချေသည်။

* * *

"အီ အီ အီ"

ရုတ်တရက် ကျောက်ဂူအပြင်ဘက်ဆီမှ အသံတို့ကို ကြားလာရသည်။ မည်သည့် သတ္တဝါတို့၏ အော်သံမှန်းတော့မသိ။ ကျောက်ဂူဆီသို့ပင် ဦးတည်၍ လာနေကြသည်လားဟု တွေးထင်မှရာ။ တစ်ဆက်တည်းမှာပင် တဝေါဝေါနှင့် တောတိုးသံကြီးကိုလည်း ကြားလာရပြန်သည်။

ကျောက်ဂူအပြင်ဘက်မှ ကြားလာရသော အသံတို့ကြောင့် ဇော်ဆန်၏ ရင်ထဲတွင် ထိတ်လန့်တုန်လှုပ်သွားရသည်။ နဂိုကတည်းကပင် အဆင်မချောခဲ့သော အဖြစ်အပျက်များကြောင့် ဇော်ဆန်အဖို့ ရင်မောလာခဲ့ရသည်။ ကြောက်လန့်လာခဲ့ရသည်။ ယခု တစ်ဖန် ကျောက်ဂူအပြင်ဘက်မှ တအီအီ အသံကြီးနှင့်အတူ တဝေါဝေါ တောတိုးသံမှာ ဇော်ဆန်၏ တစ်ကိုယ်လုံးကို ကိုင်လှုပ်လိုက်သလို လှုပ်သွားရပြန်သည်။ ကြောက်ဒူးတွေတုန်၍ ရင်ခုန်လာရပြန်သည်သာ။

ထို့အတူ အဘိုးလထော်နော်မှာလည်း မျက်ကလူးဆန်ပြာ ဖြစ်လာသည်။ စိုးရိမ်စိတ်တို့ကြောင့်လည်း ရင်ထဲက လှုပ်ရှားလာရသည်။ ပြီးလျှင် သူ၏ စူးရှသော မျက်လုံးအစုံနှင့် ကျောက်ဂူအဝဆီသို့ စူးစိုက်ကြည့်နေလေသည်။ ပါးသောနားကို စွင့်၍ အရာရာကို အကဲခတ်နေ၏။ ယခင်က တအီအီနှင့် ကြားနေရသော အသံမှာ ယခုအခါ ပိုမို၍ ကျယ်လောင်စွာ ကြားလာရသည်။ ကျောက်ဂူတစ်ခုလုံးပင် ဟိန်း၍ ပဲ့တင်ထပ်လာသည်ဟု အဘိုးလထော်နော် ထင်မြင်မိသည်။ သည်အခါ လုပ်ငန်း၏ ရင့်ကျက်သော အတွေ့အကြုံကြောင့် မည်သည့် သတ္တဝါများ ဖြစ်ကြောင်းကိုလည်း အဘိုးလထော်နော် သိရှိသွားတော့သည်။ မှန်ပေသည်။ တောတိရစ္ဆာန်တို့မှာ တစ်ကောင်တလေ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အုပ်လိုက်ကျင်းလိုက်ချီ၍ ကျောက်ဂူအတွင်းသို့ နှင်းခိုရန် လာနေကြပြီ ဖြစ်ကြောင်းကိုလည်း အဘိုးလထော်နော် တွေးတောမိသည်။

မည်သို့ဆိုစေ တောရိုင်းတိရစ္ဆာန်တို့၏ တအီအီနှင့် အော်မြည်သံတို့မှာ ဆူဆူညံလာသလို၊ တဝေါဝေါနှင့် တောတိုးသံတို့မှာ ထူးဆန်းစွာ ပျောက်ကွယ်သွားပြန်လေသည်။

"အီ အီ အီ"

"အဘိုး၊ အဘိုး တော တောဝက်တွေနဲ့တူတယ်"

တောတိရစ္ဆာန်တို့၏ အော်သံဟစ်သံတို့မှာ ကျောက်ဂူအနီးသို့ ကပ်လာသည်နှင့်အမျှ ဇော်ဆန်မှာ မနေတတ်မထိုင်တတ် ဖြစ်လာသည်။ ထို့ကြောင့် အထိတ်တလန့်ပင် ဆိုတော့သည်။ ပြီးလျှင် နှစ်လုံးပြူးသေနတ်ကြီးကို တင်းကျပ်စွာ ကိုင်တွယ်၍ ဂူဝဆီသို့ ထိုးချိန်ထားသည်။ သူ၏ တစ်ကိုယ်လုံးမှာလည်း တွေ့ကြုံလာလတ္တံ့သော အန္တရာယ်ဆိုးကြောင့် နတ်ကျသလို တုန်ယင်နေသည်။ ယခင်က ကျောက်ဂူအတွင်း၌ မီးဖိုရန် ပြုလုပ်နေသော လုပ်ငန်းကိုလည်း ဆက်လက်၍ မလုပ်ကိုင်ဝံ့တော့ချေ။

"အောင်မလေး ဟုတ်တယ်ဗျ။ တော တောဝက် ဝက် လုပ် လုပ်ပါဦး ပက်တော့မယ်ဗျ"

ဇော်ဆန်၏ ကြောက်လန့်ဟကြား အော်ဟစ်လိုက်သောအသံမှာ ကျောက်ဂူတစ်ခုလုံး ဟိန်းပြီး ထွက်ပေါ်လာတော့သည်။

မှန်သည်။ အဘိုးလထော်နော်၏ ထင်မြင်ယူဆချက်မှာ တောဝက်တစ်အုပ် အစာရှာထွက်ရင်း နှင်းမုန်တိုင်းမိချေမည်။ ထို့ကြောင့် နှင်းမုန်တိုင်းရန်ကို ကာကွယ်ရင်း လုံခြုံရာ ကျောက်ဂူဆီသို့ ဦးတည်လာနေကြပြီဖြစ်ကြောင်း အစောကြီးကတည်းကပင် အဘိုးလထော်နော် ရိပ်မိသိရှိသည်။ သို့သော် ဇော်ဆန် ကြောက်နေမည်စိုး၍ မပြောဘဲ နေခဲ့ခြင်းပင်တည်း။

ယခုတော့ ခက်ချေပြီ။ တောဝက်အုပ်မှာ ကျောက်ဂူအပေါက်ဝ၌ ပိတ်ဆို့ဝန်းရံနေကြ၏။ အနံ့ခံနေကြပြီ။ သူတို့၏ ရန်သူကို ရှာဖွေနေကြပြီ။ ထိုပြင် တောဝက်ကြီးတစ်ကောင်မှာ နှင်းပွင့်နှင်းဖတ်များ ပေကျံ၍ ဂူအတွင်းသို့ တရှူးထိုး ပြေးဝင်လာချေပြီ။ သည်အခါ တောဝက်အုပ်နှင့် အဘိုးလထော်နော်တို့မှာ ရင်ဆိုင်ရချေပြီတကား။

အဘိုးလထော်နော်က အခြေအနေကို ရုတ်ခြည်းနားလည်လိုက်သည်။ ထို့ကြောင့် ဇော်ဆန်နှင့်အတူ ယှဉ်တွဲ၍ ရပ်နေရာမှ လူချင်းခွဲ၍ နေရာသူ





သည်။ လက်သုံးတော် ကချင်ဓားရှည်ကို ထုတ်၍ အသင့်မြင်တော့သည်။

ဂူအတွင်းသို့ ပြေးဝင်လာသော တောဝက်ကြီးမှာ မမျှော်လင့်ဘဲ လူသားတို့နှင့် ပက်ပင်း တွေ့ကြုံရသဖြင့် ကြောင်သွားသည်။ ပြီးလျှင် သူ့တို့၏ ကျဉ်းမြောင်းသော မျက်လုံးအစုံနှင့် ဂူအတွင်းမှ ဇော်ဆန်ကို စူးစိုက်၍ ကြည့်နေသည်။ တွေတွေကြီး ရပ်နေသည်။

သည်အခါ ဇော်ဆန်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တော့၏။ သူ၏ မျက်လုံးအစုံကိုမှိတ်၍ ကြောက်စိတ်တွေသာ လွှမ်းမိုးလွှမ်းကဲနေတော့သည်။ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့။ ထို့ကြောင့် နောက်ဆုံးတွင် ဖြစ်လိုရာဖြစ်စေတော့ ဟူသော သဘောဖြင့် နှစ်လုံးပြူးသေနတ်၏မောင်းကို လက်ညှိုးနှင့် တစ်အား ကုတ်ချလိုက်လေတော့၏။

"ဒိုင်း"

ဇော်ဆန်၏ သေနတ်သံသည် ဂူအတွင်း၌သာမက ရိုးမကြီးတစ်ခုလုံးတို့ ပဲ့တင်ထပ်၍ ဆူညံသွားလေသည်။ ကျယ်လောင်သော သေနတ်သံ၏အဆုံးတွင် ဂူအပြင်ဘက်၌ တအီအီ ကြားနေရသော အသံများနှင့်အတူ တဝေါဝေါ တဝုန်းဝုန်း တောတိုးသံ၊ ပြေးသံလွှားသံတို့ကိုလည်း ကြားလာရသည်။

ထို့ကြောင့် ဇော်ဆန်မှာ အားရှိသွားသည်။ သူ၏ သေနတ်ကျည်ဆန်မှာ ဂူအတွင်းသို့ ရောက်ရှိနေသောဝက်ကြီးကို ကိန်းသေ ထိမှန်ချေပြီ။ ထို့ကြောင့်သာ ဂူအပြင်ဘက်၌ရှိသော ဝက်များမှာလည်း သေနတ်သံနှင့်အတူ လန့်ဖျပ်ပြီး ပြေးသွားကြပြီဟု အောက်မေ့မှတ်ယူလိုက်သည်။ ထိုအတွေးတွေနှင့်အတူ မှိတ်ထားသောမျက်လုံးကို ဖျတ်ခနဲ ပြန်၍ ဖွင့်လိုက်သည်။

သို့သော် ဇော်ဆန်၏ ထင်မြင်ချက်မှာ ပါစင်အောင် လွဲမှားသွား၏၊ အကြောင်းမူ သူ့သေနတ်သံကြောင့် ဂူအပြင်ဘက်မှ အခြားသော တောဝက်များ ကြောက်လန့်၍ ထွက်ပြေးသွားသည် မှန်သော်လည်း ဂူအတွင်း၌ ရောက်ရှိနေသော တောဝက်ကြီးမှာ မည်သို့မျှ မဖြစ်။ ဘယ်သို့မှလဲ မသွား။ လည်ဆံမွေးထောင်ကာ ဇော်ဆန်ကို မာန်ဖီနေသည်သာပင်တည်း။

သည်အခါ မှန်းချက်နှင့် လွဲချော်သွားသော ဇော်ဆန်မှာ မည်သို့မျှ မလုပ်တတ်တော့။ တောဝက်ကြီးကိုသာ ကြည့်၍ ကြောင်နေမိတော့သည်။ တောဝက်ကြီးမှာလည်း နှင်းပြင်ထဲမှာ ဖြတ်၍ လာရသည်မို့ သူ့မျက်လုံးတွေမှာ ဝိုးတဝါး ဖြစ်နေ၍သာ။ သို့မဟုတ်ပါက ဇော်ဆန် မခုခံခင်မှာပင် တောဝက်ဝင်တိုက်၍ ဇော်ဆန် သေပွဲဝင်ရမည်မှာ ကိန်းသေပင်။ မည်သို့ဆိုစေ ဇော်ဆန်၏ ရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ထိတ်လန့်စိတ်တွေကား ဆိုဖွယ်ရာပင် မရှိပြီ။

"ဟေ့ ဇော်ဆန် ဘာလုပ်နေတာလဲ၊ ပစ်လေ ပစ် ပစ်"

ဂူနံရံ၏ မှောင်ရိပ်ကို အကာအကွယ်ယူ၍ ရပ်နေသော အဘိုးလထော်နေဒ်က ကြောင်ပြီးရပ်နေသော ဇော်ဆန်ကို သတိပေးစကား ပြောကြားလိုက်သည်။ ထို့ကြောင့် ဇော်ဆန်မှာ တုန်ယင်သောလက်ကို ကြိုးစား၍ထိန်းကာ သူ့ကိုပက်ရန် မာန်ထောင်နေသော တောဝက်ကြီးကို သေနတ်နှင့် ထပ်မံ ချိန်ရွယ်ကာ ဒိုင်းခနဲ ပစ်ချလိုက်ပြန်သည်။ ဇော်ဆန်၏ သေနတ်သံမှာ တောလုံးကိုညံကာ မြေတုန်၍ ထွက်လာသည်။

သို့သော် ဇော်ဆန်အဖို့ သည်တစ်ချီ၌လည်း ကံဆိုးပြန်ချေပြီ။ အကြောင်းမူ သေဘေး၏ အကျဉ်းအကျပ်မှ အကြောက်လွန်နေသော ဇော်ဆန်မှာ ခြေတုန်လက်တုန် ဖြစ်နေသည်။ မည်သို့မျှ ပစ်ကွင်းကောင်းကို ထိမှန်အောင် ပစ်နိုင်စွမ်း မရှိချေ။ သူ ချိန်ရွယ်ပြီး ပစ်လိုက်သောသေနတ်ကျည်ဆန်မှာ တောဝက်ကြီးကို မထိဘဲ ဒုတိယအကြိမ် ထပ်ဆင့်ပြီး လွဲချော်သွားပြန်ချေပြီတကား။

"ဒုက္ခပဲ ဒုက္ခပဲ၊ အဘိုးရေ လုပ် လုပ်ဦးဗျ။ လွဲသွားပြန်ပြီ၊ လွဲသွားပြန်ပြီ၊ မထိဘူးဗျ။ ကျည်ဆန်လည်း မရှိတော့ဘူး။ တော တောဝက်ကြီး ပက် ပက်တော့မယ်ဗျ"

ဇော်ဆန်က ကြောက်ကြောက်လန့်လန့်နှင့် သံကုန်ဟစ်တော့သည်။ မဟစ်၍ မရချေ။ သူ့ဆီ၌ရှိသော သေနတ်သည် ကျည်ဆန် မရှိသောအခါ မည်သို့မျှ သုံး၍ မရတော့။ ကျည်ထပ်ဖြည့်ဖို့ အချိန်ကလည်း မရှိ။

သည်အချိန်၌ တောဝက်ကြီးက အခွင့်သာနေတော့သည်။ သူ၏ အခွင့်အရေးကို သူက ပိုင်ပိုင်နိုင်နိုင် အသုံးချရန် အားယူချေပြီ။ တာစူ မာန်ဖီချေပြီ။ ဇော်ဆန်ကို တစ်ချက်ထိုး ဝင်ပက်ရန်၊ တိုက်ခိုက်ရန် အသင့်ပြင်တော့သည်။ ထို့ကြောင့် ဇော်ဆန်မှာ သေနတ်ကြီးကိုကိုင်၍ မတ်တတ်ရပ်ကာ သေဘေး၏ အကျဉ်းအကျပ်ဆုံး အန္တရာယ်ကို ရှောင်လွှဲ၍ မရတော့ဘဲ ရင်ဆိုင်ရလေတော့သည်။

"ဟေး ဟေး ဖြောင်း ဖြောင်း"

ရုတ်တရက် အဘိုးလထော်နေဒ်က အော်ဟစ်၍ ပုန်းကွယ်နေသော နေရာမှ ပြေးထွက်လိုက်သည်။ ပြီးလျှင် ကျားတစ်ကောင်၏ လျင်မြန်ခြင်းမျိုးနှင့် ဇော်ဆန်ကို တခြားသို့ တွန်းပစ်လိုက်သည်။ ဇော်ဆန်၏ နေရာ၌ နေရာယူသည်။ လူစားလဲလိုက်သည်။ ထို့နောက် ဇော်ဆန်ကို ပက်ရန် အားယူနေသော





တောဝက်ကြီးကို တိုက်ခိုက်ရန် အသင့်ပြင်တော့သည်။ သူ၏ ပါးစပ်မှ ဟေး ဟေး အော်ဟစ်သံမှာ ကျောက်ဂူတစ်ခုလုံးကို ဟိန်း၍ ဆူညံနေတော့သည်။ ထို့ပြင် သူ့လက်ထဲ၌ အသင့်ကိုင်ဆောင်ထားသော ကချင်ဓားရှည်နှင့် တောင်ဝှေးတို့၏ တဖျောင်းဖျောင်း ရိုက်သံမှာလည်း တောဝက်ကြီး၏ စိတ်အာရုံကို တစ်မုဟုတ်ချင်း ပြောင်းလဲသွားစေသည်။ ဒေါသကို ပိုမို၍ ဖြစ်စေသည်။

"အီ အီ"

တောဝက်ကြီးက ထက်ကြွစွာနှင့် မာန်ဖီလိုက်၏။ ပြီးလျှင် ဇော်ဆန်ကို ပက်ရန် အားယူနေရာမှ အဘိုးလထော်နေဒ်၏ လုပ်ရပ်ကြောင့် အဘိုးလထော်နေဒ်ကို ပိုမို၍ ဒေါပွသွားပုံရသည်။ ထို့ကြောင့် သူ ယခင်က မတွေ့ရသေးသော ရန်သူအသစ်ဖြစ်သော အဘိုးလထော်နေဒ်ကို တိုက်ခိုက်ရန် အားယူတာစူပြန်တော့သည်။

အဘိုးလထော်နေဒ်ကလည်း တောဝက်ကြီးကို မျက်တောင်မခတ်ဘဲ စူးစိုက်၍ ကြည့်နေသည်။ အံကို တင်းတင်းကြိတ်သည်။ ခြေကို မကျဲမစိပ် အားရှိမည့် အနေအထားသို့ ပြင်လိုက်သည်။

မည်သို့ဆိုစေ ယခုအချိန် ကြီးမားသော တောဝက်ကြီးနှင့် အဘိုးလထော်နေဒ်တို့ မျက်နှာချင်းဆိုင် အနေအထားသို့ ရောက်ရှိနေချေပြီတည်း။

ဇော်ဆန်က ဖြစ်ပျက်နေသော အခြေအနေကို ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေသည်။ ဇော်ဆန်မှာ ယခင်ကလို တောဝက်ကြီးနှင့် မျက်နှာချင်းဆိုင် အနေအထားမျိုး မဟုတ်တော့။ တောဝက်၏ အန္တရာယ်နှင့် လွတ်ရာသို့ အဘိုးလထော်နေဒ်၏ ကောင်းမှုကြောင့် ရွှေ့ပြောင်းနိုင်ခဲ့ပြီ မဟုတ်ပါလား။

ကျောက်ဂူအပြင်ဘက်၌ နှင်းမှုန်တို့မှာ မစဲသေး။ တဖွဲဖွဲနှင့် ကျဆင်းနေကြတုန်းပင်။ လေတို့က မတည်ငြိမ်၊ တဝေါဝေါနှင့် တိုက်ခတ်နေဆဲပင်တည်း။

တောဝက်ကြီးနှင့် အဘိုးလထော်နေဒ်တို့မှာ သုံးလေးလံမျှသာ ကွာဝေးသော မျက်နှာချင်းဆိုင် အနေအထားမျိုးမို့ အဘိုးလထော်နေဒ်အဖို့ သတိထားနေရသည်။ တောဝက်ကြီး ပြေး၍ပက်အောင် ပိုင်ကွက်ကို စောင့်ရသည်။ စိတ်ကို အတည်ငြိမ်ဆုံး ထားရသည်။ ဘယ်ဘက်လက်တွင် ကိုင်ထားသော တောင်ဝှေးကို လက်တစ်ဆန့်ထုတ်၍ မိမိ၏ ရှေ့တည့်တည့်တွင် ခပ်တောင့်တောင့် ထောက်ထားလိုက်သည်။ ညာဘက်မှ ကချင်ဓားရှည်ကို မြဲမြံစွာ ကိုင်ထားသည်။ တစ်ခါတစ်ခါတွင် ထောက်ထားသော တောင်ဝှေးကို ဓားပြားနှင့် ဖြန်း ဖြန်း မြည်အောင် ရိုက်သည်။ အသံပြုသည်။ အော်ဟစ်၍ ဘယ်မြီး ညာ၌



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားသမျှ ပြုသည်။ ထို့ကြောင့် တောဝက်ကြီးမှာ အဘိုးလထော်နော်ကို ကြည့်၍ မျက်စိရှုပ်လာသည်။ ဒေါသထွက်လာသည်။

မကြာပါချေ။ တောဝက်ကြီးမှာ သူ၏ ဒေါသကို ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့။ ထို့ကြောင့် ရုတ်ခြည်းပင် အဘိုးလထော်နော်ဆီသို့ အားသွန်ကာ ပြေးချလာသည်။ ပါးစပ်မှ မာန်ဖီသံ တအီအီနှင့် အဘိုးလထော်နော်ကို ပက်ရန် အနားသို့ ရောက်လာသည်။ ရောက်လာသည်နှင့် အဘိုးလထော်နော် ထောက်ထားသော တောင်ဝှေးကို ကျော၌ကပ်ကာ ကျားကန်လိုက်သည်။ ပြီးလျှင် သူ့ရှေ့၌ရှိသော တောဝက်ကို ရင်ဆိုင်ရန် အသင့်ပြင်ထားသည်။ တောဝက်ကလည်း အဘိုးလထော်နော်ကို ပက်ရန် ဦးခေါင်းကို ရုတ်ခြည်း အောက်သို့ စိုက်ချလိုက်သည်။ ပက်ပြီး . . .

"ယောက်ျား"

အဘိုးလထော်နော်၏ အောင်မြင်ခန့်ညားသော အသံကြီးမှာ ရိုးမကြီးတစ်ခုလုံး တသိမ့်သိမ့် တုန်သွားလေသည်။ အဘိုးလထော်နော် သူ့ကိုယ်သူ အားပေးလိုက်သော အသံကြီး၏အဆုံးတွင် တောဝက်ကြီးမှာ အဘိုးလထော်နော်၏ ဝဲဘက်ဆီသို့ ပုံလျက်သား ကျသွားလေတော့သည်။

တောဝက်ကြီးအဖို့ သည်တစ်ချီ၌ ခံလိုက်ရချေပြီ။ အကြောင်းမူ တောဝက်တို့မည်သည် သတ္တဝါတစ်ကောင်ကောင်ကို ပက်မည်မှာဆိုလျှင် အမှီအတန်ကို အမိအရ ယူတတ်ကြသည်။ အမှီရသည်နှင့် မိမိ၏ ကိုယ်ကို ထိုအမှီ၌ကပ်ကာ ကျားကန်အားယူ၍ ရန်သူကို ပက်လေ့ပက်ထရှိ၏။ တိုက်ပွဲ၏ ကျဉ်းကျပ်သောနေရာတွင် အမှီအကာန် မရှိဘဲ ပက်ပါက သိပ်ပြီး ထိရောက်မှု မရှိချေ။ ထို့ကြောင့် တိုက်ခိုက်ရန် နေရာကျဉ်းကျပ်ပါက ပိုမို၍ အမှီအကာန်ကို ရယူတတ်ကြသည်မှာ တောဝက်တို့၏ သဘာဝပင်တည်း။

မှန်သည်။ ဤသည်ကို လုပ်ငန်းအတွေ့အကြုံအရ တတ်သိနားလည်သော အဘိုးလထော်နော်က သိရှိပြီး ဖြစ်၏။ ထို့ကြောင့်ပင် တောဝက်ကြီးကို မပက်ပက်အောင် တမင် စပေးသည်။ ဇော်ဆန့်ဆီမှ သူ့ဆီသို့ အာရုံပြောင်းလဲလာအောင် လုပ်သည်။ ဒေါသဖြစ်အောင် လုပ်သည်။

တောဝက်ကြီးမှာလည်း ထိန်းသိမ်းမရသော ဒေါသတို့နှင့်အတူ အဘိုးလထော်နော်၏ ဆင်ကွက်ထဲသို့ ချဉ်းနင်းဝင်ရောက်လာတော့၏။ ပြီးလျှင် ညာဘက် ဆင်၍ ထောင်ထားသော တောင်ဝှေးကို ပြေး၍ မှီလိုက်သည်တွင် အဘိုးလထော်နော်က အခွင့်အရေး ရရှိသွားခြင်းပင်။ ရရှိသော အခွင့်အရေးကို အဘိုး





လထော်နော်က အလွတ်မခံဘဲ လေ၏ လျင်မြန်ခြင်းမျိုးနှင့် အသုံးချလိုက်သည်။ ညာခြေကို လှည့်၍ ဘယ်ခြေကို နောက်သို့ တစ်လှမ်းဆုတ်ကာ ညာဘက်တွင် ကိုင်ဆောင်ထားသော ကချင်ဓားရှည်ကြီးနှင့် တောဝက်ကြီးကို ဆက်၍ဆက်တာ ခုတ်ပိုင်းချလိုက်လေတော့သည်။

"အီ အီ"

တောဝက်ကြီးမှာ မချိမဆံ့ အသံကြီးနှင့် အော်ဟစ်ရင်း သွေးအိုင်ထဲ၌ ငြိမ်သက်သွားလေတော့သည်။

* * *

"အဘိုး အဘိုး။ သိပ်ပြီး သတ္တိကောင်းပါလား အဘိုးရယ်။ အဘိုးရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်လိုလုပ်ပြီး ဆပ်ရမှန်းတောင် မသိတော့ဘူး အဘိုးရယ်"

ဇော်ဆန်က အဘိုးလထော်နော်ဆီသို့ ပြေးလာရင်း အားပါးတရ ဆိုသည်။ လှိုက်လှိုက်လှဲလှဲ ဆိုသည်။ ဇော်ဆန်၏ အပြောကြောင့် အဘိုးလထော်နော်၏ ရင်ထဲတွင် ကြည်နူးသွားရသည်။ သက်စွန့်ဆံဖျား တိုက်ခိုက်ခဲ့ရသော သူ၏ အောင်ပွဲအတွက်ကိုလည်း ဂုဏ်ယူဝင့်ကြွားမိလေသည်။

မှန်သည်။ အဘိုးလထော်နော်၏မျက်နှာ တစ်ခုလုံးတွင် အပြုံးတို့နှင့် ဝေလှိုင်၍ ကြည်လင်ရွှင်ပျနေလေတော့သည်။

ထိုအချိန်တွင် ကျောက်ဂူအပြင်ဘက်၌လည်း နှင်းမြူတို့ စဲချေပြီ။ မိုးကောင်းပင် တစ်ခုလုံးလည်း ကြည်လင်ဝင်းပနေချေပြီတကား။

"ဒီနေရာမှာ ဆက်ပြီး မဂျစ်ဥရှာလို့ မရတော့ဘူးကွ။ အခုလောက်ဆိုရင် တောဝက်တွေ ရှာဖွေစားလို့ ကုန်ရောပေါ့။ ဒါကြောင့် တို့ကမ်းပါးပေါ် ကို ဖြန့်ပြီး တက်ကြစို့။ ဒီကောင်ကြီးကို ဒီမှာပဲ ဖျက်ပြုပြီးမှ အပေါ် ကို ကြိုးနဲ့ဆွဲတင်တာပေါ့ကွာ။ ဒီကောင်ကြီးကို ဖျက်ဖို့ကတော့ မင်းတာဝန်ပဲ။ ကဲ မင်းလုပ်ငန်းကို စပေတော့။ ငါ ကမ်းပါးပေါ်က ဇော်လတ်ဆီကို သွားပြီး အသံပြုလိုက်ဦးမယ်"

"ဟုတ်ကဲ့ အဘိုး"

အဘိုးလထော်နော်က သူ့စကားဆုံးလျှင်ဆုံးချင်း ကျောက်ဂူအပြင်ဘက်သို့ ထွက်ခွာသွားလေတော့သည်။ ဇော်ဆန်မှာ အဘိုးလထော်နော်ကို ကြည့်လိုက်၊ သွေးအိုင်ထဲတွင် ငြိမ်သက်၍ သေပွဲဝင်နေသော တောဝက်ကြီးကို ကြည့်လိုက်နှင့် ပီတိတွေ ဝေလှိုင်နေလေတော့သည်။

ပြည်ပန်းညို

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သွေးသောက်မဂ္ဂဇင်း)



www.burmeseclassic.com